
http://www.cherrythitsar.org



http://www.cherrythitsar.org

ဖြန့်ချိရေး
**စာပေလောက စာအုပ်တိုက်**
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
(ဖုန်း-၂၈၅၁၆၆)

http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းကမ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

http://www.cherrythitsar.org

ဗိုလ်မှူးကြီး (ဟောင်း) တင်မောင်

# တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန်

http://www.cherrythitsar.org

**စာမူ ခွင့်ပြုချက်အမှတ်** - [ ၁/၉၉ (၁) ]
**မျက်နှာဖုံး ခွင့်ပြုချက်အမှတ်** - [ ၂/၉၉ (၂) ]

\- - -

**မျက်နှာဖုံး**
စံတိုး

\- - -

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၁၉၇၃၊ (ချစ်မြိုင်စာပေ)
ဒုတိယအကြိမ်၊ ၁၉၇၃၊ (ချစ်မြိုင်စာပေ)
တတိယအကြိမ်၊ ၁၉၇၅၊ (ချစ်မြိုင်စာပေ)
စတုတ္ထအကြိမ်၊ ၁၉၈၇၊ (ချယ်ရီစာပေ)
**ပဉ္စမအကြိမ်**
(၁၀၀၀)

\- - -

**ထုတ်ဝေခြင်း**
မတ်၊ ၁၉၉၉

\- - -

**တန်ဖိုး** - ၁၀၀ ကျပ်

\- - -

**စာအုပ်ချုပ်**
ကိုမြင့်

\- - -

ဦးမြသန်း(၀၁၀၅၀) အသိုင်းအဝိုင်းစာပေ
အမှတ် ၃၅၊ သမာဓိလမ်း၊ ဇွဲစုံရပ်၊ ကမ္ဘာအေး၊
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

http://www.cherrythitsar.org

## မာတိကာ


စာရေးသူ၏ အမှာ ၁

စတုတ္ထအကြိမ်ပုံနှိပ်ခြင်းအတွက် စာရေးသူ၏အမှာ ၅

**ဗြိတိသျှလက်အောက်သားမားရှိင်ဖယ်**

- ကန္ဒီစာချုပ် ၇
- ပြန်လည်ဖွဲ့စည်းခြင်း ၁၆
- သံလျှင်စခန်း ၂၀
- အထူးဗိုလ်သင်တန်း ၂၆
- သင်တန်းသားများ ၃၂
- ဗမာရဲဘော်နှင့် ဗြိတိသျှစစ်တပ် ၄၂
- ဆန်လုပွဲ ၄၆
- နောက်တစ်ခါသင်တန်း ၅၄
- ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက် ၅၈
- လွတ်လပ်ပြီ ၆၀

http://www.cherrythitsar.org

## လွှတ်လပ်စ တိုင်းပြည်နုနု


| | |
|---|---|
| စစ်နှင့် စစ်သား | ၆၃ |
| ပွဲဦးထွက်နှင့် သွေးတစ်စက် | ၆၆ |
| ဗကပတို့ညာသံ | ၇၅ |
| လက်ဝဲညီညွတ်ရေး | ၇၉ |
| လမ်းနှစ်သွယ် | ၈၄ |
| တောတွင်းမှ ဆက်သား | ၉၄ |
| ၁၉၄၉ ခုနှစ်အစ | ၉၉ |


## မှောင်မည်းဆုံးသောနေ့များ


| | |
|---|---|
| ကေအင်ဒီအိုတို့ နယ်ချဲ့ပြီ | ၁၀၇ |
| တွေ့ဆုံခြင်းနှင့် ကွေကွင်းခြင်း | ၁၀၉ |
| မိတ္ထီလာတွင် ဖြစ်ပျက်ခဲ့သမျှ | ၁၁၄ |
| မန္တလေးမြို့ ကာကွယ်ရေး | ၁၂၈ |
| မန္တလေးမြို့ အဖြစ်အပျက် | ၁၃၄ |
| ပျောက်သောသူနှင့် ပြန်လည်တွေ့ဆုံခြင်း | ၁၄၅ |


## အောင်သာစည်


| | |
|---|---|
| ပုံးမိုးအောက်မှ သာစည်မြို့ | ၁၅၃ |
| ရန်သူ့ပြဿနာ | ၁၅၇ |
| အောင်သာစည် | ၁၆၀ |
| ကျွန်တော်တို့၏ ပြဿနာ | ၁၇၃ |
| ဆီးချုံစခန်း | ၁၇၆ |
| မမျှော်လင့်သော အန္တရာယ် | ၁၈၄ |

http://www.cherrythitsar.org


လွတ်မြောက်ခြင်း ၁၉၁
သူတို့ကတစ်မျောင့် ၁၉၈


## အမှောင်မှ အလင်းသို့


ကြယ်ပွင့်ကလေးများ ကြွေခဲ့ရသည့်နေ့ ၂၀၃
ခံစစ် ၂၁၄
ရေသာတစ်လှည့် ၂၂၀
စာဘူးတောင်းခံတပ် ၂၃၅


## မိုးကြိုးစစ်ဆင်ရေး


တောင်ငူသို့ ၂၄၇
ပြွန်တန်ဆာတိုက်ပွဲ ၂၅၆
တောင်ငူမြို့ကို ပြန်လည်သိမ်းပိုက်ခြင်း ၂၅၉
အင်းတိုင်ကုန်း ၂၆၃
အသက်တစ်ချောင်း ကယ်ဆယ်ဖို့အရေး ၂၇၀
စိန်ပြောင်းနှင့် မိုင်းဗုံး ၂၈၂
သံယောဇဉ် ၂၈၈

စာရေးသူ၏ ဆန္ဒ ၂၉၃
အက္ခရာဝလိ ၂၉၇

http://www.cherrythitsar.org

## စာရေးသူ၏ အမှာ

ဤမှတ်တမ်းကို ကျွန်တော်ရေးခဲ့သော 'ဂျပန်ခေတ် စစ်ပညာတော်သင် တစ်ဦး'၏ အဆက်အဖြစ် ယူဆနိုင်ပါသည်။

ဤမှတ်တမ်းကို **၁၉၄၆ ခုနှစ်မှ ၁၉၅၀ ခုနှစ်အတွင်း** ဖြစ်ပျက်ခဲ့သည့် တိုင်းပြည်၏ အခြေအနေ တစ်စိတ်တစ်ဒေသ အဖြစ်ဖြင့်လည်း ယူဆနိုင်ပါသည်၊

သို့ရာတွင် ဤမှတ်တမ်းသည် စစ်သမိုင်း မဟုတ်ပါ။ စစ်ပညာပေး စာစောင်လည်း မဟုတ်ပါ။ စစ်သမိုင်း သို့မဟုတ် စစ်ပညာပေးစာစောင်ဟု ခေါ်ဆိုနိုင်လောက်အောင် တပ်မတော်သားတို့အနေဖြင့် သိလိုကြမည့် ရန်သူ့အင်အား၊ အချိန်၊ နာရီ အတိအကျ၊ တိုက်ပုံတိုက်နည်း အသေးစိတ်တို့ မပါရှိကြ၊ **ထိုစဉ်က ထိုင်းပြည်၏ အခြေအနေနှင့် တပ်မတော်၏အနေး** ကဏ္ဍ တစ်စိတ်တစ်ဒေသကို သိရှိရုံမျှသာ တင်ပြထားခြင်း ဖြစ်ပါသည်၊

http://www.cherrythitsar.org



သို့တင်ပြရာ၌ ကိုယ်တိုင် ထိ၊ သိ၊ ခံစားရသည့် အကြောင်းခြင်းရာတို့ကိုသာ ပြန်လည် ရေးသားရပါသဖြင့် ကျွန်တော်၏ ပတ်ဝန်းကျင်ကိုသာ မူတည်၍ ဇာတ်အိမ်ဖွဲ့ခဲ့ရသည် ဖြစ်သည်။

ထိုအကြောင်းအရာတို့ ဖြစ်ပျက်ခဲ့သည်မှာ နှစ်ပေါင်း လေးဆယ်ခန့် ရှိခဲ့ပါပြီ။ ယနေ့ အသက်အရွယ် လေးဆယ် ပတ်ဝန်းကျင်ရှိ လူလတ်ပိုင်းတို့သည် ထိုအချိန်က မွေးဖွား ကြဦးမည် မဟုတ်ကြသေး။ ဟုတ်စေဦးတော့ လေးဘက်တွား သာသာမျှသာ ရှိကြပါဦးမည်။ ထိုလူလတ်ပိုင်းတို့တွင် လက်ရှိ တပ်မတော်၌ အမှုထမ်းနေကြသော အရာရှိငယ်များနှင့် အကြပ် ရဲဘော်များ အများအပြား ပါရှိကြမည် ဖြစ်သည်။

ထိုသူတို့သည် အင်းစိန်တိုက်ပွဲ၊ ပုသိမ်တိုက်ပွဲ၊ မန္တလေး မြို့ကျဆုံးခြင်း၊ တောင်ငူမြို့ ကျဆုံးခြင်း၊ ပဲခူးစစ်မျက်နှာ အစရှိသည်တို့ကိုလည်းကောင်း၊ 'ရန်ကုန်အစိုးရ'ဟု နိုင်ငံခြား သတင်းစာအချို့တို့က သရော် လှောင်ပြောင် ခေါ်ဝေါ်ခဲ့သော ထိုခေတ်ကိုလည်းကောင်း၊ ထိုအချိန်က ပြည်ထောင်စု အလံ တော် ယိုင်လဲ လုမတတ် ဖြစ်ခဲ့ရသည်ကို လည်းကောင်း ကြားဖူးချင်မှ ကြားဖူးကြမည် ဖြစ်သည်။ သိချင်မှ သိကြမည် ဖြစ်သည်။ ကြားဖူး သိဖူးသည်ထား၊ ထိုခေတ် တပ်မတော်သည် မည်သို့သော အခက်အခဲ၊ မည်သို့သော စွန့်စားမှုတို့ကို ရင်ဆိုင်ခဲ့ကြရသည် ဆိုသည်ကိုတော့ဖြင့် အသေးစိတ် သိရှိ ကြမည် မထင်။ ထိုအကြောင်းတို့ကို သူတို့အား သိစေလိုပါ သည်။ သိစေလိုသဖြင့် ယနေ့ ရေးရသည်။

http://www.cherrythitsar.org



ယနေ့မှ မရေမလျှင်ဖြင့် နောင် နှစ်ပေါင်း ဆယ့်ငါး နှစ်ဆယ် အချိန်တွင်မူ ထိုခေတ်က ထိုအရေးအခင်းတို့၌ ကိုယ်တိုင် ကိုယ်ကြပ် ပါဝင်ခဲ့ကြသူတွေလည်း များများစားစား ကျန်ရှိကြတော့မည် မဟုတ်ကြတော့။ ကျန်ရှိကြစေကာမူ မေ့မေ့လျော့လျော့ ဖြစ်ကြရပါတော့မည်။ ထိုအခါ သမိုင်းဝင် ဖြစ်ရပ်တို့သည် ဆွေးမြည့်လာပြီဖြစ်သည့် ကျဆုံးခဲ့ကြရသော ရဲဘော်တို့၏ အရိုးစုတို့နှင့်အတူ ပျောက်ကွယ်ကြရပါတော့မည်။

ထို့ကြောင့် အသက်နှင့်ကိုယ် တည်မြဲနေချိန်၊ အတော် အသင့် မှတ်သားမိနေသေးသော အချိန်၊ ဤအချိန်တွင် ဤအကြောင်းအရာတို့ကို ဤမှတ်တမ်းဖြင့် အကွရာတင်ရပါသည်။

**တင်မောင်**

http://www.cherrythitsar.org

## စထုတ္တအကြိမ် ပုံနှိပ်ခြင်းအတွက်

## စာရေးသူ၏ အမှာ

ဤစာအုပ်ကို ရေးသားပြုစုရာတွင် ကျွန်တော်၏ စေတနာသည် အမှာနှင့် ဆန္ဒတို့၌ ဖော်ပြခဲ့သည့် အတိုင်းပင် ဖြစ်ပါသည်။ ယနေ့ လူငယ် လူရွယ်တွေအား သမိုင်း၏ တစ်ကဏ္ဍကို ပြောပြလိုသည်။ လက်ရှိ မြန်မာ့တပ်မတော်တွင် အမှုထမ်းနေကြသည့် အရာရှိငယ်များ၊ အကြပ်များ၊ ရဲဘော်များတို့အား ထိုတစ်ခေတ်ကို သိစေလိုသည်။

ကျွန်တော် မျှော်လင့်ခဲ့ပါသည်။ ထိုလူငယ် လူရွယ်တို့နှင့် ထိုစစ်သည်ပျိုတို့ ဖတ်ကြပါစေ၊ လေ့လာကြပါစေ။

ထိုမျှော်လင့်ချက်သည် များစွာမှ အောင်မြင်ခဲ့သည်လို့ ကျွန်တော် ဆိုချင်ပါသည်။ ကျွန်တော်၏ ရည်မှန်းချက်ဖြစ်သော ထိုလူငယ် လူရွယ်များနှင့် စစ်သည်ပျိုတို့သာ မဟုတ်ကြ။ ကျား မ မရွေး ထိုခေတ်ကို မီခဲ့ကြသော လူကြီးပိုင်းကပင် တက်ကြွစွာဖြင့် လက်ခံ စိတ်ဝင်စားကြသည်ကို သိရှိရသဖြင့် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ရှိခဲ့ရပါသည်။

http://www.cherrythitsar.org



သို့ရာတွင် ဤစာအုပ်ကို ယခုအခါ ဝယ်မရသဖြင့် မဖတ်ကြရသေးသူတွေ၊ ဖတ်ရသော်လည်း သိမ်းဆည်းထားလိုကြသူတွေ များစွာ ရှိနေသည်ကို သိရှိခဲ့ရပါသည်။

ထို့ကြောင့် ယခု စတုတ္ထအကြိမ် ပြန်လည်ရိုက်နှိပ်ရပြန်ပါပြီ။

ဤတွင် အခွင့်ကောင်းကိုယူလျက် သင့်တင့်သောစကားကို ဆိုပါရစေ။ ထိုကဲ့သို့ ပြန်လည်ရိုက်နှိပ်ရန် အခွင့်အရေးပေးခဲ့သည့် စာဖတ်ပရိသတ်အား လည်းကောင်း၊ ဤစာအုပ်ကို ထုတ်ဝေခွင့်ပြုခဲ့သော ယခုတစ်ဖန် ပြန်လည်ရိုက်နှိပ်ခွင့်ပြုပါသော သက်ဆိုင်ရာ ပုဂ္ဂိုလ်များတို့အား လည်းကောင်း ကျေးဇူး အထူးတင်ရှိပါကြောင်း လေးမြတ်စွာဖြင့် ဖော်ပြအပ်ပါသည်။

ဤစာအုပ်သည် တိုင်းပြည်အား တစ်ဖက်တစ်လမ်းမှ အကျိုးပြုသည် ဖြစ်နိုင်ပါစေ။

http://www.cherrythitsar.org

## ဗြိတိသျှလက်အောက် ဘားမားရိုင်ဖယ်

**ကနဦးစာချုပ်**

'လက်ဖ် ရိုက်၊ လက်ဖ် ရိုက်'

(ဘယ် ညာ၊ ဘယ် ညာ)

'စကွဒ် ဟောတ်'

(တပ် ရပ်)

'လက်ဖ် တန်း'

(ဘယ် လှည့်)

'စတင်းဒတ် ဒီ စ စ စ စ ဇ'

(သက်သာ)

'စတင်းအီးဇီး'

(အေးစေ)

အဲသည်တော့မှ ကျွန်တော်တို့မှာ နဖူးမှ မျက်နှာပြင်တစ်လျှောက်၊ ထိုမှ ကိုယ်တွင်းသို့ တစ်ပြိုက်ပြိုက် စီးကျနေသည့် ချွေးတို့ကို လက်ကိုင်ပဝါဖြင့် ပွတ်သပ်ခွင့် ရလိုက်ကြပါသည်။

http://www.cherrythitsar.org



လွန်ခဲ့သော နာရီဝက်ကျော်ကျော်မှစ၍ ကျွန်တော်တို့သည် ဤ ကွင်းပြောင်ပြောင် မကျယ်မကျဉ်းကလေးထဲတွင် ဂေါ်ရခါး တပ်ကြပ် ကလေး ဗဟာဒူး၏ အမိန့်သံ နာခံရင်း မရပ်မနား 'လက်ဖ် ရိုက်' လုပ်ခဲ့ ကြရသည်။ လက်ဖ် ရိုက် သို့မဟုတ် ဘယ် ညာ လှမ်းခဲ့ကြရသည်မှာ ရိုးရိုး မဟုတ်။ ခေါင်းကို မော့မော့ထား၊ ကိုယ်ကို မတ်မတ်ထောင်၊ တင်ပါးဆုံကို နောက်သို့ပစ်၊ လက်နှစ်ဖက်တို့ကို ပခုံးနှင့်အညီလွှဲ၍ 'လိုက် အင်ဖင်ထရီ' ဟု ခေါ်သော ခြေလျင်တပ် အပေါ့စားတို့၏ နှုန်းထားအတိုင်း တစ်မိနစ်လျှင် ခြေလှမ်း ၁၄၀ (တစ်ရာ့လေးဆယ်) တစ်စက္ကန့်တွင် နှစ်လှမ်းနှင့် သုံးပုံတစ်ပုံ အပြည့်လှမ်းခဲ့ကြရသည်။ အဝေးကသာ ကြည့်ရမည်ဆိုပါက ထိုတပ်ဖွဲ့ကလေးသည် သံပတ်ပေး၍ လွှတ်လိုက်သော သံဖြူရုပ်ကလေးတွေလို တောက်ဆတ် တောက်ဆတ်နှင့် လွန်စွာမှ ကြည့်၍ကောင်းပါလိမ့်မည်။ သို့ရာတွင် ကြည့်၍ ကောင်း သလောက် ပုံပန်းကတော့ မကျ။ မညီမညွတ်ဖြင့် တိုသည့်နေရာက တို၊ ရှည်သည့် နေရာက ရှည်နေသည်ကိုလည်း မြင်ကြရပါလိမ့်မည်။

ထိုအဖွဲ့တွင် ဗိုလ်စိန်မှန်[၁] ကဲ့သို့ ကလန်ကလား ထောင်ထောင် မောင်းမောင်းလည်း ပါသည်။ ဗိုလ်စောထွန်းစိန်[၂] ဗိုလ်စိန်မြ[၃] နှင့် ကျွန်တော်တို့ကဲ့သို့ ပုတုတု ကွတတတွေလည်း ပါသည်။

ကျွန်တော်တို့ ဘာတွေ လုပ်နေကြပါသလဲ။

ကျွန်တော်တို့သည် အင်္ဂလိပ် စစ်တပ်၏ ဒရိန်းပြ၊ တစ်နည်း အားဖြင့် အင်္ဂလိပ်စစ်တပ်၏ စစ်ရေးပြ၊ ချီတက်၊ နောက်လှည့်၊ တပ်ရပ်၊ ဘယ်လှည့်၊ ညာလှည့်တွေကို လေ့ကျင့်နေကြရခြင်း ဖြစ်ပါသည်။

---

၁။ ကျဆုံး
၂။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၃။ ဝန်ကြီးဟောင်း

http://www.cherrythitsar.org



**တပ်ဖွဲ့တွင် ပါဝင်ကြသည့် ပုဂ္ဂိုလ်ကြီးတွေကိုလည်း ကြည့်စမ်းပါ**

(ကျွန်တော်တို့အားလုံး ဘားမားရိုင်ဖယ်တပ်တွင် ဝင်စ၊ စက်ကင်းလက်ဖတင်နင်အဖြစ် စတင်ခန့်အပ်ခြင်း ခံကြရပါသည်။ နောက်မှ လက်ဖတင်နင်၊ ကက်ပတိန်၊ မေဂျာ အဆင့်တို့ကို ရရှိကြသည်။)

ဗိုလ်စန်းယု[၁]
ဗိုလ်ကျော်ဇော[၂]
ဗိုလ်စိန်မှန်[၃]
ဗိုလ်စိန်ဝင်း[၄]
ဗိုလ်ချစ်မြိုင်[၅]
ဗိုလ်သောင်းကြည်[၆]
ဗိုလ်ရွှေ[၇]
ဗိုလ်စောထွန်းစိန်[၈]
ဗိုလ်ကျော်ထွန်း[၉]
ဗိုလ်စိန်မြ[၁၀]
ဗိုလ်မြဝင်း[၁၁]

---

၁။ သမ္မတကြီး (ကွယ်လွန်)
၂။ ဗိုလ်မှူးချုပ် (အငြိမ်းစား)
၃။ ကျဆုံး
၄။ ဝန်ကြီးချုပ်ဟောင်း (ကွယ်လွန်)
၅။ ဗိုလ်မှူးကြီး၊ သံအမတ်ကြီး (အငြိမ်းစား)
၆။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူးဟောင်း (ကွယ်လွန်)
၇။ ဝန်ကြီးဟောင်း
၈။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၉။ ကျဆုံး
၁၀။ ဝန်ကြီးဟောင်း
၁၁။ ဗိုလ်မှူးကြီး (ကွယ်လွန်)

http://www.cherrythitsar.org



ဗိုလ်မောင်ကျော်[၁]
ဗိုလ်ထင်ကျော်[၂]
ဗိုလ်မောင်တင်[၃]
ဗိုလ်မျိုးမြင့်[၄]
ဗိုလ်သိန်းဟန်[၅]
ဗိုလ်ရဲမြင့်[၆]
ဗိုလ်လှမောင်[၇]
ဗိုလ်ချစ်ခင်[၈]
ဗိုလ်ကြင်[၉]
ဗိုလ်ဗလ[၁၀]
ဗိုလ်မောင်မောင်[၁၁]
ဗိုလ်မင်းဒင်[၁၂]
ဗိုလ်အာဠာဝက[၁၃]
ဗိုလ်လှမော်[၁၄]
ဗိုလ်သိန်း[၁၅]
ဗိုလ်စောအောင်မြိုင်[၁၆]
ပြီးတော့ ကျွန်တော်[၁၇]

---

၁။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၂။ ဝန်ကြီးဟောင်း
၃။ ဒုတိယဗိုလ်မှူးကြီး (အငြိမ်းစား)
၄။ ဒုတိယဝန်ကြီးဟောင်း
၅။ ကွယ်လွန်
၆။ ကွယ်လွန်
၇။ နိုင်ငံတော်ကောင်စီဝင်ဟောင်း
၈။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၉။ ကျဆုံး
၁၀။ ဗိုလ်မှူး (အငြိမ်းစား)
၁၁။ ကျဆုံး
၁၂။ တောခို ကျဆုံး
၁၃။ တောခို ကျဆုံး
၁၄။ တောခို ကျဆုံး
၁၅။ တောခို ကျဆုံး
၁၆။ ကျဆုံး
၁၇။ ချယ်ရီမဂ္ဂဇင်း အယ်ဒီတာချုပ်

http://www.cherrythitsar.org



မှတ်မိသရွေ့တော့ သူတို့ပင် ဖြစ်ကြပါသည်။

သူတို့၏ ယနေ့ ရာထူးအဆင့်အတန်းတို့ကိုသာ ပေါင်းလိုက်ပါက ဖီးမာရှယ် လေး ငါး ခြောက် ပြန်လောက်တော့ ချောင်ချောင်ကလေး ရှိပါလိမ့်မည်။

သို့ရာတွင် ရာထူးတွေသည် မည်မျှပင် ရှိကြပါစေ။ စစ်တပ် လေ့ကျင့်ရေး၊ သို့မဟုတ် သင်တန်းဟူသည် ဆုံးသည်ဟု မရှိ။ အထူးသဖြင့် ဤလူစုကဲ့သို့ မျိုးချစ် ဗမာ့တပ်မတော်မှ ဘားမားရိုင်ဖယ်ဟု ခေါ်သော ဗြိတိသျှစစ်တပ်သို့ ကူးပြောင်းလာခဲ့ကြရသူတွေအဖို့ ပိုလို့ လိုအပ်လှပါ သည်။ ဥပမာ-စစ်ဗိုလ်လုပ်သူသည် 'နောက်လှည့်'ကို သေသေသပ်သပ် စမတ်ကျကျ မလုပ်တတ်ပါက မိမိလက်အောက်ရှိ တပ်သားတို့အား နောက်လှည့်ခိုင်းရန် သို့မဟုတ် သင်ကြားပြသရန် မဖြစ်နိုင်တော့ပါ။

အမှန်တော့ ကျွန်တော်တို့သည် ထိုချီတက်၊ နောက်လှည့်၊ ဘယ် လှည့်၊ ညာလှည့်တွေကို မတတ်ကြဘူးလား။

တတ်ကြသည်မှ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျပန်ခေတ် တစ်လျှောက်လုံး စစ်ရေးပြတွေကို သင်ကြားခဲ့ကြရသည်။ ချီတက်ခဲ့ကြ သည်။ နောက်တွေ လှည့်ခဲ့ကြသည်။ ဘယ်လှည့် ညာလှည့်တွေကို လုပ်ခဲ့ကြသည်။ သို့ရာတွင် အဲဒါတွေက ဂျပန် စစ်တပ်နည်းများသာ ဖြစ်ခဲ့သည်။

ဟော ယခု ယခုတော့ တော်လှန်ရေးအပြီး မျိုးချစ် ဗမာ့တပ်မ တော်ကို ဖျက်သိမ်းလိုက်ရကာ တိုင်းပြည်၏ လွတ်လပ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုတစ်ရပ် အနေဖြင့် အင်္ဂလိပ်စစ်တပ်သို့ ဝင်ခဲ့ကြရပါပြီ။ ထို့ကြောင့် ဂျပန် စစ်ရေးပြတွေကို မေ့လိုက်ကြရပြီး အင်္ဂလိပ် စစ်ရေးပြ တွေကို အသစ်တစ်ဖန် ပြန်လည် လေ့ကျင့်နေကြရပြန်ပါ၏။

http://www.cherrythitsar.org



ထိုသို့ ပြန်လည်လေ့ကျင့်နေရသူတွေသည် ကျွန်တော်တို့လူစုသာ မဟုတ်။ ထိုစဉ်က ပြည်မြို့တွင် ဖွင့်လျက်ရှိသော အမှတ် ၄ ဘားမား ရိုင်ဖယ်၌

ဗိုလ်နေဝင်း[၁]
ဗိုလ်မောင်မောင်[၂]
ဗိုလ်အောင်ကြီး[၃]
ဗိုလ်တင်ဖေ[၄]
ဗိုလ်ကျော်စိုး[၅]
ဗိုလ်သန်းစိန်[၆]

အစရှိသူတို့သည် လည်းကောင်း

ထိုစဉ်က ပျဉ်းမနားတွင် ဖွင့်လျက်ရှိသော အမှတ် ၅ ဘားမား ရိုင်ဖယ်၌

ဗိုလ်ဇေယျ[၇]
ဗိုလ်ကြည်မောင်[၈]
ဗိုလ်စောမြင့်[၉]
ဗိုလ်ကြည်ဝင်း[၁၀]
ဗိုလ်လှမော်[၁၁]
ဗိုလ်တင်ဦး[၁၂]
ဗိုလ်လှသောင်း[၁၃]

---

၁။ ဥက္ကာကြီး (အငြိမ်းစား)
၂။ သံအမတ်ကြီး (အငြိမ်းစား)
၃။ ဗိုလ်မှူးချုပ် (အငြိမ်းစား)
၄။ ဝန်ကြီးဟောင်း
၅။ ကွယ်လွန်
၆။ နိုင်ငံတော်ကောင်စီဝင်
၇။ တောခို ကျဆုံး
၈။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၉။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၁၀။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၁၁။ သံအမတ်ကြီး (အငြိမ်းစား)
၁၂။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၁၃။ ကျဆုံး

http://www.cherrythitsar.org



ဗိုလ်ထွန်းစိန်[၁]
ဗိုလ်မောင်လွင်[၂]
ဗိုလ်အောင်ဖေ[၃]
ဗိုလ်ချစ်ခိုင်[၄]

အစရှိသူတို့သည် လည်းကောင်း

ထိုစဉ်က မိတ္ထီလာတွင် ဖွင့်လျက်ရှိသော အမြောက်တပ်နှင့် အခြားတပ်တို့၌

ဗိုလ်အောင်ရွှေ[၅]
ဗိုလ်ဘသန်း[၆]
ဗိုလ်တင်ဦး[၇]
ဗိုလ်လှအောင်[၈]
ဗိုလ်ဘရွှေ[၉]
ဗိုလ်ခင်ညို[၁၀]
ဗိုလ်ဝင်း[၁၁]
ဗိုလ်ရဲထွန်း[၁၂]
ဗိုလ်ကျော်ဇော[၁၃]

အစရှိသူတို့သည် လည်းကောင်း

---

၁။ ရန်ကုန်မြို့မင်းကြီးဟောင်း (ကွယ်လွန်)
၂။ ဒုတိယဝန်ကြီးချုပ်ဟောင်း
၃။ နိုင်ငံတော်ကောင်စီဝင်
၄။ ဒုတိယဗိုလ်မှူးကြီး (အငြိမ်းစား)
၅။ သံအမတ်ကြီး (အငြိမ်းစား)
၆။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၇။ ဦးစီးချုပ် (အငြိမ်းစား)
၈။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၉။ သံအမတ်ကြီး (အငြိမ်းစား)
၁၀။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၁၁။ ဒုတိယဝန်ကြီးဟောင်း
၁၂။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၁၃။ ဗိုလ်မှူးကြီး (အငြိမ်းစား)

http://www.cherrythitsar.org



ကျွန်တော်တို့ အလားတူပင် နေပူကျဲကျဲ မိုးရေရွဲရွဲတွင် စိုတစ်လှည့် ခြောက်တစ်ခါဖြင့် ဘယ် ညာ လှမ်းနေကြရပါလိမ့်မည်။

ကျွန်တော်တို့တပ်ကတော့

အမှတ်(၃) ဘားမားရိုင်ဖယ်။

သန်လျင်မြို့တွင် စတင်ဖွင့်လှစ်ခါစ ဖြစ်သည်။

ခုနှစ်အားဖြင့် ၁၉၄၅ ခု။ ဒီဇင်ဘာလ။

မျိုးချစ် ဗမာ့တပ်မတော်မှ ဗြိတိသျှ စစ်တပ်သို့ ကူးပြောင်းခဲ့ကြရသော အကြပ် တပ်သားတို့ကို စတင်လေ့ကျင့်ရေး ပြုနေသည့် တစ်ချိန်တည်း၌ပင် အရာရှိတို့သည်လည်း ထို အကြပ်တပ်သားတို့မှ ချုံတစ်ကွယ်အကွာတွင် တစ်ချိန်တည်း လေ့ကျင့်ခန်း ဆင်းနေကြရခြင်း ဖြစ်သည်။

ထိုသို့ ကျွန်တော်တို့တစ်တွေ တစ်ဖြစ်လဲခဲ့ရခြင်းနှင့် ယခုကဲ့သို့ ဘယ်ခြေ ညာလက် လှမ်းနေကြရခြင်း၏ မြစ်ဖျားခံရာကတော့

ကန္ဒီစာချုပ်။

၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နှင့် ၇ ရက်နေ့တို့တွင် သီရိလင်္ကာကျွန်း၊ ကန္ဒီမြို့တွင်

မြန်မာတို့ဘက်မှ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်နေဝင်း[၁]၊ ဗိုလ်လက်ျာ[၂]၊ ဗိုလ်ဇေယျ[၃]၊ ဗိုလ်ကျော်ဇော[၄]၊ ဗိုလ်မောင်မောင်[၅]၊ ဗိုလ်ဇော်မင်း[၆]၊ ဦးဘဖေ[၇]၊ သခင်သန်းထွန်း[၈]၊ စောဘဦးကြီး[၉] နှင့် ဦးညိုထွန်း[၁၀]။

---

၁။ ဥက္ကာကြီး (အငြိမ်းစား)
၂။ ကွယ်လွန်
၃။ တောခို ကျဆုံး
၄။ ဗိုလ်မှူးချုပ် (အငြိမ်းစား)
၅။ သံအမတ်ကြီး (အငြိမ်းစား)
၆။ မသိ
၇။ ကွယ်လွန်
၈။ တောခို ကျဆုံး
၉။ တောခို ကျဆုံး
၁၀။ ကွယ်လွန်

http://www.cherrythitsar.org



ဗြိတိသျှတို့ဘက်မှ လော့ဒ်လူဝီမောင့်ဘက်တင်ခေါင်းဆောင်သော အဖွဲ့တို့ ဆွေးနွေးပြီးနောက် မြန်မာ့မျိုးချစ် တပ်မတော်နှင့် ပတ်သက်၍ စာချုပ် တစ်ခုကို ချုပ်ဆိုခဲ့ကြသည်။

ထိုစာချုပ်သည် 'ကန္ဒီစာချုပ်'ဟု အမည်တွင်ခဲ့သည်။

ထိုစာချုပ်မှ

အပိုဒ် ၁ တွင် 'စစ်သည်တော်ဦးရေ'နှင့် ပတ်သက်၍

'မြန်မာနိုင်ငံတပ်မတော်အတွင်းသို့ အများဆုံးထည့်သွင်းရမည့် 'မျိုးချစ်စစ်တပ်' သာမန် တပ်သားဦးရေမှာ ၅၂၀၀ (ငါးထောင့် နှစ်ရာ) ဖြစ်စေရမည်' ဟူ၍လည်းကောင်း၊

အပိုဒ် (၂)တွင် 'မျိုးချစ်မြန်မာ့တပ်စစ်ဗိုလ်များ'နှင့် ပတ်သက်၍

'နောင် နှစ်နှစ် သုံးနှစ်အတွင်းတွင် လျော့ပါးသွားမည်ဖြစ်သော စစ်ဗိုလ်ဦးရေကို ကာမိစေရန် မျိုးချစ် မြန်မာစစ်ဗိုလ် ၂၀၀ (နှစ်ရာ)အထိ ယခု ထားရှိနိုင်မည်ဟု ခန့်မှန်းထား၏' 'မြန်မာနိုင်ငံ တပ်မတော်ကို စစ်ရေးစစ်ရာ သင်ကြားပေးရမည့် သုံးနှစ်အနက် ပထမ နှစ်နှစ်တွင်မူကား စစ်တိုက်မှု၌ အဘက်ဘက်တွင် အတွေ့အကြုံများခဲ့သော ဗြိတိသျှတပ်မတော်မှ စစ်ဗိုလ်တို့ကို မြန်မာ့တပ်မတော်အား ကျနစွာ သင်ကြားပေးရန် အလုံအလောက် ခန့်ထားရပေလိမ့်မည်။ သို့ရာတွင် မြန်မာ စစ်ဗိုလ်များသည် အဆိုပါ ဗြိတိသျှ စစ်ဗိုလ်များ၏ နေရာ၌ ဝင်ရောက်ထမ်းရွက်နိုင်လောက်အောင် တတ်မြောက်ကြသောအခါ အဆိုပါ ဗြိတိသျှ စစ်ဗိုလ်များကို တဖြည်းဖြည်း ရုပ်သိမ်းရန်စီစဉ်ထားရှိလိမ့်မည်'ဟူ၍ လည်းကောင်း၊

ထို သဘောတူညီမှုအရ မျိုးချစ် ဗမာ့တပ်မတော်ကို ဖျက်သိမ်း၍ ထို ထောင်ပေါင်းများစွာသော အရာရှိ၊ အကြပ်တပ်သားတို့မှ တပ်သား ၅၂၀၀ နှင့် အရာရှိ ၂၀၀ တို့ကို ဗြိတိသျှ စစ်တပ်၏ တစ်စိတ် တစ်ဒေသ အနေဖြင့် တပ်သစ်များ ပြန်လည်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

http://www.cherrythitsar.org



ထိုအရာရှိ အကြပ်၊ တပ်သားတို့ကို စစ်ဌာနချုပ်များ၊ လေ့ကျင့်ရေးတပ်များ၊ မိတ္ထီလာရှိ အမြောက်တပ်နှင့် အမှတ် (၃) ဘားမားရိုင်ဖယ်၊ အမှတ် (၄) ဘားမားရိုင်ဖယ်၊ အမှတ် (၅) ဘားမားရိုင်ဖယ်တပ်တို့သို့ ဖြန့်ဝေခဲ့သည်။

အဲ့သည်မှာမှ ကျွန်တော်သည် ဂျပန်ပြည် စစ်တက္ကသိုလ်မှ အသစ်စက်စက် ပြန်၍ရောက်ခါစ မြန်မာပြည်သို့ ပြန်ရောက်ပြီး အင်္ဂလိပ်တို့၏ တစ်လခန့်မျှဖမ်းဆီးထားခြင်းမှ လောလောလတ်လတ် လွတ်မြောက်ခါစ မမျှော်လင့်ဘဲ အင်္ဂလန်ပြည့်ရှင် ဂျော့ဘုရင်မင်းမြတ်၏ ကော်မရှင်ခေါ် ခန့်အပ်လွှာကို ရရှိပြီး ဤအမှတ် (၃) ဘားမားရိုင်ဖယ်တပ်ရင်းသို့ အရာရှိ တစ်ဦးအဖြစ် ရောက်ရှိခဲ့ရခြင်း ဖြစ်ပါသည်။

## ပြန်လည်ဖွဲ့စည်းခြင်း

ကျွန်တော်၏ 'ဂျပန်ခေတ် စစ်ပညာတော်သင်တစ်ဦး'စာအုပ်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကျွန်တော်သည် စစ်ပညာသင် ပထမအပတ်ဟု ခေါ်တွင်သည့် လူပေါင်း သုံးဆယ်တွင် တစ်ယောက် အပါအဝင်အဖြစ် ဂျပန်ပြည် 'ဇာမ' ရွာကလေးတွင်ရှိ ဘုရင့် စစ်တက္ကသိုလ်သို့ ၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်လယ်အထိ ဗိုလ်လောင်းအဖြစ် တက်ရောက်ခဲ့ရသည်။

စစ်ကြီးအပြီး ၁၉၄၅ ခု၊ စက်တင်ဘာလတွင် ဂျပန်ပြည်မှ ပြန်ခဲ့ကြသည်။

မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် ရက်များ မကြာမီမှာ ဂျပန်ပြည်သို့ သွားရောက်ပြီး စစ်ပညာသင်ရကောင်းလား ဟူသော စွဲချက်ဖြင့် ကျွန်တော်တို့ စစ်ပညာတော်သင်တွေသည် ဗြိတိသျှစစ်တပ်၏ ဖမ်းဆီးချုပ်နှောင်ခြင်း ခံလိုက်ကြရသည်။

http://www.cherrythitsar.org



ထိုအကျဉ်းစခန်းတွင် တစ်လခန့်မျှ နေခဲ့ကြရပြီး စစ်ဆေးခံရင်း တန်းလန်းမှပင် လွတ်လာခဲ့ကြသည်။

အဲသည်တော့ ကျွန်တော်တို့ ဘာလုပ်ကြပါမည်လဲ။

အများအားဖြင့်ကတော့ မျိုးချစ်ဗမာ့တပ်မတော် ဌာနချုပ်ရှိရာ လောင်း၀စ်စခန်းသို့ စုရုံး သွားရောက်နေထိုင်ကြသည်။

အဲ့သည်မှာက ထမင်းနပ်မှန် စားရပါသည်။

သို့ရာတွင် ကြာကြာ မနေလိုက်ကြရပါ။ တစ်နေ့တွင် ဂျပန်ပြည် စစ်ပညာတော်သင်တွေအားလုံး စုဝေးကြဆိုသည့် အမိန့်ကို ရုတ်တရက် ရလိုက်ကြပြီး တစ်ယောက်ပြီး တစ်ယောက် ရုံးခန်းတစ်ခုအတွင်းသို့ ခေါ်ယူ မေးမြန်း စစ်ဆေးခြင်း ခံလိုက်ကြရသည်။

အကြောင်းကတော့ ပြန်လည်ဖွဲ့စည်းမည့် စစ်တပ်တွင် ခန့်ထားရန် ဖြစ်ပါသည်တဲ့။

အလှည့်ကျလို့ ကျွန်တော် ဝင်သွားတော့

ဗိုလ်လက်ျာ[၁]၊ ကာနယ် စောကြာဒိုး[၂] နှင့် အင်္ဂလိပ်စစ်ဗိုလ် ရာထူးကြီးကြီး၊ မျက်နှာနီနီကြီးတို့ ထိုင်နေကြသည်။

'ထိုင်ပါ'

ကျွန်တော်က မျက်နှာချင်းဆိုင် ကုလားထိုင်လွတ်တွင် မဝံ့မရဲဖြင့် ချိတ်မိသည်ဆိုရုံ ထိုင်လိုက်သည်။

ဘယ်နှစ်တန်းအထိ စာသင်ခဲ့ဖူးသလဲ မေးသည်။

ဂျပန်စစ်တက္ကသိုလ်တွင် ဘာတွေသင်ခဲ့ရသလဲ မြန်းသည်။

ထို့နောက် တစ်နေရာသို့သွား၍ ဆေးစစ်ခံရသည်။

---

၁။ ကွယ်လွန်

၂။ ဗိုလ်မှူးချုပ် (အငြိမ်းစား)

http://www.cherrythitsar.org



ပြီးတော့

၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ အစပြု၍ ဘုရင့်ကြည်း တပ်မတော် (ကျော့ဘုရင်)တွင် ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်လိုက် သည်တဲ့။

ထိုခန့်အပ်လွှာ အမိန့်စာကို ရလိုက်ပါသည်။

ထို့ကြောင့် ကျွန်တော်သည် ရန်ကုန်မြို့ အလုံရပ်ကွက် မီးလောင်ပြင် တစ်ခုတွင် ဖွင့်လှစ်၍ တပ်သားများအား လက်ခံစုဆောင်းနေသော အမှတ် ၃ ဘားမားရိုင်ဖယ်၏ ယာယီတပ်စခန်းသို့ သွားရောက် သတင်း ပို့ခဲ့ရသည်။

အဲသည်မှာ ဗိုလ်စိန်ဝင်း[၁]၊ ဗိုလ်ချစ်မြိုင်[၂]၊ ဗိုလ်သောင်းကြည်[၃]၊ ဗိုလ်စောထွန်း[၄]၊ ဗိုလ်မောင်တင်[၅]၊ ဗိုလ်ကျော်ထွန်း[၆]၊ (၁၉၄၉ ခုနှစ်၊ မိတ္ထီလာတွင် ကျဆုံး)၊ ဗိုလ်ဟာပေး[၇] အစရှိသော ရဲဘော်တွေနှင့် တစ်ဖွဲ့ တည်း ဖြစ်သွားခဲ့ရသည်။

ထိုသို့ မြန်မာအရာရှိတွေ ထိုစခန်းသို့ ရောက်ရှိလာကြသော်လည်း ကျွန်တော်တို့သည် ရဲဘော် တပ်သားတွေနှင့် နီးကပ်မှု မရရှိကြသေး။ အုပ်ချုပ်သူများမှာ မြန်မာအရာရှိများ မဟုတ်ကြသေး။ ကျွန်တော်တို့သည် ယောင်ခြောက်ဆယ် အလုပ်သင်များသာ ဖြစ်ကြပါသေးသည်။

တကယ် အုပ်ချုပ်သူတို့ကတော့ မေဂျာကာပင်တာ၊ မေဂျာဒေါင်း အစရှိသော ဗြိတိသျှစစ်တပ်နှင့် ပါလာကြသော အရာရှိတို့သာ ဖြစ်ကြ သည်။

---

၁။ ဝန်ကြီးချုပ်ဟောင်း
၂။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၃။ အတွင်းရေးမှူးဟောင်း (ကွယ်လွန်)
၄။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၅။ ဒုဗိုလ်မှူးကြီး (အငြိမ်းစား)
၆။ ကျဆုံး
၇။ မသိ

http://www.cherrythitsar.org



ဤတွင် ပြဿနာ။

သူတို့အမြင်တွင် စစ်တပ်နှင့် ပတ်သက်၍ သူတို့သာ တတ်ကြသည်။ သူတို့သာ နားလည်ကြသည်။ ကျွန်တော်တို့ မြန်မာအရာရှိတွေသည် 'က'ကြီးရေ က အဆင့်တွင်သာ ရှိကြသေးသည်။ သို့ရာတွင် ကျွန်တော်တို့ဘက်မှလည်း ပြောင်းပြန်မြင်ကြသည်။ ဤသည်မှာ ခြောက်ထပ်တိုက်မြင့်ကြီးပေါ်မှ လူက မြေပေါ်တွင်ရှိနေသူအား သေးမှုန်စွာတွေ့ရသကဲ့သို့ မြေပေါ်ရှိလူကလည်း ခြောက်ထပ်တိုက်ဖျားတွင် ရှိနေသော ထိုသူအား ပိစိကွေးကလေးအနေဖြင့် မြင်ရပုံမျိုး ဖြစ်သည်။ မြန်မာရဲဘော်တွေကို ကျွန်တော်တို့သာ နားလည်သည်။ ပြီးတော့ ဘားမားရိုင်ဖယ်လို့ပဲ ခေါ်ခေါ်၊ မည်သည့် အမည်ကိုပဲ တပ်တပ်၊ မြန်မာ့တပ်မတော်ကို ကျွန်တော်တို့သာ ဆိုင်သည်။ ကျွန်တော်တို့သာ ပိုင်ပါသည်။

အဲသည်ကတည်းက သူတို့နှင့် ကျွန်တော်တို့၏ လွန်ပွဲသည် စခဲ့ပါပြီ။

ကျွန်တော်တို့က ရောက်လာသမျှ ရဲဘော်တွေကို လက်ခံလိုသည်။ တော်လှန်ရေးအတွင်းက တောကြီးမျက်မည်းတွင် ဂှက်ဖျားစွဲခဲ့ကြသူတွေ ပါလာကြပါစေ၊ ဆေးကုပေးလိုသည်။ တော်လှန်ရေးအတွင်းက အာဟာရမပြည့်မှုကြောင့် ပိန်ချုံး ချည့်နဲ့သူတွေပါလာကြပါစေ၊ အင်အားဖြည့်ပေးလိုကြသည်။ ထိုအရာရှိတို့ကမူ တင်းတင်းကျပ်ကျပ် ဆေးစစ်လိုသည်။ အဲဒါကို ကျွန်တော်တို့က လက်မခံနိုင်။ ရောက်လာသော ရဲဘော်တစ်ဦးအား ပယ်လိုက်ရပါက တစ်ဦးဆို ဆိုသလောက် နောက်တစ်ခေတ်မြန်မာ့တပ်မတော်အတွက် နစ်နာမည်ကို သိနားလည်ကြသည်။ ပြီးတော့ လူအင်အား အပြည့်မရမည်ကိုလည်း စိုးရိမ်ကြသည်။

သို့ရာတွင် ကျွန်တော်တို့ အစိုးရိမ်ပိုခဲ့မိပါသည်။ မကြာမီပင် လိုသော တပ်သားဦးရေကို အပြည့်ရရှိခဲ့ကြသည်။ ရဲဘော်တွေ၏ မလျှော့

http://www.cherrythitsar.org



သော စိတ်ဓာတ်၊ လွတ်လပ်ရေးဟူသည် လက်ဖဝါးချည်း သက်သက် ဖြန့်ကာ တောင်းရုံဖြင့်တော့မရ၊ အင်အားရှိရမည်။ လက်နက်ကိုင်၍ စကားဆိုရမည် ဆိုသည့် အသိကပင် အနိုင်ရခဲ့သည်။

ထို့နောက် ကျွန်တော်တို့သည် သန်လျင်မြို့သို့ ပြောင်းရွှေ့ခဲ့ကြသည်။

**သန်လျင်စခန်း**

သန်လျင်မြို့၌ ကျောက်တန်းဘက်သို့ ထွက်သည့် မြို့အပြင် ကွင်းပြင်ကြီးတစ်ခုတွင် ရွက်ဖျင်တဲတို့ဖြင့် နေကြရသည်။

တစ်ခုတည်းသော အုတ်တိုက်ကြီးတွင် တပ်ရင်းရုံး ဖွင့်၍ ၎င်းနှင့် လမ်းမကြီးအကြားတွင် တပ်ခွဲရုံးများ၊ ရဲဘော်များ၏ တဲများ ရှိကြသည်။ အရာရှိများအဖို့မူ ခပ်လှမ်းလှမ်း၌ သီးသန့်တဲများ၊ စစ်တပ်၏ ဝါသနာအတိုင်း အရာဝတ္ထု တစ်ခုထက်ပိုလျှင် တန်းစီ၊ ကျောက်ခဲ၊ အုတ်ခဲ၊ သစ်ငုတ်တို့ကို တွေ့လျှင် ထုံးသုတ် ဟူသော ခံယူချက်ဖြင့် ထိုတဲတန်းကြီးတို့သည် သပ်သပ်ရပ်ရပ်ကလေး 'ညာညီ' နေကြသည်။ သူတို့အကြားရှိ အုတ်ခဲကလေးတို့သည်လည်း ထုံးရည်ဖွေးဖွေးဖြင့် 'တန်းစီ' နေကြပါသည်။

ကျွန်တော်တို့၏ တပ်ရင်းမှူးသည် 'အိုင်းရစ်'လူမျိုး၊ လက်ဖတင်နင် ကာနယ်သန်းဒါးဆိုသူ ဖြစ်သည်။ အရပ် ငါးပေခြောက်လက်မခန့်၊ ခပ်တုတ်တုတ်၊ သွက်လက်ဖျတ်လတ်၍ သဘောကောင်းသူဖြစ်သည်။

ဗိုလ်မှူး ကျော်ဇော[၁] ကတော့ ထိုစဉ်က ဒုတပ်ရင်းမှူး (မေဂျာ) ဖြစ်သည်။

---
၁။ ဗိုလ်မှူးချုပ် (အငြိမ်းစား)

http://www.cherrythitsar.org



တပ်ခွဲမှူးတို့ကမူ ဗြိတိသျှစစ်တပ်နှင့် ပါလာကြသည့် မျက်နှာဖြူများ၊ ကပြားများ ဖြစ်ကြ၍ ကျွန်တော်တို့ မြန်မာအရာရှိတို့မှာ အလုပ်သင်ရင်း ဒရိန်းပြရင်း၊ ကိုယ်တိုင် လေ့ကျင့်ရေးဆင်းရင်း ဒုတပ်ခွဲမှူးများ၊ တပ်စုမှူးများအဖြစ် ထမ်းဆောင်ကြရသည်။

ဒုတပ်မှူးတို့မှာ ဗိုလ်စိန်မှန်[၁] (မကြာမီ တပ်မှ ထွက်သွားသည်)၊ ဗိုလ်သောင်းကြည်[၂]၊ ဗိုလ်ကျော်ထွန်း[၃]၊ ဗိုလ်ချစ်မြိုင်[၄]၊ ဗိုလ်စိန်ဝင်း[၅] နှင့် ကျွန်တော်တို့ ဖြစ်ကြသည်။ ထိုစဉ်ကတော့ အားလုံး ကက်ပတိန် ခေါ် ဗိုလ်ကြီးရာထူး။

ကျွန်တော်တို့သည် နံနက်ပိုင်းတွင် စစ်ရေးပြ လေ့ကျင့်ရေး ဆင်းကြရသည်။ ပြီးလျှင် တပ်ခွဲရုံးအသီးသီးသို့ သွားရောက်၍ ရုံးထိုင်ကြရသည်။ ထိုအခါ အချိန်အားဖြင့် ဆယ်နာရီခန့် ရှိပါပြီ။

အဲသည်တော့မှ ကျွန်တော်တို့၏ တပ်ခွဲမှူးများ ဖြစ်ကြသည့် အာစရိယတို့သည် တပ်ခွဲသို့ ရောက်ရှိလာတတ်ကြသည်။

ကျွန်တော်သည် 'ဘီ ကုမ္ပဏီ တပ်ခွဲ ၂' ကျွန်တော်၏ တပ်ခွဲမှူးမှာ မေဂျာ 'ကလပ်'ဆိုသူ ဖြစ်သည်။

အင်္ဂလိပ်လူမျိုးတို့တွင် 'ကော(က)နီ'ဟု ခေါ်သော လူမျိုးတစ်မျိုး သီးသီးခြားခြားရှိသည်။ 'ကောက်(က)နီ'ဆိုသည်မှာ ယနေ့ လန်ဒန် မြို့ကြီး က မျိုလိုက်ပြီဖြစ်သည့် မူလ လန်ဒန်မြို့သား၊ လန်ဒန်မြို့ဟောင်းသား၊ ထိုအရပ်ရှိ 'ဘိုးလဘဲလ်'ဟုခေါ်သော ခေါင်းလောင်းသံကြားရာ ပတ်ဝန်း

---

၁။ ကျဆုံး
၂။ အတွင်းရေးမှူးဟောင်း (ကွယ်လွန်)
၃။ ကျဆုံး
၄။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၅။ ဝန်ကြီးချုပ်ဟောင်း

http://www.cherrythitsar.org



ကျင်တွင် မွေးဖွားသူကို ဆိုလိုသည်။ ထို 'ကောက်(က)နီ'တို့သည် ပွင့်လင်းသည်၊ အာဝဇ္ဇန်းရွှင်သည်၊ ဟာသအပြည့်ရှိသည်၊ ပျော်ပျော်ပါးပါးနေတတ်သည်။ ကြမ်းတမ်းသည်၊ ဆင်းရဲသည်။ လူလိမ်လူကောက်လည်း ဖြစ်တတ်သည်။ ဖျင်းလည်းဖျင်းတတ်သည်။ သူတို့၏ ပိုမိုထူးခြားသည့် အချက်သည် ကြောင်ကြောင်ကျားကျား ဝတ်ဆင်တတ်ခြင်းနှင့် အင်္ဂလိပ်စကားအသံထွက် တစ်မျိုးကိုသုံးစွဲကြခြင်းဖြစ်သည်။ ဥပမာ'ပေပါ'(စက္ကူ) ကိုသူတို့က'ပိုက်ပါ' ဟုအသံထွက်သည်။ 'မိုင်ဆဲလ်ဖ်'(ကျွန်ုပ်)ကို 'မီးဆဲလ်ဖ်'ဟုဆိုသည်။

ကျွန်တော့်ဆရာ မေဂျာကလပ်သည် ကောက်(က)နီ ဖြစ်ပါသည်။ နဖူးကျယ်ကျယ်၊ နှာတံမောက်မောက်၊ ထိုအောက်တွင် ထိုးထိုးထောင်ထောင် နှုတ်ခမ်းမွေး တိုနံ့နံ့နှင့် အိပ်ရေးမဝသည့် မျက်နှာထားကို အမြဲတမ်း ဆောင်ထားသူ ဖြစ်သည်။

သူသည် ဆယ်နာရီကျော်ခန့်တွင် တဝါးဝါးသမ်းရင်းဖြင့် ရုံးခန်း အတွင်းသို့ ဝင်လာသည်။

'မောနင်း တင်မောင်' ခပ်ရွှင်ရွှင် နှုတ်ဆက်သည်။

'မောနင်း နော်ဘီ' သူ့ကို ကျွန်တော်တို့က 'နော်ဘီ'ဟု ခေါ်သည်။

'ဟောင်းစ် အဲဗရီသင်း' (အားလုံး ချောချောမောမောပဲလားတဲ့)။

'ဖိုင်း ဖိုင်း' ကျွန်တော်က ဖြေလိုက်လျှင်

'ဘလယ်ဒီ ဂွတ်ရှိုး' သူ သဘောကျသွားသည်။

ဒါကတော့ သူနှင့် ကျွန်တော်တို့ နံနက်တိုင်း ပြုလုပ်ကြသည့် လုပ်ရိုးလုပ်စဉ်၊ အမေးအဖြေ ဖြစ်သည်။

ထို့နောက်တော့ 'ဝဒ်ဘိုင်' စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီး 'ကွာတားမာစတာ ဆာဂျင်' တပ်ခွဲ တပ်ထောက်ကို အော်၍ ခေါ်သည်။ ပြီးတော့ 'ချား' လက်ဖက်ရည်တစ်ခွက်ကို တောင်းလိုက်သည်။

http://www.cherrythitsar.org



ထို့နောက်တော့ လက်ဖက်ရည်ကို စောင့်ရင်း၊ ရောက်လာလျှင် မတ်ခွက်အပြည့် ပူပူချိုချိုကြီးကို တစ်ကျိုက်ပြီးတစ်ကျိုက် သောက်ရင်း စကားပြောပါလေပြီ။ စသည်ဆိုကတည်းက အညစ်အပတ်တွေ ဖြစ်သည်။ သူ ညက ဘယ်ကိုသွားကြောင်း၊ ဘယ်မိန်းမနှင့် တွေ့ကြောင်း၊ ဘယ်လို ဖြစ်ကြောင်း၊ စကားတစ်ခွန်းအပြီး 'ဘလယ်ဒီ' တစ်လုံး၊ နောက်တစ်ခွန်း အပြီး 'ဖွတ်ကင်း' တစ်လုံးဖြင့် ဘလယ်ဒီနှင့် ဖွတ်ကင်းချင်း မိုးမွှန်သွား ပါတော့သည်။

ကျွန်တော့်မှာတော့ တစ်ချိန်လုံး တပ်ခွဲတန်းစီဇယားကို စစ်နေ ရသည်။ တစ်ပတ်စာ လေ့ကျင့်ရေးဇယား ရေးဆွဲရသည်။ ရိက္ခာစာရင်း ကြည့်ရသည်။ ထိုအကြားမှ သူနှင့်လိုက်၍ ရယ်ရသည်။ သူနှင့် ရော၍ ပြုံးရသည်။ တစ်ချက်တစ်ချက် သူ့စကားကို ထောက်ပေးရသည်။

နာရီဝက်ခန့်ကြာလျှင် လက်ဖက်ရည်တစ်ခွက်လည်း ကုန်ပါပြီ၊ သူ့ရဲ့ မနေ့ညက စွန်းစားခန်းသည်လည်း ပြော၍ ပြီးဆုံးပါပြီ။ အဲသည် တော့မှ

'အိုကေ တင်မောင်၊ စီးယူအက်သမက်စ်' ရိပ်သာတွင်မှ တွေ့ကြ ဦးစို့တဲ့။

ကြိမ်လုံးတိုကလေးကို ချိုင်းတွင်ညှပ်ပြီး ရင်ကလေးကော့ကော့ ဖြင့် အရာရှိရိပ်သာသို့ ပြန်သွားသည်။

ဆယ့်နှစ်နာရီခန့် ကျွန်တော် ထမင်းစားပြန်သောအခါ၌ သူသည် ရိပ်သာ အတွင်းတွင် ရေခဲစိမ်ဘီယာကို မော့ရင်း တဝါးဝါး သမ်းနေ ပါပြီ။

ညနေပိုင်းတွေမှာတော့ ကျွန်တော်တို့ မြန်မာအရာရှိတွေသည် အများအားဖြင့် သန်လျင် ကျောက်တန်း ကားလမ်းဘေးရှိ ညောင်ပင်အို ကြီး၏ အောက်တွင် သင်တန်းဆက်ကြရတတ်သည်။

http://www.cherrythitsar.org



တစ်ခါတစ်ရံ စတင်း၊ ဘရင်းစသော လက်နက်များ ကိုင်တွယ်ပုံ ကိုင်တွယ်နည်း၊ ဖြုတ်နည်း တပ်နည်းတို့ကို လေ့ကျင့်ကြရသည်။

တစ်ခါတစ်ရံ၌မူ တပ်အုပ်ချုပ်မှုနှင့် စစ်တပ်ဥပဒေတို့ကို မှတ်သား ကြရသည်။

တစ်နေ့သော် ဆန္ဒပြချီတက်လာသော လူအုပ်ကို ဖြိုခွဲနည်းဖြိုခွဲပုံ လေ့လာကြရသည်။

ထိုအချိန်က ပြင်ပနိုင်ငံရေးလောကတွင် ဖ ဆ ပ လ အဖွဲ့ချုပ်ကြီး သည် လွတ်လပ်ရေးအတွက် ပိုမိုလှုပ်ရှားလာနေပြီ ဖြစ်သည်။

လူစုလူဝေးကိုဖြိုခွဲခြင်းတွင် ရဲတို့ဖြင့်သာ မပြီးသောအခါ၌ နယ်ဘက် အုပ်ချုပ်ရေး အရာရှိများဖြစ်ကြသည့် ခရိုင်ဝန်၊ ဝန်ထောက်၊ မြို့ပိုင် အစ ရှိသူတို့သည် စစ်တပ်ကိုအကူအညီတောင်းကြသည်။ ထိုအခါ စစ်တပ်သည် လိုအပ်ရုံမျှသော အင်အားဖြင့် ထိုလူစုလူဝေးကို ရင်ဆိုင်ရသည်။ ထိုတပ်ကို အုပ်ချုပ်လာသည့် စစ်ဗိုလ်သည် တရားသူကြီးတစ်ဦးအား သူ၏အပါးတွင် ခေါ်၍ထားရသည်။ ထိုတရားသူကြီးထံမှ လိုအပ်ပါက ပစ်ခတ် နှိမ်နင်းနိုင်ရန် ပစ်ခတ်ခွင့် အမိန့်စာကို ရယူထားရသည်။ ထို့နောက် ထိုလူစုလူဝေးရှေ့တွင် မျဉ်းသားလိုက်၍ ထိုမျဉ်းကိုကျော်မလာရန် အကြိမ်ကြိမ် သတိပေးရမည်။ မရသောအခါ သို့မဟုတ် ထိုလူစုလူဝေးသည် ထိုမျဉ်းကို ကျော်လွန်၍ လာသောအခါ၌ ထိုအခါကျမှ စစ်ဗိုလ်သည် ထိုဆန္ဒပြသူတို့၏ ခေါင်းဆောင် ဟု ယူဆရသူ၊ အလံကို ကိုင်ဆောင်လာသူ၊ ကြွေးကြော်သံတို့ကို တိုင်၍ ပေးသူအစ သူတို့ကို တိတိကျကျ လက်ညှိုးထိုးညွှန်ပြ၍ တပ်သားတို့အား ရိုင်ဖယ်သေနတ်ဖြင့် ဘယ်နှစ်တောင့်ပစ်ဟူ၍ အမိန့်ပေးရမည် ဖြစ်သည်။ ဤသည်မှာ လုပ်နည်းလုပ်ဟန် အကြမ်းဖျင်း ဖြစ်သည်။

ထိုနေ့ နေ့လယ်က ကျွန်တော်တို့အား သင်ကြားပို့ချနေသူ မေဂျာ သည် သင်ကြားရင်းပင် လွန်စွာ စိတ်ပါဝင်စား လာဟန်ရှိရှာသည်။

http://www.cherrythitsar.org



'ဟောဟို လမ်းမကြီးပေါ်မှာ လူထုကြီးအလံတွေကိုင်လို့ ပါးစပ်ထဲကလဲ အစိုးရကို ဆန့်ကျင်တဲ့စကားတွေ အော်လို့ ဟစ်လို့ ချီတက်လာနေကြတယ်၊ ခင်ဗျားတို့ ဘာလုပ်မလဲ' သူက မေးသည်။

'ရှေ့ကို တက်မလာနဲ့လို့ သတိပေးရမယ်' ကျွန်တော်တို့က ဖြေကြသည်။ 'ဟုတ်ပြီ' သူသည် အင်မတန် သဘောကျသွားသည်။ သို့ရာတွင် ထိုမျှနှင့် မရပ်သေးပါ။ 'ကဲဗျာ၊ တားလို့မရဘူး၊ ရှေ့ဆက်တက်လာကြပြီ ဆိုပါတော့၊ ခင်ဗျားတို့ ဘာလုပ်မလဲ'

အဲသည်မှာ ကျွန်တော်တို့သည် တွေဝေသွားကြပါသည်။ ကျွန်တော်တို့ မျက်လုံးတွေထဲမှာ မြင်နေရသည်က ကျွန်တော်တို့၏ ရဲဘော်များဖြစ်ကြသည့် ဖ ဆ ပ လအဖွဲ့ဝင်တို့သည် 'လွတ်လပ်ရေး ချက်ချင်းပေး' 'သူပုန် သူပုန် ထထ' ကြွေးကြော်သံတို့ကို ဟစ်အော်ကာ အနီခံကြယ်ဖြူ တစ်ပွင့် အလံကြီးကိုဝင့်၍ ချီတက်လာနေကြသည့် မြင်ကွင်းကျယ်ကြီးပင် ဖြစ်ပါသည်။

ထိုစဉ်တွင်သင်တန်းဆင်းဆရာက အားမလို အားမရ ဖြစ်လာသည်။ ထို့ကြောင့် ပိုမို၍ ပြတ်သားစွာ တစ်ဆင့်တက်၍ ထပ်ကာ ကွန့်လိုက်သည်။

'ကဲဗျာ၊ ရှေ့ဆုံးက ချီတက်လာတာက ဦးအောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း) တဲ့။ သတိပေးလို့လဲ မရတော့ဘူး၊ ဆက်ပြီး ချီတက်လာပြီ၊ ခင်ဗျားတို့ မပစ်ဘူးလား'

အဲသည်ကျတော့ ကျွန်တော်တို့ နှုတ်တို့မှ တညီတညွတ် တစ်ပြိုင်နက် အသံကုန် အော်ဟစ် ဖြေဆိုလိုက်ကြပါသည်။

'မပစ်ဘူး'

သင်တန်းဆရာ၏ မည်းနက်သောမျက်နှာသည် ပြာ၍သွားသည်။ ထို့နောက်တော့ ဆက်လက်မသင်ကြားတော့။ အတန်းဖြုတ်လိုက်သည်။

http://www.cherrythitsar.org



ထိုညနေကပင် ကာနယ်သန်းဒါးအား ထိုအဖြစ်အပျက်ကို တိုင်ကြားသည်ဟု ကြားရသည်။ သို့ရာတွင် မေဂျာကျော်ဇော[၁] နှင့် ကာနယ်သန်းဒါးတို့ မည်သို့ဆွေးနွေး ပြေလည်လိုက်သည် မသိ၊ ကျွန်တော်တို့သည် အရေးယူခြင်း မခံကြရ။

## အထူးဗိုလ်သင်တန်း

မကြာမီပင် ဘယ်လုည့် ညာလုည့် အခြေခံ စစ်ရေးပြတို့ကို ကျွမ်းကျင်လာကြသောအခါ၌ ကျွန်တော်တို့သည် ပြင်ဦးလွင်တွင် အထူးဖွင့်လှစ်သည့် သင်တန်းတစ်ခုသို့ တက်ကြရသည်။

ကျွန်တော်တို့ဆိုရာ၌ အမှတ် ၃၊ ၄၊ ၅ ဘားမားရိုင်ဖယ်တပ်ရင်းတို့မှ မေဂျာနေဝင်း[၂]၊ မေဂျာဇေယျ[၃]၊ မေဂျာကျော်ဇော[၄] တို့ အသီးသီးခေါင်းဆောင်သော အရာရှိဆယ်ဦးစီနှင့် ကက်ပတိန် အောင်ရွှေ[၅] ခေါင်းဆောင်သော မိတ္တီလာ၊ ပြင်ဦးလွင်မှ မြန်မာအရာရှိ အချို့တို့ ဖြစ်ကြသည်။ ထိုသင်တန်းသို့ ဗိုလ်လက်ျာ[၆] လည်း ကျွန်တော်တို့နှင့်အတူ တက်ခဲ့ကြသည်။

သင်တန်းမှာ ယနေ့ ဗိုလ်သင်တန်းကျောင်း၏ သင်တန်းဇယားနှင့် မတိမ်းမယိမ်းရှိသည်။ တစ်ခုပင် ကွာခြားသည်က အချိန်၊ ယနေ့ဗိုလ်သင်တန်း၏ သင်တန်းကာလသည် တစ်နှစ်ခန့်ဖြစ်သော်လည်း ကျွန်တော်တို့ကမူ ထိုသင်တန်းကို သုံးလနှင့်အပြီး တက်သုတ်လျော်ကြရပါသည်။

---

၁။ ဗိုလ်မှူးချုပ် (အငြိမ်းစား)
၂။ ဥက္ကဋ္ဌကြီး (အငြိမ်းစား)
၃။ တောခို ကျဆုံး
၄။ ဗိုလ်မှူးချုပ် (အငြိမ်းစား)
၅။ သံအမတ်ကြီး (အငြိမ်းစား)
၆။ ကွယ်လွန်

http://www.cherrythitsar.org



နေရာမှာ ယခု စစ်တက္ကသိုလ်အနီးရှိ တောင်ကုန်းတစ်ခုတွင် ဖြစ်သည်။ အကြီးစားရွက်ဖျင်တဲ သုံးလုံးတို့ကို ယှဉ်၍ ထိုးထားသည်။ တပ်ရင်း ၃၊ ၄၊ ၅ တဲတစ်လုံးစီ။

ကျွန်တော်တို့၏ တဲတွင် မေဂျာကျော်ဇော[၁]၊ လက်ဖတင်နင် စန်းယု[၂]၊ ကက်ပတိန် ချစ်မြိုင်[၃] စသူတို့အပြင် ကက်ပတိန်အောင်ရွှေ[၄] နှင့် လက်ဖတင်နင် တင်ဦး[၅] တို့ ပါဝင်ကြသည်။

ထိုသင်တန်းသည် တစ်မျိုးတော့ ပျော်စရာကောင်းလှပါသည်။

မျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းပြီးနောက် အင်္ဂလိပ်စစ်တပ်သို့ ဝင်ရောက်ခဲ့ကြရပြီးမှ ပထမဆုံးအကြိမ်အဖြစ် ကျွန်တော်တို့သည် တစ်စု တစ်ဝေး ပြန်လည်တွေ့ဆုံကြရခြင်း ဖြစ်သည်။ ထို့ကြောင့် ရောက်စကမူ ရင်ဆိုင်ကြရမည့် သင်တန်း၏ ပင်ပန်းမှု၊ ပြင်းထန်မှုတို့ကိုမှ သတိမရ နိုင်ကြ။ တဲတစ်တဲမှ တစ်တဲသို့ ကူးကြ သန်းကြ၊ အတွေ့အကြုံချင်း ဖလှယ်ကြ၊ ရှေးဖြစ်နှောင်းဟောင်းတွေ ပြောကြ၊ တဝါးဝါး တဟားဟား။

သင်တန်းမှူးသည် မေဂျာဟတ်ဖို့ဒ်ဆိုသူ ဖြစ်သည်။ ရွှေညိုရောင် ဆံပင်၊ သွယ်လျသော မျက်နှာ၊ ရုပ်ရှင်မင်းသား နှုတ်ခမ်းမွေးနှင့် အရပ် ရှည်ရှည်။

သူသည် ပင်ကိုယ်စိတ်ရင်းကောင်းသူ ဖြစ်သည်။ သို့ရာတွင် အာစရိဂုဏ်ကို ဆည်လွန်းသည်။ ကျွန်တော်တို့၏ အတိတ်ရာဇဝင်ကို မသိ၍ပင်လား။ သို့မဟုတ် သိလျက်နှင့် အသိအမှတ်မပြုခြင်းပင်လား မပြောတတ်။ ဆက်ဆံရာတွင် ရိုင်းစိုင်းသကဲ့သို့ မြင်ရသည်။

---

၁။ ဗိုလ်မှူးချုပ် (အငြိမ်းစား)
၂။ သမ္မတကြီး (အငြိမ်းစား)
၃။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၄။ သံအမတ်ကြီး (အငြိမ်းစား)
၅။ ဦးစီးချုပ်ဟောင်း

http://www.cherrythitsar.org



ဥပမာ တစ်ခါတစ်ရံ သူ့စိတ်နှင့် မတွေ့သဖြင့် သင်တန်းသားများဖြစ်ကြသည့် ကျွန်တော်တို့အား ကြိမ်းမောင်းပြစ်တင်ရန်ရှိလျှင် သင်တန်းခန်းထဲသို့ အောက်သိုးသိုးမျက်နှာထားဖြင့် ဝင်လာသည်။ ထို့နောက် စားပွဲအစွန်းတွင် သူ၏ရှည်လျားသော ခြေထောက်တစ်ဖက်ကို လွှဲတင်လိုက်ကာ ခပ်ချိတ်ချိတ် ထိုင်လိုက်သည်။ ပြီးနောက် ကျွန်တော်တို့အား သူ၏ စူးရှသော မျက်လုံးအစုံတို့ဖြင့် ဖြည်းလေးစွာ ဝေ့ဝိုက်၍ ကြည့်လိုက်သည်။ ထိုအချိန်တွင် တစ်ခန်းလုံး၌ အပ်ကျသည်ကိုပင် ကြားရမတတ်။

ထိုသို့ မိုက်ကြည့် ကြည့်၍ ဝပြီဆိုမှ

'ဂျင်းတဲလ်မင်း၊ ဘောလ်စ်'ဟု သူ့နှုတ်ဖျားမှ မခိုးမခန့် လေအေးကလေးဖြင့် ရိုင်းစိုင်းစွာ ရေရွတ်လိုက်သည်။ ဤမျှ ယဉ်ကျေးသော တိုင်းကြီးသား။

သင်တန်းစသည့်နေ့ကမူ သင်တန်းနှင့် ပတ်သက်သည့် လေ့ကျင့်ရေးကွင်းနှင့် ကျောင်းနယ်မြေကို လိုက်လံကြည့်ရှုမှတ်သားရန်အတွက် တန်းစီရန် အမိန့်ကို ရလိုက်ကြသည်။

ကျွန်တော်တို့သည် မေဂျာဟတ်ဖို့ဒ်ဆိုသူကို ဖြူသည်၊ မည်းသည် ဟုပင် မတွေ့ဖူးကြရသေးသဖြင့် ဘုရင့်ကော်မရှင်ရ လူကြီးမင်းများပီပီ သားသားနားနား ကြွရောက်ရသွားလာကြမည်ဟု ယူဆကာ စမတ်ကျကျ ဝတ်ဆင်၍ တန်းစီလိုက်ကြသည်။ အချို့ကမူ ပီးကက်ဦးထုပ်တို့ကို ဆောင်းလာကြသည်။ ခြေထောက်တွင်လည်း ပြောင်ပြောင်လက်လက် ရှူးဖိနပ်တို့ကိုပင် စီးလို့။

မကြာမီ မေဂျာဟတ်ဖို့ဒ် ရောက်လာသည်။ ရောက်ရောက်ချင်းပင် ဆောက်ကြီးကြီးနှင့် ထွင်းလိုက်ပါတော့သည်။

'သုံးယောက်တန်း၊ ညာလှည့်'

ကျွန်တော်တို့သည် သင်ကြားထားသည့်အတိုင်း စိတ်တွင်းမှ

http://www.cherrythitsar.org



'ဝမ်း တူး သရီး၊ ဝမ်း၊ တူး သရီး' အချိန်ကို တိုင်းထွာလိုက်ကြကာ စည်းဝါးနှင့်အညီ သေသေသပ်သပ် လှလှပပကလေး ညာလှည့်လိုက်ကြသည်။

အဲ့သည်တော့မှ သူက

'လူကြီးမင်းများ ခင်ဗျား၊ အပြေးကလေး သွားကြရအောင်'တဲ့။

ထို့နောက်တော့ နေပူကျဲကျဲကြီးထဲတွင် နှစ်နာရီခန့် တစ်နေရာမှ တစ်နေရာ၊ နောက်တစ်နေရာမှ နောက်တစ်နေရာ၊ ပုံစံအတိုင်း လက်သီးနှစ်ဘက်တို့ကို ကျစ်ကျစ်ပါအောင်ဆုပ်၊ ရင်တွင် ပိပိကလေးကပ်ပြီး မှန်မှန်ကလေး ပြေးလိုက်ကြရပါသည်။

တောက်ပြောင်နေသည့် ဝတ်စုံတို့မှ ကော်ရည်တို့သည် ချွေးရည်တို့နှင့် လုံးကာ ကပ်စေးကပ်စေး ဖြစ်လာသည်။ နဖူးမှချွေးသီးတို့သည် မျက်ခွံတစ်လျှောက်တို့တွင် သီခိုလာကြသည်။ အသက်ရှူသံတွေသည် ပြင်းသည်ထက် ပြင်းလာကြကာ ပါးစပ်တွေသည် ရေမျက်နှာပြင်သို့ တက်နေသည့် ရွှေငါးကြီးတွေလို တဟဟ ဖြစ်လာကြသည်။တစ်မိနစ်ထက် တစ်မိနစ် တစ်စထက်တစ်စဖြင့် ပို၍ ပို၍ ပုံပန်းပျက်လာကြပါပြီ။

ကျွန်တော့်မှာတော့ တဟောဟော တဟဲဟဲဖြင့် အသက်ကို ကြိုးစားရှူရင်း ဘေးပန်းမှ သုန်မှုန်နေကြသော မျက်နှာတွေကို အကဲခတ်ရင်း ရယ်ရအခက်၊ ငိုရအခက်၊ စိတ်ဆိုးရအခက် ဖြစ်နေမိရသည်။ ထိုအတွင်း တရှူးရှူးအသံကြောင့် လှည့်ကာကြည့်လိုက်တော့ ဗိုလ်ဘသန်း (ခမ္မိက)[၁] တစ်ယောက် တလိမ့်လိမ့်ပြေးရင်းမှ ပါးစုန့်မို့မို့ကလေးတို့ကို ပိန်လိုက် ဖောင်းလိုက်လုပ်ကာ အချိန်မဟုတ် အခါမဟုတ် အာနာပါန ကမ္မဋ္ဌာန်း စီးဖြန်းနေရှာသည်ကို ပြာဝေစွာဖြင့် မြင်လိုက်ရသည်။

---

၁။ ဗိုလ်မှူးကြီး (အငြိမ်းစား)

http://www.cherrythitsar.org



နောက်နေ့တွေမှာလည်း တစ်နေ့မပြတ်၊ အနည်းနှင့်အများ ပြေးကြရသည်၊ နံနက်က ကျန်းမာရေးလေ့ကျင့်ခန်းတွင် ပြေးကြရသည်။ တိုက်ခိုက်မှုလေ့ကျင့်ခန်း၌ ပြေးကြရသည်၊ တစ်နေရာနှင့် တစ်နေရာ အကူး ပြေးကြရသည်။ တစ်ခါတစ်ရံ သက်သက်မဲ့ ပြေးကြရသည်၊

ကျွန်တော်တို့သည် ရံဖန်ရံခါ သင်တန်းနှင့်ပတ်သက်သော စစ်ပညာပေး ရုပ်ရှင်ကားတို့ကို ကြည့်ကြရသည်၊ ထိုအခါ ပြင်ဦးလွင်၏ တစ်ဘက်စွန်းရှိ အထက်တန်းကျောင်း တစ်ကျောင်းသို့ သွားကြရသည်။ ရုပ်ရှင်ပြစက်ကပင် အဲ့သည်မှာရှိ၍လား၊ သို့မဟုတ် ပြခန်းကပင် အဲ့သည်က ပိုလို့ ကောင်း၍လား၊ သို့မဟုတ် တမင်သက်သက်ပင် ထိုသို့ အတော်ကလေး လှမ်းသောနေရာသို့ နေ့ခင်းကြောင်တောင် မြို့လယ်ကိုဖြတ်ကာ ပြေးစေလို၍လား၊ မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ၊ ရုပ်ရှင်ကြည့်ကြရမည်ဆိုတိုင်း ကားနှင့် ပို့နိုင်ပါလျက်၊ ပို့သင့်သော ခရီးဖြစ်ပါလျက် ကျွန်တော်တို့ ပြင်ဦးလွင်နာရီစင်ကိုပတ်၍ မြို့လယ်ကိုဖြတ်၍ ပြေးကြရသည်၊ ထိုအခါ တိုင်းသိပြည်သိ မွေးကင်းစကလေးကပါမကျန် မြင်ရုံနှင့် သိကြသည့် မှတ်မိကြသည့် ထိုထိုသော မြန်မာ့တပ်မတော်မှ ထိပ်တန်း စစ်ဗိုလ်ကြီးတွေ၊ စစ်ဗိုလ်မှူးကြီးတွေကို မြို့သူမြို့သားတို့က တအံ့သြသြ ဝိုင်းဝန်းကြည့်ကြသည်၊ ထိုစစ်ဗိုလ်ကြီးတွေ၊ စစ်ဗိုလ်မှူးကြီး တွေမှာတော့ ရှေ့မျက်နှာ ရှေ့ထား၍ ခပ်တည်တည်ပင် ပြေးနေကြရသည်။ ကြောင်စီစီ အခြေအနေကို ပြောင်တင်းသောမျက်နှာတို့ဖြင့် ကြိုးစားဖုံးကွယ် ထားရသဖြင့် မောဟိုက်ရသည့်အပေါ်ခေါင်းကို မဖော်ဝံ့အောင် စိတ်ပန်းကြရသည်၊

ထိုပြေးပွဲ၏ အထွတ်အထိပ်မြင်ကွင်းကမူ ဗိုလ်မောင်လတ်[၁] (အငြိမ်းစား)နှင့် သူ၏ များပြားလှသည့် ရင်သွေးများဖြစ်ကြသည်။

---

၁။ ဗိုလ်မှူးကြီး (အငြိမ်းစား)

http://www.cherrythitsar.org



ဗိုလ်မောင်လတ်၏ သားသမီးတို့သည် ကျွန်တော်တို့ ရုပ်ရှင်ကြည့်ကြရမည့် ကျောင်းတွင် ကျောင်းတက်ကြသည်။ ကျွန်တော်တို့တစ်တွေ မောမောနှင့် ထိုကျောင်းပေါက်ဝသို့ ရောက်ရှိတတ်သည့်အချိန်သည် ကလေးများ မုန့်စားဆင်းချိန်နှင့် အမြဲပင် တိုက်တိုက်ဆိုင်ဆိုင် ရှိတတ်သည်။

ထိုအခါ ဗိုလ်မောင်လတ်၏ကလေးတွေ ပုစုခရုတို့သည် ကျွန်တော်တို့ဘေးမှ လိုက်၍ပြေးလာကြသည်။ သူတို့ဖေဖေကို ရှာကြသည်။

ဟော တွေ့ပြီ၊ မည်းမည်း၊ ဝဝဖိုင့်ဖိုင့်နှင့် သူတို့အဖေ။

ထိုကလေးတွေသည် ဝမ်းသာအားရဖြင့်

'ဖေဖေ၊ ဖေဖေ၊ ဒီမှာဟေ့ တို့ဖေဖေ' တပျော်တပါးကြီးလိုက်ကာ အဖေကို နှုတ်ဆက်ကြသည်။ ကြိုဆိုကြသည်။ အပေါင်းအဖော်တို့အပေါ်တွင် ကြွားဝါးကြသည်။ သူတို့ကို လိုက်ပြီး အခြားကလေးတွေသည် တစ်ပြုံကြီး ပြေးလိုက်လာကြပြန်သည်။ ထိုအခါ ပတ်ဝန်းကျင်မှ ခွေးလေခွေးလွင့်တို့ကလည်း မြူးကြွလာကြပြီး ထိုကလေးတို့နှင့် ပါလာကြသည်။ တဝုတ်ဝုတ်ဖြင့် ဟောင်သည်။ တပ်စုကြားသို့ ဖြတ်သည်။ ခလုတ်တိုက်သူက တိုက်၊ ကန်သူက ကန်၊ ခွေးတို့ကလည်း ပြန်၍ဟပ်ဖြင့် ကျွန်တော်တို့အဖွဲ့သည် တရုန်းရုန်း၊ ခွေးတွေက တဝုန်းဝုန်း၊ ပျော်စရာ ပျော်စရာကြီး ဖြစ်နေရပါသည်။

ဗိုလ်မောင်လတ်ခမျာမှာတော့ အသက်ရှူမမှားရန် သတိကြီးစွာထား၍ ဖွဲ့ကောင်းကောင်းဖြင့် တလှုပ်လှုပ် ပြေးနေရာမှ စီးကျလာသည့် ချွေးတို့ကိုပင် မသုတ်အားသည့်အကြား

'ဟဲ့ ကောင်လေးတွေ၊ ဖယ်စမ်း၊ မော မော ရတဲ့အထဲ ချေး' ဟု ကလေးတို့ကို မောင်းနှင်ရှာသည်။

ပြီးတော့ တိုးတိုးကလေး ရေရွတ်လိုက်ပါသည်။

'မအေပေး ဟတ်ဖွတ်'

http://www.cherrythitsar.org



**သင်တန်းသားများ**

ထိုသို့သော ကသိကအောက် အဆင်မပြေမှုကလေးတို့ကို လူကြီးများ၏ ဖျောင်းဖျမှုဖြင့် ဥပေက္ခာပြုလိုက်ကြသည်။ အမှန်တော့လည်း ကျွန်တော်တို့သည် သင်တန်း တက်နေကြသော ကျောင်းသားများသာ ဖြစ်ကြသည်။ သင်တန်းဆရာတို့၏ ခိုင်းသမျှကို ပြုလုပ်ကြရမည်။ သင်ကြားပို့ချခဲ့သမျှကို မှတ်သားကြရမည်။ ပညာဟူသည် ပိုသည်ဟုမရှိ။ ထိုပညာတည်းဟူသော ပန်းခိုင်နှင့်အတူ ဆူးခက်များ ပါလာစေကာမူ ထိုဆူးခက်တို့သည် ပန်းခိုင်အား ပွင့်ဖူးစေသော ပွင့်ဖူးနေသော ပန်းခိုင်အား ထိန်းမထားသော၊ မရှိလျှင် မဖြစ်သည့် အကိုင်းအခက်များသာ ဖြစ်ကြသည်။ အဓိကမှာမူ ပန်းခိုင်သာတည်း။

ထိုခံယူချက်ဖြင့် သင်တန်းကို ကျွန်တော်တို့ ဆက်ခဲ့ကြသည်။

နံနက်အိပ်ရာထ ခရာသံနှင့်အတူ လူးလဲထကြ၍ လေ့ကျင့်ရေးကွင်းသို့ ပြေးသွားကာ ကျန်းမာရေး လေ့ကျင့်ခန်းတို့ကို ပြုကြရသည်။

ထိုကျန်းမာရေး လေ့ကျင့်ခန်းတို့ကို ဂေါ်ရခါးတပ်ကြပ်တို့က သင်ကြားပြသကြသည်။

သူတို့သည် ကျွန်တော်တို့အား 'သခင်'ဟု ခေါ်ကြသည်။ အခြားသူများ အဖို့တော့ မပြောတတ်။ ကျွန်တော်တို့မှာတော့ ထိုတပ်ကြပ်ကလေးများ 'သခင်'ဟု ခေါ်လိုက်တိုင်း သွေးကြီးလိုက်ရမလိုလို၊ ဝမ်းတော်လားရမလိုလို စိတ်ထဲမှ ဖြစ်ပေါ်မိရသည်။

ဗြိတိသျှစစ်တပ်တွင် စစ်ဗိုလ်ရာထူး နှစ်မျိုးနှစ်စား ရှိသည်။ တစ်မျိုးမှာ ဘုရင့်ကော်မရှင်၊ ထိုကော်မရှင်ကို မျက်နှာဖြူများကိုသာ ပေးလေ့ပေးထရှိသည်။ ဒုတိယ အမျိုးအစားမှာ ဘုရင်ခံချုပ်နှင့် ဘုရင်ခံကော်မရှင်တို့ ဖြစ်ကြသည်။ ထိုကော်မရှင်သည် တိုင်းရင်းသား မျက်နှာဝါ၊

http://www.cherrythitsar.org



မျက်နှာညို မျက်နှာမည်းတို့အတွက် ဖြစ်သည်။ သီးခြား တီထွင်ထားခြင်း ဖြစ်သည်။

ထိုနှစ်မျိုး မည်သို့ ကွာခြားပါသလဲ။ ကွာခြားလှပါသည်။ လခ အားဖြင့် များစွာ ကွာခြားသည်။ နေထိုင်မှု အဆင့်အတန်းချင်း ကွာခြား သည်။ သီးခြားရိပ်သာတို့တွင် ခွဲခြားနေထိုင်ကြရသည်။ ထို့ပြင် ရာထူး အခေါ်အဝေါ် အားဖြင့်လည်း ခြားနားသည်။

ဘုရင့်ကော်မရှင်ရ စစ်ဗိုလ်တို့ကို စက်ကင်းလက်ဖတင်နင်၊ လက် ဖတင်နင်၊ ကက်ပတိန် စသည်ဖြင့် ခေါ်သည်။ ဘုရင်ခံချုပ်နှင့် ဘုရင်ခံ ကော်မရှင်ရ စစ်ဗိုလ်တို့ကိုမူ ဂျမဒါ၊ ဆူပဒါ စသည်ဖြင့် ခေါ်သည်။ သို့ရာတွင် တာဝန်ထမ်းဆောင်ရာကျတော့ အတူတူပင် ဖြစ်သည်။

လက်အောက်တပ်သားတို့က ထိုဂျမဒါ၊ ဆူပဒါတို့ကို ဗိုလ်ကြီးဟု ခေါ်ကြရ၍ လက်ဖတင်နင်၊ ကက်ပတိန်တို့ကိုမူ 'သခင်'ဟု ခေါ်ကြရသည်။

ကျွန်တော်တို့သည် 'သခင်'တွေ ဖြစ်ကြပါသည်။

တပ်စိတ်လိုက် တန်းစီပြီးကြလျှင်

ချန်း

သည်တစ်လုံးပဲ ကြားလိုက်ကြရသည်။ 'အတင်းရှင်း'၊ 'တပ်စိတ် သတိ'တဲ့။

သတိအနေအထားသို့ ဆွဲလိုက်ကြရသည်။ ထိုအခါ ဂေါ်ရခါး ဆရာလေးသည် ကျွန်တော်တို့ တစ်ဦးစီကို လိုက်လံ၍ ခြေဆုံးခေါင်းဆုံး ကြည့်ရှု စစ်ဆေးသည်။ ထိုသို့ စစ်ဆေးတိုင်းလည်း သူ့ထံမှ ထူးထူး ဆန်းဆန်း စကားတစ်ခွန်းကို အမြဲ ကြားကြရစမြဲ။

'သခင်တို့ နောက်တစ်ခါ ဘီးထည့်ပါ'

ကျွန်တော်တို့သည် များသောအားဖြင့် ဆံပင်သန်သူများ ဖြစ်ကြ သည်။ ထို့အပေါ်တွင် ခပ်တိုတို ညှပ်ထားသည်ဖြစ်ကြသဖြင့် ကျွန်တော်

http://www.cherrythitsar.org



တို့၏ ဆံပင်သည် မည်သို့ပင် ဆီလူး၍ဖြီးစေ ကာမူ အမြဲပင် ထိုးထိုး ထောင်ထောင်နှင့် မသေမသပ် ရှိနေတတ်သည်။ ထိုအထဲတွင် အဆိုးဆုံး ကတော့ ကျွန်တော်တို့ တပ်စိတ်တွင် ကက်ပတိန်အောင်ရွှေ၁ နှင့် ကျွန် တော်။

'နောက်တစ်ခါ ဘီးထည့်ပါ'လို့ ဆိုတာကတော့ ဆံပင်ကို ဖြီးခဲ့ ပါလို့ သတိပေးခြင်း ဖြစ်သည်။

ထိုသို့ သတိပေးခံရတိုင်း ကျွန်တော်သည် စပ်ဖြီးဖြီးနှင့်သာ နေလိုက်သည်။ ကိုယ့်ဆံပင်အကြောင်း ကိုယ်သာ သိပါသည်။

ကက်ပတိန် အောင်ရွှေကမူ ' ဘာလို့ ဘီးထည့်ရမှာလဲ၊ ဘာလို့ဘီး ထည့်ရမှာလဲ' ဆတ်ဆတ်ခါ နာတတ်ပါသည်။ အဲသည်တော့ ကျွန်တော်တို့ အားလုံးက ဝါးခနဲ ရယ်လိုက်ကြကာ တစ်နေ့တာ သင်တန်းကို ပျော်ရွှင် စွာဖြင့် စတင်လိုက်ကြပါသည်။

နောက်အချိန်တွေမှာတော့ စစ်နည်းဥပဒေများ၊ စစ်ဥပဒေ၊ စစ် သမိုင်း၊ အခြေအနေ သုံးသပ်ချက်၊ မြေပုံတိုက်ပွဲ အစရှိသော ပို့ချချက်များ နှင့် လက်နက်မျိုးစုံ ကိုင်တွယ်နည်း၊ ဝိုင်ယာလက်စက် ကိုင်တွယ်ပုံ၊ တပ်စိတ် တပ်စု တိုက်ပွဲ လေ့ကျင့်ခန်း ကင်းစောင့်တာဝန်၊ ကြယ်တာရာ တို့ဖြင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် ရှာဖွေခြင်း၊ ညတိုက်ပွဲ စသည်တို့မှအစ မြင်းလားများ ကိုင်တွယ် ထိန်းကျောင်းခြင်းနှင့် မော်တော် ယာဉ်စက်များအကြောင်း အထိ လက်တွေ့လေ့လာကြရသည်။

ထိုဘာသာရပ်တွင် စိတ်ဝင်စားစရာတွေလည်း ပါသည်။ မတတ် လျှင် မဖြစ်သည့် ပညာရပ်တွေလည်း ရှိသည်။ ထို့ကြောင့် ကျွန်တော် တို့သည် ကြိုးကြိုးစားစား ကျက်မှတ်ကြရသည်။ သို့ရာတွင် ကျွန်တော်တို့

၁။ သံအမတ်ကြီး (အငြိမ်းစား)

http://www.cherrythitsar.org



အဖို့တော့ မကျေညက်ခဲ့သည့် သင်ခန်းစာအချို့ ရှိခဲ့သည်။ ထိုအထဲတွင် ဘာသာရပ်တစ်ခုမှာ မော်တော်ယာဉ် စက်များအကြောင်းပင် ဖြစ်ပါသည်။

စစ်ဗိုလ် ဖြစ်လင့်ကစား ခရီးသွားစဉ် ကိုယ်စီးလာသည့် မော်တော်ကား စက်ချို့ယွင်းပါက အနည်းအကျဉ်း ပြင်တတ်ဖို့တော့ မော်တော်ကား၏ စက်အကြောင်းကို တီးမိခေါက်မိကြရပါသည်။

ထိုသင်ခန်းစာကို အင်္ဂလိပ်လူမျိုး ဂေါ်ရာတပ်ကြပ်ကြီး တစ်ဦးက ပို့ချ သင်ကြားသည်။ လေးငါးကြိမ်မျှ သွားရောက်လေ့လာခဲ့ကြရသည်။

ကျွန်တော်ပဲ ဉာဏ်ထိုင်း၍လား မပြောတတ်။ ထိုသင်ခန်းစာ လေးငါးကြိမ်တွင် ကျွန်တော် မှတ်မိခဲ့သရွေ့ကတော့

တပ်ကြပ်ကြီးသည် ဂျစ်ကားတစ်စီး၏ စက်ဖုံးကိုဖွင့်လိုက်သည်။ ပြီးတော့ ပလပ်တို့ကို ဖြုတ်လိုက်၍

'သီး(စ်) အစ်(စ်)သည် ဖွင့်ကင်းပလက်' တဲ့။

ဒါပဲ ဖြစ်ပါသည်။

နောက်တစ်ခုကတော့ ဝိုင်ယာလက် (ကြိုးမဲ့ကြေးနန်းစက်) ကိုင်တွယ်ပုံ ကိုင်တွယ်နည်းနှင့် သုံးစွဲနည်း၊ ပြောဆိုနည်း။

အဲဒါကိုလည်း ကောင်းစွာ မကျေညက်ခဲ့ ထင်ပါသည်။ ကျွန်တော်သည် စက်ကိရိယာနှင့် ရေစက်ဆုံခဲ့ဟန် မတူ။

ထိုစဉ်က ကျွန်တော်တို့ လေ့လာရသော ဝိုင်ယာလက်စက်သည် ၈၆ အမျိုးအစားဟု ထင်သည်။ သူ့တွင် ခလုတ် များများစားစား မရှိ။ စက်တစ်လုံးနှင့် တစ်လုံး လေလှိုင်းညှိရန်သာ လိုသည်။ သို့ရာတွင် လွယ်လွယ်ကလေးနှင့် လက်ဝင်သည်က ဆက်သွယ်ရေး နည်းဥပဒေတို့ပင် ဖြစ်သည်။ ဥပမာ မည်သည့်အခါတွင် 'ဟယ်လို' ထည့်ကာ ပြောရသည်။ မည်သည့်အခါတွင် မည်သည့်စက်အား မည်သို့ခေါ်ရသည်။ ပြီးကြောင်းကို မည်သို့ ပြောရသည် စသည်တို့ ဖြစ်ကြသည်။

http://www.cherrythitsar.org



သင်တန်းဆရာသည် မေဂျာရဟီးလ်ဆိုသူ ပန်ချာဘီ အမျိုးသား အရာရှိဖြစ်သည်။

ကျွန်တော်တို့ အဖွဲ့ငယ်တွင် ဗိုလ်ချစ်မြိုင်၊ ဗိုလ်စောထွန်းစိန်နှင့် ကျွန်တော်သာ ရှိနေကြသေးသည်။ တစ်ယောက် လိုနေပါသေးသည်။

ထို့နောက် လေ့ကျင့်ရေး စ ကြပါပြီ။ ဗိုလ်စောထွန်းစိန်သည် နားကြပ်ကိုတပ်ကာ စကားပြောခွက်၌ အသံကို စမ်းနေသည်။

မေဂျာဟီးလ်သည် တစ်ဖွဲ့ပြီး တစ်ဖွဲ့လိုက်၍ စစ်ဆေးနေသည်။ နည်းလမ်းတကျ လုပ်ဆောင်နေသည့် အဖွဲ့တို့ကို 'ဘဲရီးဂွတ်၊ ဘဲရီးဂွတ်' နှင့် ချီးကျူးနေသည်။ မှားသည့် အဖွဲ့တို့ကိုမူ ကျောင်းဆောင်တစ်ပတ် အပြေးခိုင်းနေသည်။

အဲဒါကိုကြည့်ပြီး ကျွန်တော့်မှာ ရင်တထိတ်ထိတ်။

သို့ရာတွင် ဗိုလ်စောထွန်းစိန်ကတော့ ယုံကြည်မှုအပြည့်ဖြင့်သာ စက်ကို ကလိနေသည်။

'ဟေ့လူ၊ နိုင်ပါ့မလား' ကျွန်တော်တို့က စိုးရိမ်တကြီး မေးသည်။ ဗိုလ်ချစ်မြိုင်ကလည်း ဖြစ်နိုင်ပါ့မလားဟု ကျွန်တော်တို့ကဲ့သို့ပင် စိတ်စေနေဟန် တူပါသည်။ စက်မှခလုတ်တို့ကို တစ်ခုစီ လိုက်လံကြည့်နေသည်။

'အို စိတ်ချ၊ အေးအေးသာ ထိုင်နေ၊ ကျုပ် လုပ်ပြလိုက်မယ်' တဲ့၊ ဗိုလ်စောထွန်းစိန်က ရဲရဲတောက် အာမခံသည်။

မကြာပါ။ မေဂျာရဟီးလ် ကျွန်တော်တို့ထံသို့ ရောက်လာသည်။

'အဆက်အသွယ် ရပြီလား' သူက မေးသည်။

'ရပြီ' ဗိုလ်ချစ်မြိုင်က ဖြေလိုက်သည်။

'ဒါဖြင့် စတင်ဆက်သွယ်'

အဲသည်မှာမှ ဒုက္ခဖြစ်ကြရသည်။ ဆက်သွယ်ရေး ဥပဒေတို့ကို ကျွမ်းကျင်လှပါသည် ဆိုသော ဗိုလ်စောထွန်းစိန်သည် ဘာတွေကို

http://www.cherrythitsar.org



ဘယ်လို ရွတ်ဆိုလိုက်သည် မသိ။ ကျွန်တော့်နားထဲမှာတော့ ဟယ်လို တွေကိုသာ ဖောဖောသီသီ ကြားလိုက်ရသည်။

မေဂျာရဟီးလ်သည် ဟန်ပါပါဖြင့် ခါးကို ထောက်လိုက်သည်။ ဖောင်းထုပ်အောက်မှ သူ့မျက်လုံးတို့သည် ပိုလို့ ပြူးကျယ်လာကြသည်။ သူ့မုတ်ဆိတ်မွေးတို့သည် တဆတ်ဆတ် တုန်လာသည်။ ထို့နောက် ပေါက်ကွဲပါတော့သည်။

'ဝှတ် ဟယ်လို ဟယ်လို' ထောက်ထားသည့် လက်တစ်ဖက်ကို ဖြုတ်လိုက်ပြီး ဆူးလေနတ်ကြီးပမာ မာန်ပါပါဖြင့် ကျောင်းဆောင်သို့ လက်ညှိုးထိုးကာ 'ရန်းရန်း ဝမ်းရောင်းဂိုး'။ ကျောင်းဆောင်တစ်ပတ် အပြေးခိုင်းနေပါပြီ။

ကျွန်တော်တို့ သုံးယောက်သည် ဆောင့်ကြောင့် ထိုင်နေရာမှ သူ့ကို အရောတဝင် စပ်ဖြဲဖြဲဖြင့် မော့၍ကြည့်ကြသည်။

သူကတော့ လျှမ်းတောက်သော မျက်လုံးစုံတို့ဖြင့် တကယ် ခိုင်းနေခြင်း ဖြစ်ပါသည်။

မတတ်နိုင်တော့ပါ။ ပြေးဆိုလည်း ပြေးရရုံပဲ ရှိပါတော့သည်။

သို့ဖြင့် သင်တန်းသည် တစ်ရက်ပြီး တစ်ရက်၊ တစ်လပြီး တစ်လ လွန်မြောက်ခဲ့သည်။

ကျောင်းဆင်းရန် တစ်ပတ်ခန့်အလိုတွင် ခရီးရှည် ချီတက်ခြင်း လေ့ကျင့်ကြရသည်။

တိုက်ခိုက်ရေးစစ်ကြောင်းအဖြစ် ထွက်ကြရသည်ဖြစ်သဖြင့် တပ်ရင်း ၃ တပ်စိတ်သည် လမ်းဘယ်ဘက်၊ တပ်ရင်း ၄တပ်စိတ်သည် လမ်း ညာဘက်၊ တပ်ရင်း ၅ တပ်စိတ်သည် လမ်းဘယ်ဘက် ချီတက်ကြရသည်။

ထိုအခါများ၌ တစ်ဦးစီ၏ ကိုယ်ပေါ်တွင် ပေါင်ခြောက်ဆယ် ခန့်ရှိ လက်နက်၊ ရိက္ခာ၊ ကျည်ဆန်၊ ဝတ်စုံပို စသည်တို့ကို သယ်ဆောင်

http://www.cherrythitsar.org



ကြရသည် ဖြစ်သော်လည်း ဗိုလ်ထွန်းစိန်[၁] ကျွန်တော်တို့အခေါ် အထွန်း၊ သူ၏ တစ်ပင်တိုင် ခင်းကျင်းလာလေ့ရှိသည့် ကွက်စိပ်အဟော ပြဇာတ်ကလေးကြောင့် မောရမှန်းပင် မသိ။ တခိခိ ရယ်ကြရသည်။

'စိမ့်တွေ၊ စမ်းတွေ၊ လျှိုတွေ၊ မြောင်တွေကလည်း ပေါပါဘိနဲ့၊ ဘယ်နေရာကိုကြည့်ကြည့် လွမ်းစရာအတိပေ့ါ၊ တောလမ်းကလေးတစ်လျှောက် ကျွန်းတောကြီးအောက်မှာတော့ ဗိုလ်မှူးကလေးဖေယျ အုပ်ချုပ်လာသည့် တပ်စိတ်ကလေးသည်ကား၊ ထို့နောက် ထိုခေတ်က ခေတ်စားလှသည့် ကန်တော်ကြီးနံဘေး 'မြိုင်'ရုံမှ ပြဇာတ်တေးသွားကလေးတစ်ခုကို ကောက်ကာ ပါးစပ်ဆိုင်းတီးလိုက်သည်။ တယ်နယ် တယ်နယ် တူနယ်'

သူတို့ရဲ့ တပ်စိတ်ကို ခေါင်းဆောင် ချီတက်နေသည့် ဗိုလ်ဖေယျခင်များမှာတော့ စိတ်မဆိုးနိုင်။ မပြုံးတုံ့ ပြုံးတုံ့မျက်နှာတွင် မျက်မှန်ကြီး တဝင်းဝင်း၊ ချွေးတစ်ပြိုက်ပြိုက်နှင့် ရိုင်ဖယ်ကြီးကို ထမ်းကာ လေးလေးနှင့် မှန်မှန်ကြီးသာ လျှောက်နေရှာသည်။

ထိုနေ့ညက တောစပ်တစ်ခုအနီး လယ်ကွက်ကလေးတစ်ခုတွင် စခန်းချကြရသည်။

ကျွန်တော်တို့နှင့် မရှေးမနှောင်းပင် ရိက္ခာပိုနှင့် ပစ္စည်းအချို့ကို တင်ဆောင်လာသည့် လားများလည်း ရောက်ရှိလာကြသည်။

'တပ်စိတ်လိုက် သတ်မှတ်ပေးထားတဲ့ ကိုယ့် ဧရိယာအတွင်းမှာ ပတ်ဝန်းကျင်မှာရှိတဲ့ ပစ္စည်းတွေနဲ့ ယာယီတဲတွေ ထိုးကြရမယ်'

ထိုအမိန့်ကြောင့် ကျွန်တော်တို့သည် အနီးရှိ ဝါးရုံတောတို့မှ ဝါးတို့ကို ခုတ်ကြရသည်။ သစ်ရွက်သစ်ကိုင်းတို့ကို စုဆောင်းကြရသည်။ ၎င်းပစ္စည်းတို့ဖြင့် တစ်ညတာ ခိုစရာ အမိုးအကာတွေ ပြုလုပ်ကြရသည်။

---

၁။ ရန်ကုန်မြို့နိစပယ်မင်းကြီးဟောင်း (ကွယ်လွန်)

http://www.cherrythitsar.org



အဲသည်တော့မှ ညစာအရေး တွေးမိကြပါသည်။

ကျွန်တော်တို့တွင် ပါလာသည်မှာ 'ကေ'ရာရှင်ဟု ခေါ်သည့် အမေရိကန် စစ်တပ်သုံး ရိက္ခာဘူးများ ဖြစ်ကြသည်။ ဘီစကွတ်၊ ချိး(စ်)၊ အမဲသားဘူး၊ စွပ်ပြုတ်အမှုန့်။

ဘယ်လိုမှ အာသာပြေမည် မဟုတ်။ စဉ်းစားမိရုံဖြင့် ထမင်းဖြူ အဆုပ်လိုက်အခဲလိုက်ကြီးတွေကို မြင်ယောင်လိုက်ကြပြီး သွားရည်များပင် လည်မိကြသည်။

ထိုပြဿနာကို ဖြေရှင်းပေးသူကတော့ ဗိုလ်ဒယ်နီထွန်း (ယခု အငြိမ်းစား)ပင် ဖြစ်သည်။

သူသည် ပြင်ဦးလွင် နယ်မြေကို အင်မတန်ကျွမ်းသည်။ အမဲလိုက် ဝါသနာပါသူဖြစ်သဖြင့် ဤပတ်ဝန်းကျင်ရွာတွေကို အားလုံးသိသည်။

'ကျွန်တော် တိုက်ကင်းထွက်မယ်၊ လူနှစ်ယောက်လောက်ထည့် လိုက်' သူက အဆိုပြုသည်။

ကျွန်တော်တို့ကတော့ သိလိုက်ပါသည်။ သူပြန်လာရင်ဖြင့် ထမင်း ဟင်း ပါလာပါလိမ့်မည်။ ထို့ကြောင့် ရှောရှောရှူရှူ သဘောတူလိုက် ကြသည်။

မှောင်စပျိုး၊ သစ်ခက်တဲနန်း ဆောက်လို့အပြီးလောက်တွင် ထို တိုက်ကင်းအဖွဲ့ ပြန်လာကြသည်။ ရိုင်ဖယ်တွေကို ပခုံးတွင် ချိတ်လို့၊ သူတို့လက်တွင်းမှာတော့ အိုးတွေ ခွက်တွေ။

'ဘာရခဲ့လဲဗျို့' ဝိုင်း၍ မေးကြသည်။

'ကြက်သားဟင်း' ဒယ်နီက ပြုံးပြုံးကြီးဖြင့်ဖြေသည်။

'ထမင်းရော'

'ပါတော့ ပါတယ်၊ နည်းမယ် ထင်တယ်၊ လောက်ပါ့မလား မသိဘူး'

http://www.cherrythitsar.org



'ဒါဖြင့် ဘယ့်နှယ် လုပ်ပါ့မလဲ' ဝိုင်း၍ စိုးရိမ်လိုက်ကြပြန်သည်။

'အို အလွယ်ကလေးပါ' တစ်ယောက်က ဝင်၍ ဖြေသည်။

အားလုံးက ထိုသူကို မျှော်လင့်ကြီးစွာဖြင့် ကြည့်လိုက်ကြသည်။

အမှန်တကယ်လည်း လွယ်လှပါသည်။ ကျွန်တော်တို့ အနီးတွင် လားမောင်းသမား ကုလားရဲဘော်တွေ ရှိကြသည်။ သူတို့သည် ထမင်းဟင်း ချက်အပြီး အနီးရှိ ချောင်းကလေးတွင် သွားရောက် ရေချိုးနေကြသည်။ ကျွန်တော်တို့သည် သူတို့၏ ထမင်းအိုးမှ သွား၍ နှိုက်လိုက်ကြသည်။

သို့ရာတွင် မိသွားသဖြင့် ထိုကုလားတပ်သားတွေနှင့် တိုးတိုး ကျိတ်ကျိတ် အတော်ကလေးစကားများလိုက်ကြရပါသေးသည်။ နောက်ဆုံး တွင် ကျွန်တော်တို့၏ ရာရှင်ဘူးတို့ကို အလျော်ပေးလိုက်တော့မှ ကိစ္စ ပြီးပြတ်သွားသည်။ နှစ်ဦးနှစ်ဖက် ကျေအေးသွားကြသည်။

ထို့နောက် လယ်ကွင်းခေါင်ခေါင် မှောင်နင့်မည်းမည်းတွင် ဝိုင်း လိုက်ကြ၍ ဝေပုံကျ ခွဲဝေကြသည်။ ကြက်သားဟင်းအိုးအတွင်းသို့ မဆေးကြောရသော လက်ကြီးဖြင့် စမ်း၍ စမ်း၍ နှိုက်ကာ ဝေငှပေးသူ ကတော့ ဗိုလ်သိန်း[၁]။

'ရော့၊ သူငယ်ချင်း တစ်တုံး'

'သူငယ်ချင်းကတော့ အတုံးငယ်တယ်၊ အတောင်ပံတစ်ခု အပိုယူ'

သူ့အဖို့ လူတိုင်းသည် 'သူငယ်ချင်းသာ'ဖြစ်ကြသည်။ ထို့ကြောင့် လူတိုင်းအား 'သူငယ်ချင်း' ဟုသာ ချစ်ချစ်ခင်ခင် ခေါ်တတ်သည့် ဗိုလ်သိန်း။

ထိုညက မိုးကလေး တဖွဲဖွဲ ရွာလာသောကြောင့် အေးတစိမ့်စိမ့် ရှိသည်ဖြစ်သဖြင့် ဆောင်လာသည့်ရမ်ပုလင်းကို ဖွင့်ကြသည်။ ကြက်သား

---

၁။ တောခို ကျဆုံး

http://www.cherrythitsar.org



ဟင်း စပ်စပ်ကလေးအပေါ် ရမ်အရက်ကလေးကလည်း စွက်လိုက်သဖြင့် ကျွန်တော်တို့ဝိုင်းသည် လက်ပံပင် ဆက်ရက်ကျသည့်ပမာ စီစီညံညံ ရှိလာခဲ့ပါသည်။ ထို့ကြောင့် အိပ်ချိန် ရောက်သည့်တိုင်အောင် တော်တော်နှင့် လူစုခွဲ၍ မရ။

အဲသည်တော့မှ ကင်းစောင့် ပြဿနာ။ ဘယ်သူက စပြီး စောင့်မလဲ။

ထိုအခါ သူရဲကောင်းတစ်ဦး ပေါ်လာခဲ့သည်။ ဗိုလ်မောင်လတ်[၁]။

သူသည် ကျွန်တော်တို့အထဲတွင် အသက် အကြီးဆုံးလို့ ထင်သည်။ စစ်သားဟောင်းကြီးလည်း ဖြစ်သည်။ ရမ် အရက်ကလေး၏ အထောက်အကူ ရထားသဖြင့် ပြောရဲရဲ ဆိုရဲရဲ ဖြစ်နေသည်။

'ယူအောလ် ယန်းမင်း စလိ၊ အိုင် အိုးလ်မင်း၊ အိုင်စင်ထရီ အောလ်နိုက်' ခင်ဗျားတို့အားလုံး လူငယ်တွေ၊ အိပ်ကြ၊ ကျုပ်က အဘိုးကြီး၊ တစ်ညလုံး ကင်းတာဝန် ယူမယ်တဲ့၊ ရဲရဲတောက် အာမခံသည်။

ကျွန်တော်တို့ကလည်း ခပ်ထွေထွေနှင့်မို့ သူ့ရဲ့ အာမခံချက်ကို လိုလိုလားလား တစ်ထစ်ချ ယုံကြည်လိုက်ကြပြီး စိတ်ချလက်ချ အိပ်လိုက်ကြသည်။

နံနက်လင်းလို့ ကြည့်လိုက်ကြတော့ ကန်သင်းပေါင်ကို ခေါင်းအုံးပြီး တခေါခေါဖြင့် သံစုံကျူးရင့်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့် ဗိုလ်လတ်ကို တအံ့တသြ တွေ့လိုက်ကြရပါသည်။

သူ ဘယ်အချိန်က အိပ်ပျော်သွားပါသလဲ၊ ကျွန်တော်တို့နှင့် ရှေ့ဆင့်နောက်ဆင့်ပင် ဖြစ်ပါလိမ့်မည်။ ဆက်လက် ချီတက်ကြဖို့ သူ့ကို မနည်း နှိုးကြရသည်။

---

၁။ ဗိုလ်မှူး (အငြိမ်းစား)

http://www.cherrythitsar.org



ထိုနေ့က ကျောင်းသို့ ပြန်ခဲ့ကြသည်။ လမ်းခရီးတွင် နေ့လယ်စာအတွက် စခန်းချရာ၌ ရွာမှ ထမင်းကြမ်းနှင့် ကျွန်တော်တို့တွင် ပါလာသော ရာရှင်ဘူးတို့ကို လဲလှယ်စားသောက်ခဲ့ကြသည်မှအပ ထူးထူးခြားခြားဘာမျှ မရှိခဲ့။

သို့ရာတွင် မပြောပလောက်သော ကသိကအောက် အဖြစ်အပျက်ကလေး တစ်ခုနှင့်တော့ ကြုံခဲ့ကြရသည်။

ထိုနေ့က တပ်စုမှူးတာဝန်ကျသူသည် ဗိုလ်မောင်မောင်[၁]ဖြစ်သည်။ သူသည် မေဂျာဟတ်ဖီဒ်နှင့် စကားများလာခဲ့လေသလား မမှတ်မိတော့။ တစ်နေ့လုံး စိတ်ဆိုးနေသည်။

နေ့လယ်ဘက်တွင် တစ်နေရာ၌ ခေတ္တစခန်းချသည်။ ထို့နောက် ဆက်၍ ထွက်ခဲ့ကြသည်။ တစ်နာရီခန့်မျှ တောလမ်းခရီးတွင် ချီတက်ခဲ့ကြရသဖြင့် နှစ်မိုင်ခွဲ သုံးမိုင်ခန့်တော့ လျှောက်ခဲ့ကြပြီးပြီ ဖြစ်သည်။ ထိုအခါ မောမောနှင့် ခြေပစ်လက်ပစ် တစ်ထောက် နားကြသည်။

ဆယ်မိနစ်ခန့် အနားယူပြီး ဆက်ထွက်ကြစို့။

အဲသည်တော့မှ လွန်ခဲ့သော စခန်းသို့ တစ်ခေါက် ပြန်လျှောက်ကြရန် အကြောင်းဖန်လာပါတော့သည်။

အကြောင်းကတော့ ဗိုလ်မောင်မောင်သည် ထိုစခန်းမှ ထွက်ခွာလာခဲ့စဉ်က စိတ်ဆိုးဆိုးနှင့်မို့ ရိုင်ဖယ်သေနတ်ကို မေ့ကျန်ရစ်ခဲ့ပါသည်။

## မြန်မာရဲဘော်နှင့် ဗြိတိသျှစစ်တပ်

သင်တန်းပြီးဆုံး၍ တပ်သို့ပြန်ရောက်သောအခါတွင် ကျွန်တော်တို့သည် မူလတာဝန်ကိုပင် ဆက်လက်ထမ်းဆောင်ကြရသည်။ သို့ရာတွင်

---
၁။ သံအမတ်ကြီး (အငြိမ်းစား)

http://www.cherrythitsar.org



ယခုမူ အင်္ဂလိပ်စစ်တပ်၏ ဗိုလ်သင်တန်းကို တက်ခဲ့ကြရပြီဖြစ်သဖြင့် ၎င်းတို့၏ စစ်သုံးအခေါ်အဝေါ် ဝေါဟာရတို့ကိုလည်းကောင်း၊ လုပ်နည်း လုပ်ဟန်တို့ကိုလည်းကောင်း၊ သူတို့နည်းတူ တတ်မြောက်လာကြပါပြီ။ ထို့ကြောင့်လည်း တပ်တွင်းအုပ်ချုပ်မှုတွင် ပိုမို၍ တွင်ကျယ်စွာ ဆောင်ရွက်နိုင်ကြသည်။

ထိုသို့ ပို၍တွင်ကျယ်စွာ ဆောင်ရွက်လာနိုင်ခြင်းကို ကျွန်တော်တို့၏ တပ်ရင်းမှူးနှင့် တပ်ခွဲမှူးတို့ကလည်း တစ်နည်းတစ်ဖုံအားဖြင့် ဝမ်းမြောက်စွာ လက်ခံကြသည်။ အားပေးကြသည်လို့ ထင်သည်။အကြောင်းကတော့ ၎င်းတို့မဖြေရှင်းနိုင်သော ၎င်းတို့အနေဖြင့် မနိုင်နင်းသော ပြဿနာရပ်တို့ကို ကျွန်တော်တို့က ဝင်ရောက် ဖြေရှင်းပေးနိုင်သောကြောင့် ဖြစ်သည်။

ထိုပြဿနာတို့သည် ကြီးမားသည်တော့ မဟုတ်။ သို့ရာတွင် တိုင်းပြည်နှင့် လူမျိုးကိုချစ်သော စိတ်ဓာတ်၊ လွတ်လပ်ရေးကို အမြန်ဆုံး ရလိုသော ပြင်းပြသည့်ဆန္ဒ၊ ထိုနိုင်ငံရေး အသိတို့ကို အခြေခံ၍ ပေါက်ဖွား လာသော ဤမြန်မာ့ တပ်မတော်သားတို့ကို ထိုဗြိတိသျှ စစ်ဗိုလ်တို့သည် နားမလည်နိုင်ရှာကြ။ ကိုင်တွယ်ပုံ ကိုင်တွယ်နည်းကို မသိရှာကြ။

စစ်တပ်ဟူသည် စည်းကမ်းရှိရသည်။ ထိုစည်းကမ်းကို ထိန်းသိမ်းရာ၌ ချီးမြှင့်ခြင်းနှင့် အပြစ်ပေးခြင်းတို့ကို ချိန်ခွင်ပမာမျှတစွာ ကျင့်သုံးရမည်။

သို့ရာတွင် ထိုသို့ကျင့်သုံးရာ၌ ဥပဒေစည်းကမ်း စာအုပ်ကြီးကို တကိုင်ကိုင် လုပ်နေရုံဖြင့် မရ။ 'စာအုပ်ကြီး' ဆန်လွန်းပါက ပြဿနာ ပေါ်တတ်သည် ဖြစ်သည်။

ဥပမာ၊ အလေးပြုခြင်း။

စစ်တပ်တွင် လူနှစ်ဦး တစ်ဦးကိုတစ်ဦး အလေးပြုနေသည်ကို တွေ့မြင်ရပါက သာမန် လူတစ်ယောက်အဖို့မှာ ရာထူးငယ်သူက ရာထူးကြီးကို အရိုအသေ ပေးသည်ဟုသာ မြင်ရမည် ဖြစ်ပါသည်။ သူ့အဖို့

http://www.cherrythitsar.org



ရာထူးကြီးသူက ရာထူးငယ်သူအား ပြန်လှန်အလေးပြုလိုက်သည်ကို သတိမပြုမိ ဖြစ်တတ်သည်။

အမှန်မှာ ထိုသို့ ရာထူးငယ်သူက ရာထူးကြီးသူအား အလေးပြုခြင်း၊ ရာထူးကြီးသူက ရာထူးငယ်သူအား ပြန်လည် အလေးပြုခြင်းသည် အရပ်သားများတွင် အသက်အရွယ်အားဖြင့် ငယ်သူက ကြီးသူတစ်ဦးအား လမ်းတွင်တွေ့လျှင် 'ဦးလေး နေကောင်းလား' သို့မဟုတ် 'အစ်ကို ဘယ်သွားမလို့လဲ' စသည်ဖြင့် စတင်နှုတ်ဆက်သည်ကဲ့သို့ပင် ဖြစ်သည်။

ထိုအချက်ကို အကြပ်တပ်သားတို့သာ မဟုတ်။ အရာရှိများ ကိုယ်တိုင်ကပင်လျှင် သိရှိသော်လည်း ကောင်းစွာသဘောမပေါက်ပါက တစ်ဦးအပေါ်တစ်ဦး ထားရှိအပ်သော အထက်အောက်လေးစားမှုသည် လျော့ရဲလာတတ်သည်။ ထိုအခါ စည်းကမ်းကို ထိခိုက်လာမည် မလွဲဖြစ်သည်။

ထို့ကြောင့် အလေးပြုခြင်းသည် လူငယ်မှလူကြီးသို့ တစ်လမ်းသွား အရိုအသေပြုခြင်း မဟုတ်။ လေးစားသမှုဖြင့် အပြန်အလှန်နှုတ်ဆက်ခြင်းသာ ဖြစ်သည်။

ထိုအချိန်က ရဲဘော်တွေသည် ကျွန်တော်တို့ မြန်မာအရာရှိများအား ငါတို့ဗိုလ်မှူး၊ ငါတို့ဗိုလ်ကြီး စသည်ဖြင့် လွန်စွာ ချစ်ခင် လေးစားကြသည်။ ဗြိတိသျှစစ်ဗိုလ်တို့ အပေါ်တွင်မူ သူစိမ်းတစ်ရံဆံအဖြစ် သိမြင်ကြသည်။ ထို့ကြောင့် ရဲဘော်များသည် ထိုအရာရှိတို့အား ဝတ်ကျေတမ်းကျေမျှသာ အလေးပြုကြသည်။ ဆက်ဆံကြသည်။ အချို့ကမူ အခွင့်သာလျှင် သာသလို အလေးမပြုကြ၊ မမြင်ဟန်ပြုကြသည်။ ထိုအခါ

'မင်း ဘာပြုလို့ ငါ့ကို 'ဆလံ'မပေးသလဲ' ထိုအရာရှိက ဒေါသတကြီး မေးသည်။

'မမြင်လို့ပါ' ရဲဘော်က လေအေးဖြင့် ဖြေသည်။

'ငါ့ကို 'သခင်'လို့ ခေါ်ရမယ်ဆိုတာ မသိဘူးလား'

http://www.cherrythitsar.org



မြန်မာ့လွတ်လပ်ရေးတပ်မတော်၊ မြန်မာ့ကာကွယ်ရေးတပ်မတော်၊ မျိုးချစ် မြန်မာ့တပ်မတော် စသည့် တပ်မတော်များသက်တမ်းတစ်လျှောက် တို့ကို ဖြတ်သန်းခဲ့သည့် ထိုရဲဘော်က ပြုံးရုံမျှပြုံးလိုက်ပါသည်။ ပြီးတော့

'ဘာသခင်လဲ' မထိတထိ မေးလိုက်သည်။

ထိုအခါ ထိုအရာရှိသည် တစ်ကိုယ်လုံး နတ်ကျသကဲ့သို့ ဖြစ်လာရရှာသည်။

'မင်း၊ မင်းရဲ့မှတ်တမ်းမှာ မင်နီနဲ့ ရေးထည့်လိုက်ရမလား'

ရဲဘော်အဖို့မှာတော့ အော်ဟစ်မရယ်မိလိုက်စေရန်ပင် မနည်းကြီး ချုပ်တည်းထားလိုက်ရသည်။ မင်နီဖြင့်ရေးရုံမက မင်နီအိုးကြီး တစ်အိုးလုံး ကိုပဲ သွန်ချလိုက်ပါစေ၊ သူ မမှုပါ။

ထိုသို့သော ပြဿနာငယ်များသည် မကြာခဏဖြစ်ပွားခဲ့ရသည်။ သို့ရာတွင် ကြီးမားသောပြဿနာကမူ ရိက္ခာ၊ အထူးသဖြင့် ဆန်။

ထိုခေတ်ကရခဲ့သော ရိက္ခာတို့သည် မြန်မာတို့ ခံတွင်းအတွက် များစွာမှ အဆင်မပြေသောရိက္ခာမျိုးဖြစ်သည်။ အင်္ဂလိပ်စစ်တပ် ရိက္ခာကို မှုတည်သည် ဖြစ်သဖြင့် ချီး(စ)ဟုခေါ်သော ဒိန်ခဲ၊ မာဂျရင်းဟုခေါ်သော ဆီခဲတစ်မျိုး၊ အာလူးခြောက်နှင့် ကုလားပဲ စသည်တို့ ဖြစ်ကြသည်။ ကျွန်တော်တို့ အလေ့အထရှိသည်က ငါးပိ၊ ငါးခြောက်။

ထို့ကြောင့် မည်သူမျှ အသုံးမပြုနိုင်သော ဒိန်ခဲနှင့် ဆီခဲတို့ကို ဖယ်၍ ပဲကိုသာ အားထားကြရသည်။

ကြာလာတော့ ရဲဘော်တွေက 'ကွာ ဗိုလ်ချုပ်အောင်ဆန်း ကန့်ကွက် သွားပြီး စာချုပ်တုန်းကတော့ တို့ကို 'ဘဲ'သားနဲ့ ကျွေးပါ့မယ်လို့ သဘော တူခဲ့တာပဲ၊ ဒါပေမယ့် မှတ်တမ်းတင်တဲ့လူက 'ဘဲ' နဲ့ 'ပဲ' စာလုံးပေါင်း မှားသွားလို့ တို့အခု ပဲချည်းစားနေရတယ်' ကြဲကြဲဖန်ဖန် ပြောဆိုညည်းတွား သံကို စိတ်မကောင်းစွာဖြင့် ကြားကြရသည်။

http://www.cherrythitsar.org



ထိုသို့ ပဲဟင်းကိုသာလွေးနေကြရရှာသော ရဲဘော်များအဖို့ ထမင်းသာ လောက်ငှပါက သူတို့သည် ပြုံးပြုံးရွှင်ရွှင်ပင် သည်းခံကြမည် ဖြစ်ပါသည်။

သို့ရာတွင် ထမင်းက မလောက်။

ထိုခေတ်က ရခဲ့သော ရာရှင်နှုန်းထားမှာ ရဲဘော်တစ်ဦးအတွက် တစ်နေ့လျှင် နှစ်ဆယ့်တစ်အောင်စ ဖြစ်သည်။ ထိုနှုန်းထားဖြင့် မည်သို့မျှ မဝကြ။ ထို့ကြောင့် အရေးဆိုကြရပါတော့သည်။ အရေးဆိုနေစဉ် အတွင်း တွင်းမှ မြန်မာအရာရှိတို့က စုပေါင်း၍ ရဲဘော်များထမင်းဝကြရေးအတွက် ကြံကြဖန်ကြရသည်။ ပိုသော အခြားရာရှင်တို့ကို ခိုးထုတ်၍ ပြင်ပတွင် ရောင်းကြရသည်။ ထိုငွေဖြင့် လိုသောဆန်ကို ဝယ်ကြရသည်။ သို့ဖြင့်ပင် မလောက်သည့်အခါ ထိုအရာရှိများက စိုက်ထုတ်၍ ဝယ်ပေးခဲ့ကြရသည်။

နောက်ဆုံး ထိုပြဿနာသည် အရှိန်အဟုန် မြင့်မားလာမှပင် ဆန် ရိက္ခာနှုန်းကို နှစ်ဆယ့်လေးအောင်စသို့ တိုးမြှင့်ရရှိခဲ့ကြရသည်။

အဲသည်တော့မှပင် ကျွန်တော်တို့မှာ သက်ပြင်းချနိုင်ကြတော့သည်။

## ဆန်လုပွဲ

မကြာမီမှာပင် ၁၉၄၆ ခုနှစ် နှစ်လယ်လောက်တွင် ကျွန်တော်၏ တပ်ခွဲသည် မြစ်ဝကျွန်းပေါ်ဒေသသို့ ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းရေး တာဝန်ဖြင့် ထွက်ခဲ့ကြရသည်။

တပ်ခွဲမှူးဖြစ်သူ မေဂျာကလပ်ကတော့ မပါလာ။ သူ၏ကိုယ်စား ကျွန်တော်က အုပ်ချုပ်၍ ဗိုလ်ရွှေ[၁]၊ ဗိုလ်မောင်မောင်[၂]၊ ဗိုလ်မင်းဒင်[၃] တို့နှင့် လာခဲ့ကြရသည်။

---

၁။ ဝန်ကြီးဟောင်း

၂။ ကျဆုံး

၃။ တောခို ကျဆုံး

http://www.cherrythitsar.org



ထိုသို့ မေဂျာကလပ် မပါလာခြင်းတွင် အကြောင်းရှိပါသည်။

အင်္ဂလိပ်စစ်တပ်တို့ မြန်မာပြည်သို့ ပြန်လည်ဝင်ရောက်လာသည်နှင့် တစ်ပြိုင်နက် ၎င်းတို့မရှိစဉ်က သုံးစွဲခဲ့ကြရသည့် ဂျပန်ငွေစက္ကူတို့ကို တရားမဝင်ဟု ကြေညာလိုက်သည်။ ထိုအခါ သုံးနှစ်သုံးမိုးမျှ ဂျပန်စစ်တပ်၏ စပါးရှိ စပါးကိုသိမ်း၊ ကျွဲနွားရှိလျှင် ကျွဲနွားကိုသိမ်း၊ နောက်ဆုံးတွင် လူတွေကိုယ်၌ပင် 'ချော'ဆွဲခံခဲ့ကြရသည့် တောင်သူလယ်သမား လူထုကြီးတစ်ရပ်လုံးသည် တစ်စတစ်စဖြင့် အငတ်ဘေးပြဿနာနှင့် ရင်ဆိုင်လာခဲ့ကြရသည်။

ထိုသို့သော နောက်ခံအခြေအနေတွင် ရန်ကုန်၌ ဆာပေါ်ထွန်း၏ အစိုးရသည် အုပ်ချုပ်လျက် ရှိသည်။ တစ်ပြည်လုံးတွင်မူ 'ဖ ဆ ပ လ' အဖွဲ့ကြီးသည် ပြင်းထန်စွာ လှုပ်ရှားလျက် ရှိနေသည်။

မြစ်ဝကျွန်းပေါ်ဒေသ၌ကား နိုင်ငံရေးခေါင်းဆောင် အချို့တို့သည် ဆန်လုပွဲကြီးများ ဖြစ်ပေါ်လာစေရန် လှုံ့ဆော်ကြသည်။ ခေါင်းဆောင်၍ ဆန်လုပွဲကြီးများကို ကျင်းပကြသည်။ ထိုအခါ ထိုဒေသ၌ ထိုစဉ်က တာဝန်ကျနေသည့် ကုလားစစ်တပ်တို့နှင့် ရင်ဆိုင်လိုက်ကြရသည်။

တောင်သူလယ်သမား လူထုကြီးသည် လှေ၊ သမ္ဗန်တို့ဖြင့် နီးရာဆန်စက်ကြီးတို့သို့ သွားရောက်၍ စပါးပုံကြီးတွေတွင် အလံများထိုးစိုက်ကာ နိုင်သမျှကျုံးယူကြသည်။ သယ်ယူကြသည်။ ထိုသတင်းကိုရသော ကုလားစစ်သားတို့သည် မော်တော်ရေယာဉ်များဖြင့် ရောက်ရှိလာကြကာ ပစ်ခတ်ကြသည်။ ထို့ကြောင့် တောင်သူလယ်သမား အတော်များများ ထိမှန်ကြသည်။ သေဆုံးကြရသည်။

ကျွန်တော်တို့ မရောက်မီကလေးမှာပင် ကျိုက်လတ်အနီးရှိ ဆန်စက်ကြီးတွင် ထိုသို့ ဆန်လုပွဲကြီးကျင်းပနေစဉ် အငိုက်မိခံလိုက်ကြရသဖြင့် ကုလားစစ်သားတို့၏ မြစ်လယ်မှ အစုန်အဆန် စက်သေနတ်တို့ဖြင့် အပစ်ခံရသောကြောင့် တောင်သူလယ်သမားများရာပေါင်းများစွာ အတုံးအရုံး

http://www.cherrythitsar.org



သေဆုံးခဲ့ကြရသည်။ ထိုချောင်းရိုးတစ်လျှောက်တွင် သွေးချင်းချင်း နီခဲ့ရသည်။ အလောင်းတွေသည် ရက်ပေါင်းများစွာ ဒီရေဖြင့် စုန်ချည် ဆန်ချည် မျောပါနေခဲ့ရသည်။

ယခုမူ ထိုကုလားစစ်တပ်တို့ နေရာတွင် ကျွန်တော်တို့ ဘားမားရိုင်ဖယ်တပ်တို့နှင့် အစားထိုးလိုက်ခြင်းပင် ဖြစ်ပါသည်။ ထိုဆူပူမှုများကို ကုလားစစ်တပ်ဖြင့် နှိမ်နင်းရသည်ထက် မြန်မာတပ်ဖြင့် နှိမ်နင်းခြင်းက ပို၍ သင့်တော်သည်။ လူကြား၍ကောင်းသည်ဟူသော ယူဆချက်ဖြင့် ထိုသို့ တပ်ချင်းလဲလိုက်ဟန် တူသည်။ မြန်မာစစ်တပ်တွင်မူ မျက်နှာဖြူလုံးဝမပါ။ မြန်မာချည်းသက်သက်။

သို့ရာတွင် ကျွန်တော်တို့အား ပေးအပ်လိုက်သည့် အမိန့်ကတော့ အထွေထွေငြိမ်ဝပ်ပိပြားရေးအတွက်၊ အထူးသဖြင့် မြို့များ၊ ကျေးရွာကြီးများတို့ကို စီးနင်း တိုက်ခိုက်နေကြသည့် ဓားပြများအား နှိမ်နင်းရန်ဟု အကြမ်းဖျင်း ဖော်ပြသည်။

ကျွန်တော်တို့ရဲ့ တပ်ခွဲရုံးကို ကျိုက်ထော်မြို့ကလေးတွင် ဖွင့်လှစ်၍ ဗိုလ်မင်းဒင်အုပ်ချုပ်သောတပ်စုတစ်စုကို ကွမ်းခြံကုန်းမြို့သို့ ပို့၍ တပ်စွဲစေခဲ့သည်။

မကြာပါ။ ကျွန်တော်တို့ မျှော်လင့်နေသော ဒေသခံ နိုင်ငံရေးခေါင်းဆောင်အချို့ ကျွန်တော့်ထံသို့ ရောက်လာကြသည်။ တွေ့ကြရသည်က ပြောင်ပြောင်တင်းတင်းတော့ မဟုတ်၊ တိုးတိုးတိတ်တိတ်။

'ကဲ ဆိုပါဦး' ကျွန်တော်က စတင်ဖိတ်ခေါ်လိုက်ပါသည်။

သူတို့က ကျွန်တော့်ကို အကဲခတ်သလိုဖြင့် ကြာကြာမြင့်မြင့် ကြည့်ကြသည်။ ပြီးတော့ ခပ်ယဲ့ယဲ့ကလေး ပြုံးလိုက်ကြသည်။

အမှန်တော့ သူတို့ကို ကျွန်တော် မသိပါ။ အမည်များကိုတော့ ကြားဖူးနေပါသည်။ သူတို့ကလည်း ကျွန်တော့်ကို မတွေ့ဘူးပါ။ အမည်ကို

http://www.cherrythitsar.org



တော့ ကြားဖူးနေ ကြပါလိမ့်မည်၊ ဘယ်လိုပဲ ဖြစ်ဖြစ် လွတ်လပ်ရေး အတွက် ပြင်ဆင်နေကြရသည့် တာဝန်ကတော့ အတူတူပင် ဖြစ်ကြသည်။ ထို့ကြောင့် သူတို့သည် ကျွန်တော်တို့နှင့် တစ်လှေတည်းစီးတွေ ဖြစ်ကြပါသည်။

'တိုတိုကတော့ ကျွန်တော်တို့ ဆန်လုကြမလို့ဗျာ' ခေါင်းဆောင်ဖြစ်သူက စစ်ဗိုလ်လူထွက်ပီပီ တိုတိုတုတ်တုတ်ပင် ဖြေလိုက်သည်။

အဲသည်တော့ ကျွန်တော်တို့မှာ မျက်လုံးပြူးသွားမိရပါသည်၊

'အဲဒါ ခက်တာပဲဗျာ၊ ကျွန်တော်တို့ တာဝန်ကလဲ အဲဒါမျိုးကို တားဆီးဖို့ ဖြစ်နေတယ်' ကျွန်တော်တို့က လေးလေးဆဆပြောရင်း သူ့ကို တောင်းပန်မိသည်။ 'မလုလို့ မဖြစ်ဘူးလားဗျာ'

သူက ခေါင်းကိုခါ၍ပြသည်။

'မဖြစ်လို့ပေါ့၊ လုကို လုရမှာ'

ထို့နောက် အတန်ကြာ နယ်မြေ အခြေအနေတို့ကို ဆွေးနွေးကြသည်။ နောက်ဆုံးတော့ သဘောတူညီမှု ရလိုက်ကြပါသည်၊

သူတို့ဆန်လုမည့်နေ့ရက်နှင့် လုမည့်ဆန်စက်ကို ကျွန်တော်တို့အား ကြိုတင် အကြောင်းကြားမည်။ အဲဒါက သူတို့ရဲ့ တာဝန်။

ကျွန်တော်တို့ကတော့ ထိုနေရာနှင့် နေ့ရက်တို့ကိုသိပါက ထိုနေ့တွင် တစ်ဖက်သို့ ကင်းလှည့်ထွက်ရန်ဖြစ်သည်။ ဥပမာ သူတို့က တောင်ဘက်တွင် ဆန်လုမည်ဆိုပါက ကျွန်တော်တို့က မြောက်ဘက်သို့ ခရီးထွက်ကြပါမည်။

ထို အစီအစဉ်ဖြင့် ဆန်လုပွဲ တစ်ပွဲစ နှစ်ပွဲစ ဆက်လက်ဖြစ်ပွားခဲ့သည်။ သို့ရာတွင် ကြီးကြီးကျယ်ကျယ်တော့ မဟုတ်လှ၊ လက်သိပ်ထိုးပွဲကလေးများသာ ဖြစ်ကြသည်။ ထိုနေ့များတွင်လည်း ကျွန်တော်တို့သည် တခြားနေရာများသို့ ခရီးလွှန်နေမိခဲ့ကြပါသည်။

http://www.cherrythitsar.org



ကျွန်တော့်အဖို့မှာတော့ တပ်ရင်းမှူး ကာနယ်သန်းဒါး၏ နှစ်ကိုယ်ကြား ပြစ်တင်ခြင်းခံခဲ့ရသည်။

'အဲဒီနေ့က မင်း ဘာဖြစ်လို့သွားရောက် မတားဆီးခဲ့သလဲ'

သူက မျက်နှာတင်းတင်းဖြင့် မေးသည်။

ကျွန်တော်ကတော့ မျက်နှာသေကလေးဖြင့်သာ

'ကျွန်တော် အဲဒီနေ့က ဟိုဘက်ကို ခရီးလွန်နေခဲ့ပါတယ်၊ အဲဒါလဲ သတင်းအရ သွားမိတာပါ'

ကျွန်တော့်အဖြေကို ကျေနပ်သည် မကျေနပ်သည်ကိုတော့ မပြောတတ်။ ကျွန်တော် သူ့ထံမှ ထွက်လာခဲ့တော့ သူသည် ပြုံးစိစိဖြင့် ကျန်ရစ်ခဲ့ပါသည်။ အမှန်တော့ ကာနယ်သန်းဒါးသည် အိုင်းရစ်လူမျိုး စစ်စစ်ဖြစ်ပါသည်။ အိုင်ရစ်လူမျိုးမှ လွတ်လပ်သော ဒဗ္ဗလင်မြို့သား။

နောက်တစ်ခု ကျွန်တော် ကျူးလွန်ခဲ့ရသည့် ပြစ်မှုကတော့ ဆန်လုပွဲကို ရှောင်သည်ထက် ပိုမိုကြီးလေးလှပါသည်။

ကျွန်တော်သည် ထိုဒေသရှိ ပြည်သူ့ရဲဘော် တပ်ဖွဲ့အား စတင်းကျည်ဆန် တစ်သေတ္တာ ပေးခဲ့သည်။

'လုပ်ပါဗျာ၊ ကျွန်တော်တို့မှာ စတင်းကျည်ဆန် သိပ်နည်းနေတယ်၊ တစ်သေတ္တာလောက် ပေးခဲ့စမ်းပါ' ပြည်သူ့ရဲဘော်ဗိုလ်က တဖွဖွ တောင်းနေရှာသည်။

ကျွန်တော့်မှာတော့ ဘေးကျပ်နံကျပ် ဖြစ်နေရသည်။ ပေးလိုက်လို့ ပေါက်ကြားသွားပါက ကျွန်တော်သည် ဒုက္ခရောက်ရပါတော့မည်။ ကာနယ်သန်းဒါးသည်ပင် ကယ်နိုင်မည် မဟုတ်တော့။ မပေးပြန်လျှင်လည်း

'အခြေအနေက အဲဒီလို ရှိနေတယ်ဗျ၊ လွတ်လပ်ရေးက အခုအတိုင်းဆိုရင်တော့ တိုက်ယူရတော့မှာပဲ' တဲ့။ သူတို့ရဲ့ တင်ပြချက်။

http://www.cherrythitsar.org



ကျွန်တော်သည် ဗိုလ်မှူးကျော်ဇောအား အခြေအနေတင်ပြပြီး သူ့အမိန့်ကို တိတ်တဆိတ် တောင်းခံရန် စဉ်းစားပါသေးသည်။ သို့ရာတွင် ထိုသို့ပြုပါက ပြဿနာကို ကျွန်တော့် ပခုံးမှ သူ့ပခုံးသို့ ပြောင်းပေး လိုက်ခြင်းမျှသာ ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် မည်သူ့ကိုမျှ မတိုင်ပင်တော့။ ကျည်တစ်သေတ္တာကို ပေးလိုက်သည်။ စာရင်းမှာတော့ လေ့ကျင့်ရေးအတွက် ပစ်သည်ဟု ပြလိုက်သည်။

'ဒီလိုလုပ်ဗျာ၊ ကျွန်တော်က ကျည်ဆန်အခွံတွေ ပြန်အပ်ရမယ်။ အဲဒီတော့ ခင်ဗျားတို့က ကျည်ဆန်အခွံတွေ ရှာပေးကြ' သူတို့ကို တောင်းပန်ရသည်။

သူတို့ခမျာလည်း ရရာကျည်ဆန်အခွံတို့ကို လာ၍ ပို့ပါသည်။ သို့ရာတွင် သူတို့ပြန်ပေးသည့် အခွံတို့သည် သံချေးတက်နှင့် အညှိအမည်း တို့သာ ဖြစ်သည်။ ထို့ကြောင့် တပ်ရင်းသို့ ထိုအခွံတို့ကို ပြန်လည် ပေးအပ်ရသောအခါ၌ တပ်ရင်းတပ်ထောက် ကက်ပတိန်ဗိုလ်ကြီးက မသင်္ကာဖြစ်သည်။ ကာနယ်သန်းဒါးအားတိုင်သည်လို့ပင် သဲ့သဲ့ကြားလိုက် ရသည်။ သို့ရာတွင် ထိုကိစ္စနှင့်ပတ်သက်၍ အမေးအမြန်း မခံခဲ့ရ။

ထိုကဲ့သို့သော ပြဿနာများကြောင့် ကျွန်တော့်မှာ ရင်တမမ၊ ကျီးလန့်စာစားနေခဲ့ရသော်လည်း တပ်ခွဲ ရဲဘော်တို့မှာမူ သားငါးပေါ များသော ဒေသဖြစ်သဖြင့် စားကောင်း သောက်ကောင်း။ ကင်းလှည့် တာဝန်ကျလိုက်၊ အားလပ်ချိန်တို့တွင် ခနိပျစ်များ ထိုးရက်နေကြသော မိန်းမပျိုတို့ ရှိရာသို့ တရစ်ဝဲဝဲ လုပ်လိုက်ဖြင့် အင်မတန် အင်မတန် ပျော်နေကြပါသည်။

ကင်းလှည့်ရာတွင် များသောအားဖြင့် ကျိုက်လတ်ဘက်သို့ အသွား များခဲ့သည်။ ကျိုက်လတ်မြို့ကို ဓားပြများစီးမည် ဟူသော သတင်းသည်

http://www.cherrythitsar.org



တစ်ရက်ခြားဆိုသလို ရောက်ရှိလာသည်။ ထို့ကြောင့် ဗိုလ်ရွှေ[၁] နှင့် ကျွန်တော်သည် တစ်ယောက်တစ်လှည့် ကျိုက်လတ်သို့ ညကင်းထွက်ကြရသည်။

တစ်ခါတစ်ရံ၌မူ ကျိုက်လတ်ရှိ ထိုစဉ်က ရာဇဝတ်ဝန်ထောက်ထံမှအကူအညီ တောင်းခံသောအခါတို့၌ ၎င်း၏ပုလိပ်အဖွဲ့ကို ကူညီကြရသည်။

ဤတွင် ကျွန်တော်၏ လူဝါးမဝသေးသည့်အဖြစ်၊ အတွေ့အကြုံနုနယ်လှသေးသည့် အခြေအနေကိုမခံချိမခံသာဖြင့် သိရှိရန်ခံလိုက်ရပါသည်။ ရရှိသည့် သင်ခန်းစာကိုလည်း အောင့်သက်သက်ဖြင့် မှတ်သားလိုက်ရသည်။

ရာဇဝတ်ဝန်ထောက်သည် ကုလားလူမျိုး ဖြစ်သည်။ သူသည် ကျွန်တော့်ထံသို့ မကြာခဏ လာသည်။ ရောက်လာလျှင်

'ကက်ပတိန်၊ ကျွန်တော်တို့ကို ကူညီပါဦး' သူသည် ချိုမြဆုံးသောအပြုံးကိုဆောင်၍ တောင်းခံတတ်သည်။

'ဆိုပါဦး၊ ဘယ်လို ကူရမလဲ'

ထိုအခါ အသင့်ယူဆောင်လာသော မြေပုံကိုထုတ်၍ ရွာတစ်ရွာကို ပြသည်။

'ဒီရွာဟာ တစ်ရွာလုံး ဓားပြတွေချည်းပဲ၊ ကျွန်တော်တို့ ပုလိပ်အဖွဲ့ တစ်ခုတည်းနဲ့ ဝိုင်းဖို့ ခက်နေပါတယ်၊ အဲဒီတော့ ကက်ပတိန်တို့ စစ်သားတွေက ရွာကိုဝိုင်းပေးပါ၊ ကျွန်တော်တို့က ရွာထဲဝင်ရှာပါ့မယ်၊ ဖမ်းစရာ လူတချို့ကို ဖမ်းပါ့မယ်'

ကျွန်တော့်မှာလည်း ထိုသို့ ဝတ္တရားရှိသဖြင့် သဘောတူလိုက်သည်။ နေ့ရက် အချိန်တို့ကို ချိန်းလိုက်သည်။

---

၁။ ဝန်ကြီးဟောင်း

http://www.cherrythitsar.org



ထိုနေ့သို့ရောက်လျှင် ကျွန်တော်တို့သည် ထိုရွာ၏ ထွက်ပေါက် ဟူသမျှတို့ကို ပိတ်ကာ ဝိုင်းပေးလိုက်သည်။ ထိုအခါ ပုလိပ်တို့သည် ရွာထဲသို့ ဝင်၍ မွှေနှောက်ရှာဖွေကြသည်။ လူတွေကို ဖမ်းလာကြသည်။ ဖမ်းလာသည်မှ ယောကျ်ားဟူသရွေ့ အသက်ဆယ့်ငါးနှစ်နှင့် ခြောက်ဆယ် ကြား ရွာလုံးကျွတ် မော်တော်ဘုတ်နှင့် အပြည့်။

'များလှချည့်လား ဝန်ထောက်ကြီးရဲ့' ကျွန်တော်က မေးလျှင် သူက အထည်အလိပ်ပစ္စည်း အချို့ကိုပြသည်။

'အို ကက်ပတိန်က မသိလို့ တစ်ရွာလုံး ဓားပြတွေ ခင်ဗျ၊ ဟောဒီမှာ ကြည့်ပါလား၊ သူတို့ တိုက်ခိုက်ထားတဲ့ပစ္စည်းတွေ၊ ဒါပေမယ့် ကျွန်တော် အားလုံးကိုတော့ ရုံးမတင်ပါဘူး၊ စစ်ဆေးပြီးရင် တချို့ကို ပြန်လွှတ်မှာပါ'

ပြုတ်မနူး ကျွန်တော့်မှာတော့ သူ့စကားကို ယုံယုံကြည်ကြည်ဖြင့် လက်ခံလိုက်မိသည်။ သို့ရာတွင် ရွာဆီမှ မိန်းမများ၊ ကလေးများ၏ ငိုသံ ယိုသံတို့ကိုမူ မကြားရက်၊ မမြင်ရက်၊ စိတ်မကောင်းစွာဖြင့် မျက်စိ နားတို့ကို ပိတ်ထားလိုက်ပါသည်။ အို ဓားပြရွာပဲ၊ ဒီလိုပဲ ဖြစ်ရမှာပေါ့။

နောက်တစ်နေ့တွင် ဝန်ထောက်ပြောသကဲ့သို့ပင် ထိုရွာမှ လူများ ရာခိုင်နှုန်း ကိုးဆယ့်ကိုးယောက် အချုပ်မှ ထွက်လာကြသည်။

နောင်သောအခါ၌ ကျွန်တော်တို့ကြားလိုက်ကြရပါသည်။ ထို လွတ် လာသူများသည် ထိုဝန်ထောက်မင်းအား တစ်ယောက်လျှင် ငွေတစ်ဆယ်စီ ပေးခဲ့ကြရသည်တဲ့။ တစ်ယောက် တစ်ဆယ်၊ ဖမ်းလာသည်က လူပေါင်း တစ်ရာကျော်။ သူရလိုက်သည့် ငွေသည် တစ်ထောင်သာသာ။ တစ်နေ့ တစ်ထောင်။ ဘယ်ဆိုးလို့တုံး။

ကျွန်တော်ကသာ တရားခံ အငှားလိုက်ခဲ့မိရပါပြီ။

http://www.cherrythitsar.org



## နောက်တစ်ခါ သင်တန်း

၁၉၄၆ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)နှင့် သဘောတူညီမှုရရှိကာ ဘုရင်ခံအမှုဆောင်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ၊ တစ်နည်းအားဖြင့် ကြားဖြတ်အစိုးရ၏ ဝန်ကြီးချုပ် ဖြစ်လာသည်။

ဒီဇင်ဘာလတွင် ဗြိတိသျှအစိုးရ၏ ဖိတ်ခေါ်ချက်အရ ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးအတွက် ဆွေးနွေးရန် လန်ဒန်မြို့သို့ ထွက်ခွာသွားသည်။

လွတ်လပ်ရေးကို ငြိမ်းချမ်းစွာပင် ရရှိပါမည်လား၊ သို့မဟုတ် လက်နက်ကိုင်၍ တိုက်ပွဲဝင်ကာ ရယူကြရမည်လား။ တစ်တိုင်းပြည်လုံးက ထိုအဖြေကို စောင့်မျှော်ကျန်ရစ်ခဲ့ကြသည်။

ထိုအချိန်တွင် ကျွန်တော်တို့သည် ပြင်ဦးလွင်၌ ဖွင့်လှစ်သော တပ်ခွဲမှူး အထူးသင်တန်း၌ တက်ရောက်လျက်ရှိနေကြသည်။

သင်တန်းတွင် အများဆုံးကတော့ ဗိုလ်ကြီးလှအောင်[၁]၊ ဗိုလ်ကြီးခင်ညို[၂]၊ ဗိုလ်ကြီးဝင်း[၃] အစရှိသော မိတ္ထီလာအမြောက်တပ်မှ အရာရှိတစ်စုတို့ ဖြစ်ကြသည်။

ကျန်အရာရှိတို့မှာ ဘားမားရိုင်ဖယ်၊ ကရင်ရိုင်ဖယ်၊ ချင်းရိုင်ဖယ်၊ ကချင်ရိုင်ဖယ်တို့မှ ဖြစ်ကြသည်။ ဗိုလ်မှူးစောအောင်စိန် ကဲ့သို့သော ကရင်အမျိုးသား အရာရှိများ၊ ဗိုလ်နော်ဆိုင်းအစရှိသည့် ကချင်အမျိုးသား အရာရှိများ၊ ထို့နောက် ချင်းအရာရှိများ၊ ဗိုလ်ကြီးသိန်းမောင်[၄] စသည့်

---

၁။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၂။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၃။ ဒု ဝန်ကြီးဟောင်း
၄။ သံအမတ်ကြီး (ကွယ်လွန်)

http://www.cherrythitsar.org



စက်မှုလက်မှုတပ်မှ အရာရှိများနှင့် ကျွန်တော်တို့ တပ်ရင်းမှ ဗိုလ်ကြီးချစ်မြိုင်[၁]၊ ဗိုလ်ကြီးကျော်ထွန်း[၂]၊ ဗိုလ်ကြီးမောင်တင်[၃]၊ ဗိုလ်ကြီးစောထွန်းစိန်[၄]၊ ကျွန်တော် စသူတို့ဖြစ်ကြသည်။

ထိုသင်တန်းသည်လည်း သုံးလကြာ သင်တန်းဖြစ်ပါသည်။ သင်ကြားပို့ချသူတွေသည် မေဂျာခရော့(စ)ဘီ ဆိုသူ ခေါင်းဆောင်သည့် ဗြိတိသျှအရာရှိများ ဖြစ်ကြသည်။ သို့ရာတွင် ကျွန်တော်တို့နှင့် အနီးကပ်ဆုံး နေထိုင်ခဲ့ရသူကတော့ ဆာဂျင်မေဂျာဒတ်ဖီးဆိုသူ ဖြစ်သည်။ သူသည် ကျွန်တော်တို့၏ စစ်ရေးပြတာဝန်ခံ ဖြစ်သည်။

သူ့အရပ်သည် ခြောက်ပေကျော်သည်။ အရပ်အမောင်းနှင့် လိုက်လျောသော ကိုယကာယလည်း ရှိသည်။

သူ့ကို ပထမဆုံး စတင်မြင်တွေ့ရသည်က စစ်ရေးပြကွင်းတွင် ဖြစ်သည်။ သူသည် ကျယ်ပြန့်သောသူ့ရင်အုပ်ကြီးကို အစွမ်းကုန်ဖွင့်လျက် မတ်မတ်ကြီး လျှောက်လာသည်။ ကျွန်တော်တို့၏ ရှေ့သို့ ရောက်သော အခါ ခြေဖနောင့်ကို ပြင်းစွာ ဆောင့်နင်းလိုက်၍ စုံရပ်လိုက်သည်။ ပြီးတော့ ကျကျနနကြီး အားပါးတရ အလေးပြုသည်။

'ဂွတ်ဒမောနင်း ဆာ'

သူ့အသံသည် ပတ်ဝန်းကျင်တစ်ခုလုံးသို့ ဟိန်း၍ သွားသည်။ ကျယ်လောင်လှပါသည်။ အသံဩဇာနှင့် ပြည့်စုံလှပါပေသည်။ သူသည် ကျွန်တော်တို့အား စကားပြောရာ၌ 'ဆာ' တစ်လုံးကို မည်သည့်အခါမျှ မမေ့၊ အမြဲတစေ လေးလေးစားစားရှိသည်။

---

၁။ ဗိုလ်မှူးကြီး (အငြိမ်းစား)

၂။ ကျဆုံး

၃။ ဒုတိယဗိုလ်မှူးကြီး (အငြိမ်းစား)

၄။ ဗိုလ်မှူးကြီး (အငြိမ်းစား)

http://www.cherrythitsar.org



'လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော်ဟာ ဆာဂျင်မေဂျာဒတ်ဖီး ဖြစ်ပါတယ်၊ လူကြီးမင်းတို့ကို စစ်ရေးပြသင်ကြားပေးမည့်သူ ဖြစ်ပါတယ်။ ထို့ပြင်လဲ ကျွန်တော်ဟာ လူကြီးမင်းများရဲ့ ကိစ္စအဝဝကို ဆောင်ရွက်ပေးရပါမယ်၊ ကျွန်တော့်ကို လူကြီးမင်းများ မမြင်ရစေကာမူ ကျွန်တော့်အသံကိုတော့ အမြဲ ကြားနေကြရမယ် ဖြစ်ပါတယ်၊ စစ်ရေးပြနဲ့ပတ်သက်လို့ကတော့ လူကြီးမင်းများ စိတ်ချတော်မူကြပါ၊ ဒီသင်တန်း သုံးလပြီးလို့ ကိုယ့်အိမ် ပြန်ရောက်တဲ့အခါမှာ အိမ်သူ သက်ထား၊ သို့မဟုတ် ချစ်သူ ရည်းစားကပင် လူကြီးမင်းတို့ကို မမှတ်မိလောက်အောင် သန်မာကြွခိုင်လာကြမယ်ဆိုတာကို ကျွန်တော် ကတိပြုပါတယ်'

အဲဒါက သူ့ရဲ့ မိတ်ဆက်နှုတ်ခွန်း။

သူ့ကတိအတိုင်းလည်း စစ်ရေးပြကွင်းတွင် မောင်းလိုက်သည်က ကျွန်တော်တို့မှာ ပြင်ဦးလွင်၏ ဆောင်းတွင်း၌ ချွေးတဒီးဒီးဖြင့် လေးဘက်ပစ်မတတ်။

သို့ရာတွင် ဤသင်တန်းသည် ပြီးခဲ့သည့် အထူးသင်တန်းမှာကဲ့သို့ မပင်ပန်းလှ။ မပင်ပန်းသည့်အပြင် ပျော်စရာပင် တစ်မျိုးကောင်းခဲ့ရပါသည်။

ညနေလေးနာရီထိုးလို့ ကျောင်းဆင်းလျှင် မြို့ထဲသို့ထွက်၍လည်ပတ်နိုင်ကြသည်။ ထိုစဉ်ကမူ ကျွန်တော်တို့ ခပ်များများသည် လွတ်လပ်သော လူပျိုလူရွယ်များသာ ရှိကြပါသေးသည်။ ထို့ကြောင့် လည်လည်း လည်ပတ်ကြသည်။ 'ပင်းသာ' စားသောက်ဆိုင်တွင် ထမင်းစားကြသည်။ အင်္ဂလိပ်စစ်သားများကို အားကိုး၍ ဖွင့်လှစ်ထားသော များပြားလှသည့် 'ကာဖေး' တို့တွင် ကော်ဖီသောက်ကြသည်။ ကျောင်းသို့ ပြန်ရောက်လျှင်မူ စာကျက်ကြရပါသည်။ မကျက်၍လည်းမဖြစ်၊ ဖတ်စရာမှတ်စရာတွေက များပြားလှသည်။ တစ်ခါတစ်ရံ၌ အထူးသဖြင့် စနေနေ့ညတို့တွင်မူ ဖဲကစားဝါသနာပါသူတို့၏ ကျိတ်ဝိုင်းကလေးများကတော့ဖြင့် ရှိတတ်ပါသည်။

http://www.cherrythitsar.org



ထိုကျိတ်ဝိုင်းတို့တွင် မပါမဖြစ်သည့် နှစ်ဦးတို့ကတော့ ဗိုလ်နော်ဆိုင်းနှင့် ဗိုလ်ကြီးမောင်တင်။

နော်ဆိုင်းသည် ဖဲကစားလွန်စွာ ဝါသနာပါသူဖြစ်သည်။ သူပါမှလည်း ဝိုင်းသည် စည်စည်ကားကားရှိတတ်သည်။ ကြေးလည်းကောင်းသည်။ တစ်ခါတစ်ရံ ကစားနေရင်းမှ သူ့တွင် ငွေပြတ်သွားပါက ကိစ္စမရှိပါ။ သူ့အိပ်ဆောင်သို့ ပြန်ပြေးသွား၍ သူ၏ စက်ဘီးကို ထမ်းယူလာကာ တစ်ထောင့်တွင် ထောင်လိုက်သည်။ ပြီးတော့ ရသမျှဖြင့် ပေါင်ကာ ဆက်ကာ ကစားသည်။ ထို့ကြောင့်လည်း ဗိုလ်နော်ဆိုင်း၏ စက်ဘီးသည် သူစီးရသည် မရှိလှ။ အမြဲလိုလိုပင် တစ်စုံတစ်ဦးထံတွင် ပေါင်နှံထားပြီးသား ဖြစ်နေတတ်ပါသည်။

ဗိုလ်ကြီးမောင်တင်ကမူ ဖဲကစားဝါသနာပါသူမဟုတ်။ သို့ရာတွင် သူသည် ညလုံးပေါက် အိပ်ပျက်ခံကာ စေတနာ့ဝန်ထမ်း အကောက်ကောက်ပေးသူဖြစ်သည်။ ထိုရသောအကောက်ငွေသည် နောက်တစ်နေ့တွင် မျောက်သား ချေးခါးဟင်း ချက်စားရန်အတွက် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့သည် ဗိုလ်ကြီးမောင်တင်၏ ကျေးဇူးကြောင့် တစ်ပတ်လျှင် တစ်ခါ သို့မဟုတ် နှစ်ခါတော့ဖြင့် မျောက်သားဟင်း စားရတတ်ကြသည်။

ချေးခါးဟင်းကိုတော့ ကျွန်တော်သည် နာမည်ကြားရုံဖြင့် ရွံမိသည်။ ထို့ကြောင့် မစား။ သို့ရာတွင် တစ်နေ့တော့

'မျောက်ဆိုတာ သစ်သီးမျိုးစုံ၊ သစ်ဥသစ်ဖု စားတဲ့အကောင်မျိုးဗျ၊ အင်မတန် ဆေးဖက်ဝင်တာ၊ ချေးခါးဟင်းဆိုတော့ ပိုပြီး ထိရောက်တာပေါ့၊ ရှိသမျှရောဂါ အကုန်ကျ၊ အို သိပ်ကောင်း'

ကိုတင်ရဲ့ အပြောအဟော ကောင်းမှုကြောင့် တစ်ညနေတော့ မျောက်သား ချေးခါးဟင်းကို စားလိုက်မိပါသည်။

http://www.cherrythitsar.org



သွားလိုက်သည့်ဝမ်း။ တစ်ညလုံးအကြိမ်ပေါင်း မရေတွက်နိုင်တော့။

ကျွန်တော်က အိမ်သာမှ နုံးချည့်စွာဖြင့် ပြန်လာတိုင်း

'ကိုတင် လုပ်ပါဦးဗျ၊ ဝမ်းတွေသိပ်သွားနေတယ်၊ ခင်ဗျာ ဆေးခါး ဟင်းပေါ့'

သူကတော့ မျက်လုံးပင် ဖွင့်လို့မကြည့်။

'အဲဒါ သိပ်ကောင်းတာပေါ့ဗျ၊ ရောဂါတွေကျတာ၊ သွားပစေ' တဲ့။ တစ်ဘက်သို့ ပြောင်းကာ အိပ်လိုက်ပြန်ပါသည်။

ကျွန်တော့်မှာတော့ နံနက်လင်းလျှင် မျက်တွင်းကလေး ဟောက်ပက်နှင့် ကျွန်တော်စားခဲ့သော မျောက်ကလေးနှင့်ပင် တူနေရပါတော့သည်။ အဲဒါကိုကြည့်ပြီး သူက တဟားဟား။

## ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်

ထိုသင်တန်းပြီးဆုံးလို့ တပ်ရင်းသို့ ပြန်ခဲ့ရတော့ မြစ်ဝကျွန်းပေါ် ဒေသသို့ ငြိမ်ဝပ်ပိပြားမှုအတွက် တစ်ခေါက်ပြန်လို့ ထွက်ခဲ့ရပြန်ပါသည်။

သည်တစ်ခါတော့ ကျွန်တော်သည် တပ်ခွဲမှူး တင်းပြည့် ဖြစ်နေပါပြီ။ ကျွန်တော့် တပ်စုမှူးတွေကတော့ ဗိုလ်အာဋာဝက ဗိုလ်သိန်းနှင့် ဗိုလ်လှမော်တို့ ဖြစ်သည်။ (သူတို့သုံးဦးစလုံးပင် ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ အတွင်းက တောခိုခဲ့ကြပြီး တောတွင်း၌ ကျဆုံးခဲ့ကြရပါပြီ။)

ဖျာပုံမြို့တွင် တစ်လကျော် နှစ်လမျှ နေခဲ့ကြပြီး တပ်ရင်းသို့ ပြန်ခဲ့ကြသည်။ ထိုအတောအတွင်း ကျွန်တော်တို့၏ တပ်ရင်း (၃)သည် သန်လျင်မှ မင်္ဂလာဒုံ(ယခု ဗဟိုနိုင်ငံရေးတက္ကသိုလ်နေရာ)သို့ ပြောင်းရွှေ့ ပြီးဖြစ်သည်။ ထိုအခါ ကာနယ်သန်းဒါး မရှိတော့။ ဘိလပ်သို့ပြန်သွားခဲ့ ပါပြီ။ သူ့နေရာတွင် အင်္ဂလိပ်လူမျိုးတစ်ဦး ကာနယ်ဖရစ်ဇယ် ဆိုသူ ရောက်ရှိလာသည်။ တပ်ရင်းမှူးဖြစ်သူကို အင်္ဂလိပ်ဘာသာစကားဖြင့်

http://www.cherrythitsar.org



အတိုကောက် 'စီအို'ဟု ခေါ်ကြသည်။ ကာနယ်ဖရစ်ဇယ်ကိုတော့ 'စဥ္စအိုး'လို့ ခေါ်ကြပါသည်။ သူသည် ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်သည်။

တပ်ခွဲတို့၌မူ ဗြိတိသျှစစ်တပ်မှလာသော တပ်ခွဲမှူးများမရှိကြတော့။ ကျွန်တော်တို့ မြန်မာအရာရှိတွေကပင် တပ်ခွဲမှူးတွေအဖြစ် တက်ရောက်ဆောင်ရွက်နေကြပါပြီ။

ထိုစဥ္စတွင်ပင် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်။

ကျွန်တော်သည် တပ်ခွဲရုံး၌ ရှိနေသည်။

'ဗိုလ်ချုပ်တို့ လုပ်ကြံခံလိုက်ကြရပြီ' တဲ့။

သတင်းဆိုးကြီးကို တုန်လှုပ်စွာဖြင့် ကြားလိုက်ကြရပါသည်။

အစပထမမှာတော့ မသေမချာ၊ မရေမရာဖြင့် သဲ့သဲ့မျှသာ ဖြစ်သည်။ တစ်စစဖြင့် ထိုအသံသည် ပိုမို၍ ကျယ်လောင်လာခဲ့သည်။

ရဲဘော်တွေသည် စုရုံးစုရုံးဖြင့် လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ အချို့က အံကြိတ်ထားကြသည်။ အချို့က လက်သီးဆုပ်မိကြသည်။ အချို့က တောက်ခေါက်လိုက်ကြသည်။ အချို့ကတော့ ချုံးချကာ ငိုကြွေးကြသည်။

တပ်ရင်းမှူးသည် ချက်ချင်းပင် အရာရှိအားလုံးတို့ကို သူ့ရုံးခန်းသို့ ခေါ်ယူ၍ ဖြစ်ပျက်ပုံတို့ကို ပြောပြသည်။ ရဲဘော်များအား ထိန်းသိမ်းကြရန် ပန်ကြားသည်။ သူ့မျက်နှာသည်လည်း မကောင်း။

ထိုအပတ်အတွင်းမှာပင် ကျွန်တော်တို့ တပ်ရင်းသည် ရန်ကုန်မြို့တွင်းရှိ ဂေါ်ရာကုန်းသို့ ပြောင်းရွှေ့ခဲ့ကြရသည်။ ဗိုလ်ချုပ်ကျဆုံးခဲ့ရခြင်းကြောင့် မတည်ငြိမ်သော ရန်ကုန်မြို့၏အခြေအနေကို ထိန်းရန်ဖြစ်သည်။ ကျွန်တော်တို့နှင့် မရှေးမနှောင်းပင် တပ်ရင်း ၅ မှ တပ်ခွဲအချို့တို့လည်း ရန်ကုန်သို့ ရောက်ရှိလာကြသည်။

တိုင်းပြည်၏ အခြေအနေသည် စိတ်အားငယ်ဖွယ်ရှိလှပါသည်။

http://www.cherrythitsar.org



လွတ်လပ်ရေးကလည်း မရသေး။
ဗိုလ်ချုပ်အောင်ဆန်းသည်လည်း မရှိတော့။

## လွတ်လပ်ပြီ

တိုင်းပြည်အနေဖြင့် အသင့်အတင့် တည်ငြိမ်မှုရရှိလာပြီးနောက် ကျွန်တော်တို့သည် မင်္ဂလာဒုံသို့ ပြန်ခဲ့ကြသည်။

မကြာမီမှာပင် ကျွန်တော်သည် အသစ်ထပ်မံ ဖွင့်လှစ်မည်ဖြစ်သော အမှတ် ၆ ဘားမားရိုင်ဖယ်သို့ ပြောင်းရွှေ့လာခဲ့ရပါသည်။

အမှတ် ၆ ဘားမားရိုင်ဖယ် ယခုခေတ် အခေါ်အားဖြင့် အမှတ် ၆ သေနတ်ကိုင် တပ်ရင်းကို ထိုစဉ်က မိတ္ထီလာရှိ အမြောက်တပ်ကို ဖျက်သိမ်း၍ ထိုတပ်မှ ဗိုလ်ကြီးဘရွှေ[၁]၊ ဗိုလ်ကျော်ဇော[၂]၊ ဗိုလ်ရဲထွန်း[၃]၊ ဗိုလ်ခင်မောင်သောင်း[၄] အစရှိသည့် အရာရှိများနှင့် အကြပ်၊ တပ်သားတို့ကို မူတည်ကာ ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုတပ်ရင်း ၆၏ ဦးထုပ်တံဆိပ်တို့သည် အမြောက်တပ်၏ အရောင်ဖြစ်သော နက်ပြာနှင့် အနီတို့ကို ဆက်လက်ခံယူခဲ့သည်။ သို့ရာတွင် အခြားတပ်မှ ပြောင်းရွှေ့လာကြသော ဗိုလ်ကြည်မောင်[၅] နှင့် ဗိုလ်ခင်မောင်ကျော် (ကွယ်လွန်)တို့ကဲ့သို့ အရာရှိများလည်း ပါဝင်ခဲ့ကြသည်။

ပဲခူးမြို့၊ ကျောက်တိုင်ကန်ရွာအနီး လေယာဉ်ကွင်းတွင် ၁၉၄၇ ခုနှစ် အပြီးပိုင်းတွင် စတင်ဖွင့်လှစ်သည်။

---

၁။ သံအမတ်ကြီး (အငြိမ်းစား)
၂။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၃။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၄။ ဒုတိယဗိုလ်မှူးကြီး (အငြိမ်းစား)
၅။ သံအမတ်ကြီး (အငြိမ်းစား)

http://www.cherrythitsar.org



တပ်ရင်းမှူးမှာ ဗိုလ်မှူး ဇေယျ၊

ထိုအခါ၌ ဗြိတိသျှစစ်ဗိုလ်ဟူ၍ အကြံပေးအရာရှိ လက်ဖတင်နင် ကာနယ်တစ်ဦးသာ ရှိပါတော့သည်၊

ထိုစခန်းသည် ဝါးရုံတောများဖြင့် ဝိုင်းရံလျက်ရှိသော လေယာဉ်ကွင်းနှင့် သူ့ပတ်ဝန်းကျင်သာ ဖြစ်သည်။ ထိုကွက်ကွက်တွင် ကျွန်တော်တို့သည် ရွက်ဖျင်တဲများ၊ သုံးထပ်သား တဲများဖြင့် နေကြရသည်၊

မကြာမီပင် ဗိုလ်မှူးဇေယျ[၁] စစ်ရုံးသို့ပြောင်းရွှေ့သွားသောအခါ၌ ဒုတိယ ဗိုလ်မှူးကြီးတင်ဦး[၂] သည် တပ်ရင်းမှူး ဖြစ်လာခဲ့သည်၊

တပ်ခွဲမှူးများကတော့

တပ်ခွဲ ၁ ဗိုလ်ကြီး ရဲမောင်[၃]

တပ်ခွဲ ၂ ဗိုလ်မှူး တင်မောင်[၄]

တပ်ခွဲ ၃ ဗိုလ်မှူး ဘရွှေ[၅]

တပ်ခွဲ ၄ ဗိုလ်မှူး ပီဖိုးလှ[၆] (ယခု ပြည်ပတွင် နေထိုင်) တို့ ဖြစ်ကြသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့။

တိုင်းပြည်၏ လွတ်လပ်ရေး ရခဲ့ကြသည်၊

ထိုအခါကျမှပင် ကျွန်တော်တို့၏ လက်မောင်းပေါ်ရှိ ခြသေ့်အမှတ်အသားတို့ကို ဖြုတ်လိုက်ကြကာ ယခု လက်ရှိ မြန်မာ့တပ်မတော်၏ သံခမောက်နှင့် ဓားနှစ်လက် တံဆိပ်ကို တပ်ဆင်လိုက်ကြရပါသည်၊

---

၁။ တောခို (ကျဆုံး)

၂။ သံအမတ်ကြီး (အငြိမ်းစား)

၃။ ဗိုလ်ကြီးဟောင်း

၄။ အယ်ဒီတာချုပ်၊ ချယ်ရီမဂ္ဂဇင်း

၅။ သံအမတ်ကြီး (အငြိမ်းစား)

၆။ ပြည်ပ

http://www.cherrythitsar.org



ကျွန်တော့်ပခုံးမှာတော့ သရဖူရာထူးတံဆိပ်အစား သပြေတစ်ခက်နှင့် ကြယ်တစ်ပွင့်တို့သည် ရွှေရောင်တဝင်းဝင်းဖြင့် ကျက်သရေတင့်စွာ ရောက်ရှိလို့ နေပါပြီ။

လွတ်လပ်ပြီ။ တို့တိုင်းပြည်သည် လူမျိုးခြား၏ လက်အောက်တွင် နှစ်ပေါင်းများစွာ ကျွန်အဖြစ် နေခဲ့ကြရာမှ ယခုတော့ လွတ်လွတ်ကျွတ်ကျွတ်ကြီး လွတ်လပ်ကြပါပြီ။

http://www.cherrythitsar.org

# လွတ်လပ်စ တိုင်းပြည်နနှ

**စစ်နှင့် စစ်သား**

'စစ်ပွဲဟူသည် နိုင်ငံ၏ဝါဒကို တစ်နည်းတစ်ဘာသာအားဖြင့် ဆက်လက်အကောင်အထည်ဖော် ကျင့်သုံးခြင်းသာ ဖြစ်သည်'ဟု စစ်ပါရဂူတစ်ဦးဖြစ်သော 'ကလောစ် ဝသ်'က ဆိုခဲ့သည်။

မှန်ကန်လှပါသည်။ သို့ရာတွင် ကျွန်တော့် အမြင်မှာတော့ ထိုကဲ့သို့ မိမိ၏ ဝါဒကို တစ်နည်းတစ်ဖုံအားဖြင့် (ဝါ) လက်နက်ဖြင့် အကောင်အထည်ဖော်တတ်သူတို့သည် နိုင်ငံတို့သာ မဟုတ်ကြပါ။ စိတ်ဓာတ်ပြင်းပြသည့် လက်နက်ကိုသာ အားကိုးသည့် တိုင်းပြည်တိုင်း၊ လူမျိုးစုတိုင်း၊ အဖွဲ့အစည်းတိုင်းပင် ဖြစ်ကြပါသည်။

နိုင်ငံတစ်ခုသည် မိမိ၏ ဝါဒလမ်းစဉ်အရ အခြား တိုင်းပြည်တစ်ပြည်ကို လွှမ်းမိုးရန် ကြိုးပမ်းရာ၌ အခြားနည်းလမ်းဖြင့် မအောင်မြင်သောအခါ လက်နက်အင်အားဖြင့် ဖိ၍ လာတတ်သည်။ ထိုနည်းအတူ နိုင်ငံရေး အဖွဲ့အစည်းတစ်ခုသည် မိမိ၏ ဝါဒလမ်းစဉ်အရ တိုင်းပြည်

http://www.cherrythitsar.org



အတွင်း၌ လွှမ်းမိုးရန် ကြိုးပမ်းရာ၌ အခြားနည်းလမ်းဖြင့် မအောင်မြင်သောအခါ ထိုတိုင်းပြည်၏အစိုးရအား လက်နက်အားကိုးဖြင့် ဖြုတ်ချရန် ကြိုးစားလာတတ်သည်။

ထိုအခါ စစ်ပွဲဟူသည် ပေါ်ပေါက်လာရသည်။

မည်သို့ပင်ဖြစ်စေ စစ်ပွဲ စပြီဆိုသည်နှင့် ပထမဆုံးသော ကျည်ဆန်သည် ထိုတိုင်းပြည်၏ စစ်သားအား ချိန်ရွယ်၍ ပစ်လွှတ်လိုက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် အရေးအခင်းကို ဦးဆုံးပြေး၍ တွေ့ရသူသည် စစ်သားပင် ဖြစ်ရသည်။ ပထမဦးဆုံး သွေးမြေကျရသူ၊ အသက်ပေးရသူသည်လည်း ထိုစစ်သားပဲ ဖြစ်ပါသည်။ ထိုစစ်သားအဖို့မှာတော့ မည်သူက မှားသည်၊ မည်သူက မှန်သည်ဟူသော အချက်သည် ပြဿနာမဟုတ်ပါ။ မဟုတ်နိုင်တော့ပါ။

ထိုစစ်သားသိဖို့၊ နားလည်ဖို့၊ ယုံကြည်ဖို့ တစ်ခုသာရှိသည်။ အဲဒါက မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ငါ၏ တိုင်းပြည်နှင့် ငါ၏ တပ်မတော်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် တိုင်းပြည်သည် လွတ်လပ်ရေးရခဲ့သည်။

ကွန်မြူနစ်ပါတီ မြန်မာပြည်က ထိုလွတ်လပ်ရေးသည် စစ်မှန်သော လွတ်လပ်ရေးမဟုတ်ဟု ကြွေးကြော်ခဲ့သည်။

၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အိန္ဒိယပြည် ကာလကတ္တားမြို့၌ ကျင်းပသော အာရှအရှေ့တောင်ပိုင်း ကွန်မြူနစ်များ၏ညီလာခံသို့ မြန်မာပြည် ကွန်မြူနစ်ပါတီ၏ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို သခင်သန်းထွန်း ကိုယ်တိုင် ခေါင်းဆောင်၍ တက်ရောက်ခဲ့သည်။

၁၉၄၈ ခုနှစ်၊ မတ်လတွင် မြန်မာပြည် ကွန်မြူနစ်ပါတီ (အလံဖြူ) ကွန်ဖရင့်ကြီးကို ပျဉ်းမနားမြို့၌ ကျင်းပကြသည်။

http://www.cherrythitsar.org



ထိုကွန်ဖရင့်ကြီးမှ ဆုံးဖြတ်ချက်များက ဖဆပလ အစိုးရကို ပြောင်ပြောင်တင်းတင်း စစ်ကြေညာလိုက်သည်။

၁၉၄၈ ခုနှစ်တွင် မတ်လ ၂၈ ရက်နေ့ ဖ ဆ ပ လ အစိုးရက ကွန်မြူနစ် ခေါင်းဆောင်များအား ဖမ်းဆီးရန် အမိန့်ထုတ်သည်။

သို့ရာတွင် နောက်ကျခဲ့ပါပြီ၊ ကွန်မြူနစ်ပါတီ မြန်မာပြည်သည် တောခိုသွားခဲ့ကြပါပြီ။

ထို့နောက်တော့ တောခိုကွန်မြူနစ်တို့သည် စစ်ကြီး အပြီးက ဝှက်ထားခဲ့သော လက်နက်ပုန်းတို့ကို ဖော်ထုတ် စွဲကိုင်ကြကာ နီးရာကျေးရွာများ၊ ရဲကင်းများတို့ကို စီးနင်းတိုက်ခိုက်လာကြပါပြီ၊ တံတားတို့ကို ဖောက်ခွဲကြသည်။ မီးရထားလမ်းများကို ဖျက်ဆီးကြသည်။ ထိုပွဲဦးထွက် အောင်မြင်မှုများကြောင့်လည်းကောင်း၊ ဝါဒဖြန့်ကောင်းမှုကြောင့် လည်းကောင်း၊ ရိုးသားသော တောသူတောင်သား အများအပြားတို့သည် ကွန်မြူနစ်တို့၏ အလံအောက်သို့ မျက်စိလည် လမ်းမှား ရောက်ရှိသွားကြသည်။

ထိုအခါ ကျွန်တော်တို့ တပ်ရင်းတာဝန်ကျရာ ပဲခူးခရိုင် နယ်မြေတစ်ခုလုံးသည် ဆူကျက်စပြုလာသည့် ရေနွေးအိုးကြီးကဲ့သို့ ဟိုမှတစ်ပွက် သည်မှတစ်ပွက် အငွေ့တထောင်းထောင်း ထစပြုလာခဲ့ပါပြီ။

မကြာမီ တိကျသော သတင်းတစ်ခုကို ရလိုက်ကြသည်။ ကဝမြို့အနီး ကုန်းတန်းကြီးရွာတွင် အင်အားကြီးမားသော ကွန်မြူနစ် တပ်ဖွဲ့တစ်ဖွဲ့ ရောက်ရှိနေ၍ ကဝမြို့ကို ခြိမ်းခြောက်လျက် ရှိနေသည်တဲ့။

ထိုရန်သူကို သွားရောက်တိုက်ခိုက်ရန် တာဝန်သည် ကျွန်တော့်အပေါ် သို့ ကျရောက်လာခဲ့ပါသည်။

သို့ရာတွင် ကျွန်တော်၏ ကိုယ်ပိုင် တပ်ခွဲသည် လေ့ကျင့်ရေး မပြီးတပြီး အခြေအနေတွင် ရှိနေသေးသည် ဖြစ်သည်။ ထို့ကြောင့်

http://www.cherrythitsar.org



လေ့ကျင့်ရေးပြီးပြီဖြစ်သော ဗိုလ်ကြီးရဲမောင်၏ တပ်ခွဲ ၁ ကို ခေါင်းဆောင်သွားရမည် ဖြစ်သည်။

ဒါဖြင့် ဗိုလ်ကြီးရဲမောင်ကို ဘာ့ကြောင့် ခေါင်းမဆောင်စေပါသလဲ။ အကြောင်းကတော့ ဗိုလ်ကြီးရဲမောင်သည် ကွန်မြူနစ် အနွယ်ဖြစ်သည်။ မယုံကြည်ရဟူသော အထက်အမိန့်ကြောင့် ဖြစ်သည်။

ကျွန်တော်တို့ ထိုသို့ စစ်ဆင်ရေးအတွက် ခရီးထွက်ရမည်လို့ ကြားသိလိုက်ရသော ကျွန်တော်၏ဇနီး 'နု'ခမျာမှာတော့ မျက်နှာမကောင်းလှ။ လက်ထပ်ပြီးခဲ့သည်ကလည်း မကြာသေး၊ သားဦး မောင်ဗညားအားလည်း ကိုယ်ဝန်လွယ်ထားနေရပြီမို့ ထိုသို့သော အတွေ့အကြုံမျိုး မရှိခဲ့ရသေးသော သူ့အဖို့ အားငယ်ရှာမည်မှာ မုချဖြစ်ပါသည်။

သို့ရာတွင် ချက်ချင်းပင် သူ့မျက်နှာကို အချိုဆုံးသို့ ပြုံးလိုက်ပါသည်။

'ရဲဘော်တွေ အများကြီးပါမှာလားဟင်'

'ပါမှာပေါ့ကွယ်.၊ ရဲဘော်တွေမှ အများကြီး'

ထို့နောက်တော့ တိတ်ဆိတ်စွာပင် ကျွန်တော်၏ စစ်လွယ်အိတ်တို့ကို ပြင်ဆင်ပေးရှာသည်။

ကျွန်တော် ထွက်ခွာခါနီးကျတော့မှ

'ဂရုစိုက်နော်' အဲ့ဒါပဲ မှာလိုက်နိုင်ပါသည်။

စစ်သားနှင့် သံယောဇဉ် မတည့်လိုက်သည့် ဖြစ်ခြင်း။

## ပွဲဦးထွက်နှင့် သွေးတစ်စက်

ကုန်းတန်းကြီးတိုက်ပွဲသည် ဗမာ့သေနတ်ကိုင်တပ်ရင်း ၆ အဖို့ ပထမဆုံးသော တိုက်ပွဲဖြစ်သည်။ ပထမဆုံးအကြိမ် တကယ့်ရန်သူ တကယ့်ကျည်ဆန်နှင့် တွေ့တွေ့ဆိုင်ဆိုင် စနစ်တကျ ရင်ဆိုင်သော ပွဲဦးထွက် ဖြစ်ပါသည်။

http://www.cherrythitsar.org



ထိုအချိန်အထိ ကျွန်တော်တို့ တိုက်ခဲ့ကြသော တိုက်ပွဲတို့သည် လေ့ကျင့်ရေးကွင်းတို့၌သာ ဖြစ်ခဲ့ကြသည်။ ထိုလေ့ကျင့်ရေးကွင်းပြင် တောတောင်တို့တွင် တပ်စုတပ်ခွဲတို့သည် အသွင် အမျိုးမျိုးဖြင့် ချီတက်ခဲ့ကြသည်။ ပစ်ခတ်ခဲ့ကြသည်။ 'ရန်သူ'၏ မြေကတုတ်တို့ကို လုံ့စွပ်ကို ဝင့်ကာ တက်ရောက် သိမ်းပိုက်ခဲ့ကြသည်။

ယခု တွေ့ကြရမည်က ရန်သူစစ်စစ်။ ကျွန်တော် ထားရာတွင် ကျောက်ချနေမည့် စိတ်ကူးဖြင့် ဖန်ဆင်းထားသော ရန်သူ မဟုတ်တော့။ ကျွန်တော်တို့ လှုပ်ရှားသည်နှင့် ယှဉ်ပြိုင်ကာလှုပ်ရှားမည့် ရန်သူဖြစ်သည်။ ကျွန်တော်တို့ ပစ်ခတ်သကဲ့သို့ ပြန်လည်ပစ်ခတ်မည့် ရန်သူဖြစ်သည်။ ကျွန်တော်တို့ ရင်ဆိုင်ကြရမည့် ကျည်ဆန်တို့သည်လည်း တကယ့်ကျည်ဆန် စစ်စစ် လေ့ကျင့်ရေးတို့တွင်ကဲ့သို့ ခေါင်းပေါ် မှလွတ်ရုံမျှဖြတ်ကျော် ပစ်ခတ်ပေးမည့် ကျည်ဆန်များမဟုတ်တော့။ ကျွန်တော်တို့အား တကယ်ထိမှန်စေရန် ချိန်ရွယ်၍ ပစ်ခတ်မည့်ကျည်ဆန်။ ကျွန်တော်တို့ထံသို့ တည့်မတ်စွာ ရှာဖွေလာမည့် ကျည်ဆန်။

သို့ရာတွင် ကဝသို့အသွား လမ်းခရီးတစ်လျှောက်လုံးတွင် ကျွန်တော်သည် ကြောက်ရွံ့တုန်လှုပ်ခြင်း မဖြစ်ခဲ့။ အဲဒါကိုပင် ကိုယ့်ကိုယ်ကို အံ့သြနေမိရသည်။ အမှန်တော့ ကျွန်တော်ကြောက်ရွံ့ခဲ့ပါလိမ့်မည်။ ကိုယ့်ကိုယ်ကို ကိုယ် ဝန်မခံခဲ့ခြင်းသာ ဖြစ်သည်။ ပြီးတော့ စောနေသည့် စိတ်၊ လှုပ်ရှားနေသော နှလုံးသားတို့က ထိုကြောက်စိတ်တို့ကို ဖုံးအုပ်ထားခြင်းသာ ဖြစ်ပါလိမ့်မည်။

စောနေရသည့် စိတ်ကတော့ တိုက်ပွဲသည် အောင်မြင်ပါ့မလား၊ ရန်သူကများ အင်အားသိပ်ကြီးမားနေလို့ ကိုယ့်တပ်က မတိုးနိုင်လျှင်ဖြင့် ဘယ်လိုလုပ်ရပါ့မလဲ၊ ပြီးတော့ တပ်ခွဲကလည်း ကျွန်တော့် အကြောင်း

http://www.cherrythitsar.org



မသိသည့် မျက်နှာစိမ်း တပ်ခွဲ၊ အတွေ့အကြုံမရှိသေးသော တပ်မှူးတစ်ဦး၏ သံသယတွေသည် ကျွန်တော့်ကို နှောင့်ယှက်လာခဲ့ကြသည်။

ရဲဘော်တို့ကို လှည့်၍ ကြည့်မိသည်။ သူတို့သည် တက်သစ်စ လူငယ်လူရွယ်ကလေးများသာ ဖြစ်ကြပါသည်။ အများစုက ကျွန်တော့်ထက် ငယ်ရွယ်ကြသည်။ ကျွန်တော်နှင့် သက်တူရွယ်တူ၊ ကျွန်တော့်ထက်ကြီးသူတို့သည် နည်းပါးလှပါသည်။ စဉ်းစားရင်းမှ မြတ်စွာဘုရား မပြောကောင်း ပြောကောင်း ယခု ပါလာကြသည့် ရဲဘော်တွေအထဲမှ ကျဆုံးမည့်သူများ ရှိလေမလား၊ ဒဏ်ရာရမည့်သူတွေများ ပါလေမလား။ ကျွန်တော့် ရင်တွင်း၌ ကျဉ်စက်မိသွားရသည်။ သူတို့ရဲ့ မျက်နှာတွေကိုလည်း မကြည့်ရက်တော့။

သို့ရာတွင် ထိုအခြေအနေမျိုးကို ရှောင်တိမ်းလို့ မရဆိုသည့် အချက်ကို ရင်လေးစွာဖြင့် လက်ခံလိုက်ရပါသည်။ အမှန်တော့ ကျွန်တော်သည် ရဲဘော်တွေအကြောင်းကိုသာ စဉ်းစားနေမိခဲ့သည်။ ကျွန်တော်ကိုယ်၌ပင် သူတို့နှင့်အတူ ရင်ပေါင်တန်း တိုက်ခိုက်ရမည်ဆိုသည့် အချက်ကို မေ့လျော့နေမိခဲ့သည်။ အဲ့ဒါကို သတိရလိုက်တော့မှ ကျွန်တော် လိပ်ပြာ သန့်သွားပါသည်။

ထိခိုက်ဒဏ်ရာရမှု၊ ကျဆုံးမှုဟူသည် စစ်သား၏ ဘဝတွင် တိုက်ပွဲတိုင်း၌ ရင်ဆိုင်ရမည့် အချက်တစ်ခုဆိုသည်ကို မဝံ့မရဲ လက်ခံလိုက်ရသည်။

ကဝသို့ ထိုနေ့ညနေပိုင်း၌ပင် ရောက်ရှိခဲ့ကြသည်။ ရောက်လျှင်ရောက်ချင်း တပ်စုမှူးများနှင့် တပ်ကြပ်ကြီးတို့ကို ခေါ်ဆောင်၍ ကုန်းတန်းကြီးရွာဘက်သို့ ကင်းထောက်ထွက်ခဲ့ကြသည်။

ကဝမှ ထိုရွာသို့ သွားရာလမ်းသည် လှည်းလမ်းဖြစ်သည်။ ကျွန်တော်တို့သည် လမ်း၏နံဘေး မြေနိမ့်ပိုင်းမှ ကပ်ကာ လျှောက်ခဲ့ကြ၍

http://www.cherrythitsar.org



ရွာနှင့်နီးသောအခါ ကိုက်လေးငါးရာ အကွာသို့အထိ တွားတက်၍ ရွာအခြေအနေနှင့် မြေအနေအထားတို့ကို လေ့လာကြသည်။

ရွာသည် လှည်းလမ်းနှင့်ကိုးဆယ်ဒီဂရီ ထိပ်တိုက်ရှိသော တောင်ကြောကလေးပေါ်တွင် တည်ရှိသည်။ ခံစစ်ဆင်သူအတွက် အထူးကောင်းသောနေရာဖြစ်သည်။ သစ်ပင်ကြီးများဖြင့် အုပ်အုပ်ဆိုင်းဆိုင်းရှိသော ထိုရွာတန်းရှည်ကြီးသည် တုတ်တုတ်မျှ မလှုပ်။ လှုပ်ရှားမှု လုံးဝမတွေ့ရ။ အသံဗလံပင် မကြားရ။ ထိုအချက်ကပင် ရွာထဲ၌ ရန်သူရှိနေကြောင်း ဖော်ပြခြင်းဖြစ်သည်။ ထို့ပြင် ထိုရန်သူသည် ကျွန်တော်တို့ကဝသို့ ရောက်ရှိနေပြီကို သိရှိပြီးကြပါပြီ။

နောက်တစ်နေ့ နံနက် သုံးနာရီတွင် ကဝမှ စတင်ချီတက်ခဲ့ကြသည်။ မှောင်သည်က တစ်ကြောင်း၊ မညီမညာရှိသော လမ်းဘေးမြောင်းထဲမှ ချီတက်ကြရသည်က တစ်ကြောင်းတို့ကြောင့် ချီတက်မှု နှေးကွေးလှသည်။ ထိုအချက်ကို ကြိုတင်ခန့်မှန်း၍ ကျွန်တော်တို့သည် ထိုမျှစောစွာ ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

သို့ချီတက်ခဲ့ကြရင်းမှ တမည်းမည်းဖြင့် ရေးရေးမျှသာ မြင်တွေ့နေရသည့် ရွာကြီးသို့ နီးကပ်သည်ထက် ပိုမိုနီးကပ်လာခဲ့ကြသည်။ သို့ရာတွင် မြေပုံပေါ်'စ'ရပ် အဖြစ် သတ်မှတ်ခဲ့သော ချောင်းကလေးကိုမူ မတွေ့ကြရသေး။

'တွေ့ပြီလားဟေ့' ဆက်သားဖြင့် ရှေ့သို့ လှမ်းမေးသည်။

'မတွေ့သေးဘူး' အဖြေက ပြန်လာသည်၊

တပ်တို့ကို ရပ်လိုက်ရသည်၊ သည်အတိုင်းသာ ဆက်သွားနေပါက ရွာကြီးသို့သာ ရောက်ပါတော့မည်။ ထိုချောင်းကလေးကိုမူ တွေ့တော့မည် မထင်တော့။ ကျွန်တော်ပဲ မြေပုံ အဖတ်မှားခဲ့လေသလား။ ပြန်လည်စဉ်းစားသည်၊ မမှားခဲ့ပါ။ ချောင်းကလေးမှ ထင်ထင်ရှားရှား ချောင်း

http://www.cherrythitsar.org



ကလေး။ သို့ရာတွင် ထိုမြေပုံတို့ကို ပြုစုခဲ့သည်မှာ ကြာမြင့်ခဲ့ပါပြီ။ ထို့ကြောင့် ထိုချောင်းကလေးသည် ထိုကြာမြင့်ခဲ့သော နှစ်များအတွင်း၌ ပျောက်ကွယ်ခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ ရောက်ရှိနေသော နေရာသည် ရွာကြီးနှင့် ကိုက်သုံးရာခန့်သာ ရှိတော့သည်မို့ မှုန်ရီသော အရုဏ်ဦး၏ ဝိုးတဝါးတွင် ကန်သင်းပေါင် တစ်လျှောက်၌ တပ်ဖြန့်လိုက်သည်။ ထိုနေရာ၌ ခေတ္တ နားကြသည်။

မကြာမီ ရွာတန်းကြီး၏ အုပ်ဆိုင်းသော သစ်ပင်ကြီးများထိပ်ဖျား သို့ နေခြည်ဖျော့ကလေး သွယ်တန်းစပြုလာသည်။ အချိန်သင့်ပါပြီ။

'တက်' စတင်ချီတက်ရန် အမိန့်ပေးလိုက်သည်။

ထိုအမိန့်နှင့် အတူ ကျွန်တော်တို့ ကိုယ်၌လည်း လုံခြုံလှသည့် ကန်သင်းပေါင်ကို နှမြောတသသဖြင့် စွန့်ခွာခဲ့ပါသည်။

ကျွန်တော်တို့သည် လယ်ကွင်းများ၏ ရိုးပြတ်တို့အကြားတွင် တွား၍ လှမ်းသည်။ ပြေး၍ တက်သည်။ ကန်သင်းရိုးတစ်ခုမှ နောက်တစ်ရိုးသို့ ပြေးကာ လွှားကာ ကူးပြောင်းမှီခိုခဲ့ကြသည်။

ကိုက် နှစ်ရာ့ငါးဆယ်၊ ကိုက် နှစ်ရာ။

အလင်းရောင်သည် ပိုမို ပီပြင်လာသည်။

ဖောက် ဒိုင်း

ရွာဆီမှ ဂျပန်သေနတ်သံ ခပ်အုပ်အုပ်ကလေး တစ်ချက်ကို စတင် ကြားလိုက်ကြရသည်။ ရန်သူသည် ဆီးကြိုပစ်ခတ်နေပါပြီ။

ထို့နောက်တော့ ရွာတန်းတစ်လျှောက် ဟိုမှသည်မှ သေနတ်သံ တို့သည် တစ်စစဖြင့် ပိုမိုများပြားလာကာ ကျည်ဆန်တို့သည် ကျွန်တော်တို့ ခေါင်းပေါ်တွင် လက်ဖျောက်တီး၍ တီး၍ စူးရှစွာ အော်မြည်နေကြ သည်။

http://www.cherrythitsar.org



ထိုသေနတ်သံနှင့်အတူ ကျွန်တော်၏ တပ်ခွဲသည် တစ်စုံတစ်ဦးက အမိန့်ပေးလိုက်သကဲ့သို့ ချီတက်နေကြရာမှ တညီတညာတည်း တန့်၍ သွားသည်။

'ဟေ့ ဘာလို့ ရပ်နေလဲ၊ သေချင်လို့လား၊ တက် တက်ကွ' အရာရှိ အကြပ်များ၏ အော်ဟစ်သံတို့သည် ဆူညံစွာ ပေါ်ထွက်လာကြသည်။

ထိုအခါမှ ရဲဘော်တို့သည် ကန်သင်းပေါင် တစ်ခုမှ တစ်ခုသို့ ဆက်လက် ပြေးလွှားချီတက်ကြပြန်သည်။ အမှန်မှာ တပ်ခွဲတစ်ခုလုံးသည် ရန်သူ၏ ပစ်ခတ်သံကို စတင် ကြားလိုက်ကြရသဖြင့် တဒင်္ဂအားဖြင့် အံ့အားသင့် သွားမိကြခြင်းပင် ဖြစ်သည်။

ထိုအခိုက်အတန့်ကလေးကို ကျော်လွန်ခဲ့ကြပြီးသည့်နောက်တော့ဖြင့် ကျွန်တော်တို့သည် ပွဲတိုးခဲ့ကြပါပြီ။ သွေးတို့သည် ပူ၍ လာသည်။ ဆူ၍လာသည်။ ရန်သူ၏ သေနတ်သံများနှင့် ကျွန်တော်တို့၏ သေနတ်သံ၊ စိန်ပြောင်းသံတို့ ပိုမို ဆူညံလာလေ၊ ကျွန်တော်တို့ စိတ်တွေသည် ပိုလို့ တက်ကြွလာလေ ဖြစ်လာကြသည်။ ထို့ကြောင့် ဦးတည်လာနေသည့် ကျည်ဆန်တို့အကြား၌ ပြေးလွှားချီတက်မှု၊ ကန်သင်းပေါင် တစ်ခုမှ တစ်ခုသို့ ကူးပြောင်း ခိုလှုံရခြင်းတို့သည် ကြိုးပမ်းမှု လုံးဝမရှိသကဲ့သို့ အလိုအလျောက် ဖြစ်လာကြသည်။ ယခု ပစ်နေတဲ့ ရန်သူ့စက်သေနတ်၊ အဲသည် စက်သေနတ်ဆီသို့သာ ကျွန်တော်တို့၏ စိတ်တို့သည် ရည်မှန်း၍ ကိုယ်ခန္ဓာတို့ကို သယ်ယူပို့ဆောင်လျက် ရှိနေပါတော့သည်။

တစ်ခါတစ်ရံမှာတော့ လေထုကို ထိုးဖောက် ဖြတ်သန်းရိုက်ခတ်သွားသော ကျည်ဆန်တို့၏ နီးကပ်လှသည့် အော်မြည်သံ၊ ထိုကျည်ဆန်တို့သည် မြေသို့ ထောက်မှန်ပြီးနောက် အရှိန်ပြင်းစွာဖြင့် တစ်ဆင့်ထိုးတက်

http://www.cherrythitsar.org



ပျံသန်းသွားသည့် စူးရှသော လေချွန်သံ၊ ထိုသေမင်း ခေါ်သံတို့ကြောင့် ခြေလှမ်းတို့သည် စက္ကန့်ပိုင်းမျှ တုံ့ဆိုင်းသွားမိကြပြန်သည်။ နောက်ထပ် တစ်လျှားတက်ရန်ကိုပင် အကြီးအကျယ် ဝန်လေးသွားမိကြသည်။ သို့ရာတွင် ထိုရန်သူ၏ထံသို့ ရောက်မှပင် ကိစ္စပြီးမည်ဟူသော အသိနှင့် တာဝန်ကြောင့် ရှေ့သို့တစ်လှမ်း တိုးလိုက်ကြပြန်သည်။

စစ်တလင်း၏ အော်မြည်သံတို့သည် ပိုမိုကျယ်လောင် ဆူညံလာသည်နှင့်အမျှ လုံ့စွပ်၏ အခန်းကဏ္ဍသို့ ရောက်လုလုရှိလာသည်နှင့်အမျှ ကျွန်တော်တို့၏ သွေးသားတို့သည် ပိုမိုဆူပွက်လာကြသည်။ ကန်သင်းပေါင်တစ်ခုစီ၊ တစ်ခုစီသည် ကျွန်တော်တို့အား အန်တုနေသကဲ့သို့ရှိလာသည်။ တက်လာဝံ့လျှင်တက်ခဲ့ဟု စိန်ခေါ်သကဲ့သို့ ဖြစ်လာသည်။ ကျွန်တော်တို့သည် ထိုစိန်ခေါ်ချက်ကို အားပါးတရလက်ခံလျက် ၎င်းတို့ကို တစ်ဆင့်မှတစ်ဆင့်ပြေးတက်ကူးပြောင်းခဲ့ရသည်မှာရန်သူ၏ကျည်ဆန်နှင့် ထုပ်ဆီးတိုးတမ်း ကစားနေကြရသည်နှင့်ပင် တူလှပါသည်။ သို့ဖြင့်

လုံ့စွပ် တပ်။

ထို့နောက် မှိုခိုနေကြသော ကန်သင်းပေါင်တို့မှ တညီတညွတ်တည်း ရုတ်ခြည်းထလိုက်ကြ၍ လုံ့စွပ်တွေ တဝင်းဝင်းဖြင့် ရင်ပေါင်တန်းကာ ရွာစပ်သို့ အပြင်းပြေးဝင် စီးနင်းလိုက်ကြသည်။

ရန်သူတို့ ဆုတ်ပြေးကြသည်။

တပ်စုလိုက်ခွဲ၍ ရွာကိုသိမ်းပိုက်လိုက်သည်။ တစ်အိမ်တက်ဆင်းရှာသည်။ ရွာသားတို့ကို စုဝေးစေ၍ စစ်ဆေးသည်။ ရွာအလွန် အရှေ့ဘက် ကွင်းပြင်ဆီမှာတော့ ရန်သူ၏ သေနတ်သံ တဖောက်ဖောက်ကို သဲ့သဲ့ကလေး ကြားနေရပါသေးသည်။

ရွာတွင်း၌ ပြုဖွယ်ရာတို့ပြီးလျှင် ကျွန်တော်သည် ရွာစပ်သို့ ပြန်လာကာ ရေတွင်းတစ်ခု၏ ပေါင်တွင် တပ်ခွဲရုံး အဖွဲ့သား ရဲဘော်

http://www.cherrythitsar.org



သုံးယောက်တို့နှင့်အတူ ထိုင်လိုက်သည်။ လက်တွင်းမှ ခြောက်လုံးပြူးကို အိတ်တွင်းသို့ ပြန်၍ သွင်းလိုက်သည်။ မောလိုက်သည်မှ ခုထိအသက်ရှူ မမှန်သေး။ သို့ရာတွင် ရဲဘော်တွေ၏ ရှေ့မှာမို့ မောသည် မပြဝံ့။ အသက်ကိုမျှ ပြင်းပြင်းပင် မရှူရဲ။ ဟန်ဆောင်ရင်းဖြင့် အိတ်တွင်းမှ စီးကရက်တစ်ဘူးကို ထုတ်၍ ရဲဘော်တို့ကို တစ်လိပ်စီ ဝေငှလိုက်သည်။ ကိုယ်တိုင်လည်း တစ်လိပ်ညှိ၍ သောက်သည်။

တပ်စုတို့မှ အမိန့်သံများ၊ တစ်ဦးကိုတစ်ဦး ခေါ်သံများ၊ လူစုသံများကိုတော့ ပြောက်ကျား ပြောက်ကျား ကြားနေရပါသေးသည်။ တစ်ခဏကြာတော့ ပတ်ဝန်းကျင်သည် တစ်စစဖြင့် တိတ်ဆိတ်၍ လာသည်။ မုန်တိုင်း၏ နောက်ဆွယ်မှ ငြိမ်သက်ခြင်းလို့ပင် ဆိုရပါမည်။

ကွင်းပြင်မှ ဖြတ်ကျော်တိုက်ခတ်လာသည့် လေအေးကလေးသည် ကျွန်တော်ရဲ့ စိုရွှဲနေသည့် ကိုယ်ကို ချွေးသိပ်ပေးနေပါသည်။ ကျွန်တော်သည် ထိုအေးမြမှုတွင် သာယာ ငေးမောနေမိရသည်။ အနီးရှိ ရဲဘော်ကလေးတို့ကမူ ပြီးခဲ့သည့် တိုက်ပွဲအကြောင်းကို တစ်ယောက်တစ်ပေါက် ပြန်လှန် စားမြုံ့ပြန်နေကြသည်။

ဟုတ်ပါသည်။ ပြီးခဲ့သည့်တိုက်ပွဲ၊ သည်တိုက်ပွဲကလေးအနေဖြင့်ကတော့ ပြီးခဲ့ပါပြီ။ အမြတ်ဘယ်လောက် ရလိုက်ပါသလဲ။ ကျွန်တော် ပြုံးမိရသည်။ ရန်သူဟူ၍တစ်ယောက်တလေမျှမမိလိုက်။ ရန်သူ့လက်နက်ဆို၍လည်း မောင်းကျိုးတစ်လက်ပင် မရလိုက်။ ရန်သူတချို့တော့ ဒဏ်ရာ ရသွားကြသည်လို့ ရွာသားတစ်ဦးစ နှစ်ဦးစက ပြောကြသည်။ ကျွန်တော် မယုံ။ ကမ္ဘာပေါ်တွင် အညံ့ဆုံးတပ်ခွဲ တိုက်ပွဲနှင့် တပ်ခွဲမှူးတို့ကို နမူနာပြပါဟု ဆိုပါလျှင် ကျွန်တော်ကိုယ်၌ကပင် ရှက်ရှက်နှင့် ထိုတိုက်ပွဲနှင့် ကျွန်တော့်ကိုယ် ကျွန်တော် လက်ညှိုးထိုးပြရမည် ဖြစ်ပါသည်။

http://www.cherrythitsar.org



သို့ရာတွင် စေ့စေ့တွေးလိုက်ပြန်တော့ အမြတ် လုံးဝမရှိတော့ မဟုတ်ခဲ့။ မြတ်ခဲ့ပါသည်။ အဲသည်အမြတ်ကလေ့ကျင့်ရေး အကြိမ်ပေါင်း ထောင်နှင့်သောင်းနှင့်ချီ၍ ပြုစေကာမူ မရရှိနိုင်သည့် အတွေ့အကြုံ။ အဲသည်အတွေ့အကြုံသည် ကျွန်တော်တို့အဖို့ တန်ဖိုးမဖြတ်နိုင်သော အမြတ်ဖြစ်ပါသည်။

'ကဲ ဟော့ တပ်စုလိုက်သတင်းပို့'

တပ်စုတစ်စုစီလာ၍ သတင်းပို့ကြသည်။ တပ်စုတစ် အကြောင်းထူး မရှိ။ တပ်စုသုံး အကြောင်းထူး မရှိ။ တပ်စုနှစ် သူကတော့ သတင်း မပို့နိုင်သေးပါ။

ဒုတပ်ကြပ် စောမောင်ထွန်း ပျောက်နေပါသတဲ့။

ကဲ ရှာကြစမ်း။

'ဆရာ စောမောင်ထွန်း၊ ဆရာစောမောင်ထွန်း' ရဲဘော်တွေသည် တကြော်ကြော်အော်၍ ခေါ်ကြသည်။ ပြန်လည် ထူးသံကိုတော့ မကြားရ။

နောက်ဆုံးတော့ စိတ်တထင့်ထင့်ဖြင့်

နောက်ကြောင်း ပြန်ရှာကြစမ်း။

ဝေးဝေး မရှာကြရပါ။ ရွာစပ်နှင့် လယ်တစ်ကွက်သာသာတွင်ပင် တွေ့ကြရပါပြီ။

တွေ့ပြီ၊ တွေ့ပြီ။

ကျွန်တော်သည် ရဲဘော်များ ဝိုင်းအုံနေကြသည့် ထိုနေရာသို့ ပြေးသွားခဲ့သည်။

တပ်ကြပ်ကလေး စောမောင်ထွန်း။

ရင်ညွန့်ဆီမှ တစိမ့်စိမ့် တပွက်ပွက် ယိုစီးလျက်ပင် ရှိနေသေးသော ခြင်းခြင်းနီသွေးတို့၏ အိုင်ထဲတွင် ထာဝစဉ် ငြိမ်သက်ခြင်းဖြင့် ချုပ်ငြိမ်း လျက် ရှိနေပါပြီ။

http://www.cherrythitsar.org



ကျွန်တော်သည် ရီဝေလာပြီဖြစ်သော ကျွန်တော့် မျက်လုံးတို့ကို ဖြည်းလေးစွာ မှိတ်ထားလိုက်ရပါသည်။

ကျွန်တော့်ရဲ့ ပထမဆုံး အရှုံး

မြန်မာ့သေနတ်ကိုင် တပ်ရင်း ၆ ပထမဆုံးသော အကျအဆုံး။

ပြည်ထောင်စုကြီး တည်မြဲရေးအတွက် ပွဲဦးထွက်တွင် အသက်ကို ပေးလှူခဲ့ရရှာတဲ့ ဒုတပ်ကြပ် စောမောင်ထွန်း။

**ဗကပတို့ ညာသံ**

နောက်ဆယ်ရက်ခန့် အကြာတွင် တပ်ခွဲတစ်ခုနှင့် ဝေါမြို့သို့ ထွက်ခဲ့ရပြန်သည်။ ပါလာသည့် အရာရှိတို့မှာ ဗိုလ်ကြီးရဲထွန်း[၁]၊ ဗိုလ်ကြီး ချစ်မောင်[၂]၊ ဗိုလ်ကြီး တင်ဦး[၃]၊ ဗိုလ်ကြီး ဘအောင်[၄] တို့ ဖြစ်ကြသည်။

သည်တစ်ခါ သတင်းကတော့ ကွန်မြူနစ်တို့သည် ဝေါမြို့ ပတ်ဝန်းကျင်တွင် စုရုံးနေကြသည်တဲ့။

ဝေါမြို့သို့ ညနေဘက်တွင် ရောက်သွားသည်။ မှန်ပါသည်။ တစ်မြို့လုံး ချောက်ချားလျက် ရှိနေကြသည်။ သတင်းတွေကလည်း အမျိုးစုံ။ သူပုန်တစ်ထောင်ကျော်လောက် ရှိတယ်တဲ့။ အချို့ကလည်း နှစ်ထောင်ဟု ပြောကြသည်။ အရပ်သူ အရပ်သားတို့က တစ်ထောင်ဟု ဆိုသဖြင့် ကျွန်တော်တို့ကသုညတစ်လုံးဖြုတ်လိုက်ကာ တစ်ရာဟုကောက် နုတ်ချက်ချလိုက်သည်။ ထိုတစ်ရာသည်ပင်လက်နက်အပြည့်အစုံပါရှိမည်

၁။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၂။ ဗိုလ်မှူး (အငြိမ်းစား)
၃။ ဒုတိယဝန်ကြီးဟောင်း
၄။ ကွယ်လွန်

http://www.cherrythitsar.org



မဟုတ်။ ရန်သူ ဘယ်မှာလဲ။ အဲဒါကိုတော့ ဘယ်သူမှမဖြေနိုင်ကြ။ အနီး အနားက ရွာတန်းညို့ညို့တို့ကိုသာ ဟိုထိုး သည်ထိုး လက်ညှိုးထိုးပြကြ သည်။

ကျွန်တော်တို့သည် မမောင်မီ တပ်စုတို့ကို နယ်မြေများသတ်မှတ်၍ နေရာချလိုက်သည်။ ခံစစ် အစီအစဉ်တို့ကိုသာ အားလုံးတို့အားနားလည် စေသည်။ တပ်စုများ နေသားတကျရှိလျှင် ကျွန်တော်နှင့်ဗိုလ်ကြီးရဲထွန်း တို့သည် တစ်ခေါက်လှည့်၍ စစ်ဆေးကြသည်။ ပြုပြင်စရာတို့ကို ထပ်ဆင့် ညွှန်ကြား၍ ကျေနပ်ပြီးမှ တပ်ခွဲရုံး ခေတ္တ ဖွင့်လှစ်ထားရာ ဗိုလ်တဲသို့ ပြန်ခဲ့ကြသည်။

ညစာ စားပြီးလျှင် ပါလာသော သတင်းစာတို့ကိုဖတ်ရင်း မောမော နှင့်ပင် အိပ်ပျော်သွားမိသည်။

တစ်စုံတစ်ယောက်လာ၍ လှုပ်ကာ နှိုးနေသဖြင့် မျက်လုံးတို့ကို ဖွင့်ကြည့်လိုက်လျှင် ဗိုလ်ကြီးရဲထွန်း။

'ဘာလဲ ညီလေး'

'ရန်သူတွေ ဝိုင်းနေပြီ ကိုကြီးရ'

နာရီကို ကြည့်လိုက်သည်။ သန်းခေါင်ကျော်ကျော်ကလေးပင် ရှိသေး သည်ကို တွေ့ရသည်။ အိပ်ရာဘေး၌ အသင့်ပုံထားသော ယူနီဖောင်း ဝတ်စုံကို ကောက်ကာဝတ်ရင်း

'ဘယ်လောက် များသလဲ' မေးလိုက်သည်။

'မြို့ပတ်ပတ်လည်ပဲ၊ မီးတုတ်တွေနဲ့'

ဝတ်စားပြီးလျှင် ခြောက်လုံးပြူးသေနတ်ကို ခါးတွင် ပတ်လိုက်သည်။

'ကဲ သွားမယ်'

မှောင်ကြီး မည်းမည်းတွင် လက်နှိပ်ဓာတ်မီးကို အုပ်အုပ်ကလေး ထိုးကာ မြို့၏မြောက်ဘက်စခန်းရှိရာသို့ လာခဲ့ကြသည်။ တစ်မြို့လုံးသည်

http://www.cherrythitsar.org



တိတ်ဆိတ်နေသည်။ လမ်းပေါ်တွင် လူသွားလူလာ လုံးဝမရှိ။ သို့ရာတွင် မြို့သူမြို့သားတွေကတော့အိပ်ပျော်ကြဟန်မတူသေး။ပိတ်ထားသည့်တံခါးပေါက်တို့အကြားမှ မီးရောင်လဲ့လဲ့ကလေးတို့ကို အိမ်တိုင်းမှာလိုလိုတွေ့မြင်နေရသည်။ ရပ်ဝေးဆီမှာတော့ လူသံတွေသည်တဝေါဝေါမြည်နေသည်။

ရဲဘော်တွေသည် မြေကတုတ်တို့တွင် နေရာယူပြီး အသင့်ရှိနေကြပါပြီ။

မြို့ပြင်ဘက် ကွင်းပြင်ဆီသို့ ကြည့်လိုက်ရာတွင် တလှုပ်လှုပ်ဝှေ့ယမ်းနေကြသော မီးတုတ်တွေဖြင့် ထိန်ထိန်ညီးနေသည်ကို မိုင်ဝက်သာသာ အရပ်၌ တွေ့ရသည်။ ဟိုဘက်မှာလည်း မီးတုတ်တွေ၊ သည်ဘက်မှာလည်း မီးတုတ်တွေ။ မြို့ပတ်ပတ်လည်ကို ဝိုင်းထားကြသည်။ အသံတွေကလည်း အဝီစိပွက်သလို ဆူညံလျက်ရှိသည်။

ထိုမျှ များပြားသော လူအုပ်ကြီးတွင် အားလုံးကတော့ သူပုန်မဖြစ်နိုင်ပါ။ နီးစပ်ရာရွာမှ ရွာသူရွာသား ကလေးတွေပါမကျန် သိမ်းကျုံးမတင် ခေါ်လာခြင်းပင် ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် လက်နက် အရေအတွက်အားဖြင့် များများစားစား ပါစရာ အကြောင်းမရှိ။

တစ်ခုကိုပဲ ကျွန်တော့်ရင်တွင်း၌ ပူပူလောင်လောင် စိုးရိမ်လိုက်မိပါသည်။ အကယ်၍များ ထိုလူအုပ်ကြီးသည် သူပုန်တို့၏ ခြိမ်းခြောက်မှု၊ သွေးထိုးပေးမှု၊ အဆွယ်ကောင်းမှုကြောင့် ဇွတ်အတင်း တက်လာပါက ကျွန်တော်တို့ဘက်မှ ပစ်ရခတ်ရပါတော့မည်။ ထိုအခါ များစွာ သေကြေကြပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော့်ထံမှ ပစ်မိန့်မရဘဲ မည်သူမျှ စတင် မပစ်ကြရန် အမိန့်ကို ပေးလိုက်ရသည်။

ခဏကြာတော့ မီးတုတ်တွေသည် တဖြည်းဖြည်း နီး၍ နီး၍ ကပ်လာကြသည်။ သူတို့၏ အသံတွေလည်း ပို၍ ပို၍ ကျယ်လောင်ဝီသ လာကြပါပြီ။

http://www.cherrythitsar.org



'ဟေ့ စစ်တပ်တွေ၊ လက်နက်ချဟေ့၊ ဝိုင်းဟ ဝိုင်းဟ'

သူတို့က တစ်စတစ်စဖြင့် ပိုမို နီးကပ်လာလေ ကျွန်တော်၏ လည်ချောင်းသည် ပိုမို ခြောက်သွေ့လာလေ ဖြစ်နေမိရသည်။

'ဘုရားသိကြားမလို့ မပစ်ပါရစေနဲ့၊ မပစ်ပါရစေနဲ့' အဲဒါကိုပဲ စိတ်တွင်းမှ တတွတ်တွတ် ကျိတ်ကာ ဆုတောင်းနေမိရပါသည်။

ဆုတောင်းသည့်အတိုင်းလည်း ဘုရားသိကြားတကယ် မခဲ့သည်။ ကျွန်တော်တို့ မပစ်ရ၊ မခတ်ရပါ။

မီးတုတ်ကိုင်တို့သည် ကျွန်တော်တို့နှင့် ကိုက်လေးငါးရာအကွာ ခန့်တွင် ရပ်တန့်သွားကြသည်။

ကျွန်တော်သည် အခြေအနေကို တစ်နာရီခန့် ဆက်လက် စောင့်ကြည့် အကဲခတ်သည်။

'ဝိုင်းဟ တက်ဟ' အော်သူအချို့ကတော့ ကျိုးတိုးကျဲတဲ အော်နေ ကြဆဲ။ ဒါပေမယ့် မီးတုတ်တို့ကတော့ ရှေ့သို့ မတိုးလာကြတော့။

'ဒါပါပဲ ညီလေးရ' ကျွန်တော်က ဗိုလ်ကြီးရဲထွန်းသို့ လှည့်၍ ပြောသည်။

'အင်း၊ ဒါပါပဲ' သူကလည်း သဘောတူသည်။

'ဒါဖြင့် တပ်စိတ်တစ်စိတ်မှာ ကင်းနှစ်ယောက်စီပဲချ၊ ကျန်တဲ့ရဲဘော် တွေ အိပ်ကြပစေ၊ မနက် လေးနာရီ အားလုံး နေရာယူ'

ထို့နောက်တော့ ကျွန်တော်တို့သည် ကင်းစေ့ လိုက်လံစစ်ဆေး၍ ဗိုလ်တဲသို့ ပြန်ခဲ့ကြသည်။

ထိုညအဖို့ ဒါပဲ ဖြစ်သည်။ ရန်သူသည် မတိုက်ပါ။ နောက်တစ်နေ့ တွင်လည်း မတိုက်ပါ။ ထို့နောက်မှာတော့ မြို့ကိုလည်း လာရောက် မဝိုင်းတော့ပါ။

http://www.cherrythitsar.org



နှစ်ရက်ခန့်အကြာတွင် မီးရထားလမ်းတစ်လျှောက် စစ်တောင်းဘက်သို့ ထွက်၍ ရွာကို ရှင်းလင်းကြသည်။ အဖျားရွာသို့ မရောက်မီ မိုင်ဝက်ခန့်အလိုတွင် ရန်သူတပ်စိတ် တစ်စိတ်ခန့်၏ လုမ်း၍ ပစ်ခြင်းကို ခံရသည်။ သို့ရာတွင် ကြီးကြီးကျယ်ကျယ်တော့ မဟုတ်။

ရွာကို သိမ်းပိုက်ပြီးလို့ လှည့်လည်ကြည့်လိုက်တော့ ရွာအစွန် တစ်ဘက်တွင် ထူးထူးဆန်းဆန်း မြင်ကွင်းတစ်ခုကို မြင်လိုက်ရပါသည်။

ရွာသူရွာသား တစ်ရာကျော်ခန့်တို့သည် ကွက်လပ်တစ်ခုတွင် စုဝေးနေထိုင်ကြသည်။ မေးမြန်း စစ်ဆေးရန် ခေါ်ထားခြင်း ဖြစ်ပါလိမ့်မည်။ ၎င်းတို့ကို ရဲဘော်တစ်ဦးတည်းက စောင့်ကြပ်သည်။ သူ၏ ခြိမ်းခြောက်သံကိုလည်း ကျွန်တော် ကြားလိုက်ရသည်။

'ပြေးမယ်တော့ မကြံနဲ့နော်၊ ဟောဒါကြီးနဲ့ ပစ်ထည့်လိုက်မယ်'တဲ့။

သူ့ရင်ခွင်မှာပိုက်ပြီး ရွာသားတွေကို ချိန်ရွယ်ထားသည့် လက်နက်ကို ကြည့်လိုက်မိတော့ ကျွန်တော့်မှာ တစ်ဘက်သို့လှည့်၍ ပြုံးလိုက်မိရသည်။

သူပြောတဲ့ 'ဟောဒါကြီး'ဆိုသည်က နှစ်လက်မ မော်တာ။

ဒါပေမယ့် အဲ့သည်ခေတ်ကတော့ တောသူတောင်သားတွေသည် 'လှိုင်ဖို'သေနတ်လောက်ကိုသာ မြင်ဖူးကြပါသေးသည်။ 'စတင်း' 'ဘဒင်း' ဆိုတာတွေကို များစွာ မသိကြသေး။ 'ဟောဒါကြီး'ဆိုတဲ့ မော်တာဆိုတော့ ဝေးစွ။

**လက်ဝဲညီညွတ်ရေး**

ဝေါမြို့မှ ပြန်လည်ရောက်ရှိပြီးနောက် တပ်ရင်းတွင် ကြာကြာ မနေရသေး။ ရန်ကုန်သို့ ရက်အကန့်အသတ်မရှိ သွားရောက်နေထိုင်ရန် အကြောင်းပေါ်လာခဲ့သည်။

http://www.cherrythitsar.org



လွတ်လပ်စ တိုင်းပြည်တိုင်းသည် လွတ်လပ်ရေး သူငယ်နာ ရောဂါကို ခံရစမြဲ ဖြစ်ကြသည်ကို သမိုင်းအဆက်ဆက် အထူးသဖြင့် ဒုတိယ ကမ္ဘာစစ်ကြီး နောက်ပိုင်းခေတ်တွင် တွေ့ရှိကြရမည် ဖြစ်ပါသည်။

ကျွန်တော်တို့ တိုင်းပြည်ကမူ လွတ်လပ်ရေး သန္ဓေတည်သည်ကပင် စတင်၍ ရောဂါမျိုးစုံစွဲကပ် ပါလာခဲ့ဟန် တူရှာသည်။ မွေးပြီဟု ဆိုသည်နှင့်ပင် ငွေ့ငွေ့ကလေးမျှသာ ပါလာသော အသက်ကို လုနေကြရပါပြီ။

ကွန်မြူနစ်တို့က တောခိုကြသည်။ ဤသည်ပင် မွေးကင်းစ ရက်သားကလေး၏ အင်အားကို ချည့်နဲ့စေခဲ့သည်။ ထိုသို့ အင်အားချည့်နဲ့သည်နှင့်တစ်ပြိုင်နက် အခြားအခြားသောရောဂါတို့သည် စုပြုံဝင်ရောက်လာကြပါတော့သည်။

ကွန်မြူနစ်တို့ တောခိုကြသောအခါ ထို ကွန်မြူနစ်တို့အပေါ်တွင် သံယောဇဉ် ငြိတွယ်လျက်ရှိသော ပြည်သူ့ရဲဘော်တွေသည် မတည်ငြိမ် ဖြစ်လာခဲ့ကြသည်။ ထိုအခါ မုန်တိုင်း၏ နောက်ဆွယ်တွင် ဒီရေ လှိုင်းတံပိုးတို့သည် ကပ်ကာပါလာတတ်သည့်အလား ကရင်အမျိုးသားသမဂ္ဂ (ကေ အင် ယူ)နှင့် ၎င်း၏ လက်နက်ကိုင် အဖွဲ့ဖြစ်သော ကရင်အမျိုးသား ကာကွယ်ရေးအဖွဲ့ (ကေ အင် ဒီ အို) တို့သည်လည်း လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ထိုအညီတို့တွင် ပြည်ပယင်ကောင်တို့သည်လည်း အုံခဲ့ကြပါပြီ။

သည်လိုဆိုရင်ဖြင့် မွေးကင်းစ ထိုကလေးကို ဘယ်လိုကုစားကြရပါ့မလဲ။ ဆေးကောင်းဝါးကောင်း တစ်လက်ကိုတော့ဖြင့် အရေးတကြီး ရှာဖွေကြပါတော့မည်။

ထိုအခါ လက်ဝဲညီညွတ်ရေး ဆေးတစ်ဖုံကို တွေ့မြင်လိုက်ကြသည်။

ထိုဆေးကို ဖော်နည်းကားအတွက် ဖဆပလတို့ဆွေးနွေးကြသည်။ ဆိုရှယ်လစ်တို့ ဆွေးနွေးကြသည်။ ပြည်သူ့ရဲဘော်တွေဆွေးနွေးကြသည်။

http://www.cherrythitsar.org



တစ်သီးပုဂ္ဂလ ကွန်မြူနစ်တွေ ဆွေးနွေးကြသည်။ ထို့ပြင် ဖဆပလနှင့် ပြည်သူ့ရဲဘော်၊ ပြည်သူ့ရဲဘော်နှင့် ဆိုရှယ်လစ်၊ ဆိုရှယ်လစ်နှင့်တစ်သီးပုဂ္ဂလ ကွန်မြူနစ်၊ တစ်သီးပုဂ္ဂလ ကွန်မြူနစ်နှင့် ဖဆပလ နှီးနှောကြသည်။ အပေးအယူတွေ ပြုကြသည်။ သို့ရာတွင် မိုးသာ စင်စင်လင်းပါတော့သည်။ ဇာတ်လမ်းကတော့ အီလည်လည်ဖြင့် မျောလိုရာသို့မျောလို့သာရှိဆဲ။

အဲ့သည်တော့မှ အစဉ်အလာရှိခဲ့သော တပ်မတော်သည် နိုင်ငံ၏ အရေးအခင်းဖြစ်သည်မို့ မနေသာတော့သဖြင့် နိုင်ငံရေးနယ်ပယ်၏ အစပ်သို့ ဝင်ရောက်ခဲ့ကြပါသည်။

တပ်မတော်၏ သဘောထားသည် မည်သို့ ရှိသင့်ပါသလဲ။

တပ်အသီးသီးတို့မှ ကိုယ်စားလှယ်တို့သည် ရန်ကုန်တွင် စုဝေးကြကာ ထိုစဉ်က ဦးထွန်းဝင်း၏ ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ တိုက်ကြီး၌ ညစဉ် စည်းဝေးကြရသည်။ လူများများတော့ မဟုတ်။ ဗိုလ်ချုပ်နေဝင်း[၁]၊ ဗိုလ်မှူးကြီး ဇေယျ[၂]တို့ ခေါင်းဆောင်လျက် လူပေါင်း ဆယ်ဦးခန့်သာဖြစ်သည်။ (ဤတွင် ရာထူးအခေါ်အဝေါ်တို့နှင့် ပတ်သက်လို့ ရှင်းပြလိုပါသည်။ ကျွန်တော်တို့သည် စစ်ကြီးပြီးချိန်တွင် 'ဗိုလ်ချုပ်'ဟု တလေးတစား ခေါ်ခဲ့ကြသည်က ပုဂ္ဂိုလ်ကြီး နှစ်ဦးသာရှိခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်နေဝင်း၊ ထိုသို့သာ ခေတ်အဆက်ဆက်ခေါ်ခဲ့ကြပါသည်။)

ကျွန်တော်သည် ထိုအစည်းအဝေးသို့ သေနတ်ကိုင် တပ်ရင်း ၆ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ရသည်။

---

၁။ ဥက္ကဋ္ဌကြီး (အငြိမ်းစား)
၂။ တောခို (ကျဆုံး)

http://www.cherrythitsar.org



ညနေ ခုနစ်နာရီထိုးလျှင် ကျွန်တော်တို့သည် အားလုံးစုဝေးပြီး ဖြစ်ကြသည်။ ထို့နောက် မကြာမီပင် ဗိုလ်ချုပ်နေဝင်း ရောက်လာသည်။ နိုင်ငံရေးရပ်ကွက်တွင် ထိုနေ့က ဖြစ်ပျက်ခဲ့သမျှ ဆွေးနွေးခဲ့သမျှ အကြောင်းအရာတို့ကို ဗိုလ်ချုပ်က ကျွန်တော်တို့ကို ပြန်လည် ရှင်းလင်းပြသည်။ ထို့နောက် ရှေ့တွင် မည်သို့ဖြစ်သင့်သည်တို့ကို တိုင်ပင်ကြသည်။ သို့ဖြင့် တစ်ညပြီး တစ်ည။

နောက်ဆုံးအဖြေကတော့ ၁၉၄၈ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ကြေညာလိုက်သည့် ထိုစဉ်က ဝန်ကြီးချုပ် ဦးနု၏ 'နုမူ ၁၅ ချက်' နှင့် ၎င်း၏ ဂယက်။

ပြည်သူ့ရဲဘော်အဖွဲ့သည် နှစ်ခြမ်းကွဲသွားသည်။ ရဲဘော်ဖြူနှင့် ရဲဘော်ဝါ။ ရဲဘော်ဝါတို့က 'နုမူ'ကို လက်ခံကြသည်။ ရဲဘော်ဖြူတို့က လက်မခံကြ။

၁၉၄၈ ခုနှစ်၊ ဇူလိုင်လတွင်းတွင် ရဲဘော်ဖြူတို့ တောခိုသွားကြသည်။

ကျွန်တော်တို့ တပ်မတော်ကိုယ်စားလှယ်အဖွဲ့ငယ် အတွင်း၌လည်း လှိုင်းငယ်ကလေးတစ်လုံးက ပုတ်ခတ်သွားပါသေးသည်။

ကျွန်တော်တို့သည် ဦးထွန်းဝင်း၏ တိုက်တွင် ညစဉ်စည်းဝေးနေကြစဉ် တစ်ည၌ ဗိုလ်ချုပ်နေဝင်းနှင့် ဗိုလ်မှူးဇေယျတို့အလာကို စောင့်ကြရင်း ဗိုလ်မှူးထွန်းစိန် (မြူမင်းကြီးဟောင်း)၏ ဟာသတွင် တဟားဟား တဝါးဝါးဖြင့် ရှိနေကြချိန် ဗိုလ်မှူးကြီးဇေယျ ရောက်ရှိလာသည်။

သူသည် ဂရိတ်ကုတ်ဟုခေါ်သော စစ်တပ်သုံး လောင်းကုတ်အင်္ကျီကို ဝတ်ထားသည်။ ဗစ်ရှုတံကလေးကို ရှုကာ ရှုကာဖြင့် ရှိနေသည်။ သူ့မျက်နှာသည်လည်း မကောင်းလှ။

'ဘာဖြစ်လို့လဲ ဗိုလ်မှူး' ကျွန်တော်တို့က မေးကြသည်။

http://www.cherrythitsar.org



'နည်းနည်း နေမကောင်းချင်ဘူးဗျာ၊ အအေးမိနေတယ်' သူက ဖျော့တော့စွာဖြင့် ဖြေသည်။

ဗိုလ်ချုပ်တစ်ဦးသာ လိုပါတော့သည်။ ကျွန်တော်တို့သည် တံခါးပေါက်ဝသို့ မကြာခဏ လှမ်းမျှော် ကြည့်ကြသည်။

မကြာမီ အပြင်ဘက်တွင် ကားဆိုက်သံကြားလိုက်ကြရသည်။

ဟော လာပြီ။

ဗိုလ်ချုပ်နေဝင်းသည် ကြမ်းခင်းကို ပြင်းပြင်းနင်းကာ ဝင်လာနေသည်။ သူ့မျက်နှာသည် သုန်မှုန်နေသည်။

ဗိုလ်မှူးကြီးဇေယျနှင့် ယှဉ်၍ ထိုင်လိုက်သည်။ ပြီးတော့ ဗိုလ်မှူးကြီးဇေယျကို စူးစူးရှားရှား ကြည့်လိုက်သည်။

တစ်စက္ကန့်ပြီး တစ်စက္ကန့်၊ တစ်စက္ကန့်ပြီး တစ်စက္ကန့်။ တစ်ခန်းလုံးသည် တိတ်ဆိတ်လျက် ရှိနေသည်။

တစ်ခုခုတော့ဖြင့် ဖြစ်လာပါပြီ။ ဘာများ ဖြစ်လာပြန်ပါလိမ့်။ ကျွန်တော်တို့ လူငယ်တွေမှာတော့ ရင်တမမ၊ မနေတတ် မထိုင်တတ်၊ မျက်နှာ မထားတတ်။

ထို့နောက် ဗိုလ်ချုပ်သည် ဗိုလ်မှူးကြီး ဇေယျအား စူးစိုက်ကြည့်လျက်ကပင်။

'ကဲ ဗိုလ်ဇေယျ၊ ခင်ဗျား ဘာတွေလုပ်ခဲ့သလဲ၊ ပြောစမ်းပါဦး' ဆိုင်းမပါ ဗုံမဆင့် မေးလိုက်ပါသည်။

ဗိုလ်မှူးကြီး ဇေယျက မော့လိုက်သည်။ သူ့မျက်မှန်ကြီးသည် မီးရောင်တွင် လက်ခနဲ ဖြစ်သွားသည်။ သို့ရာတွင် သူမဖြေ။

'ပြောလေဗျာ' ဗိုလ်ချုပ်က ထပ်ဆင့် တောင်းဆိုလိုက်ပြန်သည်။

အဲ့သည်တော့မှ ဗိုလ်မှူးကြီးဇေယျက လေအေးကလေးဖြင့်

'ကျွန်တော် ဘာလုပ်လို့လဲ' ပြန်၍ မေးသည်။

http://www.cherrythitsar.org



ဗိုလ်ချုပ်က ကျွန်တော်တို့ဘက်သို့ လှည့်လိုက်ပါသည်။ စိတ်ပျက်ခြင်း၊ ကြေကွဲခြင်းတို့သည် သူ့မျက်နှာပြင်ပေါ်တွင် မှောင်ရိပ်ပမာ ဝေဆိုင်းလျက် ရှိနေပါသည်။

'ဒီလိုကွာ' တစ်ဆို့သော အသံဖြင့် ကျွန်တော်တို့ကို ရှင်းပြသည်။

'ဗိုလ်ဇေယျက ဒီနေ့ သခင်နုနဲ့ ဗိုလ်လက်ျာဆီ သွားတယ်၊ ကာကွယ်ရေးဝန်ကြီးရာထူးကို တောင်းတယ်' သူ့အသံသည် ပြောရင်း ပျော့ပျောင်းလာသည်။ သို့ရာတွင် တုန်ယင်လျက် ရှိနေပါသည်။ 'ဘယ်ကောင်းမလဲ၊ တို့က အခုလို စည်းစည်းလုံးလုံးနဲ့ ဆွေးနွေးနေကြတယ်၊ တိုင်းပြည် တစ်ခုလုံးအတွက် လုပ်နေကြတယ်၊ အဲ့ဒါ နောက်ဖေးပေါက်က လှည့်ပြီး အချောင်နိုက်ချင်တဲ့လူက နိုက်ချင်တယ်၊ အလကားပဲ၊ လုပ်နေလဲ ဘာမှ ထူးမှာမဟုတ်တော့ဘူး၊ ကဲဒါပဲ' ဗိုလ်ချုပ်သည် ပြောပြောဆိုဆိုနှင့် ထ၍ ရပ်လိုက်သည်။ ပြီးတော့ ကျွန်တော်တို့ကို တစ်ဦးစီ စေ့စေ့ကြည့်ပြီး 'မင်းတို့လဲ ပြန်ကြတော့'တဲ့။

ထို့နောက် ခေါင်းငိုက်စိုက်ဖြင့် ထွက်သွားပါသည်။

တစ်ခန်းလုံးသည် တိတ်ဆိတ်၍ ကျန်ခဲ့သည်။

သို့ဖြင့် ကျွန်တော်တို့၏ ဆွေးနွေးပွဲသည် တစ်ဝက်တစ်ပျက်နှင့်ပင် အဆုံးသတ်ခဲ့ကြရပါသည်။

## လမ်းနှစ်သွယ်

ရန်ကုန်ဆွေးနွေးပွဲပြီးလို့ တပ်ရင်းသို့ပြန်ရောက်တော့ တပ်ရင်းတစ်ခုလုံးသည် အပြင်ပန်းအားဖြင့် နဂိုအတိုင်းဟန်မပျက် ရှိနေကြပါ သည်။ လေ့ကျင့်ရေးဆင်းသူတို့က ဆင်းနေကြသည်။ ရုံးထိုင်သူတို့က ထိုင်နေကြသည်။ ထမင်းချက်သူတို့က ချက်နေကြသည်။ ဘာမျှထူးခြား

http://www.cherrythitsar.org



မှုမရှိ။ နံနက်လင်းလျှင် အိပ်ရာထ ခရာသံနှင့်အတူ ထကြသည်၊ သစ္စာလေးချက်ဆိုကြသည်။ ပြီးတော့ ကိုယ်စီကိုယ်ငှ တာဝန်ရှိရာသို့ သွားကြလာကြ လုပ်ကြကိုင်ကြသည်။

သို့ရာတွင် ထိုအခြင်းအရာတို့သည် အပြင်ပန်းမျှသာဖြစ်ပါသည်။ ဖုံးကွယ်ထားသော အပေါ်လွှာကို လှစ်ကာ အတွင်းသို့ ကြည့်လိုက်မည်ဆိုပါက ပျားအုံကြီးပမာ တဒီဒီဖြင့်မြည်ဟည်းနေပါလိမ့်မည်။ စီစီညံလျက်ရှိနေပါလိမ့်မည်။ လှုပ်လှုပ်ရွရွဖြင့် အုံကြွနေပါလိမ့်မည်။

ကွန်မြူနစ်ဝါဒသည် ဂျပန်တော်လှန်ရေးအတွက် ပြင်ဆင်ချိန်ကပင် ဖက်ဆစ်ဆန့်ကျင်ရေးနှင့်အတူ တပ်မတော်တွင်းသို့ ဝင်ရောက်လာခဲ့သည်၊ မျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်း၍ ဤဘက်ခေတ်တပ်မတော်ကို ပြန်လည်ဖွဲ့စည်းခဲ့သော အချိန်၌ ထိုဝါဒသည် ဆက်ခံရမည့်အမွေတစ်ရပ်အနေဖြင့် ငြိတွယ်ပါလာခဲ့သည်။

ယခုမူ ပြင်ပတွင် ကွန်မြူနစ်နှင့် ပြည်သူ့ရဲဘော်ဖြူတို့သည် လက်နက်စွဲကိုင်၍ အတိအလင်း ပုန်ကန်လျက် ရှိနေကြသည်။ ထိုဂယက်သည် တပ်တွင်းသို့ရိုက်ခတ်လာခဲ့ပြီး တပ်တွင်းအနှံ့အပြားတို့၌ ကွန်မြူနစ်အနွယ်ဝင် အရာရှိ၊ အကြပ်၊ တပ်သားတို့သည် ကျိတ်ဝိုင်းကလေးတွေဖြင့် ဟိုမှာတစ်စု၊ သည်မှာတစ်စု၊ နိုင်ငံရေးအခြေအနေအရပ်ရပ်ကို လေ့လာကြသည်။ ဆွေးနွေးကြသည်။ စည်းရုံးကြသည်။ အဖြေရှာကြသည်။

ထိုအခါ ကျန်သော ကျွန်တော်တို့တတွေမှာ အထူးပင် ဂရုစိုက်၍ တပ်ကို ထိန်းသိမ်းခဲ့ကြရသည်။ ကျန်သော ကျွန်တော်တို့ဟု ဆိုသည်မှာ ကွန်မြူနစ်ဝါဒကို မလေ့လာသူတွေ၊ လေ့လာသော်လည်း နားမလည်သူတွေ၊ နားလည်သော်လည်း မကြိုက်သူတွေဖြစ်ကြသည်။ ရဲဘော်တွေနှင့် ပိုမိုနီးကပ်စွာ နေကြရသည်။ သူတို့၏ စိတ်များ မလွင့်ပါးစေရန်

http://www.cherrythitsar.org



ကြပ်မတ်ကြသည်။ ထို့ကြောင့် နှစ်ဆယ့်လေးနာရီလုံးလုံးလိုလို တပ်ခွဲ၌သာ အနေများခဲ့ကြရသည်။

သို့ဖြင့် ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်။

ထိုညနေမှာ တပ်ရင်းမှူး ဒု ဗိုလ်မှူးကြီး တင်ဦးက ခေါ်သဖြင့် သူ့အိမ်သို့ သွားရသည်။ ရောက်လျှင် ရောက်ချင်း သူက

'ခင်ဗျား မနက်ဖြန် ရန်ကုန်သွားဗျာ' ခိုင်းသည်။

'ဟုတ်ကဲ့'

'တပ်တွေ တောခိုကြရမယ်တဲ့'

သူ့စကားကိုကြားလိုက်ရတော့ ကျွန်တော့်မှာ မှင်တက်မိသကဲ့သို့ ဖြစ်သွားရသည်။

'ဟင်'

'ဟုတ်တယ်၊ တောခိုကြရမတဲ့၊ အဲဒါ ဆွေးနွေးဖို့ မနက်ဖြန် လာပါတဲ့၊ ခင်ဗျား ကျွန်တော့်ကိုယ်စား သွားပြီး သူတို့နဲ့ ဆွေးနွေးပေါ့' သူက ရှင်းပြသည်။

'ဘယ်ကို သွားရမှာလဲ၊ ဘယ်သူနဲ့ တွေ့ရမှာလဲ'

'တပ်ရင်း ၃ ကိုသွား၊ အဲဒီက လူတွေနဲ့ ဆက်ပေါ့'

'ကျွန်တော်တို့ကရော တောခိုမလို့လား'

သူက သူ့ထုံးစံအတိုင်း လက်ချောင်းထိပ်ကလေးတို့ကို အချင်းချင်း ဆိတ်နေပါသည်။

'အခြေအနေ အားလုံးမှ မသိသေးဘဲ၊ ဘယ် ပြောတတ်ဦးမလဲ၊ ဒါကြောင့် ခင်ဗျားကို လွှတ်တာပေါ့'

'ခိုဆိုရင် တပ်မတော် တစ်ခုလုံး ခိုကြမှာလား'

'အဲဒါ မသိဘူး'

'ဗိုလ်ချုပ်နေဝင်းရော လိုက်မှာလား'

http://www.cherrythitsar.org



'အဲဒါလဲ မသိဘူးဗျ'

ထို့နောက် ကျွန်တော်တို့နှစ်ယောက် အသေးစိတ် ဆက်လက်တိုင်ပင်ကြသည်။ အခြေအနေ အမျိုးမျိုးကို စိတ်ကူးရသလောက် ဖန်တီးကြည့်ကြပြီး ဘယ်လိုအခြေအနေဆိုပါက ဘယ်လိုလုပ်မည် အစရှိသည်တို့ကို စဉ်းစားကြပါသည်။ နောက်ဆုံးရသည့် အဖြေကတော့ ကျွန်တော်သည် မနက်ဖြန် နံနက် မင်္ဂလာဒုံသို့ သွားမည်။ တပ်ရင်း ၃ ၏ အခြေအနေကို လေ့လာမည်။ တောခိုရာသို့ ဗိုလ်ချုပ်နေဝင်း ပါ မပါ စုံစမ်းမည်။

ထိုညက တော်တော်နှင့် အိပ်လို့မပျော်တော့။ အတွေးကွင်းဆက်တို့ကို အတော်မသတ် ဆက်နေမိသည်။ တောခိုရပါက တပ်မတော်သည် ကွန်မြူနစ်၏ ဩဇာခံ ဖြစ်ရတော့မှာလား။ ကျွန်တော်ကဲ့သို့ နိုင်ငံရေး အရောင်အဆင်း မရှိသူတစ်ယောက် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်တပ်မတော်မှလွဲ၍ မည်သည့် ဝါဒစွဲမျှ မရှိသူတစ်ယောက်အတွက် ထိုသို့သော အခြေအနေမျိုးတွင် မည်သို့ အသုံးကျပါမည်လဲ။ အသုံးကျနိုင်ရန်အတွက် ကွန်မြူနစ်ဝါဒကို ကျွန်တော် လက်ခံနိုင်ပါမည်လား။

အိပ်မပျော်သောကြောင့် စကားပြောရန် လူရှာသည်။ ဗိုလ်မှူးဘရွှေ[၁] ကို တွေးမိသည်။ သို့ရာတွင် သူသည် ထိုအချိန်က ဘောလုံးသင်းနှင့် မင်္ဂလာဒုံသို့ လိုက်ပါသွားသည်ကို သတိရသည်။ စိတ်ထဲတွင် မှတ်သားထားလိုက်သည်။ မနက်ဖြန်သူ့ကို ဝင်ရောက်တွေ့ဆုံပြီး အခြေအနေကို ပြောပြခဲ့ရပါဦးမည်။

သို့ဖြင့် သံချောင်းခေါက်သံသည် တစ်ချက်မှ နှစ်ချက်၊ နှစ်ချက်မှ သုံးချက်၊ မျက်လုံးတွေသည် ညောင်းနေကြပြီမို့ စင်းလာကြပါပြီ။ သို့ရာတွင် ဦးနှောက်တွင်းမှာတော့ တွေးစရာ တောစရာတွေသည် အမျှင်လိုက် အတန်းလိုက် ထွေးလုံးရစ်ပတ် နေကြပါသေးသည်။

---

၁။ သံအမတ်ကြီး (အငြိမ်းစား)

http://www.cherrythitsar.org



တောခိုရမည်ကို မကြောက်ပါ။ ကြောက်စရာလည်း မရှိပါ။ အမှန်တော့ တောပင်ခိုစရာ မလိုပါ။ တပ်ရင်း ၃ နှင့် ပေါင်းပြီး ရန်ကုန်၊ ပဲခူး စသည်တို့ကို သိမ်းပိုက်လိုက်ရန်ပဲ ရှိပါသည်။ တို့သိမ်းလိုက်သည်ဟု ဆိုလျှင် ကိစ္စက ပြီးနေပါပြီ။ သို့ရာတွင်. . . သို့ရာတွင်. . . ထို အတွေး အခေါ်တွင် တစ်ခုခုက မှားနေသည်။ ဘဝင်မကျ ဖြစ်နေမိရပါသည်။

နောက်တစ်နေ့ နံနက်စောစော မင်္ဂလာဒုံသို့ ကားတစ်စီးဖြင့် လာခဲ့သည်။ လှည်းကူးသို့ ရောက်ခါနီးတွင် တစ်ဘက်မှ လာနေသော စစ်ကားတစ်စီးနှင့် ဖြတ်လိုက်ရသည်။ လှမ်း၍ ကြည့်လိုက်လျှင် ထိုကား ပေါ်တွင် ပါသွားသူမှာ တပ်ရင်း ၃ မှ ဗိုလ်ကြီး ဗိုလ်သိန်း[၁]။

သူကလည်း ကျွန်တော့်ကို မြင်လိုက်သဖြင့် အူယားဖားယား လက်ပြသည်။ ကျွန်တော့်အား ရပ်ရန် လက်ပြသည်လို့ ထင်သည်။ သို့ရာတွင် ကျွန်တော်မရပ်ခဲ့။ သူနှင့်တွေ့ရလျှင် သူ့ထံမှ မည်သို့သော စကားမျိုး ကြားရမည်ကို ကျွန်တော် သိပြီးဖြစ်ပါသည်။ သူသည် ကျွန်တော်တို့တပ်ရင်း တောခိုရန် ဆွယ်တရားဟောပါလိမ့်မည်။ ကျွန်တော့် အဖို့မှာတော့ သူနှင့်ဆွေးနွေးရုံဖြင့် ကိစ္စကပြီးမည် မဟုတ်။ ထို့ကြောင့် နောက်သို့ပင် လှည့်မကြည့်မိခဲ့။ ဆက်ကာ လာခဲ့သည်။ ယနေ့ ပြန်လည် စဉ်းစားလိုက်တော့ အဲဒါကိုပဲ စိတ်မကောင်းဖြစ်မိရသည်။ ဗိုလ်ကြီး ဗိုလ်သိန်းနှင့် ကျွန်တော်သည် မင်္ဂလာဒုံ ဗိုလ်သင်တန်း ပထမပတ်တွင် အတူတူနေခဲ့ကြရသူတွေ ဖြစ်ကြသည်။ သူသည် ကျွန်တော်၏ ရဲဘော် ရဲဘက်တစ်ဦး ဖြစ်သည်။ ထိုနေ့က သူ့အား နောက်ဆုံးအကြိမ် မြင်လိုက် ရခြင်းဖြစ်သည်။ သူသည် ထိုညပင် တောခိုခဲ့၍ ၁၉၅၇ ခုနှစ်ခန့်က ကသာခရိုင်၌ ကျဆုံးခဲ့သည်။

---

၁။ တောခို ကျဆုံး

http://www.cherrythitsar.org



မင်္ဂလာဒုံသို့ ရောက်လျှင် တပ်ရင်း ၃ သို့ ဝင်ခဲ့သည်။ ကားကို ဂိတ်ဝမှာပင်ထားခဲ့၍ တပ်ရင်းအတွင်းသို့မယောင်မလည်လျှောက်ခဲ့သည်။

ထိုစဉ်က တပ်ရင်း ၃ တပ်ရင်းမှူးမှာ ဒုဗိုလ်မှူးကြီး ရဲထွဋ်[၁] ဖြစ်သည်။ သူ့ကိုလည်း မတွေ့လိုသေးပါ။ သူသည် ကျွန်တော့်အား တောခိုရန် ဆွယ်ပါလိမ့်မည်။ ကျွန်တော် ဦးစွာ တွေ့လိုသူများကတော့ ဗိုလ်မှူး ချစ်မြိုင်[၂] နှင့် ဗိုလ်မှူး စန်းယု[၃] ဖြစ်ပါသည်။

ဗိုလ်မှူးချစ်မြိုင်ကို မတွေ့ရ။ ထို့ကြောင့် ဗိုလ်မှူးစန်းယု၏ ရုံးသို့ လာခဲ့သည်။ အဆင်သင့်ပင် တွေ့ရသည်။ ကျွန်တော့်ကို မြင်လျှင်

'လာဗျို့၊ ကဲ ထိုင်၊ ဆိုစမ်းပါဦး၊ ဘယ်လိုလဲ'

ကျွန်တော်က သူနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်ရင်း

'ကျွန်တော်လဲ ဗိုလ်မှူးတို့အခြေအနေကို သိရအောင် လာခဲ့တာပါပဲ'

ထိုအခါ သူက အသံကို နှိမ့်လိုက်ပါသည်။

'တပ်ရင်းမှူးနဲ့ တချို့ကတော့ ဒီညတောခိုကြမယ်၊ ကျွန်တော်တို့ကတော့ မလိုက်ဘူး၊ တပ်ထဲမှာလဲ လှုပ်လှုပ်ရွရွပဲ၊ သတိထားနေရတယ်'

'ဗိုလ်မှူးချစ်မြိုင်ရော'

'မြို့ထဲ သွားနေတယ်၊ သူလဲ မလိုက်ဘူး'

'ဗိုလ်ချုပ်[၄] ရော'

'ဗိုလ်ချုပ် မပါဘူး'

အဲသည်အဖြေကို ရလိုက်တော့ ကျွန်တော်သည် ကျွန်တော်တို့ တပ်ရင်း ၆ အတွက် အဖြေကိုရပြီး ဖြစ်သွားပါသည်။

---

၁။ ရဲဘော်သုံးကျိပ်ဝင် ဒု ဗိုလ်မှူးကြီးဟောင်း

၂။ ဗိုလ်မှူးကြီး (အငြိမ်းစား)

၃။ သမ္မတကြီး (ကွယ်လွန်)

၄။ ဥက္ကဋ္ဌကြီး (အငြိမ်းစား)

http://www.cherrythitsar.org



'ဒါဖြင့် ကျွန်တော် ပြန်မယ်' ကျွန်တော်က ထလိုက်သည်။

'ခင်ဗျားတို့ တပ်ရင်းကရော' သူက မေးသည်။

'ကျွန်တော်တို့လဲ မပါဘူးပေါ့'

သူက ကျေနပ်စွာပြုံးလိုက်ပါသည်။ ထို့နောက် ကျွန်တော်တို့နှစ်ဦး ဆက်လက် စကားပြောနေကြပါသေးသည်။ တဝကြီးပြောလို့ပြီးကြတော့မှ

'ကဲ ဒါဖြင့် ကျွန်တော် သွားမယ်၊ သတိနဲ့နေပေါ့' သူ့ကို နှုတ်ဆက်ပြီး ထွက်ခဲ့သည်။ ခေါင်းထဲမှာတော့ ပဲခူးကို အမြန်ဆုံးပြန်ဖို့ပဲ စိတ်စောနေပါသည်။

သို့ရာတွင် လမ်းပေါ်သို့ တက်လိုက်လျှင်ပင် တပ်ရင်းမှူးက ကျွန်တော့်အားတွေ့လိုပါသည်ဟု တပ်ကြပ်ကြီး တစ်ဦးက ပြောလာသည်။ ပြေးလို့မလွတ်တော့ပါ။ ထို့ကြောင့် တပ်ရင်းမှူးရုံးခန်းသို့ လာခဲ့ရသည်။

'ထိုင်ဗျာ' ဒု ဗိုလ်မှူးကြီး ရဲထွဋ်သည် ကျွန်တော့်အား လွန်စွာ ဖော်ရွေသော အပြုံးဖြင့် နှုတ်ဆက်သည်။ ထို့နောက် 'ကဲ ဘယ်လိုလဲဗျာ ခင်ဗျားတို့ တပ်က' တိုက်ရိုက် မေးလိုက်သည်။

အဲသည်လို မေးသည်ကိုပင် ကျွန်တော် သဘောကျသွားသည်။ ကျွန်တော့်အဖို့မှာလည်း လှည့်ပတ် ဖြေဆိုနေခြင်းဖြင့် အချိန်ဖြုန်းရုံမျှသာ ရှိပါလိမ့်မည်။

'ကျွန်တော်လဲ အခြေအနေ လာစနည်းနာတာပဲ၊ အခု ဗိုလ်ချုပ် မပါဘူးဆိုတော့ ကျွန်တော်တို့တပ်ကလဲ မလိုက်နိုင်ဘူး ဗိုလ်မှူး'

သူသည် တည်ငြိမ်စွာဖြင့်ပင် ကျွန်တော့်ကို စူးစိုက်ကြည့်နေသည်။ သူ့မျက်နှာသည် အပြုံးမပျက်။

'ဒီလိုလဲ ဘယ်ဟုတ်မလဲဗျ၊ ပုဂ္ဂိုလ်စွဲနဲ့ ဆုံးဖြတ်မယ်ဆိုရင် တော့ မှားမှာပေါ့၊ ပြီးတော့ ဗိုလ်ချုပ်ကလဲ မလိုက်ဘူးလို့ မသေချာသေး ပါဘူး'

http://www.cherrythitsar.org



ကျွန်တော်သည် သူနှင့် အချီအချ စကားစစ်မထိုးလိုတော့ပါ၊ မြန်မြန်ပင် ဖြတ်ချင်လှပါပြီ။

'ကျွန်တော့်အဖြေကတော့ ဒါပါပဲ'

သူ စဉ်းစားနေပါသည်။ ပြီးမှ ထိုင်ရာမှ ထ၍ 'ကဲ လာဗျာ ခဏ၊ ကျွန်တော်တို့ ဗိုလ်ဇေယျနဲ့ သွားတွေ့ရအောင်' ပြောပြောဆိုဆိုဖြင့် ကျွန်တော့်အား သူ့ ဂျစ်ကားရှိရာသို့ ခေါ်သွားပါသည်။

'မဖြစ်ဘူးဗျ၊ အချိန်လဲ မရှိတော့ဘူး၊ ကျွန်တော်ပြန်မယ်' ငြင်းပါသေးသည်။ သို့ရာတွင် မရပါ။

'ခဏလေးပါ၊ ဒီနားလေးတင်ပါ၊ လာပါဗျ'

ထို့ကြောင့် သူနှင့် လိုက်ပါသွားခဲ့ရသည်။ ကျွန်တော်တို့ ဝေးဝေးလံလံ မသွားကြရပါ။ တပ်နှင့် ကပ်လျက် မြောက်ဘက်တောအုပ်ကလေးအတွင်းရှိ တိုက်တန်းလျားကလေးတို့သို့ ဖြစ်သည်။

အစွန်ဆုံး တိုက်အိမ်ကလေး၏ရှေ့တွင် ကားကိုရပ်လိုက်သည်။ အတွင်းသို့ ဝင်သွားလျှင် ဗိုလ်မှူးကြီးဇေယျသည် မျက်မှန်ကြီးတဝင်းဝင်းနှင့် ဧည့်ခန်းကြမ်းပြင်ပေါ်တွင် ထိုင်နေသည်ကို တွေ့ကြရသည်။ သူ့နံဘေးမှာတော့ ဦးသိန်းဖေမြင့် (စာရေးဆရာ ကွယ်လွန်)။

'ဒီမှာဗျ၊ တပ်ရင်း ၆ က ဗိုလ်မှူးတင်မောင်၊ ကဲ သူ့ကို ကြည့်ရှုပြီး အခြေအနေလေး ဘာလေး ရှင်းပြကြပါဦး' ဗိုလ်မှူးရဲထွဋ်က ကျွန်တော့်အား ဗိုလ်မှူးကြီး ဇေယျထံ အပ်ပါသည်။

ဗိုလ်မှူးကြီးဇေယျက ကျွန်တော့်ကို ပြုံးကြည့်နေပါသည်။ ကျွန်တော့်စိတ်ထဲမှာတော့ သူ့အပြုံးသည် အားပါးတရ မရှိ၊ လျော့ရဲလှသည်လို့ ထင်လိုက်မိသည်။

'ကဲ ဘယ်လိုလဲ ဂင်ကီ' ဗိုလ်မှူးကြီးသည် ကျွန်တော့်အား 'ဂင်ကီ'ဟုပင် ဂျပန်နာမည်ဖြင့် ခေါ်တတ်ပါသည်။

http://www.cherrythitsar.org



'သူတို့တပ်က မလိုက်နိုင်ဘူးတဲ့' ဗိုလ်မှူးရဲထွဋ်က ဝင်၍ဖြေသည်။

'ဘာဖြစ်လို့တဲ့လဲ'

'ဗိုလ်ချုပ်နေဝင်း မပါလို့တဲ့ဗျာ၊ အဲဒါ ကြည့်ပြောကြပါဦး'

ထိုအခါ ကျွန်တော်က

'ဟုတ်တယ် ဗိုလ်မှူး၊ အခုဟာက တစ်လုံးတစ်စည်းတည်း စိတ်တူ သဘောတူလဲ မဟုတ်ဘူး၊ ဗိုလ်ချုပ်တို့ မပါဘူး' ပြောရင်းမှ လျှာရှည်လိုက်မိသည်။ 'ပြီးတော့ ကျွန်တော်တို့ ကိုယ်၌ကလဲ တောခိုသင့်တယ်လို့ ယုံကြည်လက်ခံမှု မရှိဘူး'

ထိုအတွင်း ဒုတိယဗိုလ်မှူးကြီးရဲထွဋ် ပြန်သွားသည်။ ဗိုလ်မှူးကြီး ဇေယျသည် ကျွန်တော် ဖြေသည်ကို နားစိုက်ထောင်နေသည်။ ပြီးမှ ဦးသိန်းဖေမြင့်ဘက်သို့ လှည့်၍

'ကဲ ကိုသိန်းဖေ၊ ဟောဒီက ကိုတင်မောင်ကို အခြေအနေ ရှင်းပြစမ်းပါဦး' လက်ဆင့်လွှဲပြောင်း အပ်နှံလိုက်ပြန်သည်။

'ပြောလဲ မထူးပါဘူး ဗိုလ်မှူး' ကျွန်တော်သည် ပဲခူးသို့ပြန်ရန်သာ စိတ်စောလာမိသည်။

'မဟုတ်ဘူးလေ၊ ဖြည်းဖြည်းပေါ့၊ နားထောင်ပါဦး'

ဦးသိန်းဖေမြင့်သည် ကျွန်တော့် အနားသို့ တိုးကပ်လာသည်။ ထို့နောက် ကျွန်တော့်အား အဘယ့်ကြောင့် တောခိုသင့်သည်ဆိုသည်ကို အချက်အလက်စုံလင်စွာဖြင့် နာရီဝက်သာသာပြောဟောပါတော့သည်။

သို့ရာတွင် သူ ပြောသမျှတွေသည် ကျွန်တော့် နားတစ်ဖက်မှ ဝင်၍ တစ်ဖက်သောနားမှ ဖောက်ထွက်သွားကြသည်။ ကုလားသီချင်းကို နားထောင်နေရသော တရုတ်တစ်ယောက်လို ဖြစ်နေရသည်။ ဦးခေါင်းထဲမှာတော့ တပ်ကို အမြန်ဆုံးပြန်ရမယ်၊ ပြန်ရမယ်၊ အဲဒါကိုပဲ တွေးနေမိသည်။

http://www.cherrythitsar.org



'ကဲ ဘယ်လိုလဲ၊ ကျွန်တော် ပြောတာတွေ သဘောပေါက်ရဲ့လား' သူက ပြုံးပြုံးကလေး မေးသည်။

ကျွန်တော်ကလည်း ပြုံးပြုံးကလေးပင် အမှန်အတိုင်း ဖြေလိုက်ပါသည်။

'ကွန်ဗင့်(စ်) မဖြစ်ဘူးဗျာ'

'ဟင်း ခက်လိုက်တာ' သူရော၊ ဗိုလ်မှူးကြီးဇေယျပါ ညည်းညူလိုက်ကြသည်။

အဲသည်တော့ ကျွန်တော်သည် ထွက်ပေါက်ရှာရပါတော့သည်။

'ဒီလိုလေ၊ ကျွန်တော်တစ်ယောက်တည်းနဲ့ ပြီးတာမှ မဟုတ်ဘဲ၊ အခု ပြောပြတာတွေ ကျွန်တော့် တပ်ရင်းမှူးကို တင်ပြပါရစေဦး၊ ကျွန်တော် အစုံအလင် တင်ပြပါ့မယ်၊ စိတ်ချပါ၊ ကျွန်တော့်တို့ ဆွေးနွေးမယ်၊ ပြီးတော့ ဒီညနေ စကားပြန်မယ်၊ ဟုတ်လား'

သူတို့သည် ထိုအဖြေကို စိတ်မပါတပါဖြင့် လက်ခံလိုက်ကြပါသည်။ ဗိုလ်မှူးကြီး ဇေယျကတော့

'ဂင်ကီရေ၊ သေသေချာချာ စဉ်းစားကွယ်' အဲဒါပဲ နောက်ဆုံး မှာလိုက်ပါသည်။

ကျွန်တော်သည် သူတို့ကို နှုတ်ဆက်ပြီး ခပ်သွက်သွက်ကလေး ထွက်လာခဲ့သည်။ လမ်းမကြီးပေါ် ရောက်တော့မှပင် ပင့်သက်ကြီးကို အားပါတရ တဝကြီး ချလိုက်နိုင်ပါတော့သည်။

ထိုညက တပ်ရင်း ၃ တစ်ဝက်ခန့်၊ ဒုတိယ ဗိုလ်မှူးကြီး ရဲထွဋ် ခေါင်းဆောင်၍ တောခိုခဲ့ကြသည်။ ဗိုလ်မှူးကြီးဇေယျလည်း ပါသွားသည်။ ကျွန်တော်တို့ တပ်ရင်း ၆ မှလည်း အရာရှိတစ်ဦးနှစ်ဦးနှင့် ရဲဘော်အချို့ လိုက်ပါသွားကြသည်။ တစ်ချိန်တည်းမှာပင် သရက်မြို့ တပ်ရင်း ၁ သည်လည်း တပ်ရင်းတစ်ရင်းလုံး တောခိုသွားခဲ့ပါသည်။

http://www.cherrythitsar.org



ထိုအခါ ကျန်ရစ်ခဲ့ကြသည့် မြန်မာ့တပ်များမှာ သေနတ်ကိုင် တပ်ရင်း ၃ တစ်ဝက်ကျော်၊ သေနတ်ကိုင် တပ်ရင်း ၄၊ သေနတ်ကိုင် တပ်ရင်း ၅ နှင့် သေနတ်ကိုင်တပ်ရင်း ၆ တို့ ဖြစ်ကြသည်။

ထိုစဉ်က ကျန်တိုင်းရင်းသား တပ်တို့သည် သေနတ်ကိုင် တပ်ရင်း ၂ (အများစုမှာ ကရင်အမျိုးသားများနှင့် အခြားတိုင်းရင်းသားများ)၊ ချင်းသေနတ်ကိုင်တပ်ရင်း ၁၊ ၂။ ၃ ကချင်သေနတ်ကိုင်တပ်ရင်း ၁၊ ၂။ ကရင်သေနတ်ကိုင်တပ်ရင်း ၁၊ ၂၊ ၃။ ခြေလျင်တပ်ရင်း ၄ (ဂေါ်ရခါး အမျိုးသားများ( အစရှိသည်တို့ ဖြစ်ကြသည်။ မှတ်မိသလောက် ဖြစ်သည်။

ရှေ့ရေးကတော့ဖြင့် ရင်လေးဖွယ်ကောင်းလျက် ရှိနေရပါပြီ။

**တောတွင်းမှ ဆက်သား**

ကျွန်တော်တို့ တပ်ရင်း ၆ သည် လေယာဉ်ကွင်းစခန်းမှ ပဲခူးမြို့ တွင်းသို့ ပြောင်းရွှေ့ခဲ့ကြသည်။

ထိုအခါ ကျွန်တော်သည် ဒုတိယတပ်ရင်းမှူး ဖြစ်နေပါပြီ။

တိုင်းပြည်သည် နေရာတကာ၌ ဆူပူလျက်ရှိသည်။ ကွန်မြူနစ် နှင့် ဗိုလ်အုပ်စုတို့က မြေလတ်ပိုင်းတွင် ရဲစခန်းတို့ကို စီး၊ ရွာတွေ မြို့ တွေကို တိုက်၊ တံတားတို့ကို ချိုးနေကြစဉ် ကေအင်ဒီအို လက်နက်ကိုင် တို့သည် မြစ်ဝကျွန်းပေါ်ဒေသနှင့် သထုံ၊ မော်လမြိုင်၊ တောင်ငူ တစ်ဝိုက် တွင် ပေါ်ပေါ်ထင်ထင်ပင် လက်နက်တို့ကို စွဲကိုင်၍ လှုပ်ရှားစပြုလာ ကြသည်။

ထိုအခြေအနေတို့ကြောင့် ကျွန်တော်တို့ တပ်ရင်းမှာ နယ်မြေတွင်းရှိ အချက်အချာဖြစ်သည့် မြို့ရွာတို့ကို ထိန်းသိမ်း၊ မီးရထားလမ်းတို့ကို စောင့်ရှောက်ရ၊ သတင်းအရ စစ်ဆင်ရေးငယ်တို့ ဆင်နွှဲရသဖြင့် လက် မလည်နိုင်အောင် ဖြစ်လာခဲ့ရပါသည်။

http://www.cherrythitsar.org



ထိုစဉ်တွင် တောတွင်းမှ ပေးလိုက်သည့် စာတစ်စောင်ကို ရရှိလိုက်ကြသည်။

ရင်းစာမှာ တောခိုသွားခဲ့သော ဗိုလ်မှူးကြီးဇေယျထံမှ ဖြစ်သည်။ အကြောင်းကတော့ ကေ အင် ဒီ အို အရေးကို တင်ပြ ဆွေးနွေးလိုသဖြင့် ကျွန်တော်တို့နှင့် တွေ့ပါရစေတဲ့။ အဲဒါမှ ဒုက္ခ။

ထိုအချိန်က တပ်မတော်၏ ဦးစီးချုပ်သည် ကရင်အမျိုးသား ဗိုလ်ချုပ်စမစ်ဒွန်း[၁] ဖြစ်သည်။ လက်ခံတွေ့ဆုံသည်ကို အထက်စစ်ရုံးကြီးမှ ကြားသိသွားပါက တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီးတင်ဦး[၂] နှင့် ကျွန်တော်တို့သည် အရေးယူခြင်း ခံကြရမည် မုချ ဖြစ်သည်။

သို့ရာတွင် တောတွင်းမှ စတင်ဆက်သွယ်သည်ဖြစ်သဖြင့် အပေးအယူ တည့်လိုတည့်ငြား၊ ငြိမ်းချမ်းရေး ရလိုရငြား ဟူသောမျှော်လင့်ချက်ကြီးဖြင့် စွန့်စားသင့်သည်ဟု ကျွန်တော်တို့ ဆုံးဖြတ်လိုက်ကြသည်။

တွေ့ဆုံကြရမည့်နေရာသည် ပဲခူး လေယာဉ်ကွင်းရှိ တပ်ရင်းမှူး၏ အိမ်၊ ဗိုလ်မှူးကြီးဇေယျ ကိုယ်တိုင် တပ်ရင်းမှူးအဖြစ် နေထိုင်ခဲ့သော တိုက်ပုကလေးဖြစ်သည်။ ထိုတိုက်ကလေးသည် လေယာဉ်ကွင်းအစပ်တွင် သီးသန့်တည်ရှိသည်။ လေယာဉ်ကွင်းတစ်ဝိုက်ကို စောင့်ရှောက်နေသော ကင်း တပ်စုနှင့်လည်း အလှမ်းဝေးသည်။

ချိန်းဆိုသောနေ့တွင်ပင် သူတို့ရောက်လာကြသည်။ ဗိုလ်မှူးကြီး ဇေယျနှင့် အဖော်တစ်ဦးအား လိုက်ပို့ကြသူတို့သည်လည်း ကျွန်တော်တို့ နှင့် မျက်နှာစိမ်းများ မဟုတ်ကြ။ ကျွန်တော်တို့ တပ်ရင်းမှ တောခိုသွားကြသူများသာ ဖြစ်ကြပါသည်။

---

၁။ ဗိုလ်ချုပ် (အငြိမ်းစား) (ကွယ်လွန်)

၂။ သံအမတ်ကြီး (အငြိမ်းစား)

http://www.cherrythitsar.org



စစ်တပ် လက်ဖက်ရည်ချိုချိုကျကျ သောက်ချင်လှသည်ဆိုသဖြင့် ထိုသူတို့အား ကပျာကယာ ဖျော်၍ တိုက်ရသည်။ သောက်ကြ စားကြ ရင်းမှလည်း ရှေးဖြစ်နှောင်းဖောင်းတွေ ပြောကြ ဆိုကြရင်းဖြင့် ရယ်ကြ မောကြသည်။

'အမယ်၊ ဗိုလ်မှူးတို့ကို ကျွန်တော်တို့ မြင်နေတာပဲ၊ ရန်ကုန်သွားတိုင်း မြင်တယ်၊ ကျွန်တော်တို့က မလုပ်ရက်လို့ လက်ပိုက်ကြည့်နေလိုက်ကြတာ' တဲ့။ တစ်ဦးက မထိတထိ စသည်။

'ရမယ်၊ လုပ်ကြည့်ပါလား' ကျွန်တော်တို့က ခံပြင်းစွာဖြင့် ပြန်၍ ပြောလိုက်သည်။

အဲသည်တော့ သူတို့က တဟားဟား ရယ်လိုက်ကြပါသည်။

သောက်လို့ စားလို့ပြီးတော့ တစ်ဦးက

'ကောင်းလိုက်တာ ဗိုလ်မှူးရာ၊ ဒီလက်ဖက်ရည်မျိုး မသောက်ရတာ ကြာပြီ၊ ကဲ ဗိုက်တော့ ပြည့်ပါပြီ၊ လိုချင်တာကလေး တစ်ခုပဲ ကျန်တယ်' ပြုံးစိစိ လုပ်နေသည်။

'ဘာလဲကွ'

အဲသည်တော့သူက စပ်ဖြီးဖြီးကြီးဖြင့်

'ကျည်ဆန်ကလေး နည်းနည်းပါးပါး'

ကျွန်တော်တို့မှာ ရယ်ရအခက်၊ စိတ်ဆိုးရအခက်။

'ဟေ့ တော်တော်၊ လက်ဖက်ရည်တိုက်တာလဲ လွန်လှပြီ၊ ကဲ မောင်မင်းကြီးသားတွေ ကြွကြပေတော့'

သူတို့အားလုံး ရယ်နေကြပါသည်။ ထို့နောက် သူတို့သည် ကျွန်တော်တို့အား လေးလေးစားစား အလေးပြုကြသည်။ သူတို့၏ မျက်နှာတွေသည် မကောင်းကြ။ ကျွန်တော်တို့၏ မျက်နှာတွေလည်း ထိုနည်း အတူပင်။

http://www.cherrythitsar.org



သူတို့ လေယာဉ်ကွင်းကို ဖြတ်ပြီး တစ်ဖက် ဝါးရုံတောဆီသို့ လျှောက်သွားကြတော့ ကျွန်တော်တို့မှာ သူတို့ကို မျက်စိတစ်ဆုံး မျှော်ကြည့်လိုက်ကြရင်း ရင်တွင်း၌ ဟင်းလင်းစွာဖြင့် ကျန်ရစ်ခဲ့ကြရသည်။

ထို့နောက် ဗိုလ်မှူးကြီးဇေယျကို အိမ်တွင်းသို့ ခေါ်ခဲ့ကြသည်။ သူတို့၏ ဆန္ဒကို ကြားကြရသည်။

သူတို့၏ အမြင်မှာ ကေ အင် ဒီ အို တို့၏ အန္တရာယ်သည် လွန်စွာကြီးမားလာပြီဖြစ်သည်။ ထိုကိစ္စကို တင်ပြဆွေးနွေးရန်အတွက် ဗိုလ်ချုပ်နေဝင်းကို တွေ့လိုပါသည် တဲ့။

ထို နှစ်ရက်၊ သုံးရက် အတွင်းမှာတော့ ဗိုလ်မှူးကြီး စားလိုသည့် ခေါက်ဆွဲနှင့် အခြားအစားအသောက်များ၊ သူအလိုရှိသည့် 'ဗစ်' ပရုတ်ဆီနှင့် အခြားဆေးတို့ကို ဝယ်ပို့ပေးကြရသည်။ ကျွန်တော်တို့အနေဖြင့် ထိုသို့ လေယာဉ်ကွင်းနှင့် မြို့တွင်းကူးသန်းနေကြရသည်မှာလည်း အင်မတန်မှ အန္တရာယ်များလှသည်။ ဗိုလ်မှူးချုပ် စောကြာဒိုးသည် ပဲခူးတွင် ရှိနေပါသည်။

ထိုအတွင်း ဒုဗိုလ်မှူးကြီး တင်ဦးသည် ရန်ကုန်သို့ ဆင်းသည်။ ဗိုလ်ချုပ်နှင့် တွေ့သည်။ ဗိုလ်မှူးကြီး ဇေယျအကြောင်းကို တင်ပြသည်။ ဗိုလ်ချုပ်က အတွေ့ခံမည်ဟု သဘောတူညီမှု ရရှိတော့မှ ကျွန်တော်တို့မှာ ပြုံးနိုင်ရွှင်နိုင် ရှိကြရပါသည်။

သို့ရာတွင် ပြဿနာကတော့ မကုန်သေး။ ဗိုလ်မှူးကြီးဇေယျနှင့် သူ့အဖော်တို့အား ရန်ကုန်သို့ မည်သို့ ပို့ရပါမည်လဲ။ အတော်ကလေး ခေါင်းကိုက်ကြရသည်။ နောက်ဆုံးမှာတော့ ထိုစဉ်က တပ်ရင်းဆေးမှူးဖြစ်သည့် ဗိုလ်ကြီးမောင်သွင် (ဒု ဗိုလ်မှူးကြီး၊ အငြိမ်းစား) အား ဖွင့်ဟတိုင်ပင်ကြရသည်။

http://www.cherrythitsar.org



'လွယ်ပါတယ်၊ လူနာလို ပတ်တီးစည်းပေးပြီး လူနာတင်ကားနဲ့ ခေါ်သွားမယ်'ဆရာသွင်က ပြုံးပြုံးကလေးဖြင့်ရှောရှောရှူရှူပင် သဘောတူ လက်ခံလိုက်ပါသည်။

ထို့ကြောင့် နောက်တစ်နေ့နံနက်တွင် ဗိုလ်မှူးကြီး ဇေယျအား မျက်မှန် ကို ချွတ်၊ မျက်နှာနှင့်ခေါင်းကို ပတ်တီးစည်းပေးပြီး လူနာတင်ကားထဲတွင် လှဲနေစေသည်။ သူ့အဖော်ကိုမူ ဆေးတပ်သား စစ်ဝတ်စုံကို ဝတ်စေ၍ ကားနောက်ပိုင်းအဝတွင် ထိုင်စေသည်။ ဆရာသွင်က ကား၏ အရှေ့ခန်း တွင် ထိုင်သည်။

သူတို့ကို ကျွန်တော်ကဂျစ်ကားတစ်စီးဖြင့် ရှေ့ဆောင်ကာလေယာဉ် ကွင်းမှ ခေါ်ဆောင်ခဲ့သည်။ သို့ရာတွင် တိုက်ဆိုင်ချင်တော့ လေယာဉ်ကွင်း လမ်းနှင့် ရန်ကုန်မန္တလေးလမ်းမကြီးဆုံရာ လမ်းဆုံသို့ အရောက်တွင် သံချပ်ကာကားတစ်စီး ပဲခူးဘက်မှ လာနေသည်ကို အံ့ဩတုန်လှုပ်စွာဖြင့် တွေ့မြင်လိုက်ရပါသည်။

ထိုသံချပ်ကာကားအပေါ်ပေါက်မှ ကိုယ်တစ်ခြမ်းထုတ်ကာ လိုက်ပါ လာသူက ဗိုလ်မှူးချုပ် စောကြာဒိုး။

'ဘယ်လဲဟေ့' ဗိုလ်မှူးချုပ်က ကျွန်တော့်ကို လှမ်းမေးသည်။

ကျွန်တော်က ကားကိုအရှိန်လျှော့လိုက်ကာ စမတ်အကျဆုံးဖြင့် အလေးပြုလိုက်သည်။

'လူနာတစ်ယောက် မင်္ဂလာဒုံဆေးရုံ ပို့မလို့ ဗိုလ်ချုပ်၊ ဗိုလ်ချုပ်ရော ဘယ်လဲ'

'ရန်းဂွန်း'

'ဒါဖြင့် အတော်ပဲ၊ အက်စကော့ (အစောင့်အရှောက်) မပါလို့ ဗိုလ်ချုပ် တစ်ဆိတ်ခေါ်သွားပေးပါ'

အိုကေ။ တဲလ်သမ်းတူဖောလိုးမီ (ကောင်းပြီ၊ ငါ့နောက်က လိုက်ခဲ့ဖို့ ပြောလိုက်) တဲ့။

http://www.cherrythitsar.org



ကျွန်တော်က ဆရာသွင်ကို လက်ပြလိုက်သည်။ ဆရာကတော့ ပြုံးစိစိဖြင့် အေးဆေးတည်ငြိမ်စွာ လိုက်ပါသွားသည်။

သူတို့ ရန်ကုန်ဘက်သို့ ထွက်သွားကြတော့ ကျွန်တော့်မှာ အားအင်ကုန်ခန်းသူ တစ်ယောက်ပမာ တုန်တုန်ယင်ယင်ဖြင့် ထိုနေရာ၌ပင် အတန်ကြာ ဆက်လက် နားနေမိရပါသည်။

ဒု ဗိုလ်မှူးကြီး တင်ဦးနှင့် ကျွန်တော်တို့ကသာ အပင်ပန်းခံလိုက်ကြရသည်။ ဗိုလ်ချုပ်နေဝင်းနှင့် ဗိုလ်မှူးကြီးဇေယျတို့၏ ဆွေးနွေးပွဲသည် မအောင်မြင်ခဲ့၊ ဘာမျှ အရာမထင်ခဲ့။

သို့ဖြစ်ရသည်က တောတွင်းမှ လူတွေသည် တောင်းဆိုချက် တစ်ပွေ့တစ်ပိုက်ကြီးနှင့် လာခဲ့ကြသည်။ ကေအင်ဒီအို အရေးဖြင့် ခြိမ်းခြောက်၍ အကျပ်ကိုင်လိုသော သဘော သက်ရောက်ခဲ့သည်။

မကြာမီ ဗိုလ်မှူးကြီးဇေယျ တောတွင်းသို့ ပြန်သွားသည်ဟု ကြားလိုက်ရသည်။ မည်သို့ ပြန်သွားသည်ကိုတော့ မသိတော့။ ထို့နောက်လည်း သူနှင့် မတွေ့တော့။

## ၁၉၄၉ ခုနှစ် အစ

၁၉၄၈ ခုနှစ်၊ မိုးအနှောင်း ဆောင်းအကူးတွင် ကျွန်တော်တို့ တပ်ရင်း ၆ မှ တပ်ခွဲနှစ်ခွဲကို မိတ္ထီလာသို့ ပို့လိုက်ရသည်။

မရှေးမနှောင်းပင် ထိုတပ်ခွဲနှစ်ခွဲကို အုပ်ချုပ်ရန် ကျွန်တော်ကိုယ်တိုင်ပင် မိတ္ထီလာသို့လိုက်ရန် အမိန့် ရရှိခဲ့သည်။ အမိန့် စာရွက်ပေါ်တွင် မပါရှိသော်လည်း ကျွန်တော် နားလည် သိရှိထားတာကတော့ ကေအင်ဒီအို တို့သည် မကြာမီ အတိအလင်း ပုန်ကန် ထကြွကြပါတော့မည်။ ထိုအခါ ကရင်အမျိုးသား စစ်တပ်တွေသည် အတော်များများ သူတို့ဘက်သို့ ပါသွားကြမည်ဟု ကြိုတင် တွက်ဆထားရမည်ဖြစ်သည်။

http://www.cherrythitsar.org



ထိုအခြေအနေသို့ ဆိုက်လာပါက ကျွန်တော်သည် ထိုတပ်ခွဲနှစ်ခွဲဖြင့် မိတ္ထီလာဒေသကို အတတ်နိုင်ဆုံး ထိန်းသိမ်းထားရန် ဖြစ်သည်။ တတ်နိုင်သရွေ့ မဲတင်းထားရန် ဖြစ်သည်။

ထိုအချိန်က မိတ္ထီလာတွင်ရှိသော အမှတ် ၃ ချင်းတပ်ရင်းသည် ကယားပြည်နယ်တွင် ဆူပူထကြွနေသောပဒေါင်းတို့ အရေးအခင်းကြောင့် ထိုဒေသသို့ တပ်ရင်းတစ်ခုလုံး စစ်ဆင်ရေးထွက်နေကြရသည်။ ထို့ကြောင့် မိတ္ထီလာ တစ်ဝိုက်တွင် ဗိုလ်ကြီးတင့်ဆွေ[၁] နှင့် သူ၏ စစ်ဝန်ထမ်းတပ်တို့သာ ရှိကြသည်။ ပတ်ပတ်လည်မှာတော့ ကရင်အမျိုးသား စစ်တပ်များ။

ပခုက္ကူတွင် ကရင် သေနတ်ကိုင်တပ်၊ မန္တလေးတွင် ကရင် သေနတ်ကိုင်တပ်၊ တောင်ငူတွင် ကရင် သေနတ်ကိုင်တပ်နှင့် ကရင်စစ်ရဲများ၊ ပျဉ်းမနားတွင် ကချင် သေနတ်ကိုင်တပ်၊ မန္တလေး ရန်ကုန် မီးရထားလမ်းတစ်လျှောက် အခြား ကရင်လက်နက်ကိုင် တပ်များ။

သူတို့အဖို့ တောခိုရန်ပင် မလို။ ၎င်းတို့ လက်ရှိ တပ်စွဲထားသော မြို့ရွာများကို 'တို့ သိမ်းလိုက်ပြီဟေ့'ဟု ဆိုရုံဖြင့် ကိစ္စပြီးနိုင်သည့် အနေအထားတွင် ရှိနေသည်။

ထိုအခြေအနေတွင် ကျွန်တော်၏ တပ်ခွဲ နှစ်ခွဲဖြင့် မည်မျှ ခရီးရောက်နိုင်မည်၊ မရောက်နိုင်မည်ကို မြေပုံစာရွက်ကို မဖြန့်ဘဲနှင့်ပင် သိနိုင်ပါသည်။

သို့ရာတွင် စစ်ပွဲဟူသည် အရေအတွက်တစ်ခုတည်းအပေါ်တွင်သာ တည်သည်မဟုတ်။ အခြားအခြားသော အချက်အလက် အကြောင်းအရာများ ဖြစ်ကြသည့် မြေအနေအထား၊ ရာသီဥတု၊ တပ်၏ အရည်အချင်း၊ ဒေသခံလူများ၏ စိတ်ဓာတ် အစရှိသည်တို့နှင့် ထိုအချက်အလက်တို့

၁။ အမှတ် ၁ စက်မှုဝန်ကြီး (အငြိမ်းစား)

http://www.cherrythitsar.org



အပေါ်တွင် မှီ၍ လိုက်လျောကိုက်ညီစွာ တပ်ဖြန့်ခြင်း၊ လှုပ်ရှားခြင်း၊ တိုက်ခိုက်ခြင်းတို့သည်လည်း စစ်မျက်နှာ၏ ချိန်ခွင်လျှာတို့ကို လိုရာဘက်သို့ တိမ်းညွှတ်စေနိုင်သည် ဖြစ်သည်။

ကျွန်တော်သည် ထိုအကြောင်းအရာတို့ကို ခေါင်းထဲတွင် ထပ်တလဲလဲသုံးသပ်ရင်းဖြင့် မိတ္ထီလာသို့ လာသည်။ အခြေအနေကို မသိရှာသော ဇနီးနှင့် ငါးလသားအရွယ်မျှသာရှိသေးသည့် သားငယ်တို့ကမူ မီးရထားဖြင့် မိသားစု တပျော်တပါး သွားလာနေရသည့်အတွက် ကြောင့်ပင် ရွှင်မြူးနေကြပါသည်။

အမှန်တော့ ဇနီးနှင့်သားငယ်တို့ကို ခေါ်ဆောင်လာခဲ့ရန် မဟုတ်။ သို့ရာတွင် ထွက်ခွာသွားနှင့်ပြီဖြစ်သော တပ်ခွဲများ၏ အိမ်ထောင်သည်တို့သည်လည်း ပါသွားကြသည်ဖြစ်သည်က တစ်ကြောင်း၊ အရေးအကြောင်း ပေါ်ပေါက်လာပါက ထိုအမျိုးသမီးများ ကလေးများတို့ကို လွတ်ရာလွတ်ကြောင်းသို့ အချိန်မီ ပို့ဆောင်ပေးနိုင်လိမ့်မည်ဟု ထင်မှတ်ခဲ့သောကြောင့် တစ်ကြောင်းနှင့် အခြားခြားသော အကြောင်းကြောင်းတို့ ကြောင့်သာ ယခုကဲ့သို့ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။

မိတ္ထီလာသို့ ရောက်တော့ဖြင့် အမှားကြီး မှားခဲ့ပြီဆိုသည်ကို သိလိုက်ရပါသည်။ သို့ရာတွင် မည်သို့မျှ မတတ်နိုင်တော့။

ကျွန်တော်၏ တပ်ခွဲတို့သည် မိတ္ထီလာတွင် မရှိကြတော့။ မြောက်ပိုင်းတိုင်း၏ အမိန့်ဖြင့် ကယားပြည်နယ် လွိုင်ကော်သို့ တစ်နေ့ကပင် ပို့လိုက်ပြီဟု တအံ့တဩ ကြားသိလိုက်ရသည်။ ကျွန်တော့်အဖို့မှာတော့ စိတ်အပျက်ကြီး ပျက်သွားမိရသည်။ မိတ္ထီလာတစ်ဝိုက် မြန်မာပြည် အလယ်ပိုင်း ဒေသကြီးတစ်ခုလုံးသည် ကေအင်ဒီအိုတို့အတွက် အတားအဆီးဟူ၍ လုံးဝမရှိတော့ပါ။ မှည့်ဝင်းလျက်ရှိနေပါပြီ။ အသာကလေးပင် ဆွတ်ခူးရန်အသင့်။

http://www.cherrythitsar.org



ပြောင်းလဲခဲ့ပြီဖြစ်သော အခြေအနေကို တပ်ရင်းသို့ အစီရင်ခံ၍ ကလောသို့ ဆက်လက် ထွက်ခွာခဲ့ရသည်။

ကလောတွင်လည်း တပ်ခွဲတို့ကို မမီလိုက်၊ လွိုင်ကော်သို့ ထွက်သွားကြပြီဟု သိရသည်။ ထိုတပ်ခွဲ၏ အိမ်ထောင်စုတို့နှင့် ဥင်းတို့ကို စောင့်ရှောက်ရန် တပ်စိတ် ၂ စိတ်ခန့်သာ ကလောတွင်ကျန်ရစ်ခဲ့သည်။

ကလောတွင် ဗိုလ်မှူးကြင်[၁] ရှိသည်။ သူသည် ကလောတွင် ရှိသော တိုက်ခိုက်ရေးကျောင်းတွင် အမှုထမ်းနေသည်။ ထိုကျောင်း၏ ကျောင်းအုပ်ကြီးကတော့ ဒု ဗိုလ်မှူးကြီး ခင်မောင်မြင့် (သူ့နာမည်ရင်း သည် ဟဒ်လက်စ် ဖြစ်သည်။ ယခု ပြည်ပတွင် နေထိုင်လျက်ရှိ)။ တပ်ရေးမှာ ဗိုလ်မှူးဖိုဒ်။

ကလောတွင်လည်း ပြဿနာ ရှိနေပါသည်။ မြန်မာအရာရှိထဲမှ ကြီးကြီးမားမားဟူ၍ ဗိုလ်မှူးကြင် တစ်ယောက်သာ ရှိသည်။ သူသည် ခင်မောင်မြင့်ကို မယုံ။

'ဒီကောင် သစ္စာဖောက်မယ့် အကောင်ဗျ' သူက အံကိုကြိတ်၍ ပြောပြသည်။

ထို့ကြောင့် ကလောတွင် ကျန်ရှိနေသော ကျွန်တော်၏ တပ်စိတ် ၂ စိတ်ကို လိုသလို အသုံးချရန် သူ့ကို ပေးခဲ့ရသည်။

'နည်းတော့ နည်းတယ်ဗျာ၊ ဒါပေမယ့် လောလောဆယ်တော့ အဲဒီ တပ်စိတ် ၂ စိတ်နဲ့ ခင်ဗျားဆီမှာရှိတဲ့ မြန်မာရဲဘော်တွေကို ပေါင်းပြီး အခြေအနေ ထိန်းပေါ့'

နောက်တစ်ရက်တွင် ကျွန်တော်၏ ဇနီးနှင့် သားမောင် ဗညား တို့ကို ဗိုလ်မှူးကြင်ထံ အပ်ခဲ့၍ ကျွန်တော် ခရီးဆက်ခဲ့သည်။

---

၁။ ကျဆုံး

http://www.cherrythitsar.org



လှိုင်ကော်တွင် အခြေအနေသည် အေးဆေးလျက် ရှိနေသည်။ မှန်သည်။ ကျွန်တော်တို့ မရောက်မီ တစ်ပတ်ခန့်ကပင် ချင်းတပ်ခွဲတစ်ခွဲ ရန်သူ၏ ချုံခိုတိုက်ခိုက်ခြင်းကို အလူးအလဲ ခံကြရသည်။ အတော်များများ ကျဆုံးခဲ့ကြရသည်။ သို့ရာတွင် ကျွန်တော့်အမြင်၌ ချင်း သေနတ်ကိုင် တပ်ရင်းတစ်ခုလုံး ရှိသည်ဖြစ်သဖြင့် ကျွန်တော်၏ တပ်ခွဲ ၂ ခွဲ စစ်ကူ ပို့ရန် လိုသည့်အခြေအနေမျိုး မရှိ။

မည်သို့ပင်ဖြစ်စေ ရောက်လာကြတော့မှ တတ်နိုင်သမျှ ကူညီရ ပါမည်။

ချင်း ၃ တပ်ရင်း၏ တပ်ရင်းမှူးမှာ ဒု ဗိုလ်မှူးကြီး လျှင်ချင်ဇန် (ကွယ်လွန်)ဖြစ်သည်။ သူသည် လူရိုးလူကောင်းကြီးဖြစ်ပါသည်။သို့ရာတွင် အရက်ကိုတော့ကြိုက်ရှာသည်။ ထို့ကြောင့်လည်းသောက်သည်။သောက် သည်မှာ တစ်နေ့လုံးတစ်ညလုံး နှစ်ဆယ့်လေးနာရီ။ တပ်ရင်းကိုကိုင်ထား သူကသူ၏ဒုတပ်ရင်းမှူးဖြစ်သူဗိုလ်မှူးဟာစ်(ချ)ကော့[1]ဆိုသူအင်္ဂလိပ်ကပြား။

ဒု ဗိုလ်မှူးကြီးလျှင်ချင်ဇန်အား ကျွန်တော်သည် ရောက်လာကြောင်း သွားရောက် သတင်းပို့လျှင် သူသည် ကျွန်တော့်အား ဝမ်းသာအားရ ကြိုဆိုရှာသည်။ ထို့နောက် သူ့ရဲ့ စူထွက်နေသော ဘီယာဗိုက်ကြီးကို လက်ဖဝါးကြီးနှစ်ဖက်တို့ဖြင့် ပွတ်ကာ ပွတ်ကာ

'ဝမ်းသာတယ်၊ သိပ်ဝမ်းသာတယ်၊ ရန်သူလား၊ ဆိတော့ ဆိတယ်၊ ဒါပေမယ့် ကိတ်စမဆိပါဘူး၊ အလကားပဲ'တဲ့။

ပြုံးပြုံးကြီးဖြင့် ပြောပြသည်။

နောက်တစ်နေ့တွင် ကျွန်တော်၏ တပ်ခွဲတစ်ခုရှိရာ 'ငွေတောင်' ရွာကလေးသို့ လာခဲ့သည်။ ထိုခေတ်က ထိုရွာကလေးသည် အိမ်ခြေ

---

[1]။ ဗိုလ်မှူးဟောင်း (ပြည်ပ)

http://www.cherrythitsar.org



အနည်းငယ်မျှသာ ရှိသေးသည့် ရွာသိမ်ကလေး ဖြစ်သည်။ ထို့ကြောင့် ပျင်းစရာလည်း ကောင်းလှသည်။

'ဘယ့်နှယ်လဲဗျ၊ ခင်ဗျားတို့ရွာက တကယ့်ကို ပျင်းစရာကောင်းပါလား' တပ်ခွဲမှူးဖြစ်သူ ဗိုလ်ကြီးတင်ဦး[၁] ကို ပြောမိသည်။

'ပျင်းစရာကောင်းတာတော့ ဗိုလ်မှူး မပြောနဲ့တော့၊ ဂေါ်ရခါးရဲဘော်တစ်ယောက်တောင် ရူးသွားဖူးတယ်တဲ့'

ရဲဘော်တွေမှာတော့ အပျင်းပြေစရာဆိုလို့ တပ်ခွဲပိုင် ရေဒီယိုတစ်လုံးသာ ရှိသည်။ ကျန်အချိန်တို့၌ ဘောလုံး အစရှိသည်တို့ ကစားကြရသည်။ အချို့က ကျားကွက်များ ပြုလုပ်၍ ကျားထိုးကြသည်။

နောက် တပ်ခွဲတစ်ခုကတော့ လွိုင်ကော်အထက် ထီးစခန်းတွင် ကားလမ်းစောင့်တာဝန်ကျသည်။ ချောင်းနံဘေးတွင်စခန်းပြုရသည် ဖြစ်သဖြင့် တပ်ခွဲမှူး ဗိုလ်ကြီး ချစ်မောင်[၂] ကလည်းဝါသနာပါသည် ဖြစ်သောကြောင့် ငါးမျှားကြ၊ အမဲလိုက်ကြဖြင့် အချိန်ကုန်လွန်ကြရသည်။ ရန်သူလှုပ်ရှားမှုကတော့ မရှိသလောက်ပင်။

ကျွန်တော်သည် ထိုတပ်ခွဲ ၂ ခုအကြား ကူးချည်သန်းချည်ဖြင့် နေခဲ့သည်။ တစ်ခါတစ်ရံ အခြား အိမ်ထောင်သည် ရဲဘော်တွေနှင့် ရောနှောကာ ကလောသို့ ခေတ္တမျှ ပြန်နိုင်ခဲ့သည်။

ကျွန်တော် နောက်ဆုံးတစ်ခေါက် ကလောသို့ ပြန်လာခဲ့တော့ ဗိုလ်မှူးကြင် မရှိတော့။ လေ့ကျင့်ရေးအဖွဲ့တစ်ခုနှင့် မန္တလေးသို့ သွားနေသည်။ ထိုစဉ်တွင် တစ်ညနေ၌ ဗိုလ်မှူးဖို့ဒ်[၃] သည် ကျွန်တော့်ထံသို့ အူယားဖားယား ပြေးလာသည်။

---

၁။ ဒုတိယဝန်ကြီးဟောင်း

၂။ ဗိုလ်မှူးကြီး (အငြိမ်းစား)

၃။ ထိုစဉ်က ကလောမြို့နယ်တပ်မှူး

http://www.cherrythitsar.org



'ကဲ ဗိုလ်မှူး၊ ပြဿနာတစ်ခုတော့ ပေါ်လာပြီ' ပြောပြောဆိုဆိုဖြင့် သံကြိုးစာတစ်စောင်ကို ပြသည်။

သံကြိုးစာပါ အကြောင်းကတော့ ကရင်သေနတ်ကိုင် တပ်ခွဲ ၂ ခွဲ လှိုင်ကော်သို့သွားရန် ထိုညတွင် ရောက်ရှိမည်။ လှိုင်ကော်သို့ရောက်လျှင် ရောက်ချင်း ၎င်းတို့ကို လက်နက်သိမ်းရန် ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့သည် သူတို့အား မြို့တွင်းသို့အဝင်မခံပဲ။ မြို့ပြင်တွင် တစ်ညသိပ်ရန် စီစဉ်ရသည်။

နောက်တစ်နေ့ သူတို့ ဆက်လက်ထွက်ခွာ သွားကြတော့မှ ကျွန်တော့်မှာ အသက်ရှူချောင်သွားရသည်။

ထိုတပ်ခွဲ ၂ခွဲ လှိုင်ကော်သို့ ချောချောမောမော ရောက်သွားကြသည်။ သို့ရာတွင် လက်နက်ကိုတော့ မသိမ်းလိုက်ရ၊ သိရသရွေ့ကတော့ထိုကရင် တပ်ခွဲများ လှိုင်ကော်သို့ ရောက်သောအခါ ချင်းတပ်ရင်းမှူးက လက်နက် သိမ်းရမည့်အကြောင်းကို ကရင်အရာရှိတို့အားပြောပြသည်။ကရင်အရာရှိ တို့က အသိမ်းမခံကြ။ လက်နက်အပြည့်အစုံဖြင့်တောခိုသွားခဲ့ကြသည်။

ထိုအတွင်း ကေအင်ဒီအို လက်နက်ကိုင်အဖွဲ့တို့သည် တစ်နေ့ တခြား ပိုမို၍ ထကြွလှုပ်ရှားလာကြသည်။ ပေါ်ပေါ်ထင်ထင်ပင် အစိုးရ အား ပုန်ကန်လာကြသည်။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့၌ တောင်ငူမြို့ကို အတိ အလင်း သိမ်းပိုက်လိုက်ကြသည်။ ထိုစဉ်က တောင်ငူတွင် ကရင်သေနတ် ကိုင် တပ်ရင်း ၁ ရှိနေသည်။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အင်းစိန်မြို့ကို သိမ်း ပိုက်လိုက်ကြသည်။ အင်းစိန်တိုက်ပွဲ စသည်။

၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ပြည်မြို့ကို ကရင် သေနတ်ကိုင်တပ်ရင်း ၂ က သိမ်းလိုက်သည်။

http://www.cherrythitsar.org



တောင်ငူမှ သူပုန်တပ်တွေသည် ပဲခူးသို့ဆင်းသည်။ ပြည်မှ သူပုန်တပ်တွေသည် ရန်ကုန်ဘက်သို့စုန်သည်။ ထိုစစ်ကြောင်းနှစ်ကြောင်း စလုံးသည် အင်းစိန်ရှိ ကေအင်ဒီအို တို့နှင့် ပူးပေါင်းကာ ရန်ကုန်ကို သိမ်းဖို့ ရည်ရွယ်သည်။ သို့ရာတွင် သူတို့ နှစ်ဦးစလုံးသည် လမ်းခုလတ်၌ တပ်လန်သွားကြသည်။ ရည်မှန်းချက်သို့ မရောက်ကြ။

တောင်ငူမှ ဆင်းလာသူတို့အား ဒုဗိုလ်မှူးကြီးတင်ဦး[၁]ခေါင်းဆောင်သော ဗမာ့သေနတ်ကိုင်တပ်ရင်း ၆နှင့် ဗိုလ်မှူးအေးငွေ[၂]၊ ဗိုလ်မှူးဝေလင်း[၃] တို့ ခေါင်းဆောင်သော စစ်ရဲစစ်ဝန်ထမ်းတို့က ပဲခူးအဝင်မှာပင် တိုက်ဖျက် တွန်းလှန်လိုက်သည်။

ပြည်မှဆင်းလာသူတို့ကို ဒုဗိုလ်မှူးကြီး ချစ်မြိုင်[၄]ခေါင်းဆောင်သော ဗမာ့သေနတ်ကိုင်တပ်ရင်း ၃ က ဝက်ကော်တစ်ဝိုက်တွင် တိုက်ခိုက် ချေမှုန်းလိုက်သည်။

အင်းစိန်၌ ဗိုလ်မှူးကြီးကျော်ဇော[၅] ခေါင်းဆောင်၍ ဗိုလ်မှူးကြီး ဘလိပ်[၆]၊ ဒုတိယဗိုလ်မှူးကြီးကြည်မောင်[၇]၊ဒုတိယဗိုလ်မှူးကြီးကဲပင်းနက်[၈]၊ ဗိုလ်မှူးစောမြင့်[၉] တို့က ဗမာ့သေနတ်ကိုင်တပ်ရင်း ၅၊ ချင်းသေနတ်ကိုင် တပ်ရင်းနှင့် အခြားရရာ တပ်တို့ကို ဦးဆောင်၍ ကေအင်ဒီအိုတို့အား တတိတိဖြင့် ခွေနေကြရသည်။

တိုင်းပြည်၏ အမှောင်ဆုံးသောနေ့များ စပါပြီ။

---

၁။ သံအမတ်ကြီး (အငြိမ်းစား)
၂။ အယ်ဒီတာချုပ် (စစ်ပြန်)
၃။ ကျဆုံး
၄။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၅။ ဗိုလ်မှူးချုပ် (အငြိမ်းစား)
၆။ ဗိုလ်မှူးချုပ် (အငြိမ်းစား)
၇။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၈။ ဒုတိယဗိုလ်မှူးကြီး (အငြိမ်းစား)
၉။ အယ်ဒီတာချုပ် (မဟေသီမဂ္ဂဇင်း)

http://www.cherrythitsar.org

# မှောင်မည်းဆုံးသော နေ့များ

## တေအင်ဒီအိုတို့ နယ်ချဲ့ပြီ

၁၉၄၉ ခု၊ ဖေဖော်ဝါရီလလယ်လောက်တွင် စစ်ရုံးကြီးမှ အရေးတကြီး ခေါ်သဖြင့် ဒု ဗိုလ်မှူးကြီး လျှင်ချင်ဇန်နှင့် ကျွန်တော်သည် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ရန်ကုန်သို့ ဆင်းခဲ့ကြသည်။

ထိုသို့ ရန်ကုန်သို့အသွား ကျွန်တော်၏ ဇနီးနှင့် သားငယ်တို့ကို ကလောမှ ခေါ်ခဲ့ကာ မိတ္ထီလာရှိ ရင်းနှီးသော အိမ်တစ်အိမ်တွင် ခေတ္တ အပ်နှံခဲ့သည်။

မင်္ဂလာဒုံလေဆိပ်သို့ ရောက်လျှင်ပင် မနက်ဖြန်နံနက် စစ်ရုံးတွင် ဗိုလ်မှူးကြီးထံ သတင်းပို့ရမည်ဟု အမိန့်ရရှိသည်။ (ထိုအခါ ဗိုလ်ချုပ် စမစ်ဒွန်းမရှိတော့ပါ။ ဗိုလ်ချုပ်နေဝင်း[၁]သည် တပ်မတော်ဦးစီးချုပ် တာဝန် ကို ထမ်းဆောင်နေပါပြီ။)

နောက်တစ်နေ့ ၁၉ ရက်နေ့ စစ်ရုံးသို့သွားသည်။ အချိန်အားဖြင့် ၉ နာရီသာသာမျှသာ ရှိပါသေးသည်။ ဗိုလ်ချုပ်၏ ရုံးခန်းသို့ အသွား လှေကားထိပ်မှာပင် ဗိုလ်ချုပ်နှင့် တွေ့ရသည်။

---

၁။ ဥက္ကဋ္ဌကြီး (အငြိမ်းစား)

http://www.cherrythitsar.org



သူသည် ကျွန်တော့်ကို မြင်လျှင် မြင်ချင်း

'ဟော ဖိုးတင်မောင်၊ လာဟေ့' အနီးရှိ အခန်းလွတ်တစ်ခုသို့ ခေါ်သွားသည်။

ထိုင်မိကြသည်နှင့်

'ဂင်ကီ၊ ဒီနေ့ ပြန်ပေတော့'တဲ့။

ထို့နောက်တော့ ဗိုလ်ချုပ်သည် ကျွန်တော့်အား နောက်ဆုံးအခြေအနေတို့ကို ပြောပြသည်။

တောင်ငူရှိကရင် သေနတ်ကိုင်တပ်ရင်း ၁ သည် ကေအင်ဒီအိုတို့နှင့် အတိအလင်းပူးပေါင်းလိုက်ပါပြီ။ ပျဉ်းမနားရှိ ကချင်တပ်ရင်းကလည်း ဗိုလ်နော်ဆိုင်း[၁] ခေါင်းဆောင်ကာ သူပုန်တို့၏နောက်သို့ ပါသွားပြီဖြစ်သည်။ ထို့ကြောင့် တောင်ငူ၊ ပျဉ်းမနား၊ ရမည်းသင်းမြို့ တို့သည် သူတို့၏ လက်တွင်းသို့ ကျခဲ့ပါပြီ။

ယခု သူပုန်တို့သည် မိတ္ထီလာသို့ ဦးတည်၍ ချီတက်နေကြပါပြီ။

'အဲဒါပဲ၊ ဒီတော့ ဂင်ကီ ဒီနေ့ပြန်၊ ဗိုလ်အောင်ကြီးလဲ လိုက်လိမ့်မယ်၊ ပြင်ဦးလွင်ကို သွားကြ၊ အဲ့ဒီမှာ ဗိုလ်မောင်မောင်နဲ့ ဆွေးနွေးပြီး လုပ်စရာရှိတာ ဆက်လုပ်ကြ' ဗိုလ်ချုပ်[၂] က ထိုသို့ပင် တိုတိုတုတ်တုတ် အမိန့်ပေးသည်။ ထို့ထက်လည်း ပိုမို အသေးစိတ်ညွှန်ကြားရန် အချိန်မရှိ။

ထိုစဉ်က တပ်မတော်သည် တစ်ပြည်လုံးကို တိုင်းကြီး နှစ်တိုင်းအဖြစ်သာ ခွဲထားသည်။ မြောက်ပိုင်းတိုင်းနှင့် တောင်ပိုင်းတိုင်း။

---

၁။ တောခို၊ ပြည်ပ

၂။ ဥက္ကဋ္ဌကြီး (အငြိမ်းစား)

http://www.cherrythitsar.org



မြောက်ပိုင်းတိုင်းကို ဗိုလ်မှူးကြီးမောင်မောင်[၁] က အုပ်ချုပ်၍ တောင်ပိုင်းတိုင်းကိုမူ ဗိုလ်မှူးကြီးကျော်ဇော[၂] က အုပ်ချုပ်သည်။ တိုင်းဌာနချုပ်တို့မှာ ပြင်ဦးလွင်နှင့် မင်္ဂလာဒုံတို့ ဖြစ်ကြသည်။

ဗိုလ်ချုပ်ထံမှ ထွက်ခဲ့ပြီးနောက် ကျွန်တော်သည် ဗိုလ်မှူးကြီးအောင်ကြီး[၃] ကို ရှာသည်။ တွေ့လျှင် ပြင်ဦးလွင်သို့တက်ရန် စီစဉ်ကြရသည်။

ထိုနေ့ နေ့လယ်နှစ်ချက်တီးခန့်တွင် ဗိုလ်မှူးကြီးအောင်ကြီး၊ ဒုတိယဗိုလ်မှူးကြီးလှိုင်ချင်ဇန်[၄]နှင့် ကျွန်တော်တို့သည် လေယာဉ်ပျံ အငယ်စားကလေးတစ်စီးဖြင့် ပြင်ဦးလွင်သို့ လာခဲ့ကြသည်။ မောင်းသူကတော့ မျက်နှာဖြူ လူမျိုးတစ်ဦး။

ပြင်ဦးလွင်သို့ ညနေ လေးနာရီခန့်တွင် ရောက်ကြသည်။ ရောက်လျှင်ပင် ဗိုလ်မှူးကြီး မောင်မောင်သည် ထိုနေ့ နံနက်ကပင် မိတ္ထီလာသို့ ဆင်းသွားပြီ ဖြစ်ကြောင်းကို ကြားသိကြရသည်။

ထို့ကြောင့် ကျွန်တော်တို့သည် မိတ္ထီလာသို့ ဆက်လက်ပျံသန်းခဲ့ကြသည်။

## တွေ့ဆုံခြင်းနှင့် တွေ့ကွင်းခြင်း

မိတ္ထီလာသို့ ညနေ ၅ နာရီသာသာခန့်တွင် ရောက်သည်။ ရောက်လျှင်ရောက်ချင်း ဗိုလ်မှူးကြီးမောင်မောင်နှင့် အစည်းအဝေး ထိုင်ကြသည်။

---

၁။ ဗိုလ်မှူးချုပ် (အငြိမ်းစား)
၂။ ဗိုလ်မှူးချုပ် (အငြိမ်းစား)
၃။ ကျဆုံး
၄။ ကွယ်လွန်

http://www.cherrythitsar.org



ထိုနေ့ညကပင် ပျော်ဘွယ်မြို့သည် သူပုန်တို့ လက်တွင်းသို့ ကျဆင်းခဲ့ပါပြီ။

အစည်းအဝေးပြီးတော့ ည ခုနစ်နာရီခွဲ ရှစ်နာရီခွဲခန့် ရှိပြီဖြစ်သည်။

ကျွန်တော်သည် စိတ်မောလူမောဖြင့် အရာရှိရိပ်သာ ဝရန်တာတွင် ခြေပစ်လက်ပစ် ထိုင်နေမိသည်။ အမောအပန်းဖြေပြီးလျှင်ဖြင့် ဇနီးနှင့် သားထံသို့ ခဏတစ်ဖြုတ် သွားရောက်တွေ့ဆုံမည်ဟုစိတ်ကူးနေမိသည်။

ပြင်ပတွင် လရောင်သည် မှုန်ဝါးဝါးဖြင့် မိတ္ထီလာကန်ကြီး၏ ရေပြင်ပေါ်မှ လှိုင်းနုနုကလေးတို့ကို တဖျပ်ဖျပ် ရောင်ပြန်တွေ ဟပ်ပေးနေသည်။ ကန်ကြီး၏ မျက်နှာပြင်မှ ရှပ်တိုက်ကာ ဖြတ်သန်းလာသော ညဥ့်လေညင်းကလေးသည် အေးမြလှပါသည်။

ထိုအခိုက် ရိပ်သာ၏ အဝ၌ လာရောက်ရပ်လိုက်သူက ဗိုလ်မှူးကျော်ထွန်း[၁]။

သူ့ကို မမျှော်လင့်မိ။ ထို့ကြောင့် ခေတ္တမျှ ငေးမောကြည့်နေမိရသည်။ ထို့နောက်တော့ ထိုင်ရာမှ ထလိုက်ကာ ဝမ်းသာအားရ ပြေး၍ ဖက်လိုက်သည်။ ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်နှင့် တစ်ယောက်တော်တော်နှင့် စကားမပြောနိုင်ကြ။

သူ့ကိုမတွေ့ရတာ ကြာခဲ့ပါပြီ။ တပ်ရင်း ၃ တွင် ခွဲခွာခဲ့ကြရပြီး ကတည်းကလိုလို ဖြစ်သည်။ သူ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် ဦးစီး အရာရှိအဖြစ် ရောက်ရှိနေသည်ဆိုတာကိုပင် ကျွန်တော်သည် မေ့နေမိခဲ့ပါသည်။

---

၁။ ကျဆုံး

http://www.cherrythitsar.org



ဗိုလ်မှူးကျော်ထွန်း၊ ကျွန်တော့်ကို ညီရင်းပမာ ချစ်ရှာတဲ့ ကျွန်တော့် အစ်ကို။

'အစ်ကိုကြီး နေကောင်းတယ်နော်'

သူသည် ကျွန်တော့်လက်မောင်းနှစ်ဘက်ကို ဆုပ်ထားဆဲ ရှိနေပါသည်။ သူ၏ချစ်စရာအပြုံးဖြင့် ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်နေသည်။ အဲသည်လိုပြုံးလျှင်အစ်ကိုကြီးသည်အင်မတန်ကျက်သရေရှိသည်။အသားညိုညို၊သန့်ပြန့်ခံ့ညားသောရုပ်ရည်နှင့်ယောကျ်ားပီသသူတစ်ဦးဖြစ်သည်။ စစ်ဝတ်စုံနှင့် အင်မတန် ကြည့်၍ကောင်းသူလည်း ဖြစ်ပါသည်။ ယခု သူသည် စစ်မြေပြင်ဝတ်စုံအပြည့်ဝတ်ဆင်ထားသည်။ ခါးတွင်ခြောက်လုံးပြူး၊ ပခုံးထက်မှ ဘာဘိုင်သေနတ်တစ်လက်ကို လွယ်ထားသည်။

'ကိုယ် ကြားတယ်၊ ညီလေးရောက်နေတယ်ဆိုတာ မအားတာနဲ့ မတွေ့ရတာ'

သူက လေအေးအေးနှင့် ပြောနေသည်။ သူသည် မည်သည့်အခါတွင်မှ ပျာပျာလောင်လောင် မရှိ။ အမြဲတစေ အေးဆေးသော အမူအရာရှိသည်။ စကားကိုလည်း အစဉ်သဖြင့် ချိုသာစွာသာ ပြောတတ်ပါသည်။

'ဝမ်းသာလိုက်တာ' ကျွန်တော့်မှာတော့ ဒါကိုပဲ ထပ်တလဲလဲ ပြောနေမိပါသည်။

'အခုလဲ ခဏပဲ၊ တော်ကြာ သွားရမယ်'

'ဘယ်လဲ'

'ရှေ့တန်းကိုပေါ့'

'အခြေအနေက ဘယ်လိုလဲ'

သူက တော်တော်နှင့် မဖြေ။ အမှန်တော့ ကျွန်တော်သည် မေးမည့်သာ မေးနေသည်။ သိပြီး ဖြစ်ပါသည်။

http://www.cherrythitsar.org



'တပ်မှ မရှိဘဲကွယ်၊ စုလို့ရတဲ့ ချင်းတပ်ရင်းက လူသစ်တပ်စု တစ်စုရယ်၊ ကျန်တာက ဟိုက ဒီက စုထားတဲ့ တပ်စုနှစ်စုလောက်နဲ့ ကြံဖန် စီစဉ်နေရတာ၊ ဒါကြောင့် ကိုယ်ကိုယ်တိုင် သွားနေရတာ'

ကျွန်တော်တို့သည် ရိပ်သာအတွင်းသို့ဝင်ခဲ့ကြသည်။ လိမ္မော်ရည် နှစ်ခွက်မှာ၍ အတူသောက်ကြသည်။

'မဘုတ်ရော နေကောင်းလား' သူက မေးသည်။ ကျွန်တော့် ဇနီး၏ ငယ်နာမည်မှာ ဘုတ်ဆုံ ဖြစ်ပါသည်။ ဆွေမျိုးရင်းချာများက အတိုကောက် 'မဘုတ်' 'ဘုတ်' ဟု ချစ်စနိုးဖြင့် ခေါ်ကြသည်။

'ကောင်းတယ် အစ်ကိုကြီး၊ ညီမက ၀ လို့၊ အခု မြို့ထဲမှာရှိတယ်၊ တော်ကြာမှ ခဏ သွားမလို့'

သူက ပြုံးနေပါသည်။

'ကလေးရော၊ နာမည်က ဗညားဆို'

'ဟုတ်တယ်၊ အခု ကိုးလလောက် ရပြီ၊ မမကြည်ရော နေကောင်းလား' သူ့ဇနီး မမကြည်အကြောင်း မေးရသည်။

'ကောင်းပါတယ်'

ထို့နောက် သူသည် ဖန်ခွက်လွတ်ကို စားပွဲပေါ်သို့ အသာအယာ ချလိုက်ပြီး ထလိုက်ပါသည်။

'သွားတော့မလား'

'အင်း သွားဦးမှ၊ ကိစ္စရှိလို့သာ လာခဲ့တာ၊ စိတ်မချရဘူး၊ နောက်မှ တွေ့ကြရအောင်'

ကျွန်တော်သည် သူ့ကို မသိမသာ အကဲခတ်နေမိသည်။ စိတ်ထဲကပဲ ထင်လို့လားတော့မပြောတတ်။ သူ့အပြုံးသည် ခါတိုင်းကဲ့သို့ကြည်ကြည် လင်လင် မရှိလှ။ အပြုံး၏ နောက်ဆွယ်တွင် နွမ်းရိပ်ကလေး သမ်းနေပါသည်။ ပန်းရှာလို့ပဲ ထင်ပါရဲ့။

http://www.cherrythitsar.org



'ဒီည ဒီမှာပဲ အိပ်ပါလား၊ စကားပြောရအောင်' မဖြစ်နိုင်မှန်း သိလျက်နှင့် ကျွန်တော်က ဖိတ်ခေါ်နေမိပြန်သည်။

'မဖြစ်ပါဘူးကွာ'

ထို့နောက် သူသည် သူ့လက်ကို လှမ်း၍ပေးသည်။ ကျွန်တော်က ထိုလက်ကို ဆွဲယူလိုက်ပါသည်၊ ကျွန်တော်တို့သည် တစ်ဦးလက်ကို တစ်ဦး တင်းကျပ်စွာ ဆုပ်ကိုင်ထားနေမိကြသည်၊

'ဘက်စ်အော့ဖ်လတ်က်' ကျွန်တော်က ဆုမွန်ကောင်း ဆန္ဒပြုလိုက်သည်။ သူက တစ်ချက်မျှ ပြုံးလိုက်သည်။ ထို့နောက် လေးလံသော ခြေလှမ်းတို့ဖြင့် ရိပ်သာမှ ထွက်သွားသည်၊

ကျွန်တော်သည် သူ့နောက်မှ လိုက်ပါ၍ ဝရန်တာမှ ရပ်ကာ သူ့ရဲ့ ဂျစ်ကားမီးနီကလေး ပျောက်သွားသည်အထိ မျက်စိတစ်ဆုံး မျှော်ကြည့်နေမိပါသည်။ ကျွန်တော့်နားထဲမှာတော့ ဝေးလံသော ကာလ၊ ဝေးလံသော အရပ်ဆီမှ အေးငြိမ့်ပျောင်းနွဲ့သော တေးသွားကလေးတစ်ပုဒ်ကို ပြန်လည် ကြားယောင်နေမိရပါသည်၊ 'မာရီအာလေးနား' အင်္ဂလိပ်တေးသွားကလေး။ သည်သီချင်းကို သူ အင်မတန် ကြိုက်ရှာသည်။ မကြာခဏ တအေးအေး ဖြင့် သီဆိုလေ့ရှိသည်။

နောက်မှတွေ့ကြရအောင်တဲ့၊

ဒါပေမယ့် မတွေ့ရတော့ပါ။ ဘယ်တော့မှ မတွေ့ကြရတော့ပါ။ ထိုညက တွေ့လိုက်ခြင်းသည် သူ့ကို နောက်ဆုံး တွေ့လိုက်ရခြင်းသာ ဖြစ်ပါသည်။

ဗိုလ်မှူး ကျော်ထွန်းသည် နောက်တစ်နေ့ နံနက်မှာပင် မိတ္ထီလာနှင့် ပျော်ဘွယ်အကြား မထင်ရှားသော တံတားကလေးတစ်ခုအနီးမှာ ကျဆုံးခဲ့ရရှာပါသည်။

http://www.cherrythitsar.org



## မိတ္ထီလာတွင် ဖြစ်ပျက်ခဲ့သမျှ

ထိုညက ဗိုလ်မှူးကျော်ထွန်း ထွက်သွားပြီးနောက် ကျွန်တော်သည် ဂျစ်ကားတစ်စီးဖြင့် ဇနီးနှင့် သားတို့ကို တည်းခိုရာအိမ်သို့ လာခဲ့သည်။

မြို့တွင်းသို့ ဝင်မိလျှင်ပင် ယခင်က မီးတထိန်ထိန်ဖြင့် သွားကြလာကြ စည်ကားလှသည့် မိတ္ထီလာ မြို့ကြီးသည် ငြိမ်သက် တိတ်ဆိတ်လျက် ရှိနေသည်။ အိမ်များအားလုံးလိုလိုပင် တံခါးများ ပိတ်ထားကြသည်။ သို့ရာတွင် အတွင်းမှ မီးရောင်တို့ကိုမူ မြင်တွေ့ရသည်။ အချို့က ကားသံကြားသဖြင့် တံခါးကို အနည်းငယ်ဟကာ ချောင်းမြောင်း ကြည့်ကြသည်။ မြို့ကဖြင့် အတော်ကလေးပင် တုန်လှုပ်ချောက်ချားလျက် ရှိနေပါပြီ။

နတို့ တည်းခိုသည့် လမ်းအရေးပိုင် ဦးမောင်ကလေး၏ အိမ်သည်လည်း မှောင်နှင့်မည်းမည်း။

ကားရပ်သံကြားသဖြင့် လူတစ်ယောက် ထွက်လာသည်။

'ဦးမောင်ကလေးတို့ အိပ်ကြပြီလား ရဲဘော်'

ထိုသူက ကျွန်တော့်ကို အနီးသို့ ကပ်လာ၍ သေသေချာချာ ကြည့်သည်။

'ဟော ဗိုလ်မှူးပါလား၊ မရှိကြဘူး၊ သူတို့အားလုံး မန္တလေး သွားကြပြီ၊ မနက်ကပဲ သွားတယ်'

'ကျွန်တော့် မိန်းမနဲ့ ကလေးရော' အရေးတကြီး မေးမိသည်။

'သူတို့လဲ ပါသွားကြတယ်၊ မြို့ထဲ သူပုန်တွေက နေ့ဝင်မလား ညဝင်မလား ဖြစ်နေလို့ ဗိုလ်မှူးရဲ့'

ကျွန်တော့်မှာတော့ ခေါင်းတညိတ်ညိတ်သာ လုပ်နေရပါသည်။ ဘယ်လောက် အားငယ်ရှာလေမလဲ။ ကျွန်တော့်အတွက်လည်း များစွာ စိတ်ပူနေပါလိမ့်မည်။

http://www.cherrythitsar.org



'ဘာများ မှာခဲ့သေးလဲဗျ'

'ဘာမှတော့ မမှာဘူး၊ ဗိုလ်မှူးလာရင် မန္တလေး သွားတယ် ပြောလိုက်ပါတဲ့'။ ထို့နောက် မန္တလေး လိပ်စာကို ပေးသည်။

ကျွန်တော်သည် လေးလံသော စိတ်တို့ဖြင့် တပ်တွင်းသို့ ပြန်ခဲ့သည်။ ထိုညက အိပ်၍လည်းမရ။ စိတ်ဖြောင့်ဖြောင့် ထားနိုင်ဖို့ အမျိုးမျိုး ကြိုးစားသည်။ သို့ရာတွင် မပြေလှ။ တစ်ဖန် လွိုင်ကော်ရှိ ကျွန်တော့် တပ်ခွဲတို့အတွက်လည်း လှမ်းပြီး စိတ်ပူမိရပြန်သည်။ သူတို့အကြောင်းမှ ဆက်ပြီး ကလောတွင် ကျန်ရစ်ခဲ့သော ရဲဘော် မိသားစုတွေအတွက် ကြောင့်ကြမိရပြန်သည်။

တပ်ခွဲတို့ကိုတော့ မိတ္ထီလာသို့ အမြန်ဆုံး ချီတက်ခဲ့ကြဖို့ ကြေးနန်း ပို့ပြီးခဲ့ပါပြီ။ သို့ရာတွင် လွိုင်ကော်လို နေရာမျိုး၌ ကားများ အဆင်သင့် ရမည် မဟုတ်။ တောင်ကြီးမှ ကားများကို မှာရမည်။ အဲဒါက တစ်ရက်။ ထို့နောက် တောင်ကြီးမှ လွိုင်ကော်သို့ ကားများသွားရန်တစ်ရက်၊ ထိုမှ မိတ္ထီလာသို့ နှစ်ရက်၊ အနည်းဆုံး လေးရက်ကြာမှ ရောက်လာကြမည် ဖြစ်သည်။ လေးရက်ဆိုသည်က ကျွန်တော်၏ စိတ်ဆန္ဒက သူတို့အား မိတ္ထီလာသို့ အမြန်ဆုံးရောက်စေလိုသော ဇောဖြင့်သာ စော၍ တွက်ဆ ထားခြင်း ဖြစ်သည်။ စိတ်တွင် တစ်နေရာဆီမှာတော့ အဖြေမှန်ကို နားလည်ထားပါသည်။ အနည်းဆုံး တစ်ပတ်ဆယ်ရက် ကြာပါလိမ့်မည်။

ယခု မိတ္ထီလာမြို့ပြင်၌ ခံစစ် ပြင်နေကြသော ကျွန်တော်တို့၏ တပ်တွေသည် ထိုမျှ ကြာရှည်စွာ ကြံ့ကြံ့ခံ၍ ရန်သူအား တားဆီးထား နိုင်ကြပါမည်လား။ ကျွန်တော်သည် သက်ပြင်းတစ်ချက်ကို လေးလံစွာ ချလိုက်မိပါသည်။ ထိုစစ်မျက်နှာတွင်ရှိကြသော ကျွန်တော်တို့၏တပ်များ မှာ အားလုံးပေါင်းလိုက်ပါမှ စစ်ဝန်ထမ်းနှင့် ထိုရက်အတွင်း လာရောက်

http://www.cherrythitsar.org



ပူးပေါင်းကြသော ပြည်သူ့ရဲဘော်တွေအပါအဝင် တပ်ခွဲသုံးခွဲစာလောက်ပဲ ရှိပါလိမ့်မည်။ ထိုတပ်ခွဲတို့သည် ကမန်းကတန်းဖွဲ့စည်း ထားရသည် ဖြစ်သဖြင့် စည်းစည်းလုံးလုံး ရှိမည် မဟုတ်ကြ။

မန္တလေးမှမူ နက်ဖြန်လောက်တွင် ပြင်ဦးလွင် လေ့ကျင့်ရေးတပ်မှ တပ်ခွဲများ ရောက်လာမည်ဟု သိရသည်။ အဲသည် တပ်ခွဲတွေနှင့် တောင့်ထား၊ လွိုင်ကော်မှ ကျွန်တော့်တပ်ခွဲနှစ်ခွဲ ရောက်လာ၊ အဲသည်လို ဆိုလျှင်ဖြင့် ရန်သူအား ထိန်းကိုင်ထားနိုင်ပါလိမ့်မည်။

အရေးကြီးသည်က အချိန်၊ အချိန်ဟု ဆိုရာမှာပင် ၂၄ နာရီ၊ ပြင်ဦးလွင်မှ တပ်များ ရောက်သည်အထိ ထို ၂၄ နာရီ ကြားခံထားနိုင်ဖို့ပဲ လိုပါသည်။ အဲသည် ၂၄ နာရီသာ ရပါက ကျွန်တော်တို့သည် အသက်ရှူပေါက် ရရှိမည် ဖြစ်သည်။

နောက်တစ်နေ့ နံနက်တွင် စောစောထသည်။ ရုံးရှေ့မှာပင် ဗိုလ်မှူးကြီး အောင်ကြီးနှင့် တွေ့သည်။ သူသည် ယနေ့ နံနက်မှပင် ရန်ကုန်သို့ ပြန်ရပါမည်။

'ဘာမှာဦးမလဲ' သူက မေးသည်။

'မရှိပါဘူး ဗိုလ်မှူး'

သူ့မျက်နှာသည် မကောင်းလှ။ တာဝန်၏ လေးလံလှသော ဝန်ထုပ်ဝန်ပိုးကြီးသည် သူ့အား ဖိစီးထားလျက် ရှိနေပါသည်။ သူသည် ဖြည်းလေးစွာဖြင့် ကားပေါ်သို့တက်၍ လေဆိပ်သို့ ထွက်သွားသည်။

ရုံးခန်းထဲတွင်မူ (ထိုစဉ်က မိတ္ထီလာတွင်ရှိခဲ့သော တပ်မဟာ၏ ရုံး) ဗိုလ်မှူးကြီး မောင်မောင်သည် တပ်မဟာ ဗိုလ်မှူးဖြစ်သူ ဗိုလ်မှူး ဒေါ်ဆင်[၁] အား ညွှန်ကြားချက်များ ပေးနေသည်။

---

၁။ ကျဆုံး

http://www.cherrythitsar.org



ဗိုလ်မှူးဒေါ်ဆင်သည် လွန်စွာ မြန်မာဆန်သော အင်္ဂလိပ် မြန်မာကပြားဖြစ်သည်။ သူနှင့် ကျွန်တော်သည် ငယ်စဉ်က မန္တလေး စိန့်ပီတာကျောင်းတွင် ကျောင်းနေဖက် ဖြစ်ခဲ့ဖူးသည်။ သို့ရာတွင် သူက ကျွန်တော့်ထက် အသက်ကလည်း ကြီးသည်။ အတန်းလည်း ကြီးသည်။ ကျွန်တော်ဆေးလိပ်သောက်တတ်အောင် သင်ပေးခဲ့သူမှာ သူပင် ဖြစ်ပါသည်။

ထိုအတွင်း ရုံးရှေ့သို့ ဂျစ်ကား သုံးလေးစီး ရောက်ရှိလာသည်။ ထိုဂျစ်ကားတို့သည် အရာရှိတွေ ရဲဘော်တွေနှင့် အပြည့်၊ ဝိုင်ယာလက်စက်တွေလည်း ပါသည်။

မကြာမီ ဗိုလ်မှူးကြီး မောင်မောင် ထွက်လာသည်။

'လိုက်ဦးမလား' ကျွန်တော့်ကို လှမ်းမေးသည်။

သူသည် မိတ္ထီလာနှင့်ပျော်ဘွယ်အကြားရှိ ရှေ့တန်းစစ်မျက်နှာသို့ကြည့်ရှုစစ်ဆေးရန်သွားမည်ဖြစ်သည်။ သူက ခေါ်သောကြောင့်လိုက်မည်လို့ စဉ်းစားမိပါသေးသည်။ သို့ရာတွင် ကျွန်တော်သည် လွိုင်ကော်နှင့်ဝိုင်ယာလက်အဆက်အသွယ်ပြုရန်ကိစ္စရှိနေသေးသည်ကိုသတိရလိုက်သည်။

'မလိုက်တော့ဘူး ဗိုလ်မှူး၊ လွိုင်ကော်နဲ့ စကားပြောမလို့ ခေါ်ထားတယ်'

'အေး၊ ဟုတ်သားပဲ၊ သူတို့ကိုသာ ပြောဗျာ၊ ဖြစ်တဲ့ နည်းနဲ့ အမြန်ဆုံးရောက်အောင် လာခဲ့ပါလို့'

'ဟုတ်ကဲ့'

သူတို့ ထွက်သွားပြီးနောက် ရုံးခန်းသည် တိတ်ဆိတ်လျက် ကျန်ရစ်သည်။ ကျွန်တော်သည် ဝိုင်ယာလက်စက်ရှိရာသို့ လာခဲ့သည်။ စက်၏ဘေးတွင် ထိုင်၍ လွိုင်ကော်မှ အသံကို စောင့်ရင်း အခြေအနေကို ထပ်မံစဉ်းစားနေမိပြန်သည်။

http://www.cherrythitsar.org



ရန်သူအား လက်ရှိတပ်တို့ဖြင့် ပြင်ဦးလွင်မှ တပ်များ ရောက်လာသည်အထိ တောင့်ခံထားနိုင်ပါလျှင်

ပြင်ဦးလွင်တပ်များ ယနေ့ အချိန်မီရောက်လာပါလျှင်

ထိုတပ်တို့ဖြင့် ဆက်လက် ခုခံထားနိုင်ပါလျှင်

လွိုင်ကော်မှ ကျွန်တော့်တပ်များ လေးငါးရက်အတွင်း ရောက်လာပါလျှင်

'လျှင်' တွေက များလှပါတော့သည်။

ထို 'လျှင်'တွေသည် တစ်ခုမျှ မဖြစ်ခဲ့။

မိတ္ထီလာမြို့ပြင်ရှိ ရှေ့တန်းသည် ထိုနေ့နံနက်ပိုင်းမှာပင် ရန်သူ၏ ထိုးဖောက်ခြင်း ခံရသည်။

ပြင်ဦးလွင်တပ်တွေသည် အချိန်မီ ရောက်မလာနိုင်ခဲ့ကြ။

လွိုင်ကော်မှလည်း မည်သည့်သတင်းမျှ မရ။

ဆယ်နာရီထိုးခန့်တွင် ကျွန်တော်တို့ရုံးခန်းသို့ တစ်ခေါက်ရောက်သောအခါ အရာရှိသုံးလေးဦးကို တွေ့ရသည်။ သူတို့အားလုံး၏ မျက်နှာတွေသည် မကောင်းကြ၊ ဗိုလ်မှူး ဒေါ်ဆင်ကမူ တယ်လီဖုန်းတွင် အော်၍ စကားပြောနေသည်။ လမ်းတစ်ဘက်ရှိ ချင်းတပ်ရင်းနှင့် စကားပြောနေခြင်း ဖြစ်သည်။

'ရှိသမျှ ထုတ်ပေးပါ' 'အေးလေ၊ ဘယ်လောက်ရရပေါ့' 'အခြေအနေက သိပ်ဆိုးနေတယ်' 'ကောင်းပြီ' 'မြန်မြန်လုပ်နော်' သူသည် တယ်လီဖုန်းကို ဆောင့်ကာ ချလိုက်သည်။ ထို့နောက် မည်သူတို့မျှ ရည်ရွယ်သည် မဟုတ်ဘဲ 'ချင်းတပ်မှာလဲ လူသစ်တပ်စု တစ်စုလောက်ပဲ ကျန်တော့တယ်တဲ့၊ အဲဒါပဲ ပို့ရတော့မှာပဲ' ထို့နောက် ကျွန်တော့်ကိုမြင်သဖြင့်

http://www.cherrythitsar.org



'ဘယ့်နှယ်လဲ၊ လွှိုင်ကော်နဲ့ အဆက်အသွယ် ရပြီလား' မေးသည်။

ကျွန်တော်က ခေါင်းခါပြလိုက်ရသည်။ ကျွန်တော်သည် တစ်နံနက်လုံး လွှိုင်ကော် ဗိုင်ယာလက်စက်မှ ခေါ်သည်။ သို့ရာတွင် အဆက်အသွယ် မရခဲ့။

သူသည် ကျွန်တော့်ကို စူးစိုက်ကြည့်နေရင်းမှ

'ဗိုလ်မှူးကြီး မောင်မောင်တို့ကို ဖမ်းမိသွားပြီ' တစ်လုံးချင်း ပြောလိုက်သည်။

'ဘာ'

'ဗိုလ်မှူးကြီးမောင်မောင်တို့ လူစုအားလုံး သူပုန်ကဖမ်းမိသွားပြီ'

တစ်စခန်းလုံး ချာချာလည်၍ သွားသည်လို့ ထင်မှတ်လိုက်ရပါသည်။ ထိုမျှနှင့် သူက မရပ်သေး။

'ဗိုလ်မှူး ကျော်ထွန်းလဲ ကျသွားပြီ'

ဗိုလ်မှူးကျော်ထွန်း၊ မနေ့ညကမှ ကျွန်တော့်လက်ကိုဆွဲပြီးနှုတ်ဆက်သွားခဲ့တဲ့ အစ်ကိုကြီးကျော်ထွန်း၊ ကျွန်တော့် မျက်လုံးတွေသည် မှုန်ဝေလာကြသည်။ ရင်တွင်း၌လည်း ဆို့တက်၍လာသည်။ ပတ်ဝန်းကျင်သည် ရပ်တန့်လျက် ရှိနေပါတော့သည်။

သူကမူ မပြီးသေး။

'ဗိုလ်ကြီးမောင်မောင်လဲ ကျသွားပြီတဲ့'

မြတ်စွာဘုရား၊ ဗိုလ်ကြီးမောင်မောင်။ မင်္ဂလာဒုံ ဗိုလ်သင်တန်း ပထမပတ်၊ ထို့နောက် ဂျပန်ပြည် စစ်တက္ကသိုလ်တွင် သုံးနှစ်ခန့် ကျွန်တော်နှင့်အတူအိပ်၊ အတူစားနေခဲ့တဲ့ သူငယ်ချင်းကိုမောင်မောင်။

ဘယ်လိုဖြစ်သလဲ၊ ဘယ်တုန်းကလဲ၊ ဘယ်မှာလဲ၊ ဒါတွေကို ကျွန်တော် မသိလိုတော့၊ မသိချင်တော့။ မေးလည်း မမေးလိုတော့။

http://www.cherrythitsar.org



အတန်ကြာမှ စကားစကို ပြန်လို့ ကောက်နိုင်သည်။

'အခု ဘာလုပ်ကြမလဲ'

ဗိုလ်မှူး ဒေါ်ဆင်က ပခုံးကို တွန့်၍ပြသည်။

'တပ်လဲ မရှိတော့ဘူး၊ ကုန်ပြီ၊ ချင်းတပ်ကလဲ တပ်စုတစ်စုစာ လောက်ပဲ ကျန်တယ်၊ အဲဒါကို မြို့အဝင်က ပိတ်ဖို့ အမိန့်ပေးထားတယ်'

တပ်သားသစ်ကလေး တပ်စုတစ်စု၊ လူနှစ်ဆယ်ကျော် သုံးဆယ်၊ ဟိုဘက်က တက်လာသည့် ရန်သူက လေ့ကျင့်ပြီး အတွေ့အကြုံရှိပြီး စစ်သား အနည်းဆုံး တပ်ရင်းတစ်ရင်းစာ၊ လူခြောက်ရာကျော်။ ပြီးတော့ အခြား ကေအင်ဒီအို လက်နက်ကိုင် တပ်ဖွဲ့တွေ စုစုပေါင်းနှစ်ထောင်ခန့် ဘယ်လောက်ကြာကြာများ တားဆီးထားနိုင်ပါမည်လဲ။ အလွန်ဆုံးခံလှ ငါးမိနစ်။

ကျွန်တော်သည် ရုံးခန်းအပြင်သို့ ထွက်လာမိခဲ့သည်။ ဘာ ရည် ရွယ်ချက်မျှတော့ မရှိ။ ထိုအခိုက် ကားကြီးတစ်စီး ဝင်လာသည်။ ထိုကား ပေါ်တွင် ရဲဘော်ဆယ်ယောက်ခန့် ပါလာသည်။

'ဘယ်တပ်ကလဲ ရဲဘော်'

ရှေ့ခန်းမှ ပါလာသူ တပ်ကြပ်ကြီး တစ်ဦးသည် ဆင်းလာ၍ ကျနစွာ အလေးပြုသည်။

'အချက်ပြ ဆက်သွယ်ရေးတပ်က ဗိုလ်မှူး'

'ဘယ်သွားမလို့လဲ'

'အမိန့်လာယူတာပါ'

အမိန့်လာယူတာပါ ဆိုတာကို ကြားလိုက်ရတော့ ကျွန်တော် ရင်တွင်း၌ ဆို့နစ်သွားမိရသည်။ ရှေ့တန်း စစ်မျက်နှာတစ်ခုလုံး ပြိုကျခဲ့ ပါပြီ။ သူတို့အား အမိန့်ပေးမည့် တပ်မှူးသည်လည်း ရန်သူ့လက်သို့

http://www.cherrythitsar.org



ပါသွားခဲ့ပါပြီ။ အဲသည် အခြေအနေမျိုးမှာ ကိုယ်လွတ်ရုန်းပြေးနိုင်ပါလျက် တာဝန်သိသိ၊ သစ္စာရှိရှိ အမိနဲ့လာယူတာပါတဲ့။

တပ်ပျက်တွင် ဗိုလ်အဖြစ် ကျန်ရစ်ခဲ့သူတွေကတော့ ဗိုလ်မှူး ဒေါ်ဆင်နှင့် ကျွန်တော်။

ထိုဆယ်ယောက်မျှသော ရဲဘော်တွေအား ရိုင်ဖယ်သေနတ်ကိုင်စွဲစေ၍ ရှေ့တန်းသို့ ပို့ရန်မှာမူ အချိန်မဟုတ်တော့။ အရာရောက်မည်လည်း မဟုတ်တော့။ ရှုံးနေသည့်စစ်မျက်နှာသို့ မထိရောက်သော စစ်ကူ အလီလီ ပို့ခြင်းသည် ငါးပွက်ရာ ငါးစာချသကဲ့သို့ ရန်သူ၏ လွယ်လင့်တကူ ဝါးမျိုခြင်းကိုသာ ခံကြရမည်ဖြစ်သည်။ ထို့ကြောင့် သူတို့အား မပြန်လမ်းသို့ မလွှတ်လိုတော့။

'ကဲ ဒါဖြင့် ဒီမှာ ခဏစောင့်ကြဦး' ပြောပြီးမှ သတိရလိုက် သဖြင့် 'ရဲဘော်တို့ ထမင်းစားပြီးပြီလား' မေးမိရသည်။

'မစားရသေးဘူး ဗိုလ်မှူး'

'ဒါဖြင့် သွား အရာရှိရိပ်သာကို၊ အဲဒီမှာ ရှိတာတောင်း၊ ကိုယ်က လွှတ်လိုက်တယ်ပြော၊ မျှတစားကြ'

ထိုစဉ်တွင် အင်ဂျင်နီယာတပ်မှ ဗိုလ်မှူး ဘာကောလ် (အင်္ဂလိပ်ကပြား) ဆိုသူသည် ဂျစ်ကားတစ်စီးဖြင့် ထိုးဆိုက်လာသည်။ သူသည် ရုံးခန်းသို့သုတ်သုတ်ကလေးဝင်သွားသည်။ မကြာခင် ပြန်ထွက်သွားသည်။

'ဘယ်လဲ ဗိုလ်မှူး' ကျွန်တော်က မေးသည်။

'မြို့အဝင်က တံတားတွေ ချိုးမလို့' သူသည် ပြောပြောဆိုဆိုဖြင့် အရေးတကြီး ဂျစ်ကားပေါ်သို့ပြန်တက်၍ 'ဝူး'ခနဲ မောင်းထွက်သွားသည်။

သူသည်လည်း ကျွန်တော်နှင့် ထိုသို့နှုတ်ဆက်ပြီး ထွက်အသွား မိနစ်ပိုင်းအတွင်းမှာပင် ရန်သူ၏ အဖမ်းခံလိုက်ရရှာသည်။

http://www.cherrythitsar.org



၁၂ နာရီခန့်။ ရုံးခန်းအတွင်းသို့ပြန်၍ဝင်ခဲ့သည်။ ဗိုလ်မှူးဒေါ်ဆင်သည် သူ့စားပွဲတွင်ထိုင်၍ စာရွက်စာတမ်းတို့ကို ဆုတ်ဖြဲနေသည်။တစ်ခါ တစ်ခါမှာတော့ ဝေးလံသော အရပ်ဆီသို့ လှမ်းမျှော်သလို ပြင်ဘက်သို့ ငေးမောကြည့်နေသည်။ သို့ရာတွင်သူသည် ဘာကိုမှုမြင်ရသည်မထင်ပါ။ သူ့စိတ်တို့သည် ပျံ့လွင့်နေကြပါလိမ့်မည်။ ပတ်ဝန်းကျင်၌ပင် ရှိနေကြမည် မဟုတ်။

အနီးရှိ ဗိုလ်ကြီးသိန်းမောင်[၁] နှင့် ဗိုလ်ကြီးစိုးလှိုင်[၂] တို့သည် တိတ်ဆိတ်စွာဖြင့် ခြေပစ်လက်ပစ်ထိုင်နေကြသည်။ သူတို့သည် ချွေးတွေသံတွေနှင့် ဖြစ်ကြသည်။ ရှေ့တန်းမှယခုပင်ပြန်ရောက်လာကြသူတွေဖြစ်သည်။

ထိုအတွင်း 'ကလင် ကလင်' စားပွဲပေါ်မှ တယ်လီဖုန်းသည် ကျယ်လောင်စွာ မြည်လိုက်သည်။ အဲသည်တော့မှ ကျွန်တော်တို့အားလုံး ပြန်လည် အသက်ဝင်လာကြသည်။ ဗိုလ်မှူးဒေါ်ဆင်အား အားလုံးဝိုင်း၍ ကြည့်ကြသည်။

သူသည် လေးကန်စွာဖြင့် တယ်လီဖုန်းခွက်ကို ကောက်ကိုင်လိုက်ကာ

'ဗိုလ်မှူးဒေါ်ဆင်ပါ' ဖြေသည်။

တစ်ဖက်မှ အသံကို သဲ့သဲ့ကလေးကြားရသည်။

'အခု ဘယ်က စကားပြောနေပါသလဲ'

တစ်ဖက်မှ အသံ။

'ကောင်းပါပြီဗျာ' ဗိုလ်မှူးဒေါ်ဆင်သည် တယ်လီဖုန်းခွက်ကို အသာအယာ ချလိုက်သည်။ ပြီးတော့ ကျွန်တော်တို့ကို မော့ကြည့်သည်။

'ကဲ ရဲဘော်တို့၊ သူပုန်တွေအခု ချင်းတပ်ရင်းနေရာကို သိမ်းလိုက်ပြီတဲ့၊ အခုနက စကားပြောတာက သူပုန်တပ်ကဗိုလ်ပဲ၊ လက်နက်ချပါတဲ့'

---

၁။ ဗိုလ်မှူး (အငြိမ်းစား)

၂။ ဗိုလ်ကြီး (အငြိမ်းစား)

http://www.cherrythitsar.org



ကျွန်တော်တို့မှာ လည်လိမ်ခံလိုက်ရသကဲ့သို့ ခေါင်းငိုက်စိုက် ကျ သွားကြရသည်။ တစ်ခွန်းတစ်ပါဒမျှလည်း မပြောနိုင်ကြတော့၊ ပြောစရာ လည်း မလိုကြတော့။ ချင်းတပ်ရင်းနေရာကို သိမ်းလိုက်ပြီဆိုတော့ သူပုန်တို့သည် ကျွန်တော်တို့ရှိရာရုံးနှင့် ကပ်နေပြီပေါ့။ ချင်းတပ်ရင်း ပြီးလျှင်ဖြင့် ဤရုံး။ လမ်းမကြီးတစ်ခုသာ ခြားသည်။ ထွက်ပေါက်ချင်း လည်း မျက်နှာချင်းဆိုင် ဖြစ်သည်။

ကျွန်တော်တို့အဖို့ မိတ္ထီလာကန်ကြီးမှလွဲလို့ ထွက်ပေါက်ပင် မရှိတော့။

'ကဲ ဘာလုပ်ကြမလဲ' ဗိုလ်မှူးဒေါ်ဆင်က မဲ့ပြုံးကလေးဖြင့်မေးသည်။

'လက်နက်ချဖို့တော့ ဘယ်ဖြစ်နိုင်မလဲ၊ အမိမခံနိုင်ဘူး၊ ကန်ကြီးကို ကူးပြီး ထွက်ရထွက်ရ အလွတ်ထွက်ရမှာပဲ' ကျွန်တော်က ပြောပြောဆိုဆို ထ၍ ရပ်လိုက်သည်။

မိတ္ထီလာကန်ကြီးသည် နေလျှံတွင် တဖျပ်ဖျပ်။

ဗိုလ်ကြီးသိန်းမောင်နှင့် ဗိုလ်ကြီးစိုးလှိုင်တို့ကလည်း လိုက်၍ ထလိုက်ကြသည်။

ဗိုလ်မှူး ဒေါ်ဆင်ကတော့ မလှုပ်မယှက်။

ကျွန်တော်သည် အခန်းပေါက်ဝမှရပ်ကာ သူ့အား လှည့်၍ကြည့် နေမိပါသည်။ သူ့ကို စောင့်နေမိသည်။

'ကဲ ထလေ၊ သွားမယ်၊ ဘာလုပ်စရာရှိသေးလို့လဲ၊ စာရွက် စာတမ်း တွေရော ကျန်သေးသလား၊ မီးရှို့ရအောင်'

သူသည် ခေါင်းကိုသာ ဖြည်းလေးစွာ ခါပြနေပါသည်။

'ကိုယ်တော့ မလွတ်တော့ဘူး သူငယ်ချင်း၊ အမိခံရတော့မှာ ပဲ'တဲ့။

http://www.cherrythitsar.org



သူ့စကားကြောင့် ကျွန်တော်သည် အခန်းတွင်းသို့ ပြန်၍ ဝင်ခဲ့မိသည်။

'ဘယ့်နှယ့် အမိခံရမှာလဲ'

အဲသည်တော့ သူက မော့ကြည့်သည်။ ပြီးတော့ တစ်လုံးချင်း ပြောပြနေပါသည်။

'ကိုယ့်မိန်းမက ဆေးရုံမှာ တာဝန်ကျနေတယ်၊ သူ့ကို ခေါ်ဖို့လဲ အချိန်ရမှာ မဟုတ်တော့ဘူး' သူ့ဇနီးသည် ဆရာဝန်မ ဖြစ်ပါသည်။

ကျွန်တော်ကတော့ အလျှော့မပေး။

'ဟာဗျာ၊ သွားရင်း ဝင်ခေါ်သွားမယ်၊ ထပါ'

သူ မထပါ။ ဘောင်းဘီအိတ်အတွင်းသို့ လက်နှိုက်လိုက်သည်။ ပြန်လည် နုတ်လိုက်တော့ သူ့လက်တွင်း၌ ဒသမ ၂၅ ပစ္စတိုသေနတ်ငယ်ကလေးတစ်လက် ပါလာသည်။ ထိုသေနတ်ကလေးကို စားပွဲပေါ်သို့ ညင်သာစွာ တင်လိုက်သည်။ ပြီးတော့ ငေးစိုက်ကြည့်နေရင်းမှ

'ဒါပဲရှိတော့တာပဲ သူငယ်ချင်း' တဲ့။

ကျွန်တော့်မှာ သူ့စကားကို နားမလည်ပါ။ သူ့စကားကိုသာ စိတ်မကောင်းစွာဖြင့် ငေးငေးကြီးကြည့်နေမိရသည်။ သူ၏ဇနီးသံယောဇဉ်ဖြင့် အားမတန် မာန်လျှော့လိုက်ရလေပြီလား။

အချိန်သည် တရိပ်ရိပ်ပြေးနေပါသည်။ တစ်စက္ကန့်ပြီး တစ်စက္ကန့်။

'လာဗျာ၊ ဆေးရုံဝင်ခေါ်ဖို့ အချိန်ရပါတယ်၊ ရရ မရရ ဝင်ခေါ်မယ်ဗျာ၊ ကဲ ထပါ' ထပ်၍ ခေါ်မိသည်။

သူက ရစ်ဝဲနေသော မျက်ရည်တို့အကြားမှ ကျွန်တော့်ကို ပြန်လို့ ကြည့်နေသည်။ ပြီးတော့ ဖြည်းလေးစွာပင် ထပ်၍ ငြင်းလိုက်ပြန်သည်။

http://www.cherrythitsar.org



'သွားကြပါတော့၊ ကိုယ့်အတွက်တော့ ဘာမှ မပူနဲ့၊ ကိုယ့်လူတို့သာ အချိန်မရှိတော့ဘူး၊ ဟိုကောင်တွေ အခု တော်တော်ကြာဆိုရင် ဒီကို ကူးလာကြတော့မယ်'

ဗိုလ်ကြီး သိန်းမောင်နှင့် ဗိုလ်ကြီးစိုးဝင်းလှိုင်တို့သည် အခန်းထောင့်ရှိ ရိုင်ဖယ်သေနတ်တစ်လက်စီကို ဆွဲယူ၍ အပြင်သို့ထွက်သွားကြသည်။

ကျွန်တော်သည် ဗိုလ်မှူးဒေါ်ဆင်အား ကျွန်တော်၏ လက်ကို လှမ်း၍ပေးလိုက်သည်။ သူက ထိုင်ရာမှ ထ၍ ကျွန်တော့်လက်ကို အားပါတရ ဆွဲကိုင်၍ လှုပ်ယမ်းသည်။ သူ၏ ရီဝေသော မျက်လုံးတို့ဖြင့် ကျွန်တော့်အား စူးစူးကြီးကြည့်ရင်း

'ဂွတ်ဒ်ဘိုင် တင်မောင်၊ ဘက်စ်အော့ဖ်လပ်က်'တဲ့။ သည်လိုပဲ နှုတ်ဆက်လိုက်ရရှာသည်။ သူ့အသံကတော့ တည်ငြိမ်လှပါသည်။

သူ့ကိုလည်း နောက်ဆုံးနှုတ်ဆက်ခဲ့ရခြင်း ဖြစ်ပါသည်။ (သူသည် ထိုမိနစ်ပိုင်းအတွင်းမှာပင် သူပုန်တို့၏အဖမ်းခံရ၍ ဗိုလ်မှူးကြီးမောင်မောင်တို့နှင့်အတူ တောင်ငူထောင်၊ ထိုမှတစ်ဆင့် သံတောင်ဒေသသို့ခေါ်ဆောင်သွားခဲ့ခြင်း ခံရသည်။ နှစ်နှစ်ခန့် သူပုန်တို့၏ အကျဉ်းသမားအဖြစ် နေခဲ့ရာမှ လွတ်မြောက်ရန် ကြိုးစားရာတွင် ပစ်သတ်ခြင်းခံခဲ့ရသည်။)

ကျွန်တော်သည် ရုံးခန်းအတွင်းမှ လေးကန်သောခြေလှမ်းများဖြင့် ထွက်ခဲ့ပါသည်။ အပြင်၌ ဗိုလ်ကြီးနှစ်ဦးတို့သည် ရပ်ကာ စောင့်နေကြသည်။ အနီးတွင်မူ စောစောက ရောက်လာသော ကားကြီးနှင့် အချက်ပြဆက်သွယ်တပ် ရဲဘော်ကလေးများ၊

ပတ်ဝန်းကျင်ကား အံ့ဩစရာ ကောင်းလောက်အောင်ပင် တိတ်ဆိတ်လျက် ရှိနေသည်။

'ကဲ ရဲဘော်တွေ ကားပေါ်တက်၊ ကားမောင်း ရဲဘော်ရော'

'ရှိပါတယ် ဗိုလ်မှူး'

http://www.cherrythitsar.org



'အေး၊ ရဲဘော်တွေ နားထောင်၊ ရန်သူဟာ အခု ဟိုဘက်က ချင်းတပ်ရင်း နေရာကို သိမ်းပြီးပြီတဲ့၊ တို့ အဲ့ဒီရှေ့ကို ဖြတ်ထွက်ရမှာပဲ၊ ဒါကြောင့် သေနတ်တွေ ကျည်ထည့်၊ ပြောင်းထဲကို တစ်တောင့်ထိုး၊ ထွက်ကတည်းက တအားမောင်း၊ အပေါက်ဝရောက်ရင် ဘယ်သူက တားတားမရပ်ရဘူး၊ အတင်းမောင်း၊ တားတဲ့လူကို ပစ်၊ တို့ မန္တလေး သွားမယ်၊ တို့ကို မစောင့်နဲ့၊ မန္တလေး အရောက်သွား၊ ဟိုရောက်ရင် နန်းတွင်းမှာ သတင်းပို့၊ နားလည်လား'

'နားလည်ပါတယ်'

'ဆရာရော ရှင်းပြီလား' တပ်ကြပ်ကြီးကို မေးရပြန်သည်။

'ရှင်းပါတယ် ဗိုလ်မှူး'

ပျော်ဘွယ်ကျပြီးဖြစ်သဖြင့် သာစည်လည်း စိတ်မချရတော့။ ရန်သူ့ စစ်ကြောင်း တစ်ကြောင်းသည် သာစည်သို့ ရောက်ကောင်း ရောက်နေကြ မည် ဖြစ်သည်။ သာစည်တွင် ကျွန်တော်တို့တပ်မရှိ၊ မြင်းခြံသို့လည်း မသွားနိုင်၊ မြင်းခြံတွင် ကရင်သေနတ်ကိုင်တပ်ရင်း ၃ မှ တပ်ခွဲရှိသည်။ ကျောက်ပန်းတောင်း၊ ရေနံချောင်းဘက်မှာက ကွန်မြူနစ်၊ ထို့ကြောင့် ကျွန်တော် တို့၏ထွက်ပေါက်သည် မန္တလေးသို့သာ ရှိပါတော့သည်။ အဲ့သည် လမ်းသည်ပင် ပိတ်နေပါပြီလား။ ဘယ်လိုပဲဖြစ်ဖြစ် ဖောက်ထွက် ရပါတော့မည်။ မန္တလေးသို့အရောက်သွားရပါမည်။ ကျွန်တော်တို့၏ ကျန် ရှိသမျှ တပ်အားလုံးကို မန္တလေးတွင် ပြန်လည်စုစည်းရန် ထိုတစ်ခဏ၌ပင် ဆုံးဖြတ်လိုက်ပါသည်။

အချက်ပြ ဆက်သွယ်ရေးတပ်၊ တပ်ကြပ်ကြီးသည်သူ့ရဲဘော်တွေ အား အသေးစိတ်အမိန့်ပေးနေသည်။ ပြီးလျှင် ကားကြီးသည် စက်နိုး၍ တစ်ဟုန်တည်း ဆောင့်ကာ ထွက်သွားသည်။ ချောချောမောမောဖြင့်

http://www.cherrythitsar.org



လွတ်မြောက်နိုင်ကြပါစေ။ ကျွန်တော်သည် စိတ်တွင်းမှ ကျိတ်ကာ ဆုတောင်း လိုက်မိပါသည်။

'ကျွန်တော်တို့ရော ဗိုလ်မှူး' ဗိုလ်ကြီး သိန်းမောင်က မေးသည်။

'ကျွန်တော်လဲ ဒီလမ်းပဲပေါ့'

ကျွန်တော်သည် ရုံးဘေး၌ရပ်ထားသော စတေရှင်ဝက်ဂွန်းကား ဆီသို့ လျှောက်သွားသည်။ ဗိုလ်မှူးချုပ် မောင်မောင် ပြင်ဦးလွင်မှ မနေ့ ကပင် စီးလာသည့်ကား။ ကားမောင်းရဲဘော်သည် ကားထဲတွင် ထိုင်နေ ရာမှ ကျွန်တော့်အား မေးမြန်းသကဲ့သို့ ကြည့်နေသည်။

'ကဲ ဗဟာဒူး' ထိုရဲဘော်သည် ဂေါ်ရခါး ရဲဘော်ဖြစ်သောကြောင့် ကျွန်တော်က ဗဟာဒူးဟု ခေါ်လိုက်ခြင်း ဖြစ်သည်။

'ဘာဖြစ်တယ် သိပြီမဟုတ်လား'

သူက ခေါင်းညိတ်ပြသည်။

'တို့ ဒီလမ်းအတိုင်း ထွက်မယ်၊ ဘယ်သူက ရပ်ခိုင်း ရပ်ခိုင်း မရပ်နဲ့၊ ဘယ်မှလဲ မကြည့်နဲ့၊ မင်း မောင်းစရာရှိတာသာ မောင်း၊ သေနတ်နဲ့ လှမ်းပစ်ရင်လဲ မောင်း၊ တို့က ပြန်ပစ်မယ်၊ ဟုတ်လား'

'ဟုတ်ကဲ့'

ထို့နောက် ကျွန်တော်တို့သုံးဦး ကားထဲသို့ ဝင်လိုက်ကြသည်။ ကျွန်တော်က ရှေ့ခန်းကားမောင်းရဲဘော်၏ နံဘေးတွင်ထိုင်လိုက်သည်။ ပြီးတော့ ကျွန်တော့် ကာဘိုင်သေနတ်ကို မောင်းတင်၍ ပြောင်းဝကို ပြင်ပသို့ ထုတ်ထားလိုက်သည်။ ဗိုလ်ကြီးနှစ်ဦးတို့ကလည်း သူတို့၏ ရိုင်ဖယ်တို့ကို ဘေးနှစ်ဖက်သို့ ထုတ်လိုက်ကြသည်။ မောင်းတို့ကို ထိုး လိုက်ကြသည်။

'ဗဟာဒူးရေ အမြန်ဆုံး မောင်းကွာ'

http://www.cherrythitsar.org



ကားကလေးသည် လူးကာလိမ့်ကာဖြင့် အပြင်းထွက်ခဲ့၍ ဂိတ်ဝသို့ ရောက်လျှင် လမ်းမကြီးပေါ်သို့ ဘယ်ဘက်ဘီး ၂လုံးပေါ်တွင် တစ်ရှိန် တည်းကွေ့၍ ချိုးလိုက်သည်။ ဘီး၏ အော်မြည်သံနှင့်အတူ ဖုန်တို့သည် တထောင်းထောင်းထ၍ သွားသည်။ နောက်မှန် ပြတင်းပေါက်မှ ကြည့် လိုက်ကြတော့ ယူနီဖောင်း အစိမ်းဝတ် လက်နက်ကိုင်တစ်စုသည် ချင်းတပ်ရင်းဆီမှ တိုက်စစ်ဆင်ပုံ ဆင်နည်းဖြင့် လမ်းမကြီးကိုဖြတ်ကူး၍ တပ်မဟာ နယ်မြေအတွင်းသို့ တစ်သုတ်ပြီး တစ်သုတ် ပြေးဝင်လျက် နေကြသည်ကို ဖုန်လိပ်တို့အကြားမှ မြင်လိုက်ရသည်။

သူတို့သည် သူပုန်တပ်များ ဖြစ်ကြပါသည်။

၁၉၄၉ ခု၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့။

မိတ္ထီလာမြို့ကိုဖြင့် သူပုန်တို့လက်ကို 'ဝ' မကွက်ဘဲ အပ်ခဲ့ကြ ရပါပြီ။

**မန္တလေးမြို့ ကာကွယ်ရေး**

လမ်းတစ်လျှောက်လုံးတွင် ကျွန်တော်တို့သည် ကျောက်ရုပ်တွေလို မလှုပ်မယှက် လိုက်ပါလာခဲ့ကြသည်။

မိတ္ထီလာမြို့နှင့် အနည်းငယ် ဝေးကွာလာခဲ့ပြီ ဖြစ်လို့ ရန်သူနှင့် တွေ့မည်လို့တော့ မထင်တော့။ တွေ့စေဦးတော့ ဂရုမစိုက်ကြတော့။ မိတ္ထီလာ ကျခဲ့ပါပြီ။ ကျခဲ့ပါပြီ။ ကျဆုံးခဲ့ပါပြီ။ ဒါကိုသာ စိတ်အတွင်းက တတွတ်တွတ်ဖြင့် ထပ်တလဲလဲ ငိုကြွေးမြည်တမ်းနေကြရသည်။ ဗိုလ်မှူး ကြီး မောင်မောင်၊ ဗိုလ်မှူးကျော်ထွန်း၊ ဗိုလ်ကြီး မောင်မောင်၊ ဗိုလ်မှူး ဒေါ်ဆင်၊ သူတို့ သူတို့ရဲ့ မျက်နှာတွေသည်လည်း ကျွန်တော်တို့၏ မျက်လုံးအစုံက မထွက်။ တရစ်ဝဲဝဲ ရှိနေကြသည်။

http://www.cherrythitsar.org



လမ်းဘေး တစ်ဘက်တစ်ချက် ကွင်းပြင်ခေါင်ခေါင်တို့မှ အပူရှိန် အပူငွေ့တို့သည် တလှျှမ်းလှျှမ်း တရှိန်ရှိန် လွင့်ပျံ့နေသည်။ ထို့အတူ ကျွန်တော်၏ ရင်တွင်းမှ ခံစားမှုတို့သည်လည်း ရပ်တည်မှုမရ၊ ပူပြင်းလှ ပါသည်။

သို့လာခဲ့ကြရာမှ ကျောက်ဆည်မြို့သို့ မရောက်မီကလေးတွင် ကားတန်းကြီးတစ်ခု တစ်ဖက်မှ မျက်နှာချင်းဆိုင် လာနေသည်ကို ခပ်လှမ်းလှမ်းတွင် မြင်တွေ့လိုက်ကြရသည်။

'ခဏ ရပ်ဦးဟေ့'

ထိုကားတန်းကြီးသည် စစ်သားတွေနှင့် အပြည့်၊ ပြင်ဦးလွင်မှ စစ်ကူလာသည့်တပ်များဖြစ်ကြသည်။ သူတို့ကိုလက်ပြ၍တားလိုက်သည်။

ကားတစ်စီးပေါ်မှ ဆင်းလာသူ ဗိုလ်ကြီး တင်ဦး (ဦးစီးချုပ်၊ အငြိမ်းစား)။

သူသည် ကျွန်တော့်ထံသို့ အရောက်ကိုပင် မစောင့်နိုင်တော့။ မြေပေါ်သို့ ရောက်လျှင်ပင် လှမ်း၍ မေးနေသည်။

'ဘယ်လိုလဲ ဗျို့'

ကျွန်တော့်မှာတော့ သူ့ကို အဖြေမပေးနိုင်သေးပါ။ ခေါင်းထဲတွင် အပြေးအလွှား စဉ်းစားနေမိသည်။ သည်တပ်ကို ဘာလုပ်ရမလဲ။

ယခုအချိန်လောက် ဆိုပါက သူပုန်တို့သည် မိတ္ထီလာတစ်မြို့လုံးကို သိမ်းပိုက်လို့ ပြီးလောက်ပါပြီ။ မြို့ပတ်လည်တွင်လည်း နေရာယူပြီးဖြစ်ကြ ပါလိမ့်မည်။ ရှေ့ပြေးတိုက်ကင်းတို့ကိုပင် မြို့၏မြောက်ဘက် ဤမန္တလေး လမ်းမကြီးအတိုင်း လွှတ်နေလေပြီလား။ ဘယ်လိုပဲဖြစ်ဖြစ် ရန်သူသည် ခံစစ်၌ အသင့်အတင့် နေသားတကျ ရှိနေပါပြီ။ သို့ရာတွင် ခိုင်မာသော ခံစစ်တော့ မဖြစ်သေး။

http://www.cherrythitsar.org



ထိုရန်သူကို တိုက်မည်ဆိုပါက ယခု အချိန်ကဲ့သို့ ခိုင်မာသော ခံစစ် မဖြစ်သေးမီ တိုက်နိုင်လျှင် အကောင်းဆုံးဖြစ်သည်။ သို့ရာတွင် ပြည့်စုံလုံလောက်သော အင်အားရှိရပါမည်။

ယခု ဗိုလ်ကြီးတင်ဦးတွင် ပါလာသည်က လူအစိတ်စီပါဝင် ဖွဲ့စည်းထားသော တပ်စု ငါးခု၊ လူပေါင်း တစ်ရာအစိတ်သာ ဖြစ်သည်။ အကူ လက်နက်ကြီးများလည်း မပါ။ နှစ်လက်မ စိန်ပြောင်းပင် ပါပါ လေစ။ သို့တစေ တိုက်စစ်ဆင်၍ ထိုရန်သူ၏ မြို့စွန် ရှေ့တန်းကို ထိုးဖောက်နိုင်သည်ထား။ ရန်သူ၏ အလုံးအရင်းဖြင့် တန်ပြန်ထိုးစစ် ဆင်ခြင်းကို ခံရမည်ဖြစ်သည်။ တစ်ဖန် ၎င်းကို တွန်းလှန်နိုင်သည် ထားဦးတော့၊ တစ်မြို့လုံးကို ထိန်သိမ်းရန် များစွာမှ ခက်ခဲပါလိမ့်မည်။ မြို့၏ ရပ်ကွက်တစ်ကွက်ကိုပင် မနည်းထိန်းရမည် ဖြစ်သည်။ ထိုအခါ အခြေအနေသည် ကျွန်တော်တို့အား အတွင်းရန်သူက ပတ်လည်။ ရန်သူ သည် ကျွန်တော်တို့အား တပ်အင်အား အနည်းငယ်မျှဖြင့် ထိန်းထား၍ အလုံးအရင်းဖြင့် အကာအကွယ် မရှိသော မန္တလေးသို့ အခက်အခဲမရှိ တောက်လျှောက် ချီတက်သိမ်းပိုက်နိုင်တော့မည် ဖြစ်သည်။

ထို့ကြောင့် ကျဆုံးခဲ့ပြီ ဖြစ်သော မိတ္ထီလာကို ပြန်လည်တိုက်ခိုက် ရေးထက် အန္တရာယ်ရှိလာပြီဖြစ်သော မန္တလေးမြို့၏ ကာကွယ်ရေးသည် ပိုမို၍ အရေးကြီးနေပြီ ဖြစ်ပါသည်။

ထိုနေရာ၌ပင် ဆုံးဖြတ်လိုက်သည်။ မှားလိုက မှားစေတော့။ ဤ တပ်ခွဲဖြင့် ကျောက်ဆည်တွင်ခံစစ်ဆင်မည်၊ ဆက်လက်ချီတက်လာမည့် ရန်သူကို ထိုနေရာမှ တားထားမည်။ ထိုအတွင်း မန္တလေးမြို့၏ ကာကွယ် ရေးကို ပြင်ဆင်မည်၊ ရသမျှအင်အားတို့ကို စုစည်းမည်၊ ထိုမှ တန်ပြန် တိုက်စစ်။

ဗိုလ်ကြီးတင်ဦးအား ကားတန်းနှင့် ဝေးရာသို့ ခေါ်ခဲ့သည်။

http://www.cherrythitsar.org



'ဗိုလ်သိန်းမောင်တို့၊ ဗိုလ်စိုးလှိုင်တို့လဲ လာကြလေဗျာ'

အားလုံးစုံလျှင် ထိုလမ်းဘေး၌ပင် ဗိုလ်ကြီးတင်ဦးအား အခြေအနေအရပ်ရပ်တို့ကို ရှင်းလင်းပြောပြသည်။ တစ်ချိန်လုံးမှာတော့ သူသည် ကျွန်တော့်မျက်နှာကိုသာ အံ့သြခြင်း၊ ကြေကွဲခြင်းတို့ဖြင့် စူးစိုက်ကြည့်နေပါသည်။

'အဲ့ဒါပဲ၊ ဒီတော့ ကိုယ်တို့ ဘာလုပ်ကြမလဲ'

'ဗိုလ်မှူးသဘောက ဘယ်လိုရှိသလဲ'

ထိုအခါ ကျွန်တော်၏ သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်တို့ကို သူတို့သုံးဦးအား တင်ပြသည်။ သူတို့အားလုံးက သဘောတူကြသည်။

'ဒီနည်းပဲ ရှိတော့တာပေါ့'

'ကဲ ဒါဖြင့် ဒီလိုလုပ်ကြရအောင်' အသေးစိတ်အစီအစဉ်တို့ကို ဆက်လက်ဆွေးနွေးကြသည်။

ဤတပ်သည် ကျောက်ဆည်သို့ ပြန်လှည့်မည်၊ ကျောက်ဆည်တွင် ခံစစ်ပြင်မည်။ ရန်သူအား ထိုအရပ်မှ အတတ်နိုင်ဆုံး တားဆီးထားမည်၊ ကျွန်တော်သည် မန္တလေးသို့ဆက်လက်သွားပြီး မန္တလေး၌ ရှိနေကြသော ဗိုလ်မှူးအေးမောင်[၁](ထိုစဉ်က မန္တလေးစစ်ဝန်ထမ်းကိုအုပ်ချုပ်နေရသူ)၊ ဗိုလ်မှူးရဲမြင့်[၂](ထိုစဉ်က စစ်ရဲ တပ်ရင်းမှူး)တို့နှင့် တိုင်ပင်၍ မန္တလေး ကာကွယ်ရေးနှင့် မိတ္ထီလာအား ပြန်လည်သိမ်းပိုက်ရေးကို စီစဉ်မည်။

'ကဲ ဒါဖြင့် သွားကြစို့၊ အချိန်သိပ်ရမှာ မဟုတ်ဘူး'

ကျွန်တော်တို့သည် ဗိုလ်ကြီးတင်ဦးနှင့် သူ၏ တပ်ခွဲကို ထားခဲ့၍ ဆက်လက် ထွက်ခဲ့ကြသည်။

---

၁။ ဗိုလ်မှူးကြီး (အငြိမ်းစား)

၂။ ဒုတိယဗိုလ်မှူးကြီး (ကွယ်လွန်)

http://www.cherrythitsar.org



မန္တလေးသို့ နေဝင်ဖျိုးဖျတွင် ရောက်သည်။

စစ်ရဲတပ်ရင်းသို့ ဦးစွာဝင်သည်။ ဗိုလ်မှူးရဲမြင့်ကို အဆင်သင့်ပင်တွေ့ရသည်။ မိတ္ထီလာအခြေအနေကို ပြောပြ၍ ဗိုလ်မှူးအေးမောင်ကို ဆက်သွယ်ကြသည်။ သူလည်း ချက်ချင်းပင်ရောက်လာသည်။ ကျွန်တော်တို့သုံးဦးဆက်လက်တိုင်ပင်ကြသည်။အဲသည်ကမှ ကလောမှခေတ္တရောက်နေသော ဗိုလ်မှူးကြင် (ယခုကျဆုံး)နှင့် တွေ့ကြသည်။ ထိုညမှာပင်နန်းတွင်းရှိ အရာရှိအားလုံးတို့ကို အရာရှိရိပ်သာတွင် စုရုံး၍ အခြေအနေကို ပြောပြသည်။ အစီအစဉ်တို့ကို ရှင်းပြသည်။

အကြမ်းအားဖြင့် ကျောက်ဆည်တွင် ထားခဲ့သော တပ်ခွဲကိုကျောက်ဆည်၌ပင် ရှေ့တန်းခံစစ်အဖြစ် ဆက်လက်ထားရှိရန် ထိုအတွင်းမြစ်ငယ်တွင် ပင်မခံစစ်ကြောင်းတစ်ခု အမြန်ဆုံးပြင်ဆင်ရန် ရနိုင်သမျှတပ်များတို့ကို တပ်ခွဲလိုက် စုစည်း၍ မြစ်ငယ်သို့ ပို့ရန်။

ထိုအစီအစဉ်တို့ ဆွေးနွေးတင်ပြပြီးလို့ ယာယီရုံးအဖြစ် ဖွင့်လှစ်မည့် စစ်ရဲတပ်ရင်းရုံးသို့ ပြန်ရောက်တော့ ည ၁၁နာရီ ထိုးပြီဖြစ်ပါသည်။ ထိုအခါမှပင် ကျွန်တော့်မှာ လက်ဖက်ရည်တစ်ခွက် နှစ်ခွက်မှလွဲလို့ တစ်နေ့လုံး ဘာမျှမစားရသေးသည်ကို သတိရမိရသည်။ တစ်ခုခုစားရန် စဉ်းစားသည်။ သို့ရာတွင် စားလိုစိတ် မရှိလှ။

စိတ်တွင်း၌မူ ပြုလုပ်ဖွယ် အစီအစဉ်တို့ကို တိကျစွာ ချမှတ်ပြီးဖြစ်သဖြင့် အသင့်အတင့် အေးချမ်းမှုကို ရရှိနေသည်။

စစ်ပွဲဟူသည် အစီအစဉ် ရေးဆွဲမှုအပိုင်းနှင့် လုပ်ဆောင်မှုအပိုင်းဟူ၍ အကြမ်းဖျင်းနှစ်ပိုင်းခွဲလို့ရသည်။ ထိုအစီအစဉ်တို့သည် အခြေအနေကို အဘက်ဘက်မှသုံးသပ်ရာမှအမှုတဆုံးသော ကောက်နုတ်ချက်များကို၊ ထိုကောက်နုတ်ချက်တို့မှရရှိသည့်အလျော်ကန်ဆုံးသောနည်းလမ်းများ

http://www.cherrythitsar.org



ဖြစ်ရန် အရေးကြီးလှသည်။ ထိုအလျော်ကန်ဆုံးသော နည်းလမ်းတို့မှ ပေါက်ဖွားလာသည့် အစီအစဉ်တစ်ရပ်ကို ရရှိရေးဆွဲပြီးစီးပါမူ ထိုစစ်ပွဲ၏ တစ်ဝက်ကို အောင်နိုင်ပြီ ဖြစ်ပါသည်။ ကျန်တစ်ဝက်ကမူ တိုက်ပွဲကို ခေါင်းဆောင်ကြီးကိုင်မှုနှင့် အခြားသောတိုက်ပွဲအတွင်း တွေ့ကြုံရင်ဆိုင်ရမည့်အခြေအနေအရပ်ရပ်တို့အပေါ်တွင်သာတည်တော့သည်ဖြစ်သည်။

ကျွန်တော်သည် ထိုတစ်နေ့တာအတွင်း ဖြစ်ပွားခဲ့သော မြန်ဆန်လှသည့် အဖြစ်အပျက်တို့ကို ပြန်လည်စဉ်းစားနေမိရာမှ သတိရလိုက်၍ ကြည့်လိုက်တော့ ၁၂ နာရီ ထိုးလုနီးနေပြီကို တွေ့လိုက်ရသည်။

ထိုအခါမှ ကိုယ်ရေးကိုယ်တာ ကိစ္စဖြစ်သော ဇနီးနှင့်သားတို့ကို အရှာထွက်ရန် မြို့တွင်းသို့တစ်ခေါက် ပြန်ခဲ့ရသည်။ အချိန်မတော်လှပြီဖြစ်သဖြင့် ပထမသော် နံနက်လင်းမှ ရှာဖွေရန် စဉ်းစားမိပါသေးသည်။ သို့ရာတွင် နက်ဖြန်သည် မည်သို့အခြေအနေကို ပေးမည်ဆိုသည်ကို မမှန်းဆနိုင်သော မသိနိုင်သော အနာဂတ် ဖြစ်သဖြင့် စိတ်ချလက်ချ အားကိုး၍ မဖြစ်။

မိတ္ထီလာမှ ရခဲ့သည့် လိပ်စာဖြင့် ထိုရပ်ကွက်သို့ ရောက်ခဲ့သည်။ မီးလက်လက်နှင့်တွေ့ရသမျှ အိမ်တို့ကို တစ်အိမ်တက်ဆင်း မေး၍ ဇနီးနှင့် သားတို့ တည်းခိုနေရာ အိမ်သို့ရောက်သည်။

ကျွန်တော်မှန်းသိလျှင် တံခါးသည် ပွင့်လာ၍ တစ်အိမ်သားလုံးသည် ကျွန်တော့်ကို ဝိုင်းအုံလာကြသည်။ ဝမ်းပန်းတသာ မေးကြမြန်းကြ၊ သူတို့ သိလိုတာကတော့ မိတ္ထီလာအကြောင်း။

ကြားလိုက်ကြတော့ ဝိုင်သွားကြသည်။

'ဒါဖြင့် မန္တလေးရော'

'မန္တလေးတော့ စိတ်ချ၊ ဘာမှ မဖြစ်နိုင်ဘူး'

http://www.cherrythitsar.org



အမှန်တော့ ကျွန်တော်သည် စိတ်တော့ဖြင့် ပူနေမိပါသည်။ သို့ရာတွင် မန္တလေးမြို့ကဲ့သို့ မြို့ကြီးတစ်မြို့၊ မြန်မာပြည်ရဲ့ ဒုတိယမြို့တော်သည် သူပုန်လက်တွင်းသို့ကျမည်ဆိုသည်ကိုနှလုံးသားအတွင်းမှလုံးဝလက်မခံခဲ့။

ထို့နောက် ဇနီးသည် ခူးခပ်ပေးသည့် ထမင်းကို စားအပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော သားအား ပွေ့ချီနူတ်ဆက်ခဲ့၍ စခန်းသို့ ပြန်ခဲ့သည်။

စိတ်တွင်းမှာ အေးချမ်းသွားပါပြီ။ စစ်ဆင်ရေးအစီအစဉ်တွေကို ရေးဆွဲပြီးပါပြီ။ ကိုယ်ရေးကိုယ်တာအားဖြင့်လည်း ဇနီးနှင့်သားတို့အတွက် ပူပင်စရာ မရှိတော့။ နက်ဖြန်၊ ဒါကတော့ နက်ဖြန်ရဲ့ ပြဿနာ။ သည်ညကတည်းက ခေါင်းရှုပ်မခံလိုတော့ပါ။ ထို့ကြောင့် ယခု တစ်ခဏတာကလေး အတောအတွင်းမှာတော့ဖြင့် နွမ်းနယ်လှပြီဖြစ်တဲ့ စိတ်နှင့်ကိုယ်ခန္ဓာတို့ကို ရွှေမန်းရဲ့ ညဥ့်လေနုနုကလေး၏ အယုအယတွင် ကျေကျေနပ်နပ်ကြီး အပ်နှံပြီး မျက်လုံးတို့ကိုမှိတ်ကာ ဂျစ်ကားကလေး သယ်ဆောင်ရာသို့ အငြိမ့်ငြိမ့် လိုက်ပါလာခဲ့ပါသည်။

**မန္တလေးမြို့ အဖြစ်အပျက်**

နောက်တစ်နေ့တွင် သတင်းဆိုးကြီးကို မမျှော်လင့်ဘဲ တအံ့တသြ ကြားလိုက်ကြရသည်။

သူပုန်တို့သည် ပြင်ဦးလွင်ကို သိမ်းပိုက်လိုက်ကြပါပြီ။

မိတ္ထီလာကျဆုံးသည့်နေ့က ခရီးသည်တင် ယူဘီအေလေယာဉ်ပျံ တစ်စီးသည်အခြေအနေကိုမသိသဖြင့် မိတ္ထီလာကွင်းသို့ဆင်းခဲ့သည်။ ထိုလေယာဉ်ကို သူပုန်တို့က အသာတကြည် သိမ်းလိုက်ကြသည်။ ထိုလေယာဉ်မောင်းသူသည် မျက်နှာဖြူလူမျိုး ဖြစ်သည်။ သူ့ကို အကျပ်ကိုင်

http://www.cherrythitsar.org



ကြသည်။ ထို့နောက် လေယာဉ်တွင် သူပုန်တပ်သားအပြည့် လိုက်ပါကြ၍ ပြင်ဦးလွင်အနီးစခန်းသို့ သက်ဆင်းကြသည်။ ထိုအဖွဲ့ကို ခေါင်းဆောင်သူကတော့ ကချင်စစ်ဗိုလ် ဗိုလ်နော်ဆိုင်း[၁] ပင် ဖြစ်သည်။

ထိုကွန်မင်ဒို စစ်ဆင်ရေးကလေးသည် ခက်မယောင်နှင့်လွယ်လှပါသည်။ လွယ်လွန်းသဖြင့်လည်း မည်သူကမျှ မမျှော်လင့်မိကြ။ ထိုသို့ မမျှော်လင့်မိကြသဖြင့် ပြင်ဦးလွင်သည် သူပုန်တို့လက်သို့ သေနတ်တစ်ချက် မပစ်ဖောက်ရဘဲလျက် ကျဆင်းခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်အနေဖြင့်ကတော့ ထိုစစ်ဆင်ရေးကို အကြံရသူ၊ စီစဉ်သူကိုပင် ချီးကျူးမိရပါသည်။ ထိုလေယာဉ်ပျံသည် မမျှော်လင့်ဘဲ ရောက်ရှိလာသည်။ ထိုလေယာဉ်ပျံကို ရလိုက်လျှင် တစ်ခဏချင်းအတွင်း၌ပင် အခွင့်ကောင်းတစ်ခုကို မြင်လိုက်သော၊မြင်နိုင်စွမ်းရှိသော ဦးနှောက်ကိုရန်သူပင်ဖြစ်ပါစေ၊တန်ရာတန်ဖိုးပေး၍မလေးစားဘဲမနေနိုင်ပါ။

သို့ရာတွင် ထိုအကြံအစည်သည် ဗိုလ်နော်ဆိုင်းထံမှ စတင်သည်ဟုဆိုပါက ကျွန်တော်များစွာအံ့ဩရပါလိမ့်မည်။ ဗိုလ်နော်ဆိုင်းကိုကျွန်တော် အသင့်အတင့်သိသည်။ ၁၉၄၆ ခုနှစ် ပြင်ဦးလွင်တွင် ဖွင့်လှစ်ခဲ့သော တပ်ခွဲမှူးသင်တန်းသို့ သူသည် သုံးလကြာမျှ ကျွန်တော်တို့နှင့်အတူ တက်ရောက်ခဲ့ဖူးသည်။

တောင့်ခိုင်၍ အရပ်ပုပု၊ ဂင်တိုဟု ခေါ်ရမည့် ကိုယ်လုံးကိုယ်ထည်၊ မျက်လုံးပြူးပြူး တိုက်ပွဲလေ့ကျင့်ရေးတို့တွင် တပ်ခွဲမှူး၊ တပ်ရင်းမှူးတို့၏ အကူရဲဘော် တာဝန်ကိုသာ လိုလိုချင်ချင် ထမ်းဆောင်တတ်သူ၊ ထိုတပ်မှူးတို့၏ ရှေ့မှတက်ကာ သူ၏ ဓားကြီးဖြင့် လမ်းထွင်သူ၊ တောရှင်း

၁။ တောနို (ပြည်ပ)

http://www.cherrythitsar.org



ပေးသူ၊ ထို့ထက်ကြီးမားသောတာဝန်တို့ကို ခေါင်းတခါခါဖြင့်အကျောက် အကန် ငြင်းပယ်တတ်သူ၊ အမှန်တကယ်လည်း ထိုတာဝန်တို့ကိုထမ်းရွက်နိုင်စွမ်းမရှိသူ။ အဲသည်လိုသာဗိုလ်နော်ဆိုင်းကို ကျွန်တော်သည် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ရိုးသားစွာမြင်ခဲ့ပါသည်။ သို့ရာတွင် သူသည် တပ်စုမှူးကောင်း တစ်ယောက် ဖြစ်နိုင်သည်ဆိုသည်ကိုတော့ လက်ခံရပါမည်။ ထိုသို့ နှလုံးရည်အားဖြင့် ချို့တဲ့သော်လည်း ဗိုလ်နော်ဆိုင်းသည် လက်ရုံးရည်နှင့် ပြည့်ဝသူဖြစ်ပါသည်။ စစ်ကြီးအတွင်းက ဗြိတိသျှစစ်တပ်တွင် သတ္တိပြောင်မြောက်စွာဖြင့် အမှုထမ်းခဲ့သည်။ ထို့ကြောင့် 'ဘီဂျီအမ်'ဟူသော သူရဲကောင်း တံဆိပ်ဖြင့် ချီးမြှင့်ခြင်း ခံရသူဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပြင်ဦးလွင်သို့ လေယာဉ်ဖြင့် သွားရောက်၍ သိမ်းပိုက်သည့် စစ်ဆင်ရေးကို မည်သူက ကြံစည်သည်ဖြစ်စေ ထိုစစ်ဆင်ရေးကို ထို ဗိုလ်နော်ဆိုင်းက ခေါင်းဆောင်ခဲ့သည်။ အမှန်တော့ သူသည် ထိုစစ်ဆင်ရေးမျိုးနှင့်များစွာမှ အကိုက်ညီဆုံးသောသူ ဖြစ်ပါသည်။

ဗိုလ်နော်ဆိုင်းနှင့်အဖွဲ့ အနီးစခန်းလေယာဉ်ကွင်းသို့ ဆင်းလိုက်ကြတော့ ထိုကွင်းကို စောင့်ရှောက်ရန် တာဝန်ကျနေသော တပ်စုသည် အစိုးရတပ်၏ ဝတ်စုံ၊ အစိုးရတပ်၏ တံဆိပ်အမှတ်အသားတို့ကို ဆင်ယင်ထားသော ထိုအဖွဲ့ကို မိမိတို့ဘက်သားဟု အထင်ရှိရာ ထိုအတိုင်းပင်ကြည့်နေမိသည်။ သူပုန်တို့သည် လေယာဉ်ပေါ်မှ အေးဆေးစွာဆင်းခဲ့ကြ၍ ထိုအစောင့်တို့အား လက်နက်သိမ်းလိုက်ကြတော့မှ ကျောကို အချခံလိုက်ကြရတော့မှ မားပြမှန်း သိလိုက်ကြရပါသည်။

ထို့နောက် ဗိုလ်နော်ဆိုင်းတို့သည် ဟန်မပျက် မြို့တွင်းသို့ ဝင်ခဲ့ကြ၍ ထိုစဉ်က ပြင်ဦးလွင်တွင် အများအပြားရှိနေကြသော ကရင်အမျိုးသား

http://www.cherrythitsar.org



လက်နက်ကိုင် တပ်သားတို့နှင့် ပူးပေါင်းလိုက်ကြကာ မြို့ကိုအလွယ်တကူ သိမ်းလိုက်ကြခြင်း ဖြစ်သည်။ ထိုမျှ လွယ်ကူလှပါသည်။

ထို့ကြောင့် ပြင်ဦးလွင် ကျပြီဆိုသည့် သတင်းကိုကြားရသည်က မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သွားကြသည်။ ကျွန်တော့်မှာတော့ တွေးမိတိုင်းမကျေမနပ် ဖြစ်နေမိရသည်။ ကျွန်တော် သေသေချာချာမှတ်မိပါသည်။ မိတ္ထီလာမကျမီကလေးတွင်မှ ရန်ကုန်သို့ နောက်ဆုံးပို့ခဲ့သော ကြေးနန်းတွင် မိတ္ထီလာလေယာဉ်ကွင်း လုံခြုံမှုမရှိဟု တိတိကျကျဖော်ပြ အစီရင်ခံခဲ့သည်။ ထိုကြေးနန်းကို ရန်ကုန်မှမရရှိခဲ့သောကြောင့် ပေလား၊ ရလျက်နှင့် လေယာဉ်သို့အချိန်မီအကြောင်းမကြားနိုင်ခဲ့၍ပေလား။

မည်သို့ပင်ဖြစ်စေ၊ ပြင်ဦးလွင် ကျဆုံးခဲ့ရခြင်းသည် သမိုင်း၏ အကျည်းတန်လှသော အခန်းတစ်ရပ်အဖြစ် ကျန်ရစ်ခဲ့ပါပြီ။ သို့ရာတွင် ထိုသို့သာ စဉ်းစားမည်ဆိုပါက နောင်တစ်ခေတ်ပြုစုမည့် သမိုင်းစာအုပ်ကြီးတွင် ထိုသို့ အကျည်းတန်လှသည့် စာမျက်နှာတွေသည် အတော်ပင် များပြားပါလိမ့်မည်။

လောလောဆယ်က မန္တလေး၊

ပြင်ဦးလွင်ကျဆုံးခဲ့ရခြင်းကြောင့် မန္တလေး၏အခြေအနေသည် ရုတ်တရက် ဆိုသကဲ့သို့ ပိုမိုဆိုးရွားလာခဲ့ပါပြီ။ မိတ္ထီလာမှ ရန်သူသည် တရွေ့ရွေ့ဖြင့် မြောက်ဘက်သို့ ချီတက်လာနေကြပါပြီ။ ပြင်ဦးလွင်မှ မသေးလှသော ရန်သူကလည်း တစ်ဘက်မှ ခြိမ်းခြောက်လျက် ရှိလာပြီ ဖြစ်သည်။ မန္တလေးမြို့သည် ရန်သူ ဂဏန်းလက်မကြီး၏ အကြားတွင် ကျရောက်နေပါပြီ။ ဖိညှပ်ခြင်းခံရဖို့သာ လိုပါတော့သည်။ ထိုအချိန်သည်လည်း မဝေးလှတော့။

ကျောက်ဆည်မှ တပ်ခွဲကို မြစ်ငယ်သို့ ဆုတ်လိုက်ရသည်။

http://www.cherrythitsar.org



ခံစစ်ဆင်သူတွင် လုပ်ဆောင်နိုင်သော နည်းလမ်း အကြမ်းဖျင်း အားဖြင့် သုံးမျိုးရှိသည်။ ထိုနည်းလမ်းတို့ကို တစ်ခုစီ ပြုလုပ်နိုင်သည်။ ပူးတွဲ၍လည်း သုံးနိုင်သည်။

ရန်သူ၏ ထိုးစစ်ကို ကြံ့ကြံ့ခံ၍ မိမိ၏ မြေကတုတ်ရှေ့တွင် ထိုရန်သူကို တစ်တိတိဖြင့် ချေမှုန်းနိုင်သည်၊

ရန်သူ၏ ထိုးစစ်ကို တန်ပြန် တိုက်စစ်ဖြင့် ဖြိုဖျက်နိုင်သည်။

ရန်သူ၏ ထိုးစစ်အရှိန်အဟုန်ကို အလိုက်သင့် မျှော၍ ဆုတ်ပေးနိုင်သည်။

ပထမနည်းလမ်းကို သုံးမည်ဆိုပါက အမြောက်စသော လက်နက်ကြီးတို့၏ ပစ်ခတ်မှု အင်အားသည် မရှိမဖြစ်သော လိုအပ်ချက်တစ်ရပ်ဖြစ်သည်၊ ပစ်ခတ်မှု များစွာမှ လိုသည်။

ဒုတိယနည်းလမ်းကမူ ရနိုင်ပါက သံချပ်ကားများနှင့် ပစ်ခတ်မှုအင်အား လိုသည်။

တတိယနည်းလမ်းကိုမူ ပစ်ခတ်မှု အကူအညီမရနိုင်သော အခါ သို့မဟုတ် သံချပ်ကားများ မရှိသောအခါ သို့မဟုတ် အင်အားချင်း မမျှလွန်းပါက အသုံးပြုရန် ဖြစ်သည်။ ထိုနည်းဖြင့် မိမိအင်အားကို ချွေတာရာ ရောက်သည်။ အလဟဿ ဆုံးရှုံးခြင်းမှ ကာကွယ်ရာရောက်သည်။ တိုက်စစ်အနေအထားဖြင့် ခွန်စိုက် အားစိုက် ထိုးနှက်လာသော ရန်သူ၏ အားကိုလည်း အရှိန် ပျက်သွားစေနိုင်သည်။ မတည်မငြိမ် အခြေအနေကို ဖန်တီးနိုင်သည် ဖြစ်သည်။ သို့ရာတွင် ထိုနည်းကို ဆက်ကာ မပြတ် ကျင့်သုံးသွားရန် မဟုတ်။ တန်ပြန် တိုက်စစ်နှင့် တွဲဖက် သုံးရန် အခွင့်ကောင်း ဖန်တီးခြင်း၌သာ အသုံးပြုရသည်ဖြစ်သည်။

http://www.cherrythitsar.org



မည်သို့ပင်ဖြစ်စေ၊ ထိုတန်ပြန်တိုက်စစ်ဆင်ခြင်းနှင့်ဆုတ်ခွာခြင်းတို့ကို ပြုလုပ်ရာ၌ မည်သည့်အချိန်တွင် ပြုလုပ်ရမည်ဆိုသည့် အချိန်အခါ ရွေးချယ်ခြင်းသည် များစွာမှ အရေးကြီးလှပါသည်။ မစောလွန်းရ၊နောက်မကျလွန်းရ၊ အချိန်ကို တိကျစွာ ရွေးချယ်တတ်ရပါသည်။

သို့ရာတွင် ထိုစဉ်ကတော့ ထိုသို့စနစ်တကျအစီအစဉ်တွေကို ဘာတစ်ခုမှမပြုလိုက်ကြရ။ မပြုနိုင်ခဲ့ကြ။ အခြေအနေကမပေးခဲ့။အရေးကြီးသည်က ရန်သူနှင့်သင့်တင့်သောအကွာအဝေးသို့ ခွာလိုက်ရန်သာဖြစ်သည်။ ထိုနည်းဖြင့် နောက်ပိုင်းမှစစ်ကူတို့လာရောက်ပူးပေါင်းနိုင်စေရန်နှင့် ပိုကောင်းမွန်သော ခံစစ်မျဉ်းတွင် ပိုမိုတောင့်တင်းစွာခံနိုင်စေရန်အချိန်ပိုကလေး အသက်ရှူပေါက်လေးကို အမိအရယူလိုက်ရန်ဖြစ်သည်။ ထို့ကြောင့် ကျောက်ဆည်မှ တပ်တို့ကို ရန်သူ၏ ဝါးမျိုခြင်းမခံရမီ ခံစစ်အနေအထား ပိုမိုကောင်းမွန်သော၊ နောက်ပိုင်းဆက်သွယ်ရေးလမ်းကြောင်း ပိုမိုစိတ်ချရသော မြစ်ငယ်သို့ ဆုတ်ခွာစေလိုက်ရသည်။

ထိုအချိန်တွင် ပြင်ဦးလွင်မှ ရန်သူသည် ကျွန်တော်တို့အားရာဇသံပေးလာပါပြီ။ ယခုအထိ မန္တလေးနှင့်ပြင်ဦးလွင်အကြားရှိ တယ်လီဖုန်းလိုင်းတို့မှာ မပျက်မစီးဘဲ အကောင်းအတိုင်း ရှိနေကြသေးသည်။ အခြေအနေသည် ဤမျှထူးခြားသည်ဖြစ်သည်။ ရန်သူသည် ထိုတယ်လီဖုန်းဖြင့် ကျွန်တော်တို့အား မကြာခဏခေါ်သည်။ စကားပြောသည်။ လက်နက်ချရန် တရားဟောသည်။ ချော့သည်။ ခြောက်သည်။ တစ်ခါတစ်ရံ သရော်သည်။ ကျွန်တော်သည် သူတို့ပြောသမျှကို ပျင်းပျင်းရှိလျှင် နားထောင်သည်။ ငြီးငွေ့သည့်အခါတို့၌ ချထားလိုက်သည်။ ထိုလိုင်းကို ဖြတ်ပစ်ရန်တော့ မလိုဟု ယူဆကာ ထိုအတိုင်းပင် ထားလိုက်သည်။

ပြင်ဦးလွင် ကျဆုံးပြီး သုံးလေးရက်ခန့်အကြာတွင် အရေးကြီးသည်ဟု ဆိုသဖြင့် ထိုတယ်လီဖုန်းကို ကောက်ကာ နားထောင်လိုက်

http://www.cherrythitsar.org



ပါသည်။ တစ်ဘက်မှ အသံရှင်က သူသည် ကော်သူးလေတပ် တာဝန်ခံ အရာရှိတစ်ဦးဖြစ်သည်ဟုဆိုသည်။ နာမည်ကိုတော့မေးလို့မရ။ကျွန်တော် သိသော သူတစ်ဦးဖြစ်ပါလိမ့်မည်။ ကျွန်တော်နှင့်ရင်းနှီးသူပင်ဖြစ်ကောင်း ဖြစ်မည်။ သူကမူ ကျွန်တော့်ကို ကောင်းစွာသိသည်။ 'လေးစားပါတယ် ဗိုလ်မှူး'ဟု စကာ ကျွန်တော်တို့နှင့်တွေ့လိုသည်။ အေးဆေးစွာဆွေးနွေး လိုပါသည်ဟု ဆိုသည်။ ထို့ကြောင့် တွေ့ရမည့်နေရာနှင့် အချိန်တို့ကို သတ်မှတ်ပေးပါဟု တောင်းဆိုသည်။

ကျွန်တော်တို့သည် ခေတ္တမျှ စဉ်းစားကြသည်။ တွေ့ဆုံခြင်းဖြင့် အကျိုးယုတ်စရာ အကြောင်းမမြင်သဖြင့် မန္တလေးသို့ ထိုညနေမှာပင် ဆင်းခဲ့ရန် ပြန်ကြားလိုက်သည်။ သူတို့၏ ကိုယ်စားလှယ်များ၏ လုံခြုံမှု ကိုလည်း တာဝန်ယူလိုက်သည်။

သို့ရာတွင် ရောက်ရှိလာကြသူတွေကတော့ သူပုန်တွေမဟုတ်ကြ။ ထိုစဉ်က ပြင်ဦးလွင်တွင် အမိခံနေကြရသော နယ်ပိုင်ဝန်ထောက်၊လမ်း မင်းကြီးနှင့် အခြားမြို့ခံပုဂ္ဂိုလ် လေးငါးဦးသာဖြစ်ကြသည်။ သူတို့ကို သူပုန်တို့က ခိုင်းစေသဖြင့် မလာမဖြစ်သောကြောင့် ကိုယ်စားလှယ်အဖြစ် လာခဲ့ကြရသူတွေ ဖြစ်ကြသည်။

သူတို့နှင့် နန်းတွင်းရိပ်သာတစ်ခုတွင်တွေ့ကြသည်။ သူတို့ပြောသရွေ့ ကတော့ သူပုန်တို့သည် အင်မတန် အင်အားကြီးမားသည်။ ကျွန်တော်တို့ သည် မကြာမီနှစ်ဘက်ညှပ်တိုက်ခိုက်ခြင်းကိုခံကြရတော့သည်။ အကျိုးမရှိ သောခုခံခြင်းဖြင့်မန္တလေးမြို့သာလျှင်ပြာကျပါလိမ့်မည်။ ထို့ကြောင့် အသာ တကြည်လက်နက်ချပါတဲ့။သစ်ဆန်းသောအကြောင်းအရာတစ်ခုမျှမပါ။

ထိုအခြေအနေတို့ကို ကျွန်တော်တို့သည် နားလည်ပြီး ဖြစ်သည်။ သို့ရာတွင် လက်နက်ချဖို့ ဆိုတာကိုတော့ဖြင့် ဘယ်သောအခါကမျှ စိတ်ကူးထဲ၌ ထည့်ခဲ့ကြသည် မဟုတ်။

http://www.cherrythitsar.org



သူတို့က ယခု ချက်ချင်း စကားပြန်ပါဟု ဆိုသည်။ ကျွန်တော်တို့က မနက်ဖြန်နေ့လယ် ၁၂ နာရီမှာမှ ပြန်မည်ဟု ဖြေလိုက်သည်။ ကျွန်တော်တို့အဖို့တော့မူ ထိုမနက်ဖြန် ၁၂နာရီမတိုင်မီ တစ်ခုခုကိုတော့ဖြင့် မုချလုပ်ကြရပါတော့မည်း

ထိုညက ဗိုလ်မှူးအေးမောင်၊ ဗိုလ်မှူးရဲမြင့်နှင့် ကျွန်တော်တို့သည် စစ်ရဲတပ်ရင်းရုံးခန်းတွင် ထိုင်ကြ၍ အခြေအနေကို ပြန်လည်သုံးသပ်ကြသည်။ အဖြေကို ရှာကြသည်။

ကျွန်တော်တို့သည် ရန်သူ၏ နှစ်ဖက်ညှပ်တိုက်ခိုက်ခြင်းကို ပြိုင်တူတစ်ချိန်တည်းခံနိုင်မည်မဟုတ်၊ အကယ်၍ တစ်ဖက်တည်းကိုသာ ရင်ဆိုင်ရမည်ဆိုပါက သို့မဟုတ် တစ်ဖက်စီကိုသာ တစ်ချိန်စီရင်ဆိုင်ရမည်ဆိုပါက မျှော်လင့်ချက် ရှိပါသေးသည်။

မိတ္ထီလာမှ ရန်သူသည် အင်အားကြီးမားသည်။ ပြင်ဦးလွင်မှ ရန်သူလည်း သူ့လောက်မကြီး၊ ထို့ပြင် အိမ်ထောင်စုများ ရှိနေကြသည်ဖြစ်၍ ဤသည်မှာ သူတို့၏ ပျော့ကွက်ပင်ဖြစ်သည်။ အကယ်၍သာ ကျွန်တော်တို့သည် ပြင်ဦးလွင်ကို သိမ်းပိုက်နိုင်ပါက ဝက်ဝံ၊ နောင်ချို ဒေသသို့ဆုတ်ခွာသွားခဲ့ကြရသော ဗိုလ်မှူးဘဖြူ (ယခု ဗိုလ်မှူးကြီး၊ အငြိမ်းစား) ခေါင်းဆောင်သည့် ဘီအီး၊ အင်ဂျင်နီယာတပ်တို့နှင့် ဆက်သွယ်ပူးပေါင်းနိုင်မည်ဖြစ်သည်။ ထိုသို့ ပူးပေါင်း၍ရသော အင်အားဖြင့် တောင်ဘက်မှချီတက်လာနေသော ရန်သူကို ပြန်၍ရင်ဆိုင်နိုင်ပါလိမ့်မည်။

ထို့ကြောင့် မန္တလေးရှိ အင်အားအလုံးအရင်းဖြင့် ပြင်ဦးလွင်ကို ဦးစွာတိုက်မည်။ထိုသို့တိုက်ရမည့်အချိန်မှာနက်ဖြန်နံနက်ပင်ဖြစ်ရပါမည်။

'ဒီသုံးသပ်ချက်ဟာ ရာဇဝင်တွင်မယ့် သုံးသပ်ချက်ပေါ့ဗျ'ဗိုလ်မှူးရဲမြင့်က အသံသြသြလေးလေးကြီးဖြင့် ကျေကျေနပ်နပ်ကြီး မှတ်ချက်ချသည်။

http://www.cherrythitsar.org



ထိုဆုံးဖြတ်ချက် ချမှတ်ပြီးပြီ ဖြစ်သဖြင့် စိတ်တွေ ပေါ့ပါးသွားကြပြန်သည်။ လူတွေလည်း ရွှင်လန်းလာကြသည်။ သို့ရာတွင် သာယာ၍ မနေအားကြ။ နက်ဖြန်နံနက် စစ်ဆင်ရေးအတွက် ပြင်ဆင်ရန်တို့ကို ညလုံးပေါက် လုပ်ကြရသည်။

အသုံးပြုနိုင်သည့် ရသမျှအင်အားမှာ တပ်မတော်မှ တပ်ခွဲတစ်ခွဲနှင့် ထိုအချိန်က ကျွန်တော်တို့နှင့် လာရောက်ပူးပေါင်းလျက်ရှိကြသော ပြည်သူ့ရဲဘော်တွေသာ ဖြစ်ကြသည်။

နံနက်လင်းသည်နှင့် အနီးစခန်းကို တိုက်သည်။ အနီးစခန်းကို ရသည်။ သို့ရာတွင် မြို့ပတ်လည် ရန်သူ၏ ခံစစ်ကို မထိုးဖောက်နိုင်ကြ။

ကျွန်တော်တို့သည် ပြင်ဦးလွင်ကို ယနေ့ အပြီးတိုက်ရပါမည်။ အချိန်ရသည်က ၁၂ နာရီမျှသာဖြစ်သည်။ မန္တလေးမြို့ကို အကာအကွယ်မရှိ လက်လွှတ်၍ အရဲစွန့်ကြရသောကြောင့် ထို့ထက်ပို၍ ကြာကြာမနေနိုင်ကြ။ ထို့ကြောင့် အပူတပြင်း နေ့လုံးပေါက် တိုက်ကြသည်။ မြို့တွင်းသို့ ဝင်နိုင်ရန် အကြိမ်ကြိမ်ကြိုးစားသည်။ သို့ရာတွင် မအောင်မြင်ခဲ့။ ညနေစောင်းလာလျှင် အသည်းတနင့်နင့် တက်တခေါက်ခေါက်ဖြင့် မန္တလေးသို့ ပြန်ခဲ့ကြရသည်။

သို့ရာတွင် ထိုတိုက်ပွဲကြောင့် အမြတ်ရလိုက်သည်ကတော့ ရှိခဲ့သည်။ ပြင်ဦးလွင်တွင် မိနေသော ဗိုလ်မှူးထွန်းစိန် (မြူမင်းကြီးဟောင်း ဗိုလ်မှူးကြီးထွန်းစိန်၊ ကွယ်လွန်)၊ ဗိုလ်မှူးမောင်လတ် (အငြိမ်းစား)နှင့် အရာရှိအကြပ်တပ်သားအချို့၊ အထူးသဖြင့် အသက်ဆယ့်လေးငါးခြောက်နှစ်အရွယ်၊ ကလေးစစ်သည် ရဲညွန့်တပ်ခွဲတို့လွတ်မြောက်ထွက်ပြေးလာနိုင်ခဲ့ကြသည်။ မန္တလေးသို့ ရောက်လာခဲ့ကြသည်။ သူတို့ရောက်လာကြသဖြင့် ကျွန်တော်တို့မှာ များစွာမှ အားတက်ခြင်း ဖြစ်ကြရသည်။

http://www.cherrythitsar.org



'ကဲ ဂင်ကီရေ၊ ကိုယ့်လဲ တာဝန်တစ်ခုပေးကွယ်' ပြင်ဦးလွင်တွင် သူပုန်တို့လက်တွင်း၌ ကိုယ်ဝန်အရင့်အမာနှင့် ဇနီးကို ထားရစ်ခဲ့ရသော ဗိုလ်မှူးထွန်းစိန်က ခရီးရောက်မဆိုက် အမောပင် မဖြေအား။ တာဝန်ကိုသာ တောင်းရှာသည်။

ကျွန်တော့်မှာ သူ့အတွက် စိတ်မကောင်းစွာဖြင့် ခေတ္တမျှ ငေးမောနေမိသည်။

'နားပါဦးလား အထွန်းရယ်' သူ့ကို ကျွန်တော်တို့က အထွန်းဟုပင် ခေါ်ကြသည်။

'အို မလိုပါဘူး၊ မြန်မြန်တိုက်၊ မြန်မြန်သေ၊ အေးတာပဲ' တဲ့။

ထို့ကြောင့် ဗိုလ်မှူးထွန်းစိန်အား ချမ်းမြသာစည်တစ်ဝိုက်တွင် ပြင်ဆင်လျက်ရှိနေသော ခံစစ်ကြောင်းကို ဦးစီးရန် တာဝန်ပေးလိုက်ရသည်။

မှန်ပါသည်။ မြစ်ငယ်စစ်မျက်နှာမှ တပ်တွေသည် ဆုတ်ခဲ့ကြရပြန်ပါပြီ။ မြစ်ငယ်တံတားကို ကြိုတင်၍ ချိုးခဲ့သည်။ သို့ရာတွင် ရန်သူသည် ပစ်ခတ်အား လူအားဖြင့် ဖိ၍ မြစ်ကို ဖြတ်ကျော်နိုင်ခဲ့ကြသည်။

တစ်ချိန်တည်းမှာလိုလို ပြင်ဦးလွင်မှ ရန်သူကလည်း တောင်ခြေသို့ ဆင်းလာကြသည်။

မန္တလေးမြို့ကိုဖြင့် ဂဏန်းလက်မကြီးသည် ညှပ်ကိုင်စပြုလာပါပြီ။

ကျွန်တော်တို့မှာတော့ ရှိသည့်အင်အားတို့ဖြင့် နှစ်ဖက်စလုံးကို တအားကန်၍ထားကြရသည်။ သို့ရာတွင်ကြာကြာတော့ခံနိုင်ကြတော့မည် မဟုတ်တော့။ အကြီးဆုံးပြဿနာက ကျည်ဆန်၊ ပြီးတော့ လူအင်အား။

ထိုအတွင်း ဗိုလ်မှူး ချစ်နိုင် (ဒုတိယ ဗိုလ်မှူးကြီး၊ အငြိမ်းစား) ရန်ကုန် မှ ရောက်လာသည်။ ထိုအချိန်က လေယာဉ်ပျံကြီး တစ်စီးဖြင့်

http://www.cherrythitsar.org



မန္တလေးငွေတိုက်မှ ငွေတို့ကို ရန်ကုန်သို့ သယ်ယူနေသည်ဖြစ်သည်။ သူ့ကိုမြင်လိုက်ကြရတော့ မျှော်လင့်ကြီးစွာဖြင့် ဝမ်းသာလိုက်ကြရသည်။ တပ်ကူရမလား။ သို့ရာတွင် သူနှင့်အတူပါလာသည်က ကျည်ဆန်အနည်း ငယ်သာဖြစ်သည်။ စစ်ရုံးကြီးမှလည်း တတ်နိုင်သရွေ့ ပေးလိုက်ခြင်းဖြစ် သည်။ ကွမ်းတစ်ယာ ရေတစ်မှုတ်ပေလား မပြောတတ်။

ဗိုလ်မှူးချစ်နိုင်သည် အထူးတာဝန်ဖြင့် ကွန်မြူနစ်တို့ သိမ်းပိုက် ထားသော မြင်းခြံမြို့နယ်သို့ လျှို့ဝှက်စွာဖြင့် သွားမည်ဖြစ်သည်။ သူ့အား လိုအပ်သော အကူအညီတို့ ပေးလိုက်ရသည်။ (သူသည် မြင်းခြံသို့ အရောက် သူ၏အဆက်အသွယ်တို့နှင့် ဆက်သွယ်မှုမရမီ ကွန်မြူနစ်တို့၏ အဖမ်းခံလိုက်ရသည်။ ပြည်မြို့ထောင်တွင် အသတ်ခံရဆဲဆဲတွင်မှ လွတ် မြောက်ထွက်ပြေးနိုင်ခဲ့သည်။)

ဗိုလ်မှူးချစ်နိုင် မြင်းခြံသို့ ထွက်သွားပြီး မကြာမီ ရန်ကုန်စစ်ရုံး ကြီးမှ ကျွန်တော့်အတွက် သံကြိုးတစ်စောင် ရောက်လာသည်။ ရန်ကုန်သို့ နောက်တစ်နေ့တွင် ပြန်ခဲ့ရန်၊ သို့ ပြန်နိုင်ရန်အတွက် မနက်ဖြန်တွင် ရွှေဘိုသို့ လေယာဉ်တစ်စီး စေလွှတ်လိုက်မည်ဟု ပါရှိသည်။

ထိုကြေးနန်းကို ရလိုက်သော ကျွန်တော့်မှာ များစွာမှစိတ်မကောင်း ဖြစ်မိရပါသည်။ ယခုကဲ့သို့ မန္တလေး၏ အခြေအနေ အဆိုးရွားဆုံး အချိန်တွင် ဗိုလ်မှူးအေးမောင်၊ ဗိုလ်မှူးရဲမြင့်၊ ဗိုလ်မှူးထွန်းစိန်၊ ဗိုလ်မှူးကြင်၊ ဗိုလ်မှူးလတ်နှင့် ရဲဘော်အပေါင်းတို့ကို ခွဲခွာ၍ ထွက်လာရမည်ကို နောက်ဆံတင်းနေမိရသည်။ သူတို့အား စွန့်ပစ်ထားခဲ့ရသလိုလည်း စိတ် တွင်း၌ ခံစားမိရသည်။ သို့ရာတွင် ရန်ကုန်မှ လေယာဉ်ကိုပင် လွှတ်၍ ခေါ်နေခြင်းသည် ကျွန်တော့်အား တခြားတစ်နေရာ၌ ပိုမို အကျိုးရှိစွာ အသုံးချ တာဝန်ပေးရန် ဖြစ်ပါလိမ့်မည်။

အဲသည်လိုပဲ ဖြေလိုက်ရပါသည်။

http://www.cherrythitsar.org



ထိုညနေမှာပင် ဇနီးနှင့် သားတို့ကို သွားရောက် ခေါ်ယူ၍ စစ်ကိုင်းဘက်သို့ ကူးခဲ့သည်။ နောက်တစ်နေ့ ရွှေဘိုသို့ သွား၍ လွှတ်လိုက်သည့် လေယာဉ်ဖြင့် ရန်ကုန်သို့ ပြန်ခဲ့သည်။

ကျွန်တော် ထွက်ခွာလာပြီး ရက်အနည်းငယ်ခန့်အကြာ

၁၉၄၉ ခု၊ မတ်လ ၁၁ ရက်နေ့။

မန္တလေးမြို့သည် သူပုန်၏ လက်တွင်းသို့ ကျဆင်းခဲ့ရသည်။

မန္တလေးရှိတပ်များအားလုံးသည် အဖွဲ့အစည်းမပျက် စစ်ကိုင်းသို့ ဆုတ်ခွာနိုင်ခဲ့ကြသည်။

## ပျောက်သောသူနှင့် ပြန်လည်တွေ့ဆုံခြင်း

ရန်ကုန်သို့ ရောက်သည့်နေ့ ညမှာပင် စစ်ရုံးကြီးသို့ သွားရောက် သတင်းပို့သည်။ ကျွန်တော့်အတွက် အမိန့်သည် အဆင်သင့်စောင့်လျက် ရှိနေပါသည်။

လွိုင်ကော်တွင် ကျန်ရစ်ခဲ့သော ကျွန်တော်၏ တပ်ခွဲနှစ်ခွဲတို့သည် လွိုင်ကော်မှကလောသို့ ရောက်သည်အထိ ရန်ကုန်နှင့် ဝိုင်ယာလက် အဆက် အသွယ်ရခဲ့သည်။ ထို့နောက်တော့ အဆက်အသွယ်ပြတ်ခဲ့သည်။ ထို့ကြောင့် မည်သည့်အရပ်သို့ ရောက်ရှိနေ၍ မည်သို့ ဖြစ်နေသည်ကို မသိရ။ ထိုတပ်တွင် ပါသော ဝိုင်ယာလက်စက်သည် ချို့ယွင်းနေဟန်ရှိသည်။ ကျွန်တော်သည် ကလောသို့ အမြန်ဆုံးသွားရပါမည်။ ကလောမှနေ၍ သာစည်သို့ဆင်းကာ ကားလမ်းတစ်လျှောက်တွင် ထိုတပ်ကိုရှာဖွေရမည်။ တွေ့လျှင် ဦးစီး၍ အခြေအနေအရ စစ်ဆင်ရေးကို ဆက်လက်ပြုလုပ်ရသည်။

သာစည်မြို့ အခြေအနေ၊ အဲဒါကိုလည်း လုံးဝ မသိရ။ ရန်သူ၏ လက်တွင်း၌ရှိကောင်းရှိပါမည်၊ရှိနေသည်ဟုသဘောထားရမည်ဖြစ်သည်။

http://www.cherrythitsar.org



ထို့ကြောင့် ကျွန်တော်သည် ဇနီးနှင့်သားတို့အား မိဘများထံတွင် အပ်နှံ၍ ကလောသို့ လေယာဉ်ဖြင့် ထွက်ခဲ့သည်။

ကလောတွင် စစ်တပ်ဟူ၍ မရှိသလောက်ဖြစ်သည်။ တိုက်ခိုက်ရေးကျောင်းသည် တိတ်ဆိတ်လျက် ရှိနေသည်။ ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်မြင့်သည်လည်းမရှိတော့။ ကျွန်တော်၏ တပ်ခွဲများမှ အိမ်ထောင်သည်တို့သည်လည်း မရှိကြတော့။ ပင်းဒယသို့ ပြောင်းရွှေ့နေကြသည်ဟု သိရသည်။

ပျောက်ဆုံးနေသော တပ်ခွဲ နှစ်ခွဲ။ သူတို့ရဲ့ သတင်းကိုတော့ ဘယ်သူ့ကိုမျှ မေး၍မရ။ သာစည် အရပ်ဆီသို့ ကားများဖြင့် ဆင်းသွားကြပြီ ဆိုသည်ကိုသာ သိရသည်။

အချိန်ကိုလု၍ ပင်းဒယသို့ သွားခဲ့သည်။ ရဲဘော်တို့၏ ဇနီးသားသမီးတို့မှာ ကျွန်တော့်ကို မြင်တွေ့လိုက်ကြရသဖြင့် ဝမ်းသာအားတက် ဖြစ်ရှာကြသည်။ သူတို့၏ နေရေး စားရေးတို့ကို အတတ်နိုင်ဆုံး အဆင်ပြေစေခဲ့သည်။

ဟဲဟိုး လေယာဉ်ကွင်း၌ အရန် စစ်ရဲတပ် တစ်တပ်ရှိနေသည်။ သူတို့ကို ဗိုလ်မှူးကျော်ညွန့် (ယခု ဒုတိယ ဗိုလ်မှူးကြီး၊ အငြိမ်းစား)က အုပ်ချုပ်လျက်ရှိသည်။

သူတို့လည်း ကျွန်တော်၏ တပ်များ မည်သည့်အရပ်တွင် ရောက်နေကြသည်ကို မသိကြ။ ထို့ကြောင့် ကားတစ်စီးငှား၍ သတင်းအစအနကို နားတစွင့်စွင့် စိတ်တထင့်ထင့်ဖြင့် သာစည်ဘက်ကို တဖြည်းဖြည်းဆင်းခဲ့သည်။

ကလောကို လွန်ခဲ့လျှင်ပင် ရွာတို့သို့ ဝင်ရောက်ဖြတ်သန်းရသည့် အခါတိုင်း ကျောချမ်းမိသည်။ ရန်သူများ ရှိနေသလား။ ကျွန်တော့်တွင် လက်နက်ကိုင်အဖော်ဟူ၍ တစ်ယောက်မျှမပါ။ ကျွန်တော်နှင့် ကားမောင်း

http://www.cherrythitsar.org



သမားတို့သာ ဖြစ်ကြသည်။ အကာအကွယ်အားဖြင့်လည်း ကာဘိုင် သေနတ်တစ်လက်၊ ကျည်ဆန်က ၃၀၊ ဒါပဲ ဖြစ်သည်။ ကိုယ့်တပ်ဘယ်မှာ မှန်းမသိ။ ရန်သူ ဘယ်မှာမှန်းလည်း မသေချာ။ သို့ဖြင့် တစ်ကိုယ်တော် တိုက်ကင်းအဖြစ် စမ်းတဝါးဝါး လာခဲ့ရာမှ ယင်းမာပင် ရွာကြီးသို့ ရောက်ခဲ့သည်။ ယင်းမာပင်ရွာရောက်တော့မှပင် ကျွန်တော့်တပ်များသည် သာစည်တွင် တပ်စွဲထားကြကြောင်း၊ သူပုန်တို့သည် မိတ္ထီလာတွင် အင်အားကြီးမားစွာဖြင့် ရှိနေကြသေးကြောင်း၊ သာစည်တွင် နေ့စဉ်နှင့် အမျှ တိုက်ပွဲဖြစ်ပွားနေကြောင်းတို့ကို အသေအချာ သိရှိရသည်။

ယင်းမာပင်၌ ကြာရှည်စွာ မနားတော့။ ဆက်လက်ထွက်ခဲ့သည်။ သာစည်အနီးသို့ ရောက်လျှင်ပင် မော်တာသံ၊ စက်သေနတ်သံတို့က ကြိုဆိုနေကြပါပြီ။ မြို့တွင်းနေရာအချို့တို့ဆီမှလည်း မည်းနက် ညိုမှိုင်းသော မီးခိုးလိပ်ကြီးတို့က တလူလူဖြင့် ဖိတ်ခေါ်နေကြသည်။

မြို့အစပ်သို့ ဝင်မိလျှင် ကားကို ဖြည်းဖြည်းမောင်းစေရသည်။ ကိုယ့်တပ်ကမှား၍ ပစ်ခတ်မည်ကိုလည်း စိုးရိမ်ရပါသေးသည်။ မီးရထား သံလမ်း အလွန်တွင် အမှတ် ၃ ချင်းတပ်ရင်းမှ ကင်းအဖွဲ့တွေနှင့် တွေ့ လိုက်ရသည်။ ထိုအခါမှပင် ဤသာစည်တွင် ကျွန်တော်၏ တပ်ရင်း ၆၊ တပ်ခွဲ ၂ သာ မဟုတ်ဘဲ အမှတ် ၃ ချင်းတပ်ရင်းပါ ရောက်ရှိနေသည်ကို သိရသည်။

ရဲဘော်ကလေးများသည် ပုန်းခိုနေရာတို့မှ ပြေးထွက်လာကြ၍ ကျွန်တော့်ကားကို သေနတ်များဖြင့် ဝိုင်းချိန်၍ ဝိုင်းလိုက်ကြသည်။ ကျွန်တော်က ဘယ်သူဘယ်ဝါဖြစ်ကြောင်း ပြောပြရသည်။ သို့ရာတွင် မသက်မှုကတော့ သူတို့၏ ရိုးသားလှသော မျက်နှာများပေါ်မှ ပျောက်ကွယ်မသွားကြ။ ထိုအခိုက် ချင်းအမျိုးသား ဗိုလ်ကြီးတစ်ဦး ရောက်ရှိလာသည်။ ကျွန်တော့်ကို မြင်လျှင်ပင်

http://www.cherrythitsar.org



'ဟော့ ဗိုလ်မှူး၊ ဝမ်းသာလိုက်တာကွာ၊ သိပ်ဝမ်းသာတယ်' သူသည် ကျွန်တော့်လက်ကို တအားဆွဲဆုပ်ကိုင်လိုက်ကာ တလှုပ်လှုပ် ယမ်းနေရှာသည်။ ပြီးနောက် ရုံးဖွင့်ထားရာ စာသင်ကျောင်း အဆောက်အအုံသို့ လိုက်ပို့ပေးသည်။

သာစည်ရှိ တပ်တို့ကိုအုပ်ချုပ်နေသူသည် အမှတ် ၃ ချင်းတပ်ရင်း၏ ဒုတပ်ရင်းမှူးဗိုလ်မှူးဟာစ်(ချ်)ကော့[1]ဆိုသူအင်္ဂလိပ်ကပြားအရာရှိဖြစ်သည်။ တပ်ရင်းမှူးဖြစ်သူ ဒုတိယဗိုလ်မှူးကြီးလျှင်ချင်ဇန်ကမူ ကျွန်တော်နှင့်အတူ ရန်ကုန်မှအပြန် မိတ္ထီလာသို့အရောက် သူ့ပုန်များမိတ္ထီလာသို့ဝင်သောအခါ သူ့တပ်ရင်းဌာနချုပ်နှင့်အတူ ကျန်ရစ်ခဲ့ပါသည်။ ထို့ကြောင့် မိတ္ထီလာတွင် သူပုန်တို့၏လက်တွင်း၌ အကျယ်ချုပ်ဖြင့်နေထိုင်လျက် ရှိနေသည်။

ဗိုလ်မှူးဟာစ်(ချ်)ကော့သည် ကျွန်တော်နှင့် ရန်ကုန်စိန်ပေါလ်ကျောင်းတွင် ကျောင်းနေဘက် ဖြစ်ခဲ့ဖူးသည်။

'ဝမ်းသာလိုက်တာကွာ' ကျွန်တော့်အားဖက်ယမ်းနှုတ်ဆက်သည်။

အနီးအနားတွင်ရှိနေကြသော ချင်းအမျိုးသား အရာရှိတို့သည် စုဝေးလာကြသည်။ ပြင်ပအခြေအနေတို့ကို သိလိုကြသည်။ သူတို့သည် ကျွန်တော်ပြောပြသမျှတို့ကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ကြသည်။ သူတို့ရဲ့ မျက်နှာတွေကတော့ တည်ငြိမ်လှပါသည်။

'ဒီမှာလဲ နေ့တိုင်း တိုက်နေရတာပဲ'

တစ်ဦးက ပြောပြစဉ်တွင် ထောက်ခံသည့်အလားစက်သေနတ်သံ တစ်တွဲကိုကြားလိုက်ရသည်။ ထို့နောက် ရန်သူ၏မော်တာဗုံးလေးငါးလုံးသည် မြို့၏မြောက်ဘက်တွင်ကျလိုက်၍ ကျယ်လောင်စွာပေါက်ကွဲလိုက်ကြသည်။

---

၁။ ဗိုလ်မှူး (အငြိမ်းစား)

http://www.cherrythitsar.org



'ဆော်လှချည့်လား'

'ဒီလိုပဲ၊ တစ်နေ့လုံး ပစ်နေတာပဲ' သူတို့က ဖြေသည်။

ထို့နောက် သူတို့၏ အခြေအနေကို ကြားသိရပါသည်။

တပ်ရင်း ၆ တပ်ခွဲ ၂ခွဲ မိတ္ထီလာသို့ အမြန်ဆုံးချီတက်လာခဲ့ရန် အမိန့်ရလိုက်ကြတော့ မိတ္ထီလာတွင် ထိုမျှအရေးကြီးနေပါက ချင်းတပ်ခွဲတို့သည်လည်း ကယားပြည်နယ်ထဲတွင် ရှိနေသည်ထက် မိတ္ထီလာသို့ ပြန်လည် စုရုံးခြင်းသည် အခြေအနေအရ ပိုမို၍ ကောင်းမည်ဟု ဆုံးဖြတ်ကြကာ အတူလိုက်ပါလာခဲ့ကြခြင်း ဖြစ်သည်။

လမ်းခရီးတွင် များစွာသော အခက်အခဲတို့နှင့်ရင်ဆိုင်ခဲ့ကြရသည်။ ဦးစွာ မော်တော်ကားများ ပြဿနာ၊ အစီးပေါင်း လေးငါးဆယ် ရရန် ရက်ပေါင်းများစွာ ရှာကြရသည်။ ပြီးတော့ ဓာတ်ဆီ။ ဓာတ်ဆီစုံတော့ လမ်းခရီးတစ်လျှောက်လုံး တစ်စီးပြီး တစ်စီး ပျက်ကြပြန်သည်။

သာစည်သို့ မိတ္ထီလာကျအပြီး ဆယ်ရက်ခန့်အကြာ မတ်လဆန်းက ရောက်သည်။ သာစည်ရောက်တော့ မိတ္ထီလာတွင် သူပုန်တို့သည် အခိုင်အမာ တပ်စွဲနေကြပြီ ဆိုသည်ကို သိကြရသဖြင့် သာစည်တွင်ပင် ထိုင်လိုက်ကြရသည်။ ရောက်သည့်နေ့မှ စတင်၍ နေ့စဉ်ရက်ဆက်ပင် ရန်သူ၏ စိန်ပြောင်းဒဏ်ကို ခံနေကြရသည်။

ယခု သာစည်တွင်ရှိနေသော တပ်တို့မှာ အမှတ် ၃ ချင်းတပ်ရင်းမှ ချင်းတပ်ခွဲ နှစ်ခွဲ၊ ခြေလျင်တပ်ရင်း ၄ မှ ဂေါ်ရခါးတပ်ခွဲ တစ်ခွဲ၊ တပ်ရင်း ၆ မှ တပ်ခွဲ နှစ်ခွဲ၊ ပေါင်း ငါးခွဲ။ သို့ရာတွင် လွန်စွာအားနည်းသော တပ်ခွဲများ ဖြစ်နေကြပါပြီ။

အနေအထားအားဖြင့် မိတ္ထီလာဘက်သို့ မျက်နှာမူနေသည့် မြို့အနောက်ဘက်မှ လက်ယာရစ် ရေတွက်ပါလျှင် တပ်ရင်း ၆ တပ်ခွဲတစ်ခွဲ၊ ထို့နောက် ဂေါ်ရခါးတပ်ခွဲ။ ထို့နောက် တပ်ရင်း ၆ တပ်ခွဲ တစ်ခွဲနှင့်

http://www.cherrythitsar.org



အရှေ့ဘက်နှင့် တောင်ဘက်တို့တွင် ချင်းတပ်ခွဲ နှစ်ခွဲ။ ထိုတပ်များအားလုံး တို့သည် မြို့၏ အစွန်းတစ်လျှောက်တွင် 'ဘန်ကာ'ဟုခေါ်သော အမိုး မိုးထားသည့် မြေကတုတ်ကျင်းအတွင်း၌ နေထိုင်ကြရသည်။ မြို့သူမြို့ သား ဟူ၍ လုံးဝမရှိတော့။

ထိုအခြေအနေတို့ကို နားထောင်နေစဉ်မှာပင် မြို့၏အနောက်ဘက် ပိုင်းတွင် မော်တာဗုံး သုံးလေးလုံးကျရောက်ပေါက်ကွဲသံကို ကြားလိုက်ရ ပြန်သည်။ အနည်းငယ် နီးကပ်သဖြင့် စားပွဲပေါ်မှ လက်ဖက်ရည်ခွက် များ ခုန်သွားသည်။

ထိုအတွင်း၌ကျွန်တော်၏အရာရှိများဖြစ်ကြသော ဗိုလ်ကြီးချစ်မောင် (ဗိုလ်မှူး အငြိမ်းစား)နှင့် ဗိုလ်ကြီးတင်ဦး(ယခု ဒုတိယဝန်ကြီးဟောင်း) တို့ ရောက်လာကြသည်။ ဗိုလ်ကြီးချစ်မောင်သည် သူ့ထုံးစံအတိုင်း စပ်ဖြီး ဖြီးနှင့် သူ၏မည်းနက်သောအသားရောင်သည် ပို၍ နက်မှောင်နေသည်လို့ ထင်ရသည်။ဗိုလ်ကြီးတင်ဦးကမူ နဂိုအတိုင်းပင်အေးဆေးစွာရှိနေသည်။

'ကျွန်တော်တို့က ဗိုလ်မှူးအတွက် စိတ်ပူနေကြတာ'

'အေး၊ ကိုယ်လဲ မင်းတို့အတွက် စိုးရိမ်နေရတာပေါ့'

ခေတ္တမျှဆက်လက်၍ သတင်းတွေဖလှယ်ကြသည်။ ထို့နောက်မှ

'ကဲ လာကြ၊ ရဲဘော်တွေ လိုက်ပြီး မျက်နှာပြရအောင်'

တပ်ရင်း ၆ တပ်ခွဲများတာဝန်ယူထားသောမြို့၏ အစိတ်အပိုင်း တို့သို့ သွားကြ၍ ဘန်ကာကျင်းတစ်ခုမှ တစ်ခုသို့လှည့်လည်ကာ ရဲဘော် တို့အား နှုတ်ဆက်ရသည်။ မျက်နှာပြရသည်။ ကြည့်ရှုစစ်ဆေးရသည်။ မြင်ရသရွေ့၊ ကြားရသရွေ့ သူတို့အတွက် စိတ်မကောင်း ဖြစ်ရသည်နှင့် အမျှ ဂုဏ်ယူမိရသည်။

သူတို့အားလုံးတွင် ယူနီဖောင်းဝတ်စုံတို့သည် ပေရေစုတ်ပြတ်လျက် ရှိနေကြပါပြီ။ မုတ်ဆိတ်ကျင်စွယ်တွေလည်း ထိုးထိုးထောင်ထောင်နှင့်

http://www.cherrythitsar.org



မနေ့ကမှ တပ်သားသစ်ဟု ပြောဆိုခေါ်ဝေါ်ခဲ့ရသော ဤရဲဘော်ကလေးတွေသည် ယနေ့ ဝါရင့်စစ်သားကြီးများ ဖြစ်နေပါပြီ။ တိုက်ပွဲအတွေ့အကြုံရင့်သန်နေပြီဖြစ်သည့် စစ်သားကြီးများ ဖြစ်နေကြပါပြီ။

သူတို့အားလုံးရဲ့ မျက်နှာတွေကတော့ ပြုံးပြုံးကြီးတွေဖြင့် ကျွန်တော်ရောက်လာလို့ ဝမ်းသာအားရ ဖြစ်နေကြသည်။ အဲသည်လိုပဲ ထင်လိုက်ပါသည်။

'ဟေ့ ဖိုးစန်းညွန့်ကြီး၊ မသေသေးဘူးလား'

'ဟာ ဗိုလ်မှူး၊ ဘယ်တော့မှ မသေဘူး'

အဲသည်လိုသာ ပြောသည်။ သူ့ခေါင်းမှာဖြင့် ပတ်တီးနှင့် တစ်နေ့ကပင် ရန်သူ၏ ကျည်ဆန် သူ့ခေါင်းကိုရှပ်သဖြင့် ဆံပင်ခွဲကြောင်းသစ်ကလေး အဖွေးသားပေါ်ခဲ့ရသည်။ (ယခု သူသည် ဗိုလ်မှူး၊ အငြိမ်းစား)။

တစ်ဦးကိုနောက်ပြောင်ပြီး တစ်ဦးကိုနှုတ်ဆက်ရသည်။

'နေကောင်းရဲ့လားဟေ့'

'ကောင်းပါတယ် ဗိုလ်မှူး'

တစ်ယောက်သို့

'ဘယ့်နှယ်လဲကွ၊ စားသာရဲ့လား'

'ဒီလောက်တော့ မဖြုန်သေးပါဘူး ဗိုလ်မှူး'

ဘန်ကာတစ်ခုသို့မူ

'တောင့်ထားကြနော်'

'စိတ်ချပါ ဗိုလ်မှူး'

သူတို့အားလုံး၏ စိတ်ဓာတ်သည် အံ့သြဖွယ်ရာ မြင့်မားလျက်ရှိနေကြသည်။ သားကွဲ မယားကွဲ၊ နေရပြန်တော့ ဘန်ကာကျင်း၊ ဖုန်အလိမ်းလိမ်း၊ စားရပြန်တော့ ပဲဟင်းတစ်မည်၊ ကျည်ဆန်ကလည်း မလုံမလောက်၊ ရန်သူ့ ပစ်ခတ်မှုကလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုပြင်းထန်

http://www.cherrythitsar.org



လို့သာ လာခဲ့။ မနက်ဖြန် ဘာဖြစ်မယ်ဆိုတာကိုပင် မသိနိုင်သည့် ဘဝ။ သနားစရာ ရဲဘော်၊ ချစ်စရာ ရဲဘော်၊ တိုင်းပြည်အတွက် ဒုက္ခပေါင်း မြောက်မြားစွာတို့ကို သူတို့ တစ်ဦးတည်း ကန်ထရိုက်ဆွဲထားသလို ဒိုင်ခံ ခံစားကြရကာ တာဝန်ကျေပွန်သည့် ရဲဘော်။ တိုင်းပြည်အတွက် အသက်ကို ပေးလှူပြီး ပြည်ထောင်စု အလံတော်ကို ကာကွယ်နေကြတဲ့ ရဲဘော်။ တိုင်းပြည်ထံမှ ဘာတစ်ခုမျှ ပြန်လည်ရကောင်းစေရဲ့လို့ သဘော မထားတတ်ရှာကြတဲ့ ရဲဘော်။

ထိုညကတော့ ကျွန်တော်သည် ရဲဘော်တစ်စုနှင့် မြေကတုတ်ကျင်း တစ်ခု၏ နှုတ်ခမ်းတွင် ဝိုင်းထိုင်၍ သန်းခေါင်ကျော်အထိ စကားတွေ ပြောနေမိရသည်။ သတင်းမျိုးစုံတို့ကို ဖလှယ်နေမိရပါသည်။

ကျွန်တော် ကျေနပ်သည်။ ကျွန်တော် ရဲဘော်တွေနှင့် ပြန်လည် ပူးပေါင်းနိုင်ခဲ့လို့ အလွန်ပဲ ကျေနပ်နေရပါသည်။

စစ်တပ်ဟူသည် အမိန့်ဖြင့်၊ စည်းကမ်းဖြင့် ထိန်းကွပ်ထားသည် ဆိုသော်လည်း ပုဂ္ဂိုလ်စွဲဆိုသည်တို့ကတော့ ရှိစမြဲဖြစ်သည်လို့ ထင်သည်။ ထို့ကြောင့် တပ်မှူးတစ်ဦးသည် မိမိစိတ်တိုင်းကျပုံသွင်းလေ့ကျင့်ခဲ့သော တပ်ကိုသာ ခေါင်းဆောင်ရပါက မည်သည့် ရန်သူကိုမဆို ရဲရဲကြီး ရင်ဆိုင်ဝံ့သလို၊ တပ်သားတို့အဖို့မှာလည်း မိမိတို့သိရှိရင်းနှီးသော တပ်မှူး တစ်ဦးကသာ ခေါင်းဆောင်ပါက မည်သည့် တိုက်ပွဲမျိုးမဆို ယုံကြည်မှု အပြည့်နှင့် ဝင်ရဲသည် ဖြစ်သည်။

ကျွန်တော့်မှာလည်း တပ်သားသစ်ဘဝမှစတင် ပျိုးထောင်ခဲ့ရသော ဤရဲဘော်တွေနှင့် ပြန်လည်တွေ့ဆုံ၍ တစ်ဘက်ရှိ ရန်သူအားအတူတကွ ရင်ဆိုင်ကြရမည်ဖြစ်သဖြင့် ယုံကြည်မှုအပြည့်ဖြင့်ကျေနပ်နေမိရပါသည်။

http://www.cherrythitsar.org

# အောင်သာစည်

## ပုံးမိုးအောက်မှ သာစည်မြို့

ကျွန်တော်သည် ရုံးအဆောက်အအုံနှင့် မနီးမဝေးရှိ ပျဉ်ခင်း ထရံကာ အိမ်လွတ်ကလေးတစ်လုံးတွင် တက်ရောက်နေသည်။ ရွှေ့စရာအိမ်တွေက ပေါပါဘိ။ တစ်မြို့လုံးတွင် မြို့ခံလူအရပ်သားဟူ၍ တစ်ယောက်တလေမျှ မရှိကြတော့သဖြင့် အားလုံးသော အိမ်တို့သည် လွတ်နေကြသည်။ မြို့ပျက်ကြီး ဖြစ်နေပါသည်။ မြို့၏ တစ်နေရာမှ တစ်နေရာသို့ မြို့လယ်ကောင်မှ ဖြတ်၍ သွားသည် ဖြစ်စေကာမူ လူသားဟူ၍ တစ်ယောက်မျှ မတွေ့ရ။ တံခါးပိတ်ထားသော အိမ်လွတ်တို့ကသာ လူသူကင်းမဲ့ခြင်းနှင့် တိတ်ဆိတ်ငြိမ်သက်ခြင်းတို့ကို သရုပ်ဖော်နေကြသည်။ ခွေးလေခွေးလွင့် တစ်ကောင်တလေကိုတော့ဖြင့် တစ်ခါတစ်ရံ တွေ့ရသည်။ သူတို့သည် ပင် ရိုင်းစိုင်းစ ပြုနေပါပြီ။ တစ်မြို့လုံးသည် သုသာန်တစပြင်နှင့်ပင် တူပါတော့သည်။

ရန်သူသည် နံနက်လင်းလာလျှင် ရှေ့တန်းခံစစ်ကျင်းတို့ဆီသို့ သုံးလက်မ စိန်ပြောင်းတို့ဖြင့် ဆယ့်လေးငါးချက်ခန့် အဆက်မပြတ်

http://www.cherrythitsar.org



ပစ်ခတ်တတ်ကြသည်။ ထို့နောက် မိနစ်နှစ်ဆယ် နာရီဝက်ခန့် ငြိမ်သွားသည်။ မကြာမီ တစ်ခါတစ်ရံ ထပ်မံ၍ပစ်ပြန်သည်။ သည်တစ်ခါတော့ ဖြင့် ပို၍များလာသည်။ ထိုမော်တာသံတို့နှင့်အတူ စက်သေနတ်တို့ဖြင့် လှမ်း၍ဆွဲသည်။ နောက်တစ်ဖန် ငြိမ်သွားပြန်သည်။ တစ်ခါ ထပ်မံ၍ ပစ်ကြ ခတ်ကြပြန်သည်။ သို့ဖြင့် တစ်နေ့လုံး အရုဏ်မှ နေဝင်ဖျိုးဖျ အထိ။

အမှန်တော့ ကျွန်တော်တို့အား စိတ်ဓာတ်စစ်ဆင်ရေး ပြုလုပ်နေခြင်းသာ ဖြစ်ပါသည်။ ကျွန်တော်တို့ လွတ်လပ်စွာ မလှုပ်ရှားနိုင်စေရန် အမြဲတစေ တထိတ်ထိတ် တလန့်လန့်ဖြင့် နေကြရစေရန်၊ တုန်လှုပ်ချောက်ချားလာစေရန် ရည်ရွယ်သည် ဖြစ်သည်။ သို့ရာတွင် ကျွန်တော်တို့ကတော့ ကြာလာလျှင် နည်းနည်းရိုးလာသလိုလို ရှိလာကြသည်။ မြေကတုတ် ကျင်းများအတွင်းသို့ပင် အခါခပ်သိမ်း မဆင်းကြတော့။ ရန်သူ၏ ပစ်ခတ်မှုသည် စည်းစည်းလုံးလုံးမရှိ။ တိကျမှုမရှိ။ ထို့ကြောင့်လည်း ပစ်ခတ်မှုနှင့်စာလျှင် ကျွန်တော်တို့၏ ထိခိုက် ကျဆုံးမှုသည် နည်းပါးလှပါသည်။ ဂေါ်ရခါးအရာရှိ တစ်ဦးနှင့် အခြားရဲဘော်အချို့ ထိမှန် ကျဆုံးခဲ့ကြသည်။ ဒဏ်ရာရသူတွေကတော့ အသင့်အတင့်ရှိသည်။ အများအပြားကတော့ ဒဏ်ရာမရရှိဘဲ ဆွံ့အ သွားကြသူတွေ ဖြစ်ကြသည်။ သူတို့သည် အင်္ဂလိပ်ဘာသာဖြင့် 'ရှဲလ်ရှောက်(က)' ဖြစ်သွားကြသူတွေ ဖြစ်ကြသည်။ အဆက်မပြတ် ပေါက်ကွဲ မခံမရပ်နိုင်သဖြင့် တုန်လှုပ်သွားသူတွေ ဖြစ်ကြသည်။

ကျွန်တော်သည် အရုဏ်ဦးနှင့်အတူ ဘန်ကာကျင်းတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ သို့လှည့်လည်ရင်းမှ ရန်သူ၏ ပစ်ခတ်မှုပါးလျှင် ရဲဘော်တို့နှင့် ထိုင်၍ စကားပြောသည်။

http://www.cherrythitsar.org



တပ်မှူးတစ်ဦးဖြစ်သူ၏ ဘဝသည် အင်မတန် ခက်ခဲလှပါသည်။ အေးဆေးချိန်၊ စစ်မတိုက်ရချိန်တို့တွင် လွန်စွာပင် ပျင်းရိဖွယ်ကောင်းသော တစ်ကိုယ်တော်ဘဝ ဖြစ်သည်။ ရာထူး ပိုမို၍ ကြီးမားလာလေ ပို၍ အဖော်ကင်းမဲ့လေ ဖြစ်ရတတ်သည်။ လက်အောက်ငယ်သား အရာရှိများကပါ အထက်လူကြီးဟူသော လေးစားမှုဖြင့် သူ့ကိုရှောင်တတ်ကြသည်။ ရိုသေမှုဖြင့် ပယ်ထားတတ်ကြသည်။ အိပ်စရာရှိလျှင် သီးသန့်နေရာ ပေးကြသည်။ စားစရာရှိလျှင် သီးသန့် ကျွေးမွေးကြသည်။ သူ့ရှေ့တွင် မရယ်ကြ၊ မပြုံးကြ၊ စကားပင် ဟက်ဟက်ပက်ပက်မပြောကြ။ သူရောက်လာလျှင် အလေးပြုကြသည်။ သူခေါ်လိုက်လျှင် သတိ အနေအထားသို့ ပြောင်းလိုက်ကြသည်။ သူပြောလျှင် 'ဟုတ်ကဲ့' တစ်ခွန်းဖြင့်သာ လိုက်တတ်ကြသည်။ အင်မတန်မှ အထီးကျန်ဘဝပင် ဖြစ်ပါသည်။

စစ်မြေပြင်၌မူ သာမန်အခါတို့ထက်တော့ဖြင့် ရဲဘော်တို့နှင့် ပိုမို ရင်းနှီးခွင့်ရသည်။ အဲသည်ကျပြန်တော့ သူသည်ဟန်ဆောင်ရပြန်ပါသည်။ လူတိုင်းသည် ရန်သူ၏ ကျည်ဆန်ကို ကြောက်ကြသည်။ တပ်မှူးဆိုသူသည်လည်း လူပင် ဖြစ်သည်။ ထို့ကြောင့် သူသည်လည်း ရန်သူ၏ ကျည်ဆန်ကို ကြောက်ပါသည်။ သို့ရာတွင် သူ့မှာ ထို ကြောက်စိတ်ကို ပြသမိမည့် အရေးကို ထပ်မံကြောက်ရပြန်သည်။ ရဲဘော်တို့၏ ရှေ့မှောက်တွင် မကြောက်သလို ဟန်ဆောင်ရသည်။ ထို့ကြောင့် အရဲစွန့်ရသည်။ ရဲဟန်ပြရသည်။ ဤတွင်လည်း တစ်ဒုက္ခ။

သူသည် ထိုသို့ ရဲဟန်ပြကာ ရင်တထိတ်ထိတ်ဖြင့် မားမားမတ်မတ် ရပ်ကာ ဘန်ကာတစ်ခုသို့ ကူးရသည်။ ထိုကူးသန်းချိန် တစ်မိနစ်ခန့်၊ တစ်ခါတစ်ရံ စက္ကန့်ပိုင်းကလေးသည် သူ့စိတ်တွင်း၌ ကမ္ဘာပေါင်းများစွာ ကြာမြင့်လှပါသည်။ ထိုစဉ်များ၌ ရဲဘော်တွေသည် သူ့ကိုတအံ့

http://www.cherrythitsar.org



ဩဩဖြင့် လေးစားစွာ မော့၍ကြည့်ကြသည်။ တို့ ဗိုလ်မှူးသည် သတ္တိကောင်းပေစွ။ သို့ရာတွင် ထိုတပ်မှူးသည် ကြောက်စိတ်ဖြင့် ဒူးတဆတ်ဆတ်တုန်နေသည်။ ရင်တလှပ်လှပ်ခုန်နေသည်ကို သူတို့ မသိကြ။

သို့ဖြင့် ဘန်ကာ တစ်ခုပြီးတစ်ခု လှည့်လည် စကားပြောသည်။ ထိုသို့ပြောရာမှ အမြဲလိုလိုပင် 'ဒီရန်သူ ရှင်းသွားရင်တော့ကွာ' ဟူသော ကြုံးဝါးသံ၊ အားခဲသံတို့ကို ကြားရတတ်သည်။ ဒါပေမယ့် အဲဒါက ဘယ်တော့များမှပါလဲ၊ အဲသည် နေ့ရက်က ဘယ်တော့မှ ရောက်မှာပါလဲ၊ သူတို့က သိလိုကြသည်။ ခန့်မှန်းပေးစေလိုကြသည်။ ကျွန်တော့်မှာတော့ တိကျမှုကို ရှောင်ကွင်းပြီးဝေ့လည်ကြောင်ပတ်သာ ဖြေရသည်။ အို ခဏပေါ့ကွာ။

ကျွန်တော်တို့တွင် ရိက္ခာအနေဖြင့် ဆန်၊ ငါးခြောက်၊ပဲတို့ကတော့ အသင့်အတင့် ကျန်ပါသေးသည်။ မြို့တွင်း တချို့အိမ်တို့မှလည်း ဆန်၊ ဆီ၊ ဆားအစရှိသည်တို့ အနည်းအပါးရှာလို့ တွေ့ရသည်။ တစ်နေရာ၌မူ ဂျုံအိတ် တော်တော်များများကို တွေ့ထားကြသည်။ ထို့ကြောင့် အစားအသောက်အတွက်တော့ မပူရသေး။

ကျည်ဆန်။ အဲဒါအတွက်ပဲ စိတ်ပူနေရသည်။ ကျည်ဆန်ကို ချွေတာကြပော့၊ ချွေချွေတာတာ ပစ်ကြ။ အဲဒါကိုပဲ ရဲဘော်တွေအား တဖွဖွ သတိပေးနေရသည်။ ရန်သူကလည်း ကျွန်တော်တို့တွင် ကျည်ဆန်ရှားပါးလာပြီကို ရိပ်မိကြပါလိမ့်မည်။ ထို့ကြောင့် တစ်စတစ်စဖြင့် အတင့်ရဲလာကြသည်။ မနီးမဝေးမှ လာ၍ အသံချဲ့စက်တို့ဖြင့် လက်နက်ချရန် ဆွယ်တရားဟောကြသည်။ အထူးသဖြင့် ဂေါ်ရခါးနှင့် ချင်းရဲဘော်တို့အား ရည်ရွယ်၍ပြောကြ၊ ဟောကြ၊ ဆွယ်ကြသည်။ မြန်မာတွေကိုတော့ ဆဲသည်။ မြန်မာစစ်သားတွေကို သတ်၍ ထွက်ခဲ့ကြရန် ဂေါ်ရခါးနှင့်

http://www.cherrythitsar.org



ချင်းရဲဘော်တို့အား သွေးထိုးပေးသည်။ သို့ရာတွင် ထိုရဲဘော်တွေသည် စိုးစဉ်းမျှ မယိမ်းယိုင်ခဲ့ကြ။ ကျွန်တော်တို့မြန်မာရဲဘော်တွေအနေဖြင့်လည်း ထိုရဲဘော်တို့၏ ပြည်ထောင်စုအပေါ်၌ထားရှိသည့် သစ္စာစောင့်သိမှုကို စိုးစဉ်းမျှ သံသယမရှိခဲ့ကြ။ ရှိစရာလည်း မလို။ သူတို့၏ သူရသတ္တိနှင့် ဖွဲ့ကပင် သက်သေခံလျက်ရှိနေပါသည်။

ထိုငေါ်ရခါးနှင့် ချင်းရဲဘော်တို့၏ စိတ်ဓာတ်နှင့် သစ္စာရှိမှုကို ကျွန်တော်သည် ဘယ်သောအခါမျှ မေ့မည် မဟုတ်။ အမြဲ သတိရနေမည်ဖြစ်ပါသည်။

## ရန်သူပြဿနာ

ရက်အနည်းငယ် ရလာလျှင် ရန်သူသည် စိတ်မရှည်တော့သည့် အလား အပြတ်အသတ် အပြီးအပိုင် တိုက်ခိုက်တော့မည့် အရိပ်အယောင်များကို ပြသလာကြသည်။

သူတို့အဖို့ ထိုသို့မှ မတိုက်လျှင်လည်း မဖြစ်တော့ပါ။

တပ်မတော်သည် စစ်မျက်နှာတိုင်း၌ ရှိသမျှ အင်အားတို့ကို ဖျစ်ညှစ်ကာ တောင့်ခံထားနေရသည့် အခြေအနေ၌ပင် ရှိနေရပါသေးသည်။

မြန်မာပြည်မြောက်ပိုင်း၌ မန္တလေးမှတပ်တို့သည် စစ်ကိုင်းသို့ ဆုတ်ခွာ၍ စုစည်းနေဆဲဖြစ်သည်၊ တောင်ပိုင်း၌မူ မြစ်ဝကျွန်းပေါ်ဒေသ၌ ဗမာ့သေနတ်ကိုင်တပ်ရင်း ၃ နှင့် ၄ တို့သည် မြို့ကြီးတို့ကိုသာ ဦးစားပေး၍ ထိန်းသိမ်း ထားနေကြရပါသေးသည်။ တပ်ရင်း ၃ တစ်စိတ်တစ်ဒေသသည်မှော်ဘီဒေသ၌ရှိနေသည်၊သူတို့ရဲ့ ပတ်ပတ်လည်မှာတော့ ရာပေါင်းထောင်ပေါင်းများစွာသော ကေအင်ဒီအိုတို့နှင့် ကွန်မြူနစ်များ၊ ဗမာ့သေနတ်ကိုင်တပ်ရင်း ၅၊ ချင်းသေနတ်ကိုင်တပ်ရင်းများနှင့်အခြား

http://www.cherrythitsar.org



တပ်တို့ကမူ အင်းစိန်တွင် အကြိတ်အနယ် တိုက်နေကြရချိန်ဖြစ်သည်။ ပဲခူးစစ်မျက်နှာ၌ ဗမာ့သေနတ်ကိုင်တပ်ရင်း ၆ ၏ ကျန်တစ်ဝက်။

ထို့ကြောင့် အကြမ်းအားဖြင့် မန္တလေးမှ ညောင်လေးပင်အထိ မီးရထားလမ်း၊ ကားလမ်းတစ်လျှောက် ကျွန်တော်တို့ သာစည်ကွက်ကွက်ကလေးမှအပ ကေအင်ဒီအိုမြစ်ဝကျွန်းပေါ်၌ မြို့ကြီးအချို့မှအပ ကေအင်ဒီအိုနှင့် ကွန်မြူနစ်၊ အင်းစိန်၌ ကေအင်ဒီအို၊ မော်လမြိုင်သထုံဘက်တွင် မြို့ကြီးများမှလွဲ၍ ကေအင်ဒီအို၊ ရေနံချောင်း၊ မကွေး၊ မင်းဘူး၊ပြည်အစရှိသည့် ဧရာဝတီမြစ်ရိုးတစ်လျှောက် ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်နှင့်တောခိုတပ်၊ ထိုအကြားထဲမှ တပ်မတော်သည် ဟိုမှာတစ်စု၊ သည်မှာတစ်ဖွဲ့ ပြည်ထောင်စုအလံတော်ကိုလဲကျမသွားစေရန်မတ်ကိုင်ထားနေကြရသည်။

သာစည်တွင် စွဲထားသည့် တပ်ဖွဲ့သည် ထိုကဲ့သို့သော အဖွဲ့တစ်ဖွဲ့ ဖြစ်ပါသည်။ ထိုသာစည်တပ်ဖွဲ့သည် ကေအင်ဒီအိုတို့၏ အသက်သွေးကြောင်းဖြစ်သော မန္တလေး၊တောင်ငူ၊မီးရထားလမ်းပေါ်တွင်အမြိုင့်သားထိုင်နေကြသည်။ ထိုင်မိနေကြသဖြင့် အခက်အခဲ အမျိုးမျိုးတို့အကြားမှ ပေ၍ ဇွတ်မှိတ်ပြီးဆက်လက်နေထိုင်ကြသည်။ ထို့ကြောင့် သာစည်ရှိ ကျွန်တော်တို့သည် ထိုဒေသရှိ ကေအင်ဒီအိုတို့၏ ကိုယ်ခန္ဓာ တစ်နေရာရာတွင် စူးဝင်နေသော ဆူးငြောင့်တစ်ခုသဖွယ် ဖြစ်နေရသည်။

အစဦးကမူ ထိုဆူးငြောင့်ကို အလွယ်တကူဖြင့် ဖယ်ရှားနိုင်လိမ့်မည်ဟု သူတို့အထင်မှားခဲ့ကြသည်။ သို့ရာတွင် ယခုထက်တိုင်ရက်ပေါင်းအတော်ကြာသည်အထိ မဖယ်ရှားနိုင်ရုံမက ထိုဆူးငြောင့်၏ အဆိပ်ရှိန်ကိုပင် တလူးလူးတလိမ့်လိမ့် ခံစားရလာစ ပြုလာပြီးဖြစ်သည်။

ရန်သူသည် ပြင်ဦးလွင်ကို သိမ်းပိုက်ပြီးသောအခါ ကရင်လက်နက်ကိုင် တပ်သား အမြောက်အမြားတို့ကို ရရှိခဲ့ကြသည်။ ထို့ထက် ပိုမို

http://www.cherrythitsar.org



ကြီးမားသော အကျိုးအမြတ်မှာ ပြင်ဦးလွင်ရှိ များပြားလှသော ခဲယမ်းမီးကျောက်တို့နှင့် အခြားစစ်လက်နက်ပစ္စည်းများဖြစ်ကြသည်။ သူတို့သည် ထိုလက်နက်ပစ္စည်းနှင့် လူတို့ကို ဖြစ်နိုင်ပါက မီးရထားဖြင့် တောင်ငူသို့ တောက်လျှောက် သယ်ယူလိုကြသည်။ ထို့ကြောင့် သာစည်ကို ချေမှုန်းရပါမည်။

ထို့ပြင် သာစည်ကို ချေမှုန်းရမည့် အခြား အရေးကြီးသော အကြောင်းတစ်ရပ်လည်း ရှိပါသေးသည်။ ထိုအကြောင်းကတော့ သူတို့သည် ကျွန်တော်တို့အား ဤအတိုင်း မထားဝံ့ခဲ့ခြင်းပင် ဖြစ်သည်။ သည်အတိုင်း ထားခဲ့ပါက ကျွန်တော်တို့သည် သူတို့၏ နောက်ပိုင်းတွင် ကျန်ရစ်ခဲ့မည် ဖြစ်သဖြင့် သူတို့ရန်ကုန်သို့ ချီတက်ရာ၌ နောက်ကျောမလုံလဲသောကြောင့်အမြဲတစေ သမင်လည်ပြန် ကြည့်နေရမည်ဖြစ်သည်။ စိတ်ဖြောင့်ကြတော့မည် မဟုတ်။ ထို့ထက် ပိုမိုဆိုးရွားမည်က ပဲခူးရှိ တပ်တို့နှင့် ကျွန်တော်တို့အကြားတွင် အထက်အောက် အညှပ်ခံကြရမည့် အရေးကလည်း မတွေးဝံ့စရာဖြစ်သည်။ ထို့ကြောင့် သူတို့သည် တောင်ငူသို့ မစုန်ဆင်းမီ သာစည်ကို ချေမှုန်းခဲ့ရပါမည်။

သို့ရာတွင် သာစည်သည် ကြံ့ကြံ့ခံဆဲပင် ရှိနေပါသေးသည်။ အလွယ်တကူချေမှုန်းဖယ်ရှားနိုင်လိမ့်မည်ဟု ပေါ့ဆစွာ တွက်ချက်ခဲ့ကြသော သူတို့၏ တွက်ကိန်းသည် မှားလျက် ရှိနေပါပြီ။ အဲဒါကို သူတို့ မခံမရပ်နိုင် ဖြစ်နေကြရသည်။

ထို့ကြောင့် နာမည်ကြီး ဗိုလ်နော်ဆိုင်းကိုယ်တိုင် ပြင်ဦးလွင်မှ ဆင်းလာခဲ့သည်။ ထိုအချိန်အထိ ကရင်စစ်ဗိုလ်တို့ သာစည်ကို တိုက်၍ မရသေးသည်ကို သူသည် အားမလိုအားမရ ဖြစ်နေခဲ့ရသည်။ ယခုမူ သူကိုယ်တိုင် ဦးစီး၍ တိုက်ပါတော့မည်။

http://www.cherrythitsar.org



သူ စတင်ဦးစီးတိုက်မည့်နေ့၊ မိတ္ထီလာတွင် ထိုနေ့နံနက်က ကြေညာခဲ့သည်။

'သာစည်တွင် နေ့လယ်စာ စားမည်'တဲ့၊

လာခဲ့ပါ ဗိုလ်နော်ဆိုင်းရယ်။

## အောင်သာစည်

နေ့ရက် အတိအကျကိုတော့ မမှတ်မိတော့။ ၁၉၄၉ ခု၊ မတ်လကုန် ဧပြီလဆန်းတွင် ဖြစ်ပါလိမ့်မည်၊

အဲသည်နေ့က အရှေ့ဘက်ဦးနှင့်အတူ သုံးလက်မ မော်တာဗုံးတို့သည် ခပ်များများ အစုလိုက် အပြုံလိုက် ကျလာကြသည်။ ခါတိုင်းထက် ပို၍ စိပ်စိပ်ကလေးကျသည်၊ ပေါက်ကွဲသံတို့သည် ပတ်ဝန်းကျင်တွင်အဆက် မပြတ် ပဲ့တင်ရိုက်ခတ်လျက် မြေကြီးသည်ပင် တသွက်သွက် တုန်ခါနေသည်။ ထိုပဲ့တင်သံတို့၏ နောက်ဆွယ်မှကပ်၍ စက်သေနတ်သံတို့သည် တဝေါဝေါဖြင့် ဟိန်း၍ ဟိန်း၍ လိုက်ပါလာကြသည်၊

'တက်ကွ၊ ပစ်ကွ၊ လက်နက်ချဟေ့' ရန်သူသည် ညာသံပေး၍ တက်လာကြသည်။ သည်တစ်ခါတော့ အတော်ကလေး နီးလာသည်၊

ကျွန်တော်သည် မိတ္ထီလာဘက်သို့ မျက်နှာမူထားသော တပ်ခွဲ နယ်မြေသို့ သွားသည်။ ထိုတပ်ခွဲသည် ဗိုလ်ကြီးချစ်မောင်၏ တပ်ခွဲ ဖြစ်သည်၊ ထိုအခိုက် မော်တာဗုံးများ ကျလာသဖြင့် နီးရာ မြေကတုတ် ကျင်းအတွင်းသို့ ခုန်ဆင်းလိုက်ရသည်။ ထိုကတုတ်ကျင်း အတွင်း၌ ဘရင်းသေနတ် တစ်လက်နှင့် ရဲဘော်သုံးဦးတို့ ရှိနေကြသည်၊

'ရန်သူမြင်ရပြီလားဟေ့'

'မမြင်ရသေးဘူး ဗိုလ်မှူး'

http://www.cherrythitsar.org



'အေး မပစ်နဲ့ဦး'

ကျွန်တော်သည် နောက် မြေကတုတ် တစ်ခုသို့ ကူးခဲ့သည်။ ထိုနည်းအတိုင်း အမိန့်ပေးခဲ့သည်။

'ရန်သူ ဟောဟို တောင်ကြောထိပ်ကလေး ရောက်နေပစေ မပစ်နဲ့၊ အဲဒီက ဒီဘက်ဆင်းအလာ ကိုက်နှစ်ရာ၊ အဲ့ဒီတော့မှ စပစ်'

ဗိုလ်ကြီးချစ်မောင်နှင့် တပ်စုမှူးတို့သည်လည်း ကျွန်တော်ကဲ့သို့ပင် မြေကတုတ်တိုင်းတို့သို့ လိုက်လံ၍ ထိုအမိန့်ကို ပေးနေသည်။

မြေအနေအထားသည် ပြောင်းပြန် ဆင်ခြေလျှောဟု ခေါ်သည့် ခံစစ်ဘက်သို့ နိမ့်ဆင်းလာသည့် ဆင်ခြေလျှောကလေး ဖြစ်သည်။ ရန်သူသည် တောင်ကြောကလေးသို့အရောက် ကျွန်တော်တို့ဘက်မှ စတင်ပစ်ခတ်ပါက ပစ်ကွင်းသည် ဝေးမည်။ ထို့ထက် ထိုပစ်ကွင်းကို တစ်ခဏမျှသာ ပစ်ခွင့်ရပါလိမ့်မည်။ ရန်သူသည် တောင်ကြောနောက်သို့ ပြန်ဆုတ်သွားနိုင်သည်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့၏ ပစ်ခတ်မှုအစီအစဉ်မှာ ရန်သူသည် သည်ဘက် နိမ့်လျှောကလေးသို့ ဆင်းလာပါစေ။ အဲသည်တော့မှ အကွာအဝေးလည်း ပို၍ ကောင်းမည်။ ရှေ့မတိုးသာ နောက်မဆုတ်သာဖြင့် လမ်းခုလတ် ဆင်ခြေလျှောတွင် မိနေမည်။ ထိုအခါ ကျွန်တော်တို့သည် မိမိရရကြီး ပစ်ခတ်နိုင်ပါလိမ့်မည်။ ထိုတွက်ကိန်းအတိုင်းပင် တပ်တို့အား ပစ်မိန့်ကို သတ်မှတ်ပေးထားသည်။

ထိုအတွင်း 'ဖောင်း၊ ဖောင်း၊ ဖောင်း' ဟူသော ပုလင်းဘူးဆို့ ဖွင့်လိုက်သကဲ့သို့ အသံတို့ကို စက်သေနတ်သံတို့နှင့်အတူ အဆက်မပြတ်ကြားလိုက်ကြရသည်။ ရန်သူသည် သုံးလက်မ မော်တာတို့ကို စုပြုံ၍ တစ်ပြိုင်နက် ပစ်နေကြပါပြီ။

'မော်တာလာပြီဟေ့'

http://www.cherrythitsar.org



ကမ္ဘာမြေကြီးသည် ကွဲသွားလေရော့သလားဟုပင် အောက်မေ့လိုက်ရသည်။ မြေကတုတ်တို့ ပတ်လည်တစ်ဝိုက်တွင် မော်တာဗုံးတို့သည် တအုန်းအုန်း တဗိုင်းဗိုင်းဖြင့် ဆက်ကာ ဆက်ကာ၊ ထပ်ကာ ထပ်ကာ ပေါက်ကွဲနေကြသည်။ ထိုပေါက်ကွဲသံတို့ မစဲမီမှာပင် ရုတ်တရက် သွန်ချလိုက်သော မိုးသံကဲ့သို့ စက်သေနတ်သံ၊ ရိုင်ဖယ်သံတို့သည် တဝေါဝေါဖြင့် မြည်ဟိန်းသွားကြသည်။ ကျည်ဆန်တို့သည် စူးရှစွာ အော်မြည်ကြ၍ မြေကတုတ်တို့ကို တဖြောက်ဖြောက် လာရောက်ထိမှန်ကြသည်။

မြေကတုတ် အပေါက်ငယ်မှ ကြည့်လိုက်လျှင် ရန်သူတွေသည် တွား၍ ဝပ်၍ လာနေကြသည်ကို မြင်လိုက်ရသည်။ သူတို့သည် တောင်ကြောထိပ်တွင် ရောက်နေကြပါပြီ။

ခေတ္တမျှ ရပ်နားကြသည်၊ ထိုအတွင်း ပစ်ခတ်ကြပြန်သည်။ ထိုနောက် သဲသဲမဲမဲကြီး ပစ်လွှတ်လိုက်သော မော်တာဗုံးတို့နှင့်အတူ သည်ဘက်သို့ ဆင်းလာကြပါပြီ။

နီးလာပြီ၊ နီးလာပြီ။

မပစ်နဲ့ဦး။

ရန်သူသည် တရွေ့ရွေ့၊ တရွေ့ရွေ့။

သူတို့၏ စိန်ပြောင်းနှင့် စက်သေနတ်တွေကလည်း ကျွန်တော်တို့အား ဖိ၍ပစ်ဆဲ။

ကိုက် ၃၀၀၊ ကိုက် ၂၅၀

ကိုက် ၂၀၀

ပစ်

ကျွန်တော်တို့ဘက်မှ တစ်ပြိုင်နက် စုပြုံပစ်ခတ်မှုသည် ကျဉ်းမြောင်းလှသည့် ဘန်ကာကျင်းအတွင်း၌ နားပွင့်မတတ် ဆူညံသွားသည်။

http://www.cherrythitsar.org



ဆယ်စက္ကန့်ပင် မကြာလိုက်။ စစ်တလင်းသည် တိခနဲ ရုတ်ခြည်း ငြိမ်သက်သွားသည်။ တိတ်ဆိတ်၍ သွားသည်။

ကျွန်တော် စူးစိုက်ကြည့်နေသော ဆင်ခြေလျှောကလေးတစ်လျှောက် သည် မြူငွေ့တွေ တဝေဝေ၏ အောက်တွင် တလူးလူး တလွန့်လွန့် ဖြစ်နေသည်ဟုပင် ထင်မှတ်လိုက်ရသည်။ပိုမို အားစိုက်ကြည့်လိုက်လျှင်

ထင်မှတ်ရသည်သာ မဟုတ်ပါ။ တကယ်ပင် တလူးလူး တလွန့်လွန့် ဖြစ်နေပါသည်။ မြေကြီးက လူးလွန့်ခြင်းတော့ မဟုတ်။ ထိမှန် ဒဏ်ရာ ရထားသော ရန်သူတို့ လူးလွန့်နေကြခြင်းသာ ဖြစ်သည်။

ရန်သူသည် အပြုံကြီးပြုံ၍ သွားကြသည်။ ဒဏ်ရာရသူ၊ ကျဆုံး သူတို့ကိုပင် မကောက်နိုင်ကြ။ တောင်ကြောကလေး၏ နောက်ဆွယ်သို့ တားမရ ဆီးမနိုင် ဆုတ်၍ သွားကြသည်။ အဲသည်တော့မှ ကျွန်တော်တို့ ရဲဘော်တွေသည် စကားတွေ တသောသော ပြောကြ၊ ဆိုကြ၊ ရယ်ကြ၊ မောကြ၊ အော်ကြ၊ ဟစ်ကြ၊ စားမြုံ့ပြန်ကြ၊ ကတုတ်ကျင်း တစ်ခုနှင့် တစ်ခု လှမ်း၍ မေးကြ၊ မြန်းကြ၊

ကျွန်တော်တို့ဘက်မှာကော ထိခိုက်ဒဏ်ရာရသူတွေ မရှိကြဘူး လား၊ ရှိခဲ့ပါသည်။ သို့ရာတွင် မပြောပလောက်။

ထိုနေ့ကတော့ နံနက်စာ၊ နေ့လယ်စာတို့ကိုပင် မစားလိုက်ကြရ။ ရန်သူသည် ထိုနည်းအတိုင်းပင် အပြောင်းအလဲမရှိ၊ တစ်နေ့လုံးအဆက် မပြတ် အကြိမ်ကြိမ် ထပ်ကာထပ်ကာ တိုက်ကြသည်။ အကြိမ်ကြိမ်တိုက် တိုင်းလည်း အကြိမ်ကြိမ်ပင် အကျအဆုံးများပြားစွာဖြင့် ပြန်၍ ဆုတ်သွား ကြရသည်။ နောက်ကျမှသိရသည်။ ထိုနေ့က ရန်သူ၏ အကျအဆုံးသည် ကျွန်တော်တို့ ထင်မြင်တွက်ဆသည်ထက် အဆပေါင်း မြောက်မြားစွာ ပိုမို များပြားလှပါသည်။ မကြုံစဖူး အထိနာကြလှပါသည်။

http://www.cherrythitsar.org



နေလုံးသည် တရွေ့ရွေ့ဖြင့် ထိုသမိုင်းဝင် တောင်ကြောကလေး၏ နောက်ဆီသို့ ကျဆင်းသွားခဲ့ပါပြီ။ နေနှင့်အတူ ရန်သူ၏ တိုက်စစ် အရှိန် သည်လည်း ကျခဲ့ပါပြီ။ ညှိုးခဲ့ပါပြီ။ နောက်ဆုံး နေလုံးပျောက်ချိန်တွင် မကောင်းသူထိပ်၊ ကောင်းသူထိပ် ဟူသော သဘောဖြင့် မော်တာဗုံး အလုံး ၃၀ ခန့် မြို့တွင်းသို့ ပစ်ခတ်၍ နှစ်မိုင်ခန့်အကွာသို့ ဆုတ်ခွာ သွားကြသည်။ အဲ့သည်တော့မှ ကျွန်တော်တို့မှာ မှောင်နှင့်မည်းမည်း ထဲတွင် ထမင်းကြမ်း အေးစက်စက်နှင့် ငါးခြောက်ဖုတ် မာမာကြီးတို့ကို ရေဖြင့်မျှော၍ တစ်နေ့စာ လွေးလိုက်ကြရသည်။

'ကဲ ပြန်အိပ်တော့မယ်ကွာ' ကျွန်တော်သည် ထမင်းစားအပြီး ဆေးပေါ့လိပ်တိုကလေးကို ကောက်ကာ မီးညှိရင်း ထလိုက်သည်။

'ဒီညတော့ ဒီကောင်တွေ မလာတော့ပါဘူး' အနားရှိ တပ်ကြပ်ကြီး တစ်ဦးက ပြောသည်။

'အေး၊ လာမှာတော့ မဟုတ်တော့ပါဘူး၊ ဒါပေမယ့် ကင်းတွေကို ကျကျနနချ၊ နံနက် လေးနာရီကျရင်တော့ အားလုံးနေရာယူ'

ကျွန်တော်တို့ကို တပ်ကြပ်ကြီး တစ်ဦးနှင့် ရဲဘော်သုံးဦးတို့က လိုက်ပို့ကြသည်။ မြို့၏ အချို့ရပ်ကွက်တို့သည် မီးလောင်နေကြဆဲပင် ရှိပါသေးသည်။ ငြိမ်းသတ်မည့်သူလည်း မရှိ။ ငြိမ်းသတ်ရန်လည်း မလို။ သူ့အလိုလိုပဲ ငြိမ်းပါလိမ့်မည်။

မြို့လယ်ကောင်တွင် ကျွန်တော်တို့ ငါးဦးသာ ရှိကြသည်။ ကျွန်တော် တို့သည် ကိုယ့်ခြေသံကိုသာ အဖော်ပြု၍ လျှောက်လာခဲ့ကြသည်။ လောင်ကျွမ်းလျက်ရှိသော မီးတောက်များကြောင့် ကောင်းကင်သည် နီကြင်ကြင် ရှိနေသည်။ ထိုနီကြင်ကြင် အလင်းရောင်ဖြင့်ပင် လမ်းတို့ကို ခန့်မှန်းရှာဖွေ၍ သွားကြရသည်။ ကျွန်တော်၏ အိမ်အနီးသို့ ရောက်လျှင်

http://www.cherrythitsar.org



'ဟာ' တပ်ကြပ်ကြီးထံမှ အလန့်တကြား၊ ကြားလိုက်ရသည်။

'ဘာလဲကွ'

'အိမ် အိမ်၊ ဗိုလ်မှူးအိမ် မရှိတော့ဘူး'

အဲသည်တော့မှ ကျွန်တော်သည် သေချာစွာ ကြည့်လိုက်သည်။ ဟုတ်ပါသည်။ ကျွန်တော်တို့ ရောက်ရှိနေကြသော လမ်းတွင် အိမ်တချို့ မရှိကြတော့ပါ။ မီးကျီမီးခဲတို့၏ ဖျော့တော့သော အလင်းရောင်တွင် မီးလောင်ငုတ်တို အိမ်တိုင် အချို့တို့ကိုသာ ဟိုမှာ တစ်ချောင်း၊ သည်မှာ တစ်ချောင်း ကျိုးတိုးကျဲတဲ တွေ့မြင်ရသည်။ ဤလမ်းသည် ကျွန်တော် နေထိုင်ရာ အိမ်ရှိသည့် လမ်းဖြစ်သည်ကတော့ သေချာသည်။

'အေးဟေ့၊ ဒီအိမ်နေရာ မဟုတ်လား'

'ဟုတ်တယ် ဗိုလ်မှူး၊ မီးထဲ ပါသွားပြီ'

ဖြစ်မှ ဖြစ်ရပလေ။ ကျွန်တော့်တွင် ပါလာသမျှ အဝတ်အစား ကလေးနှင့် အိပ်ရာလိပ်တို့သည် မီးထဲသို့ ပါသွားကြပါပြီ။ တော်ပါသေးရဲ့။ အဖိုးတန်လှသည့် ဆေးပေါ့လိပ် အစည်းကလေးနှင့် စာရွက်စာတမ်းတို့ကို လွယ်အိတ်ထဲထည့်ပြီး ယူလာခဲ့မိပေလို့ပေါ့။

ကျွန်တော်သည် မီးလောင်ပြင်ကို မယုံကြည်နိုင်သလို ငေးမောကြည့်နေမိပါသည်။ သည် ရန်သူနှင့်တွေ့ရမှ အဝတ်အစား ဆုံးရတာ နှစ်ကြိမ် ရှိပါပြီ။ မိတ္ထီလာတုန်းကကမန်းကတန်းထွက်ခဲ့ရလို့သေတ္တာကျန်ခဲ့ရသည်။ ယခုတစ်ဖန် အိပ်ရာလိပ်နှင့်အဝတ်အစား။ တစ်နေ့သောအခါမှ ထိုရန်သူ့ ထံမှပင် အလျော်တောင်းရမည်ကို စိတ်တွင်း၌ တေးထားလိုက်မိသည်။

'ကဲ ဒီအိမ် မီးလောင်လဲ နောက်တစ်အိမ်ပေါ့ကွယ်၊ အိမ်တွေ ပေါသားပဲ' မလှမ်းမကမ်းရှိ မီးမလောင်ဘဲ ကျန်ခဲ့သော တဲကလေးတစ်ခု ဆီသို့ စိတ်ပျက်လက်ပျက် လျှောက်လာမိသည်။

http://www.cherrythitsar.org



'ဗိုလ်မှူး ဘာနဲ့ အိပ်မလဲ'

'ဖြစ်သလိုပေါ့ကွာ'

'ဒါဖြင့် ခဏနေဦး၊ ကျွန်တော် စောင်တစ်ထည်လောက် သွားရှာဦးမယ်' တပ်ကြပ်ကြီးသည် ရဲဘော်နှစ်ယောက်ကို ခေါ်၍ ပြောပြောဆိုဆို ထွက်သွားသည်။

ကျွန်တော်နှင့် ကျန်သော ရဲဘော်သည် တဲကလေးရှေ့ မြေကြီးပေါ်တွင်ပင် ထိုင်လိုက်ကြ၍ အတွေးကိုယ်စီဖြင့် ငေးငိုင်နေမိကြသည်။ မြို့ပျက်၊ မီးလောင်ပြင်၊ လူသူကင်းမဲ့၊ ညပိုင်း၊ တိတ်ဆိတ်ခြင်း၊ အဖော်ဟူ၍ တတိတိလောင်ကျွမ်းလျက်ရှိနေသောသစ်ဝါးတို့မှ တဖြောက်ဖြောက် အသံကိုသာ တစ်ချက် တစ်ချက် ကြားနေကြရသည်။

'ရော့ဟေ့' ကျွန်တော်သည် အစီခံသို့ ရောက်လုနီးပြီးဖြစ်သော ဆေးပေါ့လိပ်တိုကလေးကို ရဲဘော်အား လှမ်း၍ ပေးလိုက်သည်။

သူက လှမ်း၍ ယူသည်။ အားပါးတရ ဖွာနေသည်။ ရှူခြင်း ရှိုက်ခြင်းနှင့်အတူ ရဲခနဲ ရဲခနဲ ပေါ်ထွက်လာသော ဆေးလိပ်မီး၏ အလင်းရောင်တွင် သူ၏ မျက်နှာသည် ခြောက်သွေ့၍ ဆားပေါက်နေသော ချွေးတို့ဖြင့် ဖြူဖပ်ဖြူရော် ရှိနေသည်။ သူ့မျက်လုံးတို့သည် နီနီရဲနေကြသည်။ သူ၏ပခုံးတို့သည် ကျလျက် စုတ်ပြတ်ပေရေနေသော ယူနီဖောင်းဝတ်စုံအတွင်းရှိ သူ၏ ခန္ဓာသည် များစွာမှ နွမ်းဟိုက်လျက် ရှိနေပါလိမ့်မည်။ ညတို့တွင်လည်း ကောင်းစွာ မအိပ်ရ၊ နေ့တို့တွင်လည်း တစ်နေကုန် တစ်နေခန်း ပစ်ရ ခတ်ရ ရန်သူ့ကျည်ဆန် ရှောင်ရ။ ယနေ့ကတော့ဖြင့် အဆိုးရွားဆုံး ဖြစ်သည်။ ပင်ပန်းရှာပါလိမ့်မည်။ များစွာမှ ပင်ပန်း နွမ်းနယ်ရှာပါလိမ့်မည်။

'ပင်ပန်းသလား ရဲဘော်'

http://www.cherrythitsar.org



'မပင်ပန်းပါဘူး ဗိုလ်မှူး'

အဲဒါကလေးတွေသည်ပင် သူတို့၏ ချစ်စရာ အကွက်ကလေးတွေ ဖြစ်ကြပါသည်။

'ဒီလိုပေါ့ကွယ်၊ တိုင်းပြည်အတွက်ဆိုတော့'

'ဟုတ်ကဲ့'

သူသည် တိုင်းပြည်အား မည်ရွေ့မည်မျှ ချစ်သည်ဆိုသည်ကို ပြောပြတတ်သူ မဟုတ်ရှာပါ။

'ရဲဘော်မှာ မိန်းမရှိလား'

'ရှိတယ် ဗိုလ်မှူး'

'အခု ပင်းဒယမှာပေါ့'

'ဟုတ်တယ် ဗိုလ်မှူး'

'ကလေးရော'

'မရှိသေးပါဘူး'

'အင်း'

လက်ထပ်ပြီးစ ဖြစ်ပါလိမ့်မည်။ ကျွန်တော် ဘာ ဆက်ပြောရပါမလဲ။ ဘာများ ဆက်လို့ ပြောနိုင်ပါ့မလဲ။ သူ့ကို ကျွန်တော် အားပေးစကား ပြောချင်ပါသည်။ မကြာမီ အနားရမည်လို့ ပြောပြချင်ပါသည်။ မကြာမီ သူ့ချစ်ဇနီး ခင်သစ်လွင်ကလေးနှင့် တပေါင်းတစည်း ပျော်ပျော်ပါးပါး ပြန်လည် တွေ့ရမည်လို့ ကတိပေးချင်ပါသည်။

ဒါပေမယ့် ကျွန်တော့် ပါးစပ်က မထွက်နိုင်ပါ။ ကျွန်တော်ကိုယ်၌ပင် မနက်ဖြန် ဘာဖြစ်မည် ဆိုသည်ကို မသိတဲ့သူမို့ သူ့ကိုလည်း မမျှော်မှန်းနိုင်သည်တွေကို မပြောလိုတော့ပါ။ ကိုယ့်အတွေးနှင့်ကိုယ်သာ ငြိမ်သက်နေမိကြပါသည်။

http://www.cherrythitsar.org



မကြာမီ တပ်ကြပ်ကြီးနှင့်ရဲဘော်သုံးလေးယောက်တို့ ရောက်လာကြသည်။ စောင်သာ မဟုတ်၊ ဆီချေးဖြင့် မဲသဲနေသော ခေါင်းအုံးသေးသေးကလေး တစ်လုံး၊ ခြင်ထောင်၊ အောက်ခင်း မိုးကာတို့ပါ ပါလာကြသည်။

ရဲဘော်တွေသည် တဲကလေးအတွင်း၌ ဖယောင်းတိုင်ကလေး တစ်တိုင် ထွန်းကြ၍ ရှင်းကြ လင်းကြသည်။ ထို့နောက် အိပ်ရာကို ခင်းပေးခဲ့ကြသည်။ ကျွန်တော်နှင့်အတူ စောင့်အိပ်မည့် ရဲဘော်နှစ်ဦးတို့သည်လည်း သူတို့၏ အိပ်ရာတွေကို ပြင်ကြသည်။

'ကျေးဇူးတင်တယ်ကွယ်'

ကျွန်တော်သည် နည်းနည်းတော့ ပင်ပန်းသလိုရှိသည်။ ထို့ကြောင့် အိပ်ရာပေါ်သို့ လှဲချလိုက်လျှင်ပင် တစ်ခဏအတွင်း အိပ်ပျော်သွားမိပါသည်။ သို့ရာတွင်

'ဗိုလ်မှူး ဗိုလ်မှူး'

'ဟေ' လူးလဲထလိုက်သည်။

'မော်တာတွေ ပစ်နေပြီ'

ကျွန်တော့် စိတ်ထဲ၌မူ ခုနကလေးမှ အိပ်ရာသို့ ဝင်ခဲ့သည်ဟုပင် မှတ်ထင်နေမိပါသေးသည်။ လက်ပတ်နာရီကို မြှောက်ကြည့်လိုက်မှပင်

'ဟ လေးနာရီခွဲပါလားဟေ့၊ ဟုတ်ရဲ့လား' အံ့ဩနေမိရသည်။

'ဟုတ်ပါတယ် ဗိုလ်မှူး၊ ဒီလောက်ရှိရောပေါ့'

ထိုအခါမှ ခြေရင်းရှိ ဖိနပ်ကိုကောက်ကာစီး၍

'ကဲ လာကြဟေ့' ကာဘိုင်သေနတ်ကိုဆွဲကာ အိမ်ပြင်သို့ ထွက်ခဲ့သည်။

ညဉ့်ငွေ့ မကုန်သေးသော အအေးဓာတ်ကလေးက ဆီးကြိုလိုက်သည်။ အရှေ့ဘက် ကောင်းကင်တစ်ပြင်လုံးသည် ပုစွန်ဆီသွေး အဝေ့ဝေ့

http://www.cherrythitsar.org



ဖြင့် ရှိလာနေပါပြီ။ နံနက်၏ လေနုကလေးသည် တညင်းညင်းဖြင့် မီးလောင်ပြင်ဆီမှ လောင်စာမျိုးစုံတို့၏ သင်းကြိုင်ကြိုင် အနံ့ကလေးတို့ကို ယူဆောင်လာနေကြသည်။ မွှေးသယောင်ယောင်လို့ပင် မှတ်ထင်ရသည်။

'မော်တာသံ ရပ်သွားပြီ ဗိုလ်မှူး'

ဟုတ်ပါသည်။ မော်တာသံ ရပ်သွားပါပြီ။

'စောစောက ဘယ်နှစ်ချက်လောက် ကြားလိုက်သလဲ'

'လေးငါးချက်ပဲ'

'တစ်လုံးချင်း ပစ်တာလား၊ တစ်ခါတည်း စုပစ်တာလား'

'တစ်လုံးချင်း ဗိုလ်မှူး'

ရန်သူသည် စုပြုပစ်ရန် ပစ်မှတ်ကို တိုင်းထွာနေခြင်းဖြစ်ပါသည်။

ဒါဖြင့် မကြာခင်စုပြီးချလိမ့်မယ်ပေ့ါ၊ လာမြန်မြန်သွားရအောင်'

ကျွန်တော်တို့ လမ်းခုလတ်မှာပင် ရှိသေးသည်။ 'ဖောင်း ဖောင်း ဖောင်း' ဟူသော မော်တာပစ်လွှတ်သံနှင့် ဆက်လျက် ပေါက်ကွဲသံတို့သည် အဆက်မပြတ် ပေါ်ထွက်လာကြသည်။ ကျွန်တော်တို့သည် ပြေး၍သွား ကြသည်။ မြေကတုတ် တစ်ခုအတွင်းသို့ ခုန်ဆင်းမိလျှင်ပင် ရန်သူ၏ စက်သေနတ်သံနှင့် ဆဲသံတို့ကို စတင် ကြားကြရသည်။ ကျွန်တော်တို့ ရှေ့တွင်ရှိ မြေပြင်သည် တစ်ခါတစ်ခါတွင် ဖွာခနဲ ဖွာခနဲ ဖြစ်သွားသည်ကို မသဲမကွဲမြင်လိုက်ကြရသည်။ ရန်သူ၏ ကျည်ဆန်တို့သည် မြေကိုထောက် ကာ ထိမှန်နေခြင်းဖြစ်သည်။ တစ်ချက်တစ်ချက်တွင်လည်း မြေကတုတ် တွင် ကာရံထားသည့် မီးရထားလမ်း ဇလီဖားတုံးတို့ကို လာရောက်ထိမှန် သော ထုံအအ အသံတို့ကို ဒုတ်ခနဲ ဒုတ်ခနဲ ကြားလိုက်ကြရသည်။

ရန်သူသည် မနေ့က အတိုင်းပင် မပြောင်းမလဲ တိုက်သည်။ စာအုပ် ကြီးအတိုင်း တိုက်သည်။ မော်တာများဖြင့် ခံစစ်ကြောင်း တစ်လျှောက်

http://www.cherrythitsar.org



ကို စုပြုံ၍ပစ်သည်၊ ဆက်၍ စက်သေနတ်ဖြင့် ဆွဲသည်၊ ထို့နောက် ရန်သူ တပ်သားတို့သည် ကျွန်တော်တို့၏ရှေ့တွင်ရှိသော တောင်ကြော ကလေးထိပ်သို့ ရောက်လာကြသည်။ ထိုတောင်ကြောကလေးမှသည်ဘက် သို့ တွား၍ ဆင်းလာကြသည်၊ ကိုက် နှစ်ရာ။ သူတို့အလှည့်ကတော့ အဲသည်အထိပဲ ဖြစ်ပါသည်။

အခု ကျွန်တော်တို့အလှည့် ရောက်လာပါပြီ။ ကျွန်တော်တို့၏ တစ်ပြိုင်တည်း ပြန်လည်ပစ်ခတ်သံတို့၏ ပဲ့တင်သံ မစဲမီမှာပင် ကုန်းလျှော ကလေး တစ်လျှောက်၌ ထိမှန်သော ရန်သူတို့အား တလူးလူး တလိမ့် လိမ့်ဖြင့် တွေ့မြင်လိုက်ကြရသည်။ အချို့ကတော့ လူးလွန့်ခြင်းပင် မစွမ်းနိုင်ကြတော့ပါ။ ပြိုပျက်၍ ကုန်းကြောကလေးနောက်သို့ ပြန်လည် ဆုတ်ခွာ ထွက်ပြေးကြသော ရန်သူတို့ကိုမူ ကျွန်တော်တို့၏ မော်တာ တို့က နောက်မှလိုက်၍ ဩဘာပေးလိုက်ကြပါသေးသည်။ သို့ရာတွင် များများစားစားတော့ မတတ်နိုင်။ တစ်ခါပစ်မှ လေးငါးတောင့်၊ တစ်ပွဲ ကတော့ ပြီးသွားပြန်ပါပြီ။

ကျွန်တော်တို့၏ စစ်မျက်နှာမှ တိုက်ပွဲပြီးသွားသော်လည်း ချင်း တပ်ခွဲတို့ဘက်မှမူ ပစ်ခတ်သံတွေကိုအတော်ကြာကြာ ဆက်လက်ကြားနေ ရပါသေးသည်။ ဟိုဘက်တွင်လည်း ရန်သူသည် ကျွန်တော်တို့ဘက်မှာ ကဲ့သို့ ဖိ၍ တိုက်သည်။ နေ့စဉ် တိုက်သည်၊ သို့ရာတွင် ချင်းရဲဘော် တို့၏ ခံစစ်ကို မချိုးဖောက်နိုင်ကြ၊

မကြာမီ ဗိုလ်ကြီးချစ်မောင်နှင့် ဗိုလ်ကြီးတင်ဦးတို့ ရောက်လာ ကြသည်။ ဗိုလ်ချစ်မောင်က ပြုံးဖြဲဖြဲဖြင့်

'ဘယ့်နှယ်လဲ ဗိုလ်မှူး၊ တစ်ပွဲပြီးသွားပြန်ပြီ'

'အေး လာဦးမှာပေါ့'

http://www.cherrythitsar.org



'လာရင်လဲ ထပ်သေကြဦးမှာပဲ၊ ညကလဲ ဒီကောင်တွေ တစ်ညလုံး အလောင်းတွေ ကောက်ကြတယ်၊ ရဲဘော်တွေက ပစ်ချင်လိုက်တာမှ လက်ယားနေတာပဲ၊ မနည်းတားထားရတယ်'

'အေးကွာ၊ အလောင်းကောက်တာတော့ မပစ်ကြပါနဲ့'

ထို့နောက် ကျွန်တော်တို့သည် မြေကတုတ်တို့သို့ လှည့်လည်စစ်ဆေးကြသည်။ ရဲဘော်တို့သည် ပျော်နေသည်။

'ဟောဟို အကောင် ငါပစ်တာကွ၊ ဟို ချုံပုတ်နားကအကောင်'

'ဘယ်ဟုတ်ရမလဲ၊ ငါ့ဘရင်းနဲ့ ဆွဲလိုက်လို့ ထိသွားတာ'

ငြင်းကြ၊ခုံကြ၊ ကျွန်တော်တို့မှာတော့ သူတို့ အခုလို စိတ်ဓာတ်တက်ကြွနေသည်ကိုပဲ ကြည့်ပြီး ဝမ်းသာနေရပါသည်။ သို့ရာတွင် ကြာကြာတော့ ဝမ်းမသာနိုင်သေးပါ။ ရန်သူ့မော်တာဗုံးတွေသည်နောက်တစ်ကြိမ် ထပ်၍ကျလာပြန်သည်။ ပြီးတော့ စက်သေနတ်၊ ရိုင်ဖယ်၊စတင်း၊ ကျွန်တော်တို့ဘက်မှ ပြန်လည်ပစ်လိုက်လျှင် ဆုတ်သွားကြပြန်သည်။ အလျင်ကလောက်တော့ ရဲရဲတင်းတင်း မရှိကြတော့။ ပစ်ကြ၊တက်ကြ၊ ပြန်ဆုတ်ကြ။ ပစ်ကြ၊တက်ကြ၊ပြန်ဆုတ်ကြ။ တစ်နေ့လုံးပင်ဖြစ်သည်။

နောက်တစ်နေ့ ထိုအတိုင်းပင်။ နောက်နေ့တွေ နောက်နေ့တွေမှာလည်း မပြောင်းလဲ။ သို့ရာတွင် ပြောင်းလဲသည်ကတော့ သူတို့ရဲ့တိုက်စစ်အရှိန်။ အဲဒါကတော့ သိသိသာသာကြီး ကျဆင်းလာပါပြီ။ နောက်ဆုံး၌မူ ရန်သူတို့သည် တိုက်စစ်ကိုမဆင်နိုင်ကြတော့။ ဝိုင်းဝန်းပိတ်ဆို့ဖို့ကိုသာ ပြင်ဆင်ကြပါတော့သည်။ ကျွန်တော်တို့နှင့်မလှမ်းမကမ်းတွင် လာရောက်၍ ကျင်းများတူးကာ တပ်စွဲကြသည်။

သို့ရာတွင် မော်တာဖြင့် ပစ်ခတ်မှု၊ စက်သေနတ်တို့ဖြင့် လှမ်း၍ ပစ်ခတ်မှုကတော့ မလျော့။

http://www.cherrythitsar.org



တစ်ကြိမ်မှာတော့ သံချပ်ကာကားကြီး တစ်စင်းကို ရှေ့တွင်တင်၍ မော်တော်ကား လမ်းမကြီးအတိုင်း သာစည်မြို့ပေါက်ဝအထိ ချဉ်းကပ်လာသည်။ သို့ရာတွင် ကျွန်တော်တို့တွင် ခြောက်ပေါင်ဒ်ါ အမြောက်တစ်လက်ရှိသည်။ ကျည်ဆန်ကတော့ လေးငါးဆယ်တောင့်။ ထို့ကြောင့် နီးကပ်သည်အထိ စောင့်၍ မိမိရရ ချိန်ကာပင် ပစ်လိုက်ရသည်။ ချင်းရဲဘော်ကလေးများ၏ လက်သည် ဖြောင့်လှသည်။ သံချပ်ကာကား၏ ဦးတည့်တည့်ကို ထိမှန်၍ ထိုကားကြီး ရပ်သွားသည်။

ထိုညကတော့ နှစ်ဦးနှစ်ဘက်စလုံး အလုပ်များကြရပါသည်။ မှောင်သည်နှင့် ကျွန်တော်တို့က ထိုကားကြီးကိုတက်၍ ဆွဲသည်။ ရန်သူကလည်း လာ၍ဆွဲသည်။ ထိုသို့တစ်ဘက်နှင့်တစ်ဘက် ပစ်ရင်းခတ်ရင်း နာရီဝက်သာသာကြာမျှ လွန်ဆွဲကြရင်းမှ နိမ့်လျှောဖြစ်သော ကျွန်တော်တို့ဘက်သို့ ပါလာသည်။ ထိုသံချပ်ကာကားကြီးကို ကျွန်တော်တို့ ရလိုက်ကြပါသည်။ သူ့ကို ကင်ပွန်းတပ်လိုက်ကြသည်။

'အောင်သာစည်'

နောက်နေ့တွေမှာတော့ ဗိုလ်ကြီးချစ်မောင် တစ်ယောက် ထိုအောင်သာစည် ကားကြီးပေါ်တွင် ပြုံးဖြီးဖြီးကြီးဖြင့် လိုက်ပါ၍ ဟိုမြို့ဖျားမှ သည်မြို့စွန်၊ သည်မြို့စွန်မှ ဟိုမြို့ဖျား၊ ကူးလားသန်းလား လုပ်နေသည်ကို မြင်ကြရပါသည်။

တစ်ညတွင်လည်း ဂျစ်ကားတစ်စီးသည် မီးကုန်ထိုး၍ လမ်းမကြီးအတိုင်း မြို့ဆီသို့စွတ်ကာ မောင်းလာသည်။ စောင့်ကြိုနေသော ကျွန်တော်တို့၏ ဘရင်းသေနတ်များ၏လက်ချက်ဖြင့် လမ်းဘေးသို့ထိုးကျသွားသည်။ ပါလာသော သူပုန် စစ်ဗိုလ်နှင့် တပ်သား လေးယောက်တို့ကို ထိုကားနှင့်အတူ အသေရရှိလိုက်ကြသည်။ သူတို့အားလုံးသည် အရက်နံ့ တထောင်းထောင်းနှင့် ဖြစ်ကြသည်။

http://www.cherrythitsar.org



ရန်သူသည် ထိုမျှ စိတ်ဓာတ်ကျဆင်းလာကြပါပြီ။ ထိုအချိန်မှစ၍ 'ဖွဲ့' စစ်ဆင်ရေးသည် စခဲ့ပါပြီ။

## ကျွန်တော်တို့၏ ပြဿနာ

ရန်သူတို့အဖို့ ကျွန်တော်တို့၏ ခံစစ်ကြောင်းကို မထိုးဖောက်နိုင်သည့် ပြဿနာ၊ ဒဏ်ရာရသူ ကျဆုံးသူတို့၏ များပြားလာသည့် ပြဿနာ စသည်တို့နှင့် ရင်ဆိုင်လာကြရစဉ် ကျွန်တော်တို့မှာလည်း ပြဿနာတွေသည် တစ်နေ့တခြား ပို၍ ပို၍ တက်လာခဲ့ပါပြီ။

စားနပ်ရိက္ခာ ပြဿနာ၊ ကျည်ဆန်ပြဿနာ၊ ရေပြဿနာ၊ ဆေးလိပ်ပြဿနာ၊ ဆေးဝါးပြဿနာ။

ရိက္ခာသည် တဖြည်းဖြည်း နည်းပါးလာခဲ့ပါပြီ။ ဆီနှင့် ငါးခြောက်တို့သည် ကုန်သလောက်ရှိလာသည်။ ထို့ကြောင့် မြို့တွင်း၌ တွေ့ရှိထားသော ဂျုံအိတ်တို့ကို ဖောက်ကြရသည်။ တစ်နေကုန် တစ်နေခန်း တိုက်ခိုက်ကြရသဖြင့် ထမင်းမချက်နိုင်သည့်အခါတို့တွင် ထိုဂျုံကို ရေဖြင့် နယ်၍ အလုံးကလေးများပြုလုပ်ကာ မီးဖုတ်စားကြရသည်။ မီးဖိုကမူ အထူး ဖိုစရာမလို။ တစ်မြို့လုံး မီးလောင်နေသည်ဖြစ်သည်။ ထိုသို့သော နေ့ရက်များကလည်း မနည်းလှတော့။

ကျည်ဆန်၊ အဲဒါကိုတော့ တစ်တောင့်ဆိုတစ်တောင့် ပစ်ရမလား၊ မပစ်ရဘူးလား သေသေချာချာ စဉ်းစားဆုံးဖြတ်ပြီးမှ ပစ်ခတ်ရမည့်အခြေသို့ပင် ဆိုက်နေကြသည်။

ရေ၊ မြို့တွင်းရှိ ရေတို့သည် အတော်ပင် ခန်းခြောက်လာကြပြီဖြစ်သည်။ ရေသန့်သန့်ရနိုင်သည့် တွင်းဆို၍ တစ်တွင်းသာ ကျန်တော့သည်။ ထိုတွင်းကိုသာ အားကိုးနေကြရသည့်အထဲတွင် တစ်ညနေ၌

http://www.cherrythitsar.org



ချင်းရဲဘော်ကလေးများ ရေခပ်နေကြစဉ် ရန်သူက လှမ်း၍ပစ်လိုက်သဖြင့် ရဲဘော်တစ်ဦး ထိုတွင်းထဲသို့ ကျ၍ သေဆုံးခဲ့ရသည်။ ထို့ကြောင့် ကျန်သည့်ရေကို ဆက်လက် သုံးစွဲရန် မသင့်တော့။ အခြားတွင် ရှာကြရသည်။ ထိုအခါ ဘူတာအတွင်း၌ ထိုးဆိုက်ထားသော မီးရထားခေါင်းတွဲတို့ကို တွေ့ကြသည်။ ခေါင်းတွဲရှိလျှင် ဘွိုင်လာရှိမည်။ ဘွိုင်လာရှိလျှင် ရေရှိမည်ဖြစ်သည်။ ထိုဘွိုင်လာအိုးတို့ကို ဖောက်ကြသည်။ ရရှိသည့်ရေသည် သံချေးရည် ဖြစ်သဖြင့် နီနီရဲနေသည်။ သို့ရာတွင် မတတ်နိုင်ကြ။ ထိုရေကိုပင် အကြည်ခံ၍ သောက်ကြရသည်။

ရေချိုးရန် အဝတ်လျှော်ရန်ကိုမူ မစဉ်းစားနိုင်ကြ။ ရေမချိုးရသည်ကလည်း အတော်ကြာခဲ့ပါပြီ။ တစ်စုံစီမျှသာ ရှိတော့သည့် ဝတ်စုံတို့ကို မဖွပ်မလျှော်ဘဲဝတ်ခဲ့ကြရသည့် ရက်တွေလည်းမရေတွက်နိုင်။ ကျွန်တော်၏ ကိုယ်သည် ဖုန်အလိမ်းလိမ်း၊ ချွေးအထပ်ထပ်ဖြင့် ညစ်ပတ်ပေရေနေပါသည်။ လက်ဖြင့် ဖိဖိကလေးပင် မပွတ်သပ်ရဲ။ ယူနီဖောင်းတို့မှာမူ ချွေးစီးကြောင်းတို့ဖြင့် ဖြူတစ်ကွက် ဝါတစ်ကွက်ဖြင့် နဂိုအရောင်အစိမ်းသည်ပင် ပျောက်လုခမန်း ရှိနေသည်။ ဒါကတော့ လူတိုင်းပင်ဖြစ်သည်။

နောက် ပြဿနာတစ်ခုကတော့ အရေးမကြီးဟု ယူဆနိုင်သော်လည်း အချို့ သူတို့အတွက်မူ အရေးအကြီးဆုံး ဖြစ်သည်။ ကျွန်တော့်အတွက်မူ မဟာပြဿနာ ဖြစ်ရပါသည်။

အခြားမဟုတ်၊ ဆေးလိပ်။

ရှိခဲ့သောဆေးပေါ့လိပ်ကလေးတို့ကို ဝေငှမျှတ၍ ချွေချွေတာတာ သောက်လာခဲ့ကြရာမှ နောက်ဆုံးတွင် လုံးဝ ကုန်ခဲ့သည်။ ထိုအခါ ရန်သူ၏ ပစ်ခတ်မှု စဲသွားသည် ဆိုသည်နှင့် ကျွန်တော်တို့သည်

http://www.cherrythitsar.org



ကတုတ်ကျင်းတို့၏ ဘေးပတ်လည်တစ်ဝိုက်တွင် ယခင်က သောက်ပြီး၍ လွှင့်ပစ်ထားခဲ့ကြသော ဆေးလိပ်အတိုအထွာတို့ကို ပြန်လည် ရှာဖွေကြရသည်။ ပြေလျက်ရှိသော ဖက်တို့ကို ကြိုးစများဖြင့် ပြန်လည်စည်းနှောင်ကြသည်။ ထို့နောက် ကတ်သီးကတ်သတ် တစ်ဖွာပဲရရ မရှုမရှာ ရှုကြရှိုက်ကြသည်။

ထိုအခြေအနေ အရပ်ရပ်တို့ကို မကောင်းတစ်ချက်ကောင်းတစ်ချက် ဝိုင်ယာလက်စက်မှ ရန်ကုန်သို့ သတင်းပို့ အစီရင်ခံသည်။ ထို့ကြောင့် ရန်ကုန်စစ်ရုံးကြီးမှ အထူးအစီအစဉ်ဖြင့် နှစ်ကြိမ်သုံးကြိမ်မျှ လေယာဉ်ပျံဖြင့် ရောက်လာ၍ ရိက္ခာနှင့် ဆန်တို့ကို ချပေးသည်။ တစ်ကြိမ်၌မူ ဗိုလ်ကြီးချစ်မြိုင်ကိုယ်တိုင် ကျွန်တော်တို့ သံယောဇဉ်ဖြင့် လိုက်ပါလာခဲ့သည်ဟု သိရသည်။ သို့ရာတွင် ထိုခေတ်က မြန်မာ့လေတပ်မတော်သည် ဆင်းရဲလှပါသေးသည်။ လေယာဉ်အငယ်စားလေး တစ်စီးကိုသာ စေလွှတ်နိုင်ခဲ့ရှာသည်။ ထို့ကြောင့် ချပေးနိုင်သည့် ရိက္ခာသည် လွန်စွာမှ မည်းပါးခဲ့ရသည်။ ထိုမလောက်မင ရိက္ခာကိုပင် တစ်ခါတစ်ရံ အကုန်မရလိုက်ကြ။ မြို့ပြင်သို့ ကျသည့်ပစ္စည်းတို့ကို ရန်သူတို့နှင့် အလုအယက်ဖြစ်ကြရပါသေးသည်။ ထိုသို့ လေကြောင်းမှ ချပေးသည်တို့တွင် အဖိုးတန်ဆုံးကတော့ ကျည်ဆန်နှင့် ဆေးပေါ့လိပ်။

မည်သို့ပင်ဖြစ်စေ လေယာဉ်ပျံကလေးလာလျှင် ရန်ကုန်ကပင် လာရှာသည်ဟူသော အသိဖြင့် ကျွန်တော်တို့မှာ များစွာမှ အားတက်ခြင်းဖြစ်ခဲ့ကြရသည်။ လေယာဉ်ပေါ်မှ လေသူရဲကတော့ မြင်ရသည် မမြင်ရသည် မသိ။ မြေပြင်မှ ကျွန်တော်တို့မှာတော့ လက်ပြလိုက်ကြရသည်မှာ မမောနိုင် မပန်းနိုင်။ သူ့ကိုကြည့်ပြီး အားသစ်လောင်းလိုက်ကြရသည်မှာလည်း အတိုင်းမသိ။

http://www.cherrythitsar.org



ဝှေ့ယမ်းပြလိုက်သည့် လက်တိုင်း လက်တိုင်းတို့သည် ပြင်ပလောက သို့ ကိုယ်စီကိုယ်ငှ မှာကြားလိုသည့် နှလုံးသားတို့မှ မှာတမ်းစကား ကလေးတို့ကို တဖွဖွ တတွတ်တွတ် မှာကြားနေကြပါသည်။

**ဆီးချုံစခန်း**

ထိုအခြေအနေတွင် ရန်ကုန် စစ်ရုံးကြီးမှ သံကြိုးတစ်စောင် ရောက်လာသည်။ ကျွန်တော့်အား ရန်ကုန်သို့ ခေတ္တပြန်လာ၍ အခြေ အနေကို အစီရင်ခံရန် ဖြစ်သည်။

ထို့ကြောင့် နောက်တစ်နေ့တွင် ရန်သူ၏အလစ်တွင် ကားတစ်စီး ဖြင့် ဟဲဟိုးသို့ ထွက်ခဲ့သည်။ ဟဲဟိုးတွင် လေယာဉ်ပျံကို မီသဖြင့် ထိုနေ့ မှာပင် ရန်ကုန်သို့ ရောက်သည်။

အိမ်သားများမှာ မမျှော်လင့်ဘဲ ဖြုန်းခနဲ တွေ့လိုက်ကြရသဖြင့် လွန်စွာမှ အံ့သြဝမ်းသာကြသည်။ ကျွန်တော့်ထံမှ စာမရခဲ့သဖြင့် မည်မျှ စိတ်ပူလျက်ရှိကြကြောင်း၊သာစည်၌ရှိနေသည်ဆိုသည်ကိုတော့စစ်ရုံးသို့ ကျွန်တော်၏ဇနီးကိုယ်တိုင် သွားရောက်မေးမြန်းသဖြင့် သိရှိရကြောင်း ဝိုင်း၍ပြောပြကြသည်။တစ်ချိန်လုံးမှာတော့ အခါလည်ခန့်ရှိနေပြီဖြစ်သည့် သားငယ်သည် ကျွန်တော့်ကို မမှတ်မိတော့သဖြင့် သူ၏မျက်လုံးဝိုင်းဝိုင်း ကြီးတို့ဖြင့်သာ စူးစူးကြီးကြည့်နေရှာသည်။ ခေါ်၍လည်းမလိုက်တော့။

ရန်ကုန်တွင် သုံးရက်မျှသာကြာခဲ့သည်။ ဗိုလ်ချုပ်အား သာစည်၏ အခြေအနေတို့ကို စုံလင်စွာ အစီရင်ခံရသည်။ ထို့နောက် ဗိုလ်ချုပ်၏ ညွှန်ကြားချက်တို့ကို ယူရသည်။

သာစည်သို့အပြန်တွင် ဗိုလ်မှူးခင်ဇာမုံ[၁] အား ကျွန်တော်နှင့်အတူ ထည့်၍ ပေးလိုက်သည်။

---

၁။ ဗိုလ်မှူးကြီး (အငြိမ်းစား)

http://www.cherrythitsar.org



ဗိုလ်မှူးခင်ဇာမုံသည် ချင်းအမျိုးသား ဖြစ်သည်။ သာစည်တွင် ချင်းအမျိုးသားထဲမှ လူကြီးဟူ၍မရှိ။ ထို့ကြောင့် ချင်းရဲဘော်များ စိတ်အား မငယ်စေရန် ထိုသို့ စီစဉ်လိုက်ခြင်း ဖြစ်သည်။ ကျွန်တော့် အနေဖြင့်မူ သူပါလာသဖြင့် ဝမ်းသာသည်။ ပိုမို အားတက်မိသည်။

စစ်ရုံးကြီးမှ အမှတ် ၁၉ ဝိုင်ယာလက်စက် နှစ်လုံး၊ စက်ထိုင် ရဲဘော်နှစ်ဦး၊ ကျည်ဆန်ခဲယမ်းမီးကျောက်၊ ဆေးပေါ့လိပ်နှင့် ရမ်အရက်က တစ်စည် ရရှိခဲ့သဖြင့် ကျွန်တော်၏ အပြန်ခရီးသည် မျက်နှာပန်းလှခဲ့ ရသည်။

ဟဲဟိုးသို့ရောက်လျှင် ဗိုလ်မှူးကျော်ညွန့်[၁] ထံမှ ကားတစ်စီးကို ငှား၍ ထိုနေ့မှာပင် သာစည်သို့ ဆင်းခဲ့ကြသည်။ ယင်းမာပင်သို့ ရောက်လျှင် သာစည်အကြောင်းကို စုံစမ်းကြည့်ကြရသည်။ ဤ နှစ်ရက် သုံးရက် အချိန်ကလေး အတောအတွင်းမှာပင် အခြေအနေသည် တစ်မျိုး တစ်ဖုံ ပြောင်းလဲနိုင်သည် ဖြစ်သည်။ စိုးရိမ်သည့်အတိုင်းပင် သာစည် မြို့အား ရန်သူက လုံးဝ ဝိုင်းထားကြသလိုလို၊ တိုက်ပွဲကလည်း ပိုမို ပြင်းထန်လာသယောင်ယောင် မရေမရာ သတင်းကို ကြားကြရသည်။ ထို့ကြောင့် သတိကြီးစွာထား၍ ဆက်လက် လာခဲ့ကြသည်။

တောင်ခြေသို့ရောက်လျှင် နေ၏ အပူရှိန်သည် တငွေ့ငွေ့ဖြင့် မြိုက်ကာလာသည်။ ပတ်ဝန်းကျင်သည် စိမ်းစိမ်းစိုစို မြသားရွက်တို့မှ ရော်ရွက်တွေ ထိန်ထိန်ဝါဝါဖြင့် ခြောက်သွေ့လာခဲ့သည်။ ကျွန်တော်တို့ သည် လမ်းဘေးနှစ်ဘက် ကွင်းပြင်တို့ဆီမှ တငွေ့ငွေ့တလူလူ တက်နေ သော နေပူရှိန်တို့ကို ကြည့်ရင်း ငေးရင်းဖြင့် လိုက်ပါလာခဲ့ကြသည်။

---

၁။ ဒုတိယဗိုလ်မှူးကြီး (အငြိမ်းစား)

http://www.cherrythitsar.org



သာစည်နှင့်တစ်မိုင်ခန့်အလိုသို့အရောက်တွင် ကားကို ခေတ္တရပ်လိုက်သည်။ ထိုနေရာမှ ဆင်း၍ လျှောက်ခဲ့ကြသည်။ ထိုသို့ သတိဖြင့် လာခဲ့ကြရာမှ မြို့နှင့်မလှမ်းမကမ်း လမ်းကွေ့ကလေးသို့ အရောက်တွင် မြို့ဝင်ဝကို မြင်လိုက်ကြရသည်။ ထိုမြို့ဝင်ဝ၌မူ လူတစ်စု။

မှန်ပြောင်းကိုထုတ်၍ အသေအချာ ကြည့်သည်။ ဟုတ်ပါသည်။ ထင်သည့်အတိုင်းပင် လက်နက်ကိုင် လူတစ်စု။

သူတို့သည် ကျွန်တော်တို့ကို မြင်လျှင် လမ်း၏ ဝဲယာသို့ ပြေးဆင်း၍ နေရာယူလိုက်ကြသည်။ သူတို့သည် သူပုန်များ ဖြစ်ကြသည်။

ယင်းမာပင်၌ ကြားခဲ့ရသော သတင်းသည် အမှန်ပင်ဖြစ်နေပါပြီ။ ရန်သူသည် သာစည်မြို့ကို ပတ်ပတ်လည်မှ ဝိုင်းရံထားမိနေကြပါပြီ။ ကျွန်တော်တို့ ဝင်လို့မရတော့ပါ။

ကားဆီသို့ အပြေး ပြန်ခဲ့ကြသည်။ ကားကို ပြန်လှည့်စေ၍ ယင်းမာပင်ဘက်သို့ မောင်းခဲ့ကြသည်။

'ကဲ ဘယ်လိုလုပ်ကြမလဲ' ဗိုလ်မှူးခင်ဇာမုံက မေးသည်။

ကျွန်တော်သည် ဒါကိုပဲ စဉ်းစားနေပါသည်။ အဖြေကတော့ လွယ်လှပါသည်။ သာစည်ကို ရန်သူတို့ လုံးဝ ပိတ်ထားပြီဖြစ်လို့ ကျွန်တော်တို့ ဝင်လို့မရ။ ထို့ကြောင့် ရန်ကုန်သို့ ပြန်ကြရန်သာရှိသည်။ ထိုသို့ပြန်ပါက စစ်ရုံးမှလည်း ကျွန်တော်တို့အား အပြစ်ဆိုမည်မဟုတ်။

သို့ရာတွင် ကျွန်တော်တို့အဖို့မှာတော့ ထိုသို့ ပြန်ရမည်ကို ရှက်စိတ်ဝင်နေမိရသည်။ ထို့ပြင် သာစည်မြို့တွင်းမှ ရဲဘော်တွေသည် ကျွန်တော်တို့အပြန်ကို စောင့်မျှော်နေကြပါလိမ့်မည်။ အဲ့သည်အတွက် လည်း နောက်ဆံတင်းနေမိရသည်။

http://www.cherrythitsar.org



'ဒီအတိုင်းဆိုရင်တော့ ဘာလုပ်နိုင်မလဲ၊ ပြန်ရုံပဲ ရှိတော့တာပေါ့၊ ဒါပေမယ့် ကျွန်တော်တော့ မပြန်ချင်သေးဘူး၊ နည်းနည်း ကြိုးစားကြည့်ချင်သေးတယ်၊ ဗိုလ်မှူးသဘောကရော'

ဗိုလ်မှူးခင်ဇာမုံကလည်း ထိုအတိုင်းပင် သဘောထားရှိသည်။ ထို့ကြောင့် တောင်ခြေသို့ မရောက်တရောက်တွင် ကားကို လမ်းဘေးကွင်းထဲသို့ မောင်းစေသည်။ ထို့နောက် လမ်းနှင့် ခပ်လှမ်းလှမ်း ဆီးချုံကောင်းကောင်းတစ်ခုထဲသို့ ထိုးသွင်းလိုက်သည်။

ဗိုလ်မှူးခင်ဇာမုံနှင့် ကျွန်တော်တို့သည် ထိုဆီးချုံ၏ ကျိုးတကျဲအရိပ်အောက်တွင် ထိုင်လိုက်ကြ၍ ဘာဆက်လုပ်ကြရမည် ဆိုသည်ကို တိုင်ပင်ကြသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဖြစ်သည့်နည်းဖြင့် သာစည်မြို့ထဲသို့အရောက် ဝင်ကြမည်။ လေးလံသော ပစ္စည်းတို့ကို တစ်နေရာရာ ဝှက်ခဲ့၍ ပေါ့ပါးသော ရိက္ခာတို့ကို ယူဆောင်ကာ ဝင်နိုင်ရန် ကြိုးစားကြမည်။ ထိုအတွင်း သာစည်မြို့တွင်းနှင့်ဝိုင်ယာလက်အဆက်အသွယ်ယူမည်။ ထိုသို့ပြုနိုင်ရန် လောလောဆယ်အားဖြင့် ဤအနီးအနားတစ်ဝိုက်တွင် ခေတ္တခိုအောင်းရန် ဆုံးဖြတ်လိုက်ကြသည်။

သို့ရာတွင် ကျွန်တော်တို့ချည်း နေ၍မဖြစ်။ ရွာခံတွေက လက်ခံရဲကြမည် မဟုတ်။ လက်ခံကြသည့်တိုင်အောင် ရွာသားတို့က သတင်းမပေးစေကာမူ ကျွန်တော်တို့ ဝိုင်ယာလက်စက် ဖွင့်သည်နှင့်တစ်ပြိုင်နက် ရန်သူသည် အနီးတစ်ဝိုက်တွင် ကျွန်တော်တို့ ရှိကြောင်းကို သိရှိကြပါလိမ့်မည်။ ရှာကြပါတော့မည်။ ထို့ကြောင့် ထိုတစ်ဝိုက်တွင် အသင့်အတင့်လုံခြုံမှုဖြင့် လှည့်လည်လှုပ်ရှားနေနိုင်ကြမည့် နည်းလမ်းကို ဆက်လက်စဉ်းစားကြရသည်။ ထိုအခါ တစ်ခုတည်းသော အဖြေကိုသာ ရခဲ့သည်။

http://www.cherrythitsar.org



ဤသာစည်ဒေသသည် ပြည်သူ့ရဲဘော်(အဖြူ)တို့ စိုးမိုးရာဒေသ ဖြစ်သည်။ ဤဒေသတွင် မည်သည့်အရာတို့ကို ပြုလုပ်လိုသည်ဖြစ်စေ၊ သူတို့၏ အကူအညီ မရရှိဘဲ ပြုလုပ်၍ ရမည် မဟုတ်။ ထို့ကြောင့် အခြေအနေအရ ကျွန်တော်တို့သည် သူတို့ထံတွင် ခေတ္တ ခိုလှုံကြရန်သာ ရှိတော့သည်။ သူတို့ကလည်း ကျွန်တော်တို့အား လက်ခံလိမ့်မည်ဟု ကျွန်တော် ထင်သည်။ အနည်းငယ်တော့ စွန့်စားကြရမည် ဖြစ်ပါသည်။

ပြည်သူ့ရဲဘော်နယ်မြေ တာဝန်ခံသည် ဗိုလ်ကြီးကို (မိတ္ထီလာ၊ ပြည်သူ့ရဲဘော်) ဆိုသူ ဖြစ်သည်။ သူသည် ထိုသာစည်ဒေသ၏ ဗိုလ်ချုပ် အောင်ဆန်းပင် ဖြစ်ပါသည်။ သာစည်တိုက်ပွဲ အစပိုင်းက ကျွန်တော် တို့နှင့် လာရောက်ဆက်သွယ်ခဲ့သည်။ ထို့နောက်လည်း မကြာခဏ လာ သည်။ ထိုစဉ်က သူ့ကိုသိခဲ့သည်။ အကဲခတ်ရသရွေ့ လူတော်လူကောင်း တစ်ဦးဖြစ်သည်လို့ ကျွန်တော်မြင်သည်။ သူကမူ ကျွန်တော့်အား ယခင့် ယခင်ကတည်းက မြင်ဖူးသိဖူးသူ ဖြစ်သည်။

ထိုသို့ ဆုံးဖြတ်ပြီးနောက် ကျွန်တော်သည် မလှမ်းမကမ်းတွင် မြင်နေ ရသော ရွာကြီးတစ်ရွာသို့ ထွက်လာခဲ့သည်။

တစ်ရွာလုံးသည် ပူပြင်းလှသော နွေအရှိန်၏ အောက်တွင် တစ်ရေးအိပ်စက်လျက် ရှိနေသည်။ တိတ်ဆိတ်နေသည်။ ရွာထဲသို့မဝင်မီ အကဲခတ်ရသရွေ့ကတော့ သူပုန်တို့မရှိ။ ထို့ကြောင့် ပြောင်ပြောင်တင်း တင်းပင် ရွာတွင်းသို့ ဝင်ခဲ့၍ အိမ်ကြီးတစ်အိမ်သို့ ချဉ်းကပ်လိုက်သည်။

'အိမ်ရှင်များ မရှိကြဘူးလား ခင်ဗျာ' မတိုးမကျယ် ခေါ်လိုက် သည်။

နှစ်ကြိမ် သုံးကြိမ်မျှခေါ်မှ လူကြီးတစ်ဦး ထွက်လာသည်။ ယူနီဖောင်းအစုံ၊ ကာဘိုင်သေနတ်ဖြင့် ဖြစ်သော ကျွန်တော့်ကိုမြင်လိုက်

http://www.cherrythitsar.org



လျှင် သူ့ခမျာကြောက်ကြောက်လန့်လန့်နှင့်ဖြစ်နေရရှာသည်။ ဤရွာသည် ပြည်သူ့ရဲဘော်တို့ စည်းရုံးထားသော ရွာဖြစ်သည်မှာ သေချာပါပြီ။

'ဘာ ဘာ ကိစ္စပါလဲ ခင်ဗျာ'

ကျွန်တော်က မျက်နှာကို အချိုဆုံးပျားရည် ဆမ်းလိုက်သည်။

'ဒီရွာက သူကြီးနဲ့ တွေ့ချင်လို့ပါ ခင်ဗျာ'

'သူကြီး မရှိပါဘူး ခင်ဗျ'

ခက်ပါပြီ။ ထိုအခါတွင် အနီးအနားအိမ်တို့မှာ မိန်းမများ ကလေးများတို့က ကဲလားတို့အကြားမှ ပြူတစ်ပြူတစ်ချောင်းကြည့်နေကြသည်။ ယောကျ်ားဟူ၍မူ တစ်ယောက်တလေမျှ မမြင်ရ မတွေ့ရ။

'ဒါဖြင့်လဲ ဦးကြီးရယ်၊ ဦးကြီးကိုပဲ အကူအညီတောင်းပါရစေ၊ ကျွန်တော်က မြန်မာ့တပ်မတော်ကပါ။ အကူအညီလိုလို့ပါ။ ဗိုလ်ကိုကြီးကို အမြန်ဆုံးတွေ့ချင်ပါတယ်၊ ကျွန်တော်တို့ အချင်းချင်းလဲ အင်မတန် ခင်မင်ပါတယ်၊ သူငယ်ချင်းပါ။ အဲဒါ ဗိုလ်ကိုကြီး ဘယ်မှာရှိသလဲခင်ဗျာ'

သူက တော်တော်နှင့် မဖြေ၊ ပြီးမှ

'ကျုပ်တို့လဲ ကြားဖူးရုံပဲရှိတယ် ဗိုလ်ကြီးရဲ့၊ ဗိုလ်ကိုကြီး ဘယ်မှာ ဆိုတာ မသိပါဘူး'

ဒါကတော့ လိမ်တာပဲ ဖြစ်သည်။ ဤနယ်သား အားလုံးတို့သည် ကလေးကအစ ဗိုလ်ကိုကြီးကို သိကြသည်။ သူတို့အားလုံး ဗိုလ်ကိုကြီးကို အင်မတန် ကြည်ညိုကြသည်။

'ကျွန်တော်နဲ့ သူငယ်ချင်းပါ ဦးကြီးရဲ့၊ သူ့ကို ဖမ်းဖို့ ဆီးဖို့ ဒုက္ခပေးဖို့ မဟုတ်ပါဘူး၊ အကူအညီလိုလို့ပါ'

သို့ရာတွင် မရ။

http://www.cherrythitsar.org



'မသိလို့ပါ ဗိုလ်ကြီးရယ်' သူသည် တောင်းတောင်းပန်ပန်နှင့် ဘူးခံနေပါပြီ။

ထို့ကြောင့် နောက်ဆုံးတွင် လက်လျှော့လိုက်ရတာ အိတ်တွင်းမှ စာရွက် တစ်ရွက်ကိုထုတ်၍ 'ဗိုလ်ကိုကြီး၊ ခင်ဗျားကို အမြန်ဆုံး တွေ့လို ပါသည်၊ ကျွန်တော် ရန်ကုန်က ပြန်ခဲ့သည်၊ သာစည်မြို့တွင်းသို့ ပြန်ဝင် လို့ မရတော့ပါ၊ ခင်ဗျားထံတွင် ခေတ္တလာရောက် ခိုအောင်းလိုပါသည်။ အမြန်ဆုံး လာခေါ်ပါ' ဟု ရေး၍ ကျွန်တော့် လက်မှတ်ကို ထိုးလိုက် သည်။

'ကဲဒါဖြင့် ဟောဒီစာလေး ထားခဲ့မယ်၊ သိတဲ့လူရှာပြီး ဒီစာကိုသာ ဗိုလ်ကိုကြီးဆီ အမြန်ဆုံးရောက်အောင် ပို့ပေးစမ်းပါ' ကျွန်တော်က ပြောပြောဆိုဆိုဖြင့် စာရွက်ကလေးကို သူ့လက်တွင်းသို့ အတင်းထိုးခဲ့၍ ထွက်ခဲ့သည်။

ဆီးချုံအောက်သို့ ပြန်ရောက်၍ ဗိုလ်မှူးခင်ဇာမုံအား အကျိုး အကြောင်းတို့ကို ပြန်ပြောင်း ပြောပြနေစဉ်မှာပင် မလှမ်းမကမ်းဆီမှ 'ဒိုင်း'ဟူသော ပေါက်ကွဲသံတစ်သံကို ကြားလိုက်ကြရသည်။ ရန်သူသည် ကျွန်တော်တို့လူစုအား အထင်ကြီးစွာဖြင့် သာစည်၏ သည်ဘက်တွင်ရှိ တံတားတစ်ခုကို ချိုးလိုက်ပါပြီ။ ဗိုလ်ကြီးခင်ဇာမုံနှင့် ကျွန်တော်တို့မှာတော့ တစ်ဦးကို တစ်ဦး ကြည့်ပြီး ပြုံးလိုက်ကြရသည်။

ထိုနောက် စားစရာဟူ၍လည်း ရမ်အရက်မှလွဲ၍ အခြား ဘာမျှ ပါမလာသဖြင့် ရေဘူးထဲမှ ရေကိုသာ တဝသောက်ကာ တစ်ယောက် တစ်လှည့် ကင်းစောင့်ကြရင်း ဗိုလ်ကိုကြီးကို မျှော်ကြရသည်။

ညနေဘက် လေးနာရီခန့်တွင်မှ

'ဗိုလ်မှူး၊ ဂျစ်ကားတစ်စီး လာနေတယ်'

http://www.cherrythitsar.org



ကင်းကျနေသော အချက်ပြ ဆက်သွယ်ရေး ရဲဘော်က ပြောသဖြင့် လှမ်း၍ ကြည့်လိုက်လျှင် ဟုတ်ပါသည်။ ဂျစ်ကား ဝါကြန့်ကြန့်ကလေး တစ်စီးသည် လယ်ကွင်းထဲတွင် ဖုန်တထောင်းထောင်းဖြင့် ခုန်ကာပေါက်ကာ ရွာဆီသို့ ပြေးသွားနေသည်။ မှန်ပြောင်းဖြင့် ကြည့်လိုက်လျှင်ကားထဲ၌ လူငါးယောက် ပါလာကြသည်။ သေနတ်ကိုယ်စီဖြင့်။ ယူနီဖောင်းနှင့်တော့ မဟုတ်ကြ။

ခေတ္တစောင့်ကြသည်။ ကားကလေးသည် ရွာတွင်းသို့ဝင်သွားသည်။ ရွာဆီမှ ဘာသံမျှ မကြားရ။ တိတ်ဆိတ်မြဲ တိတ်ဆိတ်လျက်၊ မကြာမီ လူတစ်စုသည် ကျွန်တော်တို့ဘက် ရွာပေါက်ဝသို့ ထွက်လာကြ၍ ရပ်ကာ ဟိုဟိုသည်သည်ကို ကြည့်နေကြသည်။

'ကေအင်ဒီအိုတော့ မဟုတ်ဘူးဗျ၊ ပြည်သူ့ရဲဘော်တွေပဲ ထင်တယ်'

'ကဲ ဒါဖြင့် လူယောင် ထွက်ပြကြရအောင်'

ကျွန်တော်တို့သည် ချုံထဲမှထွက်၍ ရပ်ကာ ပြလိုက်ကြသည်။

သူတို့က လက်ယပ်ပြ၍ ခေါ်သည်။

ထို့ကြောင့် သူတို့ထံသို့ အေးဆေးစွာ လျှောက်၍သွားကြသည်။

ရဲဘော်ဖြူများပင် ဖြစ်ကြပါသည်။ ကျွန်တော်တို့ သိကြသည့် ဗိုလ်ကိုကြီးတော့ မပါ။

'ဗိုလ်မှူးတို့ ဘယ်လိုဖြစ်လာကြတာလဲ' တစ်ယောက်က ပြုံးရွှင်စွာ မေးသည်။

'မြင်တဲ့အတိုင်းပဲ၊ ဗိုလ်ကိုကြီးရော'

'ရှိပါတယ်၊ ခေါ်ခဲ့ပါဆိုလို့ လာခေါ်တာ'

'ကဲ ဒါဖြင့် သွားကြရအောင်'

http://www.cherrythitsar.org



ကျွန်တော်တို့သည် ရှေ့ရေးကို ဘာသောညာသော မတွေးတော နိုင်ကြတော့ပါ။ သာစည်မြို့တွင်းသို့လည်း မဝင်နိုင်၊ ရန်ကုန်သို့လည်း မပြန်လို။ ဤရဲဘော်ဖြူတို့နှင့်ပင် စွန့်၍ ပူးပေါင်းကြရပါတော့မည်။ ကျွန်တော်တို့၏ အသက်တို့ကိုဖြင့် သူတို့၏ လက်သို့ အပ်နှံလိုက်ကြရပါပြီ။ အမှန်တော့ သည်လောက်အထိ ဆိုးရွားမည်လို့တော့ မထင်ပါ။ ဘယ်လိုပဲ ဖြစ်ဖြစ် သူတို့သည် ကျွန်တော်တို့အပေါ်၌ သစ္စာရှိကြပါစေလို့သာစိတ် တွင်းမှ ကျိတ်ကာ ဆုတောင်းမိရပါသည်။ သူတို့ကမူ သစ္စာဖောက်လျှင် လည်း ဘဝဟူသည် တစ်နေ့မဟုတ် တစ်နေ့သောအခါ ကျွန်တော်ဆက်၍ မတွေးတော့ပါ။

လယ်ကွင်းတို့ကိုဖြတ်၍ နာရီဝက်ကျော်ကျော် သွားကြရသည်။ ဂျစ်ကားကလေးက ရှေ့ကသွား၊ ကျွန်တော်တို့ ကားကြီးက နောက်က လိုက်ရသည်။ ရွာကလေးတစ်ရွာသို့ ရောက်ကြသည်။ နှမ်းကန်ရွာလား၊ မန်ကျည်းကန်ရွာလား မမှတ်မိတော့။

ဗိုလ်ကိုကြီးသည် ကျွန်တော်တို့အား စောင့်ကြိုလျက်ရှိနေပါသည်။

**မမျှော်လင့်သော အန္တရာယ်**

'လေးစားပါတယ် ဗိုလ်မှူး' ဗိုလ်ကိုကြီးက ခရီးဦးကြိုပြုသည်။

'ဟောဒါက ဗိုလ်မှူးခင်ဇာမုံ၊ ဒါက ဗိုလ်ကိုကြီး' ကျွန်တောက မိတ်ဆက်ပေးရသည်။

ထို့နောက် ကျွန်တော်တို့ တည်းခိုရမည့် အိမ်ကလေးသို့ သွားကြ၍ အခြေအနေ အရပ်ရပ်တို့ကို ဆွေးနွေးတိုင်ပင်ကြသည်။ ဆွေးနွေးပွဲပြီးလျှင်

'ဗိုလ်မှူးလဲ စိတ်ချလက်ချ နေပါ၊ မှဲ့တစ်ပေါက် မစွန်းစေရပါ ဘူး၊ လုပ်စရာတွေလဲ တဖြည်းဖြည်း စီစဉ်ကြတာပေါ့၊ ကျွန်တော့်အနေ

http://www.cherrythitsar.org



နဲ့လဲ အတတ်နိုင်ဆုံး ကူညီပါ့မယ်၊ စိတ်ချပါ' တဲ့။ ဗိုလ်ကိုကြီးက သူ့ရဲ့ ဟန်မူအတိုင်း ပြုံးရိပ်သန်းသော မျက်နှာဖြင့် အားပါးတရ တာဝန်ခံသည်။

'ကျွန်တော်တို့လဲ ခင်ဗျားကို ယုံကြည်လို့ လာခဲ့တာပဲ'

ကျွန်တော်က သူ့လက်ကို ဆုပ်ကိုင်လိုက်မိပါသည်။

ထိုညစာမှာ ဘုန်းကြီးပွဲထက်ပင် ဟင်းမျိုးစုံလှသည်။ မြိုင်လှသည်။ ချစ်စရာ တောဓလေ့ဖြင့် တစ်အိမ်တစ်ခွက် လာရောက်ပို့ကြသည်မို့ စားပွဲဝိုင်းကြီး လျှံသွားသည်။

ထိုညမှာပင် ရန်ကုန်စစ်ရုံးသို့ ဝိုင်ယာလက်ဖြင့် အခြေအနေကို အစီရင်ခံလိုက်သည်။ ထို့နောက် သာစည်ကိုခေါ်သည်။ အတော်ကြာကြာ ခေါ်ပြီးမှ သူတို့ထံမှ ထူးသံ သဲ့သဲ့ကလေးကို ကြားရသည်။ ထို့နောက်တော့ ကျွန်တော် တို့၏ စက်ကို ဗဟိုပြုကာ သာစည်နှင့် ရန်ကုန် ဆက်သွယ်ရေးကို အခိုင်အမာ ထူထောင်နိုင်လိုက်ကြသည်။

ထိုရွာကလေးတွင် နှစ်ရက် သုံးရက်သာ နေကြ၍ နောက်တစ်ရွာသို့ ပြောင်းရွှေ့ နေထိုင်ကြရသည်။ နောက်ပိုင်းမှာတော့ ထိုသို့ပင် နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ ဆိုသလို တစ်ရွာမှ တစ်ရွာသို့ လှည့်လည်နေထိုင်ကြရသည်။ အကြောင်းကတော့ သူပုန်တို့သည် ကြိုတင်တွက်ဆထားသည့်အတိုင်း ကျွန်တော်တို့၏ ဝါယာလက်စက်မှတစ်ဆင့် ကျွန်တော်တို့ ဤပတ်ဝန်းကျင်တွင် ရှိနေသည်ကို သိရှိသွားကြပါပြီ။ ထို့ကြောင့် သူတို့၏ တိုက်ကင်းတို့သည် ကျွန်တော်တို့ ရှိမည်ဟုထင်ရသော ရွာတို့ကို လာရောက်မွှေနှောက် ရှာဖွေလျက် ရှိနေကြသည်။ ကျွန်တော်တို့၏ သတင်းကို ထောက်လှမ်းနေကြသည်။ သို့ရာတွင် ထိုတစ်ဝိုက်သည် ဗိုလ်ကိုကြီး၏ စည်းရုံးမှုအောက်တွင် စနစ်တကျ ရှိသည်ဖြစ်သဖြင့် ကျွန်တော်တို့၏ လုံခြုံမှုအတွက် စိတ်ချရသည်။

http://www.cherrythitsar.org



စိတ်မချရသည်က ကွန်မြူနစ်တို့ ဖြစ်ကြသည်။ မကြာမီ သူတို့သည် ကျွန်တော်တို့ ယခုကဲ့သို့ ဗိုလ်ကိုကြီးထံတွင် လာရောက်ခိုအောင်းနေသည်ကို ကြားသိသွားကြသည်။ ထိုစဉ်က ကွန်မြူနစ်တို့နှင့် ရဲဘော်ဖြူတို့၏ ဆက်ဆံရေးသည် မဟာမိတ်အနေဖြင့်သာ ဖြစ်သည်။ နယ်မြေအားဖြင့် သူ့နယ်၊ ကိုယ့်နယ်ဟူ၍ သီးခြားအုပ်ချုပ်ကြသည်။

မျှော်လင့်ထားသည့်အတိုင်းပင် ကွန်မြူနစ်ဗိုလ်တစ်ဦး ရောက်လာသည်။

သူသည် ကျွန်တော့်အား ဝမ်းသာအားရ ဖက်ယမ်းနှုတ်ဆက်သည်။ သူနှင့်ကျွန်တော်သည် ကြာမြင့်စွာကပင် တစ်ဦးနှင့်တစ်ဦး ကောင်းစွာသိခဲ့ကြပါသည်။ ဂျပန်ခေတ်မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း ပထမအပတ်တွင် အတူတကွ တက်ရောက်ခဲ့ကြသော ရဲဘော်များဖြစ်ကြသည်။ အခုတော့ သူက တောခို ကွန်မြူနစ်၊ ကျွန်တော်က တပ်မတော်သား။

'ဝမ်းသာလိုက်တာဗျာ' သူက လှိုက်လှိုက်လှဲလှဲ ပြောပြသည်။

ကျွန်တော်ကတော့ သူ့ကို တွေ့ရသည်၌ ဝမ်းမသာနိုင်ပါ။ သူရောက်လာခြင်းသည် ကောင်းသောလာခြင်း မဟုတ်။ သူသည် ကျွန်တော်နှင့် ဗိုလ်မှူးခင်ဇာမုံအား တစ်နည်းနည်းဖြင့်တော့ ဒုက္ခပေးတော့မည်ဟုပင် စိတ်တွင်းက ယုံကြည်နေမိရပါသည်။ ဗိုလ်ကိုကြီးအား ကျွန်တော်၏ အသက်ကိုပင် အပ်နှံဝံ့သည့်အထိ ယုံကြည်သည်။ ထိုကွန်မြူနစ် ဆိုသူတို့ကိုတော့ အသေဖြစ်စေ၊အရှင်ဖြစ်စေ ထိုစဉ်ကအခြေအနေအရ နည်းနည်းကလေးမျှပင် မယုံကြည်၊ စိတ်မချ။ သို့ရာတွင်

'ကျွန်တော်လဲ ခင်ဗျားကိုတွေ့ရတာသိပ်ဝမ်းသာတာပဲဗျာ'အဲသည်လိုပဲ ပြန်လည်ပြောရပြီး ပြန်လည်ဖက်ယမ်းလိုက်ရသည်။ နောက်ကွယ်မှာတော့ ကျွန်တော်၏ လက်ညှိုးနှင့်လက်ခလယ်တို့တွင် လိမ်၍ ထားလိုက်ပါသည်။

http://www.cherrythitsar.org



ထို့နောက် သူက ဆွေးနွေးလိုသည်ဟုဆိုသဖြင့် ဆွေးနွေးကြရသည်။ ကွန်မြူနစ်တို့သည် ဆွေးနွေးခြင်း၌ အင်မတန်ယုံကြသူများဖြစ်သည်လို့ ကျွန်တော် ထင်သည်။ အဖြူကို အဖြူအတိုင်း မြင်ရပါလျက် အဖြူဖြစ်သည်ကို တင်ပြသည်။ ထို့နောက် ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်တို့ကို ကိုးကား၍ ပါဠိပျက်စကားလုံးတို့ကို သုံးကာ အပြေအလည်ဆွေးနွေးကြသည်။ ပြီးတော့မှ ဟုတ်ပါသည်။ ဤအရာသည် အဖြူဖြစ်ပါသည်ဟု အများသဘောတူ ဆုံးဖြတ်ကြသည်။ ယခုလည်း သူကဆွေးနွေးလိုပါသည် ဆိုရာ၌ သူနှင့်သူ့အဖော်တို့ကသာ သဘောတရားတွေ ဘာတွေ အစရှိသည်တို့ကို တစ်ယောက်တစ်လှည့် ပြောကြ ဟောကြ ဗိုလ်မှူးခင်ဇာမုံနှင့် ကျွန်တော်တို့ကတော့ ခေါင်းကိုသာ တစ်ချက်တစ်ချက် ညိတ်လိုက်ရုံပဲ ဖြစ်ပါသည်။

ကွန်မြူနစ်တို့သည် ကျွန်တော်တို့ရှိရာသို့ ရက်ဆက်ဆိုသလို လာတတ်သည်။ ရောက်လာပြန်တော့ ဆွေးနွေးကြရပြန်သည်။ နောက်တော့ သူတို့သည် ကျွန်တော်တို့နှင့် အတူအိပ်၊ အတူစား ဖြစ်လာကြသည်။ ကျွန်တော်တို့၏ အရိပ်သဖွယ် ဖြစ်လာကြသည်။ ကျွန်တော်တို့ကိုတော့ တောက်တဲ့ကပ်၊ ကပ်နေကြပါပြီး

ညဘက်ကျလျှင် သူတို့သည် ကျွန်တော်တို့အား သဘောတရားတွေကို အတုံးလိုက် အတစ်လိုက် နားသွင်းကြသည်။ ကျွန်တော်တို့သည် တတ်နိုင်သရွေ့ သည်းခံကာ နားထောင်ကြရသည်။ သူတို့ပြောသော စကားများ ကျွန်တော်တို့၏ ခေါင်းထဲသို့ မဝင်စေကာမူ 'အင်း'ကိုတော့ မှန်မှန်လိုက်ကြရသည်။ တစ်ခါတစ်ရံ နားငြီးလွန်းမက နားငြီးလာသော အခါတို့၌မူ အိပ်ပျော်ချင်ယောင်ဆောင်၍ တစ်ချက်နှစ်ချက်မျှ ဟောက်သံပေးလိုက်ရသည်။ အဲသည်တော့မှ သူတို့ရပ်သွားကြသည်။

http://www.cherrythitsar.org



တစ်နေ့တော့ စကား စလာကြသည်။

'ဗိုလ်မှူးတင်မောင်'

'ဆိုစမ်း'

'ခင်ဗျားတို့မှာ ဝိုင်ယာလက်စက် နှစ်လုံးတောင် ပါတယ်'

'အင်းလေ'

'အဲဒါ'

ကျွန်တော်ကတော့ သူတို့စကားစလာကတည်းက တောင်းတော့မည် ဆိုသည်ကို သိလိုက်ပါပြီ။ ထို့ကြောင့် အဖြေကို ခေါင်းထဲ၌ အရေးတကြီး ရှာဖွေနေသည်။

'အဲဒါ ကျွန်တော်တို့ကို တစ်လုံးပေးပါလားဗျ'

ကျွန်တော်က တကယ် လိုက်လှဲသောအသံဖြင့်

'ဒီမယ်၊ ကျွန်တော့် စေတနာရင်းက ဒီစက်နှစ်လုံးကို အခုစစ်ဆင်ရေးပြီးရင် တစ်လုံးမှ ပြန်မယူဘူးဆုံးဖြတ်ထားတယ်၊ တစ်လုံးကို ခင်ဗျားတို့ကို ပေးခဲ့မယ်၊ တစ်လုံးကို ဗိုလ်ကိုကြီးကို ပေးခဲ့မယ်၊ အခုတော့ ဒါတွေနဲ့ပဲ အလုပ် လုပ်နေရသေးလို့ မပြောသေးတာ'

သူတို့သည် တကယ်လားဟူသော မျက်နှာထားတို့ဖြင့် ကျွန်တော့်ကို အကဲခတ်ကြသည်။

'တကယ်ပါ၊ ကျွန်တော်တို့ စိတ်ထဲမှာ ဒီလိုပဲ ဆုံးဖြတ်ထားပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရှေ့ဆိုရင် ခင်ဗျားတို့နဲ့ ကျွန်တော်တို့ အတူတူတွဲပြီး အလုပ် လုပ်ကြရမယ် မဟုတ်လား၊ လက်ဝဲ ညီညွတ်ရေးတို့ ဘာတို့ ဆိုတာလေ၊ အဲဒီတော့ ကျွန်တော်တို့ အချင်းချင်း ဆက်သွယ်ရေး လိုလာမှာပေါ့'

သူတို့သည် ကျွန်တော့်စကားကို မယုံတစ်ဝက် ယုံတစ်ဝက်။

http://www.cherrythitsar.org



'အခု တစ်လုံးပေးပါလားဗျာ'

'ဟာ ရဲဘော်၊ အခု တစ်လုံးပေးလိုက်ရင် ကျွန်တော့်အဆက်အသွယ်တွေ ပြတ်ကုန်မှာပေါ့ဗျ'

'ခင်ဗျားမှာ တစ်လုံးရှိရင် မပြီးဘူးလား'

'မပြီးလို့ပေါ့ဗျ၊ တစ်လုံးက သာစည်နဲ့ ဆက်ရတယ်၊ တစ်လုံးက ရန်ကုန်နဲ့ ဆက်ရတယ်၊ ဒါကြောင့် နှစ်လုံးယူလာရတာပေါ့၊ နို့မို့ရင် အပင်ပန်းခံပြီး ဘာလုပ်ဖို့ နှစ်လုံး သယ်လာမှာလဲ'

ထိုပြဿနာသည် ထိုမျှနှင့် ခေတ္တရပ်တန့်သွားခဲ့သည်။ သို့ရာတွင် အခြေအနေကတော့ မကောင်းလှတော့။ အန္တရာယ်သည် တစ်နေ့တခြားကြီးမားလာခဲ့ပါပြီ။ ကွန်မြူနစ်တို့သည် ဝိုင်ယာလက်စက်တို့ကို အလွန်ပင် မျက်စိကျနေကြသည်။ ကားပေါ်မှ မချဘဲထားသော ခဲယမ်းမီးကျောက်တို့ကိုလည်း သွားရည်တမျှားမျှား ဖြစ်နေကြသည်။

သို့ရာတွင် ဗိုလ်ကိုကြီး ရှိနေသရွေ့တော့ဖြင့် မစိုးရိမ်ရ။ တစ်ခုပဲ ဆုတောင်းရသည်။ ဗိုလ်ကိုကြီးသည် ကွန်မြူနစ်တို့၏ သွေးဆောင်မှုကို ကြံ့ကြံ့ခံနိုင်ပါစေ။

ဗိုလ်မှူးခင်ဇာမုံနှင့်ကျွန်တော်တို့၏ ရှေ့ရေးသည် ထိုအချက်ပေါ်တွင် တည်နေပါသည်။ တည်နေသမှ တဲတဲကလေး။ နောက်တော့မှသိရသည်။ ကွန်မြူနစ်တို့သည် ကျွန်တော်တို့၏ နောက်ဆွယ်တွင် ဗိုလ်ကိုကြီးနှင့် အကြိမ်ကြိမ် ဆွေးနွေးကြသည်။ အကြောင်းအရာကတော့ ကျွန်တော်တို့ကို ဖမ်းဆီးရန်နှင့် သူတို့လက်သို့ အပ်ရန်ဖြစ်သည်။ သို့ရာတွင် ဗိုလ်ကိုကြီးသည် ကျွန်တော်တို့ အပေါ်တွင် တစ်ချိန်လုံး သစ္စာရှိခဲ့သည်။ ပြင်းပြင်းထန်ထန် ငြင်းဆန်ခဲ့သည်။ ကန့်ကွက်ခဲ့သည်။ ဤနယ်မြေသည်ရဲဘော်ဖြူတို့၏ နယ်မြေဖြစ်သည်။ ထို့ကြောင့် ကွန်မြူနစ်တို့ ဘာမျှ မတတ်နိုင်ခဲ့။ လက်လျှော့လိုက်ကြရသည်။

http://www.cherrythitsar.org



ကျွန်တော်တို့သည် အခြေအနေ အလုံးစုံတို့ကို ရန်ကုန်သို့ အမြဲမပြတ် အစီရင်ခံခဲ့ရာမှ တစ်နေ့တွင် အသေးစိတ် အစီရင်ခံရန်အတွက် ဗိုလ်မှူးခင်ဇာမုံ ရန်ကုန်သို့ ပြန်ခဲ့ရန် အမိန့်ရသည်။ ထို့ကြောင့် နောက်တစ်နေ့မှာပင် ဗိုလ်မှူးခင်ဇာမုံသည် ဟဲဟိုးသို့သွား၍ ထိုမှ ရန်ကုန်သို့ ပြန်သွားသည်။ ကျွန်တော်သည် ဗိုလ်ချုပ်နေဝင်းအား တင်ပြစရာတို့ကို တိုးတိုးတိတ်တိတ် ကျိတ်၍ မှာလိုက်သည်။ ကျွန်တော် အရေးတကြီး အလိုရှိသည်က တပ်ခွဲတစ်ခွဲ ဖြစ်သည်။ ထိုတပ်ခွဲ တစ်ခွဲသာ ရပါက သာစည်မြို့ကို ဝိုင်းထားသော ရန်သူအား ထိုးဖောက်ပါမည်။

ဗိုလ်မှူးခင်ဇာမုံ ပြန်သွားပြီးနောက် ကျွန်တော်သည် ဗိုလ်ကိုကြီးတို့၏ အကူအညီဖြင့် သာစည်မြို့တွင်းသို့ တိတ်တဆိတ် ဝင်နိုင်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့သည်။ သို့ရာတွင် မအောင်မြင်ခဲ့။ တစ်ကြိမ်ကမူ ရှေ့မှ ကင်းအဖြစ် ချီတက်သွားသော ပြည်သူ့ရဲဘော်သည် အိပ်ပျော်နေသော ရန်သူကင်းသားကို တက်နင်းမိသဖြင့် ကသောကမျော ပြန်ပြေးခဲ့ကြရသည်။

ထိုအခြေအနေ၌ ရွာနီးချုပ်စပ်တွင် ကျောက်ရောဂါသည်အနှံ့အပြား ဖြစ်ပွားလျက် ရှိနေသည်။ ကာကွယ်ရန် ဆေးဝါးလည်းမရှိ။ တစ်ရွာမှ တစ်ရွာ နှစ်ရက်ခြား တစ်ခါ သုံးရက်ခြားတစ်ခါ ကူးပြောင်းလှည့်လည် ပုန်းခိုနေရသည့်အထိ ကွန်မြူနစ်တွေက သွားလေရာနောက်မှ တန်းလန်း၊ ကေအင်ဒီအိုတွေကလည်း ကျွန်တော့်အား သဲသဲမဲမဲဖြင့် လိုက်လံရှာဖွေနေကြသဖြင့် ကြာလာတော့ အတော်ကလေး စိတ်ဒုက္ခ ရောက်လာမိရပါသည်။ သို့ရာတွင် မတတ်နိုင်ပါ။ ဟန်မပျက်သာ သတိဝီရိယ အထူးထား၍ နေရရင်း ဗိုလ်ချုပ်ထံ တောင်းခံလိုက်သော တပ်ခွဲ တစ်ခွဲသာ အမြန်ဆုံး ရပါစေလို့ ဆုတောင်းနေမိရသည်။

http://www.cherrythitsar.org



ရက်အနည်းငယ်အတွင်းမှာပင် ကျွန်တော် စိတ်စောစွာဖြင့် စောင့်မျှော်နေခဲ့ရသော ကြေးနန်းရောက်လာသည်။ တပ်ခွဲတစ်ခွဲ ယင်းမာပင်သို့ နက်ဖြန်ညနေ ရောက်လာပါမည်တဲ့။

ဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ သို့ရာတွင် ထိုသတင်းကို မည်သူ့ကိုမျှ ဖွင့်ဟမပြောပြရဲ။ ဗိုလ်ကိုကြီးကိုပင် ကလောနှင့် ဆက်သွယ်လိုသဖြင့် မနက်ဖြန်ယင်းမာပင်သို့ သွားလိုကြောင်းလောက်ကိုသာပြောပြထားသည်။

နောက်တစ်နေ့တွင် ဗိုလ်ကိုကြီးကိုယ်တိုင် လိုက်၍ ပို့ပေးသည်။ ကျွန်တော့်အနေဖြင့်ကတော့ သိထားပါသည်။ ကျွန်တော်သည် ဤရွာတို့မှ အပြီးအပိုင်ထွက်ခွာခဲ့ခြင်း ဖြစ်ပါသည်။ သို့ရာတွင် မည်သူ့ကိုမျှ နှုတ်မဆက်ဝံ့သဖြင့် အင်မတန်မှ စိတ်မကောင်းဖြစ်ရသည်။ ထိုနှမ်းကန်၊ မန်ကျည်းကန် အစရှိသော ရွာတို့မှ ရွာခံရဲဘော်ကြီးများအားလည်းကောင်း၊ ထိုရွာသူရွာသားတို့၏ ဖြူစင်လှသောစေတနာနှင့် ကျွန်တော်တို့အား စောင့်ရှောက်ပြုစုခဲ့ကြသည်တို့ကိုလည်းကောင်း မည်သည့်အခါမျှ ကျေးဇူးမေ့နိုင်တော့မည် မဟုတ်တော့ပါ။

## လွတ်မြောက်ခြင်း

ယင်းမာပင်သို့ ရောက်သောအခါ ချင်းတပ်ခွဲတစ်ခွဲ ရောက်ရှိနေပြီကို တွေ့ရသည်။ ထိုနေ့သည် ၁၉၄၉ ခု၊ ဧပြီလ ၅ ရက်။

ထိုတပ်ခွဲနှင့်အတူ ဟဲဟိုးမှ အရန်စစ်ရဲတပ်၊ တောင်ကြီးမှ ကိုတင်ကိုကို (ယခု ရှမ်းပြည်နယ် ဝန်ကြီးဟောင်း)၊ ကိုစိုင်းဟတ် (ယခု ဗိုလ်ကြီးဟောင်း စိုင်းဟတ်)၊ ကိုခင်ကျော်ညို (ဗိုလ်မှူးကြီး၊ အငြိမ်းစား) အစရှိသူတို့ပါ လိုက်ပါလာကြသည်။ အဲ့သည်တော့မှ ဗိုလ်ကိုကြီးအား ဖွင့်ဟပြောဆို၍ သာစည်မြို့ကို ပိတ်ဆို့ထားသော ရန်သူအား အတွင်းအပြင် နှစ်ဘက်ညှပ်၍ တိုက်ခိုက်ရန် အစီအစဉ်တို့ကို ရေးဆွဲကြရသည်။

http://www.cherrythitsar.org



ထိုအစီအစဉ်တို့ကို သာစည်သို့ လျှို့ဝှက်ကြေးနန်းဖြင့် ပေးပို့ရပါက အချိန်မမီမည်ကို စိုးရိမ်သဖြင့် ဂျပန်ပြည် စစ်တက္ကသိုလ်ကျောင်းဆင်းများဖြစ်ကြသော ဗိုလ်ကြီးချစ်မောင်နှင့် ဗိုလ်ကြီးတင်ဦးတို့အား ဂျပန်ဘာသာဖြင့် တိုက်ရိုက်ပြောကြားရသည်။

'ကဲ ဒါပဲ၊ နားလည်ပြီလား'

ထပ်ကာထပ်ကာ မေးနေရသည်။ ဂျပန်စကားတွေကိုလည်း မေ့မေ့လျော့လျော့ ရှိနေပြီဖြစ်သဖြင့် မနည်းကြိုးစား၍ ထော့ကျိုး ထော့ကျိုး ပြောနေရသည်။

'နားလည်ပါပြီ'

၆ ရက်နေ့တွင် သာစည်နှင့် မလှမ်းမကမ်း ရွာကြီးတစ်ရွာသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ထိုရွာတွင်ပင် နောက်တစ်နေ့ တိုက်ခိုက်မည့် အစီအစဉ်တို့ကို စီစဉ်ကြရသည်။ ပြီးလျှင် ညရှစ်နာရီခန့် ရှိပါပြီ။ အဲသည်တော့မှ ညစာထမင်း စားကြရသည်။ သို့ရာတွင် စား၍ တစ်လုတ်နှစ်လုတ်မျှသာ ရှိသေးသည်။ မီးရထားသံလိုလို ကြားလိုက်ကြရသည်။

ဟုတ်ပါသည်။ မီးရထားသံ၊ ကပျာကယာဖြင့် ရွာပြင်သို့ထွက်၍ ကြည့်လိုက်လျှင် မီးရထားတစ်စင်းသည် အရှိန်ပြင်းစွာဖြင့် မြောက်ဘက်မှ သာစည်သို့ ဦးတည်၍ ခုတ်မောင်းလာနေပါသည်။

'မီးရထားကြီးဟေ့၊ မီးရထားကြီး' တစ်ယောက်တစ်ပေါက် ပြောကြ ဆိုကြ၍ တအံ့သြသြသာ ဖြစ်နေမိကြရသည်။ ဘာမျှတော့ မလုပ်နိုင်ကြ။

ထိုမီးရထားကြီးသည် ဘူတာအတွင်းသို့ ထိုးဝင်သွားသည်။ ထိုခဏ၌ပင် ပြင်းထန်သော ပေါက်ကွဲသံတို့ကို အဆက်မပြတ် ကြားလိုက်ကြရသည်။ ထိုပေါက်ကွဲသံတို့နှင့်အတူ မီးလုံးကြီးတစ်လုံးသည် တဟုန်းဟုန်း

http://www.cherrythitsar.org



ထလာသည်။ မီးပွင့် မီးပွားတွေလည်း မီးရှူးမီးပန်းတွေလို တဖြောက်ဖြောက် လွင့်ကာ တဖြာဖြာ ဝေနေကြသည်။

ပေါက်ကွဲသံတို့ စဲသွား၍ မီးလုံးကြီး ငြိမ်ကျသွားလျှင် ပတ်ဝန်းကျင်သည် ငြိမ်သက်၍ ကျန်ရစ်ခဲ့သည်။ ပစ်သံ ခတ်သံကိုလည်း မကြားရ။

ကျွန်တော်သည် ဝိုင်ယာလက်စက်မှ သာစည်ကို ခေါ်သည်။ တစ်ခဏကြာလျှင် ဗိုလ်ကြီးတင်ဦး၏ အေးဆေးသော အသံကို ကြားရသည်။ ဘုတာရုံသည် သူ၏ ခံစစ်နယ်မြေတွင် ပါဝင်သည်။

'ရန်သူတွေက မီးရထားတစ်စင်းပေါ်မှာ ယမ်းတွေတင်ပြီး မြို့ဘက်ကို မောင်းလွှတ်လိုက်တယ်၊ လူတွေ မပါဘူး၊ အဲဒါ ဘူတာအဝင်မှာပဲ ပေါက်ကွဲတာပဲ၊ အထိအခိုက် မရှိပါဘူး'တဲ့။

ရန်သူသည် ဖိဖိစီးစီး တိုက်မည်ဆိုပါက ထိုမီးရထား၏ ပေါက်ကွဲမှုနှင့်အတူ ခြေလျင်တပ်တို့က ဝိုင်းဝန်း တိုက်ခိုက်ကြရမည် ဖြစ်သည်။ ယခုမူ ခြေလျင်တပ်တို့ မပါခဲ့။ ထိုအချက်ဖြင့်ပင် ရန်သူသည် စိတ်ဓာတ်ကျဆင်းသွားပြီး လက်မြှောက်သွားပြီ ဖြစ်သည်ကို အကဲခတ်မိလို့ ရပါပြီ။

ခန့်မှန်းသည့်အတိုင်းပင် နောက်တစ်နေ့ စတင် တိုက်ခိုက်ကြသည်။ ရန်သူသည် စတိ သဘောမျှသာ ခုခံ၍ ဆုတ်ခွာသွားကြသဖြင့် ကျွန်တော်တို့သည် ၈ ရက်နေ့ နံနက်တွင် သာစည်မြို့အဝင်ဝမှာပင် မြို့တွင်းမှ ထွက်လာသော အောင်သာစည် သံချပ်ကာ ကားကြီးနှင့် လက်ချင်းဆက်မိကြသည်။

မြို့တွင်းမှ ရဲဘော်တို့မှာတော့ ဝမ်းသာလို့မဆုံးကြတော့။ ပျော်၍ မဆုံးကြတော့။ ကျွန်တော်တို့နှင့် ပါလာသော ရိက္ခာ ခဲယမ်းမီးကျောက်

http://www.cherrythitsar.org



တို့နှင့်ရမ်အရက်စည်ကြီးကိုချက်ချင်းပင်ခွဲဝေယူလိုက်ကြသည်။ ထို့နောက်တော့ ချက်ကြ၊ ပြုတ်ကြ၊ စားကြ၊ သောက်ကြ။ ကျွန်တော်တို့ အားလုံးမှာ ဝမ်းသာကြလွန်းလို့ ရန်သူကိုပင်မေ့နေမိကြသည်။သူတို့ထံမှ ကြားနေကျ ပစ်သံ၊ခတ်သံ၊မော်တာသံတို့ကို မကြားရတော့သည်ကိုသတိပြုမိကြတော့မှ

'ဟေ့၊ ရန်သူကိုလဲ ကြည့်ကြပါဦး'

အဲသည်တော့မှ တိုက်ကင်းတို့သည် မြို့ပတ်လည်သို့ ထွက်ကြသည်။ ရန်သူ လုံးဝမရှိတော့ပါ။

ရန်သူသည် အားလုံး ဆုတ်ခွာသွားကြပါပြီ။

တစ်လခွဲကျော်ကျော် နှစ်လနီးပါးမျှပိတ်ဆို့အတိုက်ခံခဲ့ရသော နေ့စဉ်ရက်ဆက် အပစ်အခတ်ခံခဲ့ရသော သာစည်မြို့သည်လွတ်မြောက်ပါပြီ။

ထိုတစ်ချိန်လုံးတွင် မားမားမတ်မတ် လွှင့်ထူထားနိုင်ခဲ့သည့် ပြည်ထောင်စု အလံတော်ကမူ လေမြူးတွင် တလွင့်လွင့် ရှိနေသည်။

ရန်သူသည် အသက်ပေါင်း မြောက်မြားစွာတို့ကို ပေး၍ ဤသာစည်မြို့ကို အပြတ်အသတ် တိုက်ခဲ့ကြသည်။ သို့ရာတွင် သူတို့၏ အပြတ်အသတ် တိုက်ပွဲသည် ချင်းရဲဘော်များ၊ဂေါ်ရခါး ရဲဘော်များနှင့် မြန်မာရဲဘော်များ ပါဝင်ကြသည့် တစ်စုတစ်စည်းတည်းသော ဤအောင်သာစည် တပ်ဖွဲ့ကြီး၏ အပြတ်အသတ်အောင်ပွဲတစ်ရပ်အဖြစ်ဖြင့်သာအဆုံးသတ်ခဲ့ပါပြီ။ ရန်သူသည် သူတို့အဖို့ အဖိုးမဖြတ်နိုင်သော ကျည်ဆန်၊ ခဲယမ်းမီးကျောက်တို့ကို ထောင်နှင့် သောင်းနှင့်ချီ၍ ဤသာစည်တွင် ဖြုန်းတီးခဲ့ကြသည်။ သူတို့အဖို့ အရေးအကြီးဆုံးဖြစ်သည့် အချိန်ကိုလည်း လနှင့်ချီ၍ အလဟဿ ကုန်ဆုံးခဲ့ကြသည်။ သို့ရာတွင် သူတို့လိုချင်လှသည့် ဤမီးရထားလမ်းကိုတော့ မရခဲ့။ သူတို့ အစိမ်းလိုက် ဝါးစားလိုသော ဤချင်း၊ ဤဂေါ်ရခါး၊ ဤမြန်မာရဲဘော်တွေကိုလည်း မချေမှုန်းနိုင်ခဲ့။

http://www.cherrythitsar.org



(ထိုတစ်လကျော် ကာလအတွင်း ရန်သူတို့သည် သာစည်တွင် ရာဂဏန်းမျှ ကျဆုံးခဲ့ကြသည်။ သာစည် စစ်မျက်နှာမှ ဒဏ်ရာရခဲ့သူတို့သည် ထိုစဉ်က မိတ္ထီလာကန်စောင်းမှ ဆေးရုံဟောင်း အပေါ်ထပ်၊ အောက်ထပ်နှင့် ဘေးပတ်လည် အိမ်ကလေးတို့တွင် အပြည့်အသိပ်။)

ကျွန်တော်တို့ ထိုရန်သူထံမှ တိုက်ပွဲအတွင်း ဖမ်းမိလိုက်သည်က

| | |
|---|---|
| (၁) ဘရင်းကယ်ရီယာ | ၂ စီး |
| (၂) အားမတ်ဗင် (အော်လီဂန်သေနတ်ပါ) | ၁ စီး |
| (၃) အားမတ်ကား | ၁ စီး |
| (၄) ဂျစ်ကား | ၁ စီး |

ဤသာစည်တိုက်ပွဲကို ပြန်လည် သုံးသပ်ပါလျှင်

အကယ်၍သာ အောင်သာစည်တပ်တို့က ယခုကဲ့သို့ ပိတ်ဆို့မထားနိုင်ခဲ့ပါက မခုခံနိုင်ပါက ကြံ့ကြံ့ခံ မထားနိုင်ခဲ့ပါက ရန်သူသည် လူအင်အား၊ ခဲယမ်းမီးကျောက် အင်အား အလုံးအရင်းတို့ဖြင့် တစ်ရှိန်တည်း ရန်ကုန်သို့ ဦးတည်၍ ဆင်းကြပါလိမ့်မည်။ မည်မျှ ခရီးပေါက်ရောက်ကြမည် ဆိုသည်ကိုတော့ ခန့်မှန်းရန် ခဲယဉ်းလှပါသည်။ မည်သို့ပင်ဖြစ်စေ ထိုသို့သာ ဆင်းနိုင်ကြပါက ပဲခူးစစ်မျက်နှာနှင့် အင်းစိန်စစ်မျက်နှာတို့သည် ယခုထက် ပိုမို၍ အကြိတ်အနယ် ဖြစ်ကြရမည်လို့ ယူဆနိုင်ပါသည်။

ယခုမူ ရန်သူသည် သာစည်၌ တစ်ရက် အချိန်ဖြုန်းခဲ့ခြင်းဖြင့် သူတို့အတွက် အခွင့်အရေးသည် တစ်ရက် နောက်ကျခဲ့ရသည်။ ရန်သူတပ်သားတစ်ယောက် သာစည်တွင် ဒဏ်ရာရကျဆုံးသည်နှင့်အမျှ ပဲခူးစစ်မျက်နှာတွင် သူတို့၏ အင်အားတစ်ယောက် လျော့ပါးသွားခဲ့ရသည်။ သာစည်တွင်သုံးခဲ့သော ကျည်ဆန်တစ်တောင့်သည် အင်းစိန် စစ်မျက်နှာ

http://www.cherrythitsar.org



အတွက် ကျည်ဆန်တစ်တောင့် လျော့သွားခဲ့ခြင်းဖြစ်သည်။ အဲသည်လိုပဲ ကျွန်တော်ကတော့ ခပ်ကြွားကြွား ယူဆလိုပါသည်။

ထိုအတွေးဖြင့် ကျွန်တော့်မှာ ကျေကျေနပ်နပ်ကြီး ကြည်နူးနေမိရပါသည်။

'ကဲ သာစည်တစ်ဝိုက်တော့ ရှင်းသွားပြီ၊ မိတ္ထီလာဘက်ကို တိုက်ကင်းလွှတ်ကြရအောင်'

ထိုအစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရန် စီမံနေကြဆဲမှာပင် မိတ္ထီလာရှိ ဒုတိယဗိုလ်မှူးကြီး လျှင်ချင်ဇန်၏ထံမှ ဆက်သား ရောက်လာသည်။

'ရန်သူတွေ မိတ္ထီလာမှ ဆုတ်သွားကြပြီ၊ အမြန်ဆုံး မိတ္ထီလာကို လာရောက်ထိန်းသိမ်းပါ'တဲ့။

အခြေအနေဖြစ်ရပ်တို့သည် မြန်ဆန်လွန်းလှသဖြင့် ဘာလုပ်ရမှန်း မသိအောင်ပင် ဖြစ်သွားကြရသည်။ ရန်သူသည် ပြိုမည့်ပြိုတော့လည်း ခြေဖဝါးနှင့်တင်ပါး တစ်သားတည်းဆိုသကဲ့သို့ ဖြစ်နေပါပြီ။ သို့ရာတွင် ထိုရန်သူသည် အစွယ်ငေါငေါနှင့်ပင် ရှိနေပါသေးသည်။ ပဲခူးစစ်မျက်နှာအတွက် စိတ်ပူလိုက်မိရသည်။

ချင်း ရဲဘော်ကလေးတွေကတော့ တစ်ယောက်ကို တစ်ယောက် ဖက်ကြ၊ ယမ်းကြ၊ ကကြ၊ ခုန်ကြ။ သူတို့ရဲ့ အိမ်ထောင်စုများနှင့် ပြန်လည် တွေ့ဆုံကြရပါတော့မည်။

ချက်ချင်းပင် ဗိုလ်မှူး ဟာစ်(ချ်)ကော့ ခေါင်းဆောင်သော ချင်းတပ်ရင်း ၃ တပ်ခွဲတို့သည် မိတ္ထီလာသို့ချီတက်ကြသည်။ သာစည်ကိုမူ ကျွန်တော်တို့ တပ်ရင်း ၆ နှင့် ဟဲဟိုးမှ အရန်စစ်ရဲတို့က ဆက်လက်ထိန်းသိမ်းထားကြသည်။

http://www.cherrythitsar.org



တိုက်ပွဲတစ်ခုကတော့ဖြင့် ပြီးစီးခဲ့ပါပြီ။ ကျွန်တော်၏ လောလော ဆယ် တာဝန်သည်လည်း အဆုံးသတ်ပါပြီ။ သည်ကနေ့ ဘယ်ကို ဆက်ရ ပါဦးမည်လဲ။

ဗိုလ်ကြီးတင်ဦး၊ ဗိုလ်ကြီးချစ်မောင်တို့နှင့်အတူ မီးမလောင်ဘဲ ထီးထီးကြီး ကျန်ရစ်ခဲ့သော ဘူတာရုံသို့ ပြောင်းရွှေ့ခဲ့၍ တပ်ဖွဲ့ရုံးကို ယာယီဖွင့်လှစ်လိုက်သည်။ ညစာကို တပျော်တပါးစားကြရင်း ဖြစ်ပျက် ခဲ့သရွေ့တို့ကို ပြန်လှန်ပြောကြရသည်မှာလည်း မဆုံးနိုင်ကြတော့။

ထိုညက ကျွန်တော်၏ အိပ်ရာသည် ဘူတာတွင်းရှိ စားပွဲခုံရှည် ကြီးတစ်ခု ဖြစ်သည်။ ယင်းအပေါ်၌ စောင်တစ်ထည်ကိုခင်း၊ တစ်ထည်ကို ခြုံ၍ ရုံပိုင်ကြီး၏ရုံးခန်းတွင်းမှရသော စာအုပ်ထူထူကြီးတစ်အုပ်ကို ခေါင်း အုံးကာ ကျေနပ်စွာဖြင့် လှဲလိုက်ပါသည်။ စီးကရက်တစ်လိပ်ကို မီးညှိ၍ အားပါးတရ ဖွာလိုက်သည်။ ဆေးလိပ်၏ မီးရောင်နီရဲရဲတွင် တငွေ့ငွေ့ တလိပ်လိပ်ဖြင့် တလူလူ ပျံတက်သွားသော မီးခိုးလုံးတို့ကို အမှတ် မထင် စူးစိုက်ကြည့်နေမိသည်။ ချမ်းမြေ့လှပေစွ။

ပြင်ပ၌မူ ကောင်းကင်ပြင်တစ်ခုလုံးသည် တိမ်မြူကင်းစင်လျက် ပြာလဲ့လဲ့ လဟာပြင်တွင် ကြယ်ပန်းပွင့်ကလေးတို့သည် မြူးတကြွကြွဖြင့် တောက်ပနေကြသည်။ တစ်နေရာဆီမှ ညမွှေးပန်းတို့၏ သင်းကြွယ်ကြွယ် ရနံ့ကလေးသည် ညင်းတသွဲ့သွဲ့ လေနုယဉ်ကလေးကိုစီးကာ ပျံ့လွင့်၍ ပါလာနေပါသည်။

မနီးမဝေးအရပ်ဆီမှတော့ စစ်သားနှင့် ဂီတ ခွဲမရရှာတဲ့ ရဲဘော် တစ်ဦးရဲ့ မယ်ဒလင်လက်သံ နွဲ့နွဲ့ကလေးသည် လူးကာ လွန့်ကာဖြင့် ကျွန်တော့်အား ချော့လျက် နော့လျက်။

http://www.cherrythitsar.org



## သူတို့က တစ်မှောင့်

ကေအင်ဒီအိုတို့ ဆုတ်ခွာသွားပြီးသည့် နောက်တစ်နေ့တွင် ကျွန်တော် မိတ္ထီလာသို့ လာခဲ့သည်။

လွန်ခဲ့သော သုံးလခန့်က ကျွန်တော်သည် မိတ္ထီလာမြို့ကို ကေအင်ဒီအိုတို့လက်သို့ ပေးအပ်ခဲ့ရသည်။ ယခု အောင်နိုင်သူတစ်ဦးအဖြစ် ပြန်လို့ ဝင်ခဲ့ပါပြီ။ သို့ရာတွင် အောင်နိုင်သူ တစ်ဦး၏ မာန်မျိုးတော့ဖြင့် မရှိပါ။ လူသားတစ်ယောက်မှ ကြီးမားလှသည့် ကျေနပ်မှုကိုတော့ ရင်တွင်း၌ တလှပ်လှပ် ခံစားနေမိရပါသည်။

မြို့စပ်သို့ဝင်မိလျှင်ပင် ကျင်းတို့ကို တူး၍ တပ်စွဲနေကြသော များပြားလှသည့် ကွန်မြူနစ်တပ်တို့ကို နေရာအနှံ့အပြားတို့၌ တွေ့မြင်ရသည်။ မြန်လည်း မြန်ကြပါပေရဲ့။ မနေ့နေ့လယ်ကမှ ကေအင်ဒီအိုတို့ ဆုတ်ခွာသွားကြသည်။ ညနေပိုင်း၌ ကျွန်တော်တို့ တပ်များက မြို့အရှေ့ဘက်မှ ဝင်သည်။ တစ်ချိန်တည်း၌ပင် ထိုကွန်မြူနစ်တို့သည် မြို့အနောက်ဘက်မှ ဝင်လာကြသည်။ ဝင်ခဲ့ရုံသာမဟုတ်။ တစ်မြို့လုံးကို အပိုင်စီး၍ သိမ်းပိုက်လိုက်ကြသည်။

ထိုအချက်ကို ကျွန်တော်တို့သည် လျစ်လျူရှုလိုက်ကြသည်။ တိုင်းပြည်၏ အခြေအနေသည် အဆိုးဆုံးဘဝမှ မလွန်မြောက်သေး။ ကျွန်တော်တို့သည် ထိုကွန်မြူနစ်တို့ကို ရန်ပြုလိုသော စိတ်ထား လုံးဝ မရှိရိုး အမှန်တကယ်ဖြစ်ပါသည်။ သူတို့ကသာ ကျွန်တော်တို့နှင့် ရိုးသားဖြောင့်စင်းစွာဖြင့် လက်တွဲ၍ လုပ်ဆောင်သွားကြမည်ဆိုပါက ကျွန်တော်တို့သည် ဝမ်းမြောက်ဝမ်းသာပင်ကြိုဆိုပါမည်။ထိုအကြောင်းကို ကျွန်တော်သည် ထိုစဉ်က စစ်ရုံးတွင်ရှိနေသော ဗိုလ်မှူးကြီး အောင်ကြီးထံသို့

http://www.cherrythitsar.org



သံကြိုးဖြင့် အစီရင်ခံ တင်ပြခဲ့ပါသည်။ ကျွန်တော်ယုံကြည်သည်ကတော့ နေဝင်သောအခါ၌လည်း ဗိုလ်ချုပ်သည် သူတို့၏ရှေ့ရေးကို ကျောပေးမည်မဟုတ်။ တန်ရာတန်ကြေးနေရာ ပေးလိမ့်မည်ဟုပင် ဖြစ်သည်။

သို့ရာတွင် သူတို့သည် ရပ်ကွက်တစ်ခုလုံး မီးဟုန်းဟုန်းလောင်ကျွမ်းနေချိန်တွင် ဝိုင်းဝန်းကူညီ ငြိမ်းသတ်လိုစိတ် အလျဉ်းမရှိကြ။ ပွဲအလန့် ဖျာခင်းလိုသူများသာ ဖြစ်ကြသည် ပထမတွင် သူတို့သည် မြို့တွင်း၌ ကင်းတွေချသည်။ နောက်တော့ မြို့ပတ်လည်၌ တပ်တွေစွဲလေသည်။ နောက်ဆုံးတွင် ကျွန်တော်တို့ တပ်နယ်မြေကို ဝန်းရံလိုက်ကြသည်။ တပ်တွင်းသို့ ရေပေးသည့် စက်ကိုပင် သိမ်းပိုက်လိုက်ကြသည်။ ပြီးနောက် နယ်ဘက် အရာရှိကြီးတို့ကို ဖမ်းလိုက်ကြသည်။

ထိုမှတစ်ဆင့်ပြီးတစ်ဆင့် အကဲစမ်းလာသည်ကိုတော့ သည်းမခံနိုင်ကြတော့။ ထိုညနေက ကျွန်တော်နှင့် ဗိုလ်ကြီးချစ်မောင်တို့ သူတို့၏ ရုံးဖွင့်ထားရာ စစ်ရဲတပ်ရင်းရုံးသို့ သွားကြသည်။

သူတို့၏ တပ်မှူးသည် ဗိုလ်လှဖေဆိုသူ ဖြစ်သည်။ သူနှင့် ကျွန်တော်တို့သည် တစ်ဦးကိုတစ်ဦး ကောင်းစွာ သိကြသူတွေ ဖြစ်ကြသည်။ ကျွန်တော် မှတ်မိသလောက်တော့ သူသည်လည်း ဂျပန်ခေတ် ဗိုလ်သင်တန်းကျောင်းဆင်းတစ်ဦး ဖြစ်သည်။

'ကဲ ဗိုလ်လှဖေရေ၊ နယ်ဘက်အရာရှိတွေ ဘာကြောင့် ဖမ်းသလဲ၊ ဆိုစမ်းပါဦး' ကျွန်တော်က သူ့အားရင်းရင်းနှီးနှီးပင် မေးလိုက်ပါသည်။

သူကလည်း ပြုံးရွှင်စွာဖြင့်ပင်

'ထိုင်ပါဦးလေ ဖြည်းဖြည်း ပြောကြတာပေါ့'

'မဟုတ်ဘူးဗျာ၊ နည်းနည်းတော့ လွန်တယ်ထင်တယ်၊ ခင်ဗျားတို့တပ်တွေက ကျွန်တော်တို့ကိုတောင် ဝိုင်းထားသလို နေရာယူထားနေကြပြီ၊

http://www.cherrythitsar.org



ကျွန်တော်တို့ကတော့ ခင်ဗျားတို့ကို မဟာမိတ်လို သဘောထားတယ်၊ ရှေ့ဆက် လုပ်စရာတွေကို လက်တွဲပြီး လုပ်ချင်တယ်၊ အခု ခင်ဗျားတို့က ဒီလို လျှောက်လုပ်နေတော့ ဘယ်ဖြစ်မလဲ ရဲဘော်ရဲ့'

သူက ဘာမျှ ပြန်မပြော။ အတန်ကြာမှ

'ဒါကတော့ ဗိုလ်မှူးလဲ စစ်ဗိုလ်ပဲ၊ လုပ်စရာတွေကို လုပ်တာပါ၊ ဗိုလ်မှူးတို့ကို ဝိုင်းထားတာတော့ မဟုတ်ပါဘူး'

အဲသည်တော့ ကျွန်တော့်မှာ သူ့ကို ခပ်ပြတ်ပြတ်ပင် ပြောရသည်။

'ဒီမှာ ဗိုလ်လှဖေ၊ ဝိုင်းထားတာကတော့ အမှန်ပါပဲ၊ ဘာရည်ရွယ်ချက်နဲ့လဲဆိုတာတော့ ခင်ဗျားမှ သိမှာပဲ၊ တစ်ခုတော့ ပြောပါရစေဗျာ၊ ရဲဘော်အချင်းချင်း ချဲ့လင့်လုပ်တယ်လို့လဲ မယူဆစေချင်ဘူး၊ ဒါပေမယ့် တိုက်ချင်ရင် တိုက်ပါ၊ ကျွန်တော်တို့ကတော့ တိုင်းပြည်ရဲ့ အခြေအနေနဲ့ တိုင်းပြည်မျက်နှာကို ငဲ့တယ်၊ ခင်ဗျားတို့နဲ့ အစစအဆင်ပြေချင်ပါတယ်၊ ပူးတွဲလုပ်ချင်တယ်၊ ဒါမှမဟုတ်ရင်တော့ မတတ်နိုင်ဘူး၊ ကဲ ဒီတော့ တစ် ခင်ဗျားတို့ တပ်တွေကို မြို့အနောက်ဘက်ခြမ်းမှာပဲ စုထားစေချင်တယ်၊ နှစ် အချက်ကတော့ အခု ဖမ်းထားတဲ့ နယ်ဘက်အရာရှိတွေကို အခု ပြန်လွှတ်ပေးပါ၊ အဲ့ဒါတွေပြီးရင် ခင်ဗျားတို့နဲ့ ကျွန်တော်တို့နဲ့ စကားပြောကြမယ် မဟုတ်လား'

သူက အတန်ကြာကြာ စကားမပြန်ပါ။ ပြီးမှ

'အခုတော့ မှောင်လဲမှောင်လာပါပြီ၊ ပြီးတော့ ကျွန်တော့်လူတွေနဲ့လဲ ပြန်ပြီး ဆွေးနွေးပါရစေဦး'တဲ့။

လာပြန်ပါပြီ၊ ဆွေးနွေးဦးမယ်တဲ့။

'ဆွေးနွေးစရာ ဘာလိုလဲဗျာ၊ ဒါက ရှင်းနေတာပဲဟာ'

http://www.cherrythitsar.org



'မဟုတ်ဘူးလေ၊ ကျွန်တော်တို့က ဗိုလ်မှူးတို့လို မဟုတ်ဘူး၊ ဒီတော့ ဒီလိုလုပ်ပါ၊ ကျွန်တော် မနက်ဖြန်မနက် စကားပြန်ပါရစေ'

ကျွန်တော်သည် အတော်ညံ့ပါသည်၊ သူ့အဖြေကို ခေတ္တမျှ စဉ်းစားနေလိုက်မိသည်။ ဟုတ်ပါသည်။ သူတို့သည် ကျွန်တော်တို့ စစ်တပ်ကဲ့သို့ အမိန့်ဖြင့် ခန့်ခွဲ၍ မရ။ တင်ပြရပါမည်။ အပြေအလည် ဆွေးနွေးကြရဦးမည်။ ပြီးတော့ ဆုံးဖြတ်ချက် ချရပါမည်။

'ကဲ ဒါဖြင့် မနက်ဖြန် ၈ နာရီဗျာ၊ ဟုတ်လား၊ ကျွန်တော် စောင့်နေမယ်၊ ဒါပဲဗျာ သွားမယ်၊ လေးစားပါတယ်'

ကျွန်တော်တို့သည် ထိုသို့ တိုတိုတောင်းတောင်းပင် ပြော၍ ပြန်ခဲ့သည်။ သည်လိုမှ မပြောလျှင်လည်း မဖြစ်။ သူတို့ နားလည်သော စကားသည် သည်စကားမျိုးပဲ ဖြစ်သည်။ 'သေနတ်ပြောင်း၀' စကားမျိုးပဲ ဖြစ်ပါသည်။

သို့ရာတွင် နောက်တစ်နေ့မှာတော့ သူတို့မရှိကြတော့ပါ။ သူတို့ အားလုံး မိတ္ထီလာမှ ဆုတ်ခွာသွားကြပါပြီ။ ဖမ်းထားသော နယ်ဘက် အရာရှိတို့ကိုလည်း ခေါ်ဆောင်သွားကြသည်။

တိုင်းပြည်အတွက် အတူယှဉ်တွဲပြီး ဆက်လက်လုပ်ဆောင်ကြဖို့ ကမ်းခဲ့တဲ့ ကျွန်တော်တို့ရဲ့ လက်ကို သူတို့သည် ပစ်ပစ်ခါခါ ပုတ်ချခဲ့ကြ ပါပြီ။ မတတ်နိုင်တော့ပါ။

http://www.cherrythitsar.org

# အမှောင်မှ အလင်းသို့

## ကြယ်ပွင့်ကလေးများ ကြွေခဲ့ရသည့်နေ့

မိတ္ထီလာတွင် လေး ငါးရက်ခန့်သာ နေခဲ့ရသည်။ ရန်ကုန်မှ ပြန်ခေါ်သဖြင့် ကျွန်တော်နှင့် ဗိုလ်ကြီးတင်ဦး၏ တပ်ခွဲ ပဲခူးသို့ ပြန်ခဲ့ကြသည်။

ရန်ကုန်တွင် နှစ်ရက်ခန့် နားခဲ့ရသည်။ ဤတစ်ကြိမ်တွင်လည်း သားငယ်သည် ကျွန်တော့်ကို မမှတ်မိ ဖြစ်နေပြန်သည်။ တော်တော်နှင့်ပင် ခေါ်မရ။ ရောက်ပြီး နောက်တစ်ရက်မှ ရဲတင်းလာသည်။ ခေါ်ယူလျှင် လိုက်သည်။ ထို့နောက် ပြုံးသည်၊ရယ်သည်။ကျွန်တော့်အား စကားတွေပင် ဝူးဝူးဝါးဝါးပြောဆိုလာသည်။ ဒါပေမယ့် သားအဖ ရင်းနှီးခွင့်သည် ဤမျှသာ ဖြစ်ခဲ့ရပါသည်။ ကျွန်တော်သည် ပဲခူးစစ်မျက်နှာသို့ ပြန်၍ ထွက်ခဲ့ရပါသည်။

သာစည်တွင် ကျွန်တော်တို့နှင့် ရင်ဆိုင်ခဲ့ကြသော သူပုန်တို့သည် တောင်ငူဒေသမှ ကေအင်ဒီအိုတို့နှင့် ပူးပေါင်း၍ ယခုတစ်ဖန် ပဲခူးဘက်သို့ စုန်ဆင်း လာနေကြပြန်ပါပြီ။ ဒိုက်ဦးမြို့ကို စတင် တိုက်ခိုက်နေကြသည်။

http://www.cherrythitsar.org



ရန်သူသည် အင်အားကောင်းသည်။ လက်နက်ခဲယမ်းမီးကျောက်လည်း အသင့်အတင့်ပြည့်စုံသည်။ထိုရန်သူအားတွန်းလှန်နေကြရသည်က ဗမာ့သေနတ်ကိုင်တပ်ရင်း ၆ တပ်ခွဲ ၁ ခွဲ ဗိုလ်မှူးအေးငွေ (အငြိမ်းစား စစ်ပြန်မဂ္ဂဇင်း အယ်ဒီတာချုပ်) ခေါင်းဆောင်သော စစ်ရဲတပ်နှင့် ဗိုလ်မှူးဝေလင်း (ကွယ်လွန်)၏ စစ်ဝန်ထမ်းတပ်တို့ဖြစ်ကြသည်။အားလုံးတို့ကို ဦးစီးသည်က ဗိုလ်မှူးမောင်အေး(အောင်ပန်းအနီးတွင်ကျဆုံး)ဖြစ်သည်။

ထိုစစ်မျက်နှာသို့ ကျွန်တော်နှင့် တစ်ချိန်တည်း စစ်ကူအဖြစ်ရောက်ရှိလာကြသူများက ဒုတိယဗိုလ်မှူးကြီးချစ်မြိုင် (သံအမတ်ကြီး အငြိမ်းစား)ခေါင်းဆောင်သည့် ဗမာ့သေနတ်ကိုင်တပ်ရင်း(၃) တပ်ခွဲ ၂ ခွဲ၊ ခြေလျင်တပ်ရင်း (၄) မှ ဂေါ်ရခါးတပ်ခွဲ ၁ ခွဲ၊ ဗမာ့သေနတ်ကိုင်တပ်ရင်း ၆ မှ မိတ္ထီလာမှ ပြန်ခဲ့သည့် ဗိုလ်ကြီးတင်ဦး၏ တပ်ခွဲတစ်ခွဲတို့ဖြစ်ကြသည်။

ဒုတိယဗိုလ်မှူးကြီး ချစ်မြိုင်၊ ကျွန်တော်နှင့် တပ်တို့သည် ဒိုက်ဦးမြို့တောင်ဘက် ကားလမ်းဘေးတွင် တပ်စခန်းချလိုက်ကြသည်။ ထို့နောက် ဗိုလ်မှူးမောင်အေးကို ခေါ်၍ အခြေအနေကို တိုင်ပင်ကြသည်။ ဒုတိယဗိုလ်မှူးကြီးချစ်မြိုင်၏ အစီအစဉ်မှာ ထိုညအတွက် ဗိုလ်မှူးအေး၏တပ်တို့က မြို့တွင်းမှ ကြံ့ကြံ့ခံ၍ထားးမနက်ဖြန်နံနက်တွင် ဒုတိယဗိုလ်မှူးကြီးချစ်မြိုင်က စစ်ကူတပ်ခွဲတို့ဖြင့် မြို့၏ ဘယ်ဘက်မှပန်း၍ ရန်သူကို တန်ပြန် ထိုးစစ်ဆင်ရန် ဖြစ်သည်။

'ဘယ့်နှယ်လဲ ဗိုလ်မှူးအေး၊ ဒီတစ်ည ဒိုက်ဦးကို ထိန်းထားနိုင်ပါ့မလား' ဗိုလ်မှူးကြီးက မေးသည်။

ဗိုလ်မှူးအေးသည် နာမည်နှင့်မလိုက်အောင် ဖျတ်လတ်သူဖြစ်သည်။ အင်မတန်လည်း ပျော်ရွှင်စွာနေတတ်သည်။ သူသည် စီးကရက်တိုကို

http://www.cherrythitsar.org



ဖွာလိုက်၊ နှုတ်ခမ်း၌ကပ်နေသော ဆေးအဖတ်ကလေးတို့ကို နှုတ်ခမ်းချင်း ပွတ်၍ မှုတ်ထုတ်လိုက်။ သူ့အကျင့်အတိုင်း ခေါင်းတခါခါ လည်တဆန့်ဆန့် လုပ်လိုက်ဖြင့်

'စိတ်ချ ဗိုလ်မှူး၊ ကျွန်တော် တစ်ညလုံး မအိပ်ဘူး'

'ခင်ဗျား အိပ်တာ မအိပ်တာက အရေးမဟုတ်ဘူး၊ မြို့မကျဖို့က အရေးကြီးတာ'

'စိတ်ချပါ ဗိုလ်မှူးရဲ့၊ မောင်အေးရှိတယ်' သူ့ရင်ဘတ်ကိုပုတ်ကာ ပုတ်ကာပြရင်း ရဲရဲတောက် အာမခံသည်။

နောက်တစ်နေ့နံနက် အရုဏ်မကွဲခင်မှာပင် ဗိုက်ဦးမြို့ ကျခဲ့သည်။

ရန်သူသည် လေးနာရီထိုးခန့်တွင် တအားဖိ၍ တိုက်သည်။ ဗိုလ်မှူးအေးတို့သည် မခံမရပ်နိုင်သဖြင့် ဆုတ်ခွာပေးခဲ့ကြရသည်။ ထိုသို့ ဆုတ်ခွာခဲ့ရသော တပ်တို့ကို ဖအောင်ဝဲရွာမှ ကွန်မြူနစ်တို့က လိုက်လံ ပစ်ခတ်လိုက်ကြပါသေးသည်။

ရှေ့မှ ခံစစ်မျဉ်း ကျိုးပေါက်သဖြင့် နောက်တွင်ရှိသော ကျွန်တော် တို့ပါ ဆုတ်ကြရသည်။

ကျွန်တော်တို့၏ နောက်တစ်ဆင့် ခံစစ်နေရာသည် ဗိုက်ဦးနှင့် ဖောင်တော်သီလမ်းဆုံအကြားရှိ ရှမ်းစုရွာကလေး ဖြစ်သည်။ တန်ပြန် ထိုးစစ်ဆင်ရာတွင် အသုံးပြုမည်ဟု လျာထားသော တပ်တို့ကို ထိုစစ် ကြောင်း၌ ချထားလိုက်ရသည်။ ဒုတိယဗိုလ်မှူးကြီးချစ်မြိုင်သည် သူ၏ ရှေ့တန်းဌာနချုပ်ကို ထိုရှမ်းစုရွာကလေး၏ တောင်ဘက် လမ်းဘေးတွင် ဖွင့်လှစ်သည်။

ကျွန်တော်ကတော့ ဖောင်တော်သီလမ်းဆုံတွင် ၂၅ ပေါင်ဒါ အမြောက်တပ်ဖွဲ့နှင့်အတူနေသည်။ ထိုအမြောက်တို့ကို အုပ်ချုပ်လာသည့်

http://www.cherrythitsar.org



တပ်မှူးမှာ ကျွန်တော်နှင့်အတူ ဝေါသို့လိုက်ပါခဲ့သူ ဗိုလ်မှူးရဲထွန်း[၁] ပင်ဖြစ်သည်။ ထိုတစ်ဝိုက်ရှိ ကျေးရွာတို့တွင် အရပ်သားဟူ၍ မရှိကြတော့။ ထို့ကြောင့် ထိုလမ်းဆုံရွာကလေးတွင် ကျွန်တော်တို့နှင့် ဘဲတွေသာရှိကြသည်။ ဘဲတွေကလည်း ပေါပါဘိ။ ပိုင်ရှင်တွေ မရှိကြသဖြင့် 'တဂတ်ဂတ်' ဖြင့် အော်မြည်ကာ လွတ်လပ်စွာ သွားလာနေကြသည်။

ခံစစ်ကြောင်းအသစ်သို့ ရန်သူသည် ၂၄ နာရီလုံးလုံး လာရောက်ပစ်ခတ်ကြသည်။ အင်တိုက်အားတိုက် ထိရောက်စွာ တိုက်ခိုက်ခြင်းတော့ မဟုတ်။ ကျွန်တော်တို့တပ်များ၏ အနေအထားနှင့် အင်အားကို စုံစမ်းအကဲခတ်ခြင်းသာ ဖြစ်သည်။ သို့ရာတွင် ထိုပစ်ခတ်မှုကြောင့် ရှေ့ဆုံးထိပ်၌ရှိသော တပ်ခွဲတို့မှာ ခေါင်းကိုပင် မဖော်နိုင်ကြ။ တစ်ခါတစ်ရံတွင်မူ ရန်သူ၏သုံးလက်မမော်တာတို့သည် ကျွန်တော်တို့အား ရှာဖွေနေသကဲ့သို့ ဟိုတစ်လုံး သည်တစ်လုံး စည်းမရှိ ကမ်းမရှိ ကျလာတတ်သည်။

ဒိုက်ဦးကျဆုံးခဲ့ပြီးနောက် တစ်ရက် နှစ်ရက်သုံးရက်၊ ထိုညက ဗိုလ်မှူးရဲထွန်းနှင့် သူ့ရဲဘော်တို့က ဘဲသားဟင်း ချက်ကြသည်။ ညနေစောင်းလျှင် ကျွန်တော်သည် တယ်လီဖုန်းဖြင့် ဗိုလ်မှူးကြီး ချစ်မြိုင်နှင့် ၎င်း၏ ဆေးမှူးဖြစ်သူ ဗိုလ်ကြီးမွန်ထော်[၂] တို့အား ထမင်းစားဖိတ်လိုက်သည်။ သူတို့၏ ဌာနချုပ်နှင့် ကျွန်တော်တို့၏ တဲသည် ကိုက်တစ်ထောင်သာသာမျှသာ ကွာဝေးသည်။

ညနေ ခြောက်နာရီခွဲတွင် ဗိုလ်ကြီးမွန်ထော်နှင့် တပ်ကြပ်ကြီးခင်မြင့်[၃] တို့ ရောက်လာကြသည်။ ဒုတိယ ဗိုလ်မှူးကြီး ချစ်မြိုင်တော့

---

၁။ ဗိုလ်မှူးကြီး (အငြိမ်းစား)

၂။ ကျဆုံး

၃။ ကျဆုံး

မပါ။ အဆီကလေး တဝေ့ဝေ့ပြန်နေသော ဘဲသားဟင်းက အရသာရှိလှသည်။ ပဲခူးရှိ ဒုတိယ ဗိုလ်မှူးကြီးတင်ဦး[၁] ပို့ပေးသော ဘရန်ဒီကလေးကလည်း ကောင်းလှပါသည်။

'ဗိုလ်ကြီးမွန်ထော် စားပါဗျ' ကျွန်တော်က သူ့ပန်းကန်ထဲသို့ ဆူဖြိုးလှသည့် ဘဲပေါင်တစ်ပေါင်ကို ခပ်ထည့်ပေးသည်။

ဒုတိယဗိုလ်မှူးကြီးချစ်မြိုင်၊ ဗိုလ်ကြီးမွန်ထော်နှင့် ကျွန်တော်တို့သည် စစ်ကြိုခေတ် ရန်ကုန်တက္ကသိုလ်တွင် ကျောင်းနေဖက်များ ဖြစ်ခဲ့ကြသည်။ အဲ့သည်တုန်းကတည်းက တစ်ဦးကိုတစ်ဦး သိကျွမ်းခဲ့ကြသည်။ ထို့နောက် ဂျပန်ခေတ်တွင် ဒုတိယဗိုလ်မှူးကြီးချစ်မြိုင်နှင့်ကျွန်တော်သည် မင်္ဂလာဒုံ ဗိုလ်သင်တန်း ပထမအပတ်တွင် အတူနေခဲ့ကြရပြန်သည်။ ဗိုလ်ကြီးမွန်ထော်ကမူ ဆေးကောလိပ်တွင် ဆက်လက်ပညာသင်ကြား၍ အောင်သောအခါ တပ်မတော်သို့ဝင်ရောက် အမှုထမ်းနေသူဖြစ်သည်။

စာဘက်တွင် အင်မတန်ထူးချွန်သည်။ ရုပ်ရည်သန့်ပြန့်၍ တည်ငြိမ်သည်။ အေးဆေးစွာ နေတတ်သည်။ သူ၏ ကြည်စင်သော မျက်နှာသည် အစဉ်အမြဲ ချိုပြုံးနေပါသည်။ သူ၏ မိခင်၊ နှမကလေးများသည် ထိုအခါ ကေအင်ဒီအိုတို့ အုပ်စိုးနေသော တောင်ငူမြို့တွင် ရှိနေကြသည်။ ထို့ပြင် သူ၏ဇနီး ကရင်အမျိုးသမီး ဒေါ်ရစ်နှင့် သမီးငယ်ကလေးတို့သည်လည်း တောင်ငူတွင်ပင် ရှိနေပါသည်။ ထို့ကြောင့် ဒေါက်တာမွန်ထော် သို့မဟုတ် ဗိုလ်ကြီးမွန်ထော်သည် တောင်ငူသို့ချီတက်မည့် ဤစစ်ကြောင်း၌ ပါဝင်နိုင်ရန် အထူးအခွင့်တောင်း၍ မိခင်၊ ဇနီး၊ သမီးနှင့် နှမကလေးတို့အား တွေ့လိုဇောဖြင့် လိုက်ပါလာခဲ့သူ ဖြစ်သည်။

---

၁။ သံအမတ်ကြီး (အငြိမ်းစား)

http://www.cherrythitsar.org



'မတတ်နိုင်တော့ဘူးဗျာ၊ ဗိုက်ကို တင်းနေပြီ' ဗိုလ်ကြီးမွန်ထော်သည် စားနေသော ပန်းကန်ကို ရှေ့သို့ အနည်းငယ် တွန်းရွှေ့လိုက်၍ လက်မြှောက်လိုက်သည်။

'လုပ်ပါဦး ဆရာခင်မြင့်' ဗိုလ်မှူးရဲထွန်းက ထမင်းဇလုံကြီးကို တမမဖြင့် ပြောသည်။

'တော်ပြီခင်ဗျ၊ ဟင်းကလဲ သိပ်ကောင်းတာပဲ' လက်ကာပြကာ ထိုင်ရာမှ ထ၍ လက်ဆေးသည်။

စားသောက်ပြီးကြလျှင် ကျွန်တော်တို့သည် ခေတ္တမျှ ထိုင်၍ စကားစမြည် ပြောနေကြပါသေးသည်။ ရှေ့တန်းဆီမှ သေနတ်သံတို့ကို ပြောက်ကျား ပြောက်ကျား ကြားနေကြရသည်။ ရှစ်နာရီခွဲခန့်တွင် သူတို့ ပြန်သွားကြသည်။

ကျွန်တော့်မှာလည်း မဆံ့မပြဲ စားထားမိသဖြင့် ထမင်းလုံးစီရင်း ခေတ္တလှဲလိုက်ရာမှ မှေးခနဲ အိပ်ပျော်သွားခဲ့သည်။ သို့ရာတွင် မကြာလိုက်၊

'အစ်ကိုကြီး၊ ထပါဦး' ဗိုလ်မှူးရဲထွန်းက လာ၍ နှိုးသည်။

'ဘာလဲဟင်'

'တပ်ရင်း ၅ က တပ်စုတစ်စု ရောက်လာတယ်၊ ဘယ်သွားရမလဲတဲ့'

ဟုတ်ပါသည်။ ကျွန်တော်လည်း သူတို့ကို မျှော်နေပါသည်။ ကျွန်တော်တို့ စစ်မျက်နှာအတွက် မင်္ဂလာဒုံသို့ စစ်ကူတောင်းထားခဲ့သည်။ ဤတပ်စုသည်ပင် ထိုစစ်ကူ ဖြစ်ပါလိမ့်မည်။ ကျွန်တော်သည် တဲပေါက်ဝသို့ ထွက်ခဲ့သော် မှုန်ဝါးဝါး လရောင်အောက်တွင် အရာရှိတစ်ဦးကို တွေ့ရသည်။ လမ်းမကြီးပေါ်၌မူကားကြီးလေးစီးရဲဘော်တွေနှင့်အပြည့်။

'တပ်ရင်း ၅ ကပါ ဗိုလ်မှူး၊ တပ်စုတစ်စု ပါလာပါတယ်'

တပ်စု တစ်စုတဲ့။ လူ ၃၀ လောက်ပဲပေါ့။ လိုနေတာက တပ်ခွဲ

http://www.cherrythitsar.org



၂ခွဲ အနည်းဆုံး။ ဒါပေမယ့် မတတ်နိုင်ပါ။ ဗိုလ်မှူးကြီး ကျော်ဇော် အနေဖြင့်လည်း အင်းစိန်စစ်မျက်နှာမှ တတ်နိုင်သရွေ့ကို ထုတ်နုတ်၍ ပို့ပေးလိုက်ရှာခြင်းပင် ဖြစ်ပါလိမ့်မည်။

'အေးဗျာ၊ ဝမ်းသာလိုက်တာ၊ ဒီကရှေ့ဆက်သွားပေတော့၊ ရှေ့က ရွာကလေး မရောက်ခင် ဒီနဲ့ ကိုက်တစ်ထောင်လောက် လမ်းဘေးမှာ ဗိုလ်မှူးချစ်မြိုင် ရှိလိမ့်မယ်၊ သူ့ဆီ သတင်းပို့ပေတော့'

သူက အလေးပြု၍ ထွက်သွားသည်။ သူ့မျက်နှာကိုပင် ကောင်းစွာ မမြင်လိုက်ရ။ နာမည်ကိုလည်း မမေးလိုက်မိ။ ကားများ ဆက်လက်ထွက်ခွာသွားကြသည်ကို ကျွန်တော်သည် ကြာကြာမြင့်မြင့် လိုက်ကာ ကြည့်၍ နေမိပါသည်။

ထို့နောက်တော့ တော်တော်နှင့် အိပ်မရတော့။ ထို့ကြောင့် ဗိုလ်မှူးရဲထွန်းနှင့်ထိုင်၍ စကားပြောနေကြပါသေးသည်။ အတန်ကြာမှ အိပ်ရာသို့ ဝင်ခဲ့ကြသည်။

တစ်ရေးနိုးသည်လို့ စိတ်ထဲ၌ ထင်လိုက်သည်။ မနိုးတစ်ဝက် နိုးတစ်ဝက်ရှိနေစဉ်မှာပင်

ဒက် ဒက် ဒက် ဒက်၊ စက်သေနတ်သံတွေနှင့်အတူ ကျွန်တော်သည် ကမန်းကတန်း ထလိုက်သည်။ နာရီကို ကြည့်လိုက်တော့ လေးနာရီ နီးပါး ရှိနေပါပြီ။

ကာဘိုင်သေနတ်ကိုဆွဲ၍ တဲပြင်သို့ ထွက်လိုက်လျှင် ရှေ့တန်းဆီမှ စက်သေနတ်သံ၊ မော်တာသံ၊ ရိုင်ဖယ်သံတို့ကို အဆက်မပြတ်ကြားနေရသည်။

http://www.cherrythitsar.org



ကောင်းကင်တစ်ပြင်လုံးသည် မျက်မှောင် ကြုတ်ထားသည့်အလား သုန်မှုန်လျက်ရှိနေသည်။ ပတ်ဝန်းကျင်သည် မိုးဖွားမှုန်ကလေးတို့ဖြင့် ရီဝေဆိုင်းနေသောကြောင့် လေးငါးကိုက်ကို သဲသဲကွဲကွဲ မမြင်ရ။ ထို ဝိုးတဝါးတွင် အမြောက်တပ်ရဲဘော်တွေသည် ပစ်ခတ်ရန် အသင့်နေရာ ယူပြီး ရှိနေကြပါပြီ။

'ဗိုလ်ရဲထွန်း'

'ခင်ဗျာ'

'ဟောဒါက စတင်းဂန်းသံ ထင်တယ်၊ နားထောင်စမ်းပါဦး'

ဗိုလ်မှူးရဲထွန်းသည် ခေတ္တမျှငြိမ်၍ နားစွင့်သည်။

'ဟုတ်တယ် အစ်ကိုကြီး၊ စတင်းပဲ၊ သိပ်နီးတယ်၊ ရှေ့နားလေး တင်ပဲ'

'ကဲ ရှေ့တန်းကို တယ်လီဖုန်းဆက်ပါဦး'

သူသည် တယ်လီဖုန်းရှိရာသို့ ပြေးသွားသည်။ ထို့နောက် တယ်လီ ဖုန်း လှည့်သံကို တကျည်ကျည် ကြားရသည်။

'ဟယ်လို ဟယ်လို ဟယ်လို ဟယ်လို' ဆက်ကာ ဆက်ကာ ခေါ် နေသည်။

'အစ်ကိုကြီးရေ၊ ခေါ်လို့ မရတော့ဘူး'

'ဒါဖြင့် ဝိုင်ယာလက်စက်ဖွင့်ဗျို့'

'ဖွင့်ထားတယ်၊ ခေါ်နေပါတယ်'

တယ်လီဖုန်းကြိုးကို သူပုန်တို့ ဖြတ်လိုက်ကြပါပြီ။ တယ်လီဖုန်း ကြိုးကို ဖြတ်လိုက်သည် ဆိုကတည်းကပင် ရန်သူသည် ဗိုလ်မှူးချစ်မြိုင် နှင့် ကျွန်တော်တို့အကြားသို့ ရောက်ရှိနေကြပြီ ဖြစ်သည်ကို သိလိုက်ရ သည်။ ကျွန်တော်တို့၏ တဲစုတွင် အမြောက်နှစ်လက်နှင့် ထိုအမြောက်

http://www.cherrythitsar.org



တို့ကို ကိုင်တွယ်သော ရဲဘော်အနည်းငယ်သာ ရှိသည်။ ခြေလျင်တပ် အစောင့်အရှောက် မရှိ။ ကျွန်တော်သည် ထိုအမြောက်တို့အတွက် စိတ်ပူလာမိရသည်။ သို့ရာတွင် ခေတ္တမျှစောင့်ကြည့်လိုပါသေးသည်။ ရှေ့တန်းမှ အကူတောင်းပါက ပစ်နိုင်ရန် အသင့်ရှိလိုပါသေးသည်။

'အစ်ကိုကြီး၊ ရှေ့တန်းက ဝိုင်ယာလက်စက်နဲ့ အဆက်အသွယ်ရပြီ၊ သူပုန်တွေ သူတို့နေရာ ဝင်နေကြပြီတဲ့'

ကျွန်တော်သည် ဝိုင်ယာလက်စက်သို့ ပြေးသွားသည်။ နားကျပ် အပိုတစ်ခုဖြင့် နားထောင်လိုက်လျှင် ရှေ့တန်းစစ်မှ ရဲဘော်၏ မသဲမကွဲသော စကားသံတို့ကို ပြတ်တောင်း ပြတ်တောင်း ကြားနေရသည်။ သူသည် ပြောနေရင်းမှပင် ဟောဟဲ ဟောဟဲဖြင့် မောနေရှာပါသည်။ တစ်နေရာမှ တစ်နေရာ ပြေးလွှားပြောင်းရွှေ့နေရဟန်ရှိသည်။ ရန်သူတွေ ဝင်လာပြီ၊ နောက်ဘက်က ဝင်လာတယ်၊ နီးလာပြီ နီးလာပြီ ဒီဘက်ကို ပစ်နေတယ်၊ကျွန်တော့်စက် ပိတ်တော့မယ်၊ စက်ပိတ်တော့မယ်' ထို့နောက် ရပ်သွားသည်။ ကျွန်တော်သည် စက်အနီးမှ ဖြည်းလေးစွာထခဲ့ပါသည်။

ထိုဝိုင်ယာလက်စက်ရှိရာသို့ ရန်သူများရောက်ရှိနေပါပြီ။ထိုရဲဘော်ကလေး၏ ကံကြမ္မာမှာ တွေးဝံ့စရာပင် မရှိတော့။ ဝိုင်ယာလက်စက်ဟူသည်မှာ တပ်မှူး၏ အနီးအနားသို့ ရှိသည်ဖြစ်သဖြင့် ဒုတိယဗိုလ်မှူးကြီးချစ်မြိုင်အတွက်ပါ စိုးရိမ်လာမိရသည်။ တစ်ဖန် ဒုတိယ ဗိုလ်မှူးကြီးချစ်မြိုင်ရှိရာတစ်ဝိုက်ရှိ ထိုဝိုင်ယာလက်စက်သာ မဟုတ်၊ မော်တာအဖွဲ့နှင့် အခြားသော ရုံးတပ်ဖွဲ့တို့သည်လည်း ရှိကြပါလိမ့်မည်။သူတို့တတွေရော ဘယ်လိုဖြစ်ကုန်ကြပါပြီလဲ။

ပစ်ခတ်သံတို့သည် တစ်စတစ် ကျဲ၍လာသည်။ နောက်ဆုံးတွင်မှ ဟိုမှတစ်ချက် သည်မှတစ်ချက်ကိုသာ ကြားကြရတော့သည်။

http://www.cherrythitsar.org



ကြားရသည်တို့သည်လည်း စတင်းသေနတ်သံတို့သာ များကြပါတော့သည်။ တိုက်ပွဲ၏ လက်စသိမ်းအသံများ၊ အမိခံလိုက်ကြရသည့် ကျွန်တော်တို့၏ ရဲဘော်တွေကို လက်စတုံး စီရင်နေတဲ့ သေနတ်သံတွေပဲလား။ ရင်ထဲတွင် စိမ့်ကျဥ်သွားသည်။ ထိုတစ်ချက်တစ်ချက်တွင်သာ ကြားရတော့သည့် သေနတ်သံတို့အကြားမှ အသံဝဲဝဲနှင့် ဆဲသံဆိုသံတို့ကိုပါ တစ်ခါတစ်ခါ ကြားနေကြရသည်။ ကျွန်တော် ဝန်ခံလိုက်ရပါပြီ။ ရန်သူတို့သည် ရွှေ့တန်းကို လုံးဝစီးနင်းသိမ်းပိုက်ရမိလိုက်ကြပါပြီ။ အမြောက်တွေလည်း ပစ်စရာမလိုတော့ပါ။

'ဗိုလ်ရဲထွန်းရေ၊ ရွှေ့တန်းတော့ ကျသွားပြီထင်တယ်၊ ခင်ဗျားအမြောက်တွေ နောက်ကို ဆုတ်တော့၊ လက်ခုပ်ကွင်းရွာမှာ နေရာယူ' ထိုအမိန့်ကို ပေးလိုက်ရသည်။

'အစ်ကိုကြီးရော'

'ကျွန်တော် ဒီနေရာက ခဏစောင့်ကြည့်ဦးမယ်၊ ရဲဘော် လေးငါးယောက် ထားခဲ့ရင် တော်ပါပြီ'

ဗိုလ်ရဲထွန်းသည် အမြောက်ကို ဖြုတ်ရန် အမိန့်ပေးနေသည်။ ကျွန်တော်ကမူ တဝေဝေ တလွင့်လွင့်ဖြင့် တဖွားဖွားကျလာသည့် မိုးလွှာကိုသာ ကြိုးစားဖောက်ထွင်း၍ စူးစိုက်ငေးမောနေမိသည်။ ပိန်းလျက်ရှိသဖြင့် ဘာကိုမျှ သဲကွဲစွာ မမြင်ရ၊ စိတ်အာရုံ၌မူ စစ်တလင်း၏ကြေကွဲဖွယ် မြင်ကွင်းကို အထင်းသား မြင်တွေ့နေရပါသည်။

တစ်ခဏအကြာတွင် အမြောက်များ ဆုတ်ခွာသွားကြသည်ကို ကြားလိုက်ရသည်။ သို့ရာတွင် ဗိုလ်မှူးရဲထွန်းကတော့ ကျွန်တော့်နံဘေးမှာပင် ရပ်လျက်ရှိနေဆဲ။

'သွားတော့လေဗျာ' ကျွန်တော်က သူ့ကို အမိန့်ပေးပါသည်။

http://www.cherrythitsar.org



သူက မဖြေပါ။ ခြေတစ်ဖက်မှ ခြေတစ်ဖက်သို့ ပြောင်းကာ ပေ၍ ရပ်နေသည်။ ကျွန်တော် နားလည်လိုက်ပါသည်။ ကျွန်တော် မဆုတ်မချင်း သူသည် ဆုတ်မည်မဟုတ်ပါ။ သူ့ရဲ့ ရဲဘော်စိတ်ကို လေးစားမိသည်။ ထို့ကြောင့် ထပ်၍ မပြောတော့။

ကျွန်တော်တို့သည် မှောင်တရီ မိုးတစ်ဖွဲတွင် ငြိမ်သက်စွာပင် မမြင်ရသော ရှေ့တန်းဆီသို့သာ မျှော်ကြည့်နေမိကြသည်။ ဘာကို မျှော်သလဲ မပြောတတ်ပါ။ မျှော်လင့်ချက်ဖြင့်သာ မျှော်နေမိကြခြင်း ဖြစ်ပါသည်။ ရဲဘော်တွေ ဘယ်နှစ်ယောက်များ လွတ်လာလေမည်လဲ။

မကြာမီ ရောင်ခြည်လဲ့လဲ့သည် မိုးလွှာပါးကို ဖောက်၍ ပျပျမှုန် အလင်းရောင်ကို ပေးလာသည်။ ကျွန်တော်တို့သည် ရှေ့ဘက်ဆီသို့သာ မမှိတ်သော မျက်လုံးတို့ဖြင့် တိုးလို့ မျှော်မိကြသည်။

ထိုအတွင်း ခပ်လှမ်းလှမ်းဆီမှ လူတစ်စုလိုလို တလှုပ်လှုပ်လာနေကြသည်ကို ဝိုးတိုးဝါးတား မြင်လိုက်ရသည်။ ဟုတ်ပါသည်။ လူတစ်စု ကျွန်တော်တို့ဆီသို့ လာနေကြသည်။

'ဟေ့ ရဲဘော်တွေ၊ ငါ အမိန့်မပေးဘဲ မပစ်ကြနဲ့၊ တို့ရဲဘော်တွေ ထင်တယ်' ဗိုလ်မှူးရဲထွန်းက အနားရှိ ရဲဘော်သုံးလေးယောက်တို့ကို လှမ်း၍ သတိပေးလိုက်သည်။

ထိုလူစုသည် တဖြည်းဖြည်း သဲကွဲလာသည်။ လေးငါးယောက်မျှသာ ဖြစ်သည်။ သူတို့နောက် ခပ်လှမ်းလှမ်းကမူ လူတော်တော်များများ လိုက်လာနေကြသည်ကို ရေးရေးမျှ မြင်ရသည်။

နီးလာသည်။ ပို၍ သဲကွဲလာသည်။ ဒုတိယဗိုလ်မှူးကြီး ချစ်မြိုင်။

ဟုတ်ပါသည်။ ဒုတိယဗိုလ်မှူးကြီး ချစ်မြိုင်သည် သူ့ပခုံးတွင် ကာဘိုင်သေနတ်ကိုလွယ်၍ ရှေ့ဆုံးမှ တစ်လှမ်းချင်း လာနေသည်။

http://www.cherrythitsar.org



ကျွန်တော်နှင့်မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ သူသည် ကျွန်တော့်ကို စေ့စေ့ကြည့်နေပါသည်။ စကားတစ်ခွန်းမျှတော့ မပြော။ ပြောနိုင်စွမ်းလည်းရှိဟန်မတူ။ ပြောဖို့လည်းမလိုတော့။သူ့မျက်လုံးတို့ကပင်ဖြစ်ကြောင်းကို ကုန်စင်နေကြသည်။ မျက်ရည်တွေဖြင့် ပြည့်လျှံနေကြပါသည်။

ကျွန်တော်သည် သူနှင့် ပါလာသော ရဲဘော်တစ်စုကို လှမ်း၍ကြည့်လိုက်သည်။ ဦးဆုံး အမှတ်ရလိုက်သူက ဗိုလ်ကြီးမွန်ထော်။

'ဗိုလ်ကြီးမွန်ထော်ရာ'

ဒုတိယဗိုလ်မှူးကြီး၏ နှုတ်ခမ်းတို့သည် တဆတ်ဆတ်တုန်နေကြသည်။

'ဗိုလ်ကြီးမွန်ထော် မရှိတော့ဘူး၊ ကျသွားပြီ၊ ရဲဘော်တွေလဲ တော်တော်များများပဲ' ရှေ့သို့ မဆက်နိုင်တော့။

ကျွန်တော်လည်း သူနှင့်အတူ ပင့်သက်ကို ရှိုက်လိုက်မိရသည်။

'ကျန်တဲ့တပ်တွေရော'

'ဖောင်တော်သီဘက် ဆုတ်နေကြတယ်'

'ရှေ့မှာ ကျန်သေးလား'

'မကျန်တော့ဘူး ထင်တယ်'

'ကဲ ဒါဖြင့် ကျွန်တော်တို့လဲ ဆုတ်ကြရအောင်'

ကျွန်တော်တို့သည် ကတုတ်ဘုရားကြီးရွာဆီသို့ လျှောက်လာခဲ့ကြပါသည်။ စစ်ရှုံးသူတို့၏ ခြေလှမ်းသည် လေးလံလှပါတော့သည်။

**ခံစစ်**

ကတုတ်ဘုရားကြီး၊ ပြီးတော့ လက်ခုပ်ကွင်း။

ကျွန်တော်တို့ သည်နေရာက ခံကြပါဦးမည်။

http://www.cherrythitsar.org



နောက်ပိုင်းကို မျှော်ကြည့်လိုက်ပြန်တော့ ဝမ်းဘဲအင်း၊ ပဲခူး၊ နောက်ထပ် ဆုတ်စရာ များများစားစား မကျန်တော့။

ကတုတ်ဘုရားကြီးရွာတွင်လည်း ရပ်သူရွာသားတို့ တစ်ယောက်မျှ မရှိကြ။ ကျွန်တော်တို့သည် ရွာ၏ တောင်ဘက်ပိုင်း အိမ်လွတ်ကလေး တစ်လုံးတွင် ရှေ့တန်းဌာနချုပ်ကို ဖွင့်လိုက်ကြသည်။ ရုံးဖွင့်သည်ဆိုသော် လည်း သည်နေရာဟာရုံးပဲဟေ့ဆို၍ ဝင်ရောက်နေလိုက်ခြင်းပင်ဖြစ်သည်။ ထိုအိမ်သည် အသင့်အတင့်ကြီးသည်။ သို့ရာတွင် ကျွန်တော်တို့က အိမ်ကြီးပေါ်တွင် မနေကြ။ အိမ်ရှေ့ရှိ တဲကလေးတွင်သာ နေကြသည်။ ထိုတဲကလေးထဲတွင် ကွပ်ပျစ်ကြီးတစ်ခု ရိုက်ထားသည်။ ဤအိမ်သည် ယခင်က ဆေးလိပ်ခုံ ဖြစ်ခဲ့ဟန် တူသည်။ ကျွန်တော်တို့နေသော တဲကလေးသည် ဆေးလိပ်လိပ်သော နေရာ ဖြစ်ခဲ့ပါလိမ့်မည်။

ခေတ္တ အပန်းဖြေကြပြီးမှ ဒုတိယဗိုလ်မှူးကြီး ချစ်မြိုင်က ဖြစ်ပျက် ခဲ့ပုံတို့ကို ပြောသည်။

ရန်သူသည် နံနက် သုံးနာရီခွဲခန့်တွင် ရှေ့မျက်နှာစာမှ စတင် တိုက်ခိုက်သည်။ သို့ရာတွင် ဖိဖိစီးစီးတော့ မဟုတ်။ ထိုအတွင်း ရန်သူ၏ အလုံးအရင်းသည် အနောက်ဘက်မှ ကွေ့ပတ်ကာ နောက်ပိုင်းမှ ဝင်၍ တစ်ဟုန်တည်း ပစ်ခတ် ဝင်ရောက်သည်။ မနေ့ညက ရောက်လာ ကြသော တပ်ရင်း ၅ မှ တပ်စုသည် ထိုညက ညဥ့်အတော်နက်မှ ရောက် လာကြသဖြင့်သူတို့အားအရန်အဖြစ် နောက်ပိုင်းတွင်အနားယူစေခဲ့သည်။ ထိုတပ်စုမှာ အင်းစိန် စစ်မျက်နှာမှ လာခဲ့ရသည်ဖြစ်သဖြင့် ပင်ပန်း နွမ်းနယ်လျက် ရှိကြသည်။ နောက်ပိုင်းမှ ဝင်လာသော ရန်သူသည် ထိုတပ်စုအား လှံစွပ်တို့ဖြင့် ထိုး၊ စက်သေနတ်တို့ဖြင့် ပစ်ခတ်၍ စီးနင်း လိုက်ကြကာ ဒုတိယဗိုလ်မှူးကြီးချစ်မြိုင်၏ ရုံးအဖွဲ့ရှိရာသို့ တစ်ရှိန်တည်း

http://www.cherrythitsar.org



ဝင်ရောက် တိုက်ခိုက်ကြသည်။ ရုံးအဖွဲ့ဟူသည် အင်အားများစွာရှိသည် မဟုတ်။ ထို့ကြောင့် အနားတွင်ရှိ မော်တာတပ်ဖွဲ့မှရဲဘော်တို့နှင့်ပူးပေါင်းကာ ခုခံကြသည်။ ထိုရဲဘော်အားလုံးတို့သည် နောက်ဆုံးကျည်ဆန်အထိ ပစ်ခတ်ရင်း ကျဆုံးခဲ့ကြသည်။ အသက်တို့ကို ပေးအပ်၍ ရှိသမျှမော်တာဗုံးတို့ကို တစ်လုံးမကျန် ဖျက်ဆီးခဲ့ကြသည်။ ခံစစ်ရှေ့ပိုင်းရှိ တပ်ခွဲတို့မှာမူ နောက်ဘက်မှ အတိုက်ခံကြရသဖြင့် ဆုတ်ခွာခဲ့ကြသည်။ ထို တပ်ခွဲတွေကတော့ အထိအခိုက် အကျအဆုံးများမည်မထင်။

ထိုနေ့နံနက်က ကျဆုံးခဲ့ကြသူတို့၏ စာရင်းမှာ ဗိုလ်ကြီးမွန်ထော်၊ ဒုတိယဗိုလ် စောလွင်၊ ဒုတိယဗိုလ် ကိုကိုလေးတို့ အပါအဝင် စုစုပေါင်း တစ်ရာခန့်။

ကျွန်တော်တို့နှင့် မရှေးမနှောင်းမှာပင် ဆုတ်ခွာခဲ့ကြသော တပ်ခွဲများသည် ဗိုလ်ကြီးစိန်မြ၊ ဗိုလ်ကြီးမောင်ကျော်၊ ဗိုလ်ကြီးတင်ဦးတို့၏ ခေါင်းဆောင်မှုဖြင့် စည်းကမ်းတကျ ရောက်ရှိလာကြသည်။ သူတို့အားလုံးတွင် ကိုယ်ပေါ်၌ဝတ်ဆင်ထားသည့် အရောင်းအဆင်းမရှိတော့သော ယူနီဖောင်းနှင့် ကိုင်စွဲထားသည့် လက်နက်တို့သာ ပါလာကြသည်။ သူတို့၏ မျက်လုံးတို့သည် နီရဲလျက်ရှိကြသည်။ သူတို့၏မျက်နှာတွေသည် ပင်ပန်းမှုဖြင့် သွယ်လျလျရှိနေကြသည်။ လေးကန်ဖင့်နွဲ့သော ခြေလှမ်းတို့ဖြင့် တစ်လှမ်းချင်း လာနေကြသော သူတို့သည် တစ်နေ့လုံး နွမ်းခဲ့ကြရသည့် ရော်ရွက်ဝါကလေးတွေ လွင့်စဉ်လာကြသည်နှင့် တူလှပါသည်။

'ကဲ ရဲဘော်တို့ရေ၊ တို့မှာ လုပ်စရာတွေ အများကြီးရှိသေးတယ်၊ ခဏတော့ အနားယူကြ၊ ဒါပေမယ့် ခံစစ်ကိုတော့ ပြင်ကြဦး'

အမှန်တော့ သူတို့ခမျာများ အနားပင် မယူရှာကြ၊ တစ်ဖွဲ့ပြီး တစ်ဖွဲ့။ တစ်တပ်ပြီး တစ်တပ် ခံစစ်ကြောင်း အသစ်သို့ ဝင်ကြသည်။

http://www.cherrythitsar.org



ကတုတ်ကျင်းတို့ကို တူးကြရသည်။ ပစ်ကွင်းတို့ကို ရှင်းလင်းကြရသည်။

တပ်တို့ကို နေရာချထားပြီးနောက် ဒုတိယ ဗိုလ်မှူးကြီးချစ်မြိုင်နှင့် ကျွန်တော်တို့သည် အခြေအနေကို ပြန်လည်သုံးသပ်ကြသည်။

ထိုအချိန်မှာ ကျွန်တော်တို့၏ အင်အား စုစုပေါင်းမှာ သေနတ်ကိုင်တပ်ရင်း (၃)မှ တပ်ခွဲ ၂ ခွဲ၊ သေနတ်ကိုင် တပ်ရင်း (၆)မှ တပ်ခွဲ ၂ ခွဲ၊ ဂေါ်ရခါးတပ်ခွဲ တစ်ခွဲ၊ စစ်ရဲအချို့၊ သံချပ်ကာ ကားတစ်စီးနှင့်အမြောက်တပ်စုတစ်စုတို့ ဖြစ်ကြသည်။ ထို တပ်ခွဲတို့မှာလည်း အမည်အားဖြင့်သာ တပ်ခွဲဟု၍ ခေါ်ကြရသည်။ အင်အားအားဖြင့်မူ တပ်စု ၂စုသာသာမျှသာ ရှိကြပါလိမ့်မည်။

ဒုတိယဗိုလ်မှူးကြီးချစ်မြိုင်[၁]သည် ထိုတပ်ဖွဲ့တစ်ဖွဲ့လုံး၏ တပ်မှူးဖြစ်သည်။ ကျွန်တော်က လက်ထောက်အဖြစ်တာဝန်ယူ၍ အမြောက်တပ်မှူးမှာ ဗိုလ်ကြီးရဲထွန်း[၂]ဖြစ်သည်။ တပ်ခွဲမှူးတို့ကတော့ ဗိုလ်ကြီးမောင်ကျော်[၃]၊ ဗိုလ်ကြီးစိန်မြ[၄]၊ ဗိုလ်ကြီးပါလေး[၅]၊ ဗိုလ်ကြီးတင်ဦး[၆]၊ ဗိုလ်ကြီးမျိုးမြင့်အောင်[၇] စသူတို့ ဖြစ်ကြသည်။

ထိုအင်အားဖြင့် မိမိ၏ လေးဆကျော်ကျော် ငါးဆခန့်ရှိသော ရန်သူတို့ကို ရင်ဆိုင်နေကြသည်ဖြစ်သည်။ သာမန်အားဖြင့်မူ ခဲယမ်းမီးကျောက်သာလုံလောက်ပြည့်စုံပါကခံစစ်ဆင်သူသည် သုံးလေးဆဟူသောရန်သူ၏ တိုက်ခိုက်မှုကို ခံနိုင်ရမည်ဖြစ်သည်။ ခံနိုင်သင့်သည်ဖြစ်သည်။ သို့ရာတွင် ကျွန်တော်တို့တွင် ခဲယမ်းမီးကျောက်က မပြည့်စုံခဲ့။ အထူးသဖြင့် စတင်းသေနတ်ကျည်ဆန်၊ ၂လက်မ မော်တာနှင့် ၃ လက်မ မော်တာဗုံးတို့သည်

၁။ ဗိုလ်မှူးကြီး (သံအမတ်ကြီး၊ အငြိမ်းစား)
၂။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၃။ ဗိုလ်ကြီး (ဒုဝန်ကြီး)
၄။ ဗိုလ်ကြီး (ဝန်ကြီး)
၅။ ဗိုလ်ကြီး (အငြိမ်းစား)
၆။ ဗိုလ်ကြီး (ဒုဝန်ကြီး)
၇။ ဗိုလ်ကြီး (အငြိမ်းစား)

http://www.cherrythitsar.org



အင်မတန့် အင်မတန် ချွေတာ၍ ပစ်နေရချိန်ဖြစ်သည်။ ထို့အပေါ်တွင် မြေအနေအထားကလည်း ရှေ့မျက်နှာစာတွင် မြစ်ချောင်းကမ်းပါးစသော သဘာဝအတားအဆီး လုံးဝမရှိ။ ကွင်းပြင် ပြန့်ပြန့်ကြီးဖြစ်၍ တပ်ခွဲ ၂ ခွဲမျှ ဖြန့်ချထားသည့် ခံစစ်မျဉ်းတိုတိုကလေး၏ တစ်ဖက်တစ်ချက်တို့သည် အကွယ်အကာကင်းမဲ့သောဟာလာဟင်းလင်းလယ်ကွင်းများဖြစ်ကြသည်။ တိုက်စစ်ဆင်သူတို့အဖို့ လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်၍ တိုက်ခိုက်လိုသည့် မျက်နှာမှ တိုက်ခိုက်နိုင်သည့် အနေအထားမျိုးဖြစ်သည်။

ထိုအခြေအနေတွင် ယခင့်ယခင် အခါများမှာကဲ့သို့ ခံစစ်မျဉ်း တစ်ခုအနေဖြင့် တန်းစီ၍ တပ်ဖြန့်ပါလျှင် ရန်သူသည် တစ်ခဏကလေးဖြင့်ပင် ထိုးဖောက်နိုင်လိမ့်မည်။ ပြီးခဲ့သော သင်ခန်းစာများအရလည်း ရန်သူသည် အလုံးအရင်းဖြင့် နောက်ပိုင်းမှ ပတ်၍ ကျွန်တော်တို့၏ ကျောဘက်မှ တိုက်ကြပါလိမ့်မည်။

ထို့ကြောင့် ကျွန်တော်တို့သည် တန်းစီ၍ခံသော 'မျဉ်းခံစစ်'ကို မပြုလုပ်ကြတော့ပါ။ 'ပတ်လည်ခံစစ်'ကိုသာ ပြင်ဆင်ကြသည်။ ထိုခံစစ်၏ ပုံသဏ္ဌာန်မှာ အရပ်ရှစ်မျက်နှာသို့လှည့်၍ပြင်ဆင်ထားသော'ခံစစ်ပိုင်း'ပင် ဖြစ်သည်။ တပ်ခွဲလိုက် ထိုသို့ပြင်ဆင်ထားသော ခံစစ်ဝိုင်းတို့သည်တစ်ဦးနှင့်တစ်ဦး ပစ်ခတ်မှုအကူအညီပေးနိုင်သည့်အပြင် အကယ်၍ထိုခံစစ်ဝိုင်း တစ်ခု ရန်သူ့လက်တွင်းသို့ ကျဆုံးသွားစေကာမူ အခြားခံစစ်ဝိုင်းတို့မှ ဆက်လက် ခုခံနိုင်သည်။ တန်ပြန် ထိုးစစ်ဆင်နိုင်သည်။ ထိုနည်းဖြင့် စစ်မျက်နှာ၏ ရှေ့နောက်ဝဲယာဟူ၍ မရှိတော့။ တစ်နေရာတွင် အဖောက်ခံရသဖြင့် ကျန်တပ်များ ဆုတ်ရခြင်း၊ နောက်ပိုင်းမှ အတိုက်ခံရသဖြင့် ရှေ့ပိုင်းပြိုရခြင်းဟူသော မျဉ်းခံစစ်၏ ပျော့ကွက်၊ ဟာကွက်တို့ကိုဖယ်ရှားလိုက်ခြင်း ဖြစ်သည်။

http://www.cherrythitsar.org



ကတုတ်ဘုရားကြီးရွာတစ်ဝိုက်တွင်ခြေလျင်တပ်အင်အားတစ်ဝက်ကျော်ကို ခံစစ်ဝိုင်း သုံးဝိုင်းတို့ဖြင့် ဖြန့်လိုက်သည်။ ထိုကတုတ်ဘုရားကြီးရွာ၏ တောင်ဘက် ကိုက်တစ်ထောင်ခန့်တွင်ရှိသော လက်ခုပ်ကွင်းရွာကလေးတွင် ကျန်သောခြေလျင်တပ်တို့ကို ကားလမ်းမကြီး တစ်ဖက်တစ်ချက်တို့၌ ခံစစ်ဝိုင်းတစ်ဝိုင်းစီ ခွဲလိုက်သည်။ အမြောက်တို့ကိုမူ အရှေ့ဘက် ခံစစ်ဝိုင်းအတွင်း၌ ထည့်ထားသည်။

ထိုသို့ပြင်ဆင်နေကြဆဲ သုံးလေးရက်အတွင်း၌ ရန်သူသည် ကျွန်တော်တို့အား အနားမပေး၊ နေ့ညမရွေး လာရောက်ပစ်ခတ်သည်။ အင်အားငယ်ကလေးများဖြင့် စမ်းသပ်ကြသည်။ တစ်ခါတစ်ရံ၌မူ သုံးလက်မ မော်တာ၊ ခြောက်ပေါင်ဒါအမြောက်တို့ဖြင့် မကောင်းသူထိပ်၊ ကောင်းသူထိပ် ပစ်ခတ်ကြသည်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်မြောက်သော နေ့တွင် ကျွန်တော်တို့သည် အဆင်သင့်ရှိနေကြပါပြီ။ ရန်သူ၏ တိုက်ခိုက်ခြင်းကိုလည်း မျှော်နေကြပါပြီ။ ရန်သူသည် တစ်ကြိမ် အကြီးအကျယ် တိုက်ခိုက်ပြီးလျှင် လေးငါးရက် နားတတ်သည်။ ထို့နောက်တစ်ကြိမ် တိုက်တတ်ပြန်သည်။ ထို့ကြောင့်

'ဗိုလ်ရဲထွန်းရေ၊ နက်ဖြန်မနက်တော့ ဒီကောင်တွေ တိုက်လိမ့်မယ်ထင်တယ်' ဗိုလ်ကြီးရဲထွန်းကို ပြောလိုက်မိသည်။

ဗိုလ်ကြီးရဲထွန်းသည် လက်ဖက်ရည်တစ်ခွက်ကို တစ်ကျိုက်မော့လိုက်ရင်းမှ 'ဟုတ်တယ်၊ကျွန်တော်လဲထင်တယ်' ငေးငေးကြီးဖြင့် ဖြေသည်။

'လာပေ့စေပေါ့' ဒုတိယဗိုလ်မှူးကြီးချစ်မြိုင်က မြေပုံကို ကြည့်နေရာမှ လေအေးကလေးဖြင့် ပြောသည်။

http://www.cherrythitsar.org



ထို့ကြောင့်ထိုညက ကျွန်တော်တို့ မအိပ်ကြ၊ အနည်းငယ်မှေးလိုက်ကြသည်။ ပြီးနောက် တပ်တို့သို့ လှည့်လည်စစ်ဆေးကြသည်။ ပြန်ရောက်လာလျှင်ဒယ်အိုးကြီးတစ်လုံးဖြင့် မပြတ်ကျိုထားသောလက်ဖက်ရည်ကျကျကြီးကို သောက်ကြရင်း နက်ဖြန်သန်ဘက်ခါ ဆိုသလို ရင်ဆိုင်ကြရမည့် တိုက်ပွဲအကြောင်းကို ဆွေးနွေးလိုက်ကြ။ တစ်ခါတစ်ရံ ဗိုလ်ကြီးရဲထွန်း၏ ရယ်စရာပုံတိုပတ်စကလေးများ၊ ရှေးဟောင်းနှောင်းဖြစ်များကို နားထောင်လိုက်ကြဖြင့် တပ်ခွဲတို့မှ အစီရင်ခံချက်တို့ကို စောင့်ကြသည်။ ရန်သူတို့ကိုလည်း မျှော်မိကြသည်။

ပြင်ပတွင်မူ မိုးကလေးက မှုန်မှုန်ကလေးကျနေသည်။ ကွင်းပြင်ဆီမှ ဖြတ်ကာ တိုက်ခိုက်လာသော လေကလေးသည် မိုးငွေ့မိုးသက်ကလေးများ ပါလာသဖြင့် အေးမြမြကလေး ရှိနေသည်။ လင်းလုပိုင်းသို့ ရောက်ချိန်၌မူချမ်းသယောင်ယောင်ပင်ရှိလာသည်။ သို့ဖြင့် လေးနာရီခွဲ။

## ရေသာတစ်လှည့်

ဒက် ဒက် ဒက် ဒက် အုန်း ဒိုင်း

'လာပြီဗျို့'ဗိုလ်ကြီးရဲထွန်းကပြောပြောဆိုဆိုထ၍ ရပ်လိုက်သည်။

'ဒီကောင်တွေ နောက်ကပဲ ဝင်တာပဲ' ဒုတိယ ဗိုလ်မှူးကြီးချစ်မြိုင်က ပြောသည်။ ဟုတ်ပါသည်။ ပစ်ခတ်သံတို့ကို အဘက်ဘက်မှ ကြားနေရသော်လည်း အပြင်းထန်ဆုံးမှာ လက်ခုပ်ကွင်းရွာဆီမှ ဖြစ်သည်။ အဲ့သည်မှာ ဗိုလ်ကြီးပါလေး၊ ဗိုလ်ကြီးစိန်မြနှင့် အမြောက်တွေ ရှိနေသည်။

ကတုတ်ဘုရားကြီး ပတ်လည်တပ်တို့မှ သတင်းပို့ချက်အရ ရန်သူသည် ၎င်းတို့အား ပစ်ခတ်မှုဖြင့်သာ ဖိနှိပ်ထားသည်။ အနီးသို့ချဉ်းကပ်လာခြင်းမရှိ။ လက်ခုပ်ကွင်း၌မူ သူတို့သည် အရှေ့ပိုင်းအခြမ်းကို လူအား

http://www.cherrythitsar.org



ပစ်ခတ်အားဖြင့် အတင်းပစ်အတင်းတက် ဖိစီးတိုက်ခိုက်နေသည်။ တိုက်ပွဲမှာ လက်တစ်ကမ်းမျှသာ ဖြစ်သဖြင့် ကျွန်တော်တို့၏အမြောက်တို့ကို အသုံးမပြုနိုင်ကြ။ အသုံးမပြုနိုင်သည့်အပြင် အမြောက်တပ်ရဲဘော်တွေသည်ပင် ရိုင်ဖယ်၊ စတင်း စသည်တို့ကို ကိုင်စွဲ၍ ခြေလျင်တပ်တို့နှင့်အတူ ပူးပေါင်း၍ ခုခံနေကြရပါပြီ။ ထိုသို့ ခုခံရင်းမှပင် သူပုန်တို့သည် တိုး၍ တိုး၍ လာနိုင်ကြသည်။ နောက်ဆုံး၌ ရွာတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

ထိုအတွင်း၌ပင် အရှေ့ဘက်ဆီမှ ရောင်ခြည်ဖျဖျသည် ပေါ်လာပါပြီ။

'ကဲ သံချပ်ကားကို လွှတ်ရအောင်'

တစ်စီးတည်းသာရှိသည့် သံချပ်ကာ ကားကို လက်ခုပ်ကွင်းသို့ စစ်ကူလွှတ်လိုက်သည်။ သို့ရာတွင် ထိုသံချပ်ကာကားသည် လက်ခုပ်ကွင်းသို့မရောက်။ လမ်းခုလတ်မှာပင် ရန်သူ၏ လက်ချက်ဖြင့် ပျက်စီးမီးလောင်ခဲ့ရသည်။ အတွင်း၌ ပါသွားသော ရဲဘော်တို့သည်လည်း အားလုံးကျဆုံးခဲ့ကြရသည်။

အခြေအနေသည် အပ်ဖျားကလေးအပေါ်၌ တည်ရှိနေသကဲ့သို့ တဲတဲကလေးမျှသာ ရှိနေပါပြီ။

မြန်မြန် လင်းပါစေ၊ မြန်မြန် လင်းပါစေ။ အဲဒါကိုသာ ကျွန်တော်တို့ မျှော်ကြရသည်။ အခုလိုမှောင်နေတုန်းမှာတော့ဖြင့် လူအင်အား ပိုမိုများပြားသောရန်သူသည် တစ်ပန်းသာနေသည်။ လင်းလာလျှင်သဲသဲကွဲကွဲ မြင်ရလျှင်ဖြင့် စည်းကမ်းတရှိ စနစ်တကျ ပစ်ခတ်မှုတွင် ပိုမိုသာလွန်သော ကျွန်တော်တို့ဘက်သို့ မဲတင်းလာမည်ဖြစ်သည်။ ထို့ကြောင့် ရန်သူသည် ပီပြင်သော အလင်းရောင်မရောက်လာမီ ဆုတ်လျှင်ဆုတ်၊ မဆုတ်လျှင်တော့ ကျွန်တော်တို့သည် ပွဲကြီးပွဲကောင်းဖြင့် ကြုံကြရပါတော့မည်။

http://www.cherrythitsar.org



ထိုအခြေအနေသည် မိနစ်ပိုင်းမျှသာ လိုတော့သဖြင့်

ရန်သူ မဆုတ်ပါစေနဲ့၊ မဆုတ်ပါစေနဲ့။

ထိုစဉ်မှာပင်

'ဗိုလ်ကြီးပါလေး ထိသွားပြီ' သတင်းပို့ချက်ကို ရလိုက်ကြသည်။

'ဒဏ်ရာ ပြင်းသလား'

'သိပ်တော့မများဘူး၊ လက်ကိုထိတယ်'

'ရန်သူရော'

'ရန်သူတွေ ရွှာလယ်ရောက်နေကြပြီ'

ထိုအခါမှ ဆုံးဖြတ်လိုက်ကြရသည်။

'အမြောက်တွေ ဆုတ်တော့' ကြိုတင်ပြင်ဆင်ထားသော ဝမ်းဘဲအင်းသို့ ဆုတ်ရန် အမိန့်ပေးလိုက်ရသည်။

အမှန်တော့ ထိုအမိန့်သည် အနည်းငယ်ပင် နောက်ကျသွားခဲ့သည် ဖြစ်သဖြင့် အမြောက်တပ် ရဲဘော်တို့သည် ရန်သူ၏ ကျည်ဆန်တို့အကြားမှပင် ခက်ခက်ခဲခဲ အသက်ပေး၍ ဆုတ်ကြရသည်။ ထိုအမြောက်များ လွတ်မြောက်သွားပြီဟု သိရတော့မှ ဒုတိယ ဗိုလ်မှူးကြီးချစ်မြိုင်နှင့် ကျွန်တော်တို့မှာ သက်ပြင်းချနိုင်ကြရသည်။

ထိုအတွင်း နေလုံးနီနီရဲရဲကြီးသည် အရှေ့ဘက်ရိုးမတွင် ကိုယ်တစ်ဝက် ပေါ်လာနေပါပြီ။ လင်းလာပြီ၊ လင်းလာပြီ။ အတော်ကလေးလင်းလာပါပြီ။ ရန်သူကမူ အောင်နိုင်လက်စဖြင့် မဆုတ်သေး။ အောင်မြင်မှုတွင် ယစ်မူးကာ သဲသဲမဲမဲ ရှေ့လောတကြီးဖြင့် တိုက်ခိုက်နေဆဲ။ တပ်တွေကလည်း ရှုပ်ရှုပ်ချွံချွံ ခုခံနေကြဆဲ။

လက်ခုပ်ကွင်းရွာ အရှေ့ခြမ်း၊ ရန်သူ အတော်များများ ဝင်နေကြပါပြီ။ သူ့လူကိုယ့်လူ ခွဲလို့မရတော့ပါ။ သတင်းပို့ချက်ကို ရရှိလိုက်သည်။

http://www.cherrythitsar.org



ငင်းရွာတစ်ခြမ်းကိုတော့ ပေးလိုက်ရပါတော့မည်။ ထိုသို့ ရန်သူနှင့် မိမိ ခွာနိုင်ပါမှ မော်တာနှင့် အမြောက်တို့ကို အသုံးပြုနိုင်ပါလိမ့်မည်။

'လက်ခုပ်ကွင်းအရှေ့ခြမ်းကတပ်တွေ အနောက်ခြမ်းကိုဆုတ်ပါ' ဒုတိယဗိုလ်မှူးကြီးချစ်မြိုင် ထိုအမိန့်ကို ပေးလိုက်ရသည်။

နေဝန်းသည် အရှေ့ရိုးမမှ လွတ်မြောက်လာပါပြီ။ ပတ်ဝန်းကျင်သည် လင်းလင်းထင်းထင်း ရှိလာပါပြီ။

အဲသည်မှာ ကျွန်တော်တို့ရဲ့ပွဲ။

ဒုတိယဗိုလ်မှူးကြီးချစ်မြိုင်သည် စစ်မျက်နှာ တစ်ခုမှ တစ်ခုသို့ ကူးပြောင်း၍ ဦးစီးနေသည်။ ဗိုလ်ကြီးရဲထွန်းသည် မြေပုံပေါ်တွင် တွက်ချက်နေသည်။ ပြီးလျှင် သူ၏ ဝိုင်ယာလက်စက်ဖြင့် အမြောက်တို့နှင့် အဆက်အသွယ် ယူနေသည်။

'အမြောက်တွေ ဝမ်းဘဲအင်းရောက်ပြီ အစ်ကိုကြီး' သူက သတင်းပို့သည်။

'ဒါဖြင့် လက်ခုပ်ကွင်း အရှေ့ခြမ်း စပစ်တော့'

ဗိုလ်ကြီးရဲထွန်း၏ အမိန့်သံဆုံးသည်နှင့် စက္ကန့်ပိုင်းအတွင်းတွင်ပင် ကျွန်တော့်တစ်သက်တာတွင် အသာအယာဆုံးဟုပြောရမည့် 'ရှိ'ဟူသော ရှည်လျားသည့် လေချွန်သံလို အမြောက်ဆန်ပျံသန်းလာသည့်အသံကို သဲ့သဲ့ကြားလိုက်ရပါသည်။ ထို့နောက်တော့ အုန်းဒိုင်း။ မြေကြီးသည် သွက်ခါသွက်ခါ တုန်၍သွားသည်။ ဆက်ခါဆက်ခါ ခုန်၍သွားသည်။ လက်ခုပ်ကွင်းရွာ အရှေ့ခြမ်းသည် ပေါက်ကွဲမှုတို့နှင့်အတူ မီးခိုးလုံးကြီးတို့အကြား၌ ပျောက်ကွယ်သွားပါတော့သည်။

ကျွန်တော်တို့သည် အော်လီဂန်း စက်သေနတ်ကြီးရှိရာသို့ ပြေးသွားသည်။ ထိုအဖွဲ့အား ကတုတ်ရွာ တောင်အစွန်း မီးရထားလမ်းပေါ်သို့ ခေါ်ခဲ့သည်။

http://www.cherrythitsar.org



'ဟောဒီမှာ နေရာယူ၊ လက်ခုပ်ကွင်း အရှေ့ခြမ်း အဝင်အထွက်တွေ့တာ အကုန်ပစ်'

ရဲဘော်တို့သည်လည်း တိုက်ပွဲ၏ ချိန်ခွင်လျှာ လည်လာသည်ကို သဘောပေါက်လာကြသည်။ အားတက်သရော ရှိလှသည်။ ချက်ချင်းပင် ပစ်ရန် အသင့်ရှိနေကြသည်။ လက်ခုပ်ကွင်းရွာထဲသို့ အမြောက်ဆန်များ ကျတိုင်း ကျတိုင်း

'ဟုတ်ပြီကွ၊ ဆော်လိုက်စမ်းကွ၊ စိန်ပေဒါကြီးကွ' ထ၍ ခုန်ကြသည်။ လက်တွေကို ဝှေ့ယမ်းကြသည်။

အော်လီဂန်းအဖွဲ့ကို ထားခဲ့၍ ကျွန်တော်သည် ရုံးသို့ပြန်ခဲ့သည်။ အခြေအနေ အားလုံးသည် တဖြည်းဖြည်းကောင်းမွန်လာပါပြီ။

ထို့ကြောင့် ဗိုလ်ရဲထွန်းအား 'လာဗျို့၊ လက်ခုပ်ကွင်းဘက် တက်ကြည့်ရအောင်' ခေါ်ခဲ့၍ ကားလမ်းဘေးအတိုင်း တာအောက်မှ ကပ်၍ တက်ခဲ့ကြသည်။ မကြာမီ တဲစုကလေးတစ်ခုသို့ ရောက်လာကြသည်။ ပါလာသော ရဲဘော်တို့က ထိုတဲစုကိုဝင်၍ ရှင်းလိုက်ကြသည်။ ရန်သူမရှိ။ အချိန်သည် ကိုးနာရီခန့် ရှိနေပါပြီ။ ရန်သူ၏ ပစ်ခတ်မှုသည် သိသိသာသာကြီး လျော့ကျလာသည်။ ကျွန်တော်တို့၏ အမြောက်ဆန်၊ မော်တာပုံးတို့ကတော့ သူတို့အပေါ်သို့ မှန်မှန်ကြီးကျနေကြဆဲ။ တစ်ချက်တစ်ချက်တွင်မူ အော်လီဂန်း စက်သေနတ်သံကြီး၏ လေးလေးနှင့်မှန်မှန်ကြီး အော်မြည်နေသည်ကို တဒုတ်ဒုတ်၊ တဒုတ်ဒုတ်ဖြင့် ကြားနေရသည်။

လက်ခုပ်ကွင်း အနောက်ခြမ်းကို သိမ်းပိုက်ရရှိထားသော ရန်သူသည် မတက်သာ မဆုတ်သာရှိနေပါပြီ။ ကျွန်တော်တို့ ပြုသမျှ ခံကြရဖို့သာ ရှိပါတော့သည်။

http://www.cherrythitsar.org



ဗိုလ်ကြီးရဲထွန်းနှင့် ကျွန်တော်သည် တဲကလေးတစ်ခု၏ အမိုးအောက်တွင် ရပ်၍ မှန်ပြောင်းတို့ဖြင့် ကြည့်နေကြသည်။ ထိုအခိုက်

'ဖြောင်း'ဟူသော အသံနှင့်အတူ ကျွန်တော်တို့သည် မြေသို့ ဝမ်းလျားထိုးကာဝပ်လိုက်ကြသည်။ ထိုအသံနှင့်အတူ သေနတ်သံသုံးလေးချက်သည် ထက်ကြပ်ပါလာသည်။ နောက်ထပ်ပစ်သံ မကြားရတော့။ မော့ကြည့်လိုက်လျှင် ကျွန်တော်တို့နှစ်ယောက် တစ်ဘက်တစ်ယောက်မှီ၍ ရပ်နေခဲ့ကြသော ဝါးလုံးတိုင်သည် ကျိုးပြတ်၍ နေသည်ကို တွေ့လိုက်ကြရသည်။ ရန်သူသည် ကျွန်တော်တို့ တဲစုသို့ လှမ်း၍ စက်သေနတ်ဖြင့် ဆွဲမွှေလိုက်ခြင်း ဖြစ်သည်။

ဗိုလ်ကြီးရဲထွန်းက ပြုံးဖြီးဖြီးဖြင့် ကျွန်တော့်အား စောင်းငဲ့၍ကြည့်သည်။

ကျွန်တော့်မှာတော့ ပိုင်းပြတ်သွားသော ဝါးလုံးကို မြင်လိုက်ရတော့မှ အသည်းထဲတွင် ယားကျိကျိဖြစ်သွားရသည်။ ကျည်ဆန်ဆိုသည်မှာ ကိုယ့်နာမည် နံပါတ်ကလေးပါလာမှ ထိမှန်တတ်တာမျိုးပါကလား။

ထိုနေ့ တစ်နံနက်လုံးကတော့ ထမင်းစားရန်ကိုပင် မစဉ်းစားနိုင်ကြတော့။ ချက်ပြုတ်ဖို့လည်း အချိန်မရကြ။ ထို့ကြောင့် တပ်အသီးသီးတို့အား ရန်သူ၏ကျည်ကွယ်အရပ်တွင် လက်ဖက်ရည်ဖျော်၍ အလှည့်ကျအဆာပြေ သောက်ကြရန် ညွှန်ကြားရသည်။

ဆယ်နာရီ ဆယ့်တစ်နာရီ ဆယ့်နှစ်နာရီ ပစ်ကြခတ်ကြရဆဲ။ တိုက်ကြ ခိုက်ကြရဆဲ။ ပင်ပန်းလှပါပြီ။

သို့ရာတွင် ဂျပန်စကားပုံ တစ်ခုရှိသည်။ 'ဝါဂဂွန်း'ခရုရှိုတေကိမိုးခရုရှို' တိုက်ပွဲတွင် ငါတို့ ပင်ပန်းကြသည်။ ထို့အတူ ရန်သူသည်လည်း ပင်ပန်းလှသည် ဖြစ်သည်။ အဲဒါကို မမေ့အပ်တဲ့။

http://www.cherrythitsar.org



အမှန်တော့ ကျွန်တော်တို့ ပင်ပန်းကြသည်ထက် ရန်သူတို့အဖို့ အဆပေါင်း မြောက်မြားစွာ ပိုမို၍ ပင်ပန်း နွမ်းနယ်ကြပါလိမ့်မည်။ အထူးသဖြင့် လက်ခုပ်ကွင်း အရှေ့ခြမ်းရှိ ရန်သူသည် ကားလမ်းသို့ဖြတ်ကျော်ရန် ရှေ့သို့လည်း မတိုးနိုင်။ အနောက်ခြမ်းရှိ ဗိုလ်ကြီးစိန်မြ၏ တပ်ခွဲက ပိတ်ဆို့ထားသည်။ ရွာထဲတွင် ဆက်လက်နေရန်ကလည်း ကျွန်တော်တို့၏ အမြောက်နှင့်မော်တာတို့၏ဒဏ်ကို မခံမရပ်နိုင်ကြတော့။ မီးရထားလမ်းကိုဖြတ်၍ ဆုတ်ခွာရန်မှာမူ တဝေါဝေါဖြင့် သွန်ကာ ပစ်နေသော ကတုတ်ကြီးရွာမှ အော်လီဂန်းနှင့် စက်သေနတ်တို့ကြောင့် ထွက်ပေါက် မရှိတော့။ ရန်သူသည် သည်တစ်ချီမှာတော့ဖြင့် လုလုကြီး အမိခံလိုက်ကြရပါပြီ။

နေမွန်းတည့်ခဲ့သည်။ တိုက်ပွဲ၏အောင်မြင်မှုသည် ကျွန်တော်တို့အတွက် သပိတ်ဝင်အိတ်ဝင် ဖြစ်နေပါပြီ။ ရန်သူ၏ ခုခံမှုသည် အသက်ငင်၍ ငင်၍လာပြီဖြစ်သည်။ ကျွန်တော်တို့ရဲ့ တပ်တွေသည် တစ်နေရာမှ တစ်နေရာသို့ မားမားမတ်မတ် သွားလာလှုပ်ရှားနိုင်ကြပါပြီ။

နေ့လယ် တစ်နာရီခန့်တွင် ပဲခူးမှ ဒုတိယဗိုလ်မှူးကြီး တင်ဦးနှင့်အဖွဲ့တို့သည် ဂျစ်ကားများဖြင့် ထမင်းထုပ်တို့ကို သယ်ဆောင်ကာ အနောက်ဘက် ကွင်းပြင်ဆီမှပတ်၍ ခက်ခက်ခဲခဲ ရောက်ရှိလာကြသည်။ အဲသည်တော့မှ ရဲဘော်တွေသည် အလှည့်ကျ စားကြရသည်။ ထမင်းထုပ်တို့မှာလည်း ပဲခူးသူပဲခူးသားတို့၏ ထက်သန်လှသည့် စေတနာကြောင့် ဟင်းမျိုးစုံလှသည်။ ဖွယ်ရာလှပါသည်။

ညနေစောင်းလျှင် တပ်ရင်း (၃) မှ ဗိုလ်ကြီးမြဝင်း (ဗိုလ်မှူးကြီး မြဝင်း ကွယ်လွန်)နှင့် တပ်စု ၂ စုတို့ရောက်လာကြသည်။ ရောက်လျှင် ရောက်ချင်း တပ်စုလေးစုကို သူကိုယ်တိုင် ခေါင်းဆောင်၍ ကားလမ်း

http://www.cherrythitsar.org



ဖြတ်ကျော်ကာ လက်ခုပ်ကွင်းရွာ အရှေ့ခြမ်းကို လုံ့စွပ်ဖြင့် တက်၍သိမ်းပိုက်လိုက်သည်။

တိုက်ပွဲကား ပြီးဆုံးခဲ့ပါပြီ။ ထိုရွာကလေးအတွင်း၌ပင် ရန်သူ၏အလောင်း ကိုးဆယ့်ခုနစ်လောင်း ရရှိလိုက်ကြသည်။ ဘရင်းသေနတ်၊ စတင်းသေနတ်၊ ရိုင်ဖယ် အစရှိသည့် လက်နက်ပေါင်း တစ်ရာကျော်တို့ကိုလည်း သိမ်းပိုက်ရရှိလိုက်သည်။ အရှေ့ဘက်ကွင်းတစ်ခွင် ကိုင်းတောထဲ၌မူ ရန်သူ၏ အလောင်းကောင်တွေသည် မရေမတွက်နိုင်တော့။

ထိုလက်ခုပ်ကွင်း တိုက်ပွဲ၏ နိဂုံးနှင့်အတူ ထိုစစ်မျက်နှာရှိ ကေအင်ဒီအိုတို့၏ တိုက်စစ်အရှိန်အဟုန်သည် ကျိုးခဲ့သည်။

တပ်မတော်အဖို့တော့ဖြင့် ရေသာအလှည့်သင့်လို့ လာပါပြီ။

## ထုံးကြီး

ကတုတ်ဘုရားကြီးနှင့် လက်ခုပ်ကွင်း တိုက်ပွဲအပြီးတွင် ထိုစစ်မျက်နှာသို့ ဒုတိယဗိုလ်မှူးကြီး လျှင်ချင်ဇန် ဦးစီးသော အမှတ် (၃) ချင်းတပ်ရင်း ရောက်ရှိလာသည်။ ဗမာ့သေနတ်ကိုင်တပ်ရင်း (၃)နှင့် တပ်ရင်း (၆)တို့ ခေတ္တအနားရရှိရန်အတွက် သူတို့က လာရောက်လဲလှယ်ခြင်းဖြစ်သည်။

ပဲခူးမြို့ရှိ တပ်ရင်းရုံးတွင် ခေတ္တပြန်၍ ထိုင်ရသောကြောင့် အနားရသလိုလို ရှိသည်။ သို့ရာတွင် ကြာကြာမြင့်မြင့်တော့ မဟုတ်။

ထိုအချိန်အထိ ပဲခူးနှင့် ရန်ကုန်အကြား မီးရထားလမ်းသည် ပြတ်နေသည်။ ကေအင်ဒီအို သူပုန်တို့သည် ထုံးကြီးရွာကြီးနှင့် ထိုတစ်ဝိုက်ကို အခိုင်အမာ တပ်စွဲထားကြသေးသည် ဖြစ်သည်။

ထို့ကြောင့် ကားလမ်းသည်ပင် အန္တရာယ်မကင်းဖြစ်နေရသည်။

http://www.cherrythitsar.org



ကျွန်တော်သည် ထုံးကြီးကိုပြန်လည် သိမ်းပိုက်ရန်အတွက် ပြင်ဆင်ရပြန်သည်။

ထိုတိုက်ပွဲကို ဗိုလ်မှူးကြီးကျော်ဇောကိုယ်တိုင် ကွပ်ကဲမည်ဖြစ်သည်။ ထိုအချိန်တွင် တပ်မတော်သည် အင်းစိန်ကိုပြန်လည်သိမ်းပိုက်ပြီးပါပြီ။

ထိုထုံးကြီးတိုက်ပွဲ၏ထူးခြားချက်မှာကယ်ရီယာဟုခေါ်သည့် အမိုးမပါရှိသော သံချပ်ယာဉ်တို့ကို စတင်သုံးစွဲခြင်းပင်ဖြစ်သည်။ ထို့ကြောင့်အကျအဆုံး အထိအခိုက်နည်းပါးခဲ့သည်။တိုက်ပွဲမှာလည်း ပိုမိုမြန်ဆန်ခဲ့သည်။

သို့ရာတွင် တိုက်ပွဲစသည့် ပထမနေ့၌မှ တစ်နာရီကျော် နှစ်နာရီအတွင်း ကျွန်တော်တို့ဘက်မှ ခုနစ်ယောက် ကျဆုံးခဲ့သည်။ အတော်များများ ဒဏ်ရာရခဲ့ရသည်။

ရန်သူသည် ထုံးကြီး၏ မြောက်ဘက်မှ ခုခံသည်။ တောင်ကုန်းကလေးတစ်ခုနှင့်တောတန်းတစ်ခုကိုဆက်၍ ခံစစ်အနေအထားကိုယူထားသည်။ ထို့ကြောင့် ကျွန်တော်တို့ချီတက်ကြရမည့် လမ်းကြောင်းသည် ကွင်းခေါင်ခေါင်ကိုဖြတ်ရမည်။ သို့မဟုတ် တောအုပ်အတွင်းမှ ချဉ်းကပ်ရမည်ဖြစ်သည်။ ကွင်းခေါင်ခေါင်မှ ဖြတ်ပါမူ ရန်သူက အပေါ်စီးရထားသဖြင့် အကွယ်အကာမရှိ တက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် တောတွင်းမှ ချီတက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

သို့ရာတွင် တိုက်ပွဲဟူသည် ကြိုတင်တွက်ဆထားသည့်အစီအစဉ်အတိုင်း ဖြစ်ခဲလှသည်။ ထိုတိုက်ပွဲအတွင်း ပေါ်ပေါက်လာသည့်အခြေအနေ အရပ်ရပ်တို့ကို ရာခိုင်နှုန်းပြည့် ကြိုတင်ခန့်မှန်းထားနိုင်ရန်မှာ ခက်ခဲလှပါသည်။

ထိုတောတန်းကလေးသည် အင်္ဂလိပ်စာလုံးရှစ်ဂဏန်းနှင့်ပုံသဏ္ဌာန်တူသည်။ အောက်ပိုင်းသည်ကျွန်တော်တို့ဘက်တွင်ရှိ၍ အထက်ပိုင်းသည်

http://www.cherrythitsar.org



ရန်သူ့ဘက်တွင် ရှိသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ထိုတောအုပ်အတွင်းသို့ တပ်အနည်းငယ်ကိုသွင်းလိုက်၍ အလုံးအရင်းကိုမူ ကယ်ရီယာတို့ဖြင့် ကွင်းပြင်ကိုဖြတ်ကာ ထိုရှစ်ဂဏန်း၏ ခါးလယ်ကို တိုက်ခိုက်ကြသည်။

ရန်သူသည် အင်အားကို ခွဲတာ၍သုံးစွဲထားသည်။ စနိုက်ပါဟုခေါ်သော လက်ဖြောင့်တပ်သား တို့ကိုသာ အများအပြား ချထားသည်။ ကျွန်တော်တို့၏တပ်သားတို့သည် ထိုလက်ဖြောင့်တပ်သားတို့၏ လက်ချက်ဖြင့် ကျဆုံးဒဏ်ရာရခဲ့ကြခြင်း ဖြစ်သည်။

မွန်းတည့်အချိန်ခန့်တွင် တောတန်း၏ခါးလယ်အထိ သိမ်းပိုက်နိုင်ခဲ့သည်။ သို့ရာတွင် ထိုလမ်းကြောင်းမှ ဆက်လက်ချီတက်ရန်ကိုမူ စွန့်လွှတ်လိုက်ကြရသည်။ ထိုသို့သာဆက်လက်ချီတက်ပါက ချီတက်မှုနှုန်းထား နှေးကွေးပါလိမ့်မည်။ ထို့ပြင် တစ်ဘက်တောင်ကုန်းမှ ပစ်ခတ်မှုနှင့် တောတွင်းရန်သူ လက်ဖြောင့်တပ်သား၏ ပစ်ခတ်မှုကြောင့် အကျအဆုံးတို့ များပြားမည်ဖြစ်သည်။

ထို့ကြောင့် ရန်သူ၏ အချက်အချာဖြစ်သော ထိုတောင်ကုန်းသို့ ထိုးစစ်မြားဦးလှည့်ရန် အစီအစဉ်သို့ ပြောင်းလဲလိုက်ကြရသည်။ ထိုတောင်ကုန်းကို ရပါက တောတန်းကို အလိုအလျောက် ရမည်ဖြစ်သည်။

'ဗိုလ်မှူးတင်မောင်၊ ဟောဒီတောင်ကုန်းကိုတော့ အမြန်ဆုံးသိမ်းမှပဲ' ဗိုလ်မှူးကြီးကျော်ဇောက ပြောသည်။

ကျွန်တော်သည် ထိုတောင်ကုန်းသို့ ချီတက်ရန် လမ်းကြောင်းရှာသည်။ ပတ်ပတ်လည်လည် လယ်ကွင်းများသာ ဖြစ်ကြသည်။ ထိုကွင်းပြင်ကို ပြောင်ပြောင်တင်းတင်း ဖြတ်၍ ချီတက်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့။

http://www.cherrythitsar.org



'မြေအနေအထားကတော့ ဆိုးတယ်ဗျာ' သူက ကျွန်တော့်ကို ကြင်နာစွာဖြင့် ပြောသည်။

'ဟုတ်တယ်၊ နည်းနည်းတော့ ဆိုးတယ်'

'ကယ်ရီယာတွေနဲ့ အတင်းဖြတ်ရမှာပဲ'

'ဒီလိုပဲ လုပ်ရမှာပဲ'

ကျွန်တော်သည် အနားပေးထားသော တပ်ခွဲတစ်ခွဲကို အကွယ်ရှိသော နေရာတစ်ခုတွင် တန်းစီလိုက်သည်။

'ရဲဘော်တို့၊ ရဲဘော်တို့တပ်ခွဲကို အခု သုံးမယ်၊ ရှေ့မှာရှိတဲ့ တောင်ကုန်းပဲ၊ ချီတက်ရမယ့် လမ်းကြောင်းကတော့ အကွယ်အကာလုံးဝမရှိဘူး၊ ကယ်ရီယာတွေက ရှေ့က တက်ပေးမယ်၊ နောက်ကလဲ အမြောက်နဲ့ မော်တာတွေက ရန်သူကို နှိမ်ထားပေးမယ်၊ ဘာပြောစရာရှိသလဲ'

'မရှိဘူး' သူတို့က သံပြိုင် ဖြေကြသည်။

'ကိုယ်လဲ ရဲဘော်တို့နှင့် အတူလိုက်မယ်၊ အခု နာရီပြန်နှစ်ချက်ထိုးတော့မယ်၊ နှစ်ချက်တိတိမှာ စထွက်မယ်၊ နာရီဝက်အတွင်း အဲဒီတောင်ကုန်းကို လိုချင်တယ်၊ ရမလား'

'ရားမယ် ဗိုလ်မှူး'

ထိုတပ်ခွဲတွင် ထားဝယ်နှင့်မြိတ်သားကလေးတွေ အတော်များများပါကြပါသည်။ သူတို့၏ 'ရားမယ်ဗိုလ်မှူး' ဆိုသည့် အသံကို ကျွန်တော်များစွာ သဘောကျမိသည်။ဂုဏ်ယူမိသည်။ အဲသည်လို တက်တက်ကြွကြွရှိလှတဲ့ သူတို့ရဲ့ ဝဲတဲတဲအသံကို ကျွန်တော် အင်မတန် ချစ်သည်။

တပ်ခွဲမှူးအား လိုအပ်သည့် အမိန့်တို့ကို အပြည့်အစုံပေးပြီးနောက် နှစ်နာရီထိုးတိတိတွင် စတင်ထွက်သည်။

http://www.cherrythitsar.org



ရန်သူသည် ကျွန်တော်တို့ တက်လာသည်ကို မြင်သည်နှင့် တရစပ် ပစ်ခတ်ကြသည်။ သို့ရာတွင် မကြာမီပင် ကျွန်တော်တို့၏ အမြောက်နှင့် မော်တာကျည်ဆန်တို့သည် ကျွန်တော်တို့၏ ခေါင်းပေါ်မှ ဖြတ်ကျော်သွားကြသည်။ ရန်သူ၏ ကတုတ်ကျင်းတို့အပေါ်သို့ တအုန်းအုန်း တဗိုင်းဗိုင်းဖြင့် ကျ၍ ပေါက်ကွဲကြသည်။ တစ်ချိန်လုံး၌မူ ကယ်ရီယာတို့မှ စက်သေနတ်များ၏ ပစ်ခတ်မှုနောက်ကွယ်ရှိ ကျွန်တော်တို့သည် လှံစွပ်တပ်၍ မရပ်မနား တောက်လျှောက် အပြေး ချီတက်ကြ၍

'ယား'

ထိုတောင်ကုန်းကို သိမ်းပိုက်လိုက်ကြသည်။

ကျွန်တော်တို့ တောင်ကုန်းပေါ်သို့ ရောက်သည်နှင့် တစ်ချိန်တည်းမှာပင် ဗိုလ်မှူးကြီးကျော်ဇော ရောက်လာသည်။ တပြုံးပြုံးဖြင့်

'ကဲ ရဲဘော်တွေ နေရာယူခိုင်းပြီးရင် နားကြပါစေ၊ ဗိုလ်မှူး တင်မောင် ခဏဗျာ'

ကျွန်တော်တို့သည် ထုံးကြီးဘက်ရှိ ဆင်ခြေလျှောကလေးတစ်နေရာသို့ လာခဲ့ကြသည်။

'ဘယ့်နှယ်လဲ၊ ဒီည ထုံးကြီးရောက်နိုင်ပါ့မလား' သူက မေးသည်။

အချိန်ကတော့ သိပ်မရှိတော့ပါ။ ကြား၌လည်း ရွာကြီးတစ်ရွာက ခံနေပါသေးသည်။ ထိုရွာ၏နောက်တွင် တောတန်းတစ်ခု ရှိသေးသည်။ အဲဒါကိုလည်း ရှင်းလင်းရပါဦးမည်။

'ဒီညတော့ မရောက်နိုင်ဘူးထင်တယ် ဗိုလ်မှူး၊ ဒါပေမယ့်'

ကျွန်တော်သည် ရှေ့တွင် မြင်နေရသော ရွာကို စိတ်မချပါ။ ထိုရွာကို သည်ညမသိမ်းနိုင်ပါက ဤတောင်ကုန်းနှင့် တောတန်းအတွင်းရှိ

http://www.cherrythitsar.org



ကျွန်တော်တို့တပ်များအဖို့ အန္တရာယ်များလှမည် ဖြစ်သည်။'ကျွန်တော်တော့ ရှေ့ကရွာကို အခုပဲ ဆက်သိမ်းလိုက်ချင်တယ်'

ဗိုလ်မှူးကြီးသည် ထိုရွာကို မှန်ပြောင်းဖြင့် စေ့စေ့စပ်စပ် ကြည့်နေသည်။

'ခြံစည်းရိုးက အတော်ကလေး ခိုင်တယ်၊ ရွာလဲ အကြီးသားဗျ၊ ဒါပေမယ့် ဟုတ်တယ်၊ ဒီရွာကို မိုးမချုပ်ခင် သိမ်းရမှာပဲ၊ ကဲ ဒါဖြင့် တိုက်ဖို့ ပြင်ဗျာ၊ ၆ နာရီမထိုးခင် အပြီးသိမ်းနိုင်အောင်'

ကျွန်တော်သည် တပ်ခွဲ တစ်ခုကိုခေါ်ယူလိုက်သည်။ အထူးတလည် စီစဉ်နေရန်လည်း အချိန်မရတော့။ ခုနက အတိုင်းပင်။ အတင်းတက်၊ အတင်းကပ်၊ အတင်းဝင် လုပ်ရပါတော့မည်။ ရန်သူက သဲသဲမဲမဲ ခုခံလျှင်တော့ဖြင့် အဲသည်တော့လည်း တစ်မျိုး စီစဉ်ရပါမည်။

တိုက်ပွဲတစ်ခုတွင် အရေးအကြီးဆုံးဖြစ်သည်က 'ရည်ရွယ်ချက်' သာ ဖြစ်သည်။ ထိုရည်ရွယ်ချက်မှမူ ဆံချည်မျှင်မျှ သွေဖည်၍ မရ။ သို့ရာတွင် လုပ်နည်းနှင့် အစီအစဉ်တို့ကိုမူ ရေကြောကိုလိုက်၍ အကွေ့အကောက်တို့ကို သင့်တင့်သည့် လျော်တက်ဖြင့် လျော်ခတ်နိုင်ရန်သည် အရေးကြီးလှသည်။ ထို့ကြောင့်တပ်မှူးတစ်ယောက်သည် ဆုံးဖြတ်ရွေးချယ်ထားသော အစီအစဉ်တစ်ရပ် ဖြစ်စေကာမူ တင်းကျပ်စွာဖြင့် အခိုင်အမာ တစ်ယူသန်စွဲမြဲလိုက်နာဖို့မသင့်။ ပျော့ပျောင်းရပါမည်။ အုတ်တံတိုင်းကို ခေါင်းဖြင့် ဆောင့်နေခြင်းထက် ကွေ့ကာပတ်ကာ သွားနိုင်မည့်လမ်းစကို ရှာနိုင်ရပါမည်။

ထို့ကြောင့် ကျွန်တော်သည် ဤလိုမရသော် မည်သို့ဆိုသည့် ဖြစ်နိုင်သောနည်းလမ်းတို့ကို အစီအရီ စဉ်းစားထားလိုက်သည်။ ထို့နောက် အသုံးပြုမည့် တပ်ခွဲအား အမိန့်တို့ကို ပေးသည်။

http://www.cherrythitsar.org



'အသင့်ဖြစ်ပါပြီ' ဗိုလ်မှူးကြီးအား သတင်းပို့သည်။ သို့ပို့ရင်းမှ

'ဗိုလ်မှူး နေခဲ့ရင် ကောင်းမလား' မရဲတရဲ အဆိုပြုမိသည်။

ချီတက်ရမည်က ကွင်းပြင်၊ ရန်သူ၏ခံစစ်ရှေ့တွင် ထူထဲသော ကြခတ်ဝါးရုံ ခြံစည်းရိုး၊ ထို့ကြောင့် သူ့အတွက် စိုးရိမ်ခြင်း ဖြစ်နေပါသည်။ သို့ရာတွင်သူသည်ကျွန်တော်ပြောသည်ကို မကြားယောင်ဆောင်နေသည်။ သူမျက်နှာအောက်ပိုင်းတွင်လက်ကိုင်ပဝါအဖြူကြီးတစ်ထည်ဖြင့် နှာခေါင်းနှင့်ပါးစပ်တို့ကိုပိတ်၍စည်းနှောင်ထားသည်။ ဖုန်မဝင်ရန်ဖြစ်သည်။

'ဗိုလ်မှူး၊ နေခဲ့ရင် ကောင်းမလား' ကျွန်တော်ကထပ်၍ ပြောမိပြန်သည်။

သူသည် ပြုံးယောင်ယောင်ဖြင့် မကြားယောင် ဆောင်ဆဲ။ ကဲ လိုက်ချင်ရင်လည်း လိုက်ပေတော့၊ ထပ်မပြောရဲတော့။

နေသည် အနောက်ဘက် မိုးကုပ်စက်ဝိုင်းသို့ မကျမီ ရွာ၏သစ်ပင်တို့အဖျားတွင် မေ့မေ့ကလေးချိတ်၍ နေချိန်ဖြစ်သည်။ ရောင်ခြည်တို့သည် စူးရှစွာတဖျပ်ဖျပ်လွင့်ပျံနေသည် ဖြစ်သဖြင့် မျက်စိစူးလှသည်။

ကျွန်တော်တို့သည် ကယ်ရီယာတို့၏ နောက်မှကပ်ကာ အပြင်းချီတက်ကြသည်။ ရန်သူ၏ ခုခံမှုသည် ကျိုးကျဲမှုသာဖြစ်သည်။ ချဉ်းကပ်မိလျှင် ကယ်ရီယာတို့သည် ရွာခြံစည်းရိုးကို အရှိန်ဖြင့်ထိုးဖောက် ချိုးဖျက်လိုက်ကြသည်။ ကျွန်တော်တို့က ထိုအပေါက်တို့မှ ပြေးဝင်ကြသည်။ ပြေးရင်း တက်ရင်း ပစ်ရင်း ခတ်ရင်းဖြင့် အနည်းငယ်မျှသာကျန်ရှိသည့် ရန်သူအား မောင်းထုတ်လိုက်ကြ၍ ရွာကို သိမ်းပိုက်လိုက်ကြသည်။

နောက်တစ်နေ့ အရုဏ်၏ရောင်ခြည်ဖျဖျတွင် ထုံးကြီးရွာအပေါ်၌ အလံဖြူတစ်ခုကို တလွင့်လွင့်ဖြင့် တွေ့မြင်ကြရပါသည်။ ရန်သူသည် ထုံးကြီးမှ ဆုတ်ခွာသွားပါပြီ။

http://www.cherrythitsar.org



ထုံးကြီးရွာထဲတွင် ရွာသူရွာသား အနည်းငယ်မျှ ရှိနေကြသည်။ ဘဲတွေ ကြက်တွေ ဝက်တွေကတော့ ထုံးစံအတိုင်း ပေါလှသည်။

ဗိုလ်မှူးကျော်ဇော်နှင့် ကျွန်တော်တို့ ရွာရိုးအတိုင်း ဝင်လာကြစဉ်မှာပင် တိုက်ဆိုင်ချင်တော့ တစ်ဘက်မှ လျှောက်လာကြသည့် ရဲဘော်တစ်စုနှင့် ရင်ဆိုင်လိုက်မိကြရသည်။ သူတို့၏ လက်ထဲတွင်မူ တစ်ဦးတစ်ဦးလျှင် ဘဲသုံးလေးကောင်စီကို ခြေထောက်တို့မှ ဆွဲကိုင်ထားကြသည်။ ဘဲတွေကလည်း တဂတ်ဂတ်ဖြင့် ဆန္ဒပြနေကြဆဲ။

ဗိုလ်မှူးကြီးက သူတို့အား မျက်စောင်းထိုး၍ ကြည့်လိုက်သည်။ ကျွန်တော် 'ကွဲ'ပါတော့မည်။

'ဗိုလ်မှူးတင်မောင်'

'ခင်ဗျာ'

'ရဲဘော်တွေကို ပြောဗျာ၊ ဘဲတွေ ကြက်တွေ မလုပ်ကြပါနဲ့လို့'

'ဟုတ် ဟုတ်ကဲ့'

ကျွန်တော်သည် ချက်ချင်းပင် တပ်ခွဲမှူးတို့ကို ခေါ်၍ ဗိုလ်မှူးကြီး၏ အမိန့်ကို ထပ်ဆင့်ပေးသည်။ သို့ရာတွင် နောက်ကျခဲ့ပါပြီ။ တပ်ခွဲတိုင်းတို့၏ အိုးကြီးအိုးငယ်တို့သည် ဘဲသား၊ ကြက်သားတို့ဖြင့် တလှိုင်လှိုင် မွှေးကြိုင်နေကြပါပြီ။

ထိုညက ဗိုလ်မှူးကြီးနှင့် ကျွန်တော်တို့သည် ထိုင်၍ စကားပြောနေကြရာမှ

'ကဲ ထမင်းစားကြစို့လား' သူက ပြောသည်။

'ရဲဘော်ရေ ထမင်းပြင်ဟေ့' ကျွန်တော်က ရုံးတပ်ဖွဲ့ရဲဘော်တွေကို အော်၍ ပြောလိုက်သည်။

http://www.cherrythitsar.org



အသင့်ဖြစ်လျှင် ဗိုလ်မှူးကြီးနှင့် ကျွန်တော်တို့ ထမင်းစားဝိုင်းတွင် ဝင်၍ ထိုင်လိုက်ကြသည်။

ဟင်းခွက်တို့ကို မြင်လိုက်ကြရပြီးသည့်နောက် တစ်ယောက်မျက်နှာကို တစ်ယောက် မကြည့်ကြတော့။ ငုံ၍သာ အားပါးတရ စားနေကြသည်။ မြိန်လိုက်သည့်ဖြစ်ခြင်း။

ဟင်းကတော့ ဘဲသားဆီပြန်နှင့် ကြက်ပေါင်ကြော်။

စားလို့ပြီးကြတော့မှ ဗိုလ်မှူးကြီးနှင့် ကျွန်တော် ရှက်ပြုံးကလေးများကိုယ်စီဖြင့် လူကြီးပြုံး ပြုံးလိုက်မိကြပါသည်။

## စာဘူးတောင်း ခံတပ်

ထုံးကြီးပြီးတော့ စာဘူးတောင်း။

ရန်ကုန်၊ ပဲခူးအကြားရှိ လှည်းကူးမြို့အနီးမှ စာဘူးတောင်းရွာကြီးဖြစ်သည်။ ထိုရွာကြီးသည် ထိုနှစ် ၁၉၄၉ အစပိုင်းကမူ တောင်ငူ၊ အင်းစိန်၊ ပြည်၊ မြစ်ဝကျွန်းပေါ် အစရှိသော ဒေသများရှိ ကေအင်ဒီအိုတို့၏ ဆက်သွယ်ရေး လမ်းဆုံ၊ အရေးပါအရာရောက်လှသော အခြေစိုက်စခန်းကြီး တစ်ခု ဖြစ်သည်။ ယခုအခါ တပ်မတော်မှ အင်းစိန်ကိုပြန်လည်သိမ်းပိုက်လိုက်ပြီ ဖြစ်သော်လည်း ယခုထက်တိုင် အညှံမခံဘဲ ကြံ့ကြံ့ခံနေဆဲဒေသ ဖြစ်သည်။

ထုံးကြီးတိုက်ပွဲအပြီး တပ်တို့ကို အနားပေးရင်း ထိုစာဘူးတောင်း စစ်ဆင်ရေးအတွက် ပြင်ဆင်ရသည်။

ဤတိုက်ပွဲအတွက် ကယ်ရီယာယာဉ်ကလေးများ အတော်များများရသည်။ မရလျှင်လည်းမဖြစ်။ ရန်သူသည် စာဘူးတောင်းသို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက်လုံးနှင့် ထိုတစ်ဝိုက်ရှိရွာတို့၏ ပတ်ပတ်လည်

http://www.cherrythitsar.org



တွင် ဝါးချွန်ငုတ်တိုတို့ကို ခြေချ၍ မရလောက်အောင် စိုက်မြှုပ်ထားကြသည်။ လူချည်းသက်သက်သာ ဆိုပါက ထိုဝါးချွန်တို့ကြောင့် များစွာမှ ခက်ခက်ခဲခဲ သွားလာလှုပ်ရှားကြရမည် ဖြစ်သည်။

ထိုကယ်ရီယာတို့အပြင် ပထမဆုံးအကြိမ်အဖြစ် 'ရှာမင်း' အမျိုးအစား သံချပ်ကာ ကားကြီးတစ်စီးနှင့် 'စတူးဝပ်' အမျိုးအစား သံချပ်ကားငယ် နှစ်စီးတို့ကိုလည်း စတင်အသုံးပြုနိုင်ခဲ့ကြသည်။ ထိုသံချပ်ကားတို့သည် အသစ်ကျပ်ချွတ်တော့ မဟုတ်ကြ။ ဗြိတိသျှ စစ်တပ်တို့ စွန့်ပစ်ခဲ့သည်တို့ကို ဖြစ်သည့်နည်းဖြင့် ပြန်လည် ပြင်ဆင်ထားသော သွေးသစ်လောင်းထားသည့် ဇရာအိုများ ဖြစ်ကြသည်။

စစ်ဆင်ရေး စည်းဝေးပွဲသို့ ဗိုလ်မှူးကြီးကျော်ဇောကိုယ်တိုင် တက်ရောက်သည်။ ထိုတိုက်ပွဲကို သူကိုယ်တိုင် ဦးစီးမည်ဖြစ်သည်။ ပါဝင်ကြမည့် တပ်တို့ကမူ ဒုတိယဗိုလ်မှူးကြီးစိန်ဝင်း(ဝန်ကြီးချုပ်ဟောင်း)၏ ခြေလျင်တပ်ရင်း (၁)၊ ဒုတိယ ဗိုလ်မှူးကြီးချစ်မြိုင်၏ သေနတ်ကိုင်တပ်ရင်း(၃)နှင့် ကျွန်တော် ဦးစီးရမည့် သေနတ်ကိုင်တပ်ရင်း (၆)တို့ ဖြစ်ကြသည်။ တပ်ရင်းဟု သုံးနှုန်း ခေါ်ဝေါ်ရသော်လည်း အမှန်စင်စစ် တပ်ရင်းအပြည့်များ မဟုတ်ကြ။ တပ်ရင်းများမှ တပ်ခွဲ ၂ ခွဲ ၃ ခွဲစီမျှသာ ဖြစ်ကြသည်။

ပွဲဦးထွက်အဖြစ် ကျွန်တော်၏ တပ်ရင်းမှ စတင် တိုက်ခိုက်ရမည် ဖြစ်သည်။ ထို့နောက် စာဘူးတောင်းသို့ ရောက်သည်အထိ တပ်ရင်း (၁) နှင့် တပ်ရင်း (၃) တို့က အလှည့်ကျ ဆက်လက် တိုက်ခိုက်သွားရန် ဖြစ်သည်။

ထိုအစည်းအဝေးတွင် ဗိုလ်မှူးကြီးကျော်ဇောက ကျွန်တော့်ဘက်သို့ လှည့်လိုက်သည်။

http://www.cherrythitsar.org



'ဗိုလ်မှူးတင်မောင် တစ်ခု လုပ်ချင်တယ်ဗျာ'

'ဟုတ်ကဲ့၊ ဗိုလ်မှူး'

'ဒီစစ်ဆင်ရေးမှာ အက်(စ်)အာပီ အတွက် တပ်ခွဲတစ်ခွဲ သုံးချင်တယ်'

'အက်(စ်)အာပီ'ခေါ် ခရီးတို ထိုးဖောက်တိုက်ခိုက်ခြင်းဆိုသည်မှာ အကြမ်းအားဖြင့် ရန်သူ၏ ရှေ့တန်းခံစစ်မျဉ်းမှ ဖြစ်စေ၊ ဘေးပန်းမှ ဖြစ်စေ ရန်သူ၏ နောက်ပိုင်းသို့ တိတ်တဆိတ် ချီတက်ခြင်းဖြစ်သည်။ ရန်သူ၏နောက်ပိုင်းသို့ရောက်လျှင် အရေးကြီးသော နေရာဌာနတစ်ခုခုကို ဝင်ရောက်စီးနင်းတိုက်ခိုက်ရန် ဖြစ်သည်။ ထိုနည်းဖြင့် ရန်သူအား ချောက်ချားသွားစေရန်နှင့် အခြေအနေ ယိမ်းယိုင်သွားစေရန် ရည်ရွယ်သည်။ အောင်မြင်သောအခါတို့တွင် လွန်စွာပင် ထိရောက်သောတိုက်ခိုက်နည်း ဖြစ်ပါသည်။

ထိုအမိန့်ကြောင့် ကျွန်တော်သည် တပ်ခွဲ တစ်ခွဲကို ညဉ့်အချိန် တိတ်တဆိတ် ချီတက်ခြင်း၊ သယ်ယူရမည့် ပစ္စည်းကိရိယာ လက်နက်နှင့် လုပ်နည်းလုပ်ဟန် အစရှိသည်တို့ကို စမ်းသပ်လေ့ကျင့်ပေးခြင်းတို့ကို ပြုခဲ့ရသည်။

ထိုတပ်ခွဲသည် ကျွန်တော်တို့စတင်တိုက်ခိုက်မည့် နေ့ရက်မတိုင်မီ နှစ်ရက်အလိုတွင် တောလမ်းခရီးမှ တိတ်တဆိတ် ချီတက်၍ ရန်သူ၏ ရှေ့တန်းအား ပင်မ အလုံးအရင်း အင်အားဖြင့် တိုက်ခိုက်သည့် အချိန်နှင့် တစ်ချိန်တည်း ရန်သူ၏ နောက်ပိုင်းရှိ စာဘူးတောင်း ရွာကြီးကို မော်တာဖြင့် ပစ်ခတ်တိုက်ခိုက်ရန် ဖြစ်သည်။

ရန်သူ၏ ခံစစ်သည် စာဘူးတောင်းသို့ရောက်သည်အထိ ခရီးတစ်လျှောက် အဆင့်ဆင့် ပြင်ဆင်ထားသော 'ဒု'နှင့် ခံစစ်ဖြစ်သည်။

http://www.cherrythitsar.org



ရန်သူ၏ ရှေ့ပြေးခံစစ် ပြင်ဆင်ထားသည့် ရွာကလေးသည် မကြီးလှ။ လှည်းကူးမြို့မှပင် မြင်ရသော ရွာငယ်ကလေးဖြစ်သည်။

၁၉၄၉ ခု၊ ဒီဇင်ဘာလ ၁၈ ရက်။ နေထွက်နှင့်အတူ ကျွန်တော်တို့သည် လှည်းကူးမှ စဘူးတောင်းသွား မြေလမ်းတာရိုးကလေးအတိုင်း ချီတက်ခဲ့ကြသည်။ ထိုရွာကလေးမှ ကိုက်လေးရာခန့်သို့ အရောက်တွင် ရန်သူ၏ စတင်ပစ်ခတ်ခြင်းကို ခံကြရသည်။

အစီအစဉ်အတိုင်း ကယ်ရီယာတို့ကို ဖြန့်လိုက်၍ ကွင်းပြင်သို့ ဆင်းလိုက်လျှင် ရွှံ့နွံနှင့်တွေ့ကြရသည်။ ထိုအခါ ဘယ်ဘက်တောင်ပံ တပ်ခွဲ၏ ကယ်ရီယာတို့သည် တစ်စီးပြီးတစ်စီး ရွှံ့နွံထဲတွင် နစ်ကြသည်။

ကျွန်တော့်အဖို့မှာတော့ တအံ့တဩကြီးအံ့ဩမိရသည်။ မနေ့ညနေကပင် ကျွန်တော်ကိုယ်တိုင် ထိုကွင်းပြင်ကို ကင်းထောက်ရောက်ခဲ့သည်။ ထိုစဉ်က ကွင်းပြင်သည် ခြောက်သွေ့မာကျောနေပါသည်။ ယခုမူ အခြေအနေသစ်ကို ရင်ဆိုင်နေရပါပြီ။ ရန်သူသည် အနီးရှိ ချောင်းကလေးမှ ရေတို့ကို ယနေ့နံနက်မှာပင် ဖောက်ချလိုက်ခြင်း ဖြစ်သည်။

ကယ်ရီယာတွေ နစ်နေကြသဖြင့် ရန်သူသည် အားတက်ကာ ဖိ၍ ပစ်ခတ်သည်။ ထိုအခါ ရန်သူ၏ ပစ်ခတ်မှု အင်အားကောင်းသည်က တစ်ကြောင်း၊ ဝါးချွန်ငုတ်တိုတို့သည် နုတ်၍ မနိုင်လောက်အောင်ပင် ထူထပ်သည်က တစ်ကြောင်းတို့ကြောင့် ခြေလျင်တပ်တို့မှာ ရှေ့သို့မတိုးနိုင် ဖြစ်နေကြရသည်။

ဗိုလ်မှူးကြီး ကျော်ဇောနှင့် ကျွန်တော်တို့သည် တာလမ်းပေါ်မှ သံချပ်ကာကြီးတို့နှင့်အတူ လျှောက်ကာ လာကြသည်။ ရန်သူနှင့်ကိုက် သုံးရာခန့်တွင် ရပ်ကြ၍ သံချပ်ကာကြီးတို့က ရန်သူအား ပြန်လည်

http://www.cherrythitsar.org



ပစ်ခတ်သည်။ ထိုအခါ ရန်သူ၏ စက်သေနတ်တစ်လက်သည် ကျွန်တော်တို့ဘက်သို့ ဦးလှည့်လာသည်။

ကျည်ဆန်တို့သည် ခေါင်းပေါ်မှ၊ နံဘေးမှ တရွှီရွှီဖြင့် ဖြတ်သွားကြသည်။ တချို့က သံချပ်ကားတို့ကို ဒေါင်ခနဲ၊ ဒေါက်ခနဲ လာရောက်ထိမှန်ကြသည်။ ပြီးတော့ စူးရှစွာ အော်မြည်၍ လွင့်စဉ်သွားကြသည်။ တစ်ချက်တွင်မူ ကျည်ဆန်တစ်ကပ်စာ အရေအတွက်သည် ကျွန်တော်တို့၏ ရှေ့တာလမ်းကလေး၏အခြေတွင်သီ၍ တဒုတ်ဒုတ် ထိမှန်သွားသည်။ တစ်ချိန်လုံးမှာတော့ ကျွန်တော်တို့သည် စိတ်ကိုတင်း၍ ရဲသွေးကို ဆောင်ထားနေခဲ့ရသည်။ ထိုတစ်ချိမှာတော့ နှလုံးသွေးတို့ပင် ရပ်ဆိုင်းသွားသည်လို့ ထင်မှတ်လိုက်မိသည်။ ဗိုလ်မှူးကြီးကတော့ ဘာကိုမျှမမြင်၊ ဘာကိုမျှ မသိ။ ဘာကိုမျှ မကြားသကဲ့သို့ မားမားကြီးရပ်ကာ ပကတိ တည်ငြိမ်စွာဖြင့် ရန်သူရှိရာသို့သာ မှန်ပြောင်းဖြင့် စူးစိုက်ကြည့်နေပါသည်။

ဗိုလ်မှူးကြီးသည် ထိုသို့ကြည့်နေရာမှ

'တပ်တွေတော့ ဆက်မတက်နိုင်ဘူး ဖြစ်နေတယ်' တိုးတိုးကလေးပြောနေသည်။

'ကျွန်တော် ရှေ့ကို ခဏ တက်ကြည့်လိုက်မယ်'

'အေးဗျာ၊ ကောင်းသားပဲ'

ထို့ကြောင့် ကျွန်တော်သည် လမ်းဘေးမြောင်းထဲသို့ ခုန်ဆင်းလိုက်သည်။ ထိုမြောင်းအတိုင်းတက်လာခဲ့၍ အတော်သွားမိလျှင် ရေစပ်ရှိလယ်ကွင်းတို့ကိုဖြတ်၍ တရွေ့ရွေ့တက်ရသည်။ ရှေ့သို့ရောက်နေကြပြီဖြစ်သော ရဲဘော်တို့သည် တွားတက်ရင်းမှ ဝါးပြောင့်တို့ကို နုတ်ပစ်ရှင်းလင်းခဲ့ကြသဖြင့် လမ်းကလေးများသဖွယ် ဖြစ်နေသော စွတ်ကြောင်း

http://www.cherrythitsar.org



များကိုတွေ့ရသည်။ ထိုစွတ်ကြောင်း တစ်ကြောင်းအတိုင်း လိုက်ခဲ့သည်။ မကြာမီ ရဲဘော်တစ်ဦး ပက်လက်လှန်ကာ လှဲနေသည်ကို တွေ့ရသည်။

'ရဲဘော်'

'ခင်ဗျာ'

'ဘာဖြစ်လဲ'

'ခြောင့်စူးလို့ ဗိုလ်မှူး'

'လမ်းမလျှောက်နိုင်ဘူးလား'

'မရဘူး ဗိုလ်မှူး'

သူ၏ ညာဘက်ပေါင်သည် သွေးဖြင့် ခြင်းခြင်းနီနေသည်။

'နေသာရဲ့လား'

'အခုလိုတော့ နေလို့ရပါတယ်'

ကျွန်တော်သည် သူ့အနာကို စမ်းကြည့်သည်။ သွေးကတော့ တိတ်သွားပါပြီ။ စိုးရိမ်စရာ မရှိတော့ပါ။

'ဒါဖြင့် ဒီနားမှာပဲနေ၊ ကိုယ်ပြန်လာမှ တွဲခေါ်မယ်၊ ဟုတ်လား'

'ဟုတ်ကဲ့ ဗိုလ်မှူး'

ရှေ့သို့ ဆက်လက်တက်ခဲ့သည်။ ထိုရဲဘော်ကလေးအား ယခုကဲ့သို့ တစ်ယောက်တည်းထားခဲ့ရသည်ကို စိတ်မကောင်း။ သို့ရာတွင်မတတ်နိုင်။

ဟော ရှေ့တွင် နောက်တစ်ယောက်။

'ရဲဘော်'

'အင်း' သူသည် တစ်ချက်မျှသာ ညည်းလိုက်နိုင်သည်။

သူ့အနီးသို့ချဉ်းကပ်ကြည့်လိုက်လျှင် သူ့ပခုံးတွင် ရွှံ့အလိမ်းလိမ်း ရှိနေသည့်အကြားမှသွေးကွက်နီနီကြီးတစ်ကွက်ကိုမြင်တွေ့လိုက်ရသည်။

http://www.cherrythitsar.org



ပခုံးတွင် ကျည်ဆန်ထိမှန်ထားသည်။ သွေးတို့က တစိမ့်စိမ့် စီးထွက်ဆဲ။ သွေးလွန်လျှင်ဖြင့် အခက်။

ရှေ့နားတွင် ရဲဘော်လေးငါးယောက်ခန့် မှောက်နေကြသည်ကို လှမ်းမြင်လိုက်ရသည်။ သူတို့သည် ရန်သူရှိရာသို့ တစ်ချက်ချင်းပစ်နေကြသည်။ သူတို့ထံသို့ တွားလာခဲ့သည်။

'ရဲဘော်'

သူတို့က လှည့်ကြည့်ကြသည်။ ကျွန်တော်မှန်းသိလျှင် ကျွန်တော့်အတွက် နေရာ ဖယ်ပေးကြသည်။

'ရဲဘော်တစ်ယောက်နောက်ကိုပြန်၊ ဟောဟိုနားမှာ တစ်ယောက် ပခုံးမှာ ထိထားတယ်၊ အဲဒါ အသာဖြည်းဖြည်းဆွဲပြီး နောက်ပိုင်းခေါ်သွား၊ နောက်ပြီး တစ်ယောက်ရှိသေးတယ်၊ သူကတော့ ခြောင့်စူးလို့၊ သူ့ကိုလဲ နောက်ပိုင်း ပြန်ပို့၊ နှစ်ယောက် သွားကွာ၊ ဆေးတပ်သားရော'

'ဟိုဘက်မှာထင်တယ် ဗိုလ်မှူး'

'ကဲ ဒါဖြင့် မင်းတို့ထဲက နှစ်ယောက် သွားကြ'

သူတို့သည် တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။ မျက်လုံးချင်းဖြင့် မင်းသွား၊ ငါသွား လုပ်နေကြသည်။ ပြီးမှ နှစ်ဦးသည် မှောက်လျက်ဖြင့်ပင် လှည့်ကာ နောက်ဘက်သို့ တွားသွားကြသည်။

ကျွန်တော်သည် ကျန် ရဲဘော်တို့အကြားသို့ တိုးဝင်လိုက်သည်။

'ဘယ့်နှယ်လဲဟေ့'

'တက်လို့ မရဘူး ဗိုလ်မှူး၊ ခြောင့်ကလဲ အပြည့်ပဲ၊ သိပ်လဲ ပစ်တယ်၊ ကယ်ရီယာတွေလဲ နစ်နေကြပြီ'

ထိုစဉ်တွင်ပင် ရန်သူ၏ ကျည်ဆန်တို့သည် ခေါင်းပေါ်မှ တဝီဝီဖြင့် အသုတ်လိုက် ဖြတ်ကျော်သွားကြသည်။ အနီးရှိ ကယ်ရီယာတို့ကမူ စက်တို့ကို တိုးမြှင့်၍ တဝူးဝူးဖြင့် ရွှံ့ထဲတွင် ရုန်းကန်နေကြသည်။

http://www.cherrythitsar.org



ထိုအခိုက် ဆတ်သားတစ်ယောက် ရောက်လာသည်။

'ဟော ဗိုလ်မှူး၊ ဗိုလ်ကြီးလှရွှေ ကျသွားပြီ' သတင်းပို့သည်။

'ဟေ'

'ဗိုလ်ကြီးလှရွှေ ဟိုဘက်နားမှာ ကျသွားပြီ'

ဗိုလ်လှရွှေ၊ ဗိုလ်လှရွှေ။ ကျွန်တော့်မှာ ငေးငေးကြီး ဖြစ်သွားရပါတော့သည်။

ဗိုလ်လှရွှေကို သည်တိုက်ပွဲမှာမှ သေဖို့တမင်ရွေးခေါ်လာခဲ့မိသလို ဖြစ်နေရပါပြီ။

ဗိုလ်လှရွှေသည် ကျွန်တော်တို့ တပ်ရင်း(၆)မှ တပ်ကြပ်ကြီးတစ်ဦး ဖြစ်ခဲ့သည်။ သူ၏ ထူးချွန်သော အရည်အချင်းတို့ကြောင့် ဗိုလ်သင်တန်းကျောင်းသို့ တက်ခွင့်ရခဲ့သည်။ ကျောင်းမှဆင်း၍ အရာရှိ ဖြစ်လာသောအခါ ကျွန်တော်တို့ တပ်ရင်းသို့ပင် ပြန်လည် ရောက်ရှိလာသည်။ သူရောက်လာသည့်နေ့ကို ကျွန်တော် ကောင်းစွာမှတ်မိနေပါသည်။

'ကျွန်တော် ပြန်လာပြီ ဗိုလ်မှူး'တဲ့။ သူက ပြုံးပြုံးကြီးဖြင့် သတင်းပို့သည်။

'အေးကွာ၊ ဝမ်းသာတယ် ဗိုလ်လှရွှေရယ်' ကျွန်တော်ကလည်း သူ့ကို ဝမ်းပန်းတသာ ကြိုဆိုခဲ့သည်။

'ကျွန်တော် ဒီတပ်ကို ပြန်ရောက်လာတာ သိပ် ဝမ်းသာတာပဲ'

ကျွန်တော်ကတော့ သူ့အား မည်သည့်တာဝန် ချပေးရမည်ဆိုသည်ကို စဉ်းစားနေပါသည်။ သူသည် သင်တန်း၌ အတော်ကလေး ပင်ပန်းခဲ့ဟန်တူသည်။

'ဒီလိုလုပ်ကွာ ဗိုလ်လှရွှေ၊ အခုရက်အတွင်းမှာတော့ အနားလေး ယူဦးပေါ့ ဟုတ်လား၊ ခွင့်လိုချင်သေးလား'

http://www.cherrythitsar.org



'မလိုပါဘူး ဗိုလ်မှူး'

'အေး မလိုရင်လဲ တပ်မှာပဲ နားပေါ့၊ ကိုယ်တို့ မကြာခင် စစ်ဆင်ရေး တစ်ခုလုပ်မယ်၊ အဲဒီတော့မှလိုက်၊ အားမွေးပေါ့ ဟုတ်လား'

'ကောင်းပါပြီ ဗိုလ်မှူး'

ကျွန်တော်သည် သူ့အား စေတနာဗရပွဖြင့် အနားပေးခဲ့သည်။ ဤစာဘူးတောင်းတိုက်ပွဲကျမှပဲ သူ့ကို ထုတ်သုံးမည်လို့ စိတ်ထဲတွင် မှတ်သားထားလိုက်သည်။ ထိုအတိုင်းပင် ပြုခဲ့သည်။ အခုတော့ ဤ တိုက်ပွဲမှာပဲ သေရဖို့ အားမွေးခိုင်းသည်နှင့်ပင် တူနေရပါပြီ။

'တပ်ခွဲမှူးရော ရဲဘော်'

'ဟိုဘက်မှာ ဗိုလ်မှူး'

ထိုခေတ်ကတော့ 'ဝေါ်ကီတော်ကီ'ဟု ခေါ်သော အနီးပြော ဝိုင်ယာလက် စက်ကလေးတွေကလည်း မရှိကြသေး။ ထို့ကြောင့် ရဲဘော် ညွှန်ပြရာသို့ ဆက်လက်၍တွားလာခဲ့ရသည်။ လမ်းတွင်တွေ့သည့် ရဲဘော် တို့ကို မေးရင်းစမ်းရင်းဖြင့် တပ်ခွဲမှူး ဗိုလ်ကြီးချစ်မောင်ကို တွေ့သည်။

'ဗိုလ်ကြီးချစ်မောင်ရေ၊ ဘယ်လိုလဲကွ'

'ဟာ၊ ဗိုလ်မှူး' သူ့မျက်နှာသည် ရွံ့အလိမ်းလိမ်းဖြင့် လူရုပ်ပင် မပေါ်တော့။ 'မနိပ်ဘူး၊ ကျွန်တော့် ကယ်ရီယာတွေ စောင့်နေတယ်'

ကျွန်တော်သည် လက်ပတ်နာရီကို ကြည့်လိုက်သည်။ ကိုးနာရီ သာသာ ရှိနေပြီဖြစ်သည်။ အတော်ပင် နောက်ကျနေပါပြီ။ နေကလည်း ပူလို့လာပါပြီ။ ကျွန်တော်တို့အားလုံးမှာ မှောက်နေကြရသဖြင့် ကိုယ်၏ ရှေ့ပိုင်းသည် ရွှဲရွှဲစိုလျက် ကျောပိုင်းမှာမူ တငွေ့ငွေ့ဖြင့် ပူစပ်ပူလောင် ရှိနေသည်။ သည်လိုတော့ဖြင့် ကြာကြာနေလို့ မဖြစ်တော့။

http://www.cherrythitsar.org



'ဒီလိုလုပ်ကွာ၊ ဒီကကယ်ရီယာတွေကို မစောင့်နဲ့တော့၊ ဟိုဘက်က မနစ်သေးတဲ့ ကယ်ရီယာတွေကို သုံး၊ မင်းတပ်ခွဲကို ညာဘက်ကို ရွှေ့၊ ညာဘက်ဆုံး တပ်စိတ်က စရွှေ့ပေါ့၊ ရှေ့က မတိုက်နဲ့တော့၊ ဟောဟို ချုံတန်းကလေး ရှိတယ်မဟုတ်လား၊ အဲဒါကို ဘယ်ဘက်အစွန်ဆုံးထား၊ အဲဒီကနေ တိုက်တော့၊ နာရီဝက်အတွင်း အပြီးရွှေ့၊ မင်းတို့ စတိုက်တဲ့ အချိန် သံချပ်ကားတွေက ပစ်ပေးမယ်၊ ဟုတ်လား'

အမှန်တော့ ရန်သူ၏ ရှေ့မှောက်တွင် ထိုးစစ်မြားဦးကို ထိုသို့ ပြောင်းရွှေ့ရခြင်းသည် ကောင်းသည်တော့ မဟုတ်။ အန္တရာယ်များစွာ ရှိသည်။ ထိုအတွင်း ရန်သူက တန်ပြန် ထိုးစစ်ပြုပါက အခက်။ သို့ရာတွင် ရန်သူတွင် လက်နက်ကြီးများမရှိ။ ထို့ကြောင့် ထိုသို့ဖြစ်မည် မထင်။ မည်သို့ပင်ဖြစ်စေ မြန်မြန်လုပ်နိုင်လျှင် သက်သာမည်။ ယခု ကဲ့သို့ ရန်သူပစ်သမျှကို ဝပ်ခံနေရသည်ထက်တော့ သက်သာပါလိမ့်မည်။ ထိုသို့ စီစဉ်ပေးပြီး ကွန်တော် ပြန်ခဲ့သည်။

နာရီဝက်ခန့်အကြာတွင် အစီအစဉ်သစ်ဖြင့် တိုက်ကြသည်။ နောက်ပိုင်းမှလည်း အမြောက်များနှင့် သံချပ်ကားတို့ကို ကူညီပစ်ခတ်ပေးကြသည်။ ထိုနည်းဖြင့် ထိုရွာကို သိမ်းပိုက်ရမိလိုက်ကြပါသည်။

ထို့နောက်မှာတော့ ရန်သူသည် ပြင်းထန်စွာ ခုခံခြင်းမပြုကြတော့။ တပ်ရင်း(၁)နှင့် တပ်ရင်း(၃)တို့လည်း ရန်သူအား အနားမပေး တစ်ရှိန်တည်း အပြင်းချီတက် တိုက်ခိုက်ကြသဖြင့် ရန်သူသည် ထိုညနေမှာပင် စာဘူးတောင်းကို စွန့်လွှတ်လိုက်ကြရသည်။ ကွန်တော်၏တပ်များသည် ညနေ ငါးနာရီခန့်တွင် ကေအင်ဒီအိုတို့၏ ခံတပ်ဟု အမည်ရခဲ့သော စာဘူးတောင်းရွာကြီးသို့ ဝင်နိုင်ခဲ့ကြသည်။

ရန်ကုန်နှင့် ပဲခူးအကြား ရန်သူ ရှင်းသွားပါပြီ။

http://www.cherrythitsar.org



ထိုမှုမက တပ်မတော်သည် တောင်ငူမြို့မှအပ တစ်ပြည်လုံးတွင် အချက်အချာဖြစ်သည့် မြို့ကြီးပြကြီး အတော်များများကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် ၁၉၄၉ ခုနှစ်၊ အစဦးပိုင်းတွင် နိုင်ငံခြား အချို့တို့မှ 'ရန်ကုန်အစိုးရ'ဟု လှောင်ပြောင် ခေါ်ဝေါ်ခြင်းခံခဲ့ရသော အစိုးရသည် ၁၉၄၉ ခုနှစ်၊ နောက်ဆုံးပိုင်းတွင် 'ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ' အဖြစ်သို့ သိက္ခာရှိရှိ ပြန်လည်ရောက်ရှိလာခဲ့ပါပြီ။

http://www.cherrythitsar.org

# မိုးကြိုးစစ်ဆင်ရေး

**တောင်ငူသို့**

ခေတ္တအနားရပြန်သည်။ ယခုအထိကျွန်တော်သည် သေနတ်ကိုင်တပ်ရင်း ၆ တွင် ဒုတပ်ရင်းမှူး အဖြစ်ဖြင့်ပင် ရှိနေပါသေးသည်။ သို့ရာတွင် တပ်ရင်းမှူးဖြစ်သူ ဒုဗိုလ်မှူးကြီးတင်ဦးမှာ ပဲခူးတွင် ဖွင့်လှစ်ထားသော တပ်မဟာဌာနချုပ်တွင် တပ်မဟာမှူးအဖြစ် တာဝန်တို့ကို ပူးတွဲ ထမ်းဆောင် နေရသဖြင့် ကျွန်တော်သည်ပင် တပ်ရင်းသို့ ခေတ္တ တပ်ရင်းမှူး အဖြစ် အုပ်ချုပ်နေခဲ့ရသည်။

ထိုအတွင်း စစ်ဆင်ရေးကြီးတစ်ခု ပြုလုပ်ရန် အချိန်သည် တဖြည်းဖြည်း နီးကပ်လာပြန်သည်။

ကေအင်ဒီအိုတို့၏ 'မြို့တော်' တောင်ငူမြို့သို့ ချီတက်သိမ်းပိုက်ရန် ဖြစ်သည်။

'မိုးကြိုးစစ်ဆင်ရေး'

http://www.cherrythitsar.org



ထို့ကြောင့် ထုံးကြီး၊ စာဘူးတောင်းတိုက်ပွဲများအပြီး ခေတ္တအနားရသကဲ့သို့ ရှိနေခဲ့ရသော်လည်း ထို 'မိုးကြိုး' စစ်ဆင်ရေးကြီးအတွက် ပြင်ရ၊ ဆင်ရ၊ လေ့ကျင့်ရပြန်သည်။

အစီအစဉ်အရ ဗိုက်ဦးမြို့မှ စတင်ချီတက်မည်ဖြစ်သည်။ ထိုပထမအဆင့်တွင်ပင် ကျွန်တော်တို့ တပ်ရင်း ၆ သည် ပါဝင်ရမည်ဖြစ်သည်။ ထိုအချိန်က ဗိုက်ဦးမြို့သည် တပ်မတော်၏လက်သို့ ပြန်လည်ရောက်ရှိနေပါပြီ။ ကေအင်ဒီအိုတို့သည် ပွင့်တန်ဆာမှ အကြီးအကျယ် ခုခံကြမည်ဖြစ်သည်။ ခုခံနိုင်စွမ်းလည်း ရှိကြသည်။

စစ်ဆင်ရေးမစမီ ရက်အနည်းငယ်အတွင်း၌ ကျွန်တော့်အားခြေလျင်တပ်ရင်း ၅ အမှတ် ၅ ဘားမားရဲဂျီးမင့်တပ် တပ်ရင်းအသစ်ကို စတင်ထူထောင်ရန် တာဝန်ပေးအပ်ခြင်း ခံရသည်။ ထိုတပ်ရင်းသစ်၏ တပ်ရင်းမှူးအဖြစ် ခန့်အပ်ခြင်းခံရသည်နှင့်အတူ ဒုဗိုလ်မှူးကြီး အဆင့်သို့တိုးမြှင့်ပေးခြင်း ခံရသည်။

ထိုသို့ ခြေလျင်တပ်ရင်း ၅ တပ်ရင်းမှူးအဖြစ် ခန့်အပ်ခြင်းခံရသော်လည်း ကျွန်တော်သည် သေနတ်ကိုင် တပ်ရင်း ၆ တွင် စစ်ဆင်ရေးတာဝန်ခံအဖြစ်ဖြင့်ဆက်လက်ပူးတွဲဆောင်ရွက်ရမည်ဖြစ်သည်။ထို့ကြောင့် တစ်ဘက်တွင်တပ်ရင်းသစ်တစ်ခုကိုထူထောင်ရင်း တစ်ဘက်တွင်တပ်ရင်းဟောင်းတစ်ခုကို ဦးစီး၍ စစ်ဆင်ရေးတွင် လိုက်ပါရမည်ဖြစ်ပါသည်။

သူပုန်တို့သည် ပွင့်တန်ဆာမြို့တွင် အခိုင်အမာတပ်စွဲထားကြသည်။ ၆ ပေါင်ဒါ အမြောက်၊ သုံးလက်မ မော်တာ၊ သံချပ်ကာ ကားများ သံချပ်ကာမီးရထားအစရှိသော လက်နက်ကြီးတို့ဖြင့် ခုခံကြမည်ဖြစ်သည်။

အမှန်တော့ ထိုလက်နက်ကြီးတို့သည် ကျွန်တော်တို့အဖို့ ကြီးမားသော ပြဿနာများ မဟုတ်ကြ၊ ကျွန်တော်တို့သည် ပွင့်တန်ဆာကို အလွယ်တကူဖြင့် မဟုတ်လင့်ကစား ဖိဖိစီးစီးအားသွန်တိုက်ပါက တစ်နေ့အတွင်းမှာပင် ရရှိနိုင်ကြမည် ဖြစ်ပါသည်။

http://www.cherrythitsar.org



သို့ရာတွင် ထိုလက်နက်ကြီးတို့ကို အလွတ်မခံနိုင်ကြပါ။ ဤပြွန်တန်ဆာတွင်ပင် အမိအရသိမ်းဆည်းနိုင်ဖို့သည်အရေးကြီးလှပါသည်။ အကယ်၍သာ လွတ်မြောက်သွားကြပါက ရန်သူသည် ထိုလက်နက်ကြီးတို့ဖြင့် ကျွန်တော်တို့အား တောင်ငူသို့ရောက်သည်အထိ အဆင့်ဆင့်ခုခံသွားကြပါလိမ့်မည်။ တိုက်ပွဲတိုင်းတို့တွင် ကျွန်တော်တို့သည် ထိုလက်နက်ကြီးတို့ကိုထပ်ခါထပ်ခါ ရင်ဆိုင်ကြရပါလိမ့်မည်။ ထို့ကြောင့် တိုက်ပွဲတိုင်း၌ ခက်ခက်ခဲခဲတိုက်ကြရပါလိမ့်မည်။ အကျအဆုံးများပြားမည်။ အချိန်သည်လည်း များစွာကြံ့ကြာမည်။ထို့ကြောင့်ထိုလက်နက်ကြီးတို့အား ပြွန်တန်ဆာတိုက်ပွဲတွင်ပင် အမိဖမ်းကြရမည် ဖြစ်သည်။

ထိုသို့ဖြစ်နိုင်စေရန် နည်းလမ်းမှာ ရန်သူ၏ နောက်ပိုင်းဖြစ်သည့် ပြွန်ဆန်ဆာနှင့်ညောင်လေးပင်မြို့တို့အကြားကားလမ်းမီးရထားလမ်းတို့ကို ပိတ်ဆို့၍တိုက်ရန်ပင်ဖြစ်သည်။ ထိုသို့ရန်သူ၏ နောက်ပိုင်းကိုပိတ်ဆို့ ရန်တာဝန်သည် ကျွန်တော်တို့တပ်ရင်း ၆အပေါ်သို့ကျရောက်ခဲ့ပါသည်။

ဤစစ်ဆင်ရေးသည် ထိုအချိန်အထိ တပ်မတော်၏ သမိုင်းတစ်လျှောက်တွင် စနစ်တကျအရှိဆုံးဖြင့် ဖွဲ့စည်းချီတက်တိုက်ခိုက်မည်ဖြစ်သော တပ်မဟာတစ်ခု၏ စစ်ဆင်ရေးပင်ဖြစ်သည်။ တပ်မဟာဟု အကြမ်းဖျင်းခေါ်ဆိုခဲ့သော်လည်း ခြေလျင်တပ်အင်အားကမူ တပ်မဟာတစ်ခုထက် များစွာပိုမိုသည်ဖြစ်သည်။ အပေါ့စားတပ်မဟု ခေါ်ဆိုပါက ပိုမို မှန်ကန်ပါလိမ့်မည်။

ဗိုလ်မှူးချုပ်ကျော်ဇော[၁]ကိုယ်တိုင် ဦးစီးခေါင်းဆောင်ပါမည်။ ပါဝင်သည့်တပ်ရင်းများကမူ ဗိုလ်မှူးဗန်ကူးလ်[၂] ခေါင်းဆောင်သောချင်းသေနတ်

---

၁။ ဗိုလ်မှူးချုပ် (အငြိမ်းစား)

၂။ ဗိုလ်မှူးကြီး (ဗုဝန်ကြီး)

http://www.cherrythitsar.org



ကိုင်တပ်ရင်း၁၊ ဒုဗိုလ်မှူးကြီးလှုင်ချင်ဇန်[၁]ခေါင်းဆောင်သော ချင်းသေနတ်ကိုင်တပ်ရင်း၃၊ ဒုဗိုလ်မှူးကြီးချစ်မြိုင်[၂] ခေါင်းဆောင်သော သေနတ်ကိုင်တပ်ရင်း ၃၊ ဒုဗိုလ်မှူးကြီးတင်မောင်[၃] ခေါင်းဆောင်သော သေနတ်ကိုင်တပ်ရင်း ၆နှင့် ခြေလျင်တပ်ရင်း ၅ တို့ ဖြစ်ကြသည်။ ထိုခြေလျင်တပ်တို့ကို အကူအညီအဖြစ် ဗိုလ်မှူးရောဒရစ်[၄]နှင့်ဗိုလ်မှူးရဲထွန်း[၅]တို့ခေါင်းဆောင်သော ၂၅ ပေါင်ဒါအမြောက်တပ်၊ ဗိုလ်မှူးကြီးသီလှ[၆] ခေါင်းဆောင်သော သံချပ်ကာတပ်(ရှာမင်း သံချပ်ကားတစ်စီး၊ စတူဝပ်သံချပ်ကားနှစ်စီးနှင့် ကယ်ရီယာများ)၊ ဗိုလ်ကြီးထွန်းမြင့်[၇]ခေါင်းဆောင်သော အချက်ပြ ဆက်သွယ်ရေးတပ်၊ ဗိုလ်မှူးကြီးတင်အောင်[၈] ခေါင်းဆောင်သော အင်ဂျင်နီယာတပ်နှင့် ထောက်ပံ့ပို့ဆောင်ရေးတပ်တို့ ဖြစ်ကြသည်။

ဗိုလ်မှူးချုပ်ကျော်ဇောသည် အလုံးအရင်းဖြင့် ပြွန်တန်ဆာမြို့ကို ကားလမ်း၊ မီးရထားလမ်းအတိုင်း တောင်ဘက်မှဖိ၍ တိုက်မည်။ ထိုအချိန်တွင် ကျွန်တော်တို့ တပ်ရင်း ၆သည် ရန်သူ၏နောက်ပိုင်းရှိ မီးရထားလမ်း၊ ကားလမ်းတို့မှ ပိတ်ဆို့ပြီးဖြစ်နေကြပါမည်။ ထိုလမ်းနှစ်လမ်းတို့အပေါ်တွင် အခိုင်အမာထိုင်မိပြီး ဖြစ်နေကြရပါမည်။

ထိုစစ်ဆင်ရေးအတွက် ကျွန်တော်သည် တပ်တို့ကို ညအချိန်ချီတက်ခြင်း၊ အိမ်မြှောင်ဖြင့်ချီတက်ရာလမ်းကြောင်း သတ်မှတ်ခြင်း၊ ရည်မှန်းချက်နေရာတို့သို့ရောက်လျှင် မည်သို့မည်ပုံ ခံစစ်ပြင်ဆင်ရမည်

---

၁။ ဒုဗိုလ်မှူးကြီး (ကွယ်လွန်)
၂။ ဗိုလ်မှူးကြီး (သံအမတ်ကြီး၊ အငြိမ်းစား)
၃။ ဗိုလ်မှူးကြီး (အငြိမ်းစား)
၄။ ဗိုလ်မှူး
၅။ ဗိုလ်မှူးကြီး (ဆောက်လုပ်ရေး၊ အငြိမ်းစား)
၆။ ဗိုလ်မှူးကြီး (ကြက်ခြေနီ၊ အငြိမ်းစား)
၇။ ဗိုလ်မှူးကြီး (အချက်ပြဆက်သွယ်ရေး ညွှန်ကြားရေးမှူး၊ အငြိမ်းစား)
၈။ ဗိုလ်မှူး (ဆည်မြောင်းဌာန၊ အငြိမ်းစား)

http://www.cherrythitsar.org



စသည်တို့ကို ရက်ပေါင်းများစွာကပင် ကြိုတင်၍ လေ့ကျင့်ပေးခဲ့ရသည်။ တစ်ဖန် ရည်မှန်းချက်နေရာနှင့် တူညီသော မြေအနေအထားတို့သို့ သွားရောက်၍ အခြေအနေ အမျိုးမျိုးတို့ကို ဖန်တီးကာ အထပ်ထပ် လေ့ကျင့်ကြရပြန်သည်။ မြေကြီးကိုတူး ရရှိသော မြေစာတို့ကို အသင့် ယူဆောင်သွားမည့် ဂုံနီအိတ်ပိုင်းတို့တွင်ထည့်၍ အရေးပေါ် မြေကတုတ် ပြုလုပ်နည်းပါမကျန် လေ့ကျင့်ပေးရမည်။

၁၉၅၀ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့။

နေဝင်ဖျိုးဖျ အချိန်ကလေးဖြစ်သည်။ ကျွန်တော်တို့ တပ်ရင်း တစ်ရင်းလုံး (တပ်ခွဲလေးခွဲ)သည် ဒိုက်ဦးမြို့ အနောက်ဘက်ရှိ ရွာတစ်ရွာ အတွင်း၌ခိုအောင်းပြီး အဆင်သင့်ရှိနေကြသည်။ အရာရှိအကြပ်တပ်သား အားလုံးတို့တွင် လေးလံသော အထုပ်အပိုးများမပါကြ၊ ကိုယ်ပိုင်လက်နက်၊ ကျည်ဆန်၊ ပေါက်ပြား၊ဂေါ်ပြား၊ပေါက်ချွန်း၊ဂုံနီအိတ်ပိုင်းကလေးများနှင့် ရိက္ခာအဖြစ် ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ်၊ ရေဘူးတို့သာပါကြ သည်။ သို့ရာတွင် ခရီးမထွက်မီမှာတော့ ပူနွေးသော အစားအစာများဖြင့် ဖြည့်တင်းထားရမည်ဖြစ်သဖြင့် တပ်ခွဲလိုက် တိတ်တဆိတ် ချက်ပြုတ် စားသောက်နေကြသည် ဖြစ်သည်။

မှောင်စပျိုးလျှင်ရှေ့ဆုံးတပ်ခွဲသည် စတင်ချီတက်နေပါပြီ။ ထိုတပ်ခွဲ သည် မီးရထားလမ်း၊ ကားလမ်းတို့ကို ပွွန်တန်ဆာနှင့်ညောင်လေးပင် အကြားမှ ဖြတ်ကျော်ကာ ပွွန်တန်ဆာမြို့၏ အရှေ့မြောက်ဘက်အရပ်မှ ပိတ်ဆို့ရန်ဖြစ်သည်။

ကျွန်တော်သည် ရွာအစွန်းရှိ တဲကလေး၏အဖီအောက်တွင်ထိုင်၍ ချီတက်ရမည့် လမ်းခရီးကို မြေပုံပေါ်တွင် နောက်ဆုံးအနေဖြင့်လေ့လာနေ သည်။ ညစာကိုလည်းထိုနေရာ၌ပင် စားလို့ပြီးခဲ့ပါပြီ။ ညလုံးပေါက်

http://www.cherrythitsar.org



ခရီးဝေးချီတက်ရမည်ဖြစ်သဖြင့် ဝဝလင်လင်မစားရဲသောကြောင့် ဝမ်းထဲ၌ ဟာသလိုလို ဖြစ်နေမိသည်။

ဒုတိယတပ်ခွဲ စတင်ထွက်လျှင် အလင်းရောင်သည် လုံးဝပျောက်ခဲ့ပါပြီ၊ မိုးပြင်ညို့ညို့သည် ခပ်မှိုင်းမှိုင်းကလေး ရှိနေသည်။

နောက်တပ်ခွဲတစ်ခု၊ မှောင်ထုသည် အတော်ကလေးပင် သိပ်သည်းလာပြီဖြစ်သည်။ ကျွန်တော်သည် တံစက်မြိတ်သို့ ထွက်ခဲ့၍ ဒိုက်ဦးပြွန်တန်ဆာဘက်ဆီသို့မျှော်ကြည့်မိသည်။ရင်ဆိုင်နေကြရသော ရန်သူနှင့်ကျွန်တော်တို့၏ တပ်များမှ တစ်ဘက်နှင့်တစ်ဘက်ကြက်ခေါင်းဆိတ်မခံအပြန်အလှန်တဒက်ဒက်ဖြင့် ပစ်ခတ်ရန်တွေ့နေကြသောစက်သေနတ်သံတို့ကို တစ်ခါတစ်ခါ ကြားနေရသည်။ ကျွန်တော့်အနီးရှိဝိုင်ယာလက်စက်မှမူ 'ဟလို ကဇွန်းတစ်၊ ငါ့အသံ ဘယ်လောက်ကြားသလဲ၊ ကြားရင်အကြောင်းပြန်၊ ဒါပဲ' ရှေ့ဆုံးတပ်ခွဲမှစက်သို့ လှမ်းခေါ်နေသည်။

'ရဲဘော်ရေ၊ ခေါ်လို့ရပြီးရင် စက်ပိတ်တော့ဟေ့'

'ဟုတ်ကဲ့ ဗိုလ်မှူး'

ထိုညတစ်ညလုံး ကျွန်တော်တို့သည် ဝိုင်ယာလက်စက်တို့ကိုပိတ်ထားကြမည်ဖြစ်သည်။ ဆက်လက် ဆက်သွယ်နေပါက ရန်သူသည်ကျွန်တော်တို့၏လှုပ်ရှားမှုနှင့် အကြံအစည်တို့ကို ရိပ်မိသွားကြပါလိမ့်မည်။

ကျွန်တော်နှင့် ကျွန်တော်၏ ရုံးအဖွဲ့ စတင်ထွက်ရန်အချိန်သို့ရောက်လာသောအခါ မှောင်ထုသည် လုံးဝ သက်ဆင်းလာပြီဖြစ်သည်။

ထိုမှောင်ထုအတွင်းသို့ထွက်လိုက်သည်။ မြောက်ဘက် တောင်ငူမြို့ရှိရာသို့ တစ်ချက် လှမ်းမျှော်ကြည့်လိုက်မိပါသည်။

ထို့နောက် တရွေ့ရွေ့တလှုပ်လှုပ် ချီတက်နေသည့် လူတန်းရှည်ကြီးကို ကြည့်မိရင်း သက်ပြင်းကို မသိမသာချလိုက်မိသည်။ လူပေါင်းငါးရာ

http://www.cherrythitsar.org



ကျော် တစ်ဦးနောက်တစ်ဦး တန်းစီပြီးသွားကြရသည်ဖြစ်သဖြင့် အန္တရာယ်ကား ကြီးမားလှပါသည်။ ရှေ့တွင်သာကင်းထုတ်နိုင်၍ဘေးနှစ်ဘက်တို့တွင် အကွယ်အကာမဲ့ဖြစ်နေခြင်းကြောင့် မတော်တဆ ရန်သူများနှင့်ဘွားခနဲရင်ဆိုင်လိုက်ရပါက မှောင်နှင့်မည်းမည်းတွင် အခြေအနေကိုမနည်းထိန်းရမည်ဖြစ်သည်။ သို့ရာတွင် မတတ်နိုင်။ စစ်တိုက်သည်ဆိုသည်ကပင် ဘေးအန္တရာယ်ကို သိလျက်နှင့် စွန့်စားခြင်းဖြစ်သည်။ ထိုတိုက်ပွဲကိုအောင်နိုင်ရန်အလို့ငှာ လိုအပ်ပါက ရှိသမျှကိုပုံကာအောရသည့်အရဲစွန့်မှုမျိုးသည် တပ်မှူးတစ်ယောက်အဖို့ မိမိ၏နာမည်၊ မိမိ၏စစ်မှုထမ်းဘဝ အစရှိသည်တို့ကို အပေါင်ထားကာ ပြုလုပ်ရသည်ဖြစ်သဖြင့်များစွာမှ ကြီးလေးသည့်တာဝန်တစ်ရပ်ဖြစ်သည်။ သို့ရာတွင် ဤအချက်ကိုသိလျက်နှင့် လုပ်သင့်လုပ်ထိုက် ကြုံကြိုက်ပါက လုပ်ကြရမည်သာဖြစ်သည်။ ရှောင်တိမ်း၍မရ။

ကျွန်တော်သည် ထိုလူတန်းကြီးတစ်နေရာတွင် ဝင်လိုက်သည်။ ရှေ့တွင်ရှိသည့် ရဲဘော်၏နောက်ကျော၌ ချည်နှောင်ထားသော ပိတ်စဖြူဖြူကလေးကို တစ်ခါတစ်ခါ မော့ကြည့်ရင်း ရိုးပြတ်တို့အကြား၌ စမ်းတဝါးဝါးဖြင့် လျှောက်လာခဲ့သည်။ မကြာမီမှာတော့ လထွက်လာမည် ဖြစ်သည်။ ထိုအခါကျမှပင် ထင်ထင်မြင်မြင်သွားလာနိုင်ကြပါလိမ့်မည်။ ချီတက်မှုနှုန်းထားသည်လည်း ပိုမို မြန်ဆန်လာပါလိမ့်မည်။

သွားရင်းမှ နားစွင့်မိသည်။ တရှဲရှဲအသံမှအပ သံချင်းထိရိုက်သံ၊ စကားပြောသံကို လုံးဝမကြားရ။ ရဲဘော်တွေသည် ပစ္စည်းများသယ်ပိုးယူဆောင်ရာ၌လည်းကောင်း၊ချီတက်ကြရာ၌လည်းကောင်း သေသပ်ပိရိလှသည်။ ဒါကိုပင်ကျွန်တော့်မှာ များစွာကျေနပ်နေမိရသည်။ လူပေါင်းငါးရာကျော်တို့၏ခြေလှမ်းသံ၊ဂျင်းတို့သယ်ယူလာကြသောပေါက်ပြား၊ဂေါ်ပြား

http://www.cherrythitsar.org



တူရွင်း၊ ရေဘူး၊ လုံ့စွပ်၊ သေနတ်တို့၏ အချင်းချင်းထိရိုက်သံတို့သည် နေ့အခါ၌မထောင်းတာလှသော်လည်း ညအချိန်၌မူ မြေပြန့်လျှင်ပြန့်သလို ဝေးလံသည့်အရပ်မှပင် တဝုန်းဝုန်းတချွင်ချွင် ကြားနိုင်သည်ဖြစ်သည်။ ယခုမူ တစ်ခါတစ်ရံသာလျှင် ချော်လဲသည့်ရဲဘော်တွေ၏အသံကိုခပ်အုပ် အုပ်ကလေး ကြားလိုက်ရသည်။ ဒါလောက်ကတော့ အရေးမကြီးလှ။

မကြာမီ လဝန်းသည် မဝံ့မရဲ ထွက်ပြူလာသည်။ ထိုလဝန်း၏ ငွေမှုန်တို့ကြောင့် တိမ်ညိုတိမ်မည်းတို့၏ နှုတ်ခမ်းသားတို့သည် ငွေရည်လူး ကာ တလက်လက် တဖျပ်ဖျပ်ဖြင့် တဖိတ်ဖိတ် တောက်ပနေကြသည်။ ထိုအလင်းရောင်ကြောင့်အတော်ကလေး မြင်မြင်ထင်ထင်ရှိလာပါပြီ။

လူတန်းကြီးကိုကျော်၍ ရှေ့သို့ ခပ်သုတ်သုတ်တက်လာခဲ့သည်။ မြေပုံအရဆိုပါက ရှေ့နားတွင် ချောင်းကလေးတစ်ခု ရှိပါလိမ့်မည်။ အဲဒီချောင်းကလေးအတွက် အနည်းငယ် စိုးရိမ်နေမိရသည်။ ခက်ခက်ခဲခဲ များ ဖြတ်ကူးကြရမှာလား။

ထိုအခိုက် ရဲဘော်တွေ၏ ခြေလှမ်းတို့သည် စိပ်လာသည်။ နှေးသည်ထက် နှေးလာကြသည်။ လူတန်းကြီးသည် ကျုံ့၍သွားသည်။ ထို့နောက် လုံးဝရပ်သွားသည်။ ရှေ့ဆုံးတပ်ခွဲသည် ချောင်းကလေးသို့ ရောက်နေပြီလို့ ကျွန်တော် တွက်ဆလိုက်ပါသည်။ ပို၍ မြန်မြန်ကလေး လျှောက်သွားခဲ့သည်။

မြေပုံပေါ်တွင် သေးငယ်လှသည့် ကွေ့ကွေ့ကောက်ကောက် မျဉ်း ကြောင်းကလေးတစ်ကြောင်းအဖြစ်သာ သိရှိခဲ့ရသော ထိုချောင်းကလေး သည် မြေပြင်၌မူနက်စောက်သည့် ကမ်းပါးနှစ်ဘက်ဖြင့် ရှိနေသည်ကို တွေ့လိုက်ရသည်။ အကျယ်အားဖြင့်လည်းဆယ့်ငါးပေခန့်ရှိသည်။ ဖြတ်၍ ထိုးထားသော ဝါးတန်းကလေးသည် ခနော်ခနဲ့နိုင်လှသည်။ ထိုဝါးတန်း

http://www.cherrythitsar.org



ပေါ်၌ ရဲဘော်တွေသည် တစ်ယောက်ချင်း ဖြည်းညင်းစွာစမ်း၍စမ်း၍ ကူးဖြတ်နေကြသည်။ တော်ပါသေးသည်။ လထွက်ချိန်နှင့်အံကိုက်ကျနေသည်ဖြစ်ခြင်းကြောင့်သာ ထိုမျှ အလွယ်တကူကူးဖြတ်နိုင်ကြခြင်းဖြစ်သည် တပ်ခွဲမှူး ဗိုလ်ကြီးခင်မောင်(ဗိုလ်မှူးကြီးအငြိမ်းစား၊ စက်မှုလက်မှု) သည် သည်ဘက်ထိပ်မှရပ်ကာ ကြီးကြပ်နေသည်။

'ဘယ့်နှယ်လဲဗျ၊ တံတားက ခံပါ့မလား'

သူသည် ကျွန်တော့်မျက်နှာကို တိုးကပ်၍ကြည့်သည်။ ကျွန်တော်မှန်းသိလျှင်

'ဘယ့်နှယ်လဲ ဗိုလ်မှူး၊ ဘာလို့ လိုက်လာလဲ'

'ပျင်းလို့ပေါ့ဗျ'

သူက တစ်ချက်ဟဲ၍ တိုးတိုးကလေး ရယ်လိုက်သည်။

'ခံပါလိမ့်မယ်ထင်တယ်၊ ကျွန်တော့်တပ်ခွဲ ပြီးတော့မယ်'

ထို့နောက် သူဆက်၍ တက်သွားသည်။ ကျွန်တော်သည် တံတားထိပ်၌ပင်ရပ်ကာ နောက်မှ အဆက်မပြတ်ရောက်ရှိလာကြသောတပ်ခွဲတို့ ကူးဖြတ်သည်ကို စိတ်စောစွာဖြင့်စောင့်ကြည့်နေမိသည်။ တံတားများကျိုးရင်ဖြင့်အခက်။ ကူးတာများ သိပ်နှေးနေသလား၊ သွားရမည့်နေရာတွေကို အချိန်မီမရောက်ရင်တော့ ဒုက္ခ။ အရေးကြီးဆုံးက ဗိုလ်ကြီးခင်မောင်သောင်း[၁]၏တပ်ခွဲ။ သူကမီးရထားလမ်းနှင့် ကားလမ်းပေါ်မှ ပိတ်ရမည့်သူ။

အားလုံးကူးပြီးကြလို့ တစ်ဘက်သို့ရောက်သောအခါ၌မူ ချီတက်မှုနှုန်းထားသည်အတော်ကလေးပင် သိသိသာသာကြီးပိုမိုမြန်ဆန်လာသည်။

နောက်ဆုံးတပ်ခွဲကို ပြွန်တန်ဆာ၏ အနောက်စူးစူး ကွင်းပြင်ထဲတွင် ချန်ခဲ့၍ ကျွန်တော်တို့အဖွဲ့ အေးရွာသို့ရောက်လျှင် သုံးနာရီထိုးခန့်ရှိပါပြီ။

---

၁။ ဗိုလ်မှူးကြီး (အငြိမ်းစား)

http://www.cherrythitsar.org



အေးရွာသည် ပြွန်တန်ဆာ၏ အနောက်မြောက်ဘက် ယွန်းယွန်းတွင် ရှိသည်။ ပြွန်တန်ဆာနှင့် တစ်မိုင်သာသာခန့် ကွာဝေးသည်။ တပ်ခွဲတစ်ခွဲသည် ဤရွာမှပိတ်ဆို့မည် ဖြစ်သည်။ ကျွန်တော်၏ ရုံးသည် ဤရွာ၌ပင် ယာယီဖွင့်မည် ဖြစ်ပါသည်။

ရှေ့တွင်ရှိ တပ်ခွဲနှစ်ခွဲတို့ကမူ ဆက်လက် ချီတက်နေကြဆဲ။ တစ်ခွဲသည် ပြွန်တန်ဆာနှင့် ညောင်လေးပင်အကြား မီးရထားလမ်း ကားလမ်းတို့အပေါ်တွင်စွဲပါမည်။ တစ်ခွဲကတော့ မြို့၏ အရှေ့ဘက်အထိ သွားကြရဦးမည် ဖြစ်သည်။

ကျွန်တော်နှင့်ရှိသော တပ်ခွဲသည် ရွာကို တိတ်တဆိတ်ဝိုင်း၍ ပိတ်ဆို့လိုက်သည်။ ထို့နောက် ပြွန်တန်ဆာဘက်သို့လှည့်ကာ နေရာယူထားလိုက်ကြသည်။

သို့ဖြင့် လေးနာရီခွဲ။

ဒိုက်ဦးဘက်ဆီမှ ကျွန်တော်တို့၏ အမြောက်များ စတင်ပစ်ခတ်သံကို ကြားလိုက်ရသည်။ ထို့နောက် သံချပ်ကားတို့၏ စက်နှိုးသံတို့ကို ကြားကြရသည်။

တောင်ငူသို့ မိုးကြိုးစစ်ဆင်ရေးကြီး စတင်ပါပြီ။

## ပြွန်တန်ဆာတိုက်ပွဲ

ပစ်ခတ်သံတို့သည် တစ်စစဖြင့် ပိုမို ဆူညံများပြားလာကြသည်။ အလင်းရောင်သည်လည်း ပိုမိုပီပြင်လာသည်။

ကျွန်တော်၏ ဝိုင်ယာလက်စက်ကို ဖွင့်ခိုင်းလိုက်သည်။ ဖွင့်လိုက်သည်နှင့်တပြိုင်နက် မီးရထားလမ်းပေါ်ရှိ တပ်ခွဲမှ သတင်းပို့အစီရင်ခံချက်ကို ရရှိသည်။

http://www.cherrythitsar.org



'အားလုံး အဆင်သင့်ဖြစ်ပါပြီ' တဲ့။

အဲဒီတော့မှ ကျွန်တော့်စိတ်တွင်း၌ အေးမြသွားရသည်။ကြာမြင့်စွာ ပင့်ရှိုက်ထားခဲ့ရသော သက်ပြင်းကြီးကိုလည်း အားပါးတရချလိုက်ရသည်။ ထိုတပ်ခွဲသည် အရေးအကြီးဆုံးဖြစ်သည်။ သူသာ ရည်မှန်းချက်သို့ မရောက်ပါက ထိုတိုက်ပွဲ၏ အဓိကရည်ရွယ်ချက်သည် အချည်းနှီးဖြစ်ရပါတော့မည်။

ထိုအခိုက်မှာပင် ပြွန်တန်ဆာ ဘူတာအတွင်းမှ မီးရထားတစ်စင်း ခုတ်မောင်းလာသံကို ကြားလိုက်ကြရသည်။

'မီးရထားသံပေါ့၊ သေသေချာချာကြည့်ကြစမ်း'

ကျွန်တော်ကိုယ်တိုင်လည်း ရွာအစွန်းသို့ပြေးထွက်ခဲ့သည်။ ပြွန်တန်ဆာမြို့သို့ မှန်ပြောင်းဖြင့် စူးစိုက်ကြည့်နေမိသည်။

ဟုတ်ပါသည်။ မီးရထားတစ်စင်း၊ ခေါင်းတွဲမှ မီးပွားကလေးတို့သည်ပင် တဖွားဖွားလွင့်တက်နေသည်။ ရထားကြီးသည် စတင်ခုတ်မောင်းလာသည်။ သူ၏မီးပွားတို့ဖြင့် ညောင်လေးပင်ဘက်ကို ထွက်ခွာလာနေသည်ကို မြင်ကြရသည်။ မကြာမီ မြို့၏မြောက်ဘက်အထွက်မှ ခေါင်းပြူလာသည်။ ဟော မြို့ကို လွန်ခဲ့ပါပြီ။ ထိုအခိုက်မှာပင်

'ဒိုင်း'ဟူသော ပေါက်ကွဲသံကြီးကိုကြားလိုက်ကြရသည်။ မီးရထားကြီးသည် ဒေါသတကြီး တရှူးရှူးဖြင့်ထိုးရပ်သွားသည်။ ဗိုလ်ကြီးခင်မောင်သောင်း၏ တပ်ခွဲသည် မြို့အထွက်ရှိ မီးရထားတံတားကို ဖောက်ခွဲချိုးဖျက်လိုက်ပါပြီ။ သံချပ်ကာ မီးရထားကြီးကို ရလိုက်ကြပါပြီ။

တစ်ချိန်တည်းမှာပင် မြို့ပတ်ပတ်လည်တွင် ရိုင်ဖယ်သံ၊ စက်သေနတ်သံ၊ မော်တာသံ၊ အမြောက်သံတွေသည် အဆက်မပြတ်အော်မြည်

http://www.cherrythitsar.org



လိုက်ကြသည်။ ရန်သူသည်အပြင်းအထန်ခုခံနေပါပြီ။ ကျွန်တော်တို့၏ တပ်တွေကလည်း အပြင်းအထန် တိုးဝင်နေကြပါပြီ။

မကြာမီ သံချပ်ကားများ၏အသံတို့ကို ပြွန်တန်ဆာမြို့ တောင်ဘက် အဝင်ဆီမှ ကြားကြရသည်။ ပစ်ခတ်သံတို့သည် ပိုမို ဆူညံလာသည်။

နီရဲသော နေလုံးကြီးသည် အရှေ့ဘက်ဆီမှ တဖြည်းဖြည်းနှင့် ပြူထွက်လာသည်နှင့်အမျှ အလင်းရောင်သည် စက္ကန့်လိုက် မိနစ်လိုက် ပို၍ ပို၍ မြူးကြွလာသည်။ ပို၍မြူးကြွလာသော ထိုအလင်းရောင်နှင့်အတူ ပစ်ခတ်သံတွေသည်လည်း ပို၍များပြားလာသည်။

ထို့နောက်တော့ ထိုပစ်ခတ်သံတို့သည် တစ်စတစ်စဖြင့် ကျဲ၍ ကျဲ၍ လာသည်။ နောက်ဆုံးတွင်မူ ဟိုမှတစ်ချက်၊ သည်မှတစ်ချက်မျှလောက် ကိုသာ ကြားကြရတော့သည်။ ရန်သူသည် ဆုတ်ခွာကြပါပြီ။

မကြာပါ။ ကျွန်တော်တို့ မျှော်မှန်းထားသည့်အတိုင်းပင် တပ်စုနှစ်စု ခန့်သည် ကျွန်တော်တို့ရှိရာ အေးရွာဘက်ဆီသို့ ဆုတ်ခွာထွက်ပြေးလာကြ သည်ကို လှမ်းမြင်လိုက်ကြသည်။

'လေးငါးဆယ်လောက်ရှိမယ် ဗိုလ်မှူး' အနီးတွင်မှောက်နေသော အရာရှိတစ်ဦးက မှန်ပြောင်းဖြင့်ကြည့်ရင်း ပြောသည်။

ဟုတ်ပါသည်။ ငါးဆယ်ခန့်တော့ ရှိပါသည်။ နီးလာပြီ။ နီးလာပြီ။

ကျွန်တော်တို့ဘက်မှ သတိပေးအနေဖြင့် စတင်ပစ်ခတ်သည်နှင့် ရန်သူသည် ကွင်းပြင်တွင် ဝပ်လိုက်ကြ၍ နေရာယူလိုက်ကြသည်။

'လက်နက်ချဟေ့၊ လက်မြှောက်ပြီးလာခဲ့ကြ' ရဲဘော်တွေက အကြိမ်ကြိမ် လှမ်း၍ခေါ်သည်။

သို့ရာတွင် မရ။ သူတို့က ပြန်၍ပစ်သည်။ ထိုအခါ ကျွန်တော်တို့မှာ အခြားနည်းလမ်းမရှိတော့။ အပြတ်အသတ် ပစ်ခတ်ကြရပါပြီ။

http://www.cherrythitsar.org



ထိုတိုက်ပွဲကလေးသည် များစွာမကြာလိုက်ပါ။ ငါးမိနစ်သာသာမျှသာ ဖြစ်ပါလိမ့်မည်။ သို့ရာတွင် ထိုတိုတောင်းသော အချိန်ကလေးအတွင်း မှာပင် ထိုကွင်းပြင်တစ်ခုလုံးသည် သွေးခြင်းခြင်းနီသွားသည်။ အလောင်း ချင်း ထပ်သွားပါတော့သည်။

ကျွန်တော် ပြွန်တန်ဆာမြို့တွင်းသို့ ဝင်မိတော့ ၁၂ နာရီခန့် ရှိနေပါပြီ။ ဗိုလ်မှူးချုပ်ကျော်ဇောအား မြို့၏မြောက်ပိုင်း ခြံကလေးတစ်ခြံ အတွင်း၌ တွေ့ရသည်။ သူသည် အလွန်ပျော်နေပါသည်။ ပွဲဦးထွက် အနိုင်ရလိုက်သည့် တပ်မှူးတစ်ယောက်၏ ပျော်ရွှင်ခြင်းသည် မည်သည့် ပျော်ရွှင်ခြင်းနှင့်မျှ မတူ၊ အပြည့်ဝဆုံးအသန့်စင်ဆုံးဖြစ်သည်။ ဒေါသ မဖက် အနိုင်ရလိုက်သည်ဟူသော မာန်မာနကင်းပသည့် ကြည်လင် သန့် ရှင်းသော ဝမ်းမြောက်ခြင်းသာ ဖြစ်ပါသည်။

ရန်သူတို့သည် အတော်ကလေးအထိနာသွားခဲ့ကြသည်။အကျအဆုံး ဒဏ်ရာရသူအတော်များများရှိခဲ့သည်။ ထို့ထက်အရေးကြီးသည်က သူတို့ ၏ သံချပ်ကာမီးရထား၊ သံချပ်ကာကားများ၊ ခြောက်ပေါင်ဒါ အမြောက်၊ သုံးလက်မမော်တာအချို့နှင့် ခဲယမ်းမီးကျောက်တို့ကို ကျွန်တော်တို့က ဖမ်းဆီးရလိုက်မိခြင်းပင် ဖြစ်သည်။ ထို့ကြောင့် တောင်ငူသို့ချီတက်ရာ လမ်းမကြီးသည် ပွင့်လင်းသွားခဲ့ပါပြီ။

သို့ရာတွင် ကျွန်တော်တို့သည် ထိုအောင်မြင်မှုကို ကြီးမြင့်စွာ မဟုတ်သော်လည်း တန်ရာတန်ဖိုးကိုတော့ဖြင့်ပေးကာဝယ်ခဲ့ကြရပါသည်။

ဗိုလ်ကြီးစိုးမင်းနှင့် ရဲဘော်အချို့တို့ ကျဆုံးခဲ့ကြရသည်။

## တောင်ငူမြို့ကို ပြန်လည်သိမ်းပိုက်ခြင်း

ပြွန်တန်ဆာကို ရရှိသည့်နေ့မှာပင် ကျွန်တော်တို့ တပ်ရင်း ၆ က ထိုနေ့၌ ညောင်လေးပင်ကို အခုအခံမရှိ ဆက်လက်သိမ်းပိုက်လိုက်သည်။

http://www.cherrythitsar.org



ထို့နောက်တော့ တောင်ငူကို သိမ်းသည်အထိ တပ်ရင်း ၆ သည် ရှေ့တန်းတိုက်စစ်၌ မပါဝင်ရတော့။ နောက်ပိုင်း ဆက်သွယ်ရေးလမ်းကြောင်း ထိန်းသိမ်းရေးတာဝန်ကိုသာ ယူကြရသည်။ ထို့ကြောင့် ကျွန်တော်သည် ပဲခူးလေယာဉ်ကွင်း၌ အပူတပြင်းလေ့ကျင့်ရေး ဆင်းနေကြသည့် ခြေလျင်တပ်ရင်း ၅ ကို ပြန်၍ ကြည့်နိုင်အားခဲ့သည်။

၁၉၅၀ ခုနှစ်၊ မတ်လ ၅ ရက်နေ့။

ဖြူးမြို့သို့ဝင်လာသောနေ့ကမူ တိုက်ခိုက်ရေးတာဝန်ကျနေသော ဗိုလ်မှူးကြီးချစ်မြိုင်၏ ဖိတ်ခေါ်ချက်ဖြင့် ရှေ့တန်းသို့တက်ခဲ့သည်။ ရန်သူသည် ပြွန်တန်ဆာမှ ဆုတ်ခွာသွားပြီးသည့်နောက် ခုခံမှုမရှိသလောက်ဖြစ်ခဲ့သည်။ ယခုမူ ဖြူးမြို့တွင် အလုံးအရင်းဖြင့်ရှိနေသည်ဟု သတင်းရရှိထားသည်။ ဗိုလ်မှူးကြီးချစ်မြိုင်၏ တပ်ရင်း ၃ သည် ထိုရန်သူကို တိုက်ခိုက်မည် ဖြစ်သည်။

မွန်းလွဲနှစ်ချက်တီးခန့်တွင် မြို့စပ်သို့ ချဉ်းကပ်မိကြသည်။ မြို့အဝင်ဝသို့ရောက်သည်အထိ ရန်သူ၏ ပစ်ခတ်မှုမရှိခဲ့။ ထို့ကြောင့် ကယ်ရီယာတို့တွင် စီးကြကာ သတိကြီးစွာထား၍ ဘီးတစ်လှိမ့်ခြင်းဖြင့် မြို့တွင်းသို့ ဝင်ခဲ့ကြသည်။

ဝင်ရောက်မိသည်နှင့် ပတ်ဝန်းကျင်သည် ထူးခြားနေသည်ကို သိလိုက်ကြရပါသည်။

အခြား အခြားသော မြို့များဖြစ်သော ပိန်းဇလုပ်၊ ပဲနွယ်ကုန်း၊ ကညွတ်ကွင်း အစရှိသောဖြတ်သန်းခဲ့ကြရသည့် မြို့များတို့၌မူ တပ်မတော်ရောက်ရှိလာပြီဟုဆိုလျှင်ပင် မြို့သူမြို့သားတို့သည် မွေးကင်းစပါမကျန် အိမ်ပေါက်စေ့မှထွက်၍ သပြေခက်၊ညောင်ရေအိုး၊သောက်ရေချိုင့်တို့ဖြင့်

http://www.cherrythitsar.org



ကြိုဆိုကြသည်။စားသောက်ဖွယ်သစ်သီးဝလံတို့ဖြင့်ပြုစုကြသည်။ဝမ်းသာအားရ ကကြခုန်ကြသည်။ အချို့ကမူဝမ်းသာလွန်းသဖြင့် ငိုကြသည်။

ဒီမှာတော့ မြို့သည်သုသာန်တစပြင်ကဲ့သို့ တိတ်ဆိတ်ခြောက်သွေ့လျက်ရှိနေပါသည်။ အားလုံးသောအိမ်တို့သည် တံခါးတို့ကို ပိတ်ထားကြသည်။ လမ်းပေါ်၌လည်း လူသူတစ်ဦးတစ်ယောက်မျှမမြင်ရမတွေ့ရ။

ဗိုလ်မှူးချုပ်ကျော်ဇော၊ ဗိုလ်မှူးကြီးချစ်မြိုင်နှင့် ကျွန်တော်တို့သည် တစ်ဦးမျက်နှာကိုတစ်ဦး လှည့်ကြည့်မိကြသည်။ နှုတ်မှဖွင့်ဟအသံမထွက်ကြသော်လည်း တစ်ယောက်ကိုတစ်ယောက် ဘယ်လိုလဲဟု မျက်လုံးချင်းမေးနေမိကြသည်။

ရန်သူတွေရှိနေကြတုန်းပဲလား။ ကျွန်တော်တို့သည် ထောင်ထားသည့် ရန်သူ၏ ထောင်ချောက်အတွင်းသို့ ဝင်မိခဲ့ကြလေပြီလား။

မြို့တွင်းသို့အတန်ငယ်ဝင်မိကြလျှင် ရဲဘော်တွေက ‘ဗမာ့တပ်မတော်ရောက်လာပါပြီ ခင်ဗျား၊ မြို့သူမြို့သားများ ထွက်ခဲ့ကြပါ’ အကြိမ်ကြိမ်ဟစ်အော်ဖိတ်ခေါ်ကြသည်။ သို့ရာတွင် မြို့ကတော့ တုတ်တုတ်မျှမလှုပ်။

အမှန်တော့ မြို့သူမြို့သားတို့သည် လှုပ်နိုင်စွမ်းမရှိရှာကြတော့ပါ။ မလှုပ်ဝံ့ရှာကြတော့ပါ။ ထိုအကြောင်းကိုမကြာမီမှာပင် ကျွန်တော်တို့သည် တုန်လှုပ်စွာဖြင့် ရင်တနင့်နင့်နှင့် မြင်တွေ့ကြရပါသည်။

ရဲဘော်တွေသည် တစ်လောင်းမှ နောက်တစ်လောင်းသို့ကူးပြောင်းကာ အသက်များ ကျန်ရှိသေးသလား။ စမ်းသပ်ကြည့်ကြသည်။ မရှိကြတော့ပါ။ အေးစက်နေကြပါပြီ။ အားလုံးလိုလိုပင် ဓားဒဏ်ရာများဖြင့်ဖြစ်ကြသည်။

ကျွန်တော်၏ နှုတ်ခမ်းသားတို့ကိုသာ တင်းစွာကိုက်လို့ ထားလိုက်ရပါသည်။

http://www.cherrythitsar.org



ဗိုလ်မှူးချုပ်ကျော်ဇောကိုယ်တိုင်ပင် သူ့စိတ်တို့ကို အလွန်အမင်း တင်း၍ ထားနေရဟန်တူသည်။

'ဗိုလ်မှူးချစ်မြိုင်၊ ဗိုလ်မှူးတင်မောင်'

'ခင်ဗျာ'

'ရဲဘော်တွေကို ကျကျနနထိန်းကြဗျာ၊ စိတ်လိုက်မာန်ပါ ဘာမှ မလုပ်ပါစေနဲ့'

ထို့နောက်တော့ တောင်ငူကို အမြန်ဆုံးရောက်ရှိရေးသည် အရေးကြီးဆုံး ဖြစ်လာရပါသည်။ ရန်သူသည် တောင်ငူမှ အဆုတ်တွင်လည်း ဖြူးမှာကဲ့သို့ ရမ်းကားသွားပါက ဆက်လို့ မတွေးဝံ့ကြတော့။ ထို့ပြင် မိတ္တီလာ၌ ဖမ်းမိသွားသော ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်ကြီးစောမြသိန်း၊ (ဒုဗိုလ်ကြီး အငြိမ်းစား၊ သမဝါယမ) ဗိုလ်ကြီးထွန်းအုပ် (ဒုဗိုလ်မှူးကြီး အငြိမ်းစား)၊ ဗိုလ်မှူးဒေါ်ဆင် အစရှိသူတို့နှင့် တောင်ငူတွင် ဖမ်းမိသွားသော ဗိုလ်မှူးသိန်းတုတ် (ဗိုလ်မှူးကြီးအငြိမ်းစား၊ သံအမတ်ကြီး)တို့သည်လည်း တောင်ငူထောင်ထဲ၌ ရှိနေကြသည် ဖြစ်သည်။

ထို့ကြောင့် ကျနသော အစီအစဉ်တို့ကိုပင် မပြုနိုင်ကြတော့။ နောက်ပိုင်းတွင်ရှိ ဗိုလ်မှူးဗန်ကူးတို့၏ တပ်ရင်းကို အမြန်ဆုံးခေါ်ယူ၍ သူတို့ရောက်လျှင်ရောက်ချင်း တောင်ငူသို့ ချီတက်ခဲ့ကြသည်။

၁၉၅၀ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့၊ ညနေ ၅ နာရီခန့်တွင် ရန်သူ၏ အနည်းငယ်မျှသော ခုခံမှုကို တွန်းဖယ်၍ တောင်ငူမြို့ကို သိမ်းပိုက်လိုက်ကြသည်။

ရန်သူတို့သည် သံတောင်ဒေသသို့ ဆုတ်ခွာသွားကြသည်။ သူတို့နှင့်အတူ ဗိုလ်မှူးချုပ်မောင်မောင်တို့ကိုပါ တစ်ပါတည်း ခေါ်ဆောင်သွားကြသည်။

http://www.cherrythitsar.org



**အင်းတိုင်တုန်း**

တောင်ငူမြို့ကို သိမ်းပိုက်ပြီးသည့်နောက် နှစ်ရက်ခန့် အကွာတွင် ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင် ရောက်ရှိလာ၍ လိုအပ်သည်တို့ကို ညွှန်ကြားသည်။

'ကဲ၊ ကိုယ့်လူတွေ ဘာလိုချင်ကြသလဲ' ဗိုလ်ချုပ်ကြီးက အားပါးတရ မေးသည်။

ကျွန်တော်တို့ရဲ့ အဖြေက 'သံချပ်ကား'

ဟုတ်ပါသည်။ ကျွန်တော်တို့၏ စိတ်ထဲတွင် စွဲလမ်းတောင့်တနေကြသည်ကသံချပ်ကားများပင်ဖြစ်ကြသည်။ သံချပ်ကားနှင့်ကယ်ရီယာတွေကြောင့် ချီတက်ရာ၌ ဤမျှမြန်ဆန်သည်။ အကျအဆုံးနည်းပါးခဲ့ရသည်။ ထို့ကြောင့် သံချပ်ကားမှ သံချပ်ကား။

တောင်ငူမြို့ကိုရရှိပြီးသော်လည်း မြို့၏လုံခြုံမှုအတွက် အနီးပတ်ဝန်းကျင်ကို ဆက်လက်ရှင်းလင်းကြရပါဦးမည်။ ထိုတာဝန်ကို ထမ်းဆောင်ဖို့ ကျွန်တော်နှင့် တပ်ရင်း ၆ တို့ အလှည့်ကျရပြန်သည်။

တစ်ပတ်ခန့်နားကြ၍ အစီအစဉ်တို့ကိုပြုလုပ်ပြီးလျှင် ကျွန်တော်တို့ တပ်ရင်းသည် သံတောင်ကားလမ်းအတိုင်း ချီတက်ခဲ့ကြသည်။ ဗိုလ်မှူးချုပ်ကျော်ဇောကိုယ်တိုင် စီမံခန့်ခွဲ၍ လိုက်ပါလာသည်။

မြို့မှထွက်သည်ဆိုလျှင်ပင် ရန်သူ၏ ပစ်ခတ်မှုကို ခံကြရသည်။ ထို့ကြောင့် ရန်သူသည် ဤလမ်းကိုတော့ဖြင့် အကြိတ်အနယ် ကာကွယ်လိမ့်မည်ဆိုသည်ကို ခန့်မှန်းကြရပါသည်။ သို့ရာတွင် ရန်သူသည် အဝေးမှသာ ခြောက်ပေါင်ဒါအမြောက်ဖြင့် ပစ်ခတ်သည်မှ မထိရောက်။ သံချပ်ကားတစ်စီးကို ရှေ့တွင်တင်၍ ဆက်လက်ချီတက်ခဲ့ကြသည်။

http://www.cherrythitsar.org



မြေပြန့်ကိုကျော်လွန်၍ အင်းတိုင်ကုန်းဟုခေါ်သောကုန်းမြင့်ဆီသို့ ချဉ်းကပ်လိုက်လျှင်မူ ကျွန်တော်တို့ ချီတက်ရမည့်လမ်းသည် မည်မျှ အန္တရာယ်ကြီးမားသည်ဆိုသည်ကို တွေ့ရှိလိုက်ကြရသည်။ ဘေးနှစ်ဘက် မြင့်မားသော တောင်ကြားကိုဖြတ်၍ သွားကြရမည်ဖြစ်သည်။ ထို့ကြောင့် အခြားမှကွေ့ပတ်၍ တက်နိုင်မည့်လမ်း စ၍ရှာသည်။ မတွေ့။

ထိုအခါ ဤတောင်ကြားမှပင် အတင်းပစ်၊ အတင်းတက် နည်းလမ်း မှတစ်ပါး အခြားနည်းလမ်း မရှိတော့သည်ကို လက်ခံလိုက်ကြရသည်။

ကယ်ရီယာသံချပ်ကာယာဉ်ကလေးတို့တွင် ရှေ့ဆုံးတပ်ခွဲမှ ရဲဘော် တို့ကိုတင်သည်။ အားလုံးအဆင်သင့်ဖြစ်ပါပြီ။သတင်းပို့ရန် ဗိုလ်မှူးချုပ်ကို ရှာသည်။

လား လား၊ သူသည် တတိယကယ်ရီယာပေါ်တွင် ရောက်ရှိနေ သည်ကို တွေ့လိုက်ရပါသည်။ သူ့မျက်နှာမှာတော့ ထုံးစံအတိုင်း လက်ကိုင်ပဝါ အဖြူကြီးကို စည်းထားလို့။

ရန်သူက ခုခံမှုသည် မည်မျှပြင်းထန်မည်ဆိုသည်ကိုမခန့်မှန်းနိုင် သည်ဖြစ်သဖြင့် သူကဲ့သို့သောဗိုလ်မှူးချုပ်တစ်ဦးအတွက် အထူးစိုးရိမ်ဖွယ် ဖြစ်ရသည်။ထို့ကြောင့်ကန့်ကွက်မည်ဟုစဉ်းစားမိပါသေးသည်။နောက်ပိုင်း ဌာနချုပ်နှင့်အတူ လိုက်ပါခဲ့ရန် တောင်းပန်မည်ဟု ကြံမိပါသေးသည်။ သို့ရာတွင် ယခင့်ယခင်အတွေ့အကြုံများအရ ပြော၍ရမည်မဟုတ်သည် ကို ကျွန်တော်ကောင်းကောင်းသိပါသည်။ သူသည် မကြားယောင်ဆောင် လိုက ဆောင်မည်။ သို့မဟုတ် မသိကျိုးကျွန်ပြုမည်။ ကဲ ရှိပါစေတော့။

'တက်မယ်ဟေ့' ရှေ့ဆုံးတွင်ရှိသံချပ်ကားကိုအမိန့်ပေးလိုက်သည်။

တောင်ခြေမှတဖြည်းဖြည်းတက်ခဲ့ကြသည်။ ကျွန်တော်နှင့်ရုံးအဖွဲ့ တို့သည် ကယ်ရီယာများနှင့်ယှဉ်၍ လမ်းဘေးကမ်းပါးမှ ကပ်ကာလိုက်ခဲ့ ကြသည်။

http://www.cherrythitsar.org



တောင်ကြားအတွင်းသို့ဝင်မိသည်နှင့် ရန်သူသည် မီးကုန်ယမ်းကုန် ပစ်ခတ်ပါတော့သည်။ ရန်သူ၏ စက်သေနတ်ကျည်ဆန်တို့သည် သံချပ်ကားနှင့် ကယ်ရီယာတို့ကို တဒေါက်ဒေါက်လာရောက်ထိမှန်ကြသည်။ ခေါင်းပေါ်မှအစုလိုက်ပျံသွားကြသည်။ဘေးမှအပြုံလိုက်ပွတ်ကာသပ်သွားကြသည်။ပတ်ဝန်းကျင်တစ်ခုလုံးမှာတော့ကျည်ဆန်တို့သည် ပေါက်ပေါက်တို့ကို ဆုပ်ကာဆုပ်ကာကြဲလိုက်သလို ဖွာခနဲ ဖွာခနဲ ကျလာကြသည်။ ထိုစက်သေနတ်တို့နှင့်ကပ်၍ မော်တာဗုံးတို့သည် ကျလာကြပြန်သည်။ ပတ်ပတ်လည်တွင် တဝုန်းဝုန်းပေါက်ကွဲကြသည်။ ကျွန်တော်တို့လူစုသည် လမ်းဘေးတွင် ရရာအကွယ်အကာတို့တွင်သာတွယ်ကပ်နေကြရသည်။

'ဗိုလ်မှူး၊ သံခမောက် သံခမောက်'

အနားမှကပ်ကာ အော်၍ပြောနေသံကို ဝိုးတဝါးကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်လျှင် ကျွန်တော်၏ ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးမျိုးအောင် (ဒုဗိုလ်မှူးကြီး အငြိမ်းစား)ကို တွေ့ရသည်။ သူသည် သံခမောက်တစ်လုံးကို ကျွန်တော့်အား လှမ်းပေးနေသည်။ သို့ရာတွင် ထိုသံခမောက်ကို လှမ်းယူရန်အချိန်မရလိုက်။

ထိုအခိုက်ရန်သူ၏ ပြင်းထန်လှသောပစ်ခတ်မှုကြောင့် သံချပ်ကားနှင့် ကယ်ရီယာတို့သည် အံ့အားသင့်ကာ တန့်သွားကြသည်။

အဲဒါမှဒုက္ခ။ ဤကဲ့သို့တောင်ကြား၌ ယခုလိုရပ်နေပါက အားလုံးသေကြပါတော့မည်။

'ဟေ့၊ဘာလုပ်ရပ်သလဲ၊ တက်ကွ တက်ပါလား' ကျွန်တော်သည် ငယ်သံပါအောင် အော်လိုက်မိသည်။

အခြားအရာရှိ အကြပ်တို့ကလည်း အလားတူ အော်ကြသည်။ ထိုအတွင်း 'ဗိုလ်မှူး တင်မောင်၊ ဗိုလ်မှူး တင်မောင် ဒီကိုလာ ဒီကိုလာ'

http://www.cherrythitsar.org



ကယ်ရီယာပေါ်သို့လာရန် ဟစ်အော်နေသော ဗိုလ်မှူးချုပ်၏အသံကို သဲ့သဲ့ကြားလိုက်ရသည်။

သို့ရာတွင် သူခေါ်ရာသို့လည်း သွားဖို့ အချိန်မရလိုက်။

'တက်ကွ၊ တက် တက်'

သံချပ်ကားအတွင်းရှိ ရဲဘော်တွေသည် ကျွန်တော်တို့၏ အော်သံ၊ အမိန့်သံတို့ကို ကြားကြတော့မည်မဟုတ်။ သို့ရာတွင် သူတို့သည်လည်း အခြေအနေကို သိရှိလိုက်ကြပါလိမ့်မည်။ စက်တို့ကို အစွမ်းကုန်ဖွင့်၍ စက်သေနတ်ကို မရပ်မနား တရစပ်ပစ်ကာ ဝူးခနဲ တစ်ရှိန်ထိုး ထိုးတက်လိုက်သည်။

ထိုအခါကျမှ တောင်ထိပ်ပေါ်ရှိ ရန်သူတို့သည် ဆုတ်ခွာထွက်ပြေးကြသည်။

ကျွန်တော်တို့သည် ထိုသံချပ်ကားနောက်ဆွယ်မှကပ်ကာ တောင်ထိပ်သို့ ရောက်ရှိသွားကြသည်။ ထိုနေရာတွင် ဂျစ်ကားတစ်စီး၊ ၎င်းအပေါ်တွင် တပ်ဆင်ထားသော ဂျပန်စက်သေနတ်ကြီး တစ်လက်နှင့် ရန်သူအလောင်းနှစ်လောင်းတို့ကို ရရှိလိုက်ကြသည်။ ထိုစက်သေနတ်ကြီးသည် ကျွန်တော်တို့အားမွှေခဲ့သော စက်သေနတ်ကြီးပင် ဖြစ်သည်။

'နေရာယူကြဟေ့'

တပ်တို့သည်ဖြန့်၍ ခံစစ်နေရာ ယူလိုက်ကြသည်။ အမှန်တော့ ယခုကဲ့သို့ သိမ်းပိုက်ရရှိပြီးစ ရန်သူ၏ ခံစစ်မြေကတုတ်တို့တွင် ဝင်ရောက်စခန်းချရန် မသင့်ပါ။ ထိုနေရာမျိုးသည် ရန်သူက အခွင့်သင့်သည်နှင့် တန်ပြန် တိုက်စစ်ဆင်နိုင်ရန်အတွက် သူ၏အမြောက်၊ မော်တာတို့ဖြင့် ကြိုတင်ချိန်ရွယ်ပြီးဖြစ်တတ်ပါသည်။သို့ရာတွင် ထိုစဉ်ကတော့ ကျွန်တော်သည် ရန်သူအား အထင်သေးခဲ့မိပါသည်။

http://www.cherrythitsar.org



ကျွန်တော်သည် တောင်ထိပ်သို့ရောက်မှပင် တစ်ကိုယ်လုံးတဆတ်ဆတ် တုန်နေသည်။ လက်ဖဝါးတို့သည်လည်း ချွေးစေးတို့ဖြင့်စေးကပ်နေကြသည်။ မောဟိုက်လွန်းလှသဖြင့် လမ်းဘေးရှိ အကြော်ဆိုင်နေရာနှင့် တူသော တဲကလေးအောက်တွင် ဝင်၍ ထိုင်လိုက်ရသည်။

'ရေ ဗိုလ်မှူး' ဗိုလ်ကြီးမျိုးအောင်က ရေဘူးတစ်ဘူးလာပေးသည်။

သူ့ကို ကျေးဇူးတင်စွာဖြင့် မော့၍ ကြည့်လိုက်မိပါသည်။ သူ့တစ်ကိုယ်လုံးသည်လည်း ဖုံအလိမ်းလိမ်း ချွေးတပြက်ပြက်ဖြင့်။

ရေဘူးမှ တစ်ငုံငုံလိုက်သည်။ သို့ရာတွင် ထိုတစ်ငုံမျှသောရေကိုပင် တော်တော်နှင့် မျိုချ၍မရ။ လည်ချောင်းသည်နာကျင်နေသည်။ တစ်စက်ချင်း တစ်စက်ချင်း စိမ့်ကာ စိမ့်ကာ မြို့နေရသည်။

ဗိုလ်မှူးချုပ်ကျော်ဇောသည် လမ်း၏ဟိုဘက်ရှိ သစ်ပင်ရိပ်တစ်ရိပ်အောက်တွင်ထိုင်၍ မြေပုံကိုကြည့်နေသည်။ ကျွန်တော်သည် ဗိုလ်မှူးချုပ်ထံသို့ သွားမည်ဟု ကြံပါသေးသည်။ သို့ရာတွင် ခြေထောက်တို့က မလှုပ်ချင်ကြတော့။ ထို့ကြောင့် ဆက်လက်၍ ထိုင်နေမိသည်။ အတော်ကလေး အမောပြေတော့မှ စီးကရက်တစ်လိပ်ကိုထုတ်ကာ မီးညှိ၍ အားပါးတရဖွာလိုက်သည်။ထိုအတွင်းထမင်းစားရန်ကိုသတိရလိုက်သည်။ ဆာ၍တော့မဟုတ်။ခေတ္တအနားရတုန်း စားထားမှဖြစ်ပါမည်။ထို့ကြောင့် ကျွန်တော်၏လက်စွဲ ရဲဘော်သာဒွန်းကိုရှာသည်။ သူမရောက်လာသေး။

ရဲဘော်သာဒွန်း (တပ်ကြပ်ကြီး အငြိမ်းစား၊ ဖောင်ကြီးကျောင်း) သည် ကျွန်တော်၏ အကူရဲဘော်အဖြစ်အမှုထမ်းခဲ့သည်မှာ သေနတ်ကိုင်တပ်ရင်း ၆ ဖွင့်စကပင်ဖြစ်သည်။ သူသည် ကားမောင်းတတ်သည်။ ထမင်းဟင်း ကောင်းစွာချက်တတ်သည်။ မြန်မာအစာ၊ ကုလားအစာ၊

http://www.cherrythitsar.org



အင်္ဂလိပ်အစာ အားလုံးတတ်သည်။ ရိုးသားသည်။ ပြီးတော့ ကျွန်တော့်ကို အင်မတန်ချစ်သည်။

စီးကရက် မကုန့်တကုန်တွင် သူ ရောက်လာသည်။

'သာဒွန်းရေ၊ ထမင်းရောက်ပြီလားကွ'

'ရောက်ပြီ ဗိုလ်မှူး၊ စားတော့မလား'

'အေးကွာ၊ ပြီး ပြီးတာပေါ့'

ထမင်းထုပ်ကို ဖြေလိုက်သည်။ စားမည်ဟု ဟန်ပြင်လိုက်ပါမှ ရင်တွင်း၌ အလိုလိုပြည့်လာသည်။ ထို့ကြောင့် တစ်လုတ်နှစ်လုတ်နှင့်ပင် ရပ်လိုက်ရသည်။

'တော်ပြီကွာ' အနီးရှိဆက်သား ရဲဘော်တစ်ဦးကို လှမ်းပေးလိုက်သည်။ သူတို့ဝိုင်းမှာတော့ စားနေလိုက်ကြသည်က မြိန်ရေရှက်ရေ ထိုအခိုက်မှာပင်

'ဗိုလ်မှူးတင်မောင်၊ လာဗျို့ ဒီကို၊ ထမင်းစားရအောင်' ဗိုလ်မှူးချုပ်က လှမ်း၍ ခေါ်နေသည်။

ကျွန်တော်သည် တဲကလေးမှထွက်ခဲ့သည်။ လမ်းကိုဖြတ်ကျော်၍ ဗိုလ်မှူးချုပ်ရှိရာသို့ လာခဲ့သည်။ သို့ရာတွင် သူတို့ထံသို့ မရောက်တော့ပါ။

ရုတ်တရက်စူးရှသော လေချွန်သံကြီးနှင့်အတူ ရန်သူ၏ မော်တာဗုံးတို့သည် အနှံ့အပြားကျလာကြသည်။

ကျွန်တော်သည် နီးရာသစ်ပင်ရင်းသို့ ထိုးဝင်လိုက်ရသည်။ မြေကြီးသည်ပေါက်ကွဲသံတို့ဖြင့် သိမ့်သိမ့်တုန်သွားသည်။ မြေစိုင်မြေခဲတို့သည် ကျွန်တော့်ကိုယ်ပေါ်သို့ တဖွားဖွားကျလာနေကြသည်။ လက်နှစ်ဘက်ဖြင့် ခေါင်းကို အုပ်မိုးထားလိုက်သည်။ တစ်ကမ္ဘာများ ကြာလေ

http://www.cherrythitsar.org



သလား။ အဲဒီလိုပဲ စိတ်ထဲက အောက်မေ့မိလိုက်သည်။ အမှန်တော့ စက္ကန့်ပိုင်းမျှသာ ဖြစ်ပါသည်။

ပေါက်ကွဲသံတို့ ရပ်စဲသွားလျှင် ပတ်ဝန်းကျင်သည် ခေတ္တမျှ တိတ်ဆိတ်လျက် ရှိနေသည်။ တစ်ခဏကြာမှ ဟိုမှသည်မှ လှုပ်ရှားသံ၊ အော်သံ၊ ခေါ်သံတို့ကို ကြားရသည်။ ပြန်လည် အသက်ဝင်လာကြသည်။

ကျွန်တော်ထ၍ ရပ်လိုက်သည်။ ကျွန်တော့်ကိုယ်ကို ဟိုဟိုဒီဒီ စမ်းကြည့်သည်။ နာကျင်သောနေရာမရှိ။ သွေးစသွေးနကိုလည်း မတွေ့ရ။ ထိုစဉ်မှာပင်

'ဗိုလ်မှူး၊ ဗိုလ်မှူး'

ရဲဘော်သာဒွန်း၏ ခေါ်သံသဲ့သဲ့ကိုကြားလိုက်ရသဖြင့် ကျွန်တော် ထမင်းစားခဲ့သော တဲကလေးဆီသို့ လှည့်၍ကြည့်လိုက်လျှင် ကျွန်တော့် မျက်လုံးတို့သည် ပြာ၍သွားကြသည်။

တဲကလေးမရှိတော့ပါ။ ရဲဘော်သုံးလေးဦးတို့သည် အတုံးအရုံးလဲ၍ နေကြသည်။ ရဲဘော်သာဒွန်းသည် သူ၏ခြေထောက်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ ကျွန်တော့်အား လှမ်းမျှော်ကြည့်ကာ တကြော်ကြော် ခေါ်နေ ရှာပါသည်။ ကျွန်တော် သူတို့ထံသို့ ပြေး၍သွားသည်။

'သာဒွန်း၊ ဖြစ်ရလေကွာ'

သူ့ခြေထောက်တစ်ဘက်သည် သွေးတို့ဖြင့် ရဲရဲနီနေသည်။ ထိုအနီး၌ လဲနေကြသော ကျွန်တော်၏ရုံးအဖွဲ့သားရဲဘော်တို့မှာလည်း သူတို့၏ သွေးအိုင်တို့တွင်ပင် မလှုပ်မယှက်၊ ရဲဘော်အချို့ ပြေးလာကြသည်။ ဆေးတပ်သားသည် ဒဏ်ရာရသောရဲဘော်တွေကို တစ်ဦးစီတစ်ဦးစီ ကပျာကရာစစ်ဆေးနေသည်။ သာဒွန်း၏ ခြေသလုံးဒဏ်ရာသည် နည်း နည်းတော့ ကြီးသည်။ မော်တာဗုံးအစတွေ ဝင်နေသည်လို့ထင်ရသည်။

http://www.cherrythitsar.org



အသက်အတွက်တော့ မစိုးရိမ်ရ၊ ဆက်သားရဲဘော် နှစ်ဦးတို့မှာမူ ခေါင်းတွင် ထိထားကြသဖြင့် သူတို့အတွက်စိုးရိမ်မိသည်။ သူတို့သည် သတိရတစ်ချက်၊ မရတစ်ချက် ရှိနေကြသည်။

'ဟာ နည်းနည်းကလေးရှပ်မှန်ထားတာပဲကွ၊ ကံကောင်းလို့ပေါ့' ကျွန်တော်သည် ရဲဘော်တစ်ဦး၏လက်ကို ဆုပ်ကိုင်လိုက်ပြီး ကြိုးစား၍ ရယ်ရယ်မောမောဖြင့် ပြောနေမိသည်။ ထိုရဲဘော်ကမူ ကျွန်တော်ပြော သည်ကို ကြားမှ ကြားပါလေစ မပြောတတ်။

ရဲဘော်သာဒွန်းကတော့ တဟင်းဟင်းဖြင့် ညည်း၍သာနေသည်။

'သာဒွန်းရ၊ မင်းဒဏ်ရာက နည်းနည်းကလေးပဲဟာ၊ အရိုး မထိ ပါဘူးကွ'

'ထိပါတယ်၊ အရိုးကို ထိပါတယ် ဗိုလ်မှူးရယ်' ချွဲချွဲပျစ်ပျစ် ညည်းနေ ပြန်သည်။

ချော့မော့၍မဖြစ်တော့သဖြင့်

'ငါ့လခွေး မသေနိုင်ပါဘူးကွာ' အံကိုကျိတ်၍ ရက်ရက်စက်စက် ပြောလိုက်သည်။

ချက်ချင်းပင် ဒဏ်ရာရသူတို့ကို တောင်ငူသို့ သယ်သွားသည်။ ကျွန်တော်သည် လမ်းဘေးမှရပ်ကာ လူနာတင်မော်တော်ကား ထွက်သွား သည်ကို မျက်စိတစ်ဆုံး ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ရပါသည်။

ချမ်းသာကြပါစေ။

## အသက်တစ်ချောင်း ကယ်ဆယ်ဖို့အရေး

ထိုစခန်းတွင်ဆက်လက်နေရန်မသင့်တော့သဖြင့် ဆက်လက်ချီတက် ခဲ့ကြသည်။

http://www.cherrythitsar.org



မွန်းလွဲတစ်နာရီခန့်ရှိပါပြီ။ ကောင်းကင်ပြင်သည် တိမ်မြူကင်းစင်လျက် ပြေပြေကလေးမှုသာပြာလျက်ရှိသည်။ ခေါင်းပေါ်တည့်တည့်ရှိ နီလျှမ်းပြင်းပြသော နေလုံးကြီးမှ ခြစ်ခြစ်တောက်အပူရှိန်သည် ကျွန်တော်တို့အား ပေါင်းတိုက်ထားသကဲ့သို့ အုပ်ထွေးထားနေသည်။ ထိုမျှပူပြင်းသော နေရှိန်အောက်တွင် ရဲဘော်တွေသည် စက်ရုပ်တွေလို တလှုပ်လှုပ်သာ တစ်လှမ်းချင်း ရွေ့လျားနေကြသည်။ သူတို့ရဲ့ ကိုယ်ခန္ဓာတွေကသာ ဤလမ်းမကြီးပေါ်တွင်ရှိနေကြသော်လည်း သူတို့ရဲ့စိတ်တွေသည် ဘယ်ဆီဘယ်ဝယ်များ လွင့်ပျံ့နေကြပါလိမ့်။ ကျွန်တော်သည်ပင် စိတ်သည်တခြား လူသည်တခြား။

'ဒိုင်း'

ရှေ့ဘက်ဆီမှ ကြားလိုက်ရသောပေါက်ကွဲသံနှင့်အတူ ကျွန်တော်၏ လေလွင့်စိတ်တို့သည် ရုတ်ခြည်း ပြန်၍လာကြသည်။

'သံချပ်ကား ထိသွားတယ်' ရှေ့မှတစ်စုံတစ်ယောက်က အော်လိုက်သည်။

ရဲဘော်တွေသည် လမ်းဘေးတွင် နေရာယူလိုက်ကြပြီး ဖြစ်သဖြင့် လမ်းမကြီးသည် ဟာလာဟင်းလင်း ရှင်းလျက်ရှိနေသည်။ ရှေ့နား လမ်းအကွေ့တွင်မူ ထီးထီးကြီးရပ်တန့်လျက် မလှုပ်မရှားတော့သော သံချပ်ကားကြီးကို မီးခိုးလုံးတို့အကြား၌ မြင်လိုက်ရသည်။ သူ့အထဲမှာက ရဲဘော်သုံးဦး။ ထိုအတွင်း၌ပင် ၎င်း၏ပတ်ပတ်လည်သို့ မော်တာဗုံးများ၊ စက်သေနတ် ကျည်ဆန်များကျလာကြသည်။

ရှေ့ဆုံးတပ်ခွဲမှ တပ်ခွဲမှူးသည် လမ်းဘေးမှကပ်ကာ ကျွန်တော့်ထံသို့ ပြေးလာနေသည်။

'သံချပ်ကားတော့ထိသွားပြီ' သူက သတင်းပို့သည်။

http://www.cherrythitsar.org



'ဘာနဲ့လဲ မိုင်းလား'

'မိုင်းမဟုတ်ဘူး၊ ခြောက်ပေါင်ဒါလား ဘာလား၊ အမြောက်ပဲ'

'ကဲ ဒါဖြင့် ရှေ့သိပ်ရောက်နေတဲ့ တပ်စုကို နည်းနည်းနောက်ပြန်ဆုတ်၊ ပတ်လည်ခံစစ်ချ'အမိန့်ပေးခဲ့ပြီး ကျွန်တော်သည် ရှေ့သို့ဆက်လက်တက်ခဲ့သည်။

သံချပ်ကားကြီးသည် ထူးအပြည့် ခတ်ထားခြင်း ခံနေရသောဆင်ပြောင်ကြီးကဲ့သို့ ရှိနေရှာသည်။ သူ၏ စက်နှိုးသံကို ကြားနေရသည်။ သို့ရာတွင် စက်သည် ပြန်လည်မနိုးလာတော့ပါ။ တဝူးဝူးအော်မြည်ရင်းဖြင့်ပင် အသံသည် ပျောက်၍ ပျောက်၍ သွားသည်။ တစ်ခဏကြာတော့ ဖျော့တော့သော အသံပြုနိုင်ရှာပါတော့သည်။

ထိုနေရာသည် ကျဉ်းမြောင်းသော လမ်းကွေ့ဖြစ်သည်။ လမ်း၏ဘယ်ဘက်တွင် နက်စောက်သော ချောက်ကြီးရှိသည်။ ညာဘက်တွင် မြင့်မားသော ကမ်းပါးရံရှိသည်။ ကွေ့ရန်လည်းနေရာမရှိ။ ရှိစေကာမူကွေ့ရန်လည်း သူ မစွမ်းတော့။ သူ့ကို အခြားသံချပ်ကား ကျော်တက်ရန်လည်း နေရာမကျန်တော့။

ကျွန်တော့်နောက်သို့ ပြန်ခဲ့သည်။ လမ်းတစ်ဝက်၌ ဗိုလ်မှူးချုပ်နှင့်တွေ့သည်။

'ဝိုင်ယာလက်စက်လဲ ခေါ်လို့မရတော့ဘူး' အနီးရှိဆက်သွယ်ရေးအရာရှိက ပြောသည်။ 'သူ့ကိုထိတာနဲ့ ရပ်သွားတာပဲ'

ဒီလိုဆိုရင်ဖြင့် ခက်လှပါသည်။

'တွန်းနိုးရင် ရမလားမပြောတတ်ဘူး'

ဒါလဲမဖြစ်နိုင်ပါ။ နိုးရင်တော်ပါရဲ့၊ စတီယာရင်ပျက်နေရင်ဖြင့် ချောက်ထဲသို့ တွန်းချသကဲ့သို့ ရှိပါလိမ့်မည်။ သို့မဟုတ် ရန်သူ့ထံတွင် တွန်းပို့ပေးသကဲ့သို့ ဖြစ်ပါလိမ့်မည်။

'ဆွဲယူရအောင်ဗျာ' ဗိုလ်မှူးချုပ်က ပြောသည်။

ထို့ကြောင့် ကျွန်တော်တို့သည် ကယ်ရီယာတစ်စီးဖြင့် ဆွဲယူရန် စီစဉ်ကြသည်။ စီစဉ်ပြီးလျှင် ထိုကယ်ရီယာသည် တဝူးဝူးဖြင့် တက်သွားသည်။ သံချပ်ကားကြီးအနီးသို့ရောက်သည်ဆိုလျှင်ပင် ရန်သူ၏မော်တာဗုံးတို့သည် ကျလာကြသည်။ စက်သေနတ်တို့က စုပြုပစ်ကြသည်။ ဆွဲယူရန်မှာ လူကိုယ်တိုင်ဆင်း၍ သံကြိုးဖြင့် သံချပ်ကားကြီးကို အသေအချာချည်နှောင်ကြရမည်။ ယခုမူ ဆင်းရန်ကို မဆိုထားနှင့် အနီးသို့ပင် မကပ်နိုင်ကြ။ ထိုကယ်ရီယာ ပြန်၍ ဆုတ်ခဲ့ရသည်။

'မရဘူး ဗိုလ်မှူး၊ အနားကပ်တာနဲ့ မော်တော်ရော ဘာရော သိပ်ပစ်တယ်' ထိုယာဉ်မောင်းရဲဘော်က သတင်းပို့သည်။

မှန်ပါသည်၊ ကျွန်တော်တို့လည်း မြင်နေကြရပါသည်။

'ကျွန်တော်တို့ တက်ကြည့်ရအောင်' ဗိုလ်မှူးချုပ်သည် ပြောပြောဆိုဆိုဖြင့်ပင် ကယ်ရီယာတစ်စီးပေါ်သို့ တက်သည်။

ကျွန်တော်လည်း နောက်တစ်စီးဖြင့် လိုက်ခဲ့သည်။ ကျွန်တော်တို့အားလုံး ယာဉ်အတွင်း၌ ပုန်း၍ လိုက်ကြရသည်။ သံချပ်ကားကြီးအနီးသို့ရောက်လျှင်ပင်မော်တာဗုံးတွေကျလာကြသည်။ ကယ်ရီယာသို့လာရောက်ထိမှန်သော သေနတ်ကျည်ဆန်တို့ကြောင့် ကျွန်တော်တို့နားတွေသည် အူ၍လာသည်။

မရပါ။ ဘယ်လိုမျှ ကပ်၍မရပါ။ ပြန်ခဲ့ကြရသည်။

နောက်ပိုင်းသို့ပြန်ရောက်လျှင် ဘယ်လိုလုပ်ကြရမလဲ။ နည်းလမ်းကို ရှာကြသည်။ တစ်ခုကိုပဲ တွေ့ရသည်။ ထိုသံချပ်ကားကြီး၏ တစ်ဘက်ရှိ တောင်စွယ်၌ စွဲနေသော ရန်သူအားတက်၍ ရှင်းလင်းပစ်ရန်ပင်ဖြစ်သည်။

http://www.cherrythitsar.org



ထိုသို့တက်ရောက်ရှင်းလင်းပြီး ထိုနေရာကို ထိန်းသိမ်းထားပြီးမှ သံချပ်ကားကြီးကို ပြန်၍ ဆွဲယူနိုင်မည်ဖြစ်သည်။

သို့ရာတွင်ထိုရန်သူအား တက်ရောက်ရှင်းလင်းရမည့် မြေအနေအထားကတော့ နည်းနည်းကလေးမျှ မကောင်းလှ။ အောက်ခြေထူထပ်သော တောစပ်စပ်ကလေးရှိသည့်တောင်ကြောကိုဆန်တက်၍ ရန်သူအားရှာဖွေကာ အဆင့်ဆင့်ရှင်းလင်းရမည် ဖြစ်သည်။ ထိုးစစ်သမားအတွက် အဆိုးရွားဆုံးသောအနေအထားဖြစ်သည်။ အကယ်၍သာ ကျွန်တော်တို့တွင် မော်တာနှင့်အမြောက်ကျည်ဆန်တို့ လုံလုံလောက်လောက်ရှိပါက စေ့စေ့ညက်ညက်ကြေအောင် ပစ်ပြီးမှ တက်ရန်ဖြစ်သော အခြေအနေမျိုးဖြစ်သည်။ ယခုမူ ထိုသို့လုံလောက်သော ကျည်ဆန်များ၊ ဗုံးများမရှိ။ တစ်ခါတစ်ခါ ပစ်မှ တပ်မှူးအမိန့်ဖြင့် သုံးလုံး လေးလုံး။

မတတ်နိုင်တော့ပါ။ ကျွန်တော်သည် တပ်စုတစ်စုကိုခေါ်ယူလိုက်၍ ပြုလုပ်ဖွယ်တို့ကို အသေးစိတ်ရှင်းလင်းပြောပြ ညွှန်ကြားသည်။ ပြီးလျှင်

'ကဲ ရှင်းပလား'

'ဟုတ်ကဲ့ ရှင်းပါပြီ' တပ်စုမှူးသည် ချီတက်ရမည့် တောအုပ်ကလေးဆီသို့ ကြည့်ရင်းဖြေသည်။

'အေး၊ တောစပ်ကို ဝင်တယ်ဆိုကတည်းက အထူးသတိထားပေတော့၊ မသကာရင်ပစ်'

'ကောင်းပြီ'

ထိုတပ်စုသည် စ၍ထွက်သည်ဆိုကတည်းကပင် ခပ်ကဲ့ကဲ့ဖြန့်၍တက်သည်။ အဖွဲ့ငယ်တို့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပစ်ခတ်မှုအတွက် အကာအကွယ်ပေး၍ တစ်လှည့်စီ တက်ကြသည်။

http://www.cherrythitsar.org



ကျွန်တော့်မှာတော့ ရင်တမမဖြင့် ရန်သူ၏ ပစ်ခတ်သံကိုသာ နားစွင့်နေမိရသည်။

မကြာမီပင် ဝေါခနဲ ဝေါခနဲ စက်သေနတ်သံ၊ စတင်းသေနတ်သံ တို့သည် တောတွင်းမှ ဟိန်း၍ ဟိန်း၍ ပေါ်ထွက်လာသည်။ တစ်ချက် တစ်ချက်တွင် လက်ပစ်ဗုံး ပေါက်ကွဲသံတို့ကို ကြားလိုက်ရသည်။

ထိုပစ်ခတ်သံတို့သည် တစ်ခဏမျှသာ ကြာလိုက်ပါသည်။ ချက်ချင်း လိုပင် ရပ်စဲသွားကြသည်။ ထိုအခါ ကျွန်တော့်ရင်တွင်း၌ ဒိတ်ခနဲ ဖြစ်သွားရသည်။ သေနတ်သံတို့သည်ရှေ့သို့သာ တိုး၍တိုး၍သွားရပါမည်။

ယခုလို ချက်ချင်းရပ်စဲသွားခြင်းသည် ကောင်းသောလက္ခဏာ မဟုတ်။

ကျွန်တော် စိုးရိမ်သည့်အတိုင်းပင်ဖြစ်ရသည်။ တောစပ်မှ ရဲဘော် အချို့ ပြေးထွက်လာကြသည်။ တချို့သည် သွေးအလိမ်းလိမ်းဖြင့်။

'ရဲဘော်တွေတချို့ကျကျန်ရစ်ခဲ့တယ်'

ကျွန်တော်သည် တောစပ်သို့ ပြေး၍ကြိုသည်။ တပ်စုမှူးနှင့် ကျန်ရဲဘော်တွေသည် ဆုတ်လာကြပါပြီ။

'ဘယ်လိုဖြစ်သလဲ'

တပ်စုမှူးမှာ မောဟိုက်နေသဖြင့် ကျွန်တော့်အမေးကို တော်တော်နှင့် မဖြေနိုင်။ အတန်ကြာမှ

'မရဘူး ဗိုလ်မှူး၊ တက်လို့မရဘူး၊ ဒီရှေ့က ကိုက်ငါးဆယ်သာသာပဲ ရှိမယ်၊ သုံးဘက်ညှပ်ပြီး ဘရင်းနဲ့ဆွဲတယ်၊ လက်ပစ်ဗုံးတွေ လှိမ့်ချတယ်၊ သူတို့က ဘန်ကာတွေနဲ့ ကျွန်တော်တို့ ရဲဘော်တွေ သုံးလေးယောက် ကျခဲ့တယ်' သူသည် ခေါင်းကို ငုံ့လိုက်ပါသည်။

http://www.cherrythitsar.org



ကျွန်တော်သည် သူ့ပခုံးကိုကြင်နာစွာဖြင့် တစ်ချက်ပုတ်ခဲ့သည်။ ပြီးတော့ ထ၍ရပ်လိုက်သည်။ နောက်တစ်ကြိမ်ထပ်၍ စမ်းကြည့်လိုပါသေးသည်။ ထိုနေရာကိုရှောင်ကွင်း၍ အခြားမှတက်ရန်လမ်းစကိုရှာသည်။ မရှိ။ ထို့ထက်ပင်ပို၍ ဆိုးပါလိမ့်မည်။ မြေအနေအထားအရလည်း တပ်စုတစ်စုထက်ပို၍ မဖြန့်နိုင်၊ မသုံးနိုင်။

ဗိုလ်မှူးချုပ်ရှိရာသို့ လာခဲ့သည်။

'အေးဗျာ၊ နောက်တစ်ခါ ထပ်စမ်းကြည့်သေးတာပေါ့'

ဗိုလ်မှူးချုပ်က အားပေးသည်။

တပ်စုအသစ်တစ်ခုကို ထုတ်လိုက်သည်။ ဒီတစ်ခါတော့ ရှိစုမဲ့စု မော်တာဗုံးတို့ကို သုံးရပါတော့မည်။ ရန်သူရှိရာသို့ မော်တာနှင့် ပစ်မည်။ မော်တာပစ်အပြီး ထိုတပ်စုသည်အတင်းပစ် အတင်းတက်ရန်ဖြစ်သည်။

အားလုံးအဆင်သင့်ဖြစ်လျှင် မော်တာတို့ကို စတင်ပစ်သည်။ ထိမှန်ချက်သည် ကောင်းလှသည်။

'နီးပြီဟေ့ အသင့်ပြင်၊ ကဲ တက်'

တပ်စုသည် မော်တာသံ မစဲမီမှာပင် တောတွင်းသို့ ပြေးဝင်ကြသည်။ ထိုအခါ မော်တာတို့ကို အပစ်ရပ်လိုက်သည်။

တစ်ခဏကြာလျှင် ပစ်ခတ်သံတို့ကို တောတွင်းမှ ကြားကြရပြန်သည်။ မကြာမီ ထိုတပ်စုသည် ဆုတ်ခဲ့ရသည်။

'တပ်ခွဲအရာခံဗိုလ်ကျခဲ့ပြီ ဗိုလ်မှူး' တပ်စုမှူးသည်ကွဲအက်သော အသံကြီးဖြင့် အစီရင်ခံသည်။ 'ရဲဘော်တွေလဲ အတော်ကျခဲ့တယ်'

ယခု နှစ်ကြိမ်မှာပင် တပ်စိပ်နှစ်စိပ်နီးပါး ကျဆုံးခဲ့ရပါပြီ။

http://www.cherrythitsar.org



ကျွန်တော်သည် အရှုံးကိုဝန်ခံလိုက်ရပါသည်။ အရှုံးကိုဝန်ခံလိုက်ရသော စစ်သားတစ်ယောက်ထက်ပို၍ ရင်နင့်ဖွယ်အဖြစ်မျိုးသည် အခြားမရှိတော့ပါ။

ကျွန်တော်သည် ဘာမှားခဲ့သလဲ။ အဖြေကတော့ ရှင်းလှသည်။

ဤမြေအနေအထားတွင် တစ်စီးတည်းသာရှိသော သံချပ်ကားကို ရှေ့လောကြီးစွာ သွားခွင့်ပြုမိခဲ့သည်။ ခြေလျင်တပ် အစောင့်အရှောက်နှင့် အဆက်ပြတ်သွားသည်ကို အမှတ်မဲ့ ဖြစ်ခဲ့မိသည်။

တစ်ဖန် ဒုတိယအမှားကို မလွှဲမရှောင်သာသောကြောင့် ထပ်မံကျူးလွန်ခဲ့ရပြန်သည်။ သံချပ်ကားအတွင်းရှိ ရဲဘော်သုံးဦးတို့အား အချိန်မီကယ်ဆယ်နိုင်ရေးအတွက် မလုံလောက်သော ပြင်ဆင်မှု၊ မလုံလောက်သော ပစ်ခတ်မှုတို့ဖြင့် ခါတော်မီ တိုက်ခဲ့ရသဖြင့် ယခုကဲ့သို့ ကျွန်တော်တို့ ရဲဘော်တွေ ကျဆုံးခဲ့ကြရသည်။ ထိုအမှားများအတွက် တန်ဖိုးကြီးစွာ ပေးဆပ်ခဲ့ရပါပြီ။

'ဗိုလ်မှူး၊ ကျွန်တော်တော့ နောက်ထပ် မတိုက်ချင်တော့ဘူး၊ နောက်ထံ အသေမခံနိုင်တော့ဘူး၊ ဒီလိုပဲ ဗိုလ်မှူးချုပ်အား အစီရင်ခံလိုက်မိပါသည်။

အခြေအနေသည် ထိုသံချပ်ကားအတွင်းရှိ ရဲဘော်သုံးဦးတို့အား ကယ်ဆယ်ရန်အတွက်ဒီနေ့တစ်နေ့သာနာရီပိုင်းမျှအချိန်ရသည်ဖြစ်သဖြင့် မမှောင်မီပြီးစီးရန် အရေးတကြီးတိုက်ခဲ့ရသည်။ သို့ရာတွင် ရန်သူသည် အင်မတန်ကောင်းသောခံစစ်နှင့်အင်မတန်ကောင်းသော မြေအနေအထား၌ရှိနေကြသည်။ သူတို့ကိုအကျအနပြင်ဆင်၍တိုက်နိုင်မှရမည်ဖြစ်သည်။ ထိုသို့ပြင်ဆင်ရန်မှာလည်း ယနေ့အဖို့အချိန်ရမည်မဟုတ်တော့။ ညနေစောင်း ငါးနာရီခန့်ပင် ရှိလာပြီဖြစ်သည်။ အလင်းရောင်သည်နောက်ထပ်

http://www.cherrythitsar.org



နာရီဝက်သာသာမျှသာ ကျန်ပါတော့သည်။ ယခုနည်းအတိုင်းသာ ထပ်ခါတိုက်ပြန်လျှင်လည်း အသက်ပေါင်းများစွာတို့ကို အကျိုးမဲ့ပေးကြရပါဦးမည် ဖြစ်သည်။

ဗိုလ်မှူးချုပ်သည်အခြေအနေကို ကောင်းစွာသဘောပေါက်ပါသည်။ မြေပုံစာရွက်ကို လက်နှစ်ဘက်၌ တင်းကျပ်စွာဆုပ်ကိုင်ထားရင်း သံချပ်ကားကြီးဆီသို့ငေးငေးကြီးကြည့်နေရှာသည်။ သူ၏ရင်တွင်း၌ မည်သို့ခံစားနေရသည်ကို ကျွန်တော်နားလည်ပါသည်။ ကျွန်တော်၏ ရင်တွင်း၌လည်း အလားတူပင် ခံစားနေရပါသည်။

'အေးဗျာ၊ အေးအေးဆေးဆေးတိုက်ရရင်တော့ ခဏပေါ့၊ အခုတော့ အချိန်လုလုပ်ကြရတော့ ဒီလိုပဲဖြစ်မှာပဲ၊ အထဲက ရဲဘော်တွေလည်း ဒီလောက်ဆိုရင် အသက်ရှိကြတော့မှာ မဟုတ်တော့ပါဘူး' သူ့အသံသည် တည်ငြိမ်လှပါသည်။ 'ကဲ ဒီလိုလုပ်ကြရအောင်၊ ဒီအထိရှင်းလင်းပြီးရင် တော်ပါပြီ၊ တောင်ငူပြန်ကြမယ်၊ မပြန်ခင်တော့အထဲက ရဲဘော်တွေ အသက်ရှင်နေကြသေးရင်လဲ ထွက်ချင်ထွက်နိုင်အောင်ပေါ့၊ အဲဒီကို အမြောက်ပစ်ပေးမယ်၊ မလိုတဲ့တပ်တွေ ပြန်ပေစေတော့'

ကျွန်တော်တို့သည် ကယ်ရီယာသုံးစင်းနှင့် တပ်စိတ်တစ်စိတ်ကိုသာ ယူထားလိုက်ကြသည်။ ကျန်တပ်တို့ကို နောက်ပိုင်းသို့ ပြန်ခိုင်းလိုက်သည်။ ကယ်ရီယာသုံးစင်းတို့ကိုတြိဂံပမာနေစေ၍ ယာယီခံစစ်ပြင်လိုက်ကြသည်။

'ဗိုလ်ရဲထွန်း' ဗိုလ်မှူးချုပ်က အမြောက်တပ်တပ်မှူး ဗိုလ်ကြီးရဲထွန်းကို ခေါ်လိုက်သည်။

'ခင်ဗျာ'

'အဲဒီ သံချပ်ကားကိုသာ ချိန်ပစ်ဗျာ၊ ဘယ်နှစ်တောင့်သုံးနိုင်မလဲ'

http://www.cherrythitsar.org



ဗိုလ်ကြီးရဲထွန်းသည် ခေတ္တမျှ စဉ်းစားနေသည်။ သူ့တွင်ရှိသော လက်ကျန် အမြောက်ကျည်ဆန်တို့ကို စိတ်တွင်း၌ ရေတွက်နေသည်။

'ဆယ်တောင့်လောက်တော့ သုံးနိုင်မယ်ထင်တယ် ဗိုလ်မှူး'

အမြောက်ဆန်ကလည်း ရှားပါးလေခြင်း။

'ဒါပဲလားဗျာ'ဗိုလ်မှူးချုပ်က တိုးတိုးကလေး ညည်းလိုက်ရှာသည်။

ဗိုလ်ကြီးရဲထွန်းကတော့ မဖြေတော့ပါ။

အမှောင်သည် ပျိုးစပြုလာသည်။

'ကဲ၊ ဒါဖြင့် အဆင်သင့်ဖြစ်ရင် ပစ်ဗျာ'

ဗိုလ်ကြီးရဲထွန်းသည် သူ၏ ဝိုင်ယာလက်စက်ဖြင့် နောက်ပိုင်းတွင် ရှိနေသော အမြောက်တို့ကို အမိန့်ပေးလိုက်သည်။ ထို့နောက် အကွာအဝေး ဒီဂရီ အစရှိသည်တို့ကို အမိန့်ပေးသည်။

ထိုအတွင်း နေလုံးပျောက်လာပြီဖြစ်သဖြင့် ပတ်ဝန်းကျင်သည် အနည်းငယ် မှောင်၍လာပါပြီ။ ထိုအခါ ရန်သူသည် တစ်စ တစ်စဖြင့် ကျွန်တော်တို့အနီးသို့ တိုး၍ချဉ်းကပ်လာကြသည်။ ဟိုမှသည်မှ ပစ်လာကြသည်။ ကျွန်တော်တို့သည် ကယ်ရီယာများအကြားတွင် အကွယ်အကာယူလိုက်ကြရသည်။

အမြောက်များပစ်၍ မပြီးမချင်းတော့ဖြင့် မဆုတ်ခွာနိုင်ကြပါ။ ပစ်ပြီးသည့်နောက်မှပင် သံချပ်ကားထဲမှ ရဲဘော်များ လွတ်မြောက်လာလိုလာငြား သူတို့အား ခေတ္တစောင့်ကြရပါဦးမည်။

သံချပ်ကားကြီးကိုသာ စူးစိုက်ကြည့်နေကြသည်။ လွတ်လာနိုင်ကြပါစေ။

'ပစ်ပြီ ဗိုလ်မှူး'

http://www.cherrythitsar.org



ဗိုလ်ကြီးရဲထွန်း၏ သတင်းပို့သံနှင့်အတူ အမြောက်ဆန်တို့သည် ကျွန်တော်တို့ ခေါင်းပေါ်မှ ဖြတ်သွားကြသည်။ တစ်တောင့်၊ နှစ်တောင့်၊ သုံးတောင့်။ အဆက်မပြတ်ပေါက်ကွဲသံတို့သည် သံချပ်ကားကြီးကိုဖုံးအုပ်လိုက်သည်။

ထိုအတွင်းမှာပင် ဟုတ်မှ ဟုတ်ရဲ့လား၊ ဟုတ်တာပေါ့၊ ရဲဘော်တစ်ဦးသည် ထိုမီးခိုးလုံးတို့အကြားမှ ကျွန်တော်တို့ဘက်ဆီသို့ ထွက်ပြေးလာနေပါသည်။ ရန်သူက သူ့အား ဝိုင်း၍ပစ်ကြသည်။ ထိုရဲဘော်သည် ကွေ့ကာကောက်ကာ ပြေးလာသည်။ ကျွန်တော်တို့အနီးသို့ရောက်လျှင် ဝမ်းလျားထိုး၍မှောက်ကာ လဲကျသွားသည်။ သူ့အား ကယ်ရီယာတို့အကြားသို့ ဆွဲသွင်းလိုက်ကြသည်။ သူ့ကိုယ်တွင် ဒဏ်ရာရှာသည်။ ဒဏ်ရာမတွေ့။

'ရေ' သူ့အသံသည် သဲ့သဲ့ကလေးမျှသာ ရှိပါသည်။

ရေဘူးတစ်ဘူးကို သူ၏ နှုတ်ခမ်း၌ တေ့ပေး၍ နည်းနည်းချင်း ချပေးသည်။

'နည်းနည်းပဲသောက်ပါဦး ရဲဘော်၊ ဖြည်းဖြည်းသောက်၊ အဲ ခဏနားဦး၊ ပြီးမှ ထပ်သောက်'

သူ၏ ရင်အုံသည် လှိုင်းထနေသည်။ သူသည် ကျွန်တော်တို့တစ်ယောက်စီ၏ မျက်နှာတို့ကို သူ၏ ပြူးကြောင်နေသော မျက်လုံးကြီးများဖြင့် လိုက်လံကြည့်ရှုနေသည်။ ထိုမျက်လုံးကြီးများက ကျေးဇူးတင်ကြောင်းကို ပြောနေကြပါသည်။ သူ့နှုတ်ခမ်းတို့မှာလည်း စကားတွေပြောချင်ရှာလွန်းလို့ တဆတ်ဆတ် တုန်နေကြပါသည်။ သူ့ပါးပြင်မှာတော့ တသွယ်သွယ် စီးကျလာနေတဲ့ မျက်ရည်တွေ။

http://www.cherrythitsar.org



တစ်ခဏကြာတော့သူ့ကို ရေအနည်းငယ် ထပ်၍ တိုက်သည်။ ထို့နောက်တော့ သံချပ်ကား၏အဖြစ်အပျက်နှင့် အထဲတွင်ကျန်ရစ်ခဲ့သော ရဲဘော်နှစ်ဦး၏ အကြောင်းကို ရှိုက်ကာ ရှိုက်ကာဖြင့် တစ်လုံးချင်း ပြောပြရှာသည်။

သံချပ်ကားသည် ထိုလမ်းကွေ့သို့ရောက်လျှင် ရှေ့မလှမ်းမကမ်း၌ အသင့်ချိန်ရွယ်ထားသော ရန်သူ၏ ခြောက်ပေါင်ဒါအမြောက်ကိုဘွားခနဲ တွေ့လိုက်ရသည်။ သို့ရာတွင် နောက်ကျခဲ့ပါပြီ။ ရန်သူ၏ လက်ဦးမှုကို ခံလိုက်ကြရသည်။ ထိမှန်သည်နှင့် စက်ရပ်သွားသည်။ ဝိုင်ယာလက်သည်လည်း ခေါ်၍မရတော့။ ထွက်ရန်သံချပ်ကားအဖုံးကို ဖွင့်လိုက်ကြသည်။ ရန်သူက အထက်မှဖိ၍ ပစ်ခတ်သောကြောင့် မထွက်နိုင်ကြ။ အဖုံးကိုပြန်ပိတ်လိုက်ကြရသည်။ မိနစ်ပိုင်းမှ နာရီပိုင်းအထိ ကြာညောင်းလာသောအခါ ရေသည် ကုန်ခဲ့သည်။ ပူပြင်းလှသောနေအရှိန်ကြောင့် အထဲတွင် အရှင်လတ်လတ်မီးမြိုက်ခြင်းခံရသကဲ့သို့ မခံမရပ်နိုင်အောင် ဖြစ်လာကြရသည်။ နောက်ဆုံး၌ ရဲဘော်တစ်ဦးသည် သေလိုက သေစေတော့ဟု အပေါ်ဖုံးကို အတင်းဖွင့်၍ ပြင်ပသို့ခုန်ချလိုက်သည်။ အသင့်စောင့်နေကြသော ရန်သူတို့၏ ဝိုင်းဝန်းပစ်ခတ်ခြင်း ခံရသည်။ ထိုသံချပ်ကားဘေးတွင်ပင် ကျဆုံးခဲ့ရသည်။ ထိုသို့နေခဲ့ကြရာမှ ယခုအမြောက်တွေ ပစ်သောအခါ၌ ဤရဲဘော်သည်အမြောက်ပစ်ခြင်း၏ အဓိပ္ပာယ်ကို သဘောပေါက်လိုက်သည်။ ထို့ကြောင့် နောက်ဆုံးအခွင့်အရေးဖြစ်သည်မို့ စွန့်၍အဖုံးကိုဖွင့်ကာ အတင်းခုန်ဆင်းထွက်ပြေးခဲ့ရခြင်း ဖြစ်သည်။ ကျန်ရစ်ခဲ့သော ရဲဘော်မှာမူ ရေပြတ်ခြင်းနှင့် အပူဒဏ်တို့ကြောင့် သတိလစ်လျက်ရှိနေသည်။ ကယောင်ကတန်းတွေပင် ပြောနေပါပြီ။ သူသည် သံချပ်ကားထဲမှာပဲ ကျန်ရစ်ခဲ့ပါသည်။

http://www.cherrythitsar.org



အတော်ကလေးမှောင်လာပါပြီ။ရန်သူတွေကလည်း ပို၍နီးကပ်လာကြသည်။ ကျွန်တော်တို့သည်ကယ်ရီယာတွေအပေါ်သို့ တက်ကြသည်။ တောင်ငူသို့ ပြန်ခဲ့ကြပါသည်။

ကျွန်တော်သည် နောက်ဆုံးအနေဖြင့် ထိုသံချပ်ကားကြီးဆီသို့ လှည့်၍ ကြည့်မိပါသေးသည်။ သံချပ်ကားကြီးသည် သနားစဖွယ် တစ်ကိုယ်တည်း ကျန်ရစ်ခဲ့ရှာသည်။ အထဲတွင် ရှိနေသေးသော ရဲဘော်။ သူ့အကြောင်းကိုတော့ ကျွန်တော် ဆက်လက်မတွေးလိုတော့။

တောင်ငူကို ရောက်သည်အထိ ဘယ်သူမျှ စကားမပြောကြ။ ဒါပေမယ့် မပြောနိုင်သည့်စကားကိုတော့ လူတိုင်းလူတိုင်း၏ ရင်တွေအတွင်းမှာ မျက်ရည်တွေနှင့်အပြည့်။

## စိန်ပြောင်းနှင့် မိုင်းဗုံး

တောင်ငူမြို့ လုံခြုံရေးအတွက် ပတ်ဝန်းကျင်ကို ဆက်လက်ရှင်းလင်းရာတွင် ထန်းတပင်ဒေသတစ်ခုသာ ကျန်ပါတော့သည်။

ဤတာဝန်သည် 'မိုးကြိုး' စစ်ဆင်ရေး၏ နောက်ဆုံးတာဝန်ဖြစ်သကဲ့သို့ ကျွန်တော့်အဖို့လည်း ဤသေနတ်ကိုင်တပ်ရင်း ၆ နှင့်အတူ ပြုလုပ်ရမည့် နောက်ဆုံးစစ်ဆင်ရေးပင်ဖြစ်ပါသည်။ ထန်းတပင်မြို့ကို ပြန်လည်သိမ်းပိုက်ပြီးပါက ကျွန်တော်သည် ကြာမြင့်စွာပင် အတူတကွ ညီရင်းအစ်ကိုတွေကဲ့သို့ နေထိုင်ခဲ့ရသော တိုက်ပွဲအဆက်ဆက်တို့တွင် ကျွန်တော် ဦးဆောင်ခဲ့သော၊ ကျွန်တော်ချစ်သော ဤသေနတ်ကိုင်တပ်ရင်း ၆ နှင့် ခွဲခွာရပါတော့မည်။ ကျွန်တော်ကိုယ်ပိုင်ဖြစ်သော ခြေလျင်တပ်ရင်း ၅ သို့ ပြန်လာရပါတော့မည်။

http://www.cherrythitsar.org



ထိုတောင်လမ်းတိုက်ပွဲမှ ပြန်ရောက်ပြီးသည့်နောက် တစ်ဆက်တည်း လိုပင် ထန်းတပင်စစ်ဆင်ရေးကို စတင်ခဲ့ကြသည်။

ထိုစစ်ဆင်ရေးသို့ ဗိုလ်မှူးချုပ်ကျော်ဇောအပြင် ဗိုလ်မှူးချုပ်တင်ဖေ (တော်လှန်ရေးအစိုးရဝန်ကြီးဟောင်း)လည်း လိုက်ပါလာခဲ့သည်။ သူသည် တောင်ငူတွင် ဖွဲ့စည်းမည်ဖြစ်သော တပ်မဟာဌာနချုပ်၏ တပ်မဟာမှူး အဖြစ် ရောက်ရှိလာစဖြစ်သည်။ ကြုံကြိုက်တုန်း လေ့လာရန်အတွက် ထိုစစ်ဆင်ရေးတွင် လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။

တောင်ငူမှ အရှေ့ဦးတွင် စတင်ထွက်ခဲ့ကြသည်။ နှင်းငွေ့ကလေး တဝေဝေနှင့် လမ်းလျှောက်လို့ကောင်းသလိုလိုပင် စိတ်ထဲတွင် ကြည်နူး ခြင်း ဖြစ်နေမိပါသည်။ ရန်သူသည် ပြင်းပြင်းထန်ထန်ခုခံမည်လို့မထင်။ စတိသဘော အနည်းအပါး ပစ်ခတ်၍ ဆုတ်ခွာမည့် ရန်သူဖြစ်သည်။ သို့ရာတွင် ပေါ့ပေါ့ဆဆပြုလုပ်ရန်တော့ဖြင့်မသင့်။ ရန်သူသည် မည်သည့် အခါမျှ အထင်သေး၍မရ။ ထို့ကြောင့် စစ်ဆင်ရေးကြီး တစ်ခုကဲ့သို့ ပြင်ဆင်မှုအပြည့်အဝဖြင့် ချီတက်ခဲ့ကြသည်။

နံနက်ရှစ်နာရီခန့်တွင် ချောင်းကလေးတစ်ခုသို့ ရောက်လာခဲ့ကြ သည်။ ထိုချောင်း၏အမည်သည် ရွှေတံတားဟုထင်သည်။ သူ့ကို မြေပုံ ပေါ်မှာတုန်းကပင် တွေ့ရှိခဲ့ပြီး ဖြစ်သည်။ တွက်ဆထားသည့်အတိုင်း ရေစပ်စပ်ကလေးရှိသည်။ သူ့အနီး၌ တောင်ကုန်းကလေးကိုလည်းတွေ့ရ သည်။ ကျွန်တော်သည် ထိုတောင်ကုန်းသို့ မသင်္ကာသော မျက်စိဖြင့် ခေတ္တမျှ လေ့လာကြည့်ရှုမိသည်။ သို့ရာတွင် အချိန်လုနေရသည်ဖြစ် သဖြင့် မြန်မြန်ကူး မြန်မြန်ပြီးလိမ့်မည်ဟု ယူဆကာ သူ့ကိုတက်ရောက် ရှင်းလင်းခြင်း မပြုမိတော့။

http://www.cherrythitsar.org



ချောင်းကလေးသည် လူတွေအတွက် ပြဿနာမရှိ။ သံချပ်ကားနှင့် ကယ်ရီယာတို့အတွက်မူ အနည်းငယ် ပြုပြင်ရမည်ဖြစ်သည်။ ထို့ကြောင့် ဗိုလ်ကြီးတင်အောင် (ဗိုလ်မှူး၊ ဆည်မြောင်းဌာန)နှင့် အင်ဂျင်နီယာအဖွဲ့တို့သည် တံတားကလေးတစ်ခုကို ခင်းလျက်ရှိကြသည်။

ရှေ့ဆုံးတပ်စုနှင့်အတူ ဗိုလ်မှူးချုပ်ကျော်ဇော၊ ဗိုလ်မှူးချုပ်တင်ဖေနှင့် ကျွန်တော်တို့သည် တစ်ဘက်ကမ်းသို့ ကူးခဲ့ကြသည်။

တစ်ဘက်တွင်မြင်ရသော မြေအနေအထားသည် မြေပြန့်ယာဉ်များအတွက် ပြဿနာမရှိ။ ဒီလိုဆိုရင်ဖြင့် ရှေ့တွင်ရှိသော ဒိုးသောင်ရွာကို နေ့လယ်စာအမီ သိမ်းပိုက်နိုင်ပါလိမ့်မည်။ ထိုမှတစ်ဆင့် ထန်းတပင်သို့ မဝေးတော့။ ကျွန်တော်သည် မှန်ပြောင်းဖြင့် ဒိုးသောင်ရွာဆီသို့ ကြည့်ရှုလေ့လာနေသည်။

ထိုအခိုက်မှာပင် မြေကြီးသည် သိမ့်သိမ့်တုန်၍သွားသည်။ အဆက်မပြတ် ပေါက်ကွဲသံနှင့်အတူ အရာရှိများ၊ အကြပ်များတို့၏ အော်ဟစ်အမိန့်ပေးသံတို့ကို ကြားလိုက်ရသည်။ လှည့်ကြည့်လိုက်လျှင် မီးခိုးလုံးတို့သည် တပ်များဖြတ်ကူးနေဆဲဖြစ်သော ချောင်းကလေးဆီမှ တလိပ်လိပ်တက်လာနေသည်ကို မြင်လိုက်ရသည်။ ရန်သူသည်အနီးရှိ တောင်ကုန်းကလေးပေါ်မှ မော်တာဖြင့် ပစ်ခတ်နေပါပြီ။

'ဆေးတပ်သား၊ ဆေးတပ်သား' တစ်စုံတစ်ဦး၏ ခေါ်နေသံကို ကြားလိုက်ရသည်။

ထိခိုက်ဒဏ်ရာရသူတော့ ရှိနေပြီဖြစ်သည်။ ထို့ကြောင့် ကမ်းပါးထိပ်သို့ ပြန်ပြေးခဲ့သည်။

ချောင်း၏ ဟိုဘက်သည်ဘက်တွင် ရဲဘော်တွေသည် ဖြန့်၍နေရာယူထားကြသည်။ ရရာ အကာအကွယ်တို့တွင် ခိုလှုံနေကြရသည်။ ရန်သူမော်တာဗုံးတို့ကမူ ကျိုးတိုးကျဲတဲ ကျလာနေဆဲ။

http://www.cherrythitsar.org



'ဗိုလ်ကြီးတင်အောင် ထိသွားတယ်' ချောင်းအတွင်းမှ တစ်ယောက်က လှမ်း၍ပြောသည်။

ချောင်းစပ်တွင် ရဲဘော်တစ်စုက ဗိုလ်ကြီးတင်အောင်ကို ဝိုင်း၍ ပွေ့ပိုက်ထားကြသည်။

'မျက်လုံးထိသွားတယ်' ထပ်မံ ကြားသိလိုက်ရသည်။

မျက်လုံးတဲ့။ စုံလုံးပဲလား၊ တစ်ဘက်တည်းပဲလား၊ ဒီလိုဆိုရင်ဖြင့် ထိုမျက်လုံးတို့ ပျက်စီးကြပြီပေါ့။

ထိုအခိုက် မော်တာများ ထပ်မံကျလာကြပြန်သည်။

'ဟာ၊ ဗိုလ်မှူး'

အလန့်တကြား အော်သံကြားလိုက်ရသဖြင့် ကျွန်တော်သည် အသံလာရာဆီသို့ ကြည့်လိုက်လျှင် ဗိုလ်မှူးချုပ် ကျော်ဇောသည် သူ့ ပေါင်တစ်ဖက်ကို ဆုပ်ကိုင်ထားလျက် ဖြည်းလေးစွာ ထိုင်ချလိုက်သည်ကို မြင်လိုက်ရသည်။ သူ့လက်ချောင်းတို့အကြားမှတော့ သွေးတွေသည် တစိမ့်စိမ့် ယိုစီးထွက်လာနေသည်။

သူ့ထံသို့ပြေးလာခဲ့သည်။ အနီးရှိ ဗိုလ်မှူးချုပ်၏ ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးမျိုးမြင့် (ဒုဗိုလ်မှူးကြီး၊ စိုက်ပျိုးရေးဌာန)နှင့် ရဲဘော်တွေသည်လည်း တစ်ပြိုင်တည်းရောက်လာကြသည်။ ဗိုလ်မှူးချုပ်၏ ဘောင်းဘီကို ဆုတ်ဖြဲသူက ဆုတ်ဖြဲကြသည်။ ဆေးပတ်တီးကပ်ပေးသူက ကပ်ပေးကြသည်။ ထို့နောက် သစ်ပင်ကွယ်တစ်ခုသို့ ပွေ့ယူခဲ့ကြသည်။

ထိုအခါ ကျွန်တော်တို့၏ မော်တာတို့သည် ရန်သူအား တန်ပြန်ပစ်ခတ်နေကြပါပြီ။

'ကဲ ဗိုလ်မှူးနဲ့ ဗိုလ်ကြီးတင်အောင်တို့ကို တောင်ငူပြန်ပို့ကြရအောင်'

http://www.cherrythitsar.org



ဗိုလ်မှူးချုပ်သည် မပြန်ဘူးဟု အတင်းငြင်းဆန်နေပါသေးသည်။ သို့ရာတွင် ဒီတစ်ခါတော့ဖြင့် သူ့အလိုကို မလိုက်နိုင်တော့ပါ။

'ဟာ ဘယ်ဖြစ်မလဲ ဗိုလ်မှူး' အားလုံးက ဝိုင်းပြောကြရသည်။

ထို့နောက် ပွေ့ချီ၍ ကယ်ရီယာတစ်စီးပေါ်သို့ တင်ပေးလိုက်သည်။ ဗိုလ်ကြီးတင်အောင်ကတော့ သတိရတစ်ချက် မရတစ်ချက်။

သူတို့အား သယ်ဆောင်သွားသည့် ကယ်ရီယာတွေ စက်နိုးကြတော့

'ဗိုလ်မှူးတင်မောင်' ဗိုလ်မှူးချုပ်သည် ကျွန်တော့်အား လှမ်းခေါ်နေပါသည်။

'ခင်ဗျာ'

'သိပ်ခက်ခက်ခဲခဲဆိုရင် ဆက်မတက်နဲ့'

'ဟုတ်ကဲ့ ဗိုလ်မှူး၊ စိတ်ချပါ'

သူတို့ ထွက်သွားကြတော့ ကျွန်တော်တို့ ဆက်လက်ချီတက်ခဲ့ကြသည်။ ဒိုးသောင်သို့ မွန်းမလွဲမီရောက်ရှိသည်။ ရန်သူ၏ ခုခံမှုလုံးဝမရှိခဲ့။ သို့ရာတွင် ဖြတ်ကျော်ရမည့် ဒိုးသောင်ချောင်း၏ တစ်ဖက်ကမ်း၌မူ ရန်သူသည် ရှိနေပါသေးသည်။ ကျွန်တော်တို့ ဖြတ်ကူးမည်ကို စောင့်ကြိုနေပါသည်။

ထို့ကြောင့် ဖြတ်လမ်းနည်းကို သုံးလိုက်ရသည်။

'ဗိုလ်မှူး ရဲထွန်းရေ'

'ခင်ဗျာ'

'ဟောဟို ရန်သူ့ဘန်ကာတွေကို ခင်ဗျားအမြောက်နဲ့ တိုက်ရိုက်ပစ်လို့ ရမလား'

သူက ခပ်အင်တင်တင်ဖြစ်နေသည်။ ဖြစ်လည်း ဖြစ်စရာပင်။

http://www.cherrythitsar.org



'ရတော့ ရတာပေါ့၊ ဒါပေမယ့် အမြောက်သိပ်နာတယ်'

မတတ်နိုင်ပါ။

'နာလဲနာပေါ့ဗျာ၊ ဘယ်တတ်နိုင်မလဲ'

သူ ထပ်မံစောဒကမတက်မီ သူ့အနားမှ ထွက်ခဲ့ပြီး အမြောက်ပစ်လို့ အပြီး တစ်ရှိန်တည်း တစ်ဘက်ကမ်းသို့ကူးဖြတ်ရန် တပ်တို့ကို အမိန့်ပေးလိုက်သည်။

ဗိုလ်မှူးရဲထွန်းခမျာ သူ့အမြောက်တွေကို နွားမြောစွာဖြင့်ပင် ကမ်းစပ်ရှိ ဝါးရုံတောအတွင်းသို့ ဆွဲသွင်းခဲ့သည်။ ထို့နောက် ပြောင်းဝတို့မှ ချိန်၍ တိုက်ရိုက် ပစ်ခတ်ပါတော့သည်။

တစ်ဖက်ကမ်းရှိ ရန်သူဘန်ကာတို့သည် ဖွာ၍ဖွာ၍ မြောက်ကာ မြောက်ကာ ပျံတက်သွားကြသည်။ တစ်ချိန်တည်း၌ပင် တပ်တွေသည် ရေစပ်စပ်သာရှိသော ချောင်းကို ပစ်ခတ်ရင်း ဖြတ်ကူးကြသည်။

ထို့နောက်တော့ ရန်သူခုခံမှုမရှိတော့။ ထန်းတစ်ပင်မြို့ကိုလည်း လှမ်းမြင်နေရပါပြီ။ ထို့ကြောင့် ဗိုလ်မှူးချုပ်တင်ဖေနှင့် ကျွန်တော်သည် ရှေ့ဆုံးမှသံချပ်ကားကြီး၏ နံဘေးမှလျှောက်ကာ စကားတပြောပြောဖြင့် လာခဲ့ကြသည်။ သံချပ်ကားကြီးကမူ တဂျုံးဂျုံး တချွင်ချွင်ဖြင့် သဲမြေတွင် တအိအိ ရုန်းနေသည်။

ထိုစဉ်တွင်ပင် တစ်ချက်တည်းသော ပေါက်ကွဲမှုအသံနှင့်အတူမီးခိုးလုံးကြီးသည် ထိုသံချပ်ကားကြီးကိုဖုံးအုပ်လိုက်ပါသည်။ ကျွန်တော့်မျက်လုံးထဲ၌မူ ဝင်းခနဲလက်သွားသည်ကိုသာသိလိုက်သည်။ သတိရလို့ကြည့်လိုက်တော့ သံချပ်ကားကြီးရပ်နေသည်။ဗိုလ်မှူးချုပ်တင်ဖေကိုမူ မတွေ့ရတော့။

ခေါင်းနပန်းကြီးသွားမိရသည်။ ရဲဘော်တွေသည် ပတ်လည်နေရာယူလိုက်ကြသည်။ သို့ရာတွင် ပစ်ခတ်သံ လုံးဝမရှိ။ တစ်ခဏကြာလို့ ထို

http://www.cherrythitsar.org



မည်းမှောင်သော မီးခိုးလုံးကြီးလွင့်စင်သွားတော့မှ ဗိုလ်မှူးချုပ်အားဖုန်တွေ အလိမ်းလိမ်းဖြင့် သံချပ်ကားကြီးအနီးတွင်ရပ်နေသည်ကိုမြင်လိုက်ရသည်။

သံချပ်ကားကြီးသည် ရန်သူတို့ထောင်ထားသော မြေမြှုပ်မိုင်းဗုံးကို နင်းမိခြင်းဖြစ်သည်။ ချိန်းကြိုးတစ်ဆစ် ပြတ်သွားရုံမျှသာ ပျက်စီးသည်။ လူကသာနင်းမိပါက အရိုးအသားပင် ရှာ၍ရမည်မထင်။

ကျွန်တော်တို့သည် ဗိုလ်မှူးချုပ်အား ဝိုင်းဝန်း၍ ပွတ်သပ်ပေးရင်း ကိုင်တွယ်စမ်းသပ်ကြည့်ကြသည်။

'ဗိုလ်မှူးရယ် တော်ပါသေးရဲ့၊ ဘာမှ မဖြစ်တာ'

'အေးဗျ'တဲ့။ ဗိုလ်မှူးချုပ်သည် မျက်မှန်ကြီး တဝင်းဝင်းအတွင်းမှ ပြုံးပြုံးကြီးဖြင့် ဖုန်တို့ကို ခါနေပါသည်။

## သံယောဇဉ်

ဗမာ့သေနတ်ကိုင်တပ်ရင်း ၆ကို ၁၉၄၇ ခုနှစ် မိုးနှောင်းပိုင်းတွင် ပဲခူးကျောက်တိုင်ကန် လေယာဉ်ကွင်း၌စတင်ဖွင့်လှစ်တည်ထောင်ခဲ့သည်။ ထိုစဉ်က မိတ္ထီလာမြို့ရှိအမြောက်တပ်ကို ဖျက်သိမ်း၍ ထိုတပ်မှအရာရှိ အကြပ်၊ တပ်သားတို့ကိုမူတည်ကာ ခြေလျင်တပ်အဖြစ် ပြန်လည်ဖွဲ့စည်း ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် တပ်ရင်း ၆ ၏ ဦးထုပ်တံဆိပ် နောက်ခံ သည် အမြောက်တပ်၏ အနီနှင့် နက်ပြာအရောင်တို့ကို ဆက်လက် ထိန်းသိမ်းခဲ့ခြင်း ဖြစ်သည်။

ယခု ဤ ၁၉၅၀ ခုနှစ်တွင် ဤတပ်ရင်းသည် ထိုမျှတိုတောင်းလှ သော နှစ်နှစ်ကျော်ကျော်သုံးနှစ်ခန့်အတွင်း၌ပင်ဝါရင့်တပ်ရင်းကြီးတစ်ရင်း ဖြစ်နေပါပြီ။ စစ်ဆင်ရေးကြီးများစွာတို့၌ ပါဝင်ခဲ့သည်။ တိုက်ပွဲပေါင်း များစွာတို့တွင် ဆင်နွှဲခဲ့သည့် တပ်ရင်း၏ ပထမတိုက်ပွဲဖြစ်သော ကဝနယ်

http://www.cherrythitsar.org



ကုန်းတန်းကြီးတိုက်ပွဲမှ ယခု တောင်ငူမြို့ကို ပြန်လည်သိမ်းပိုက်သည့် 'မိုးကြိုး' စစ်ဆင်ရေးကြီးအထိ ပဲခူး၊ လှိုင်ကော်၊ ကလော၊ သာစည်၊ မိတ္ထီလာ၊ မကွေး၊ ရေနံချောင်း၊ ထုံးကြီး၊ စာဘူးတောင်း၊ ပဲခူး၊ တောင်ငူ အကြား လမ်းကြီးတစ်လျှောက်နှင့် တောင်ငူဒေသ မနည်းတော့ပါ။

နယ်တွေလည်း နှံ့ခဲ့ပါပြီ။ ပန်းလည်း ပန်းလှကြပါပြီ။ တိုင်းပြည်အတွက်၊ လူမျိုးအတွက် ပြည်ထောင်စုအလံတော်ကြီး မားမားမတ်မတ် ရပ်တည်နိုင်ရေးအတွက် ဤတပ်ရင်းမှအသက်ပေးခဲ့ကြသောတိုင်းပြည်၏ သားကောင်းတို့၏ အရေအတွက်သည်လည်း မနည်းလှတော့။

ပဲခူးရှိတပ်ရင်းရုံး ကျွန်တော်၏ ရုံးခန်းအတွင်း၌ ကျွန်တော်၏ စာရေးစားပွဲနှင့် မနီးမဝေးတွင် စားပွဲငယ်တစ်ခု ရှိပါသည်။ ထိုစားပွဲကို ဖြူဖွေးသောစားပွဲခင်းဖြင့် တယုတယ ခင်းအုပ်ထားသည်။

ထိုအပေါ်မှာတော့ ရှစ်လက်မ ပတ်လည်ခန့်ရှိ သေတ္တာဖြူဖြူကလေးကို သပ်ရပ်စွာသီကာရီကာဖြင့်အဆင့်ဆင့်ထပ်၍ တင်ထားသည်။ ယခုမိုးကြိုးစစ်ဆင်ရေးကြီးပြီးဆုံးသည့်အချိန်တွင် ထိုသေတ္တာကလေးပေါင်း တစ်ရာခန့်ရှိခဲ့ပါပြီ။

သေတ္တာကလေးတို့၏ မျက်နှာစာတွင်မူ လှပဝိုင်းစက်သောစာလုံးကလေးများဖြင့် ကိုယ်ပိုင်နံပါတ်၊ ရာထူးနှင့် အမည်တို့ကို ကမ္ဘည်းရေးထိုးထားသည်။ ကုန်းတန်းကြီးတိုက်ပွဲတွင်  ကျဆုံးခဲ့ရသည့် ဒုတပ်ကြပ်စောကွန့်မှ စသည်။ ထိုသေတ္တာကလေးတို့အထဲတွင် ထိုကိုယ်ပိုင်နံပါတ်၊ ထိုရာထူးနှင့် ထိုအမည်ရှင်တို့၏ အရိုးများရှိကြပါသည်။ များသောအားဖြင့်ကတော့ ကိုယ့်အရိုးနှင့်ကိုယ့်သေတ္တာမှန်မှန်ကန်ကန်ဖြစ်သည်။ သို့ရာတွင် တချို့ခများမှာတော့ သူတို့၏နံပါတ်၊ သူတို့၏ အမည်များကိုသာ ရေးသားမှတ်တမ်းတင် ဂုဏ်ပြုထားသော်လည်း သူတို့၏ အရိုးများကား မရှိကြ၊

http://www.cherrythitsar.org



သူတို့၏ အရိုးတို့သည် ယခုလောက်ဆိုရင်ဖြင့် စစ်တလင်းဟောင်း နေရာ တစ်နေရာရာမှာ ဆွေးမြည့်နေကြပြီ ဖြစ်ပါလိမ့်မည်။ အလောင်း ကိုမျှ ပြန်လည်မရရှိခဲ့သူများ။

ထိုသေနတ်ကိုင်တပ်ရင်း ၆ ကို ခွဲခွာ၍ ထွက်လာခဲ့ရသောနေ့တွင် ကျွန်တော်၏ ရင်တွင်း၌ ပြင်းစွာလှုပ်ရှားလျက် ရှိနေရပါသည်။ ကျွန်တော့် မျက်လုံးတို့သည် မှုန်ရီဝေဆိုင်းနေကြသည်။ ကျွန်တော်သည် တပ်ရင်း တစ်ရင်းလုံးရှိ ရဲဘော်တိုင်းအား လိုက်လံနှုတ်ဆက်လိုလှသည်။ သို့ရာတွင် မဖြစ်နိုင်။ ယခု ကျွန်တော်၏ ဂျစ်ကားပတ်လည်တွင် ဝိုင်းအုံနေကြသော သူတို့ကိုသာ တပ်ရင်းတစ်ခုလုံး၏ ကိုယ်စားအနေဖြင့် နှုတ်ဆက်ရသည်။

'ကဲ သွားကြမယ်' ကျွန်တော်က ပြုံးရယ်ကာဖြင့် နှုတ်ဆက်သည်။

သူတို့အားလုံးသည် ငြိမ်သက်စွာပင် သတိအနေအထား၌ ရပ်နေ ကြသည်။ သူတို့သည်လည်းကျွန်တော်နှင့်ခွဲခွာမည့်အတွက် စိတ်မကောင်း ဖြစ်ကြပါလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။ မျှော်လင့်သလိုလိုလဲ ဖြစ်မိရသည်။

'ကဲ သွားပြီ၊ အားလုံးပဲ' ကားကိုစက်နှိုးလိုက်၍ ထပ်မံနှုတ်ဆက်ခဲ့ ရသည်။

'အလေးပြု' အရာရှိတစ်ဦး၏ အမိန့်သံကိုကြားလိုက်ရသည်။

ကျွန်တော်သည် သူတို့ဘက်သို့ ပြန်လည်အလေးပြုရင်း ပြည့်မောက် တင်းကျပ်လျက်ရှိသော ရင်တွင်းမှ သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်မိကာ ကားကို ဖြည်းညင်းစွာဖြင့် မောင်းထွက်ခဲ့ပါသည်။

လူရယ်လို့ဖြစ်လာရင်ဖြင့် ခွဲခွာခြင်းကို မရှောင်သာ၊တစ်နေ့သော အခါ၌ ရင်ဆိုင်ရမည်သာ ဖြစ်သည်။ သို့ဖြေလိုက်ရင်း နှလုံးသားတွင်းမှ တိုးတိုးကလေး ကျိတ်ကာ ဆုမွန်ကောင်း တောင်းမိရပါသည်။

http://www.cherrythitsar.org



သေနတ်ကိုင်တပ်ရင်း ၆၊ တိုင်းပြည်၏ တာဝန်ကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေ။ အောင်ပွဲအဆင့်ဆင့် ခံနိုင်ပါစေ။ ဘေးအန္တရာယ် အပေါင်းတို့မှ ကင်းဝေးပါစေ။

ပြည်ထောင်စု တပ်မတော်ကြီး တိုင်းပြည်၏တာဝန်ကို ဆတက် ထမ်းပိုး တိုးလို့ ထမ်းရွက်နိုင်ပါစေ၊ အောင်ပွဲအဆင့်ဆင့် ခံနိုင်ပါစေ၊ ဘေးအန္တရာယ်အပေါင်းတို့မှ ကင်းဝေးပါစေ။

http://www.cherrythitsar.org

## စာရေးသူ၏ ဆန္ဒ

သည်လောက်ဆိုရင်ဖြင့် သိလောက်ကြပါပြီ။

ထိုခေတ်က တပ်မတော်သားတွေ ယနေ့ တပ်မတော်ထဲတွင် မြောက်မြားစွာကျန်ရှိနေကြပါသေးသည်။ အချို့လည်း ပြင်ပ၌ ထိုင်နေကြသည်။ အချို့ကမူ မရှိကြတော့ပြီ။ ထိုသူတွေသည် ဂျပန်တော်လှန်ရေးအပြီး ယနေ့တပ်မတော်ကို ထိုကဲ့သို့ ပြန်လည်ထူထောင်ခဲ့ကြရသည်။ တစ်ဖန် လွတ်လပ်ရေးကြီး ရရှိပြီးသည့်နောက် တိုင်းပြည်နုနုတွင် ဝါဒစွဲပြင်းထန်မှု၊ လူမျိုးရေးစိတ်ဓာတ်ပြင်းပြမှု၊ တစ်ဦးနှင့်တစ်ဦး မယုံကြည်မှု၊ အကွဲကွဲအပြားပြား ဖြစ်ခဲ့မှု၊ မှန်တိုင်းတွေကြောင့် ရရှိထားသည့် လွတ်လပ်ရေးကြီးသည်ပင် ဆုံးရှုံးရခမန်း ဖြစ်ခဲ့ကြသည်။ ထိုအခြေအနေတွင် ထိုအချိန်က ပျိုရွယ်လှသေးသော ထိုတပ်မတော်သည် အခက်အခဲ အမျိုးမျိုးတို့အကြားမှ ရုန်းကန်ရင်း ပြည်ထောင်စုကြီး၏ အလံတော်ကို မယိုင်မလဲအောင် ထိုသို့ ထိန်းသိမ်းခဲ့ကြရသည်။

http://www.cherrythitsar.org



အချိန်တွေလည်းကြာမြင့်ခဲ့ပါပြီ။ ထို့ကြောင့် ဘယ်သူ့ကြောင့် ဘယ်လိုဖြစ်ခဲ့ရသည်၊ ဘယ်သူတွေမှားခဲ့သည်။ဘယ်သူတွေက မှန်ခဲ့သည်၊ ဒါတွေကို မေ့လိုက်ကြပါစို့။

သို့ရာတွင် တပ်မတော်၏ ထိုအစဉ်အလာကိုမူ ယနေ့မျက်မှောက်ခေတ် တပ်မတော်သားတွေ အပါအဝင် လူငယ်လူရွယ်တွေနှင့် နောင်လာ နောက်သားတို့ မမေ့ကြစေလိုပါ။ မမေ့သည်သာမက စွဲမြဲထိန်းသိမ်းနိုင်ကြပါစေ။

နောက်တစ်ခုမမေ့စေလိုသည်လည်း ရှိပါသေးသည်။ ဤမှတ်တမ်းတွင် တွေ့ခဲ့မြင်ခဲ့ကြရသည့် ပြည်ထောင်စုကြီးပြိုကွဲအောင်ကြံဆောင်ခဲ့ကြသောမကောင်းသောပြည်ထောင်စုသားတွေ ရှိခဲ့ကြသလို၊ ကောင်းသောပြည်ထောင်စုသားတွေသည် အဆပေါင်းမြောက်မြားစွာ ရှိခဲ့သည်ကို ကျွန်တော်တို့ မမေ့အပ်။

အဲဒါတွေပြီးလျှင်ဖြင့် ဆန္ဒတစ်ခုသာပြုရန်ကျန်ပါတော့သည်။

ဤမှတ်တမ်းကိုပြုစုရာတွင် ကျွန်တော်သည် ထိုခေတ်သမိုင်းပိတ်ဖြူကားချပ်ပေါ်တွင် သစ်တစ်ပင် ဝါးတစ်ရုံမျှကိုသာ ရေးဆွဲဖော်ပြနိုင်ခဲ့ပါသည်၊ ထို့ကြောင့် ပြည့်စုံခြင်းမှဝေးကွာလှပါသေးသည်။ ကျန်ရှိသော နောက်ခံကောင်းကင်ပြာကိုလည်းကောင်း၊ တောတောင်ညိုညိုတို့ကိုလည်းကောင်း၊ စိမ်းလဲ့ကြည်လင်သည့် မြစ်ချောင်းတို့ကိုလည်းကောင်း၊ တတ်စွမ်းနိုင်သော သူတို့က ဖြည့်ထည့်ကြရပါဦးမည်။

ကျွန်တော်မျှော်လင့်ပါသည်၊ ထိုကာလက မြန်မာပြည်အနှံ့အပြားရှိ စစ်မြေပြင်အရပ်ရပ်တို့၌ ကိုယ်တိုင်ကိုယ်ကျ

http://www.cherrythitsar.org



ပါဝင်ခဲ့ကြသော ပုဂ္ဂိုလ်များတို့သည် သူတို့၏ အတွေ့အကြုံတို့ကို ရေးသားကြပါလိမ့်မည်။ ရေးသားနိုင်စွမ်းရှိသူတွေလည်း ယနေ့ တပ်မတော်ထဲတွင်လည်းကောင်း၊ ပြင်ပတွင် လည်းကောင်း များစွာရှိကြပါသေးသည်။

ထိုအခါကျမှပင် ထိုခေတ် သမိုင်းကားချပ်ကြီးသည် ပြည့်စုံပါတော့မည် ဖြစ်ပါသည်။

**ထင်မောင်**

http://www.cherrythitsar.org

## အက္ခရာဝလိ


ကချင်ရိုင်ဖယ်၊ ကချင် သေနတ်ကိုင်တပ်ရင်း-**ကြည့်**

ကချင်သေနတ်ကိုင်တပ်ရင်း ၅၄၊ ၉၄၊ ၁၀၈

ကတုတ်ဘုရားကြီးခံစစ် ၂၁၄၊ ၂၁၉၊ ၂၂၀

ကယားပြည်နယ်ဆူပူမှု ၁၀၀၊ ၁၀၁

ကရင်စစ်ရဲ ၁၀၀

ကရင်ရိုင်ဖယ်၊ ကရင် သေနတ်ကိုင်တပ်ရင်း-**ကြည့်**

ကရင်သေနတ်ကိုင်တပ်ရင်း (၁) ၅၄၊ ၉၄၊ ၁၀၀၊ ၁၀၅၊ ၁၀၈

- တောခိုခြင်း ၁၀၅
- တောင်ငူမြို့သိမ်းပိုက်ခြင်း ၁၀၅

ကရင်သေနတ်ကိုင်တပ်ရင်း(၂) ၉၄၊ ၁၀၅

- ပြည်မြို့သိမ်းပိုက်ခြင်း ၁၀၅

ကရင်သေနတ်ကိုင်တပ်ရင်း(၃) ၁၂၆

ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့။ **ကေအင်ဒီအို-ကြည့်**

ကရင်အမျိုးသားသမဂ္ဂ၊ ကေအင်ယူ-**ကြည့်**

ကလေးစစ်သည် ရဲညွန့်တပ်ဖွဲ့ ၁၄၂

ကလော(စ)ဝသ်၊စစ်ပါရဂူ၏အဆို ၆၃

ကလပ်၊ မေဂျာ ၂၁၊ ၂၂၊ ၄၆

ကာကွယ်ရေးဝန်ကြီးရာထူး ၈၄

ကာပင်တာ၊ မေဂျာ ၁၈

ကုလားစစ်တပ် ၄၇

ကေအင်ဒီအို ၈၀၊ ၉၄-၅၊ ၉၉၊ ၁၀၁၊ ၁၀၅-၈၊ ၁၂၀၊ ၁၅၇-၈၊ ၁၈၃၊ ၁၉၀၊ ၁၉၈၊ ၂၀၃၊ ၂၀၇၊ ၂၂၇၊ ၂၃၅၊ ၂၄၄၊ ၂၄၇-၈

- စာဘူးတောင်းခံတပ်ကျဆုံးခြင်း ၂၄၄
- တောခိုခြင်း ၉၉၊ ၁၀၁၊ ၁၀၅
- လက်ခုပ်ကွင်းကျဆုံးခြင်း ၂၂၇

ကေအင်ယူ ၈၀

ကဲပင်းနက်၊ ဒုဗိုလ်မှူးကြီး ၁၀၆

ကော်သူးလေတပ်တာဝန်ခံ ၁၄၀

ကိုကိုလေး၊ ဒုဗိုလ် ၂၁၆

ကိုကြီး၊ ဗိုလ် ၁၈၀-၆၊ ၁၈၈၉၁

http://www.cherrythitsar.org

ကောက်(က)နီလူမျိုး ၂၁၊ ၂၂
အသံထွက် ၂၂
ကန္တီစာချုပ် (၁၉၄၅ခုနှစ်၊စက်တင်ဘာ ၆၊ ၇) ၇၊ ၁၄၊ ၁၅၊ ၄၅
ကုန်းတန်းကြီးတိုက်ပွဲ ၆၅-၇၃၊ ၂၈၉
ကျော်စိုး၊ ဗိုလ်(ကွယ်) ၁၂
ကျော်ဇော၊ ဗိုလ်မှူးကြီး(ငြိမ်း) ၁၃၊ ၆၀
ကျော်ဇော၊ ဗိုလ်မှူးချုပ်(ငြိမ်း) ၉၊ ၁၄၊ ၂၀၊ ၂၆-၇၊ ၅၁၊ ၁၀၆၊ ၁၀၉ ၂၀၉၊ ၂၂၈-၉၊ ၂၃၁၊ ၂၃၄-၆၊ ၂၃၈-၉၊ ၂၄၉-၅၀၊ ၂၅၉၊ ၂၆၁-၄၊ ၂၆၆-၇၊ ၂၇၃၊ ၂၇၆-၉၊ ၂၈၃-၅
ကျော်ညွန့်၊ ဒုဗိုလ်မှူးကြီး (ငြိမ်း) ၁၄၆၊ ၁၇၇
ကျော်ထွန်း၊ ဗိုလ်မှူး(ကျ) ၉၊ ၁၈၊ ၂၁၊ ၅၅၊ ၁၁၀၊ ၁၁၁၊ ၁၁၃-၄၊ ၁၁၉။ ၁၂၈
ကျောက်ဆည် ၁၂၉-၃၃၊ ၁၃၇၊ ၁၃၉
ခံစစ် ၁၃၀-၂
မြစ်ငယ်သို့ဆုတ်ခွာ ၁၃၉
ကြားဖြတ်အစိုးရ ၅၄
ကြိုးမဲ့ကြေးနန်းစက်၊ ဝိုင်ယာလက်စက် ဆက်သွယ်ရေး-**ကြည့်**
ကြင်၊ ဗိုလ်မှူး (ကျ) ၁၀၊ ၁၀၂၊ ၁၀၄၊ ၁၃၂၊ ၁၄၄
ကြည်မောင်၊ ဗိုလ် (သံအမတ်ကြီး၊ငြိမ်း) ၆၀
ကြည်မောင်၊ ဗိုလ်မှူးကြီး(ငြိမ်း)၁၂၊၁၀၆
ကြည်ဝင်း၊ ဗိုလ်မှူးကြီး(ငြိမ်း) ၁၂
ကြယ်ပွင့်ကလေးများ ကြွေခဲ့ရသည့်နေ့ ၂၀၃-၁၄
ကွန်မြူနစ် ၆၅၊ ၇၅၊ ၈၀-၁၊ ၈၅၊ ၈၇၊ ၉၄၊ ၁၂၆၊ ၁၄၄၊ ၁၅၇-၈၊ ၁၈၅-၇၊၁၈၉-၉၀၊၁၉၈၊၂၁၅
ခေါင်းဆောင်များဖမ်းဆီးမိနိုင် ၆၅
တောခိုခြင်း ၆၅၊ ၈၀၊ ၈၅၊ ၉၄
ဝါဒ ၈၅၊ ၈၇
အာရှအရှေ့တောင်ပိုင်းညီလာခံ ၆၄
ကွန်မြူနစ်ပါတီ မြန်မာပြည် ၆၄၊ ၆၅

ခရီးတိုထိုးဖောက်တိုက်ခိုက်ခြင်း ၂၃၇
ခရီးရှည်ချီတက်လှေ့ကျင့်ခြင်း၃၇-၄၂
ခရီးသည်တင်ယူဘီအေလေယာဉ်၁၃၄
ခရော့(စ)ဘီ၊ မေဂျာ ၅၅
ခံစစ်ဆင်သူ၏နည်းလမ်း ၁၃၈-၉
ခံစစ်မျဉ်းကျိုးပေါက်ခြင်း ၂၀၅
ခံစစ်ဝိုင်း၊ ပတ်လည်ခံစစ်-**ကြည့်**
ခင်ကျော်ညို၊ဗိုလ်မှူးကြီး (ငြိမ်း) ၁၉၁
ခင်ဇာမုံ၊ ဗိုလ်မှူးကြီး (ငြိမ်း) ၁၇၆-၉၊ ၁၈၂၊ ၁၈၄၊ ၁၈၆-၇၊ ၁၉၈-၉၀
ခင်ညို၊ ဗိုလ်မှူးကြီး(ငြိမ်း) ၁၃၊ ၅၄
ခင်မောင်၊ ဗိုလ်မှူးကြီး (ငြိမ်း) ၂၅၅
ခင်မောင်ကျော်၊ ဗိုလ် (ကွယ်) ၆၀
ခင်မောင်မြင့်၊ ဒုဗိုလ်မှူးကြီး ၁၀၂၊၁၄၆
ခင်မောင်သောင်း၊ ဗိုလ်မှူးကြီး(ငြိမ်း)၆၀၊ ၂၅၅၊ ၁၅၇

http://www.cherrythitsar.org

ခင်မြင့်၊ တပ်ကြပ်ကြီး(ကျ) ၁၀၆၊ ၁၀၈
ချင်းတပ်ခွဲ၊ သာစည်တိုက်ရန် ၁၉၁
ချင်းရဲဘော်များ ၁၅၇၊ ၁၇၇၊ ၁၉၄
    သာစည်မှ ၁၇၇၊ ၁၉၄
    သစ္စာစောင့်သိမှု ၁၅၇
ချင်းရိုင်ဖယ်။ ချင်းသေနတ်ကိုင်တပ်ရင်း -**ကြည့်**
ချင်းသေနတ်ကိုင်တပ်ရင်း(၁) ၉၄၊၁၅၀
ချင်းသေနတ်ကိုင်တပ်ရင်း(၂) ၉၄
ချင်းသေနတ်ကိုင်တပ်ရင်း(၃) ၉၄၊၁၀၀၊ ၁၀၃၊ ၁၄၇-၉၊ ၁၉၆၊ ၂၂၇၊ ၂၅၀
ချစ်ခင်၊ ဗိုလ်မှူးကြီး(ငြိမ်း) ၁၀
ချစ်ခိုင်၊ဒုဗိုလ်မှူးကြီး(ငြိမ်း)၁၃၊၁၄၃-၄
ချစ်မောင်၊ဗိုလ်မှူးကြီး(ငြိမ်း)၇၅၊၁၀၄၊ ၁၅၀၊ ၁၆၈-၁၊ ၁၇၀၊ ၁၇၂၊ ၁၉၂၊ ၁၉၇၊ ၁၉၉၊ ၁၄၃
ချစ်မြိုင်၊ဗိုလ်မှူးကြီး(သံအမတ်ကြီး၊ငြိမ်း) ၉၊ ၁၈၊ ၂၁၊ ၂၇၊ ၃၆၊ ၅၅၊ ၈၉၊ ၁၀၆၊ ၁၇၅၊ ၂၀၄-၇၊ ၂၀၉-၁၁၊ ၂၁၃၊ ၂၁၅၊ ၂၁၇၊ ၂၁၉-၂၀၊ ၂၂၂-၃၊ ၂၅၀၊ ၂၆၀-၂
ခြေလျင်တပ်ရင်း(၁) ၂၃၆
ခြေလျင်တပ်ရင်း(၄) ဂေါ်ရခါး ၉၄၊ ၁၄၉၊ ၂၀၄၊ ၂၁၇
ခြေလျင်တပ်ရင်း(၅) ၂၄၈၊၂၅၀၊၂၆၀၊ ၂၈၂
ခြေလျင်တပ်၏ခြေလှမ်းနှုန်းထား ၈
ခြသေ့်အမှတ်အသားဖြတ်ခြင်း ၆၁

ဂေါ်ရခါးတပ်ခွဲ။ခြေလျင်တပ်ရင်း(၄)- **ကြည့်**
ဂေါ်ရခါးရဲဘော် ၉၄၊၁၀၄၊၁၅၇၊၁၉၄
    သစ္စာစောင့်သိမှု ၁၅၇
ဂင်ကီ။ တင်မောင်၊ ဗိုလ်မှူးကြီး-**ကြည့်**
'ဂျပန်ခေတ်စစ်ပညာတော်သင်တစ်ဦး'၁၊ ၁၆
ဂျပန်ခေတ်မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း၊ ပထမပတ် ၁၈၈၊ ၁၉၉။ ဂျပန်ပြည် စစ်တက္ကသိုလ်၊ ဗိုလ်သင်တန်း ပထမပတ် မင်္ဂလာဒုံ - **လည်းကြည့်**
ဂျပန်ငွေစက္ကူ ၄၇
ဂျပန်စစ်ရေးပြ။ စစ်ရေးပြ-**ကြည့်**
ဂျပန်တော်လှန်ရေး ၈၅၊ ၂၉၃။ တော်လှန်ရေး-**လည်းကြည့်**
ဂျပန်ပြည်စစ်တက္ကသိုလ် ၁၆၊၁၇၊၁၁၉၊ ၁၉၂
ဂျပန်ပြည်စစ်ပညာတော်သင်များမေးမြန်းစစ်ဆေးခံရခြင်း ၁၇
ဂျမဒါ ၃၃

ငြိမ်းချမ်းရေး ၉၅

စာဘူးတောင်း ၂၃၅-၈၊ ၂၄၄-၅
    ခံတပ် ၂၃၅
    တိုက်ခိုက်သိမ်းယူခြင်း ၂၄၄-၅
    တိုက်ပွဲ ၂၃၈-၄၅
    ရှေ့ပြေးခံစစ် ၂၃၈

http://www.cherrythitsar.org

**စာရေးသူ၏ဆန္ဒ** ၂၉၃
**စောကြာဗိုး၊ ဗိုလ်မှူးချုပ် (ငြိမ်း)** ၁၇၊
    ၉၇-၈
**စောထွန်းစိန်၊ ဗိုလ်မှူးကြီး(ငြိမ်း)** ၈၊ ၉၊
    ၁၈၊ ၃၆၊ ၅၅
**စောဘဦးကြီး၊ တောခို(ကျ)** ၁၄
**စောမောင်ထွန်း၊ ဒုတပ်ကြပ်(ကျ)** ၇၄-
    ၅၊ ၂၈၉
**စောမြသိန်း၊ ဒုဗိုလ်မှူးကြီး(ငြိမ်း)** ၂၆၂
**စောမြင့်၊ ဗိုလ်မှူးကြီး(ငြိမ်း)** ၁၂၊ ၁၀၆
**စောလွင်၊ ဒုဗိုလ်** ၂၁၆
**စောအောင်စိန်၊ ဗိုလ်မှူး** ၅၄
**စောအောင်မြိုင်၊ ဗိုလ် (ကျ)** ၁၀
**စိုးမင်းဦး၊ ဗိုလ်ကြီး (ကျ)** ၂၅၉
**စိုးလှိုင်၊ ဗိုလ်ကြီး(ငြိမ်း)** ၁၂၂-၃၊ ၁၂၅၊
    ၁၃၁
**စိုင်းဟတ်၊ ဗိုလ်ကြီး** ၁၉၁
**စစ်ဆင်ရေး** ၆၆၊ ၉၄၊ ၁၀၀၊ ၁၃၆
    ၁၄၂၊ ၁၄၅၊ ၁၈၈၊ ၁၃၅၊ ၁၃၆
    ၁၄၃၊ ၂၄၇-၈၊ ၂၅၆၊ ၂၈၂၊
    ၂၈၈-၉
    ကယားပြည်နယ် ၁၀၀
    ဗိုလ်နော်ဆိုင်း၏ ၁၃၆
    သာစည် ၁၄၅
    မိုးကြိုး ၂၄၇-၈၊၂၅၆၊၂၈၂၊၂၈၉
**စစ်တက္ကသိုလ်၊ ပြင်ဦးလွင်** ၂၇။ ဖျပန်
    ပြည် စစ်တက္ကသိုလ်- **သည်း
    ကြည့်**
**စစ်တပ်** ၁၁၊ ၁၉၊ ၄၃၊ ၁၄၆၊ ၁၅၂
    လေ့ကျင့်ရေး ၁၁
    အမိပွာယ် ၁၄၆၊ ၁၅၂
**စစ်နည်းဥပဒေ** ၃၄၊ စစ်ဥပဒေ-**သည်း
    ကြည့်**
**စစ်နှင့်စစ်သားဖ၆၃-၄၊** ၆၆၊ ၆၈၊ ၁၂၉
**စစ်ပညာပေးစာစောင်** ၁
**စစ်ပညာပေးရုပ်ရှင်** ၃၀၊ ၃၁
**စစ်ပညာသင်ပထမပတ်** ၁၆။ဖျပန်ပြည်
    စစ်တက္ကသိုလ်-**သည်းကြည့်**
**စစ်ပွဲ** ၆၃-၄၊ ၁၀၀၊ ၁၃၂-၃
**စစ်ဗိုလ်ရာထူး** ၃၂၊ ၃၃
**စစ်ရေးစစ်ရာသင်ကြားပေးခြင်း** ၁၅
**စစ်ရေးပြ** ၁၁၊ ၂၁၊ ၅၅၊ ၅၆
**စစ်ရဲစစ်ဝန်ထမ်း** ၁၀၆
**စစ်ရဲတပ်** ၂၀၄
**စစ်ဝန်ထမ်းတပ်** ၁၀၀၊ ၂၀၄
**စစ်သမိုင်း** ၁၊ ၃၄
**စစ်သည်တော်ဦးရေ** ၁၅၊ ၁၉
**စစ်ဥပဒေ** ၃၄။ စစ်နည်းဥပဒေ-**သည်း
    ကြည့်**
**စန်းညွန့်ကြီး၊ ဗိုလ်မှူး(ငြိမ်း)** ၁၅၁
**စန်းယု၊ ဗိုလ်(သမ္မတကြီး)** ၉၊၂၇၊၈၉
**စိန်ပြောင်းနှင့် မိုင်းဗုံး** ၂၈၂-၈
**စိန်မြ၊ဗိုလ်ကြီး(ဝန်ကြီး)** ၈၊၉၊၂၁၆-၇၊
    ၂၂၀၊ ၂၂၆
**စိန်မှန်၊ ဗိုလ်(ကျ)** ၈၊ ၉၊ ၂၁
**စိန်ဝင်း၊ ဗိုလ် (ဝန်ကြီးချုပ်)** ၉၊၁၈၊၂၁၊
    ၂၃၆

ဆာပေါ်ထွန်း၏ အစိုးရ ၄၇
ဆီးချုံစခန်း ၁၇၆
ဆူပဒါ ၃၃
ဆူပူထကြွမှု(၁၉၄၉) ၉၄၊ ၁၀၀-၁
ဆိုရှယ်လစ် ၈၁
ဆန္ဒပြသူတို့အပေါ်စစ်ဗိုလ်၏ပစ်မိန့်၂၄
ဆန်လုပွဲ ၄၆-၅၃

ဇူလိုင်လ ၁၉ ရက်(၁၉၄၇) ၅၈-၆၀
ဇေယျ၊ ဗိုလ်မှူးကြီး(တောခိုကျ) ၁၂၊
၁၄၊ ၂၆၊ ၃၈၊ ၆၁၊ ၈၁-၄၊
၉၁-၃၊ ၉၅၊ ၉၇-၉
ဇော်မင်း၊ ဗိုလ် ၁၄

ညိုထွန်း၊ ဦး(ကွယ်) ၁၄

တရားသူကြီး၏ပစ်ခတ်ခွင့်အမိန့်စာ၂၄
တစ်သီးပုဂ္ဂလကွန်မြူနစ် ၈၁
တောခိုပုန်ကန်ခြင်း ၆၅၊ ၈၀၊ ၈၂၊ ၈၆-
၉၊ ၉၂-၃၊ ၉၅၊ ၁၀၀၊ ၁၀၅
တောတွင်းမှဆက်သား ၉၄
တော်လှန်ရေး ၁၁။ ဂျပန်တော်လှန်ရေး
- **လည်းကြည့်**
တိုက်ခိုက်ရေးကျောင်း၊ ကလော ၁၀၂၊
၁၄၆
တိုက်ပွဲလေ့ကျင့်ခန်း ၃၄
တင်ကိုကို၊ ဦး ၁၉၁
တင်ဖေ၊ ဗိုလ်မှူးချုပ် ၁၂၊ ၂၈၃-၄၊
၂၈၇-၈
တင်မောင်၊ ဗိုလ်မှူးကြီး ၁၀၊ ၁၆-၈၊
၂၀-၁၊ ၃၄၊ ၃၆၊ ၅၀-၂၊ ၅၇-
၆၁၊ ၈၂၊ ၉၁၊ ၉၃-၄၊ ၉၉၊
၁၀၁၊ ၁၀၈-၉၊ ၁၂၁၊ ၁၂၃၊
၁၂၅-၆၊ ၁၄၃-၇၊ ၁၆၁-၂၊
၁၇၆-၇၊ ၁၇၉-၈၂၊ ၁၈၈-၉၊
၁၉၉-၂၀၁၊ ၂၀၃၊ ၂၁၀-၅၊
၂၂၉၊ ၂၃၁၊ ၂၃၄၊ ၂၃၇-၄၁၊
၂၅၀၊ ၂၆၂၊ ၂၆၅၊ ၂၆၈၊ ၂၈၃-
၈၊ ၂၉၀
ကွန်မြူနစ်တို့ ဝါယာလက်စက်
တောင်းမှု ၁၈၈-၉
ချေးခါးဟင်းစားခြင်း ၅၇-၈
ကျော့ဘုရင်၏ခန့်အပ်လွှာ ၁၆၊ ၁၈
စတင်းကျည်ဆန်ပြဿနာ ၅၀-၁
စာဘူးတောင်း၊ တိုက်ပွဲ ၂၃၅-၈၊
၂၄၄-၅
စစ်ဆေးရာမှ လွတ်လာခြင်း ၁၇
စစ်ရုံးမှ သံကြိုးစာ ၁၄၄၊ ၁၇၆
ဆီးချုံစခန်း ၁၇၉၊ ၁၈၂
တပ်ပျက်ဗိုလ် ၁၂၁
တပ်ရင်း ၆ ကို နှုတ်ဆက်ခဲ့ခြင်း
၂၉၀
တပ်ရင်းမှူးဖြစ်ခြင်း ၂၄၈
ထန်းတစ်ပင်တိုက်ပွဲ ၂၈၃-၈
ထုံးကြီးတိုက်ပွဲ ၂၂၇-၃၅
ဒုတပ်ရင်းမှူးဖြစ်ခြင်း ၉၄
ဒိုက်ဦးတိုက်ပွဲ ၂၀၃၊ ၂၁၀-၅
ပျောက်ဆုံးတပ်ခွဲရှာရန် ၁၄၅

http://www.cherrythitsar.org


ဗိုလ်ကိုကြီး၏အကူအညီ ၁၈၀-၂
ဗြိတိသျှစစ်တပ်၏ဖမ်းဆီးခံရခြင်း ၁၆
မိတ္ထီလာမှထွက်ပေါက် ၁၂၃၊ ၁၂၆
ရာဇဝတ်ဝန်ထောက်အားကူညီမှု ၅၂
ရန်ကုန်ဆွေးနွေးပွဲ ၈၂
လက်ခုပ်ကွင်းတိုက်ပွဲ ၂၂၁-၇
သာစည်တိုက်ပွဲ ၁၆၁-၂
သေနတ်ပြောင်းဝစကား၁၉၉-၂၀၁
သံယောဇဉ် ၂၈၈
တင်ဦး၊ဒုဗိုလ်မှူးကြီး(သံအမတ်ကြီး၊ငြိမ်း) ၆၁၊ ၈၆၊ ၉၅၊ ၉၇၊ ၉၉၊ ၁၀၆ ၁၀၇၊ ၂၂၆၊ ၂၄၇
တင်ဦး၊ဗိုလ်(ဦးစီးချုပ်၊ ငြိမ်း) ၁၃၊ ၂၇၊ ၁၂၉၊ ၁၃၀၊ ၁၃၁
တင်ဦး၊ဗိုလ်ကြီး(ဒုဝန်ကြီး) ၇၅၊၁၀၄၊ ၁၅၀၊ ၁၇၀၊ ၁၉၂-၃၊ ၁၉၇၊ ၂၀၃-၄၊ ၂၁၆-၇
တင်ဦး၊ ဗိုလ်မှူးကြီး (ငြိမ်း) ၁၂
တင်အောင်၊ ဗိုလ်မှူးကြီး ၂၅၀၊ ၂၈၄၊ ၂၈၅
တင့်ဆွေ၊ ဗိုလ်ကြီး (ဝန်ကြီး) ၁၀၀
တောင်ငူ ၂၊ ၂၄၇၊ ၂၅၉၊ ၂၆၂၊ ၂၈၉
ကျဆုံးခြင်း ၂
ပြန်လည်သိမ်းပိုက်ခြင်း ၂၅၉၊ ၂၆၂၊ ၂၈၉
တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မင်္ဂလာဒုံ ၁၀၈-၉
တိုင်းပြည်နုနု ၆၃၊ ၂၉၃
တိုင်းပြည်အခြေအနေ(၁၉၄၆-၅၀) ၁
မှတ်တမ်း ၁၊ ၃၊ ၂၉၄
တပ်ခွဲတန်းစီဇယား ၂၃
တပ်ခွဲမှူးအထူးသင်တန်း ၅၄
တပ်ဖွဲ့ဝင်ပုဂ္ဂိုလ် ၉
တပ်မတော် ၁၊ ၂၊ ၅၊ ၁၅၊ ၁၉၊ ၃၀၊ ၄၄၊ ၆၄၊ ၈၁၊ ၈၅-၇၊ ၁၀၈၊ ၁၄၂၊ ၁၅၇-၈၊ ၂၂၇-၈၊ ၂၃၅၊ ၂၄၅၊ ၂၄၉၊ ၂၉၃-၅
တပ်မဟာ ၂၄၇၊ ၂၄၉၊ ၂၈၃
စစ်ဆင်ရေး ၂၄၉
ဌာနချုပ် ၂၄၇၊ ၂၈၃
တပ်မှူးတစ်ဦး၏ဘဝ ၁၅၅-၆
တပ်သားဦးရေ၊ စစ်သည်တော်ဦးရေ -


## ထ


တပ်အသီးသီးမှ ကိုယ်စားလှယ်၈၁၊ ၈၂
ထောက်ပံ့ပို့ဆောင်ရေးတပ် ၂၅၀
ထင်ကျော်၊ ဗိုလ် (ဝန်ကြီး) ၁၀
ထန်းတစ်ပင်စစ်ဆင်ရေး ၂၈၂-၄၊ ၂၈၇
ထုံးကြီးတိုက်ပွဲ ၂၂၇-၂၃၅
ထွန်း၊ဒယ်နီ၊ ဗိုလ် ၃၉
ထွန်းစိန်၊ ဗိုလ်မှူး (ရန်ကုန်မြို့မင်းကြီး) ၁၃၊ ၃၈၊ ၈၂၊ ၁၄၂-၄
ထွန်းမြင့်၊ ဗိုလ်မှူးကြီး ၂၅၀
ထွန်းဝင်း၊ ဦး ၈၁၊ ၈၂
ထွန်းအုပ်၊ ဒုဗိုလ်မှူးကြီး(ငြိမ်း) ၂၆၂

http://www.cherrythitsar.org

ဒုတိယကမ္ဘာစစ်ကြီး ၁၁၊ ၁၆၊ ၈၀
ဒေါ်ဆင်၊ ဗိုလ်မှူး ၁၁၆-၈၊ ၁၂၀-၅
  ၁၂၈၊ ၂၆၂
ဒိုက်ဦးတိုက်ပွဲ ၂၀၃-၅
ဒေါင်း၊ မေဂျာ ၁၈
ဒတ်ဖီး၊ ဆာဂျင်မေဂျာ ၅၅
ဒွန်း၊ စမစ်၊ ဗိုလ်ချုပ် ၉၅၊ ၁၀၇

နု၊ ဦး (ဝန်ကြီးချုပ်) ၈၂၊ ၈၄
နေဝင်း၊ ဗိုလ်ချုပ်(ဥက္ကဋ္ဌကြီး၊ ငြိမ်း) ၁၂၊
  ၁၄၊ ၂၆၊ ၈၁-၃၊ ၈၆-၇၊ ၉၂၊
  ၉၇၊ ၉၉၊ ၁၀၇၊ ၁၉၀၊ ၂၆၃
နော်ဆိုင်း၊ ဗိုလ် ၅၄၊ ၅၆-၇၊ ၁၀၈၊
  ၁၃၅-၆၊ ၁၅၉-၆၀
နော်ဘီ။ ကလပ်၊ မေဂျာ - **ကြည့်**
နိုင်ငံရေးအဖွဲ့အစည်း ၆၃၊ ၆၄
  လက်နက်အားကိုးဖြင့် ၆၄
  ဝါဒလမ်းစဉ် ၆၃

ပါလေး၊ ဗိုလ်ကြီး ၂၁၇၊ ၂၂၀၊ ၂၂၂
ပုသိမ်တိုက်ပွဲ ၂
ပဲခူးစစ်မျက်နှာ ၂၊ ၁၉၅-၆၊ ၂၀၃
ပတ်လည်ခံစစ် ၂၁၈-၉
ပြင်ဦးလွင် ၁၃၄-၇၊ ၁၃၉-၄၃၊ ၁၅၈-
  ၉
  ကိုယ်စားလှယ်လွှတ်ခြင်း ၁၄၀
  ခဲယမ်းမီးကျောက် ၁၅၉
  ရန်သူအင်အား ၁၄၁
  သူပုန်သိမ်းပိုက်ခြင်း ၁၃၄-၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၆၅
  ၈၁၊ ၂၄၅။ ရန်ကုန် အစိုးရ-
  **လည်း၊ကြည့်**
ပြည်ထောင်စုအလံတော် ၂၊ ၁၅၈-၉
  ၂၉၃-၄
ပြည်သူ့ရဲဘော် ၅၀၊၈၀-၂၊၁၁၆၊၁၄၂
  ၁၅၈၊ ၁၈၀-၁၊ ၁၈၃၊ ၁၈၆၊
  ၁၉၀
  ဖြူဝါနှစ်ခြမ်းကွဲခြင်း ၈၂
ပြန်လည်ဖွဲ့စည်းခြင်း ၁၆-၂၀
ပြန်လည်ရိုက်နှိပ်ခြင်း ၆
ပြန်လည်လေ့ကျင့်ရေး ၁၁၊ ၁၂
ပြွန်တန်ဆာတိုက်ပွဲ ၂၄၈-၉၊ ၂၅၆-၉
  ပိတ်ဆို့ရန်ချီတက်ခြင်း ၂၅၁-၅
  မီးရထားအားဖောက်ခွဲခြင်း ၂၅၇

ဖဆပလအစိုးရ။ ပြည်ထောင်စုမြန်မာ
  နိုင်ငံတော်အစိုးရ - **ကြည့်**
ဖဆပလ အဖွဲ့ချုပ် ၂၄၊ ၄၇
  အဖွဲ့ဝင် ၂၅
ဖရစ်ဇယ်၊ ကာနယ် ၅၈
ဖို့(ဒ)၊ ဗိုလ်မှူး ၁၀၂၊ ၁၀၄
ဖိုးလှ၊ ပီ၊ ဗိုလ်မှူး ၆၁
ဖက်ဆစ်ဆန့်ကျင်ရေး ၈၅
ဖြူးမြို့သူမြို့သား ၂၆၀-၁

ဗကပတို့ညာသံ ၇၅-၉
ဗမာ့သေနတ်ကိုင်တပ်ရင်း။သေနတ်ကိုင်
  တပ်ရင်း-**ကြည့်**

http://www.cherrythitsar.org

ဗလ၊ ဗိုလ်မှူး (ငြိမ်း) ၁၀
ဗဟာဒူး၊ တပ်ကြပ် ၈
ဗဟာဒူး၊ ယာဉ်မောင်းရဲဘော် ၁၂၇
ဗန်ကူးလ်၊ ဗိုလ်မှူးကြီး(ဒုဝန်ကြီး) ၂၄၉
ဗိုလ်ချုပ် ၈၁-၄၊ ၈၉ ၉၀၊ ၉၂၊ ၉၇-၈၊
  ၁၀၇-၈၊ ၁၇၆၊ ၁၉၉
ဗိုလ်သင်တန်းကျောင်း၊ ပြင်ဦးလွင် ၂၆
ဗိုလ်သင်တန်းပထမပတ်၊ မင်္ဂလာဒုံ ၈၈၊
  ၁၁၉၊၂၀၇၊ ဂျပန်ခေတ် မင်္ဂလာဒုံ
  ဗိုလ်သင်တန်းကျောင်း ပထမ
  ပတ်-**သည်းကြည့်**
ဗြိတိသျှစစ်တပ် ၈၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊
  ၂၁၊ ၂၇၊ ၃၂၊ ၄၂၊ ၄၃၊ ၄၇၊
  ၄၈၊ ၅၄၊ ၅၉၊ ၁၃၆
  စစ်ဗိုလ်ရာထူး ၃၂
  စစ်ရေးပြလေ့ကျင့်ခြင်း ၈
  တပ်သစ်ပြန်လည်ဖွဲ့စည်းခြင်း ၁၅
  ဗိုလ်သင်တန်း ၄၃
  မြန်မာပြည်သို့ပြန်လည် ဝင်ခြင်း
  (၁၉၄၆) ၄၇
  လေ့ကျင့်ခန်းဆင်းခြင်း ၁၄
ဗြိတိသျှစစ်ဗိုလ် ၁၅၊ ၄၃၊ ၄၄
ဗြိတိသျှလက်အောက်ဘားမားရိုင်ဖယ် ၇
ဗြိတိသျှအစိုးရ ၅၄
ဗြိတိသျှအရာရှိ ၅၅
  မြန်မာအရာရှိအပေါ် အမြင် ၁၉

ဘဖေ၊ ဦး(ကွယ်) ၁၄
ဘဖြူ၊ ဗိုလ်မှူးကြီး(ငြိမ်း) ၁၄၁
ဘရွှေ၊ ဗိုလ်မှူး(သံအမတ်ကြီး၊ငြိမ်း) ၁၃၊
  ၆၀၊ ၆၁၊ ၈၇
ဘလိပ်၊ ဗိုလ်မှူးကြီး ၁၀၆
ဘသန်း၊ ဗိုလ်မှူးကြီး(ငြိမ်း) ၁၃၊ ၂၉
ဘအောင်၊ ဗိုလ်ကြီး(ကွယ်) ၇၅
ဘကော(လ)၊ ဗိုလ်မှူး ၁၂၁
ဘားမားရဲဂျီးမင့်၊ ခြေလျင်တပ်ရင်း-
  **ကြည့်**
ဘားမားရိုင်ဖယ်၊ ဗြိတိသျှ စစ်တပ်၊
  သေနတ်ကိုင်တပ်ရင်း-**ကြည့်**
ဘုရင့် စစ်တက္ကသိုလ်၊ ဂျပန်ပြည် စစ်
  တက္ကသိုလ်-**ကြည့်**

မော်တော်ယာဉ်စက်ပညာ ၃၄၊ ၃၅
မိုးကြိုးစစ်ဆင်ရေး ၂၄၇-၈၊၂၅၆၊၂၈၂၊
  ၂၈၉
  စတင်ခြင်း ၂၅၆
  နောက်ဆုံးတာဝန် ၂၈၂
မင်းဒင်၊ဗိုလ်(တောခို၊ကျ) ၁၀၊၄၆၊၄၈
မောင်ကျော်၊ ဗိုလ်မှူးကြီး(ငြိမ်း) ၁၀၊
  ၂၁၆-၇
မောင်တင်၊ ဒုဗိုလ်မှူးကြီး(ငြိမ်း) ၁၀၊
  ၁၈၊ ၅၅-၇
မောင်မောင်၊ ဗိုလ်(သံအမတ်ကြီး၊ငြိမ်း)
  ၁၂၊ ၁၄၊ ၄၂
မောင်မောင်၊ ဗိုလ်မှူးကြီး ၁၀၉၊ ၁၁၆
  ၁၁၇၊ ၁၁၉၊ ၁၂၅၊ ၁၂၇-၈၊
  ၂၆၂
မောင်မောင်၊ ဗိုလ်(ကျ) ၁၀၊၁၁၉၊၁၂၈

http://www.cherrythitsar.org


မောင်လတ်၊ဗိုလ်မှူး(ငြိမ်း) ၃၀၊၃၁၊၄၁၊ ၁၄၂၊ ၁၄၄
မောင်လွင်၊ဗိုလ်(ဒုဝန်ကြီးချုပ်) ၁၃
မောင်သွင်၊ဒုဗိုလ်မှူးကြီး(ငြိမ်း) ၉၇-၉
မောင်အေး၊ ဗိုလ်မှူး(ကျ) ၂၀၄-၅
မောင့်ဘက်တန်၊ လူဝီ၊ လော့(ဒ) ၁၅
မိတ္ထီလာ ၉၉၊ ၁၀၀-၁၊ ၁၀၇-၁၀၊ ၁၁၃-၅၊ ၁၁၇၊ ၁၂၃၊ ၁၂၈-၃၄၊ ၁၃၇၊ ၁၄၁၊ ၁၄၇-၉၊ ၁၉၆၊ ၁၉၈
ကေအင်ဒီအိုဆုတ်ခွာခြင်း ၁၉၈
ခရီးသည်တင် ယူဘီအေလေယာဉ် ၁၃၄
ခံစစ်ပြင်ခြင်း ၁၁၅
တပ်ခွဲနှစ်ခွဲပို့ခြင်း ၉၉
ထွက်ပေါက် ၁၂၃
ပြန်လည်သိမ်းပိုက်ရေး ၁၃၁
ဖြစ်ပျက်ခဲ့သမျှ ၁၁၄
လေယာဉ်ကွင်းလုံခြုံမှု ၁၃၇
သူပုန်တို့ချီတက်လာခြင်း ၁၀၈
သူပုန်အင်အား ၁၄၇
သိမ်းပိုက်ခံရခြင်း ၁၂၈-၉
မန္တလေး ၂၊ ၁၂၆၊ ၁၂၈-၃၄၊ ၁၃၇ ၁၃၉-၄၅၊ ၁၅၇-၈၊
ကာကွယ်ရေး ၁၂၈-၃၀
ကျဆုံးခြင်း ၂၊ ၁၄၅
ငွေတိုက် ၁၄၄
စစ်ကိုင်းသို့တပ်ဆုတ်ခွာခြင်း ၁၅၇
ဆွေးနွေးခြင်း ၁၄၀
ပြင်ဦးလွင်ကိုတိုက်ခိုက်ခြင်း ၁၄၂
အဖြစ်အပျက် ၁၃၄-၄၄
မျိုးချစ်ဗမာ့တပ်မတော် ၁၁၊ ၁၄၊ ၁၅၊ ၁၇၊ ၂၇၊ ၄၄၊ ၈၅။ တပ်မတော်-**လည်းကြည့်**
မျိုးချစ်မြန်မာ့စစ်ဗိုလ်၊ မြန်မာစစ်ဗိုလ်-**ကြည့်**
မျိုးမြင့်၊ ဒုဗိုလ်မှူးကြီး(ဒုဝန်ကြီး) ၁၀၊ ၂၈၅
မျိုးမြင့်အောင်၊ ဗိုလ်ကြီး(ငြိမ်း) ၂၁၇
မျိုးအောင်၊ဒုဗိုလ်မှူးကြီး(ငြိမ်း)၂၆၅၊၂၆၇
မျောက်သားချေးခါးဟင်း ၅၇
မျဉ်းခံစစ် ၂၁၈
မြဝင်း၊ ဗိုလ်မှူးကြီး(ကွယ်) ၉၊ ၂၂၆
မြေပုံတိုက်ပွဲ ၃၄
မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ပြင်ဦးလွင် ၁၀၁၊ ၁၀၈-၁၀
မြစ်ငယ်ခံစစ် ၁၃၇-၉၊ ၁၄၃
မြစ်ဝကျွန်းပေါ်ဒေသငြိမ်ဝပ်ပိပြားမှု ၅၀
မြန်မာစစ်ဗိုလ် ၁၅။ မြန်မာအရာရှိ -**လည်းကြည့်**
မြန်မာနိုင်ငံတပ်မတော်။ တပ်မတော်-**ကြည့်**
မြန်မာပြည်ကွန်မြူနစ်ပါတီ(အလံဖြူ) ကွန်ဖရင့် ၆၄
မြန်မာရဲဘော်နှင့်ဗြိတိသျှစစ်တပ်၄၂-၆
မြန်မာအရာရှိ ၁၈-၂၁၊၂၃-၄၊၂၆၊ ၄၄၊ ၄၆
ဗြိတိသျှအရာရှိအပေါ်အမြင် ၁၉

http://www.cherrythitsar.org

သင်တန်း ၂၃-၄
အလုပ်သင် ၂၁
မြန်မာ့ကာကွယ်ရေးတပ်မတော်။တပ်မတော်-**ကြည့်**
မြန်မာ့တပ်မတော်။တပ်မတော်-**ကြည့်**
မြန်မာ့မျိုးချစ်တပ်မတော်။ တပ်မတော် - **ကြည့်**
မြန်မာ့သေနတ်ကိုင်တပ်ရင်း။ သေနတ်ကိုင်တပ်ရင်း-**ကြည့်**
မွန်ထော်၊ ဗိုလ်ကြီး(ကျ) ၂၀၆-၈၊၂၁၄
မှောင်မည်းဆုံးသောနေ့များ ၁၀၇

ယင်းမာပင်ရွာ ၁၄၇၊ ၁၇၇

ရဟီး(လ)၊ မေဂျာ ၃၆
ရာဇဝတ်ဝန်ထောက်၏မတရားမှု၅၂၊၅၃
ရာရှင်နှုန်းထား ၄၆
ရေသာတစ်လှည့် ၂၂၀-၇
ရဲထွဋ်၊ ဒုဗိုလ်မှူးကြီး (ရဲဘော်သုံးကျိပ်) ၈၉-၉၃
ရဲထွန်း၊ ဗိုလ်မှူးကြီး(ငြိမ်း) ၁၃၊ ၆၀၊ ၇၅၊ ၇၆၊ ၇၈၊ ၂၀၆၊ ၂၀၉-၁၂၊ ၂၁၇၊ ၂၁၉-၂၅၊ ၂၅၀၊ ၂၇၈-၈၀၊ ၂၈၆-၇
ရဲဘော်ဖြူ ၈၂၊ ၈၅၊ ၁၈၀၊ ၁၈၃-၄၊ ၁၈၆၊ ၁၈၉
ရဲမောင်၊ ဗိုလ်ကြီး ၆၁၊ ၆၆
ရဲမြင့်၊ ဒုဗိုလ်မှူးကြီး(ကွယ်) ၁၀၊ ၁၃၁-၂၊ ၁၄၁၊ ၁၄၄
ရောဒရစ်၊ ဗိုလ်မှူး ၂၅၀
ရိက္ခာစာရင်း ၂၃
ရိက္ခာပြဿနာ ၄၅
ရန်ကုန်ဆွေးနွေးပွဲ ၈၂-၄
ရန်ကုန်အစိုးရ ၇၂၊၂၄၅။ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ - **လည်းကြည့်**
ရန်နို့(စ်)။ ဟူးဘတ်၊ ဆာ(ဘုရင်ခံ) ၅၄
ရွှေ၊ ဗိုလ်(ဝန်ကြီး) ၉၊ ၄၆၊ ၅၂
ရွှေတံတားချောင်းတိုက်ပွဲ ၂၈၃

လူငယ်လူရွယ် ၂၊ ၅
လူစုလူဝေးဖြိုခွဲခြင်း ၂၄
လေ့ကျင့်ရေး ၁၆၊ ၂၃၊ ၆၅-၇၊ ၇၄ ၈၄၊ ၁၀၄၊ ၁၁၆
ဇယား ၂၃
တပ် ၁၆၊ ၁၁၆
လက်ခုပ်ကွင်းတိုက်ပွဲ ၂၂၀-၇
လက်နက်ကိုင်တွယ်နည်း ၃၄
လက်နက်ပုန်း ၆၅
လက်နက်အင်အား ၆၃၊ ၆၄
လက်ျာ၊ ဗိုလ်(ကွယ်) ၁၄၊၁၇၊၂၆၊၈၄
လက်ဝဲညီညွတ်ရေး ၈၀-၄၊ ၁၈၈
လိုက်အင်ဖင်ထရီ။ ခြေလျင်တပ်-**ကြည့်**
လျှင်ချင်ဇန်၊ ဒုဗိုလ်မှူးကြီး ၁၀၃၊ ၁၀၇၊ ၁၀၉၊ ၁၄၈၊ ၁၉၆၊ ၂၂၇၊ ၂၅၀
လွတ်လပ်စတိုင်းပြည် ၆၃၊ ၈၀
လွတ်လပ်ရေး ၂၀၊ ၂၄၊ ၂၅၊ ၄၉၊ ၅၀၊ ၅၄၊ ၆၀-၂၊ ၆၄၊ ၈၀၊ ၂၉၃

http://www.cherrythitsar.org


လှဖေ၊ ဗိုလ် ၁၉၉၊ ၂၀၀
လှမော်၊ ဗိုလ်(သံအမတ်ကြီး၊ငြိမ်း) ၁၂
လှမော်၊ ဗိုလ်(တောခို၊ ကျ) ၁၀၊ ၅၈
လှမောင်၊ဗိုလ်(နိုင်ငံတော်ကောင်စီဝင်)၁၀
လှရွှေ၊ ဗိုလ်ကြီး(ကျ) ၂၄၂
လှသောင်း၊ ဗိုလ် (ကျ) ၁၂
လှအောင်၊ ဗိုလ်မှူးကြီး(ငြိမ်း) ၁၃၊ ၅၄

ဝေလင်း၊ ဗိုလ်မှူး(ကျ)၁၀၆၊ ၂၀၄
ဝေါမြို့ဝန်ကျင်ရန်သူ ၇၅-၇၊ ၇၉
ဝင်း၊ ဗိုလ်ကြီး(ဒုဝန်ကြီး) ၁၃၊ ၅၄
ဝိုင်ယာလက်စက်ဆက်သွယ်ရေး၃၄-၇၊
၁၁၇၊ ၁၁၉၊ ၁၄၅၊ ၁၇၅၊ ၁၇၇၊
၁၇၉၊ ၁၈၅၊ ၁၈၈-၉၊ ၁၉၃၊
၂၁၀-၁၊ ၂၂၁၊ ၂၂၃၊ ၂၄၃၊
၂၅၂၊ ၂၅၆၊ ၂၇၂၊ ၂၇၉၊ ၂၈၁
သခင် ၃၂၊ ၃၃၊ ၄၄
သခင်နု၊ နု၊ ဦး (ဝန်ကြီးချုပ်)-**ကြည့်**
သမိုင်းဝင်ဖြစ်ရပ် ၃
သာစည် ၁၄၅-၉၊ ၁၅၃-၄၊ ၁၅၈-၆၀၊
၁၆၂-၇၈၊ ၁၈၄၊ ၁၉၀-၅
ကားဖြင့်တိုက်ခိုက်လာခြင်း ၁၇၂
ကျည်ဆန်၊ ဆေးဝါး၊ ရိက္ခာ
ပြဿနာ ၁၇၃
ခံစစ်ကြောင်း ၁၇၃
ချေမှုန်းမည့်အကြောင်းရင်း ၁၅၉
ချင်းရဲဘော်များ ၁၇၇
စိတ်ဓာတ်စစ်ဆင်ရေး ၁၅၄
တိုက်ပွဲ ၁၉၅
တပ်ဖွဲ့ ၁၅၈
ပုံးမိုးအောက်မှ ၁၅၃၊ ၁၆၄
မီးရထားပေါက်ကွဲသံ ၁၉၂-၃
မီးလောင်ပြင် ၁၆၅
မော်တာစုပြုပစ်ခတ်ခြင်း ၁၆၈-၉
မြို့အခြေအနေ ၁၄၅
ရေပြဿနာ ၁၇၄
ရဲဘော်များပင်ပန်းမှု ၁၆၆-၇
ရန်သူတိုက်စစ် ၁၆၂၊ ၁၇၁
ရန်သူအကျအဆုံး ၁၆၃၊ ၁၇၀
လေယာဉ်မှ ကျည်ဆန်နှင့်ရိက္ခာချ
ခြင်း ၁၇၅
လွှတ်မြောက်ခြင်း ၁၉၁၊ ၁၉၄
ဝိုင်းထားသောရန်သူ ၁၉၀
ဝိုင်းဝန်းပိတ်ဆို့မှု ၁၇၁၊ ၁၇၇-၈
သုံးသပ်ချက် ၁၉၅
အောင်သာစည် ၁၆၀၊ ၁၇၂၊၁၉၃
သာစည်ဒေသ၏ဗိုလ်ချုပ်အောင်ဆန်း။
ကိုကြီး၊ ဗိုလ်-**ကြည့်**
သာဒွန်း၊ ရဲဘော် ၂၆၇
သီလှ၊ ဗိုလ်မှူးကြီး(ငြိမ်း) ၂၅၀
သူပုန် ၇၅၊ ၇၇၊ ၁၀၆၊ ၁၀၈၊ ၁၁၀၊
၁၁၉၊ ၁၂၂-၃၊ ၁၂၅၊ ၁၂၈-၉၊
၁၃၆၊ ၁၄၀၊ ၁၄၃၊ ၁၄၅၊
၁၄၇-၉
သူရဲကောင်းတံဆိပ်(ဘီဂျီအမ်) ၁၃၆
သေနတ်ကိုင်တပ်ရင်း ၁ (သရက်) ၉၃
သေနတ်ကိုင်တပ်ရင်း ၂ (ကရင်နှင့်
တိုင်းရင်းသား) ၉၄

http://www.cherrythitsar.org


သေနတ်ကိုင်တပ်ရင်း ၃(မင်္ဂလာဒုံ) ၁၄၊ ၁၆၊ ၂၆၊ ၅၈-၉၊ ၈၅-၉၊ ၉၃၊ ၉၄၊ ၁၀၆၊ ၁၁၀၊ ၁၅၇၊ ၂၀၄၊ ၂၁၇၊ ၂၂၆-၇၊ ၂၃၆၊ ၂၅၀၊ ၂၆၀
သေနတ်ကိုင်တပ်ရင်း၄(ပြည်) ၁၂၊ ၁၆၊ ၂၆၊ ၉၄၊ ၁၅၇
သေနတ်ကိုင်တပ်ရင်း ၅ (ပျဉ်းမနား) ၁၂၊ ၁၆၊ ၂၆၊ ၅၉၊ ၉၄၊ ၁၀၆၊ ၁၅၇၊ ၂၀၈
သေနတ်ကိုင်တပ်ရင်း၆ (ပဲခူး) ၆၀-၁၊ ၆၆၊ ၇၅၊ ၈၂၊ ၈၉၊ ၉၃-၄၊ ၉၉၊ ၁၀၆၊ ၁၄၇၊ ၁၄၉၊ ၁၅၀၊ ၁၅၈၊ ၁၉၆၊ ၂၀၄၊ ၂၁၇ ၂၂၇၊ ၂၃၆၊ ၂၄၇၊ ၂၄၈၊ ၂၅၀၊ ၂၅၉၊ ၂၆၀၊ ၂၆၃၊ ၂၆၇၊ ၂၈၂၊ ၂၈၈၊ ၂၉၀၊ ၂၉၁
သံခမောက်နှင့်ဓားနှစ်လက်တံဆိပ် ၆၁
သံချပ်ကားထဲမှရဲဘော်များလွတ်မြောက်ရေး ၂၇၉-၈၂
သံလျင်စခန်း ၂၀-၆
သင်တန်း ၂၈၊ ၃၂၊ ၅၄-၈
သင်တန်းသား ၃၂-၄၂
သောင်းကြည်၊ ဗိုလ်(အထွေထွေအတွင်းရေးမှူး၊ကွယ်) ၉၊ ၁၈၊ ၂၁
သေတ္တာဖြူကျဆုံးမှတ်တမ်း ၂၈၉
သန်းစိန်၊ဗိုလ် (နိုင်ငံတော်ကောင်စီဝင်) ၁၂
သန်းထွန်း၊ သခင်(တောခိုကျ) ၁၄၊ ၆၄
သန်းဒါး၊ လက်ဖတင်နင်ကာနယ် ၂၀၊ ၂၆၊ ၅၀၊ ၅၁၊ ၅၈
သိန်း၊ဗိုလ်(တောခို၊ကျ) ၁၀၊ ၄၀၊ ၅၈၊ ၈၈
သိန်းတုပ်၊ ဗိုလ်မှူးကြီး(သံအမတ်ကြီး) ၂၆၂
သိန်းဖေမြင့်၊ ဦး ၉၁၊ ၉၂
သိန်းမောင်၊ ဗိုလ်ကြီး(သံအမတ်ကြီး)၅၄
သိန်းမောင်၊ဗိုလ်မှူး(ငြိမ်း) ၁၂၂-၃၊၁၂၅၊ ၁၂၇၊ ၁၃၁
သိန်းဟန်၊ ဗိုလ်(ကွယ်) ၁၀

ဟာဗေး၊ ဗိုလ် ၁၈
ဟစ်(ချ)ကော့၊ဗိုလ်မှူး ၁၀၃၊၁၄၈၊၁၉၆
ဟတ်ဖို့(ဒ)၊မေဂျာ ၂၇၊ ၂၈၊ ၃၁၊ ၄၂
ဟဒ်လက်(စ)။ ခင်မောင်မြင့်၊ဒုဗိုလ်မှူးကြီး-**ကြည့်**

အချက်ပြဆက်သွယ်ရေးတပ်၁၂၀၊၁၂၅၊ ၁၂၆၊ ၁၅၀
အစိုးရဆန့်ကျင်စကား ၂၅
အထူးဗိုလ်သင်တန်း ၂၆-၃၁
အနီခံကြယ်ဖြူတစ်ပွင့်အလံကြီး ၂၅
အပြန်အလှန်နှုတ်ဆက်ခြင်း။ အလေးပြုခြင်း-**ကြည့်**
အမြောက်တပ်၊ မိတ္ထီလာ ၁၃၊ ၁၆၊ ၅၄၊ ၆၀
အမှောင်မှအလင်းသို့ ၂၀၃
အရေးအခင်း ၆၄၊ ၈၁၊ ၁၀၀

http://www.cherrythitsar.org

အရန်စစ်ရဲတပ် ၁၉၁၊ ၁၉၆
အလေးပြုခြင်း ၄၃၊ ၄၄
အသက်တစ်ချောင်းကယ်ဆယ်ရေး ၂၇၀
အာဋ္ဌာဝကဗိုလ်(တောခိုကျ) ၁၀၊၅၈
အေးငွေ၊ဗိုလ်မှူး ၁၀၆၊ ၂၀၄
အေးမောင်၊ဗိုလ်မှူးကြီး(ငြိမ်း) ၁၃၁-၂၊
၁၄၁၊ ၁၄၄၊ ၂၀၄
အက်(စ်)အာပီ။ခရီးတိုထိုးဖောက်တိုက်
ခိုက်ခြင်း-**ကြည့်**
အင်္ဂလိပ်စစ်တပ်။ဗြိတိသျှစစ်တပ်-**ကြည့်**
အင်္ဂလိပ်စစ်ရေးပြ။ စစ်ရေးပြ-**ကြည့်**
အင်ဂျင်နီယာတပ် ၁၄၁၊ ၂၅၀
အင်းစိန် ၂၊ ၁၀၅-၆၊ ၁၅၈၊ ၁၉၅
၂၀၉၊ ၂၁၅၊ ၂၃၅
စစ်မျက်နှာ ၁၉၅၊ ၂၀၉၊ ၂၁၅
တိုက်ပွဲ ၂၊ ၁၀၅၊ ၁၅၈
ပြန်လည်သိမ်းပိုက်ခြင်း ၂၃၅
အင်တိုင်ကုန်းတိုက်ပွဲ ၂၆၃-၇၇
အောင်ကြီး၊ ဗိုလ်(ကျ) ၁၀၈-၉၊ ၁၁၆၊
၁၉၈
အောင်ကြီး၊ ဗိုလ်မှူးချုပ်(ငြိမ်း) ၁၂
အောင်ဆန်း၊ ဗိုလ်ချုပ် ၁၃၊ ၂၅၊ ၄၅၊
၅၄၊ ၆၀၊ ၈၁
အောင်ဖေ၊ဗိုလ်(နိုင်ငံတော်ကောင်စီဝင်)၁၃
အောင်ရွှေ၊ဗိုလ်(သံအမတ်ကြီး၊ငြိမ်း)
၁၃၊ ၂၆၊ ၂၇၊ ၃၄
အယ်ဒီတာချုပ်၊ချယ်ရီမဂ္ဂဇင်း။
တင်မောင်၊ဗိုလ်မှူးကြီး-**ကြည့်**
အယ်ဒီတာချုပ်၊စစ်ပြန်မဂ္ဂဇင်း။အေးငွေ၊
ဗိုလ်မှူး-**ကြည့်**
အယ်ဒီတာချုပ်၊မဟေသီမဂ္ဂဇင်း။
စောမြင့်၊ဗိုလ်မှူးကြီး-**ကြည့်**

http://www.cherrythitsar.org

